http://www.dhammadownload.com

J800

ညောင်တုန်းမြို့

ပထမ နိုင်ငြာခေါ်ရဲ့ ဆရာတော်

"မဟာအကျော် အရှင်ကောဝိဒ"

ရေးသားတော်မူအပ်သော

ဝိသဇ္ဇနာဝရဇိန်

ဒုတိယတဲ့

ဝိနည်း အမေး-အဖြေကျမ်း

☆

နိုင်ငြာခေါ်ရဲ့တိုက် တာဝန်ခံ-ဒေါ

"ကာဗျကောမလ ဆရှင်ကဗျိယ" မှမ်းမံ၍

ဒုတိယ နိုင်ငြာခေါ်ရဲ့ ဆရာတော်

မလမကျော်, သက္ကသီဟနှင့် အဗိုးရဂုဏ်တူးဆောင် မဟာဝရိယ

"ဆရာတော် အရှင် သုဇာတာလင်္ကာရ"

တည်းဖြတ်ကာ

စာပြင်မှူး - ဦးဘုန်းကျော် (ဝမဟာဝရိယ) ပြင်ဆင်သည်။

●

http://www.dhammadownload.com

J800

ညောင်တုန်းမြို့

ပထမ နိုင်ငြာဝဲ့ရဲ့ ဆရာတော်

"မဟာအကျော် အရှင်ကောဝိဒ"

ရေးသားတော်မူအပ်သော

ဝိသုဒ္ဓနာဝရဇိန်

ဒုတိယတဲ့

ဝိနည်း အမေး-အဖြေကျမ်း

နိုင်ငြာဝဲ့ရဲ့တိုက် တာဝန်ခံ-ဒဝဲ့

"ကာဗျကောမလ ဆရှင်ကဗိယ" မှမ်းမံ၍

ဒုတိယ နိုင်ငြာဝဲ့ရဲ့ ဆရာတော်

ပလမကျော်, သက္ကသီဟနှင့် အဓိုးရဂုဏ်ထူးဆောင် မဟာဝရိယ

"ဆရာတော် အရှင် သုဇာတာလင်္ကာရ"

တည်းဖြတ်ကာ

ဝါပြင်မှူး - ဦးဘုန်းကျော် (ဝမဟာဝရိယ) ပြင်ဆင်သည်။

http://www.dhammadownload.com

J800

ညောင်တုန်းမြို့

ပထမ နိုင်ငြာခေါ်ရှုံ့ ဆရာတော်

"မဟာအကျော် အရှင်ကောဝိဒ"

ရေးသားတော်မူအပ်သော

ဝိသုဒ္ဓနာဝရဇိန်

ဒုတိယတဲ့

ဝိနည်း အမေး-အဖြေကျမ်း

နိုင်ငြာခေါ်ရှုံ့တိုက် တာဝန်ခံ-ဒေါ
"ကာဗျကောမလ ဆရှင်ကဗျိယ" မှမ်းမံ၍
ဒုတိယ နိုင်ငြာခေါ်ရှုံ့ ဆရာတော်
ပဲလမကျော်, သက္ကသီဟနှင့် အဓိုးရဂုဏ်ထူးဆောင် မဟာဝရိယ
"ဆရာတော် အရှင် သုဇာတာလင်္ကာရ"
တည်းဖြတ်ကာ
စာပြင်မှူး - ဦးဘုန်းကျော် (စမ္ဘာဝရိယ) ပြင်ဆင်သည်။

http://www.dhammadownload.com

http://www.dhammadownload.com

ဆ00ပ

ညောင်တုန်းမြို့

ပထမ နိဗ္ဗာနခရီး ဆရာတော်

"မဟာအကျော် အရှင်ကောဝိဒ"

ရေးသားတော်မူအပ်သော

ဝိသုဒ္ဓနာဝရိုန်

ဒုတိယတွဲ

ဝိနည်း အဓမ်း-အမြောက်မ်း

နိဗ္ဗာနခရီးတိုက် တာဝန်ခံ-ဒကချ

"ကာဗျကောမလ ဆရှင်ကဗိပယ" မှမ်းမံ၍

ဒုတိယ နိဗ္ဗာနခရီး ဆရာတော်

ပထမကျော်, သက္ကသီဟနှင့် အဓိုးရာဂုဏ်ထူးဆောင် မြောဝရိယ

"ဆရာတော် အရှင် သုဇောတာလင်္ကာရ"

တည်းဖြတ်ကာ

စာပြင်မှူး - ဦးဘုန်းကျော် (ဝမ္မာဝရိယ) ပြင်ဆင်သည်။

http://www.dhammadownload.com

"ရှေ"

COPYRIGHT RESERVED.

http://www.dhammadownload.com

ဒီကာယအကွာဝေ ၊ ပိုင်ရှင်သမ္ပဒေ ကယ်ဟင်ဘက်သို့

လှပ်ပေးတက်ကြောက်ပွဲခံပေး.

ဝိုင်ရှင်ကတ္တယပါရဂူ ဘာသာနှုတ်ပြည့် ကာဗျစ်ခွဲ ဖြစ်တော်မူသည့်

"သာသနာ့ပေါက ကာကနည်း"

ညောင်တုန်းဖြို့ပေါ်ပေါ်ကြောင်ရဲ့ အရှေ့တော်

"မဟာအကျော်ကီး ဂေါဘဝိဒ" ဗုဒ္ဓတော်

သက်တော် (၃၇) သီတင်းတော် (၁၃) ပါးမှာ

http://www.dhammadownload.com

http://www.dhammadownload.com

ဖြန့်ချိရေး

ဦးချစ်ထွန်း
သာသနာ့အလင်းစာပေဌာန
၂၁၊ ရွှေတိဂုံဘုရားဈေးတောင်ဘက်မုခ်
ရန်ကုန်မြို့။

http://www.dhammadownload.com

စာမူခွင့်ပြုချက်အမှတ် - ၄၁/၉၄ (ရ)
မျက်နှာပုံးခွင့်ပြုချက်အမှတ် - ၄ /၉၄ (ဂ)
ထုတ်ဝေသူ - ဦးအောင်ကြီး (၀၉၈၆)
ရွှေပုရပိုက်တာပေ
၅/တာင့်ဆန်းလမ်း၊ဂွတ္တာလမ်း၊
ရန်ကုန်။
ပုံနှိပ်သူ - ဒေါ်ခင်သန်း (၀၂၆ရ၂)
နဝရတ်ပုံနှိပ်တိုက်
၂၀၃/ဗညားအလလမ်း၊
မအူကုန်းရန်ကုန်။
မျက်နှာပုံးရိုက် - ဒေါ်ခင်သန်း (၀၂၆ရ၂)
နဝရတ်ပုံနှိပ်တိုက်
၂၀၃/ဗညားအလလမ်း
မအူကုန်း၊ရန်ကုန်။
မျက်နှာပုံးပန်းချီ - ဂဏ္ဍာဟန်
အုပ်ရေ - ၂၀၀
တန်ဖိုး - -ကျပ်
ဒွါဒသမအကြိမ်
သြဂုတ်လ၊၁၉၉၄-ခုနှစ်၊

http://www.dhammadownload.com

ဂန္ဓပုတ္တိ

၁ရဇိန်အရှင် ဂုဏ်ပေါင်းလွင်

ပြောပ လောက်အောင် ဆရာသမားများ ထံတွင် နည်းခံ သင်ကြားရခြင်း၊ ကိုယ်နှင့် မိမိ၏ ဉာဏ်, ဝိရိယ အစွမ်းပြင့် သာ လျှင် နိုကာယ အဖွဲ့ဝ၀ါ, ပိဋကတ် ပေါ်သမျှသော ကမ်းတားသက် သို့ လှမ်းတက်တော် မူနိုင်ခဲ့သည်အပြင်၊ အာရာဂတ်ခွင် "ခြင်ရှုနှင့် 'တတ်, ပတ်ရှုနှင့် သိ, ကြည်ရှုနှင့် ရ,မကာရ လောပ" ဆိုလျှမ်း တတ်ပညာစုံပြီးမ်ား၍ ဂုဏ်ပန်း ဝေတော်မူခဲ့သော ကျေးဇူးတော် ရှင် ပထမ နိဓေဗြာဝေါ ဆရာတော်ဘုရား သည်၊ သောတုဇနယုဝ ပျိုလွင် စာပုံ့ဝင် အ ရှင်ပြတ် ဘို့ အ တွက်၊ ဗောက် မကွေ ချမ်းမြေ့လွယ်ကူ အောင်တံခွန် ထူနိုင်ကြောင်းရန်၊ ရည်သန်လျက် "ဝိသဒ္ဓနာဝရဇိန်" ဂုဏ်သိန် ကြည် လှမ်း ဤ သည် ကျမ်း ကို ၁၃၀၀-ပြည့်နှစ်တွင် ကြိုးပမ်း တီထွင် ဒီရင်တော်မူခဲ့ပေသည်။

ဝိနည်းတပန် ရိုက်ဖိုကြဲ

ဤကျမ်းစာတွင် သဒ္ဒါ, သဂ်ဟ, ဝိနည်း သုံးဘာသာကို ဘာအပ်တည်းနှင့် အပြီးရိုက် ရန် ဝိမ် ခဲ့သော်လည်း၊ အ မျိုး မျိုး သော အခက်အခဲတို့ကြောင့် ဝိနည်းကိုဆက်မတွဲနိုင်ပဲ သဒ္ဒါနှင့်သဂ်ဟ ကိုသာပင် ပထမတွဲပြု၍ ထုတ်ဝေခဲ့ရလေသည်၊ ကျန်ရှိသော "ဝိနည်းဘာသာ ဝရဇိန်ကျမ်းစာ"ကိုလည်းဆက်လက်ထုတ်ဝေ ရန် ရည်သန်၍ လက်မှတ်ထိုး စာရင်းများကိုပင် ကောက်ယူ ဝေကာ "ကျမ်းစာမူ"ကို အားပါးတရ ဝိတ်ဝင်းကျ ရေးသား

http://www.dhammadownload.com

ပြီးလျှင် တပည့်မျှားအား ပေးသနားတော်မူခဲ့ရာ၊ တပည့်မျှား ကလည်း ထုတ်ဝေရန် စီမံခဲ့ကြပြီး ဖြစ်လေသည်။

ထင်တိုင်းမပေါက် ပျက်ဈိန်ရောက်

သို့သော်.... "မှန်းတိုင်းမဟန်, ကြံတိုင်း မရှင်, ထင်တိုင်းမပေါက်" တတ်သည့် အတိုင်း ဝိနည်း ဘာသာ ဝရဇိန်ကျမ်း စာကို ရိုက်နှိပ်ရန် စီမံဆဲတွင် မမျှော်လင့်ပဲ ရုတ်တရက် ရှောင်တခင် အဖျားရောဂါ ဝင်၍ ကျေးဇူးရှင် ဆရာတော်ဘုရားမှာ **၁၃၀၁-ခုနှစ်၊ သီတင်းကျွတ်လပြည့်ကျော် (၁၃) ရက်နေ့တွင်** (သက်တော် ၃၅-နှစ်၊ သိက္ခာတော် ၁၃-ဝါအရတွင်) ဘဝ နတ်ထံ ပြောင်းကြွ စံလွန်တော်မူခဲ့သဖြင့်၊ ဝိနည်း ဝရဇိန်မှာ စက်တင်ခွင်သို့မရောက် အစီအစဉ်မျှား ပျောက်ခဲ့ရတော့သည်။

စစ်မီးဝင်နှောက် ထ,မပြောက်

ထိုနောက် ၁၃၀၄-ခုနှစ်တွင် ကျန်ရှိသည့် တပည့်,တပန်းတို့က ဆရာတော်၏ အာ သာတော်ကို ပြည့် လျှမ်း အောင် ဖြည့်စွမ်းခြင်း ပြုမည်ဟု ရည်သန် စိတ်ထားလျက် ဝရဇိန်ကျမ်း စာကို ရိုက်နှိပ်ရန် ကြိုးစားခဲ့ကြသော်လည်း၊ **ဒုတိယ ကမ္ဘာ၁စ်** မကြာမီ ဖြစ်လာ၍ စစ်မီးတောက်အောက်ဝယ် ဒုက္ခရောက်ခဲ့ရ သဖြင့်လည်းကောင်း၊ ထိုနောက်တဖန် ပြည်တွင်း**စစ်**၏ ဒဏ်ကို အလူးအလှိမ့်ခံလိုက်ရပြီး၊ ၁၃၁၀-ခုတွင် **နီဂြော၁ခရုံ**ကျောင်း ရှေဘုံမှာ **ပြာပုံဘဝ**သို့ ရောက်ခဲ့ရသဖြင့်လည်းကောင်း၊ ဝိနည်း ဘာသာ ဝ ရ ဇိ နိ် ကျမ်း စာ ထွက်ပေါ်လာရေးမှာ မတွေးရဲ လောက်အောင်ပင် အဆင်မပြေ ဖြစ်ခဲ့ရပေသည်။

http://www.dhammadownload.com

အာသာပြည့်မှု ဖြည့်စွမ်းပြု

သို့သော်... စစ်မီးတောက်၍ ဘယ်လိုပင်ဒုက္ခ ရောက်ခဲ့ရသော်လည်း စာမူ၏ တန်ဖိုးကို သိ၍ ဆရာ့ မစ္စည်းကို မြတ်နိုးခဲ့ကြသော တပည့်မျှားက ဆရာတော်ဘုရား၏ ကျမ်းစာမူတို့ကို အဆင့်ဆင့် ယူ၍ အသက်နှင့်လဲခါ အမြဲမကွာ စောင့်ရှောက်ခဲ့သဖြင့် စစ်မီး အတွင်းမှ လွတ်ကင်းခဲ့လေသည်။ ဤသို့ အမျိုးမျိုး အဖုံဖုံ ဒုက္ခ ကြုံခဲ့ရသဖြင့် ဤ အတိုင်းသာထား၍ ရိုက်ဖို့ရန်မကြိုးစားခဲ့လျှင် နောင်ရေး-နောင်တာအတွက် ထာဝစဉ် စောင့် ရှောက် ဖို့ ရန် ခက်သည့်အပြင် အဖိုးတန်သော ကျမ်းစာမူမျှား ပျောက်ပျက်၍ ပင်ပန်းကျိုးမနပ်, ဆရာ့အာသာမပြည့်, တပည့်ဝတ္တရားမကျေ ဖြစ်ချေတော့မည်ဟု ကြံစည်မိ၍၊ ဤသည့် ဝိသင္ဓနာဝရဏီန် ဂုဏ်သိန် ကြည်လျှမ်း "ဝိနည်းကျမ်း" ကို ကြိုးပမ်းတကုတ် ရိုက်ထုတ် ဖြန့်ဝေရခြင်း ဖြစ်ပါသည်။

ကျေးဇူးတော်မြတ် တုံ့ပြန်ဆပ်

ဤသို့ ဝိနည်းဘာသာ ဝရဏီန်ကျမ်းစာ ကို ရိုက်ထုတ်ကြိုးပမ်းခြင်းဖြင့် ဆယ်နှစ် သားရွယ် ငယ်စဉ်ကာလ ကလေးဘဝမှ စ၍ လူလား မြောက်သည်အထိ သားတပည့် အလား ရှေစိတ် တော်ထား၍ မြှောက်စား ရေးယူ စောင့်ရှောက်တော်မူခဲ့သော ကျေးဇူးတော်ရှင် ဆရာသခင်၏ ကျေးဇူးတော်မြတ်တို့ကို ရှိသေ စိတ်မှတ် တုံ့ပြန်၍ ဆင်အပ်ပါသတည်း။

ညောင်တုန်းမြို့ ကာဇုကောမလ အရှင်ကဝိပိယ၊
၁၃၁၉-ခုနှစ်၊ တပို့ဘွဲလဆန်း ၂-ရက်နေ့ တာဝန်ခံစာချ
နိဗ္ဗောဓာရုံကျောင်းတိုက်။

http://www.dhammadownload.com

မှာထား ညွှန်ကြားလွှာ

●

ဤကျမ်းဌ ဗာဒေးပွဲတွင် အသုံးဝင်မည့် ကခ်ါကျမ်းလာ ခက်ဆစ် .အဓိပ္ပာယ်များနှင့် ဝိနည်းဘက်ဆိုင်ရာ ကျမ်းပေါင်း များစွာမှ အဆိုအနှစ်တို့ကို စိစစ်ရွေးထုတ် ပုစ္ဆာ လုပ်ပြီးလျှင် တိုတို တုတ်တုတ်နှင့် အချုပ် ဆောင်နိုင်ရန် ကဗျာ, လက်ခ ပြောက်မြားစွာတို့ကို ထည့်သွင်းဖော်ပြထားပါသည်။

အဖြေပေါင်း(၁၁၇၇)မျှပါရှိသော်လည်းအများအားဖြင့် မေးခွန်းများကို နှစ်ချက်, သုံးချက် ဆင့်၍ စုပေါင်း ဖြေဆို ထားသဖြင့် တခုစီ ခွဲ၍ဖြေဆိုပါလျှင် အဖြေပေါင်း-(၂၀၀၀) ကျော်မျှ ဖြစ်ပေါ်မှုယ်ရာ အကြောင်းရှိပါသည်။

သင်္ကေတများမှာ

T ၌အမှတ်ဖြင့် ကျက်မှတ်စရာ ပါဠိဂါထာကို ပြသည်။

* ၌အမှတ်ဖြင့် နိယံကများ, ဆောင်ပုဒ်လက်ခကို ပြသည်။

ဆ-သံဟူသည်မှာ '၀ိနယသံဒိဋ္ဌိကျမ်း''လာ လက်ခကိုဆိုလိုသည်။

http://www.dhammadownload.com



မဟာအကျော် ဆရာတော် ဦးကောဝိဒ

၏

ထေရုပ္ပတ္တိကထာ။

၁

နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ

စကားချီး

သာသနာတော်၌ ဂဏဝါစက, ဂန္ထကာရက, ဓမ္မကထိက-ဟူသော ဂုဏ်ထူးဝိသေသ ဘွဲ့နာမကို ရရှိတော်မူကြသော ဆရာတော်များမှာ ခေတ်ကာလ အားလျော်စွာ အများအပြားပင် ထွန်းကား ပေါ်ထွက်ခဲ့ဖူးကြပါသည်။

ထိုအထဲ၌ အချို့မှာ အသင်-အပြ စာချတော်သဖြင့် ဂဏဝါဝကအကျော်(စာချဆရာတော်)အဖြစ် ကျော်ကြားထင်ရှားကြသည်။ ဥပမာ-ရှေးခေတ်က "တောင်ပြင်မှာ ကြည်တလုံး၊ အနောက်ပြင်မှာ စိန်တလုံး"ဟု ကျော်ကြားခဲ့သော တောင်ပြင်မှာ ရှေရေးဆောင်ဆရာတော် ဦးကြည်၊အနောက်ပြင်မှာ ဆရာတော် ဦးစိန္တာလိုပုဂ္ဂိုလ်များ။ ယခုခေတ်မှာ တောင်ပြင်နဂါး-အနောက်ကျား - ဟူသော စကားမျိုးဖြင့် ဥဒါန်း ထိုးရသော ပြည်ဇောတိကာရဲ့ ဆရာတော်-ဦးတေဇနိယ၊ မဟာဝေယံဘုံသာ ဆရာတော်-ဦးကလျာဏ-တို့လို ဆရာတော်များ။

http://www.dhammadownload.com

အခ္ခါမှာ စာပေ အရေးအသား ထူးခြားကောင်းမွန် အလွန်ချွန်သဖြင့် (ဂန္ထကာရက ကျမ်းပြုဆရာတော်) အဖြစ် ထင်ရှားကျော် ကြား ကြ သည်။ ဥပမာ - မဟာ ဂန္ဓာရုံ ဆ ရ တော် **အရှင်နေကာဘိဝံသ**၊ပထမကျော် **လယ်တီ ဦးကောဝိဒ**၊ မစိုးရိမ်ပထမကျော် သက္ကသီဟ- **အရှင်သုဇာတာလင်္ကာရ** (အဂ္ဂမဟာပဏ္ဍိတ စံဝတီ) စသော ဆရာတော်မျှား။

အခ္ခါကား....တရားဟောကောင်းသဖြင့်ဓမ္မကထိကအကျော် ဆရာတော်အဖြစ်ဖြင့် နာမည်ကြီးကြသည်။ ဥပမာ-**သာယာဝတီ ဦးဥေယျ** ဆရာတော်၊ **ကျိုက်ဝိုင်း - ဦးဣန္ဒက** ဆ ရ တော်၊ **လယ်တီ - ဦးဝိလာသ** ဆရာတော် စသည့် ဆရာတော်မျှား။ ဤသို့အားဖြင့် မိမိတို့ စွမ်းရာ,သန်ရာ,ပါရမီ ထူးချွန်ရာဘက်၌ ထက်မြက်ထင်ရှား ကျော်ကြားကြခြင်းပင် ဖြစ်သည်။

အကျော်သုံးကျော်-တော်သုံးတော်-ဆရာတော်

ဤတွင် အမျှားအားဖြင့်ကား....တမျိုး တ ဖုံ လောက် သာ ဂုဏ်ရောင် တောက်ကြား ထင်ရှားကြ၍၊ နှစ်မျိုး, သုံးမျိုးဖြင့် ဟိုးလေးတကျော် ထင် ပေါ် ကျော် ကြား ရှင်,လူ အသိမျှား သူကား... အလွန်ပင် နည်းပါးလျက် ရှားမှရှားပင် ဖြစ်သည်။ ထိုနည်းပါး၍ ရှားပါးသောပုဂ္ဂိုလ်အစားတွင် ဤကျမ်းပြုအရှင် (ဆရာတော် ဦးကောဝိဒ)သည် တပါးအပါအဝင် ဖြစ်သည်ဟု ဆိုက အပိုအားဖြင့် ဆိုကြားခြင်း မဟုတ်၊ အတိုဝုတ္တစကား လွန်-မှားသည်ဟု မဆိုနိုင်ပေ။ အဘယ့်ကြောင့်ဆိုသော်၊ ဆရာတော် ဦးကောဝိဒကား ...**မဟာအကျော် - ဂဏ်ဝါဝက ဂန္ထ**ကာရက ဓမ္မကထိက-ဟူသော ကျော်သုံးကျော်-တော်သုံးတော်

http://www.dhammadownload.com

ဖြင့် လွန်ခဲ့သော နှစ်ပေါင်း လေး ဆယ် ကျော်လောက် က အကျော်ကြီး ကျော်ခဲ့သောကြောင့်ပင် ဖြစ်သည်။ ဆရာတော်၏ ဂုဏ်ရည်တို့သည် ယနေ့တိုင်အောင်ပင် ထုံပျံ့လှိုင်ကြွဆဲပင် ဖြစ်ပေသည်။

ဆရာတော် ဦးကောဝိဒသည် ၁၃၀၁-ခုနှစ်၊ သီတင်းကျွတ် လပြည့်ကျော်(၁၃) ရက်နေ့တွင် [illegible] ယခု ၁၃၄၂-ခုနှစ်တွင် တုက်စဝ်က သက္ကရာဇ်မယ် ခုနှစ်လေးဆယ်ပင် ကျော်ခဲ့ပေပြီ။ နှင်လေးဆယ်ကျော်ဆိုသော အချိန်ကာလကား ဘာမှကြာလှသည်ဟု မထင်ရသော်လည်း ထိုနှစ်တွင် မွေးသော ကလေးငယ်သည် ယခုအခါဝယ် - ဇရာနယ်ထောက်ခါ လူကြီး အရွယ်သို့ပင် ရောက်ပြီးဖြစ်သည်။ ရဟန်းဆိုပါက ပဟာဝေရ် ကြီးပင် ..၊

ထိုမျှလောက် အချိန်ကြာညောင်း နှင်ကွေပြောင်းလည်း **"ကြာခလ, ကောင်းလေ-ဟောင်းလေ, သစ်လေ-ချစ်မပြေ"** ဆိုသကဲ့သို့ ဆရာတော်ဦးကောဝိဒ၏ စာတတ်ပုံ, စာချတော်ပုံ, စာအရေးအသားထူးခြားပုံ, တရားဟောကောင်းပုံ, သတင်းဂုဏ် တို့ကား ယနေ့တိုင်အောင်ပင် သင်းတုံ့လျက် ခကားဆုံ့လျှင် ခပြောမကုန်အောင် ရှိနေဆဲဖြစ်ပါသည်။

လူသာကွယ်ပျောက်-ဂုဏ်ရောင်တောက်

ဤသည်မှာလည်း † သရီရသ ဂုဏာနုဒ္ဓ၊ ဒုရ မဒ္ဒန္ တ မဒ္ဒရ်။
သရီရံ ခဏ ဝိဒ္ဓံသ၊ ကပ္ပန္ တု ဌာယိနော ဂုဏာ။
ဟူသော **ဟိတော ပဒေသ**-လာ စကားပမာ....

*အရှည်မကြာ၊ ဤခန္ဓာကား၊ ကခဏအနှစ်၊ ကိုယ်ခန္ဓာပြိုပျက်
သား၊ ပြန်ဝင်နှိုင်းလျှော်၊ ကျေးဇူးတော်မူ၊ ကျေးကျော်

http://www.dhammadownload.com

ကုန်ခန်း၊ ကမ္ဘာကျုန်းလည်း၊ ဥဒါန်းမကျေ၊ လူပြေနတ်ရပ်၊ ပဲ့တင်ထပ်လိမ့်။ ။ဟူသော ဝိရူရပျ်ုလာ သံဝေဂ လက်ဝ။

† ရှုပ် ဇီရတိ မဇ္ဇာနံ၊ နာမဂေါ တ္တံ နု ဇီရတိ။ ။ဟူသော သံယုတ်ပါဠိတော်-အရ လူပင်သေသော်လည်း နာမည်မသေ၊ လူကွယ်ပျောက်သော်လည်း နာမည်မကွယ်မပျောက် ဂုဏ်ရောင် တောက်ခြင်းပင် ဖြစ်တော့သည်။ ဤ၌ † ပုဂ္ဂလ ဝိသေသော ဇာနိတဗ္ဗော - ဟူသော အဋ္ဌကထာ စကားအရ ဆရာတော် ဦးကောဝိဒ၏ တော်သုံးတော် အကြောင်းအရာကို ကောင်းစွာ သိစိမ့်သောငှါ အနည်းငယ် ဖော်ပြပါဦးအုံ့။

၇ ကာဝါစကအကျော်-စာချုတော်

* စာပေတတ်ခြား၊ သူတပါးကို၊ နားလည်ဖို့ရန်၊ တဖန်ပို့ချ၊ မလှယ်လှဘည့်-ဟူသည်နှင့်အညီ၊ စာတတ်ဖို့လည်းမလွယ်၊ စာတတ်ပြီး သူတပါးအား နားလည်အောင် ပို့ချနိုင်ဖို့က သာ၍ မလှယ်လှသဖြင့်၊ (စာတတ်မျိုး၍-စာတော်ရှားသည်) ဟူသော စကားကို ရှေးဆရာများက ဆိုခဲ့ကြသည်။ စာတော်ဟူသည်မှာ-ဘာချုတော်-စာချုကောင်းကို ဆိုလိုပါသည်။ မှန်ပါသည်။ စာတတ်တိုင်း စာချုတော်-ကောင်းသည်မဟုတ်။ အများအားဖြင့် စာတတ်သော်လည်း သူတပါးအား နားလည် သဘောပေါက်အောင် သင်ကြားပြသနိုင်စွမ်း မရှိကြပေ။

သူတပါးအား နားလည် သဘောပေါက်အောင် သင်ကြားပြသနိုင်မှုမှာ ပါရမီတခုပင် ဖြစ်သည်။ ဆရာတော် ဦးကောဝိဒ ကား-ထိုပါရမီတွင် ပြောင်မြောက်ထူးခြားတော်မူလု၏။ ဆရာတော်သည် စာကတ်သလောက် အသင်အပြတွင် ယှဉ်မရအောင်

http://www.dhammadownload.com

ပင် စာချုတော်-ကောင်းသည်။ စာချုရှင် ရှင်းလင်းပြတ်သား၍ တဘက်သား နားလည်အောင် ပြောပြတတ်သည်။ တနေ့လုံး ကျက်မှတ် နေရမည့်အစား နာရီပိုင်းလောက်နှင့် ရအောင်၊ သဘောပေါက်အောင်၊ နည်းသစ်-နည်းဆန်းများ တီထွင်၍ လည်းကောင်း၊ ဇယားပုံစံများဖြင့် လည်းကောင်း၊ တို-ကျဉ်း-ရှင်းသော လက်ဘများကို ရေးသား၍လည်းကောင်း သင်ကြား ပေးတတ်သည်။ ဆရာတော်သင်ကြားပြသည့်အတိုင်း နည်းစနစ်၊ ဇယားပုံစံ၊ ဆောင်ပုဒ်-လက်ဘများဖြင့် ရေးသားထားသော **အဘိဓမ္မာ ဓနရောင်ကျမ်း**၊ **အဘိဓမ္မာ ညဝါလရောင်ကျမ်း**၊ ဤ ဝရဇိန်ကျမ်း တို့မှာ သက်သေခံ သာဓကပင် ဖြစ်ပါသည်။

ထို့ကြောင့် ဆရာတော် ဦးကောဝိဒမှာ ထိုခေတ် အခါက **တလင်-အပြတွင်** ယှဉ်မရသည့် ဘုရင်တမျှအလား ကျော်ကြား ခဲ့၏။ စာသင်သားများမှာ နိုင်ငြောခရုံတွင် စုပုံ၍ နေခဲ့သည်။ ထိုစဉ်က နိုင်ငြောခရုံမှာ ကျောင်း-မကြီးသော တကျောင်း တည်းသော နိုင်ငြောခရုံဖြစ်၍ သံဃာများမှာ သဘော်စီး ခရီး သည်ပမာ နေစရာ ဖျာတချပ်သာ ရလေသည်။

ဂ.ဆ္ဆကာရကအကျော်-ကျမ်းပြုတော်

ဆရာတော်ဦးကောဝိဒသည်စာချ-တရားဟောယင်းအကြား မှ ကျမ်းဂန်များကိုလည်း ရေးသားခဲ့၏။ ဆရာတော်ရေးသား ခဲ့သော ကျမ်းများမှာ ယနေ့ဆိုယင် နှစ်ပေါင်းလေးဆယ်ကျော်၊ ငါးဆယ်နီးပါး ကြာခဲ့ပြီးလည်း အမျိုးလူ,ရှင်တို့က ခုံခုံမင်မင် မြတ်မြတ်နိုးနိုးနှင့် အဖိုးတန်ဆဲပင်ဖြစ်သည်။ ဆရာတော်ကျမ်းစာ များမှာ စာမေးပွဲလောကတွင်လည်း တော်ဝင် ပေါ်ထင်ဆဲပင် ဖြစ်သည်။ ဤဝိနည်းဝရဇိန်ကျမ်းဆိုလျှင် ဝိနည်းဘာသာအတွက် **အခက်ရှင်း**, **တလင်းအောင်**, **အောင်မြင်ရေး**, **ကူညီပေး** နေသည့်

www.myanmarbook.com

အတူက် ခေတ်အဆက်ဆက်တွင် စာသင်သားတို့ နှစ်သက်မဆုံး လက်သုံး- ကျောင်းသုံးစာအုပ်ပင် ဖြစ်တော့သည်။(၉)ကြိုက်ပင် ရှိက်ခဲ့ရပြီ။အခြား အဘိမ္မောနေရောင်, ညဝါလရောင်ကျမ်းစာ များလည်း လွှိုအတူပင် အကြိမ်ကြိမ် အဝါဝါ ရိုက်နှိပ်ခဲ့ရ၍ ဘယ်တော့မှမရိုး ချောင်မထိုးရသော အဖိုးတန်ကျမ်းစာများပင် ဖြစ်လေသည်။

ဆရာတော်၏ စာပေအရေးအသား ထူးခြားမှုနှင့် စည်းစား ဉာဏ် ထက်မြက် မှန်းဆချက် ကောင်းပုံများမှာ၊ နှစ်ပေါင်း ၁၆၀, ၀၁ားဆယ် ကြာညောင်းသော်လည်း **မ ဟောင်း နိုင် ပဲ အကောင်းဖြိုင်လျက်**ပင် ရှိကုန် အုံ့ချိုးစရာပါပေ။ စာမေးပွဲတွင် ပေးသည်း **မရိုးနိုင်ပဲ** တိုးနိုင် နေသည်မှာ သာမည မဟုတ်သည့် ဆရာတော်၏အတိုဝိသေသဂန္ဓကာရကဂုဏ်ပင်ဖြစ်တော့သည်။ ဘယ်ခေတ်တွင်မှ မတိမ်သည့် **ဉာဏ် တော် ရောင် ရှိန် ဝ ရ ဒိန်** ၁ပတကား။

ဝမ္မကထိကအကျော်-တရားဟောတော်

ဆရာတော်များခေတ်က တရားဟောအကျော် မွေကထိက ဆရာတော် ဖြစ်ဖို့ထား၍၊ တရားဟောဖို့ အရေးကို ရှင်တိုင်း ခတ္တားနိုင်သည် မဟုတ်ပေ။အဘယ့်ကြောင့်ဆိုသော် ယခုခေတ်လို ၁ပီကာဘာားကို တရားဟောနည်းမျိုး လုပ်၍ မဖြစ်၊ အသံကုန် ဟစ်နိုင်မှ, ပင်ကိုသံ ကောင်းပါမှ ဓမ္မကထိက ဖြစ်နိုင်သည်။ ဟောကြားသော တရားမှာလည်း ခက်ခဲသော ယပ်လှဲတရား ဖြစ်၍ အရှုတ်,အဖတ် ကောင်းဖို့-အဆိုကောင်း,အပြောကောင်း ဖို့က လိုသေးသည်။ထိုခေတ်က ဓမ္မကထိကများမှာ မရှောင်လှ၊ **အသံအောင်,အဆိုကောင်,အပြောတော်**မှနိုင်ငံကျော်ပါသည်။

http://www.dhammadownload.com

ယခုခေတ်လို သာမည၏ မမှကထိက အမည်ကို ခံယူနိုင်သည် မဟုတ်ပေ။

ထိုခေတ်က အသံမကောင်း, အရွတ်-အဖတ်မကောင်းပဲအပြောတော်သဖြင့် နိုင်ငံကျော်သော ဓမ္မကထိကမှာ ဆရာတော်-**ဦးသီဟာစာရ** တပါးလောက်သာရှိပြီး၊ အခြား ကျော်ကြားသော မမှကထိကများကား.... အသံကောင်း, အဆိုကောင်း, အဟော - အပြောကောင်း များ သာ ဖြစ်ကြသည်။ ဥပမာ-သာယာဝတီ - ဦးဥယျ၊ ကျိုက်ထိုင်း - ဦးလွန်းက၊ ငါးသိုင်းချောင်း-ဦးပညာဝန္တ၊ ရတနာပုံ - ဦးတိလောက စသည့် ဆရာတော်များ ဖြစ်၍၊ ဆရာတော် ဦးကောဝိဒမှာ ထို ဆရာတော်များနှင့် တရားဟောဘက်, ပြိုင်ဘက်သင့် ဖြစ်လေသည်။

ဆရာတော် ဦးကောဝိဒမှာ အသံကြီးစာ အလွန်ကောင်းတော်မူလှသည်၊ အသံဝါကြီး ဖြင့်၏။ ပရိသတ် တသောင်း, ကိုးထောင်ကိုသိတ်အားမထုတ်ရပဲပေါက်အောင်, ရောက်အောင် ဟောနိုင်သည်။ အရွတ်, အဖတ်လည်း အလွန်ကောင်း၏။ အသွဲ့အမျိုးမျိုးဖြင့် မရိုးနိုင်အောင် ထွင်တတ်, ဆိုတတ်သည်။ အင်မတန်မှ သာယာလှ၍ ကြားရသူတို့ နားဝ အားမရနိုင်ပဲ စွဲအောင် ဆွဲဆောင် ဟောနိုင်လေသည်။

ဆရာတော်သည် ယပ်လှဲ့တရားကို ယုံးဝံ့အတိုင်း သုတ္တန်ဝတ္ထု ကြောင်းပြီး၍ တရားအဆုံး ဒုဂုံးဗျာဒုတ္ထင်၊ အဘိဓမ္မာပါဠိတော်ကြီးများကို ဆယ့်လေးငါးမိနစ်ကြာခေအောင်ပင် အသံဝါကြီးဖြင့် ရွတ်တော်မူလေ့ရှိ၏။ တရားပွဲတခုတွင်ဘုရားပွဲအပြီး၌ ဆရာတော်ကြီးတပါးက "ဦးကောဝိဒ အဘိဓမ္မာပါဠိတော်တွေ ရွတ်သွားလိုက်ဘာ မြတ်စွာဘုရား ဘာဝတိ သာ နှတ်ပြည်မှာ တရား

http://www.dhammadownload.com

ဟောတာ ဒီလို နေမှာပဲလို့တောင် တွေးမိရဘယ်''ဟု မိန့်တော်မူပူး၏။

ပညာရဲရင့်-ပွဲလယ်တင့်

ညောင်တုန်းမြို့၊ သုမေါ ပရိယတ္တိ ပထမပြန် စာမေးပွဲကြီး၏ တရားဟော မဏ္ဍပ်ပလ္လင်ကား ...သာမည ဓမ္မကထိကမျိုးတက် ဟောရရိုးမရှိ၊ ဓမ္မကထိက အင်္ဂါပြည့်စုံ ဂုဏ်ထူးဝိသေသ ရှိကြသည့် ပုဂ္ဂိုလ်မျိုးမှသာ ဟောရသည်ဖြစ်ရာ၊ သုဓမ္မာပလ္လင်တက်ရမှ ဓမ္မကထိက အစစ်ဖြစ်သည်ဟုပင် ပြောစမှတ်တွင်သော ပလ္လင်ဖြစ်သည်။ ထို ပလ္လင်တွင် ဆရာတော် ဦးကောဝိဒသည် ပထမကျော်အောင်သော ၁၉၂-ခုနှစ်မှစ၍ပုံ့လွန်တော်မူသည့် ၁၃၁၁-ခုနှစ်အထိ ဟောခဲ့ရသည်။ ဆရာတော် ဦးကောဝိဒ ရေစက်ချပေးမှ ပရိသတ်က ကျေနပ်၏။ ''ရှာဘုရား-ရှာသားမရှိသေး၊ ရှာနားပြက်-ရှာနွားမစား'' ဟု ဆိုရိုးစကား ရှိပါ ပြောလည်း၊ ညောင်တုန်းနေသော ညောင်တုန်းသားဆရာတော် ဦးကောဝိဒ၏ တရားကို ညောင်တုန်းသူ-ညောင်တုန်းသားများက အားပါးတရ နှစ်နှစ်ကာကာ ကြားနာမဝဖြစ်ကြသည့် အချက်နှင့်ပင်၊ ဆရာတော် ဦးကောဝိဒ၏ ဓမ္မကထိကအကျော်-တရားဟော,တော်-ဟူသော အချက်ကို သက်သေခံရာ ရောက်ပါ လေပြီ။

ဆရာတော်ကား .. အချို့ အခြားသော ဓမ္မကထိကများထက် တပန်းသာသော အချက်တခုလည်း ရှိပေသေး၏။ ထို အချက်ကား....စာတတ်, စာတော်, စာရေးတော်-ခြင်းပင် ဖြစ်သည်။ လိုရာ ဂါထာဗန္ဓ ကဗျာ-လင်္ကာများကို တမဟုတ်ချင်းရေးသားသိကုံး စပ်ဆိုနိုင်သည်။ နက်နဲ ခက်ခဲသော တရားစကားများကို လည်း ပါဠိပါဠိသား အကိုးအကားဖြင့် ကရားရေလှတ် တတွတ်

http://www.dhammadownload.com

တူတ် ရွတ်ဆို ဟောကြားနိုင်သည်။ အမေးပုစ္ဆာ ပြဿနာများ ကိုလည်း နားလည်သဘောကျအောင် ဟောပြဖြေစွမ်းနိုင်သည်။ တရားပွဲတိုင်းတွင် ပြောလေ့ရှိသော ဆရာတော်၏ စကားတခွန်း မှာ "မသိတာရှိက မေးကြနော်၊အား မနာနဲ့ကွဲ၊ တို့နဲ့ တွေ့ရပြီးမှ မမေးမြန်းလိုက်ရလို့ နောင်တ မဖြစ်စေနဲ့" ဟူသတည်း။ ဤသို့ တရားပလ္လင်မှ အများ လူ,ရှင်ကို ရောက်လေရာ တရားပွဲတိုင်း၌ ဖိတ်ခေါ်လေ့ရှိရာ "ပညာရဲရင့်-ပွဲလယ်တင့်" ခြင်းပေတည်း။

ဆရာမရှိစာတတ်၏-ထူးဘိဂုဏ်တော်ပင်

ဤသို့လျှင် ယခု ရေးသားခဲ့တာလောက်နှင့်ပင် ဆရာတော် ဦးကောဝိဒ၏ စာတော်, ကျမ်းပြုကျော် - တရားဟောကောင်းသည့် အကြောင်းအချက်များ ပြည့်စုံလုံလောက်ပြီထင်ပါသည်။ ဤအချက်များအတွက် ထို့ထက် အကျယ်တဝင့် ချီးမွမ်းခမ်းဖွင့်ရန်လည်း အခွင့်မသာပါ။ ဤသို့စာတော်-ကျမ်းပြုတော်-တရားဟောကောင်းသည့် ဂုဏ်ပုဒ်တို့ကား .. အများနှင့် ဆိုလျှင် အာမှ မဟုတ်၊ ချီးမွမ်းခမ်းထုတ်ဖို့ မသင့်သေး။ ထို့ထက် ထူးခြားအံ့တပါးဟူ အများနှင့် မတူသည့် ဂုဏ်ပုဒ်ကို ထုတ်ဆိုပါဦးဟု တယောက်တဦးက အမေးပုစ္ဆာထုတ်လာလျှင်လည်း ဆရာတော် ဦးကောဝိဒအတွက် အဖြေပေးရန် ခက်လိမ့်မည် မဟုတ်ပါ။ အဘယ့်ကြောင့်ဆိုသော် ဆရာတော်ဦးကောဝိဒကား....အများနှင့်မတူ တမူထူးခြား သင်ကြားပြသသည့် အာစရိယဆရာ မရှိပါပဲ စာတတ်လာသောကြောင့်ပင်တည်း။

သာသနာတော်၌ စာတတ် အကျော်-ဆရာတော် များ မြောက်မြားစွာရှိကြပါ၏။ တိပိဋကဓရ, သက္ကသီဟ, စေတိယဂိဏ သုဓမ္မာပရိယတို့, အစိုးရ ဓမ္မာစရိယဘွဲ့ရ ဆရာတော်များလည်း အများအပြားရှိကြပါ၏။ ထိုထိုဤဤ အလိလိသော ဆရာခတော်

http://www.dhammadownload.com

မျှားကား....ဟိုမြို့ သည်ရွာ ကြွသွားကာဖြင့် ဆရာသမားများထံ တွင် နည်းခံသင်ကြားခဲ့ကြရသည်။ ဆရာတော်ဦးကောဝိဒကား- ထိုအခွင့်အရေးကို မျှော်လင့် မတွေးနိုင်ပဲ ကံပေးသမျှဖြင့်သာ ဘဝ ခရီးလမ်းကို ပင်ပန်းကြီးစွာ ဖြတ်သန်းခဲ့ရသဖြင့် မြို့ကြီး ပြကြီး မျှားသို့လည်း စာသင်မသွားနိုင်။ သင်ကြား ပြသသည့် အာစရိယ ဆရာလည်း မရှိပဲ မိမိ၏ ဉာဏ်,ဝိရိယကိုသာ အဖော် လုပ်၍ ကြိုးစား အားထုတ်ခဲ့ရသောကြောင့်၊ စာတတ်ချင်း တူလျှင် ဆရာတော် ဦးကောဝိဒကို သူမျှားနှင့်မတူ တမူ ထူးခြား အံ့တပါး ပုဂ္ဂိုလ်ဟု ဆိုနိုင်ခြင်းပင် ဖြစ်လေသည်။

တကယ့်ဖြစ်ရပ်-ဂုဏ်သကတ်-ထင်ဟပ်စေခြင်းပင်

ဤ ဝရဇိန်ကျမ်းစာပါ ဆရာတော် ဦးကောဝိဒ၏ ဓာတ်ပုံ တော် အပေါ်တွင် "မိမိ၏ ဉာဏ်,ဝိရိယ အစွမ်းဖြင့် နိကာယ အဏ္ဏဝါ, ပိဋကတ မဟာသမုဒ္ဒရာ ကမ်းတဘက်သို့ လှမ်းတက် တော်မူခဲ့သော" ဟူ၍လည်းကောင်း၊ ဓာတ်ပုံတော်အောက်တွင် "ပိဋကတ္တယပါရဂူ, ဘာသန္တရဝိညူ, ကာဗျဝိဒု ဖြစ်တော်မူသည့် သာသန မဟာအာစာရနည်" ဟူ၍လည်းကောင်း၊ ထို ဝိသေသန စကားများကိုထည့်ထားရာ အကြောင်းမဲ့မဟုတ်ပါချေ။ တကယ့် ဖြစ်ရပ် ဂုဏ်သကတ်ကို ထင်ဟပ်စေခြင်းပင် ဖြစ်သည်။ မသိသူ များကမူ အကြား ဆိုသည့် စကားအပိုဟု ထင်မှား ကောင်း ထင်မှားပေလိမ့်မည်။ အမှန်အားဖြင့်ကား ... အပို မကြားသည့် ဆိုစကားဖြစ်၍ ထိုစာသားအတိုင်းပင် ဆရာတော်-ဦးကောဝိဒ သည် စာတတ်ခဲ့ရသည်။ မဟာအကျော် ဓမ္မာစရိယဖြစ်ခဲ့ရသည်။

ကျောင်းသားအရွယ်က စာဖတ်တတ်အောင် ဖခင်ကြီးက သင်ပေးခဲ့ပြီး၊ ကိုရင်အရွယ် ငယ်စဉ်လောက်ကသာ ဆရာသမား များထံတွင် နည်းခံ သင်ကြားခဲ့ဖူး၍၊ ထိုနောက်ဌာကား ...ဆရာ

http://www.dhammadownload.com

သမားများနှင့် ကျွန်ုပ်နှစ်ဦး သင်ကြားခဲ့ရခြင်းမရှိပဲ စာအုပ်ကိုသာ ဆရာလုပ်ပြီး သင်ကြားမှတ်သားခဲ့ရသည်။တခြားသူများကဲ့သို့ ရန်ကုန်၊ မန္တလေး၊ မကွေး၊ ပင်းတယား၊ ညောင်ဦး၊ ပခုက္ကူ၊ တောင်ငူ၊ မြင်းခြံ-စသော ထိုထို-ဤဤ အလိလိသော မြို့ကြီး, ပြကြီးများ သွားပြီး နည်းခံသင်ကြားရခြင်း အလျှင်းမရှိပါပေ။ သာသနာ သမိုင်းစဉ်တွင် နှိုင်းယှဉ်ဖွယ်ရှား လွန်ထူးခြားသော အဲ့တပါး ဆရာတော်ပေတကား။

ဖော်ကင်းဆင်းရဲ - ခက်အစဲ-ဖျက်ခွဲ အောင်ပန်းဆင်

ထိုမှတသွယ် ဆရာတော်ဦးကောဝိဒဝယ် ဝမ်းနည်းဖွယ်တဖုံ ကိုလည်း ကြုံခဲ့ရသေး၏။ထိုတဖုံကား .. ပုဗ္ဗေစအခြေမလုသဖြင့် အာစရိယက် ခေရသည်သာမဟုတ်သေး၊ ပြုခဲ့ဝဋ္ဌဘော ကံကြမ္မာ တွေက စုပြုံ၍ ပေးရော့ထင့်၊ ကူဖော်-လှူဖော် ဝေးပြီး ဘေးက ဖေးမ,မည်သူ မရှိခြင်းပင် ဖြစ်၏။သူများတကာ စာသင်ရသည် မှာ အပေါင်းအသင်း ရောင်းရင်းများနှင့် ကူညီမည်သူ,လှူမည် သူများနှင့် ပျော်စရာကြီးပင် ဖြစ်လင့် ကစား၊ ဆရာတော် ဦးကောဝိဒ အတွက်မှာကား... တပုတ်သာသာ ကျောင်းဝိဟာ တွင် ဖော်သဟာကင်း တကိုယ်ချင်းပင် ဆင်းရဲခြင်း ဗရမ္ပေ ဒုက္ခတွေ အသရေနှင့် မသေဆုံးစား၍ စာကိုကြိုးစားခဲ့ရသည်၊ ဝမ်းနည်းဖွယ်ကြီးပင် ဖြစ်၏။

သို့သော် ဆရာတော်ကား....ဝမ်းမနည်းအားပဲလောကကို အနှိုင်မခံ-အရှုံးမပေး၊ဘဝဝဋ္ဌကြွေးကိုပေးဆပ်၍စာတတ်အောင် ကြိုးစားခဲ့ရသည်။ ကြိုးစားသည့် အလျောက်လည်း နွားချေးပုံ တွင် ကြာပေါက်သည့်ပမာ အရာရောက်ခဲ့သည်။ ပညာ လိုလား နောင်လာ,နောက်သားများအတွက် ဝိရိယမှတ်တိုင်-ဓွဇကျောက် တိုင်ကြီး-ကို ခိုင်စံနမူ နည်းမှတ်ယူလောက်အောင် စိုက်ထူပြ

http://www.dhammadownload.com

ဘော်မူခဲ့ရာ၊ သူမတူလတ် ဝီရိယ ခတ်ဖြင့် စာတတ်အောင် ပြုစွမ်းရာတွင် ဥဒါန်းပမာပင် ဖြစ်ပေတော့သည်။ မထူးခြား ပါလော၊ အုံ့ဩစရာမကောင်းပါလော။

မကာရလောပ-ဆိုလောက်လှ-ပညာ့စုံလင် ဂုဏ်ပန်းလွင်

ကျေးဇူးတော်ရှင် ဆရာတော် ဦးကောဝိဒ၏ ဂုဏ်ပုဒ်ကို အကုန်ထုတ်ဆိုလျှင် ပုဂ္ဂိုလ်ခင်လှို့ တမင်စကား ထွင်ကြွားစာ ပါဟု ထင်မှတ်စရာပင်ဖြစ်သည်။ ဆရာတော်၏ ဂုဏ်အဖြာဖြာ တို့မှာ မယုံနိုင်စရာပင် ဖြစ်တော့သည်။ သို့သော်....ဆရာတော် ဦးကောဝိဒ၏ ဘုံဘဝကို ဆုံရသူတိုင်းပင် ဂုဏ်စမ္ဘတို့ကို မယုံလို့ မရ၊ တနည်းတမျိုး လက်တွေ့ကြုံ၍ ယုံရသည်သာဖြစ်ပါသည်။

"လူဘဝကွင် အသက် လေးဆယ်အရွယ်ရောက်မှ လူလား မြောက်သည်၊ ဉာဏ်မီးတောက်သည်" ဟူသောစကားကို ပညာ ရှင်မျှားက ဆိုထားခဲ့ကြသည်။တိုစကားအရတွေးဆလျှင် ဆရာ တော် ဦးကောဝိဒကား ...အသက်လေးဆယ် ပြည့်ခြား လူလား မြောက်သည့်အရွယ်ရောက်က ဘယ့်လောက်မျှားဉာဏ်ပညာတွေ တိုးပွားလိမ့်မလဲဟု စိတ်ထဲတွင် မချင့်မရဲဖြစ်ပေါ်ခါ ဆရာတော် အသေစောသည်ကိုနှမြောမိကြသည်။ ဆရာတော်ကား-အသက် အရွယ် ငယ်ငယ်နှင့်ပင် ၃၅-နှစ်တွင် လူဘဝနိုဂုံးကိုအဆုံးသတ် ၍ နတ်ရပ်တဖန် ပြောင်းကြွ စံခဲ့လေသည်။

ထိုသို့ သက်ရှယ်တော် ငယ်ငြားသော်လည်း ပညာအားဖြင့် ကား အရာရာတွင်ကြီးမား၍အုံ့တပါးပင်၊မကာရလောပအရှင် ဟု ဆိုလျှင် မှားအုံ့မထင်ပေ။ ဤ ဝိနည်း ဝရဇိန်ကျမ်း-နိဒါန်း (ဂန္ဌပြတ္တိ)တွင် "အရာရာတွင် မြင်ရုံနှင့်တတ်, ဖတ်ရုံနှင့် သိ,

http://www.dhammadownload.com

ကြည့်ရှုနှင့် ရ, မကာရလောပ ဆိုရခမန်း တတ်ပညာစုံပြီးမ်ား၍ ဂုဏ်ပန်း ဝေတော်မူခဲ့သော" ဟူသော စကားကို ကျွန်ုပ်ဘို့ ဖိရားသားခဲ့ရာ ထိုစကားမှာ အပိုကြွားသည်ပဟတ်၊ ဆရာတော်၏ ဂုဏ်ပုဒ်ကို အတိုမျှပ်ပြ၍ အမှန်ဆင်ပုံ ပြုလုပ်ခြင်းသာ ဖြစ်၏။

မှန်ပါသည်၊ အမှန်ပင် ဆရာတော်ဦးကောဝိဒကား....မကာရ လောပဟု ပြောရလောက်အောင်ပင် တတ်ပညာတွေ စုံပြီးမ်ား၍ ဂုဏ်ပန်းတွေက ဝေလှသည်။ ဆရာတော်သည် ပိဋကသာမက ဘဂ်လိ, နာဂရီ, ဟိန္ဒီ, သင်္ဂျရ, သီဟိုဠ်, အင်္ဂလိပ်-စသောဘာသာ သန္တရမျှားကိုလည်း ဆရာ သမားမျှားထံ နည်းခံ သင်ကြားရခြင်းမရှိ ကြည့်ရှုမျှနှင့်တတ်မြောက်ခဲ့သည်။ ဗေဒင်, ဆေးကျမ်း, နိမိတ်ကျမ်းနှင့် အခန်းခန်းအပုံပုံ ကျမ်းမျိုးစုံတို့နှင့်တကွ၊ လောကီသိပ္ပံ အဝဝ အစုစု ပန်းခါ, ပန်းပု လက်မှုဘွဲ့ အနုပညာကိုလည်း ကြားခါ-မြင်ခါမျှနှင့်ပင် ဉာဏ်လျှင် ထွန်းပေါက် တတ်မြောက်တော် မူခဲ့ရာ...."အထူးပြောကြသည့် ဦးကောဝိဒ ဆရာထေရ် မဟာကား သာသနာ သမိုင်းစဉ်ကွင် နှိုင်းယှဉ်ခါ ရှာမရသည့် အာဘာသမဟာထေရ် သာသနာအာဇာနည်ပေတကား" ဟူသော သူစွမ်းပကား ဥဒါန်းစကားကိုသာ မြှက်ကြား ဖော်ထုတ်၍ နိဂုံးချုပ်အပ်ပါသတည်း။

---

http://www.dhammadownload.com

ဆရာတော် ဦးကောဝိဒ ဂုဏ်ထောမနာ

တေးထပ်

●

တတ်ပညာ စုံပြည့်မ်းလို့၊
ဂုဏ်ပန်းမို့ ဝေဆာ၊
ယုန်နုန်းသို့ သရေဖြာတယ်၊
ထေရ်မဟာ သခင့်။
မကာရလောပ မှန်တယ်၊
ထောမနသံ ခွန်းဟလျှံဆင့်။
လူကြင့်နှုန်း ဥဒါန်းတွင်အောင်၊
သူ့စွမ်းအင်တင်မြှင့်၊
တုစမ်းလျှင် ယှဉ်မဝင့်အောင်ပ။
အစဉ်တင့် ရှင့်ဂုဏ်။
ဘာမထီ သာကီတပါးပေမို့၊
ဇာနည်ဖွား ကျားဟေ့ မဖြို့။
ဂယက်ဝဲ ခက်ခဲကြုံကို့၊
ဖျက်ခွဲမတုန် ဇွဲ,ဝီရိယခတ်နှင့်၊
ကမ်ပတိတပ် ကောဆရာနိုင်လှမ်းယူ၊
လောက ခိုင်စမ်းနမူ။
တသြဘာ့ လှိုင်ပန်းကြူတယ်၊
မြိုင်နန်းဇမ္ဗူ ဆင့်မှေ့းပါဘိလေး။
အကျော်ဆုံး တော်သုံးဖြာတွင်၊
မဟော်တန္ဟန်းပမာ ခေါ်ဆုံးရှင့်လေး။ ॥

http://www.dhammadownload.com

မဟာအကျော် ဆရာတော် ဦးကောဝိဒ
၏
ထေရုပ္ပတ္တိကထာ

●

နမော ရတနတ္တယဿ၊ကောဝိဒ မဟာထေရဿ ဂုဏဝိသိဋ္ဌဿ၊

ဆရာတော် ဦးကောဝိဒ-၏ ထေရုပ္ပတ္တိကထာကို ကျွန်ုပ်တို့က တဖန် အသစ်ပြန်၍ မရေးတော့ပဲ၊ ၁၂၉၈-ခုနှစ်၊မဟာအကျော်-စာချုပ်တန်းကို အောင်စဉ်က၊ဆရာတော်ကိုယ်တိုင်ရေးပြီး တပည့်များက ရိုက်နှိပ်ဝေငှခဲ့သော ထေရုပ္ပတ္တိကထာ အကြောင်းအရာကိုပင် ခေါင်းစီးတင်၍ ထည့်သွင်း ဖော်ပြအပ်ပါသည်။

ဖွားရာဇာတိ-မြို့ဘ နှစ်ဖြာ

မဟာ ပထမကျော် အရှင် ကောဝိဒသည် ၁၂၆၆-ခုနှစ်၊ တော်သလင်းလဆန်း ၁၁-ရက် တနင်းလာနေ့၌ ဗွားမြင်တော်မူ၍၊မအူပင်ဒီစတြိတ်ဝယ် မြတ်စွာဘုရား သာသနာတော်ကြီး၏ ထွန်းကားရာ၊ မြန်မာ့ကျက်သရေဆောင် သုဓမ္မာပရိယတ္တိ ပထမပြန့်စာမေးပွဲကြီးဖြစ်ထွန်းရာ၊ ညောင်တုန်းမြို့၊ မြေနုပိုင်း-၌ အဖ-ဒါယကာကြီး ဦးခိုင်လုံး၊ အမိ-ဒါယိကာမကြီး ဒေါ်ပုတို တို့၏ အငယ်ဆုံးသော သားမြတ်ရတနာ ဖြစ်တော်မူသည်။

ကျောင်းသားအရွယ်ပင်-တရားဝိုင်းဝင်

ငယ်စဉ်က ကျောင်းမအပ်မီ အဖ-ဒါယကာကြီးက ဝေသင်ကြားပေးသဖြင့် နောင်အခါ ယခုကဲ့သို့ ပရိယတ္တိ ကျမ်းဂန်တတ်မြောက်ရန် နိမိတ်လက္ခဏာနှင့် ဆန်းကြယ်သော တရား

http://www.dhammadownload.com

ယကားတို့ပြင့် ဟောကြားနိုင်မည့် လက္ခဏာသည် ၇-နှစ်သား အရွယ်လောက်ကပင် သင်ကြားဟ် စကားများကို လူကြီးများနှင့် ပြောဆိုဆွေးနွေးခဲ့ကြပြီး၊ ဝဋ္ဌဘာဒနိ ကရုဏာဘာသာပါ တရား စကားတို့ပြင့် လူတို့၏ နားသောတကို ကဏ္ဍသုခ ဖြစ်အောင် ဟောပြောခဲ့ကြပြီး ပြုနိုင်၍ (ဥာဏ်ပညာထက်မြက် လူကြီး သူမများ၏ နှစ်သက်ခြင်းကိုခံရသော ကဝေးအကျော် ကျော်ကြား သားမော် ဖြစ်ခဲ့သည်။)

ရှင်သာပဏော-ဖြစ်ခဲ့ပေ

၁၅-နှစ်သားအရွယ်သို့ရောက်သော်....မိဘများက ဥယျာဉ် ဆောက်ကျောင်း ဆရာတော် ဦးကေသရ,ဦးတေဇဝန္တတို့ထံ အပ်နှံ၍၊ ၁၂၈၁-ခုနှစ်၊ ဝါဆိုလပြည့် သောကြာနေ့တွင် ပထမာ ဘိသေက ပဋ္ဌမဂါထာသဘော် ဆင်ယင် ကျင်းပခြင်းအားဖြင့် သာမဏေဘောင်သို့ ရောက်ခဲ့ကေ၏။(ပညာရှိ ဖြစ်မည့်လက္ခဏာ ပါသူဖြစ်၍ ဆရာ့သမားများက ရှင်ကောဝိဒ-ဟူ၍ ရှင်ဘွဲ့တင်သမှည့်ခေါ်တော်မူကြသည်။)

ဝိနည်းပြန်တွင်-ဂုဏ်ရောင်လွင်

ရှင်ကောဝိဒ သာမဏေဘဝသို့ ရောက်သော ၁၂၈၁-ခုနှစ် မှုးပင် ၎င်း၏သာသနာဘော်ကျိုးကိုဆောင်ရွက်ရန်နိမိလက္ခဏာ ဖြစ်သော ဤ သုခမှာ ဘဝမေးပွဲကြီးကို စတင်စီမံ ကျင်းပပြုလုပ်ကြရာ၊ ထိုနှစ်မှာပင် သာမဏေဘန်း၌ ရှင်ကျင့်ဝတ်, သင်ဟ ၄-ပိုင်း, သဒ္ဒါ နှစ်ဘောင်တို့ကို ပြန်ဆိုအောင်မြင်၏။ ထိုနောက် ဆရာတော်ဦးကေသရ၊ဦးတေဇဝန္တတို့ထံ၌သင်ကား, သဒ္ဒါ,ဝုတ္တော ဒယဆန်းကျမ်းများကို နည်းရရုံမျှ သင်ကြား၍၊ လောကီမဂ္ဂ ခန္ဓ လက်ရိုးကျမ်း, အာဂမသ သျှတ္တရ စသော ကျမ်းများကို

http://www.dhammadownload.com

သင်ကြားယင်းပင်၊ ၁၂၀၂/၀၃/၀၃-ခုနှစ်များတွင် သုဓမ္မာ ဝိနည်း စာတော်ပြန်ပွဲကြီး၌ အာဂုံပြန်ဆိုရာ၊ ယခုလက်ရှိ ပုပ္ပားကျောင်းဆရာတော်ကပင် သဒ္ဒါကျမ်းကို ယပ်လဲ့ကရားစာလို ပြန်ဆိုနိုင်တဲ့သူပဲဟု ထုတ်ဖော်ချီးမွမ်းခြင်းကို ခံရသည်။

မှတ်ချက်။ ။ယခုလက်ရှိပုပ္ပားကျောင်းဆရာတော်-ဟူသည်
မှာ၊ ရန်ကုန်မြို့၊ ညောင်တုန်း ပါ၂ကြောက္ကသိုလ်
ကျောင်းတိုက် ဆရာတော် ဦးဓမ္မသေန,အဂ္ဂ
မဟာ ပဏ္ဍိတ ဦးသူရိယ စသော ဘဝတော်
အကျော် ဆရာတော်များကို မွေးထုတ်ပေးခဲ့
သော ယခင် ညောင်တုန်းမြို့၊ပုပ္ပားကျောင်း၌
သီတင်းသုံးပြီး၊နောင် ရန်ကုန်မြို့၊ ဒမ်းခေါ်ကား
ဝင်ဆာလမ်း၊ ကန်တော် မင်္ဂလာကျောင်း၌
သီတင်း သုံးတော်မူသည့် ဝ ဘတ် အကျော်
ဘဒ္ဒန္တ ဝါသ ဝ မဟာထေရ်ကြီးပင် ဖြစ်သည်။

ထိုစဉ်ကသုဓမ္မာပရိယတ္တိစာမေးပွဲကြီးမှာ ယခုကဲ့သို့ရေး-ဖြေ စာမေးပွဲ မဟုတ်သေးပေ၊ စတင်ကျင်းပသော သံ-ဃေးနှစ်မှာ အာဂုံပြန်ဖြစ်၍၊ ၁၂၀၅-ခုနှစ်ရောက်မှ ရေး-ဖြေ စာမေးပွဲကို ပြောင်းလဲ ကျင်းပလေသည်။

တရားဟောတော်.သာမဏေကျော်

ဤသို့သောနည်းဖြင့် မိမိမှာ ဆရာသမားများ၏ ကျွန်ုပ်သင်ကြားရခြင်းမရှိသော်လည်း စာအုပ်ကို ဆရာပြုလုပ်၍၊ မိမိ၏ နက်နဲစူးရှသော အကြံဉာဏ်ကိုသာ အားကိုးပြီး သဒ္ဒါကျမ်း သင်္ဂဟကျမ်း, ဘေဒစိန္တာကျမ်း, ကဒ္ဒာယနစာတေ, ဂုဏ္ဍောဒယ ဆန်းကျမ်း, အဘိဓာန်, အလင်္ကာရနှင့် ဓာတုဗေဒ သုတေ

ကျမ်းများသည် မကြာမီလင်း၍ နှလုံးတွင်း၌ တည်ကြည်လေကုန်သည်။ (ရှင်ကောဝိဒသည် သာမဏေဘဝဖြင့် ဝေပေကျမ်းဂန်များကို သင်ကြားကျက်မှတ်ယင်း တရားဟောခြင်း၊ သင်္ဂြိဟ်စကား ပြောဆို ငြင်းခုံခြင်း၊ ကဗျာ, လင်္ကာများကို ရေးသားပြုစုရာ မြို့နယ်တလျှောက်၌ ထင်ရှားကျော်ကြားသော သာမဏေတပါး ဖြစ်ခဲ့သည်။)

ဒုတိယဘိသေ-ဓိယူပေ

၁၂၈၇-ခုနှစ်၌ သုဓမ္မာပရိယတ္တိ ပထမပြန်စာမေးပွဲကြီးတွင် ဝင်ရောက်ဖြေဆိုရာ အငယ်တန်းတွင် မဗ္ဗူသက အောင်ပန်းကို (၁)ဂဏန်းဖြင့် ဆင်မြန်းပြီး၁၊ ၁၂၈၈-ခုနှစ်၌လည်း ပထမလတ်တန်းကို အောင်ပြန်သည်၊ထိုနှစ်မှာပင် ပင်ကိုယင်းကတည်းက သာမဏေ ရှင်ကောဝိဒ-၏ ပညာ အရည်အချင်းနှင့်တကွ ဟောပုံ, ပြောပုံ နှုတ်, လျှာစကို ကြည်ညိုရင်းစွဲရှိသော အမိ ဒါယိကာမကြီး-ဒေါ်ချုံ၊သား-ဦးဘိုးဆယ်၊သမီး-ဒေါ်စောရင်တို့က (တထောင်)သော အသပြာငွေတို့ကို အနုဂါမိက ဥစ္စာအနေ အသေအချာထုပ်ပြီး မြေမှာမြှုပ်တဲ့ သဘောဖြင့် ဒုတိယဘိသေကခေါ် ဥပသမ္ပဒက်ကို ဖောင်ကြီးဆရာတော် အရှင်ယသမဟာထေရ်ကို ဥပဇ္ဈာယ်ပြု၍ ရဟန်းဘောင်သို့ ရောက်အောင် ချီးမြှောက်ကြလေသည်။

ပထမကျော်အောင် ကျောင်းသစ်ထောင်

ထိုနှစ် ၁၂၈၈-ခုနှစ်မှာပင် အစိုးရ ပထမပြန် စာမေးပွဲ၌ အငယ်တန်း၊ ၁၂၈၉-ခုနှစ်တွင် သုဓမ္မာပရိယတ္တိ ပထမကြီးတန်း၊ ၁၂၉၂-ခုနှစ်မှာ ပထမကျော် စာချတန်းတို့တွင် အောင်ပန်းဂုဏ်ထူးဆွတ်ခူးရရှိပြန်ပါကြောင်း။ ၁၂၉၃-ခုနှစ်မှာနိုဂြောဓာရံကျောင်းသစ်ကို တည်ထောင် ဆောက်လုပ်၍ နာယကအဖြစ်,

http://www.dhammadownload.com

ဂန္ဌဝါစက အဖြစ်, ဓမ္မကထိကအဖြစ်-ဟူသော ဂုဏ်ထူးတို့ကို -ဆောင်ယူခါ သီတင်းသုံး နေထိုင်လျက်၊ ထိုနှစ်မှာပင် အစိုးရ ပထမပြန်စာမေးပွဲ - ပထမလတ်တန်းကို အောင်မြင်ပြန်သည်။

ကျမ်းပြုတရားဟော-လွှန်ကျော်ဝေ

ထိုနှစ် ၁၂၉၃-ခုနှစ်မှာပင် စာသင်သားများအတွက်အလှူ့ တရာ သီလယ်-မြင်လှယ်အောင် ဇယားပုံ, ဘလောက်ပုံပေါင်း များစွာတို့ဖြင့် **အဘိဓမ္မာ**နေရောင်-ဟူသောကျမ်းကြီးကိုလည်း မြန်မာဘာသာဖြင့် စီရင်သည်။ ၁၂၉၃-ခုနှစ်မှစ၍ ဓမ္မကထိက ဂုဏ်ထူးဖြင့် **အထူး**ကျော်စောခါ နယ်ရွာအသီးသီး၌ တရား ဟောခြင်းအားဖြင့် သာသနာ့အကျိုးကို ဆောင်ရွက်ခဲ့ရသည်။

အမျိုးသား အမျိုးသမီးကလေးများ၏ကြီးပွားရာ,ကြီးပွား ကြောင်းဖြစ်သော **သာသနဝေပုလ္လအသင်း**၊ **သာသနောဒယ ကာရီအသင်း**၊ **ဝိဝဋ္ဋနိဿိတအသင်း**-စသော အသင်းကြီးများ ကို ဖွဲ့စည်းဖွင့်လှစ်၍ စာမေးပွဲ ကျင်းပရာ၌ နာယက အဖြစ်ဖြင့် ဆောင်ရွက်ခဲ့သည်။ **ဂိတိမဇ္ဇရီကျမ်း**-ပထမတွဲကိုလည်း ရေးသား စီရင်ခဲ့လေ၏။(လူငယ်များ၊ဘာသာစာရိတ္တတရားတိုးပွားအကျိုး များ၊ရေးအတွက် ဆရာတော်သည် ဝါ၊ခယ်မမြို့နယ်-ရွှေလောင်း ရွာ, သုံးခွရွာများ၌လည်းကောင်း၊ မအူပင်မြို့နယ် - ကျွဲတုံးရွာ၌ လည်းကောင်း၊ညောင်တုန်းမြို့နယ်-သရက်ပင်ဝိုင်းရွာ,ရုံးတော, နဂါးအိုင်ရွာများ၌ လည်းကောင်း ဘာသာစာရိတ္တ ဘာမေးပွဲ များကို ကျင်းပပေးခဲ့သည်။

ဘာသန္တရ သင်ပို့ချ

၁၂၉၅-ခုနှစ်မှာ အထက်တန်းခေါ် မဟာဘကျော်တန်း၏ ဘကျမ်းအောင်ပုဂ္ဂိုလ်များအနက် သုတ်သီလကွန် ဇင္ဌကထာကို

http://www.dhammadownload.com

ပထမဂုဏ်ထူးပြင့် အောင်မြင်ပြန်သည်။ ၁၂၉၆-ခုနှစ်၌ နာဂရီ ဘာသာ, သီဟိုဠ်ဘာသာ,ဟိန္ဒီဘာသာ, အင်္ဂလိပ်ဘာသာ ပညာ မျှားနှင့် တိုက်ပရိုက်ဘာ ရိုက်နည်းပညာ, ဇာတ်, ဝတ္ထုတို့ကို အင်္ဂလိပ် ဘာသာသို့ ပြန်ဆိုခြင်း၊ တပည့်မျှားကို စာ ပို့ချ ခြင်း အားပြင့် သာသနအကျိုးကိုဆောင်ရွက်ခဲ့သည်၊နယ်လေးရပ်သို့ လည်း ကြွ၍ စာမေးပွဲ ကျင်းပ, ဘရားဟောကြွ၍ တရားမိုးကို ရွာသွန်းဖြိုးခဲ့သည်။

၁၂၉၇-ခုနှစ်မှာ ပါရာဇိကဏ် အဋ္ဌကထာကို သံဝဏ္ဏေ တမ္ဘဖြစ်လော ပါဠိတော်နှင့် အဖွင့်ဋီကာ သာဝတ္ထဒီပနီကျမ်း, ဝိမတိဝိနောဒနီ, တေရသကဏ်, ဝဇိရဗုဒ္ဓိကျမ်း-တို့နှင့် တိုက်ဆိုင် ကြည့်ရှု သင်ကြားပြီးနောက် ဝင်ရောက် ဖြေဆိုရာ လွယ်ကူစွာ အောင်မြင်ပြန်သည်။

သာသနာပိုင်ထံမှ-တံဆိပ်တော်ရ

ထိုနှစ် ၁၂၉၇-ခုနှစ် ဝါဆိုလဆုတ် (၁၃) ရက်နေ့၌ "ပန်းသတင်း လေညင်းဆောင်-လူသတင်း လူချင်းဆောင်" ဟူသကဲ့သို့ ပညာဗဟုသုတ၏ သတင်းသည် မန္တလေးရှေ့မြို့တော်သို့ ပျံ့နှံ့၍ သာသနာပိုင် ဆရာတော်ကြီးကပင် ဤမျှလောက် သာသနာအကျိုး ဆောင်ရွက်သော ပညာရှင်အား ငါတို့သည် အမှုမဲ့,အမှတ်မဲ့ မနေတိုက်-ဟူသော အထိမ်းအမှတ်ဖြင့် "**ရာမည, ရဋ္ဌ ဝိနယဓရ သစ္စသနာပြု ဂဏဝါစက စာရျဓမ္မကထိက**" ဟူသော ဘွဲ့တံဆိပ်တော်ကို ဘဒ္ဒက ကမ္ဘာပေါ်ဦးက ကြာဖူး ငါးခိုင်ပါသော ရော်ဘာတံဆိပ်နှင့် ဂုဏ်ထူးဆောင် လက်မှတ် တွင် သာသနာပိုင် ဆရာတော်ကြီး၏ ခြေသုံ့တံဆိပ် ရိုက်နှိပ် ပေးသနားတော်မူသည်။ထိုနှစ်မှာပင် ဂိတိမဇ္ဇရီကျမ်း ဒုတိယတွဲ ကို ရေးသားစီရင်၍ ပုံနှိပ်ထုတ်ဝေပြန်သည်။

http://www.dhammadownload.com

မဟာအောင်ပန်း ဆွတ်ခါလှစ်း

၁၂၉၇-ခုနှစ်မှာ အဌသာလိနီ ကျမ်းကို မူသဒ္ဓိကာ, သာ
ဒ္ဓိကာ, မဇ္ဈိကာ, အဘိဓမ္မာဝတာရဒ္ဓိကာ, အဌသာလိနီဋီ
တို့နှင့် တိုက်ဆိုင်ကြည့်ရှု၍ ဝင်ရောက်ပြေဆိုရာ အောင်ပန်းယူခဲ့
ပြန်သည်။ ဤသို့ ဆိုခဲ့သောနည်းဖြင့် တပါးသော ပုဂ္ဂိုလ်များ
ကဲ့သို့ ရန်ကုန်၊ မန္တလေး၊ မကွေး၊ မင်းဘူး၊ ညောင်ဦး၊ ပခုက္ကူ
တောင်ငူ၊ မြင်းခြံ-စသော တမ္ပြိုတရားသို့ သွားရောက် သင်ကြား
ရခြင်း မရှိပဲ၊ ထက်မြက်သော မိမိ၏ တိက္ခ ဉာဏ်ရှိ ဉာဏ်ကို
အားကိုးသင်ကြား၍ ပြေဆိုရာ၊ ဤ သုခမှာပရိယာယ် ပဋိပတ်ပြီး
စာမေးပွဲကြီး၌ ပရိယတ္တိမူလ သုံးဝသော အဌကထာကျမ်းကြီး
များကို ဇေယျမင်္ဂလာ မဟာဂန္ထီ ဆုတီယောသာ ပြောပြမင်း
မဟာ အကျော် အထက်တန်းကြီးကို လုံးဝ အောင်မြင်သဖြင့်
**"ကောဝိဒါဘိ လက်ဝရ သဒ္ဓမ္မဝေ ပိဋကတ္တယကေက သုခမှာ
ဝရိယတ္တိ ဓမ္မာဝရိယ"**ဟူသော ဂုဏ်ထူးဆောင် ဘွဲ့တံဆိပ်တော်
ဆက်ကပ် လှူဒါန်း ပူဇော်ခြင်းကို ခံယူရရှိတော်မူသတည်း။

သာသနာတော်အကျိုး-ဆောင်သယ်ပိုး

၁၂၉၉-ခုနှစ်၊တပည့်စာသင်သားများအား စာမေးပွဲဖြေခိုင်း
အမြဲမြဲ,အရှာရှာကြ၍ စာမေးပွဲကျင်းပခြင်း၊ တရားဟောခြင်း
ကျမ်းစာများ ရေးသားခြင်း စသည်ဖြင့် လောက - သာသနာ
နှစ်ဖြာအကျိုးကို သယ်ပိုးတော် မူခဲ့သည်။ ၁၂၉၉-ခုနှစ်တွင်
ကောဝိဒဓေသနာနိဂြောဓာရုံယပ်လှဲ့တရားစာကိုလည်းကောင်း
ဇယား,ဘလောက်များဖြင့် နည်းသစ်-နည်းဆန်းများ တိကျ
စိရင်အပ်သော အဘိဓမ္မာ ညဝါသရောင်ကျမ်းကိုလည်းကောင်း
ရေးသား ထုတ်ဝေခဲ့သည်။ ပိဋကသုံးပုံ၏ မာတိကာ သမ္ဗန်

http://www.dhammadownload.com

ဖြစ်သော ပါဠိအဘိဓာန်ကျမ်းကြီးကိုလည်း (ရန်ကုန်မြို့၊ သုဓမ္မ ဝတီစာပုံနှိပ်တိုက်၊ တိုက်ရှင်မျှား၏ တောင်းပန်ချက်အရ) စတင် ရေးသားတော်မူသည်။)

ဝရဇိန်ကျမ်းဂန်-ရေးစီမံ

၁၃၀၀-ပြည့်နှစ်တွင် စာချယင်း၊ တရားဟောယင်း အကြား မှ အချိန်ကို အနားမပေးပဲ ကျမ်းဂန်များကို ရေးသားခဲ့သည်။ ဝိပဿနာ အလုပ်စခန်းကို အဟုတ်တန်း လုပ်လိုသူများအတွက် ဗုဒ္ဓဘာသာ၂မိနီ ဝိပဿနာ ဉာဏ်ရောင်ကျမ်း အ ကျဉ်းချုပ် ကို လည်းကောင်း၊ ကလေးသူငယ် လူငယ်များနှင့် ဝတ်အသင်းများ အတွက် နေမိုဇာတက ကဗျာကျမ်းကိုလည်းကောင်း၊ စာသင် သားများအတွက် နာမည်ကျော် ဝိသဇ္ဇနာ ဝရဇိန်ကျမ်းကို လည်းကောင်း ရေးသားထုတ်ဝေတော်မူခဲ့သည်။ (ဝရဇိန်ကျမ်း စာမူကို မူလက သဒ္ဒါ၊ သင်္ဂဟ၊ ဝိနည်း. သုံးဘာသာကို တအုပ် တည်းနှင့်အပြီးထုတ်ဝေရန် စီမံခဲ့သော်လည်း၊ ကျမ်းလေးမည်ကို စိုးရိမ်သည့်အတွက် သဒ္ဒါ၊ သင်္ဂဟ ကို ပထမတွဲပြုပြီး ထုတ်ဝေခဲ့ သည်။ ဝိနည်း ဝရဇိန်ကို နောက်မှ ကျွန်ုပ်တို့က ဆက်လက် ထုတ်ဝေခြင်းဖြင့် ဆရာတော်၏ အာသာဆန္ဒ ပြည့်ဝအောင် ဆောင်ရွက်ခဲ့ရသည်။)

နေရောင်ဒုတိယတွဲ-ကြိုးပမ်းဆဲ-နတ်ပွဲဝင်ခဲ့ပြီ

၁၃၀၁-ခုနှစ်မှာလည်း အမြို့မြို့၊ အရွာရွာသို့ တရားဟော ကြွခြင်း၊ စာပေ ပို့ချခြင်းများကို မနားမနေ ဆောင်ရွက်ခဲ့ပြီး၊ မပြီးပြတ်သေးသော အာဘိဓမ္မာ နေရောင်ကျမ်း - ဒုတိယတွဲကို ဆက်လက်ရေးသားတော်မူသည်။ ရေးလက်စ ပါဠိအဘိဓာန် ကျမ်းကြီးကိုလည်းကောင်း၊ အခြား ဆန်း၊ အလင်္ကာဘက်ဆိုင်ရာ ကျမ်းများကိုလည်းကောင်းအချိန်ရသမျှရေးသားတော်မူသည်။

http://www.dhammadownload.com

ဆရာတော်ကား....စိတ်ဓာတ်ပြင်းပြ ဝိရိယဓာတ်အား ကြီးမား တော်မူလှသည်။ စာရေးလွန်း အားကြီးသဖြင့် လက်ဖျားမှာ သွေးထွက်နေသော်လည်း အရေးမပျက်၊ ဖောင်တိန်ကို ကိုင်နိုင် စွမ်းအား မရှိသည့်အခါ ကြိုးနှင့် လက်တွင်ချည်နှောင်၍ မဖြစ်, ဖြစ်အောင် ရေးသားတော်မူခဲ့လေသည်။

ထိုသို့ ဇွဲ,လုံ့လ,ဝိရိယဓာတ်တို့ဖြင့် မပြတ်မလပ် မရပ်မနား လေ့က-သာသနာ နှစ်ဖြာအကျိုးများကို ကြိုးစားဆောင်ရွက် တော်မူနေစဉ်အခါ (သက်တော်အားဖြင့် ၃၅-နှစ်၊ ဝါတော် အားဖြင့် ၁၃-ဝါမျှသာ ရသေးသည့်အခါ) ၁၃၀၁-ခုနှစ်၊ သီတင်းကျွတ်လပြည့်ကျော် ၁၃-ရက်နေ့တွင်အဖျားရောဂါဖြင့် ဘဝနတ်ထံ ပြောင်းကြွ စံလွန်တော်မူခဲ့လေသည်။ (ပျံလွန်သည့် အခါ အဘိဓမ္မာနေရောင်ကျမ်းကြီးမှာ ရေးလက်စ ရိုက်ဆဲဖြစ်၍ ပြီးစီးအောင် ဒုတိယ-နိဂြောဓာရုံဆရာတော် ပထမကျော်,သကျ သီဟ, အစိုးရခမ္မာစရိယ ဓရှင်သုဇာတာလင်္ကာရ (နောင် အဂ္ဂ မဟာပဏ္ဍိတ စံဝတီဆရာတော်)က ဆက်လက်ရေးသားရိုက်နှိပ် ခဲ့ရလေသည်။

စီမံရေးသား-ကျမ်းဂန်များ

ဆရာတော်ကား....ပထမကျော်တန်း အောင် မြင် လျှင် ပင် ပညာရှိများ လက်ခံ လေးစားလောက်သည့် ကျမ်းဂန်များကို ရေးသားနိုင်ခဲ့သည်။ ဆရာတော် ရေးသားသော ကျမ်းဂန် များမှာ ယနေ့ထက်တိုင်အောင် ဂုဏ်ရောင် ထင်ရှား အကြည့် များ၊အသုံးများလျက် စာသင်သားတို့အား ကျေးဇူးပြုလျက်ပင် ရှိပေသည်။ ဆရာတော် ရေးသားခဲ့သော ကျမ်းဂန်များမှာ...

၁။ အဘိဓမ္မာနေရောင်ကျမ်း ပထမတွဲ။
၂။ ။ ဒုတိယတွဲ။

http://www.dhammadownload.com

၃။ အဘိဓမ္မာ ညဝါလရောင်ကျမ်း။
၄။ ဝိသဒ္ဒနာဝရဏီနီ (သဒ္ဒါ, သင်္ဂဟ အမေး - အဖြေ) ပထမတွဲ။
၅။ ဝိသဒ္ဒနာဝရဏီနီ (ဝိနည်း အမေး-အဖြေ)ဒုတိယတွဲ။
၆။ ဂီတိမဉ္ဇူရီကျမ်း ပထမတွဲ။
၇။ ။ ဒုတိယတွဲ။
၈။ ကောဝိဒဒေသနာ ယပ်လှဲတရားစာ ပထမတွဲ။
၉။ ဝုဋ္ဌာနဂါမိနီ ဝိပဿနာဘာဂ်ရောင်ကျမ်း။
၁၀။ နေမိဇာတက ကဗျာကျမ်း။
ဤ ကျမ်း များ မှာ ရိုက် နှိပ် ပြီး စီး သော ကျမ်းများ ဖြစ်ပါသည်။ မရိုက်ရသေးသော ကျမ်းများမှာလည်း မြောက်မြားစွာ ရှိပါသေးသည်။ ၎င်းတို့မှာ....
၁၁။ ယမကတ္ထ ဘွဲ့ဖြူ - ပဌာနဘွဲ့ဖြူ။
၁၂။ သဒ္ဓါအဏုမြူ - အလင်္ကာ အဏုမြူ။
၁၃။ ဆန္ဒ အမြုတေ။
၁၄။ ကောဝိဒဒေသနာ ယပ်လှဲတရားစာ ဒုတိယတွဲ။
၁၅။ ကောဝိဒ ကဗျာများ။
၁၆။ ပါဠိအဘိဓာန်ကြီး-တိုပင် ဖြစ်ပေသည်။

နမူနာစံတင်-ဥဒါန်းတွင်

ဆရာတော်ကား....ပညာတော် ထက်သလောက် သက်တော် ငယ်ငယ်-ရွယ်ရွယ်နှင့် ပျံ့လွှန်တော်မူခဲ့ရသည်။ အသေစောသဖြင့် လူတိုင်း-ရှင်တိုင်း နှမြောတသ ဝမ်းနည်းခဲ့ကြရ၏။ သက်တော်သာ ရှည်ခဲ့လျှင်၊ ထိုထို-ဤဤ အလိုလိုသော ကျမ်းဂန်များမှာ ဆရာတော်၏ကလောင်ဖျားမှပေါက်ဖွားလာဦးမည်မှာ သေချာလှပေသည်။ ဝါနှင့်အမှီ ကျမ်းဂန်များကို ရေးသား ရိုက်ထုတ်

http://www.dhammadownload.com

ပြီးနောက် တဝါလျှင် တကျမ်းကျ ရေးသားသွားမည်ဟု ကျွန်ုပ်တို့ တပည့်မျှားအား မိန့်ကြားခဲ့ဖူးပေသည်။

ဆရာတော်သည် ဤမျှတို့တောင်းလှသော သက်တော်၃၅-နှစ်အတွင်း၌ မိမိအတွက်လည်း ပရိယတ္တိ တတ်မြောက်အောင် အားထုတ်ကြိုးပမ်းရ၍၊တပည့်မျှားအား စာပေပို့ချခြင်း၊ ကျမ်းဂန်မျှားကို ရေးသားခြင်း၊နယ်လှည့်တရားဟောခြင်း၊စာမေးပွဲမျှား ကျင်းပခြင်း စသည်ဖြင့် အချိန်ရှိသမျှ အတွေ့-ပရနှစ်ဝသော အကျိုးကို ပြောင်မြောက်စွာ သယ်ပိုးတော်မူခဲ့ရာ၊ဆရာတော်၏ ဂုဏ်သတင်းတို့ကား....သာသနာတော် ကုန်ချင်းအောင် ထုံသင်းမွှေးကြူ ရနံ့လူလျက် စံနမူနာတင် ဥဒါန်းတွင်ဖွယ်ကြီးပင် ဖြစ်ပါတော့သတည်း။

* နိဂြောဓာရုံ၊ ပညာစုံ၍၊ ဂုဏ်ပေါ်ထင်ရှား၊ ဆရာဖျား(ဘုရား)၏၊ထူးခြားဆန်းကြယ်၊အံ့စဖွယ်လျှင်၊ ခန့်ထယ်ပညာ၊ မယှဉ်သာကို၊နေ ၁င်လာသောတု၊ အားကျပြု၍၊ သူလို ၄ါလဲ၊ ဝိရိယ,ဇွဲဖြင့်၊ အားခဲကြစေ၊ ရည်စိတ်ဖွေလျက်၊ မထေရ်ကော မြတ်၊ ထေရုပ္ပတ်ကို၊ ရေးမှတ်ခဲ့ပါ၊ မြတ်ဆရာ၏၊ ပညာ နေရောင်၊ ၀င်း၀င်းပြောင်၍၊ လရောင် ကြည်ထိန်၊ ၀ဇိရန် သို့၊ စက်ရှိန်ထွန်းပ၊ ကျမ်းဂန္ဓာတို့၊ ကာလခွန်ရှည်၊ ကမ္ဘာတည်အောင်၊ ကြည်လင်ရှင်ပြိုး၊လှ,ရှင်သုံး၍၊ မမှုန်းကြဝေ၊ဆုပန်ချေသည်။ ။

သပြေအောင်ပန်း လန်းစေသတည်း။

မနှံ ဝိဏ္ဏေတု ပဿတံ

ကိတ္တိမပုတ္တ ဝိယသိဿ

၁၃၄၁-ခု၊ ကာဗျဒကာမလ အရှင်ကဝိပိယ၊

ခေါင်-ဆန်း ဂ-ရက်ည။ ညောင်တုန်းမြို့။

http://www.dhammadownload.com

http://www.dhammadownload.com

နိဒါနကထာ

●

"**ကေဒါ ယာတိ** မဂ္ဂေန၊ **ကုမ္မဂ္ဂေနာပိ ကေဒါ**"-ဟူသော သမ္မောဟ ဝိနောဒနီ အဋ္ဌကထာနှင့်အညီ၊ မြန်မာ နိုင်ငံတော် အတွင်း သီတင်းသုံးလျက်ရှိကြကုန်သော စာသင်သားအပေါင်း တို့မှာ၊ နှစ်စဉ်ကျင်းပလျက်ရှိသော **အစိုးရစာမေးပွဲ**, အရာမက မျှားပြားလှသော **အမျိုးသားစာမေးပွဲ**-တည်းဟူသော မြေပြင် ခရီးမှာ ခြေလျင်ကြီး ကြွလျက်ရှိကြရရာ၊ တခါတရံ၌မူကား..... သာယာပြန့်ပြူးသော လမ်းကောင်းသဖွယ် လွယ်ကူသော 'ပုစ္ဆာ နှင့် တွေ့ခြင်းကြောင့် ကလောင်ထက်မြက် ဉာဏ်သွား ထက်၍ လက်သွက်ခါ ခရီး ပေါက်ကြ ငြား သော်လည်း၊ တခါတရံ၌ မူကား....ကုမ္မဂ္ဂ-ဟုဆိုအပ်သောလမ်းဆိုးလမ်းကြမ်းမှာ တခဲနက် ခက်မာသော ကျောက်တောင်ကြီးတို့ ပိတ်ဆီး ကာကွယ်လျက် ရှိနေခဲ့သော်....၊ ရှေးအခါက လွန်စွာ ထက်မြက်၍ သွက်လက်ခဲ့ သော မင်,ကလောင်မှာ အူကြောင်ကြောင်ဖြစ်ခါ၊ တစုံတရာမျှ ကာယကံရှင်၏ ဉာဏ်အား ဥပထမ္ဘက သတ္တိဖြင့် မထောက်ပင့် နိုင်သည်ဖြစ်၍၊ ကာယကံရှင်အား ကြီးစွာသော အခက်အခဲနှင့် တွေ့ကြုံရာတွင် "**ဝရဇိန်လက်နက် သိကြားစက်**" ဟု ဆိုသည် အတိုင်း သိကြားမင်း၏ လက်နက်ကဲ့သို့ ထက်မြက်လှစွာသော ဤ **ဗိသင္ဘနာ ဝရဇိန်**-ကျမ်းကို မကြိုးပမ်း မလေ့လာမိသူတို့မှာ ခက်ခဲသော ပုစ္ဆာ တည်းဟူသော ကျောက်တောင်ကြီးတို့ ပိတ် ဆီးကာကွယ်သဖြင့် **ဇယပုပ္ပ**-ဟု ဆိုအပ်သော **အောင်မန်း** ကို မဆွတ်လှမ်းနိုင်ပဲ လက်မှိုင်ချခါ နေရပေလိမ့်မည်။

http://www.dhammadownload.com

"ထိုသို့သော အခက်အခဲနှင့် တွေ့ကြုံသောအခါ ဝရဇိန် လက်နက်နှင့် ခွဲ ဖျက် လိုက် ရ ပါ မှ ကား ... ကျောက်တောင်-ကျောက်တုံးတို့သည် တဖြုံးဖြုံးပြိုကွဲ၍ ဖရိုဖရဲဖြစ်ခါ လိုရာခရီး ပေါက်လျက် ပြီးမြောက်အောင်မြင်ကြပါစေ" ဟူသော မနောပဏိဓိ နှလုံးတော်ရှိသဖြင့် ဤ "ဝိသဇ္ဇနာ ဝရဇိန်" ကျမ်းကို ကြိုးပမ်းအားထုတ်ရပေသတည်း။

ညောင်တုန်းမြို့ ဦးကောဝိဒ(မဟာဆရာကျော်)
၁၃၀၁-ခု၊ ဝါခေါင်လဆန်း ၁-ရက်၊ နိဗ္ဗောဓာရုံဆရာတော်။

http://www.dhammadownload.com

ပဏာမ

●

သဒေဝကေ လောကေ သုဒ္ဓသံ သုနိပုဏံ ဂမ္ဘီရံ အဏုံ ပဋ္ဌ
ဝေဒိရာဝုဝ သဒိသေန သမ္ဘည္ဟတ ဘာကေန ဘိန္ဒိတ္မာ ဝိသဒ္ဒေဝုံ
သမ်ထ္ထံ ဗုဒ္ဓဒ္ဒ, တေန ဘာသိတံ အတ္ထာနံ ခာရေန္တေ ဝတ္ဘူသု အပါ
ယေသု ဒေဝ ဝဋ္ဋဒုက္ခေသု စ အပဘာမာနေ ကတ္မာ တိဋ္ဌဝသုခံ
ခာရေန္တံ သပရိယတ္ထိ ဒသဝိဓံ ဝမ္ဘဒ္ဒ, ခမ္ဘာနေ ဝုမ္ဘ ပဋ္ဌိပတ္ထိယာ
သုပ္ပဋိပန္နတာဒိ ဂုဏဝန္တံ ဂဏ္ဘတ္ထမ် အဋ္ဌအရိယ ပုဂ္ဂလသံ ဒမ္ဘဟံ
သံယဒ္ဒ, ကာယ ဝစီ မနောဒ္ဒါရေဟိ ဝန္ဒာမိ။ ဝန္ဒိတ္မာ ဘဂ္ဂေါရိ
ကိရ အာဝုဝေါနိ လောကေ သေဋ္ဌာနိ၊ သဗ္ဗသ ဝဏ္ဏသ ဝိဇ်ာ,ဝေ ဝသ
ဝဏ္ဏသ ဂဒါဝုခံ, ယမသ နယနာဝုခံ, အဋ္ဌာ ဝ ဂ ကသ ဒုသာ ဝု
ခန္ဒိ၊ ယဒိ ဟိ သ ကေန ဒုဋ္ဌ ဝ ဝိ ရာ ဝုခံ သိနေရ ဗ ဟ ကေ ပ ဟ
ရေယ္ယ။ အ ဋ္ဌ ဒ ဒ္ဒ သ ဟ ဿ ဝ ခ ိ ဂ ယ ေ ဘ ု န သ တ ာ ဿ ဟ ဿ ဝ ိ ခ ် ် ်
ဝ ိ ဋ ် ် ်

http://www.dhammadownload.com

—

ပုဇ္ဆာနက်နဲ့ ဓမ္မာပျက်ခဲ့ ပြီနိမ်။

ဝရဇိန်

●

★ သိကြားမင်းစက် လက်နက်ကိုချိန်၊
ဇရပ်, တန်ဆောင်း ဂူ, ကျောင်းနှင့် သိမ်၊
ကျောက်တောင်တွေလဲ ပြိုကွဲမငြိမ်၊
ထို့တူပဲ ဗျက်ခဲ့ 'ဝရဇိန်'။

★ တောင်းကိုမဖောက် ကျောက်တောင်ကိုချိန်၊
ဖရိုဖရဲ ပြိုကွဲတဲ့ 'စိန်'။
ပုဇ္ဆာနက်နဲ့ ခက်ခဲ တွေ့ကြိမ်၊
ခဏချင်း ဖြိုခွင်း 'ဝရဇိန်'။

★ အရှင်တို့အား တိုးပွားဂုဏ်သိန်၊
အောင်ပန်းဂုဏ်ထူး ဆုတ်ခူးရွယ်ချိန်။
ကမ္ဘာတဝန်း မေးခွန်းတွေ့ကြိမ်၊
ဖြိုကာခဲ့ လက်စွဲ 'ဝရဇိန်'။

●

ဝရဇိန်

ဂုဏ်သိန် ဝေလျှမ်းတဲ့ ရှေကျမ်း ခေါင်ထိပ်။
ဝိနယာ မသိတာ အခက်အခဲကို ဗျက်ခွဲပါလိမ့်။

http://www.dhammadownload.com

ဝိသဒ္ဓိနှာဝရဏိန်

ဒုတိယတွဲ

"နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ"

နိဒါနုဒ္ဒေသ

●

● အဘယ်ကြောင့် ပါတိမောက်ဟု ခေါ်ပါသနည်း....?၊

(၁) ပြေ။ ။"တံ မောက္ခေတိ မောစယတိ အာပါယိကာဒီဟိ ဒုက္ခေဟိ, အတ္တာနုဝါဒါဒီဟိ ဝါ ဘယေဟိတိ ပါတိမောက္ခံ" ဟူသည်နှင့်အညီ၊ သီလ စောင့်သောသူကို အပါယ်အစရှိကုန်သော ဆင်းရဲ ဒုက္ခတို့မှ လည်းကောင်း၊ မိမိကိုယ်ကို စွပ်စွဲခြင်း အစရှိကုန်သော ဘေးတို့မှ လည်းကောင်း လွတ်စေတတ်သောကြောင့် ပါတိမောက်-ဟု ခေါ်ပါသည်။

* အပါယ်ဒုက္ခ မုချကင်းကွာ၊
မိမိကိုလဲ စွပ်စွဲ စ-ဖွာ။
ဘေးဘယမှ ဝေးပ-စေတာ၊
မှတ်လိုက်ဘိ ပါတိမောက်သည်ဘာ။

● ပါတိမောက်အပြားကို ဖော်ပြ၍၊ ပါတိမောက္ခုဒ္ဒေသကာ ပုဂ္ဂိုလ်များကိုလည်း အသီးသီး ညွှန်ပြပါ....?။

http://www.dhammadownload.com

(၂) ပြေ။ ။ပါတိမောက်သည်–

၁။ အာဏာပါတိမောက်၊

၂။ သြဝါဒပါတိမောက်-ဟူ၍ ၂-ပါး အပြား ရှိပါသည်။

ထို ၂-ပါးတို့တွင် အာဏာ ပါတိမောက်ကို သာဝကမျှား သာ ပြသည်၊ ဘုရားရှင်တို့ မပြပါ။ သြဝါဒ ပါတိမောက်ကို ဘုရားရှင်တို့သာ ပြသည်၊ သာဝကတို့ မပြပါ။

* အာဏာ, သြဝါဒ၊ နှစ်ဝ မှတ်လေ၊
အာဏာမှာက သာဝက ပြီပေ။
သြဝါဒကား ဘုရားပြောဟု၊
ကျမ်းကင်္ဂါ မိန့်မှာ ဃောသဏေရ။

● အာဏာပါတိမောက်အပြားကို သရူပဘေဒ, ဂန္ဓဘေဒ-အားလျှော်စွာ ထုတ်ပြု၍၊ ၎င်းတို့၏ အဓိပ္ပာယ်ကိုလည်း အသီးသီး ရေးသားခဲ့ပါ....?။

(၃) အာဏာပါတိမောက်သည်–

သရူပဘေဒအားဖြင့်–၁။ သီလပါတိမောက်၊

၂။ ဂန္ဓပါတိမောက်-ဟူ၍ ၂-ပါး။

ဂန္ဓဘေဒအားဖြင့် –၁။ ဘိက္ခု ပါတိမောက်၊

၂။ ဘိက္ခုနီ ပါတိမောက်-ဟူ၍ ၂-ပါး ရှိပါသည်။

အဓိပ္ပာယ်ကား

ဆောင့်အပ်သော သိက္ခာပဒ သီလသည် **သီလပါတိမောက်**-ပည်၏။

http://www.dhammadownload.com

"သုဏာတု မေ ဘန္တေ သံဃော" စသည်ဖြင့် ဟောအပ်သော သဒ္ဓါအစဉ်သည် ဂန္ဓပါတိမောက်-မည်၏။

"သုဏာတု မေ ဘန္တေ သံဃော" အစရှိသော ၅-ပါးသော ဥဒ္ဒေသ ပရိစ္ဆေဒတို့ဖြင့် ပိုင်းခြား မှတ်သားအပ်သော ပါတိမောက်သည် ဘိက္ခုပါတိမောက်-မည်၏။

"သုဏာတု မေ အယ္ယေ သံဃော" အစရှိသော ၄-ပါးသော ဥဒ္ဒေသ ပရိစ္ဆေဒတို့ဖြင့် ပိုင်းခြား မှတ်သားအပ်သော ပါတိမောက်သည် ဘိက္ခုနီပါတိမောက်-မည်၏။

* သီလ, ဂန္ဓ မှတ်ကြ နှစ်ထွေ၊
ဘိက္ခု, ဘိက္ခု နှစ်ခု မှတ်လေ။
အာဏာ ပါတိ မှတ်ဘိ လေးထွေ၊
နှလုံးခ္ဍ မှတ်လိုက် အိုချစ်ဆွေ။

* သိက္ခာပုဒ်စု ခေါ်ယြ သီလာ၊
သဒ္ဓါစဉ်မျိုး ခေါ်ရိုး ဂန္ဓာ။
ဥဒ္ဒေသ-ငါး ပိုင်းခြား ဘိက္ခုသာ၊
ဥပ်စတု ဘိက္ခုနီ မှတ်ပါ။

● ဘရုပဘေဒ အားဖြင့် ပြားသော ပါတိမောက်ကို မုခ္ခ ဥပစာအားဖြင့်လည်းကောင်း၊ ဇောတေတမ္ဗ, ဇောဘက အားဖြင့် လည်းကောင်း ခွဲခြားပြပါ...?။

(၄) ဖြေ။ ။မုခ္ခ, ဥပစာအားဖြင့်-
သီလပါတိမောက်သည် မုခ္ခ။
ဂန္ဓပါတိမောက်သည် ဥပစာ။

http://www.mandalay.com

ဇောတေတမ္ဘ, ဇောတကအားဖြင့်-

သီလပါတိမောက်သည် ဇောတေတမ္ဘ၊
ဂန္ဓပါတိမောက်သည် ဇောတက-ဖြစ်ပါသည်။

* ဇောတေတမ္ဘ၊ ဖြစ်မှု၊ သီလ ပါတိမောက်။
* ဇောတက ဥပစာ၊ ဖြစ်တွက်တာ၊ ဂန္ဓာပါတိမောက်။

● ဘိက္ခုပါတိမောက်, ဘိက္ခုနီ ပါတိမောက်တို့၌ ရထိုက်သော ဥဒ္ဒေသမျှားကို ပိုင်းခြား ရေတွက်ခဲ့ပါ....?။

(၅) ဖြေ။ ။ဘိက္ခုပါတိမောက်၌-

၁။ နိဒါနုဒ္ဒေသ၊ ၄။ အနိယတုဒ္ဒေသ၊
၂။ ပါရာဇိကုဒ္ဒေသ၊ ၅။ ဝိတ္ထာရုဒ္ဒေသ - ဟူ၍
၃။ သံဃာဒိသေသုဒ္ဒေသ၊ ၅-ပါးရှိပါသည်။

ဘိက္ခုနီပါတိမောက်၌-

အနိယတုဒ္ဒေသ-ကြဉ် ကျန်သော ဥဒ္ဒေသ ၄-ပါးရပါသည်။

* နိဒါန်း, ပါရာဇိ၊ သံဃာဒိ၊ အနိ, ဝိတ္ထာရောက်။
* ဘိက်-ဥပ်, ငါးထွေ၊ ဘိက္ခုနေ၊ လေးတွေ အနိဗျောက်။
* နိဒါန်း, ပါရာဇိ သံဃာဒိဒ္ဒေ၊
  အနိယတုပ် ဝိတ္ထာရုဒ္ဒေ။
  ဘိက္ခုတွင်ငါး မှတ်သား ဥဒ္ဒေ၊
  နီ-စတုက် နိယတုပ် မပါချေ။

---

http://www.dhammadownload.com

(ဂ) ဖြေ။ ။* အန္တရာယ် ၁သ၊ ဖြစ်ပေါ်က၊ သုတ သိမ်းခွင့်ရှိ။

---

❶ နိဒါန်းကို ပြ၍ မပြီးသေးပဲ သုတ သဒ္ဒါဖြင့် သိမ်းနိုင်ပါသလော....?။

(ဒ) ဖြေ။ ။မသိမ်းနိုင်ပါ။ အနည်းဆုံး နိဒါနုဒ္ဒေသ တခုကို ပြပြီးမှသာ သုဏသဒ္ဒါဖြင့် သိမ်းနိုင်ပါသည်။

* နိဒါနုဒ္ဒေသ၊ မပြီး၊ သုတ ခွင့်မရှိ။
* နိဒါန်းပြီးမှ၊ သိမ်းလိုက၊ သုတ ခွင့်ရှိ။

---

❷ ဥဒ္ဒေသ တခုကို ပြဆဲမှာ အန္တရာယ် ပေါ်ပေါက်လာ သဖြင့် သုတ သဒ္ဒါဖြင့် သိမ်းသောအခါ၊ ပြဆဲ ဥဒ္ဒေသ ကိုပါ သိမ်းရမည်လော ...?။ ။သို့မဟုတ် ကျန်သော ဥဒ္ဒေသကိုသာ သိမ်းရမည်လော ရှင်းလင်းခဲ့ပါ....?။

(၁၀) ဖြေ။ ။တေန သမ္ဘိ အဝသေသံ သုတေန သာဝေ တဗ္ဗံ-ဟု ကခ်ါ ဆိုသောကြောင့် ပြဆဲဖြစ်သော ဥဒ္ဒေသနှင့်တကွ ကျန် ဥဒ္ဒေသများကိုပါ သိမ်းရပါမည်။

* ပြဆဲနှင့် ကျန်၊ ဥဒ္ဒေသ်၊ သုတ် သိမ်းလေဘိ။

---

❸ နိဒါနုဒ္ဒေသကို မပြပဲ ပါရာဇိကုဒ္ဒေသကို ကျော်၍ ပြနိုင်ပါသလော....?။

(၁၁) ဖြေ။ ။ပါတိမောက်ပြရာတွင် နိဒါန်းမှစ၍ အစဉ်အတိုင်းသာ ပြရသောကြောင့် နိဒါနုဒ္ဒေသကို မပြပဲ ပါရာဇိ ကုဒ္ဒေသ ၁သည်တို့ကို ကျော်၍ မပြနိုင်ပါ။

* နိဒါန်းမှစ၊ စဉ်တိုင်းပြ၊ ကျော်ပြ ခွင့်မရှိ။

---

http://www.dhammadownload.com

● ဥပုသ်အङ္ဂါရာယ်(၁၀)ပါးသရုပ်ကို ထုတ်ဆောင်ခဲ့ပါ ?။

(၁၂) ဖြေ။ ။ * မီး, မင်း, ခိုးသူ၊ မိုးရေ, လူ၊ ဘီလူး, သားရဲ, မြွေ။

* အသက်,မြတ်ဗျ၊ စရိယ၊ ဒသ, အङ္ဂရေ။
(ဝိနယသံခိပ်)

● အဘယ်ရဟန်းကိုပါတိမောက္ခုဒ္ဒေသကရဟန်းဟုခေါ်၍ ပါတိမောက်ကိုအဘယ်ရဟန်းမျှားပြသင့်ပါသနည်း.?။

(၁၃) ဖြေ။ ။ပါတိမောက်ပြသော ရဟန်းကို ပါတိမောက္ခုဒ္ဒေသက ရဟန်းဟု ခေါ်ပါသည်။

"ထေရာဓေယ်ဖ ပါတိမောက္ခ" ဟူ၍ ဘုရား ဟောတော်မူသောကြောင့် ပါတိမောက်ကို သံဃာထေရ်သာ ပြသင့်ပါသည်။

အကယ်၍ ထေရ်ကြီးက မစွမ်းနိုင်ခဲ့သော် လည်းကောင်း၊ အခွင့်ပေးခဲ့သော် လည်းကောင်း၊ ဗျတ္တ-ပဋိဗလဂုဏ်နှင့် ပြည့်စုံသော နဝကရဟန်းသည်လည်း ပါတိမောက်ကိုပြသင့်ပါသည်။

* ပါတိမောက်ပြ၊ ထေရ်ကြီးပ၊ မရသောခါ နဝကာ။

● ဗျတ္တနှင့် ပဋိဗလတို့၏ အထူးကို ရေးသားခဲ့ပါ....?။

(၁၄) ဖြေ။ ။ကျေပွန်စွာ ရရှိခြင်းသည် ဗျတ္တ၊ ရဲရင့်ခွာ ရှုတ်ဖတ်နိုင်ခြင်းသည် ပဋိဗလ။ ဤသို့ ထူးသည်။

* ကျေပွန် ဗျတ္တ၊ ရဲရင့်စွာ၊ မှတ်ကြ ပဋိဗာ။

● ပုဗ္ဗကရဏနှင့် ပုဗ္ဗကိစ္စ အထူးကိုရေး၍၊ ၎င်းတို့၏အပြားကိုလည်း ရေတွက်ခဲ့ပါ....?။

http://www.dhammadownload.com

(၁၅) ဖြေ။ ။သံဃာ မစည်းဝေးမီ ရှေးအဖို့၌ ပြုအပ်သောကြောင့် ပုဗ္ဗကရဏ-မည်၏။

ပါတိမောက် မပြုမီ, ပါရိသုဒ္ဓိ မကြားမီ, အဓိဋ္ဌာန်မပြုမီ ရှေးအဖို့၌ပြုအပ်သောကြောင့် ပုဗ္ဗကိစ္စ-မည်၏။

ပုဗ္ဗကရဏအပြားကား-

၁။ ဥပုသ်အိမ် သိမ်အပြင်၌ တံမြက်လှည်းရခြင်း။
၂။ ။ ဆီမီးထွန်းညှိရခြင်း။
၃။ ။ နေရာခင်းရခြင်း။
၄။ ။ သောက်ရေ,သုံးရေမျှားတည်ထား ရခြင်း။ ပေါင်း ၄-ပါးတည်း။

* တံမြက်,နေရာ၊ ရေ-နှစ်ဖြာ၊ ညဉ့်မှာ ဆီမီးလေး။
* ပုဗ္ဗကရဏ၊ အမည်ရ၊ မဆွ ပြုအပ်သေး။ (ဝိနယသံခိပ်)

ပုဗ္ဗ-ကိစ္စ အပြားကား-

၁။ ဆောင်ခဲ့သောဆန္ဒကို ကြားလျှောက်ခြင်း။
၂။ ဆောင်ခဲ့သော ပါရိသုဒ္ဓိကို ကြားလျှောက်ခြင်း။
၃။ ဥတု သုံးပါး၌ လွန်သော ပက္ခ, ကြွင်းသော ပက္ခ တို့ကို လျှောက်ခြင်း။
၄။ သိမ်တွင်း၌ စည်း ဝေး သော ရဟန်း အ ရေ အ တွက် ကို လျှောက်ခြင်း။
၅။ ဘိက္ခုနီတို့၏ ဩဝါဒ ခံယူလိုကြောင်းစကားကို လျှောက်ခြင်း။ ပေါင်း ၅-ပါးတည်း။

http://www.dhammadownload.com

* ဆန္ဒ,ပါရိ၊ သုဒ္ဓိ-ဥတု၊ဘိက္ခုဂဏန၊ ဩဝါဒ ပုဗ္ဗကိစ္စရှေး။
* ဥပုသ်ပဝါရဏာ၊ရှေ့ဦးသာ၊ထိုက်ရာပြုလုပ်သေး။(၀-သံ)

● ကရဏနှင့် ကိစ္စ အထူးကို ရေးသားခဲ့ပါ...?။

(၁၆) ဖြေ။ ။မပြုမနေရသောအလုပ်သည် ကရဏ။ ပြုသင့်မှပြု, မပြုပဲ နေခွင့်ရသောအလုပ်သည် ကိစ္စ။

* မပြုမနေရ၊ ကရဏ၊ ကိစ္စ နေခွင့်ရှိ။

● ပုဗ္ဗကရဏ-စသော အမှုကို အဘယ်သူပြုရမည်နည်း....?။

(၁၇) ဖြေ။ ။ဤတာဝန်သည် မထေရ်ကြီးအပေါ်ကျ၍ ကိုယ်တိုင်လည်း ပြုနိုင်ကပြု၊ မပြုနိုင်က သင့်တော်သူကို စေခိုင်းရပါမည်။

* ပုဗ္ဗကရဏ၊ မှ ကိစ္စ၊ ပြုရ ထေရ်ကြီးသာ။
* မပြုနိုင်ခြား၊ သင့်သူအား၊ ညွှန်ကြား စေခိုင်းရာ။

● ထံမြက်လှည်းခြင်းစသောပုဗ္ဗကရဏအမှုကိုမထေရ်ကြီးက စေခိုင်းပါလျက်၊မပြုသောရဟန်းအား အဘယ်အာပတ် သင့်ပါသနည်း....?။

(၁၈) ဖြေ။ ။ခိုင်းစေအမှု၊ သူမပြု၊ ထိုသူ ဒုက္ကဋ်သင့်။

● ပုဗ္ဗကရဏကို မပြုပဲ ဥပုသ်ပြုက အဘယ် ပုဂ္ဂိုလ်အား အဘယ် အာပတ် သင့်ပါသနည်း....?။

(၁၉) ဖြေ။ ။ဥပုသ်ပြုသော သံဃာအားလုံး ဒုက္ကဋ်အာပတ် သင့်ပါသည်။

* ပုဗ္ဗမပြု၊ ဥပုသ်ပြု၊ သင့်မှ သံဃ ဒုတ္ထဋ။

---

http://www.dhammadownload.com

● ဆန္ဒပေးထိုက်သော ဆန္ဒာရဟ ပုဂ္ဂိုလ်နှင့် ဆန္ဒပေးအပ်သော ဝိညတ်များ ဖော်ပြပါ....?။

(၂၀) ဖြေ။ *ဂိလာနုပဋ္ဌ၊ ဂိလာနသာ၊
ကိစ္စပသုတ, သုံးဝမ္ဘတ်ပါ။
(ဆန္ဒာရဟ ပုဂ္ဂိုလ်-၃)

ဝါစာ,ကာယ,တဒုဘယာ၊
သုံးပါးဖြင့် ပေးသင့် ဆန္ဒမှာ။
(ဆန္ဒပေးသင့်သောဝိညတ်)

● ဆန္ဒပေးရခြင်းနှင့် ပါရိသုဒ္ဓိ ပေးရခြင်းတို့၏အကျိုးထူးမျှားကို ရေးသားခဲ့ပါ....?။

(၂၁) ဖြေ။ ။ဆန္ဒပေးရခြင်း အကျိုးကား....သံဃာအားသာ ဥပုသ်ပြုခြင်း စသော သံဃာ့ အားလုံးကို ပြီးစီးစေခြင်း အကျိုးရှိ၏။

ပါရိသုဒ္ဓိပေးရခြင်းအကျိုးကား... သံဃာနှင့် မိမိပါ ဥပုသ်ပြုခြင်းကိစ္စ ပြီးခြင်းအကျိုး ရှိ၏။

* ဆန္ဒပေးမှာ၊ သံဃာသာ၊ ကိုယ့်မှာ ကျိုးမထူး။
* ပါရိပေးမှာ၊ သံဃာ,မိမိ၊ ဥပုသ်ပြည့်၊ ကျိုးရှိ ရနှစ်ဦး။

● ဆန္ဒ,ပါရိသုဒ္ဓိကို ပေးချင်သလို ပေးနိုင်ပါသလော ...?။

(၂၂) ဖြေ။ ။မပေးနိုင်ပါ။ ဥပုသ်ပြုပြီးသော ရဟန်းသည် ဆန္ဒကိုသာ ပေးနိုင်၍ ဥပုသ်မပြုရသေးသော ရဟန်းသာ ဆန္ဒ, ပါရိသုဒ္ဓိ ၂-ပါးစုံကို ပေးနိုင်ပါသည်။

* ဥပုသ်ပြီးမှာ၊ ဆန္ဒသာ၊ မ-သာ နှစ်ဖြာပေး။

---

http://www.dhammadownload.com

● ဆန္ဒကို မပေးပဲ ပါရိသုဒ္ဓိချည်း သက်သက် ပေးနိုင်ပါသလော....?။

(၂၃) ဖြေ။ ။ပေးနိုင်ပါသည်။ သို့သော် ပါရိသုဒ္ဓိချည်း သက်သက်ပေးခဲ့သော်၊ သံယာနှင့် မိမိ၏ ဥပုသ်ပြုခြင်း ကိစ္စသာ ပြီး၍၊ အခြား သံယတ်များ ဆောင်ရွက်ရန် မပြီးစီးနိုင်သောကြောင့်၊ အခြား သံယတ်များပါ ပြီးစီးစေရန် ဆန္ဒကိုလည်း တပါတည်း ပေးရပါသည်။

● အဘယ်အကျိုးငှါ ဆန္ဒ, ပါရိသုဒ္ဓိကို ပေးရပါသနည်း?။

(၂၄) ဖြေ။ ။သံယ ကိစ္စ အဝဝကို ဆောင်ရွက် နိုင် ရန် အကျိုးငှါ ဆန္ဒကိုပေးရ၏။ မိမိ၏ ဥပုသ်ပြုခြင်း ကိစ္စကို ပြီးစီးစေရန် အကျိုးငှါ ပါရိသုဒ္ဓိကို ပေးရ၏။

* သံယကိစ္စ၊ ဆောင်နိုင်စေ၊ ရည်ရွယ်ဆန္ဒ ပေးပါရ။
* ကိုယ့်ဥပုသ်ပြု၊ ကိစ္စစု ပြီးမှုစေငှာ....ပေးပါရ။

● ဆန္ဒ, ပါရိသုဒ္ဓိကို အဘယ့်ကြောင့်ပေးရ၍၊ အဘယ်သိမ်ဌ ပေးထိုက်ပါသနည်း....?။

(၂၅) ဖြေ။ ။တ သိမ် ဘာည်း မှာ တည်ရှိ နေထိုင်သော အားဖြင့် စပ်လျက်ရှိသောကြောင့် ပေးရပါသည်။

ဆန္ဒ,ပါရိသုဒ္ဓိကို **မဟာသိမ်**မှာသာ ပေးရ၍ ဇေတသိမ်ဌကား မပေးရပါ။

* တသိမ်တည်းပေ၊ တည်ရှိချေ၊ စပ်နေတွက်တာ ပေးရပါ။
* ခဏ္ဍသိမ၊ မပေးရ၊ ပေးရမဟာ ဆန္ဒမျိ။

● ဆန္ဒပေးပုံ,ပါရိသုဒ္ဓိပေးပုံ, ဆန္ဒပါရိသုဒ္ဓိပေးပုံပါဠိများကို ရေးသားခဲ့ပါ...?။

http://www.dhammadownload.com

(၂၆) ေျပ။ ။ဆန္ဒေပးပုံ-ဆန္ဒ ၁မ်ိဳး၊ ဆန္ဒ မ်ိဳး ေမ ဟရ၊ ဆန္ဒ မ်ိဳး အာေရာစေဟိ။

ပါရိသုဒ္ဓိေပးပုံ-ပါရိသုဒ္ဓိ ၁မ်ိဳး၊ ပါရိသုဒ္ဓိ ေမ ဟရ၊ ပါရိသုဒ္ဓိ ေမ အာေရာစေဟိ။

ဆန္ဒပါရိသုဒ္ဓိေပးပုံ-ဆန္ဒ, ပါရိသုဒ္ဓိ ၁မ်ိဳး၊ ဆန္ဒ, ပါရိသုဒ္ဓိ ေမ ဟရ၊ ဆန္ဒ, ပါရိသုဒ္ဓိ ေမ အာေရာစေဟိ-ျဖစ္ပါသည္။

● ေဆာင္ယူလာခဲ့ေသာ ဆန္ဒ (ပါရိသုဒ္ဓိ) ကို သံဃာအား ေလ်ွာက္ကြားေသာ ပါဠိကို ေရးသားခဲ့ပါ...?။

(၂၇) ေျပ။ ။

ေဆာင္ခဲ့ေသာ ဆန္ဒကို ေလ်ွာက္ကြားပုံ

(တိေဿန) ဘိက္ခုနာ ဆန္ေဒာ ဒိန္ေနာ၊ တမဟံ သံဃသ အာေရာစေမိ။

ပါရိသုဒ္ဓိကို ေလ်ွာက္ကြားပုံ

(တိေဿန) ဘိက္ခုနာ ပါရိသုဒ္ဓိ ဒိန္နာ၊ တမဟံ သံဃသ အာေရာစေမိ-ျဖစ္ပါသည္။

● မိမိ ေဆာင္ယူခဲ့ေသာ ဆန္ဒကို စေတနာျဖင့ သံဃာသို့ မကြားေသာ ရဟန္းအား အာဘယ္ အာပတ္ သင့္ပါသနည္း၊ ထိုဆန္ဒသည္ သံဃာ့လ ေရာက်-မေရာက် ေရးသားပါ...?။

(၂၈) ေျပ။ ။ေဆာင္ ခဲ့ ေသာ ဆန္ဒကို စေတနာ ျဖင့ သံဃာအား မကြားက ဒုကၠဋ္ အာပတ္ သင့္ပါသည္။

(ေမ့ခ်ေလ်ာ့ေနၾကၿပီ,အိပ္ေပ်ာ္ေနၾကၿပီ ျမန္ေနာ့ ... ...

http://www.dhammadownload.com

ထိုဆန္ဒသည် ဆောင်ခဲ့သော ရဟန်းက မကြားသော်လည်း ထိုဆန္ဒဆောင် ရဟန်းသည် သံဃာ၏ ၂-တောင့်ထွာ ဟတ္ထပါသ် အတွင်းသို့ ရောက်က ဆန္ဒလည်း သံဃာ့ထံသို့ ရောက်ပြီးဖြစ်တော့သည်။

* ဆန္ဒဆောင်ယူ၊ မကြား၊မူ၊ ထိုသူ့သင့်ထ ဒုက္ကဋ။
* ဟတ္ထပါသ်တွင်း၊ ထိုသူချဉ်း၊ ဆောင်ခြင်းဆန္ဒ ရောက်သည်ပ။

● သံဃာတပါးတည်းကဆန္ဒ,ပါရိသုဒ္ဓိအမျှားကိုယူဆောင်နိုင်ပါသလော....?။

(၂၉) ဖြေ။ ။ယူဆောင်နိုင်ပါသည်။

● မိမိ ယူဆောင်လာသော် ဆန္ဒကို တပါးအား တဆင့်ပေးလိုက်က ထိုဆန္ဒသည် သံဃာ့ထံသို့ ရောက်-မရောက် ထိုသို့တဆင့်ပေးလိုက်သောရဟန်းအား အာပယ်အာပတ်သင့်ပါသနည်း....?။

(၃၀) ဖြေ။ ။သံကွင်းကြိုးသည် ကွင်းကျော်၍မဆက် အစဉ်အတိုင်းသာ ဆက်သကဲ့သို့၊ ဆန္ဒပေးရာ၌လည်း မူလ လက်ခံဆောင်သူ ရဟန်းနှင့်သာ ဆက်စပ်သောကြောင့် တဆင့်ပါးဆန္ဒသည် သံဃာ့ထံသို့ မရောက်ပါ။

မိမိ ဆောင်ခဲ့သော ဆန္ဒကို သံဃာ့ထံ မကြားပဲ တဆင့်ပါးသော ရဟန်းသည် ဒုက္ကဋ်-အာပတ် သင့်ပါသည်။

* တဆင့်ပါးဆန်၊ သံဃထံ၊ အမှန် မရောက်ပု၊။
* ကွင်းကျော်မဆက်၊ စဉ်သာဆက်၊ ကြိုးဆက် ဥပမာ။
* တဆင့် ပါ၊းပြု၊ ထိုဘိက္ခု၊ သင့်မှ ဒုက္ကဋာ။

---

http://www.dhammadownload.com

● ပတ္တကလ္လ၏ အဓိပ္ပာယ်ကို ရေး၍ ပတ္တကလ္လ အင်္ဂါသရုပ် ကိုလည်း ဖော်ထုတ်ခဲ့ပါ....?။

(၃၁) ဖြေ။ ။ဥပုသ်ပြုရန် လျှောက်ပတ်သောအခါ အင်္ဂါ ၄-ပါးနှင့် ပြည့်စုံသော ကံသည် ပတ္တကလ္လ-မည်၏။

ပတ္တကလ္လ အင်္ဂါ ၄-ပါးကား

၁–စာတုဒ္ဒသီ, ပန္နရသီ, သာမဂ္ဂီအားဖြင့် ဥပုသ်နေ့ ၃-မျိုး တို့တွင် တနေ့,နေ့ ဖြစ်ခြင်း။

၂–ပကတတ် ရဟန်း ၄-ပါး၊ ၄-ပါးထက် အလွန်တို့သည် တသိမ်တည်း၌ ဟတ္ထပါသ်စပ်၍ တည်ရှိခြင်း။

၃–သဘာဝ (သဘောတူဝတ္ထုကြောင့် သင့်သော)အာပတ် မရှိခြင်း။

၄–လူ, အစရှိသော ၂-ကျိပ် တယောက်သော ပုဂ္ဂိုလ်တို့ သည် သံဃာ၏ ဟတ္ထပါသ် အတွင်း၌ မရှိခြင်း။ ပေါင်း ၄-ပါးတည်း။

* ဥပုသ်နေ့-တေး၊ ရဟန်းလေး ကြည်ရေ၊ သဘာဝ၊။
* ဝဇ္ဇနီယ၊ ပုဂ္ဂလ၊ သိမ်မှ မရှိရာ။
* အင်္ဂါလေးတန်၊ ပတ္တကလ်၊ မှတ်ရန် အမြဲသာ။

● ဥပေါသထော ယာဝတိကာစ-၌ ဥပေါသထ-အရ၊ဥပုသ် ၉-ပါးတို့ကွင် အဘယ်ဥပုသ်ကို ယူရမည်နည်း....?။

(၃၂) ဖြေ။ ။ဥပုသ် ၉-ပါးတို့တွင် စာတုဒ္ဒသီ, ပန္နရသီ, သာမဂ္ဂီ ၃-ပါးတို့တွင် တနေ့, နေ့ကို ယူရပါမည်။

● ယာဝတိကာစ ဘိက္ခု၊ ကမ္မပ္ပတ္တာ-၌ ကမ္မ-အရ၊ ဘိက္ခု၊-အရတို့ကို ကောက်ပြပါ....?။

http://www.dhammadownload.com

(၃၃) ဖြေ။ ကမ္မ-အရ ဥပေါသထကံ။

တိက္ခု-အရ တသိမ်တည်းခွ ဟတ္ထပါသ် စပ်၍ တည်သော ပကတတ် ရဟန်း ၄-ပါး အပေါင်းကို ရ၏။

● ပကတတ် ရဟန်း-ဟူသည်၊ အဘယ် ပုဂ္ဂိုလ်မျိုးကို ဆိုလို ပါသနည်း....?။

(၃၄) ဖြေ။ ။ပကတတ် ရဟန်း-ဟူသည် ပင်ကိုသဘော အားဖြင့် သီလရှိသော ရဟန်း၊ (၀၊) ပါရာဇိကမကျ၊ ဥက္ခိတ္တက မဟုတ်သော ရဟန်းကောင်းကို ဆိုလိုပါသည်။

* ပင်ကို သဘာ၀၊ ကျင့်သီလ၊ ရှိထ ပကတတ်။
* ပါရာ,သံဃာဒိ၊ ကင်းတုံ့ဘိ၊ ခေါ်၏ ပကတတ်။

● ယာ၀တိကာစ ဘိက္ခု။ ကမ္မပ္ပတ္တာ-ဟူသော ပတ္တကလ္ လာ-အရ အဘယ်သိမ်ကိုရည်ရွယ်၍ဆိုပါသနည်း....?။

(၃၅) ဖြေ။ ။*ဗဒ္ဓ,အဗဒ္ဓ၊ သိမ်နှစ်၀၊ ရည်ထ ဆိုသတတ်။

● ဗဒ္ဓသိမ်, အဗဒ္ဓသိမ်တို့၏ အထူးကို ရေးခဲ့ပါ....?။

(၃၆) ဖြေ။ ။ကမ္မ၀ါစာဖြင့် သမုတ်အပ်သောသိမ်သည် ဗဒ္ဓ၊ ကမ္မ၀ါစာဖြင့် မပွဲ့အပ်သော သိမ်သည် အဗဒ္ဓ။ ဤသို့ ထူးပါသည်။

* ဗဒ္ဓ-သမုတ်၊ မ-သမုတ်၊ ခေါ်ဆုတ် အဗဒ္ဓ။

● ဗဒ္ဓသိမ်မြောက်ကြောင်း အာဂါကို ရေးသားခဲ့ပါ...?။

(၃၇) ဖြေ။ ။*နိမိတ်,ပရိသာ၊ ကမ္မ၀ါ၊ သုံးပြော သမ္မတ္တိ။

*သမ္မတ်သုံး၀၊ ပြည့်စုံက၊ ဗဒ္ဓ သိမ်ဖြစ်၏။

---

http://www.dhammadownload.com

● ဗဒ္ဓသိမ်, အဗဒ္ဓသိမ် အပြားကို ရေးသားခဲ့ပါ... ?။

(၃၈) ပြေ။ ။ဗဒ္ဓသိမ် အပြားကား-

၁-ခဏ္ဍသိမ်။

၂-သမာနသံဝါသသိမ်။

၃-အဝိပ္ပဝါသသိမ်။ ပေါင်း ၃-ပါး။။

အဗဒ္ဓသိမ်အပြားကား-

၁-ဂါမသိမ်။

၂-သတ္တဗ္ဗန္ဓရသိမ်။

၃-ဥဒကုက္ခေပသိမ်။ ပေါင်း ၃-ပါး။။

* ခဏ္ဍ, သမာန၊ အဝိပ္ပ၊ သုံးဝ ဗဒ္ဓပြား။

* ဂါမ, သတ္တ၊ ဥဒက၊ အဗဒ္ဓ သုံးမျိုးပြား။

● ခဏ္ဍသိမ်, မဟာသိမ်တို့၏ အထူးကို ရေးသားခဲ့ပါ....?။

(၃၉) ပြေ။ ။ကျောင်းတိုက်အတွင်း တစိတ်, တဒေသ, တထောင့်, တကွက်၌သာ သမုတ်အပ်သော သိမ်သည် ခဏ္ဍသိမ်။

တကျောင်းတိုက်လုံးကိုဖြစ်စေ၊ နီးစပ်သော ကျောင်းတိုက်များကို ဖြစ်စေ ခြုံ၍ သမုတ်အပ်သော သိမ်သည် မဟာသိမ်။

* တိုက်ထောင့် ခဏ္ဍ၊ တိုက်လုံးကျ၊ ဗဒ္ဓသိမ်မဟာ။(၀-သံ)

---

http://www.myanmadownload.com

● ခဏ္ဍသိမ်, မဟာသိမ်တို့၏ ပမာဏကို ဖော်ပြပါ...?။

(၄၀) ဖြေ။ ။ရဟန်း ၂၁-ပါးမှ ၁၀၀၀-အထိနေနိုင်ကာ ခဏ္ဍသိမ်၊ ရဟန်း ၁၀၀၀-ဆန့်သည်မှ ၃-ယူဇနာအထိ ကျယ်ဝန်းက မဟာသိမ်-ဖြစ်ပါသည်။

မှတ်ချက်။ ။ရဟန်း ၂၁-ပါးနေနိုင်သော သိမ်ကား... အငယ်ဆုံးသိမ်တည်း။ထို့ထက်ငယ်လျှင် ဗဒ္ဓသိမ် မ-မည်။ အဗဒ္ဓသိမ်ကား....မည်၏။ ၃-ယူဇနာပမာဏရှိသောသိမ်ကား... အကြီးဆုံး သိမ်တည်း။ ၃-ယူဇနာထက် တဆံခြည်မျှ ပိုလွန်က အတိ မဟန္တီဖြစ်၍ ဂါမ,အရည,အဗဒ္ဓသိမ် အရာ၌ တည်တော့သည်။

● ခဏ္ဍသိမ်, သမာနသံဝါသသိမ်, အဝိပ္ပဝါသသိမ် - တို့၏ သဘောအဓိပ္ပာယ်ကို ရေးခဲ့ပါ....?။

(၄၁) ဖြေ။ ။ကျောင်းတိုက်အတွင်း တစိတ်, တဒေသ, တထောင့်,တကွက်၌သာ သီးခြားသမုတ်အပ်သော ဗဒ္ဓသိမ်သည် ခဏ္ဍသိမ်-မည်၏။

ကဲကြီး, ကဲငယ် အတူ ဆောင် ရာ ဖြစ်သော ဗဒ္ဓ သိမ်သည် သမာနသံဝါသသိမ် မည်၏။

တိစီဝရိက် အဓိဋ္ဌာန်တင်သော သင်္ကန်းနှင့်ကင်း၍ နေခွင့်ရအောင် အဝိပ္ပဝါသ ကမ္မဝါဖြင့် သမုတ်အပ်သော ဗဒ္ဓသိမ်သည် အဝိပ္ပဝါသသိမ်-မည်၏။

● ဂါမသိမ်,သတ္တဗ္ဘန္တရသိမ်,ဥဒကုက္ခေပသိမ်တို့၏ သဘော... အဓိပ္ပာယ်ကို ရေးခဲ့ပါ....?။

http://www.dhammadownload.com

(၂) ပြေ။ ။ဂါမသိမ်။

အဘုရားသာ ဂါမခေတ်သည် ဂါမသိမ်-မည်၏။

သတ္တဘ္ဘန္တရသိမ်

ရှာပဟုတ်သော တောအရပ်၌ ပတ်ဝန်းကျင် သတ္တအဘ္ဘန္တရ သည် သတ္တဘ္ဘန္တရသိမ်-မည်၏။

ဥဒကုက္ခေပသိမ်

မြစ်, သမုဒ္ဒရာ-စသည်တို့၌ ထာမ, မဇ္ဈိမ ပုရိသ၏ အားကုန်လဲ၍ ပစ်အပ်သော ရေ-သဲတို့၏ ကျရာအရပ်သည် ဥဒကုက္ခေပ သိမ်-မည်၏။

---

❶ ဝိပတ္တိသိမ(သိမ်ပျက်)၁၁-လုံးကို ရေတွက်ခဲ့ပါ...?။

(၄၃) ပြေ။ ။သိမ်ပျက် (၁၁) လုံးကား-

၁-ဗာတိဓုဒ္ဒကာ	=	အလွန်ငယ်သော သိမ်။
၂-အတိမဟန္တီ	=	အလွန်ကြီးသော သိမ်။
၃-ခဏ္ဍနိမိတ္တာ	=	နိမိတ်ကျိုးသော သိမ်။
၄-ဆာဝယာနိမိတ္တာ	=	အရိပ်ကို နိမိတ်မှတ်သော သိမ်။
၅-အနိမိတ္တာ	=	နိမိတ် လုံးဝမရှိသော သိမ်။
၆-ဗဟိဒ္ဓိတေနသမ္မတာ	=	သိမ် အပြင်မှနေ၍ သမုတ်အပ်သော သိမ်။
၇-နဒိယာ သမ္မတာ	=	မြစ်၌ သမုတ်အပ်သော သိမ်။

http://www.dhammadownload.com

၈–သမုဒ္ဒေ သမ္ဘတာ = သမုဒ္ဒရာ၌ သမုတ်အပ်သော သိမ်။
၉–ဇာတဿရေ သမ္ဘတာ – ဇာတဿရအိုင်၌ သမုတ်အပ်သော သိမ်။
၁၀–သီမာယ သီမံ သမ္ဘိန္နဋ္ဌေန သမ္ဘတာ–သိမ်ဟောင်းနှင့် စပ်၍ သမုတ်အပ်သော သိမ်။
၁၁–သီမာယ သီမံ အဝေါဘတ္တရဋ္ဌေန သမ္ဘတာ–သိမ်ဟောင်းကိုခြုံ၍ သမုတ်အပ်သော သိမ်။
ပေါင်း သိမ်ပျက် ၁၁-လုံးတည်း။

* ကြီး,ငယ်,ကျီး,ရိပ်၊ အနိမိတ်၊ မဟိပ် တည်သမုတ်။
* အိုင်,သမုဒ်,မြစ်၊စပ်,လွှမ်းလစ်၊ဆယ့်တစ်သိမ်ပျက်ထုတ်။
(ဝိ-သံ)

● သိမနိမိတ္တ (သိမ်နိမိတ်) ၈-ပါးကို ရေတွက်ခဲ့ပါ....?။
(၄၄) ဖြေ။ ။သိမ်နိမိတ် ၈-ပါးကား–

၁–ပမ္ဗတ နိမိတ္တ – တောင်နိမိတ်။
၂–ပါသာဏ နိမိတ္တ – ကျောက်နိမိတ်။
၃–ဝန နိမိတ္တ – တောနိမိတ်။
၄–ရုက္ခ နိမိတ္တ – သစ်ပင်နိမိတ်။
၅–မဂ္ဂ နိမိတ္တ – လမ်းနိမိတ်။
၆–ဝမ္မိက နိမိတ္တ – တောင်ပိုနိမိတ်။
၇–နဒီ နိမိတ္တ – မြစ်နိမိတ်။
၈–ဥဒက နိမိတ္တ – ရေနိမိတ်။

http://www.dhammadownload.com

* ဇောင်, ကျောက်, ဇော, သစ်, မင်, ရေ, မြစ်, တောင်ရှစ် နိမိတ်လာ။ (ဝိနယသံခါဝ)

● ပဗ္ဗတ နိမိတ် အပြားကို ရေးသားခဲ့ပါ....?။

(၄၅) ဖြေ။ ။ပဗ္ဗတ နိမိတ် အပြားကား–

၁–သုဒ္ဓပ်သု ပဗ္ဗတ – မြေ သက်သက် တောင်။

၂–သုဒ္ဓပါသာဏ ပဗ္ဗတ – ကျောက်သက်သက်တောင်။

၃–ဥဘယမိဿက ပဗ္ဗတ – မြေ, ကျောက်ရော တောင်။

မြေသက်, ကျောက်သက်, မြေ, ကျောက်ဖက်, သုံးချက် ပဗ္ဗတ။

● သဘာဝ ပြတ္တိယော စ နဝိဇ္ဇန္တိ-ဌ သဘာဝ ပြတ္တိအပြား ကိုရေး၍, ၎င်းတို့၏ ထူးခြားဟန်ကိုလင်းပြီးလျှင်, ဤ၌ လိုအပ်သော သဘာဝ ပြတ္တိကို ထုတ်ပြပါ....?။

(၄၆) ဖြေ။ ။သဘာဝ ပြတ္တိ အပြားကား–

၁–ဝတ္ထု သဘာဝ ပြတ္တိ။

၂–အာပတ္တိ သ ဘာ ဝ ပြတ္တိ အား ဖြင့် ၂ ပါး အပြား ရှိပါသည်။

ဝိကာလ ဘောဇနာ-စသော အာ ပတ် သင့်ကြောင်း ဝတ္ထု အားဖြင့် စားမျှသော အာပတ်သည် ဝတ္ထုသဘာဝ ပြတ္တိ, မည်၏။ အာပတ်သင့်ကြောင်း ဝတ္ထုအားဖြင့်ကား မတူမျှ, အာပတ်ချင်း သာ တူမျှသော အာပတ်သည် **အာပတ္တိသဘာဝ** ပြတ္တိ, မည်၏။

http://www.dhammadownload.com

ထို ၂-မျိုးတို့တွင် ဤ၌ ဝတ္ထုသဘာဝါပတ္တိ-ကို လိုအပ်၏။

* ဝတ္ထုဟူမူ ဝတ္ထုသဘာ။
အာပတ်တူလတ် အာပတ်သဘာ။
ဝတ္ထုသဘာဝ ယူရ ဤမှာ။
ကခ်ါသ္ဆန်း မိန့်ခွန်း ဒေသနာ။

● ဝတ္ထုသဘာဝ အာပတ်သင့်သော ရဟန်းချင်း ဒေသနာကြားက အာပတ်မှ ထ, မထ-အပြစ် ဖြစ်, မဖြစ်ကို စိစစ်ခဲ့ပါ...?။

(၄၇) ဖြေ။ ။အာပတ်မှကား ထ၏။ သို့သော် ဒေသနာကြားသူ, ခံသူ ၂-ပါးလုံး ဒုက္ခဋ္ဌအာပတ် သင့်ပါသည်။

* အာပတ်ကား ထ၊ ပုဂ္ဂလ၊ နှစ်ဝ ဒုက္ခဋ္ဌသင့်။

● အဘယ် သဘာဝ အာပတ်ကြောင့် အဘယ် ပုဂ္ဂိုလ်မှာ အဘယ် အာပတ်မျှား သင့်ပါသနည်း...?။

(၄၈) ဖြေ။ ။ဝမ္ဘု သဘာဝ အာပတ်ကြောင့် သံဃာ**အား**လုံးမှာ ဒုက္ခဋ္ဌအာပတ်သင့်၏။ အာပတ္တိ သဘာဝ အာပတ်ကြောင့်ရှိသော ပုဂ္ဂိုလ်**မှာသာ** ဒုက္ခဋ္ဌအာပတ်သင့်၏။သံဃာအား မသင့်ပါ။

* ဝတ္ထုသဘာဝ၊ အာပတ္တ၊ သံဃ ဒုက္ခဋ္ဌသင့်။
* အာပတ္တိမှာ၊ ရှိသူသာ၊ သံဃာ ဒုက်မသင့်။

● ဝိသဘာဝ အာပတ်ရှိကြသော သံဃာတို့၏ ဥပုသ်ကံသည် "ပတ္တကလ္ဂ" ဖြစ်, မဖြစ် စိစစ်ခဲ့ပါ....?။

http://www.dhammadownload.com

(၁၄) ပြေ။ ။ထိုကံသည် ပတ္တကလ္လဖြစ်ပါသည်။ဝိသဘာဂ အာပတ်မှာ ပုဂ္ဂိုလ်၏ အာပတ်သာဖြစ်၍ သံဃာ၏ အာပတ် ပဟုတ်သောကြောင့် ထို ဥပုသ်ကံသည် ပတ္တကလ္ဟ-ဖြစ်၏။

(ပုဂ္ဂိုလ်မှာသာ အာပတ်သင့်၍ သံဃာမှာ မသင့်ဟူလို။)

" ပုဂ္ဂိုလ်မှာ သင့်၊ သံ-မသင့်၊ လျောက်ပင့် ထိုကံမြန်။

---

(၁) ဝဇ္ဇနီယပုဂ္ဂိုလ် ၂-ကျိပ် တယောက်ကို ရေတွက်ခဲ့ပါ....?။

(၅၀) ပြေ။ ။ဝဇ္ဇနီယ ပုဂ္ဂိုလ်တို့ကား-

၁-လူ၊ ၂-ဘိက္ခုနီ၊ ၃-သိက္ခမာန်၊ ၄-သာမဏေယောကျား၊ ၅-သာမဏေ မိန်းမ၊ ၆-သိက္ခာချသူ၊ ၇-ပါရာဇိက ကျသူ၊ ၈-၉-၁၀-ဥက္ခိတ္တက ပုဂ္ဂိုလ် ၃-ယောက်၊ ၁၁-ပဏ္ဍာက်၊ ၁၂-ထေယျသံဝါသက ပုဂ္ဂိုလ်၊ ၁၃-တိတ္ထိယ ပက္ကန္တက၊ ၁၄-တိရစ္ဆာန်၊ ၁၅-၁၆-၁၇-၁၈-၁၉-ပဉ္စာနန္တရိယထိုက်သူ ၅-ယောက်၊ ၂၀. ဘိက္ခုနီ ဒူသက၊ ၂၁-ဥဘတောဗျည်း။ ပေါင်း ၂၁-ယောက်တည်း။

* လူ,နို,သိက်,သာ၊ သာ,သိက္ခာ၊ ပါရာ,ဥက္ခိတ်တည်း။
* ပဏ်,ထေ, ပက်,ဆန်,ပဏ္ဍာနန်၊ ဒူသံ,ဥဘောဗျည်း။
* ဝဇ္ဇနီယ၊ ပုဂ္ဂလ၊ ဧကဝိသတည်း။

---

(၂) အဘယ် ဝဇ္ဇနီယ ပုဂ္ဂိုလ်ပါလျှင် အဘယ် အာပတ်သင့်သည်ကို ခွဲခြား၍၊ ထို ပုဂ္ဂိုလ်တို့ကို အဘယ်မှ အပပြု၍ ကြဉ်ရမည်နည်း...?။

(၅၁) ပြေ။ ။*ဥက္ခိတ် ပါလျှင်၊ ပါစိတ်ပင်၊ ကြွင်းဝင် ဒုက္ကဋ်တည်း။

*နှစ်ထောင့်ထွာမှတ်၊ဟတ္ထပါသ်၊ကြဉ်အပ် လေသတည်း။

http://www.dhammadownload.com

● သိက္ခမာန်, သာမဏေမိန်းမ, ဥက္ခိတ္တက, ပဏ္ဍုက်, ထေယျသံဝါသက, တိတ္ထိယပက္ကန္တက, ဥဘတောဗျည်း-ဟူသော ဝေါဟာရတို့၏အဓိပ္ပာယ်အသီးသီးကိုရေးသားခဲ့ပါ-?။

(၅၂), ဖြေ။ ။သိက္ခမာန် ဟူသည်ကား-

ပါဏာတိပါတ အစ, ဝိကာလ ဘောဇနာ အဆုံးရှိသော သိက္ခာပုဒ် ၆-ပါးတို့ကို ၂-နှစ်ပတ်လုံး ကျင့်သုံးနေဆဲဖြစ်သော သာမဏေလောင်းကို သိက္ခမာန်-ဟု ခေါ်သည်။

သာမဏေမ ဟူသည်ကား-

သာမဏေယောကျ်ားတို့ကဲ့သို့ ၁၀-ပါးသီလကို ဆောင်ထိန်းနေသော မာတုဂါမကို သာမဏေရီ သာမဏေမ-ဟုခေါ်သည်။

ဥက္ခိတ္တက ဟူသည်ကား-

အာပတ်ကို မရှု,မကု,မိစ္ဆာအယူကိုမစွန့်မှုတို့ကြောင့် သံဃာက နှင်ထုတ်ထားသော ရဟန်းမျိုးကို ဥက္ခိတ္တက-ဟုခေါ်သည်။

ပဏ္ဍုက် ဟူသည်ကား-

လိင်အင်္ဂါ ချိုတဲ့သောသူကို ပဏ္ဍုက်-ဟု ခေါ်သည်။

ထေယျသံဝါသက ဟူသည်ကား-

ထေရ်ခိုး,လိင်ခိုးဖြစ်သော သာမဏေကို ထေယျသံဝါသက-ဟု ခေါ်သည်။

http://www.dhammadownload.com

တိတ္ထိယပက္ကန္တက ဟူသည်ကား-

တိတ္ထိဘောင်သို့ ကူးပြောင်း၍ သွားသောသူကို **တိတ္ထိယ ပက္ကန္တက**-ဟု ခေါ်သည်။

ဥဘတောဗျည်း ဟူသည်ကား-

ယောကျ်ားဖြစ်စေတတ်သောကံ, မိန်းမဖြစ်စေတတ်သောကံ ၂-ပါးကြောင့် ယောကျ်ားအင်္ဂါတ်, မိန်းမအင်္ဂါတ် ၂-ခု ပါသောလူကို **ဥဘတောဗျည်း**- ဟု ခေါ်သည်။

---

❶ ဥက္ခိတ္တက ပုဂ္ဂိုလ် အပြားကို ရေးသားခဲ့ပါ...?။

(၅၃) ဖြေ။ ။**ဥက္ခိတ္တက ပုဂ္ဂိုလ် အပြားကား-**

၁-အာပတ်ကို မရှုခြင်းကြောင့် သံဃာက နှင်ထုတ်ထားသူ။

၂- ။ မကု ။ ။ ။

၃-မိစ္ဆာအယူကို မစွန့်ခြင်းကြောင့် ။

ပေါင်း ၃-ပါး။

* **မစွန့်,မကု၊ မရှုတုံ့ငြား၊ သရှပ်ကြား၊ သုံးပါး ဥက္ခိတ္တာ**။

---

❷ ထေယျသံ၀ါသက အပြားကို အဓိပ္ပာယ်နှင့် တကွ ရေးသားခဲ့ပါ..?။

(၅၄) ဖြေ။ ။**ထေယျသံ၀ါသက အပြားကား-**

၁-လိုက်ထေနက၊
၂-သံ၀ါသထေနက၊
၃-ဥဘယထေနက၊

ပေါင်း ၃-ပါးတည်း။

http://www.dhammadownload.com

အဓိပ္ပာယ်ကား-

၁-ကိုယ်တိုင် သက်နှိုးဝတ်၍ သာမဏေ အသွင်ကို ခိုးသော သူသည် လိုက်ထေနက-မည်၏။

၂-သာမဏေဖြစ်လျက် ရဟန်း-ဟု ဝန်ခံပြီး ရဟန်းတို့နှင့် ပေါင်းသင်းခြင်းအား ဖြင့်အပေါင်းအဖော်ကိုခိုးသောသာမဏေ သည် သံဝါသထေနက-မည်၏။

၃-အသွင်ရော အပေါင်းအဖော်ပါ ၂-ပါးစုံကို ခိုးသော သူသည် ဥဘယထေနက-မည်၏။

* ကိုယ်တိုင်သက်နှိုး ဆင်မြန်းခိုးသွင်၊
လိုက်ထေနက မှတ်ကြဖွယ်ပင်။
ရဟန်းဟုပြော ရောနှောပေါင်းလျင်၊
သံဝါသ ဥဘယ ခိုး, ပေါင်း, သွင်။

● ပဏ္ဍာက်အပြားကို အဓိပ္ပာယ်နှင့်တကွရှေးသားခဲ့ပါ....?။

(၅၅) ဖြေ။ ။ပဏ္ဍာက်အပြားကား-

၁-အာသိတ္တ ပဏ္ဍာက်၊
၂-ဥသူယ ပဏ္ဍာက်၊
၃-ပက္ခ ပဏ္ဍာက်၊
၄-ဩပက္ကမိကပဏ္ဍာက်၊
၅-နပုံးသက၊
} ပေါင်း ၅-ပါးတည်း။

အဓိပ္ပာယ်ကား-

၁။ သူတပါး၏ ပန်းကို စုတ်ပြီး မိမိ၏ သုက်ကို လွှတ်စေ ခြင်းဖြင့် ရာဂငြိမ်းသူကို အာသိတ္တ ပဏ္ဍာက်-ဟု ခေါ်သည်။

http://www.dhammadownload.com

၂။ သူတပါး မေထုန် မှီဝဲသည်ကို ကြည့်ရှုပြီး မိမိ သုက်ကို လွှတ်စေ ခြင်း ဖြင့် ရာဂ ငြိမ်း သူ ကို ဥဿုယ ပဏ္ဍာက် - ဟု ခေါ်သည်။

၃။ လဆုတ်ပက္ခ၌ ရာဂ ပူပန်၍၊ လဆန်းပက္ခ၌ ရာဂငြိမ်း သူကို (၀ါ) လဆုတ်ပက္ခ၌သာ ပဏ္ဍာက်ဖြစ်သူကို ပက္ခပဏ္ဍာက်- ဟု ခေါ်သည်။

၄။ ဝေးစေ့ မ ရှိ သော သူ ကို ဩပက္ကမိက ပဏ္ဍာက် - ဟု ခေါ်သည်။

၅။ ယောကျ်ားလည်းမဟုတ်, မိန်းမလည်းမဟုတ်သောသူကို နပုံးသက-ဟု ခေါ်သည်။

* သူမျာ၊ပန်းစုတ် မိ-သုက် လွှတ်စေ၊
အာ သီ ဏ္ဍ-ဟု ခေါ်ပြီသလေ။
မေထုန်ပြုတိ ရှုကြည့် လွှတ်စေ၊
ဥ ဿု ယ မှတ်ကြ ပဏ္ဍာက်ပေ။

* ဆုတ်-ပူ ဆန်း-ကျ ငြိမ်းထ ပ ကွီ၊
ဝေးစေ့ကင်းပျက် ဩ ပ ကြ မ်း၊
ကျား,မ ဇာတ်သုံး နပုံးသက်၊
ပဏ္ဍာက်ပြား၊ ငါးပါး မိပျာယံ။

● ပဏ္ဍာက် ၅-မျိုးကို ဝဇ္ဇနီယ, အဝဇ္ဇနီယ, ဝဇ္ဇနီယာ ဝဇ္ဇနီယ (၀ါ) ရဟန်း မခံရ, ခံရ, မခံရ-ခံရ အားဖြင့် ခွဲခြားပြပါ....?။

http://www.dhammadownload.com

(၅၆) ဖြေ။ ။ဝဋ္ဌနိယ(ရဟန်းမခံရ) ပဏ္ဍုက်ကား—
၁။ သြပက္ကမိက ပဏ္ဍုက်၊
၂။ နပုံးသက ပဏ္ဍုက်-ဘို့ ဖြစ်ပါသည်။

အဝဋ္ဌနိယ (ရဟန်းခံရ) ပဏ္ဍုက်ကား—
၁။ အာသိတ္တ ပဏ္ဍုက်၊
၂။ ဥဿူယ ပဏ္ဍုက်-တို့ဖြစ်ပါသည်။

ဝဋ္ဌနိယာ ဝဋ္ဌနိယ (မခံရ,ခံရ) ပဏ္ဍုက်ကား—
"ပကွပဏ္ဍုက်-ဖြစ်ပါသည်။

မှတ်ချက် – ပကွပဏ္ဍုက်ကား....လဆုတ်ပကွ၌ ရဟန်းမခံရ၊ လဆန်းပကွ၌ ရဟန်းခံရ၍ ဝဋ္ဌနိယာ ဝဋ္ဌနိယ မည်၏။

* သြပက်, နပုံး လုံးလုံး မခံ၊
အာသိတ်, ဥဿူ ခံမှရပြန်။
ပဏ္ဍုက်ပကွ မ-ရ နှစ်တန်၊
လဆုတ်-မ ဆန်းကျ ခံရမှန်။

● ဝဋ္ဌနိယ-၌ ပါသော တိရစ္ဆာန်-အရ အဘယ်တိရစ္ဆာန်ကို ယူရမည်နည်း....?။

(၅၇) ဖြေ။ ။တိရစ္ဆာန်-အရ ရဟန်းအမြစ်ကို တားမြစ်ထားသော လူယောင် ဆောင်နိုင်သည့် ဂဠုန်, နဂါး, နတ်, သိကြားတို့ကို ယူရပါမည်။ ဆင်, မြင်း, ခွေး, နွား - စသော တိရစ္ဆာန်များကို မယူရပါ။

http://www.dhammadownload.com

* ရဟန်းအမြစ် တားမြစ် ထားချေ၊
လူယောင်ဖန်ဆင်း ပြုလုပ်နိုင်ပေ။
ဂဠုန်,နဂါး,သိကြား,နတ်တွေ၊
တိရစ္ဆာ ယုရ ဤဌာနေ။

● ဝဇ္ဇနီယ ပုဂ္ဂိုလ်တို့တွင် တိတ္ထိတို့ မပါဝင်သဖြင့် တိတ္ထိတို့နှင့်အတူ ဥပုသ် ပြုကောင်းသည်ဟု မှတ်ရမည်လော ရှင်းလင်းခဲ့ပါ...?။

(၅ဂ) ဖြေ။ ။ထို တိတ္ထိတို့ကို လူ၌ ထည့်သွင်း ရေတွက် အပ်သောကြောင့် တိတ္ထိတို့နှင့်အတူ ဥပုသ်မပြုကောင်းပါ၊တိတ္ထိတို့ကိုလည်း လူ-စသည်တို့ကဲ့သို့ပင် ကြည်ရပါမည်။

● သမဂ္ဂဿ-၌ သာမဂ္ဂီအပြားကိုရေး၍၊ ရင်းတို့၏ထူးခြားဟန်ကိုလည်း ဝေဖန်ခဲ့ပါ....?။

(၅၉) ဖြေ။ ။သမဂ္ဂဿ-၌ သာမဂ္ဂီ အပြားကား ...

၁။ ကာယ သာမဂ္ဂီ၊
၂။ စိတ္တ သာမဂ္ဂီ၊ } ပေါင်း ၂-ပါး။

အထူးကား-

ကိုယ်ဖြင့် သံဃာ၏ ၂-တောင့်ထွာ ဟတ္ထပါသ် အတွင်းလို ရောက်အောင်သွားခြင်းသည် ကာယသာမဂ္ဂီ-မည်၏။

သံဃာတို့ ပြုအပ်သော သံဃကံကို မတားမြစ်ပဲ စိတ်ဆန္ဒ အလိုတူခြင်းသည် စိတ္တသာမဂ္ဂီ-မည်၏။

http://www.dhammadownload.com

* ဟတ္ထပါသိတ္ထင်း ကုပ်ချည်းခဲ့သော်၊
ကာယသမဂ္ဂ ခေါ်ကြေပါနော်။
အလိုဆန္ဒ တူမျှခဲ့သော်၊
သမဂ္ဂ ဗိတ္တဟူ၍ခေါ်။

● ဥတ်-ဟူသော စကား၏ အဓိပ္ပာယ်ကို ရေး၍၊ ပါတိမောက်လာ ဥတ်အင်္ဂါသရုပ်ကို ထုတ်ဆောင်ခဲ့ပါ....?။

(၆၀) ဖြေ။ ။သံ ဃ အား သိ စေ ကြောင်း စကားကို ဥတ်-ဟု ခေါ်သည်။

ပါတိမောက်လာ ဥတ်အင်္ဂါကား—

၁။ သံဃဥပုသ် ဖြစ်ခြင်း၊
၂။ သုတ္တုဒ္ဒေသဥပုသ်ဖြစ်ခြင်း၊
၃။ ပန္နရသီ ဥပုသ် ဖြစ်ခြင်း၊ } ပေါင်း ၃-ပါးတည်း။

* သံဃဥပုသ်၊ သုတ္တုဒ္ဒေသီ၊ ပန္နရီ၊ သုံးလီ ဥတ်အင်္ဂါ။

● ယခု ပါတိမောက်လာ သံဃဥတ်သည် အဘယ်မထေရ် ပြသည်ကို ရည်ရွယ်၍ ဆိုပါသနည်း၊ အကယ်၍ အဘယ်မထေရ် ပြသည်ရှိသော် အဘယ်သို့ ဆိုမည်နည်း....?။

(၆၁) ဖြေ။ ။ယခုပါတိမောက်လာသံဃဥတ်သည်မထေရ်ယော် ပြသည်ကိုရည်၍ ဆိုထားပါသည်၊ အကယ်၍ မထေရ်ကြီး ပြခဲ့သော် "အာဝုသော သံဃော" စသည်ဖြင့် ဆိုရပါမည်။

● သုဏာတု မေ ဘန္တေ သံဃော-ဌ် သံဃာ အပြားကို ဖော်ပြ၍၊ ဤ-ဌ် လိုအပ်သော သံဃာကို ရေးခဲ့ပါ....?။

http://www.dhammadownload.com

(၆၂) ဖြေ။ ။သံဃာ အပြားကား—

၁။ ဒက္ခိဏေယျ သံဃာ၊

၂။ သမ္မုတိသံဃာ-အားဖြင့် ၂-ပါးရှိပါသည်။

အရိယာပုဂ္ဂိုလ် ၈-ယောက်ကို ဒက္ခိဏေယျသံဃာ၊ ပုထုဇဉ် အရိယာ သာမည ရဟန်းအပေါင်းကို သမ္မုတိသံဃာ-ဟု ခေါ်သည်။

ဤ၌ သမ္မုတိသံဃာကိုသာ ဆိုအပ်ပါသည်။

* သမ္မုတိနှင့် ဒက္ခိဏေယျာ၊
သံဃာတော်ကား၊ နှစ်စား-နှစ်ဖြာ။
ပုထုဇန အဌအရိယာ၊
သမ္မုတိ လိုဘိ ဤနေရာ။

● ကံ၏ အစွမ်းဖြင့် သံဃဘေဒကို ဖော်ပြ၍၊ မည်သည့် သံဃာသည် မည်သည့် ကံမျှားကို ပြုနိုင်ပါသနည်း....?။

(၆၃) ဖြေ။ ။*စတု,ပဉ္စ,ဒသ,ဝိသာ၊
အတိရေက ဝဂ္ဂသံဃာ။
စတုဝဂ္ဂ ဥပ-ပဝါ၊
အဗ္ဘာန်ထား ကြွင်းငြား အကုန်သာ။

*ပဉ္စဝဂ္ဂ မဇ္ဈိမမှာ၊
ဥပသမ္ပဒ အဗ္ဘာနကာ။
ထိုကံနှစ်ပါး ပယ်ထားလေပါ၊
ကြွင်းသည့်ကံ ထမ္ဘံ ဆောင်လိုက်ပါ။

*ဩသဝဂ်ကား ချန်ထား အဗ္ဗာန်၊
ကြွင်းသည့်ကမ္မ ဆောဝ်ထ သဗ္ဗံ။
ဝိသတိနှင့် ဗာတိရေက်၊
မချန်ခြင်း ခပင်း သဗ္ဗကံ။

● "ဥပေါသထော" ပုဒ်အရ၊ ကာရက, ကတ္တုဗ္ဗာကာရ, ဝိဝသ အစွမ်းဖြင့် ပြားသော ဥပုသ် ၉-ပါးကို ရေးသား၍၊ တနှစ်ခ်ဉ် ရသင့်သော ပကတိ စာရိတ္တ ဥပုသ် အရေအတွက်ကိုလည်း ဖော်ပြပါ...?။

(၆၄) ဖြေ။ ။ကာရက-

* သံဃ, ဂဏ ပုဂ္ဂလ သုံးဖြာ၊
ကာရက အစွမ်း မှတ်တမ်းတင်ပါ။

ကတ္တုဗ္ဗာကာရ-

သုတ္တုဒ္ဒေသိ ပါရိသုဒ္ဓါ၊
အမိဋ္ဌာန် သုံးတန် ကတ္တုဗ္ဗာ။

ဝိဝသ-

* စာတုဒ္ဒသိ ပန္နရသိ၊
သာမဂ္ဂိအား မှတ်သားနေ့မည်။

ပကတိ စာရိတ္တဥပုသ်-

ဆယ်ရှစ်,ပန္နရ ဆ,စတုဒ်သီ၊
တနှစ်ချုပ် ဥပုသ် စတုဝီ။

---

http://www.dhammadownload.com

● ကာရက အစွမ်းဖြင့် ပြားသော ဥပုသ် ၃-ပါးတို့၏ အဓိပ္ပာယ်ကို ရေးသားခဲ့ပါ....?။

(၆၅) ဖြေ။ ။သံဃာ ၄-ပါး၊ ၅-ပါးထက် အလွန်ပြည့်စုံ၍ ပြုအပ်သော ဥပုသ်သည် သံဃဥပုသ်-မည်၏။

သံဃာ ၂-ပါး၊ ၃-ပါးမျှရှိ၍ ၂-ပါးဖြစ်ခဲ့သော်ဥ တ်မထား၊ ပ၊ ၃-ပါး ဖြစ်ခဲ့သော် ဥ တ်ထား၍ ပြုအပ်သော ဥပုသ်သည် ဂဏဥပုသ်-မည်၏။

တပါးတည်း ရှိ၍ ပြုအပ်သော ဥပုသ်သည် ပုဂ္ဂလဥပုသ်-မည်၏။

* လေးပါးပြည့်က ခေါ်ထ သံဃာ၊
နှစ်ပါး,သုံးပါး မှတ်သား ဂဏာ။
တပါးတည်းကျ ပုဂ္ဂလာ သာ၊
ဤသုံးပါး မှတ်သား ကာရကာ။

● ကတ္တာမှာကာရ၏ အစွမ်းဖြင့် ပြားသော ဥပုသ် ၃-ပါးတို့၏ အဓိပ္ပာယ်ကို ရေးသားခဲ့ပါ....?။

(၆၆) ဖြေ။ ။သံဃာပြည့်စုံ၍ ပါတိမောက်ပြသောဥပုသ်သည် သုတ္တုဒ္ဒေသဥပုသ်-မည်၏။

သံဃာ ၂-ပါး၊ ၃-ပါးမျှရှိ၍ "ပရိသုဒ္ဓေါ အဟံ ဘန္တေ" စသောအားဖြင့် ပါရိသုဒ္ဓိပြုသော ဥပုသ်သည် ပါရိသုဒ္ဓိဥပုသ်-မည်၏။

သံဃာတပါးတည်းဖြစ်၍ "အဇ္ဇ မေ ဥပေါသထော ပန္နရသော အဓိဋ္ဌာမိ" စသည်ဖြင့် ပြုသော ဥပုသ်သည် အဓိဋ္ဌာန်ဥပုသ်-မည်၏။

http://www.dhammadownload.com

" ပါတိမောက်ပြ သုတ္တဥဒ္ဒေ၊
ပရိသုဒ်ပြုတိ ပါရိသုဒ္ဓေ။
အဓိဌာန်ပြုတိ အဓိဌာနေ၊
ကတ္တမ္ဘာ မှတ်ပါ။ ဤသုံးထွေ။

● ဒိဝသ၏ အစွမ်းဖြင့် ပြားသော ဥပုသ် ၃-ပါး တို့၏ အဓိပ္ပာယ်ကို ရေးသားခဲ့ပါ....?။

(၆၇) ဖြေ။ ။(၁၄)ရက်နေ့ပြုသောဥပုသ်သည် စာတုဒ္ဒသီ-ဥပုသ် မည်၏။

၁၅-ရက်နေ့ ပြုသော ဥပုသ်သည် ပန္နရသီ-ဥပုသ် မည်၏။

သံဃာ ညီညွတ်သောအခါ ပြုသော ဥပုသ်သည် သာမဂ္ဂီ ဥပုသ် မည်၏။

" ဆယ့်လေးဥပုသ် စာတုဒ္ဒသီ၊
ဆယ့်ငါးရက်ကျ ပန္နရသီ။
သံဃာ့ညီနေ့ ပြုမေ့မပ်၊
ဒိဝသ မှတ်ကြ ဤသုံးလီ။

● သံဃာ အနည်းဆုံး မည်မျှရှိမှ သုတ္တုဒ္ဒေသ သံဃဥပုသ်ကို ပြုနိုင်ပါသနည်း....?။

(၆၈) ဖြေ။ ။တသိမ်တည်း၌ အနည်းဆုံး သံဃာ ၄-ပါး ရှိမှ သုတ္တုဒ္ဒေသ သံဃဥပုသ်ကို ပြုနိုင်ပါသည်။

မှတ်ချက် – သံဃ ပဝါရဏာ၌ကား.... အနည်းဆုံး ၅-ပါး ရှိရသည်။

---

http://www.dhammadownload.com

(၆) တနှစ်ခ္ခ သာမဏေ ဥပုသ်နေ့ ဘယ်နှစ်ရက် ဖြစ် သင့်ပါ သနည်း ...?။

(ဖြေ) ဖြေ။ ။စာတုဒ္ဒသီ, ပန္နရသီဥပုသ် ၂၄-ရက်မှတပါး၊ အခြားကြွင်းသောနေ့များသည် သာမဏေဥပုသ်ဖြစ်သင့်၍ သာမဏေ ဥပုသ်ရက်ပေါင်း ၃၃ ၆-ရက် ဖြစ်သင့်ပါသည်။

* တနှစ်၌ရက်၊ စာ, ပန်ဖျက်၊ ကျန်ရက် သာမဏေ။

---

(၇) တနှစ်ခ္ခ ပကတိ စာရိတ္တ ပဝါရဏာ ဘယ်နှစ်ရက် ရှိပါ သနည်း....?။

(ဖြေ) ဖြေ။ ။တနှစ်ခ္ခ ပကတိ စာရိတ္တ ပဝါရဏာနေ့သည်

၁။ သိတင်းကျွတ်လပြည့်နေ့၊

၂။ သိတင်းကျွတ်လကွယ်နေ့၊

၃။ တန်ဆောင်မုန်းလပြည့်နေ့အားဖြင့် ပုရိမဝါကျွတ် ကုန်ငယာ ရဟန်းတို့အား ၃-ရက်ရပါသည်။ ပစ္ဆိမ ဝါကျွတ်ကုန်ငယာရဟန်းတို့အား တန်ဆောင်မုန်း လပြည့် တနေ့သာ ရပါသည်။

* ကျွတ်ပြည့်, ကွယ်နေ့ မုန်းပြည့်သုံးဖြာ၊
ပကတိ စာရိတ္တ မှတ်ကြပဝါ။
ပုရိမကား သုံးပါ၊ရပါ၊
ပစ္ဆိမ ကေ နောက်ဆုံးသာ။

---

(၈) တနှစ်ခ္ခ သာမဏေ ပဝါရဏာနေ့ ဘယ်နှစ်ရက် ရှိပါ သနည်း ?။

(ဖြေ) ဖြေ။ ။တနှစ်ခ္ခ သာမဏေပဝါရဏာနေ့သည် သိတင်း ကျွတ် လပြည့်ကျော် တရက်နေ့မှ တန်ဆောင်မုန်း လပြည့်နေ့ အထိ ၂၉-ရက် ရှိပါသည်။

* ကျွတ်ကျော်(တစ်)မှ၊ မုန်းပြည့်ကျ၊ နဝဝိသာ သာ-ပဝါ။

http://www.dhammadownload.com

● ကာရက, ကတ္တုဗ္ဗာကာရ, ဒိဝ ဿတို့၏အစွမ်းဖြင့်ပြားသော ပဝါရဏာ သရုပ်ကို ထုတ်ခဲ့ပါ....?။

(၇၂) ဖြေ။ ။ပဝါရဏာ သရုပ်ကား—

* သံဃ, ဂဏ၊ ပုဂ္ဂလ၊ သုံးဝ ကာရကာ။
* တေ, ဒ္ဒေ, ကေ၊ ဝါစိက၊ ပြားထ ကတ္တုဗ္ဗာ။
* စာတုဒ်, ပန္နရီ၊ သာမဂ္ဂီ၊ သုံးလိ နေ့ ဒိနာ။
* ပဝါရဏာ၃၊ သရူပ၊ နဝ အပြားသာ။

● ပါဘိမောက်လာ ဥတ် ပါဠိသည် မည်သည့် ဥပုသ်နေ့ကို ရည်ရွယ်၍ ဆိုပါသနည်း၊ ဤမှတပါး အခြားဥပုသ်နေ့ဖြစ်က အဘယ်ကဲ့သို့ ပြင်ဆိုရမည်ကို ရေးခဲ့ပါ....?။

(၇၃) ဖြေ။ ။ပါဘိမောက်လာ ဥတ်ပါဠိသည် ပန္နရသီ ဥပုသ်နေ့ကို ရည်ရွယ်၍ ဆိုထားခြင်း ဖြစ်ပါသည်။

စာတုဒ္ဒသီ ဥပုသ်နေ့ဖြစ်က-

အဇ္ဇုပေါသထော စာတုဒ္ဒသော-ဟု ပြင်ရပါမည်။

သာမဂ္ဂီ ဥပုသ်နေ့ဖြစ်က

အဇ္ဇုပေါသထော သာမဂ္ဂီ-ဟု ပြင်ရပါမည်။

● "အဇ္ဇုပေါသထော ပန္နရသော" ဖြင့်ယူအပ်သောဥပုသ်၊ ပယ်သင့်သော ဥပုသ်တို့ကို ခွဲခြားခဲ့ပါ....?။

(၇၄) ဖြေ။ ။ယူသင့်သော ဥပုသ်ကား....ပန္နရသီ-ဥပုသ်၊ ပယ်သင့်သော ဥပုသ်ကား.... စာတုဒ္ဒသီ, သာမဂ္ဂီ-ဥပုသ် ဖြစ်ပါသည်။

http://www.dhammadownload.com

* စာတုဒ်,ပန္နရီ၊ သာမဏ္ဍိ၊ သုံးလီ နေ့အပြား။
* စာ,သာ,ပယ်ကြဉ်၊ ပန်-ယူယှဉ်၊ သုံးအင် မြိမှတ်သား။

● "သံဃော ဥပေါသထံကရေယျ" ဖြင့်ယူသင့်သောဥပုသ်၊ ပယ်သင့်သော ဥပုသ်တို့ကို ခွဲခြားခဲ့ပါ....?။

(၇၅) ဖြေ။ ။ယူ သင့်သော ဥပုသ်ကား.... **သံဃ** ဥပုသ်၊ ပယ်သင့်သော ဥပုသ်ကား....**ဂဏ,ပုဂ္ဂလ**-ဥပုသ် တို့ဖြစ်ပါသည်။

* **သံဃ,ဂဏ**၊ ပုဂ္ဂလ၊ သုံးမျိုး ဥပုသ်ပြား။
* **ဂဏ,ပုဂ္ဂလ**၊ မယူရ၊ **သံဃ** ယူမှတ်သား။

● "ပါတိမောက္ခံ ဥဒ္ဒိသေယျ" ဖြင့် ယူသင့်သော ဥပုသ်၊ ပယ်သင့်သော ဥပုသ်တို့ကို ခွဲခြားခဲ့ပါ....?။

(၇၆) ဖြေ။ ။ယူ သင့်သော ဥပုသ်ကား.... **သုတ္တုဒ္ဒေသ**-ဥပုသ်၊ **မယ်** သင့်သော ဥပုသ်ကား....**ပါရိသုဒ္ဓိ,အဓိဋ္ဌာန်** - ဥပုသ် တို့ ဖြစ်ပါသည်။

* **သုတ္တုဒ်,ပါရိ**၊ **အဓိဋ္ဌ**၊ **ကြို** ဥပုသ်ပြား။
* **ပါရိ,ဓိဋ္ဌာန်**၊ **မယူ**ပြန်၊ **ယူ**ရန် **သုတ္တုဒ်**ထား။

● ပါရိသုဒ္ဓိ ဥပုသ် အပြားကို ရေးသားခဲ့ပါ....?။

(၇၇) ဖြေ။ ။**ပါရိသုဒ္ဓိ ဥပုသ်အပြားကား**—

၁—**အညာရောစနပါရိသုဒ္ဓိ**-**သူ**တပါးထံ၌ ပြောကြားမှု။

၂—**အညမညာရောစန ပါရိသုဒ္ဓိ**-**ဥ**ပုသ် ပြုသော သူချင်း ပြောကြားမှုအားဖြင့် ၂-ပါး ရှိပါသည်။

* တပါးထံကြား၊ ချင်းချင်းကြား၊ နှစ်ပါးဥပုသ် ပါရိသုဒ်။

---

http://www.dhammadownload.com

● အညာ ရောစန်, အညမညာ ရောစန် ပါရိသုဒ္ဓိ တို့၏ အပြားကို ရေးသားခဲ့ပါ....?။

(၇၈) ဖြေ။ ။အညာရောစန် အပြားကား–

၁–ပဝါရိတာနံ သန္ဓိကေ ကရဏ=ပဝါရဏာ ပြုပြီးသူတို့ ထံ၌ ပြုမှု။

၂–ဘပ္ပဝါရိတာနံ သန္ဓိကေ ကရဏ=ပဝါရဏာမပြုရသေး သူတို့ထံ၌ ပြုမှု၊ ပေါင်း ၂-ပါး ဖြစ်ပါသည်။

* ပဝါရဏာမှ၊ပြီးသွားထံကြား,မပြီးကြား၊နှစ်ပါးအညာရောစန်။

အညမညာရောစန် အပြားကား–

၁–ဥတ္တိ ထပေတွာ ကရဏ=ဥတ်ထားပြီးပြုမှု။

၂–ဥတ္တိ အထပေတွာ ကရဏ=ဥတ်မထားပဲ ပြုမှု၊ပေါင်း ၂-ပါး ဖြစ်ပါသည်။

* ဥတ်ထား,မထား၊ ပြုမှုပြား၊ နှစ်ပါး အညမညာရောစန်။

● ဥပုသ်နေ့တွင် သိမ်ထဲ၌ ရဟန်း ၁-ပါး၊ ၂-ပါး၊ ၃-ပါး ရှိက ဥပုသ်မည်သို့ ပြုရမည်နည်း ...?။

(၇၉) ဖြေ။ ။ရဟန်း ၁-ပါးတည်းရှိက အဓိဋ္ဌာန်ဥပုသ်ပြု။

၂-ပါးရှိက ဥတ်မထားပဲ တေရ်စဉ် ဝါစဉ်အလိုက် ပါရိသုဒ္ဓိ ဥပုသ်ပြု။

၃-ပါးရှိက ဥတ်ထားပြီး ထေစဉ် ဝါစဉ်အလိုက် ပါရိသုဒ္ဓိ ဥပုသ်ပြုရမည်။

* တစ်-ဓိဋ္ဌ, နှစ်မှာ၊ ဥတ်မပါ၊ သုံးမှာ ဥတ်ထားပြု။

---

http://www.myanmaradhamma.com

(၇) အဓိဋ္ဌာန်ဥပုသ်, ပါရိသုဒ္ဓိဥပုသ်ပြုရာ၌ ဆိုရမည့်ပါဠိမျှားကို ရေးသားခဲ့ပါ...?။

(၇၀) ပြေ။ ။**အဓိဋ္ဌာန်ဥပုသ်ပြုရန်**

အဇ္ဇ မေ ဥပေါသထော (စာတုဒ္ဒသော) အဓိဋ္ဌामि။

(၃-ကြိမ်)

(၁၅-ရက်ပြစ်က စာတုဒ္ဒသောတွင် ပန္နရသော-ဟု ပြင်ဆိုပါ။)

၂-ပါး ပါရိသုဒ္ဓိ ဥပုသ်ပြုရန်

ပရိသုဒ္ဓေါ အဟံ (အာဝုသော) ပရိသုဒ္ဓေါတိ မံ ဓာရေဟိ။

(၃-ကြိမ်)

(အင်ယ်ပြစ်က အာဝုသောတွင် 'ဘန္တေ' ပြင်၊ 'ဓာရေဟိ' တွင် 'ဓာရေထ' ဟု ဆို။)

---

(၈) ၃-ပါး ပါရိသုဒ္ဓိပြုရာ၌ ဥတ်ထားပုံ ပါဠိကို ရေးသားခဲ့ပါ....?။

(၇၁) ပြေ။ ။**ဥတ်ထားပုံ ပါဠိကား-**

သုဏာတု မေ အာယသ္မန္တာ အဇ္ဇုပေါသထော(စာတုဒ္ဒသော) ယဒါ ယသ္မန္တာနံ ပတ္တကလ္လं မယံ အညမညံ ပါရိသုဒ္ဓိဥပေါသထံ ကရေယျာမ ပြစ်ပါသည်။

မှတ်ချက်။ ။၁၅-ရက်နေ့ ပြစ်က စာတုဒ္ဒသောတွင် ပန္နရသော-ဟုပြင်ဆို၊ ၃-ပါး ပါရိသုဒ္ဓိပြုရာ၌ ဆိုရန် ပါဠိမှာ ၂-ပါးပြုတုန်းက အတိုင်းပင် ဖြစ်၍၊ အကြိုး, အင်ယ် ၂-ဦးလုံးပင် 'ဓာရေထ' ဟုဆိုရသည်သာ ထူးသည်။

---

(၉) ကိ' သံဃသ ပုဗ္ဗကိစ္စ-၌ သံဃသ-အရ, ပုဗ္ဗကိစ္စ-အရ တို့ကို ကောက်ပြပါ...?။

http://www.dhammadownload.com

(၈၂) ဖြေ။ ။ကိ သံဃသ ပုဗ္ဗကိစ္စံ ဌ သံဃသ အရကား ဥပေါသထ သံဃာတည်း။

ပုဗ္ဗကိစ္စ အရကား - ပုဗ္ဗကရဏ ၄-ပါး၊ ပုဗ္ဗကိစ္စ ၅-ပါး ပေါင်း ၉-ပါးတည်း။

* ဥပေါသထသံဃာ၊ ယူလေပါ၊ ပုဗ္ဗမှာအရ ကိ သံဃ။
* ပုဗ္ဗကိစ္စံ၊ အရမှန်၊ ကရဏ်ကိစ္စ ယူကိုးဝ။

● သံဃော ဥပေါသထံ ကရေယ္ယ ပါတိမောက္ခံ ဥဒ္ဒိသေယ္ယ ဟူသော ဥ တ်ပါ၌ ဌ နာမယောဂဖြင့် ဟောတော်မူ သကဲ့သို့၊ ပါတိမောက္ခံ ဥဒ္ဒိသိဿာမိ-ဟူသော ပါ၌ ဌ ဌ လည်း နာမယောဂဖြင့် ဥဒ္ဒိသိဿတိ-ဟု ဟောတော်မူ သင့်လျက်၊အဘယ့်ကြောင့် ဥဒ္ဒိသိဿာမိ-ဟု အမှုယောဂ ဖြင့် ဟောတော်မူပါသနည်း....?။

(၈၃) ဖြေ။ ။သံဃာဂိုဏ်း ညီညွတ်သောကြောင့် ပါတိ မောက်ပြရာဝယ်၊ ပြသောသူသည် ပုဂ္ဂိုလ်ပင် ဖြစ်သော်လည်း ထိုပုဂ္ဂိုလ်သည် သံဃာ၌အကျုံးဝင်ပြီး သံဃာ့ကိုယ်စားပြရသည် ဖြစ်၍ သံဃာသည်ပင် ပါတိမောက်ပြသည် မည်ပါသည်။ ထို့ ကြောင့် ဥ တ်ပါ၌ သံဃာကိုပဌာနထားပြီး နာမယောဂဖြင့် ဟောတော်မူပါသည်။

သို့သော် အမှန်မှာကား.... ပါတိမောက် ပြသူမှာ သံဃာ မဟုတ်၊ ပုဂ္ဂိုလ်သာ ဖြစ်သောကြောင့် နောက်ပါ၌ ပုဂ္ဂိုလ်ကို ပဌာနထား၍ အမှုယောဂဖြင့် ဟောတော်မူခြင်း ဖြစ်ပါသည်။

* သံဃာကိုပ၊ ပဌာန၊ နာမ ရှေကဆို။
* သကပုဂ္ဂလ၊ ပဌာန၊ အမှ နောက်မှာဆို။

---

http://www.dhammadownload.com

● ဥဒ္ဓိသိဿာမိ-ဟူသော ပါဠိအားလျှော်စွာ သုဏာထ, မနသိကရောထ-ဟု ဟောသင့်လျက်၊ အဘယ့်ကြောင့် သုဏောမ, မနသိကရောမ-ဟုဟောတော်မူပါသနည်း-?။

(၁၄) ဖြေ။ ။ပါတိမောက် ပြသော ရဟန်းသည်လည်း သံဃာ၌ အကျုံးဝင်ကာ နာယူရမည့် တာ၀န် ရှိသောကြောင့် သုဏောမ, မနသိကရောမ-ဟု ဟောတော်မူခြင်း ဖြစ်ပါသည်။

* နာယူရန်ပ၊ တာ၀န်ကျ၊ ကရောမ, သာ ဟောဆိုပါ။

● သာခုကံ သုဏောမ-နှင့် မနသိကရောမ-တို့၏ အထူးကို ရေးခဲ့ပါ....?။

(၁၅) ဖြေ။ ။စိတ်ကို အာရုံတပါး မသွားစေပဲ၊ ပါတိ ၊မောက် ရွတ်သံ တခုတည်း၌သာထားပြီး စူးစိုက်နားထောင်ခြင်းကို **သာခုကံ သုဏောမ**-ဟု ခေါ်သည်။ကြားကာမတ္တ,နာကာမ္ဗ မဟုတ်၊ ပါတိမောက် ရွတ်နေသော အာရုံကို စိတ်ထဲမှာ စွဲမြဲစွာ ၊ကဂ္ဂတာ ကျွန်ုပ် သမာဓိ ရလောက်အောင် ဆောင်ယူ ချထားခြင်းကို **မနသိကရောမ**-ဟု ခေါ်သည်။

● ယဿ သိယာ အာပတ္တိ-၌၊ ယဿ-အရ, အာပတ္တိ-အရ တို့ကို ကောက်ပြပါ...?။

(၁၆) ဖြေ။ ။**ယဿ-အရကား**- ထေရ,နဝ,မဇ္ဈိမ ရဟန်း ၃-စားကို ယူရပါမည်။ **အာပတ္တိ-အရကား**- အာပတ် ၇-ပုံကို ယူရပါမည်။

* ထေရ,နဝ၊ မဇ္ဈိမ၊ ယဿ အရတည်း။

* အာပတ္တိမှာ၊ ခုနစ်ဖြာ၊ ယူပါ လုံးစုံတည်း။

---

http://www.dhammadownload.com

● ထေရ,နဝ,မဇ္ဈိမ-တို့၏ အထူးကို ရေးသားခဲ့ပါ...?။

(၈၇) ပြေ။ *တဝါက-ငါး မှတ်သား နဝါ၊
ခြောက်ဂ-ဆယ်ထိ မဇ္ဈိမ သာ။
ဆယ့်တစ်-ဆယ့်ကိုး ခေါ်ရှိုး ထေရာ၊
ဝါ ဝိသ မှတ်ကြ မဟာထေရာ။

(ဤကား - သာရတ္ထဒီပနီမည်သော ဝိနည်းဋီကာအလိုတည်း။)

တနည်းကား-

* တဝါက စ၊ လေးဝါကျ၊ နဝ မည်သလော။
* ၅-ဝါက စ၊ ၉-ဝါကျ၊ ခေါ်ရ မဇ္ဈိမေ။
* ၁၀-ဝါက စ၊ ၁၉-ဝါကျ၊ ခေါ်ရ အနုထေရ်။
* ဝါ-ဝိသမှာ၊ ထေရ်မဟာ၊ ထေရာ ကဲ့ပြားချေ။
* မဏိမဋ္ဌသာ၊ ကျမ်းဋီကာ၊ မိန့်မှာ ဤသို့ပေ။

● အာပတ် ၇-ပုံကို ဖော်ပြ၍၊ဆေဒ၇ါမိနီ,ဝုဋ္ဌာန၇ါမိနီ, ဒေသနာ၇ါမိနီ-အားဖြင့် ခွဲခြားပြပါ....?။

(၈၈) ပြေ။ ။အာပတ် ၇-ပုံကား-

၁-ပါရာဇိက၊ ၂-သံဃာဒိသိသ်၊ ၃-ထုလ္လစ္စည်း၊ ၄-ပါစိတ်၊ ၅-ပါဋိဒေသနီ၊ ၆-ဒုက္ကဋ်၊ ၇-ဒုဗ္ဘာသိ၊ ပေါင်း ၇-ပါးတည်း။

ဆေဒ၇ါမိနီ အာပတ်

ထိုအာပတ် ၇-ပုံတို့တွင် ပါရာဇိက အာပတ်သည် ရဟန်း အဖြစ်မှ ပြတ်သောကြောင့် ဆေဒ၇ါမိနီ-အာပတ်မည်၏။

http://www.dhammadownload.com

ဝုဋ္ဌာနကၖမိနီ အာပတ်

သံဃာဒိသိသ် အာပတ်သည် ပရိ၀တ်နေခြင်း စသည်ဖြင့် အာပတ်မှ စင်ကြယ်ခြင်းကြောင့် ဝုဋ္ဌာနကၖမိနီ-အာပတ်မည်၏။

ဒေသနာဂၖမိနီ အာပတ်

ကြွင်းသော အာပတ် ၅-ပုံသည် ဒေသနာ ကြား ခြင်းဖြင့် အာပတ်မှ စင်ကြယ်ခြင်းကြောင့် ဒေသနာဂၖမိနီ အာပတ်မည်၏။

* ပါရာ,သံဃာဒိသ် ထုလ်,ပါစိတ်သာ၊
ပါဋိဒေမှတ် ဒုက္ကဋ်,ဒုဿာ၊ (အာပတ် ၇-ပုံ)
ပါရာ-ဆေဒ္ဓ သံဃ-ဝုဋ္ဌာ၊
ကြွင်းငါးပါး မှတ်သား ဒေသနာ။ } ၃-မျိုး အခွဲ။

မှတ်ချက်။ ။ဂရုက,လဟုက-ခွဲမှု ပါရာဇိက,သံဃာဒိသိသ် တို့ကား ...ဂရုက၊ကြွင်း ၅-ပါးကား....လဟုက ဖြစ်သည်။

* ပါ,သံ-ဂရု၊ ကြွင်းငါးခု၊ လဟု-မှတ်လေပါ။

● အာပတ်သင့်ခြင်းအကြောင်း ၆-ပါးကိုရေးသားခဲ့ပါ-?။

(ဂ၉) ဖြေ။ ။အာပတ်သင့်ကြောင်း ၆-ပါးကား-

၁-အလင်္ဂီတာ-အရှက် မရှိခြင်း။

၂-အညကတာ-သိက္ခာပုဒ် (ပညတ်တော်) ကို မသိခြင်း။

http://www.dhammadownload.com

၃–ကုက္ကုစ္စ ပဟတတာ – ကုက္ကုစ္စ နှိပ်စက်ခြင်း (၀၊) အပ်သလော, မအပ်သေလောဟု တွေးတော ဒ္ဌိဟ သံသယ ရှိခြင်း။

၄–အကပ္ပိယေ ကပ္ပိယသညိတာ–မအပ်သည်၌ အပ်သည်ဟု ထင်မှတ်ခြင်း။

၅–ကပ္ပိယေ အကပ္ပိယသညိတာ – အပ်သည်၌ မအပ်ဟု ထင်မှတ်ခြင်း။

၆–သတိ သမ္မောသာ – သတိ မေ့လျော့ခြင်း · တို့ ဖြစ်ပါသည်။

" အရှက်မရှိ မသိတတ်ပင်၊
ကုက္ကုစ်နှိပ်စက် ဝမ်းနည်းမှတ်ချင်။
မအပ်သည်-အပ် အပ်-မအပ်ထင်၊
သတိကင်း သင့်ခြင်း ခြောက်ခုပင်။

● အလင်္ဂီတာ-အရ၊ အလင်္ဂီလက္ခဏာကို ရေး၍ အလင်္ဂီနှင့် ဒုဿီလတို့၏ အထူးကို ဖော်ပြပါ...?။

(၉၀) ပြေ။ ။**အလင်္ဂီလက္ခဏာကား**–

၁–လွန်ကျူးလိုသော စေတနာ ရှိသည်ဖြစ်၍ အာပတ်သို့ ရောက်ခြင်း၊ (၀၊) မအပ်မှန်း သိလျက် အာပတ်သင့် အောင် ပြုခြင်း။

၂–သင့်သော အာပတ်ကို လျှို့ဝှက်ထားခြင်း၊ (ဒေသနာ ကြားရ၍ မကုစားခြင်း။)

၃–အဂတိတရား လိုက်စားခြင်း ၃·ပါးတည်း။

http://www.dhammadownload.com

ဤ အဂ်ါ ၃-ပါးနှင့်ပြည့်စုံသောသူကို အလင်္ဂေါ၏ ပါရာ ဇိကကျပြီး လုံးလုံးသိလ မရှိသူကို ဒုဿီလ ခေါ်သည်။

● အကပ္ပိယေ ကပ္ပိယ သညိတာနှင့် စပ်၍ အကပ္ပိယ မ်ိုးသ ဖြစ်သော ရဟန်းများ မစားအပ်သည့် အသား ၁၀-မျိုး သရုပ်ကို ထုတ်ဖော်ခဲ့ပါ။

(၉၁) ဖြေ။ ။ အကပ္ပိယ အသား ၁၀-မျိုးကား—

* လူ, ခွေး, မြင်း, ဆင်, သစ်, ကျား, ခြင်္သေ, ဝံ-လျှင် အောင်း, မြွေမျိုး။

* ရိုး, ရေ, သား, သွေး, အမွေးတို့ပါ, မသုံးရာ, ဆယ်ဖြာ အသားမျိုး။ (ဝိနယသံခိပ်)

● အကပ္ပိယမ်ိုးသ (မအပ်သော အသား) ၁၀ - မျိုးတို့ တွင် အဘယ် အသားကို စားလျှင် အဘယ် အာပတ် သင့်ပါသနည်း....?။

(၉၂) ဖြေ။ ။ သိသည် ဖြစ်စေ, မသိသည်ဖြစ်စေ လူသား ကို စားက ထုလ္လစ္စည်း, ကြွင်း ၉-ပါးသော အသားကို စားက ဒုက္ကဋ်အာပတ် သင့်ပါသည်။

မှတ်ချက်။ ။ နို့ရေ, ဆီဦး ထောပတ်, သားဆီကိုမူကား..... လူမှတပါး ကြွင်း ၉-ပါး အပ်၏ သုံးဆောင် ကောင်းသည်။

* လူမှာထုလ္လစ္စည်း, အကြွင်း ဒုက္ကဋ်, ထောပတ်တမူ, သားဆီဟူ, လူကြောင့် သုံးအစ-ကိုး။ (ဝိနယသံခိပ်)

---

http://www.dhammadownload.com

● ဆွမ်းစားထုတ္ဝင် ကပ္ပိယမံသ (အပ်သော အသား) ကို မဆင်ခြင်ပဲစားက အာပတ်သင့်ပါသလော...?။

(၉၃) ဖြေ။ ။ကပ္ပိယမံသ (အပ်သောအသား) ပင် ဖြစ်သော်လည်း မဆင်ခြင်ပဲ စားက ဝတ်ပျက်မှု အတွက် ဒုက္ကဋ် အာပတ် သင့်ပါသည်။

(ဆွမ်းစားသောအခါ ဆွမ်းပွဲ၌ အသားဟင်းလျှာ မျှားပါက ဘာသားနည်းဟု ဆင်ခြင်မှုကို အမြဲပြုရမည်၊ မပြုက ကပ္ပိယမံသပင် ဖြစ်စေကာမူ ဝတ်ပျက်မှုအတွက် ဒုက္ကဋ်အာပတ်သင့်သည်၊ သတိရှိကြစေ။)

● အာဝီကတာ-၌ အာဝီကရဏ၏ အဓိပ္ပာယ်ကို ရေး၍၊ ဒေသနာနှင့် ပကာသနတို့၏ အထူးကို ဖော်ပြပါ...?။

(၉၄) ဖြေ။ ။သင့်သောအာပတ်ကိုထင်စွာ ပြုခြင်း, ဖွင့်ဆို ပြောကြားခြင်းသည် အာဝီကရဏ-မည်၏။

ဒေသနာနှင့် ပကာသနတို့၏ အထူးကား—

အာပတ် ၅-ပုံသင့်၍ ဒေသနာ ကြားခြင်းသည် **ဒေသနာ**မည်၏။ သံဃာဒိသိသ်-သင့်၍ ပြောကြားခြင်းသည် **ပကာသန**မည်၏။

* ဒေသနာအာပတ် ငါးရပ်သင့်သော်၊
ဒေသနာကြား မှတ်သားဖွယ်နော်။
သံဃာဒိသိသ်မျှား သင့်ခြားခဲ့သော်၊
ပကာအား ထင်ရှားပြုရသော်။

● "ယာဝတတိယံအနုဿာဝိတံဟောတိ" အရဘုယ်ပါဠိကို ယူရမည်၊ အဘယ်အဓိပ္ပာယ်ကို ပြသည်ကိုရေးခဲ့ပါ...?။

http://www.dhammadownload.com

(၉၅) ဖြေ။ ။"ယာဝတတိယံ အနုဿာဝိတံ ဟောတိ" အရ၊ နိဒါန်းအဆုံးဖြစ်သော "ကစ္စိတ္ထ ပရိသုဒ္ဓါ၊ဒုတိယမ္ပိ ပုစ္ဆာမိ ကစ္စိတ္ထ ပါရိသုဒ္ဓါ၊တတိယမ္ပိ ပုစ္ဆာမိ ကစ္စိတ္ထ ပရိသုဒ္ဓါ" ဟူသော ပါဠိကို ယူရပါမည်။

ယာဝတတိယံ-ဖြင့် ၃ ကြိမ်ပြု၍ မေးပြီးမှသာ အာပတ်သင့်သည်ကို ပြပါသည်။

● "သမ္မာနမုသာဝါဒဿ ဟောတိ" အရ၊အဘယ့်ကြောင့် အဘယ်အခါ၌ အဘယ်အာပတ် သင့်ပါသနည်း....?။

(၉၆) ဖြေ။ ။"သမ္မာန မုသာဝါဒဿ ဟောတိ" အရ၊ ဝစီဒုါရ အကိရိယသမုဋ္ဌာန်ကြောင့် "ကစ္စိတ္ထ ပရိသုဒ္ဓါ (လ) တတိယမ္ပိ ပုစ္ဆာမိ ကစ္စိတ္ထ ပရိသုဒ္ဓါ" ဟူသော တတိယ အနုဿာဝနအဆုံး၌ ဒုက္ကဋ်အာပတ် သင့်ပါသည်။

* ဝဖ်ဒ္ဓါရ၊ အကိရိယ၊ ခ္ကြောင်းက တဝ္ဝပါ။
* အနုဿာဝန၊ ဆုံးကာလ၊ သင့်ကြ ဒုက္ကဋ်။

● သမ္မာန မုသာဝါဒအတွက် ပါစိတ် အာပတ်သာ ဖြစ်သင့်လျက်၊ အဘယ့်ကြောင့် ဒုက္ကဋ် အာပတ် ဖြစ်ရပါသနည်း....?။

(၉၇) ဖြေ။ ။ထိုအာပတ်သည် မုသာဝါဒကြောင့် သင့်သော အာပတ်မဟုတ်၊ "သမ္မာန မုသာဝါဒေါ ကိ ဟောတိ ဒုက္ကဋံ ဟောတိ" ဟူသော ဘုရားစကားတော်ကြောင့် သာ သင့်သော အာပတ်ဖြစ်ပါသည်။

http://www.dhammadownload.com

ထို့ကြောင့် သမ္မာဇာန မုသာဝါဒ အတွက် ဒုက္ခ၌ အာပတ်သင့်ခြင်း ဖြစ်ပါသည်။

* ဗုဒ္ဓမြတ်ကြား၊ ကြောင့်စကား၊ မုသာ၊ ဒုက္ခ၌သင့်။

● အာပတ်ကို ထင်စွာပြုခြင်း, မပြုခြင်းတို့ကြောင့် ရအပ်သော အကျိုး-အပြစ်တို့ကို ရေးခဲ့ပါ...?။

(၉၈) ဖြေ။ ။အာပတ်ကို ထင်စွာ မပြုသော်.... သိလျက်နှင့် ချိတ်ယှင်းသော စကားကို ဆိုသည် မည်ခြင်းကြောင့် ဒုက္ခ၌ အာပတ် သင့်၏။

အာပတ်ကို ထင်စွာပြုသော်.... စျာန်,မဂ်,ဖိုလ်ကို ရခြင်းငါ ချမ်းသာသော အကျင့်ရှိ၏၊ (ဝါ) စျာန်, မဂ်, ဖိုလ်ကို ရနိုင်ပါသည်။

* အာပတ်ရှိမှ မပြုထင်စွာ၊
ဘုရားဝညတ် ဒုက္ခ၌ ပေါ်လာ။
အာပတ်ရှိမှ ပြစ်မှုထင်စွာ၊
* မဂ်,ဖိုလ်,စျာန် ရရန် အကြောင်းသာ။

● နိပါန်းဌ ပိဏ္ဍတ္ထပဌက ၅-ပါးကို ပိုင်းခြားပြပါ...?။

(၉၉) ဖြေ။ ။နိဒါန်းဌ ပိဏ္ဍတ္ထပဌက ၅-ပါးကား—

၁—"သုဏာတု မေ မှ ပါတိမောက္ခံ ဥဒ္ဒိသေယ္ယ" အထိ ကား.. ဥတ္တိထပန-ဥတ်ထားခြင်း။

၂—"ကိံ သံဃသာ-မှ ပါတိမောက္ခံ ဥဒ္ဒိသိဿာမိ" အထိ ကား....ပုဗ္ဗကိစ္စ ပုဏ္ဏန-ပုဗ္ဗကိစ္စကို မေးခြင်း။

http://www.dhammadownload.com

၈၃–"တံ သဗ္ဗေဝ သန္တာ-မှ မနသိကရောမ" အထိကား.... နိဒါနုဒ္ဒေသ သဝန ဝိဓိ-နိဒါန်းကိုရွတ်ရာကြားနာခြင်း၌ စိမ်တိုက်တွန်းခြင်း။

–၄–"ယဿ သိယာ-အာပတ္တိ-မှ အနုဿာဝိတံ ဟောတိ" ပဋေအထိကား.... ဝိသုဒ္ဓါရောစန ဝိဓိ- အာပတ် ၆ ကြိယ် ကြောင်း ပြောဖို့ရန် တိုက်တွန်းခြင်း။

–"ယော ပန ဘိက္ခု-မှ ဖာသု ဟောတိ" အထိကား.... အနာရောစနာပတ္တိ ဝိဓိ-အာပတ်ရှိသည်ကို မပြောခြင်း ကြောင့် အာပတ်သင့်ပုံ ပြခြင်းတို့ ဖြစ်ပါသည်။

* သုဏာတုမှ၊ သေယျကျ၊ ခေါ်ရ ဥတ္တိသာ။
* ကိ သ်ဿမှ၊ သာမိကျ၊ ပုဗ္ဗ ကိစ္စပါ။
* တံ သဗ္ဗေမှ၊ ကရောမ၊ နိဒါ့နုဒ္ဒေသာ။
* ယဿသိမှ၊ ဟောတိကျ၊ မှတ်ပ ဝိသုဒ္ဓါ။
* ယော ပနမှ၊ ဖာသုကျ၊ အနာ့ ရောစနာ။

နိဒါနုဒ္ဒေသ ပြီး၏။

http://www.dhammadownload.com

ပါရာဇိကုဒ္ဒေသ

●

"ပထမ ပါရာဇိက"

● ယော ပန ဘိက္ခု-ဒ္ဒ "ယော" အရကို ဖော်ပြပါ..?။

(၁၀၀) ဖြေ။ ။ယော-အရကား—
* ဇာတိ,လိင် ယုတ္တ,နာမ်၊
ဂေါတ္တ,သီလ ဝိဟာရက်။
ဂေါစရ,ဝယ ပြားထ ကိုးတန်၊
ယော-အရ ညွှန်ပြ တခုမှန်။

● ယော ပန ဘိက္ခု-ဒ္ဒ "ဘိက္ခု"အပြားကို ဖော်ပြ၍၊ ဤ
မေထုနသိက္ခာပုဒ်ဒ္ဒ လိုအပ်သောဘိက္ခုကို ညွှန်ပြပါ....?။

(၁၀၁) ဖြေ။ ။
ယော ပန ဘိက္ခု-ဒ္ဒ ဘိက္ခု အပြားကား—
၁—ဟေဘိက္ခုပ သမ္ပဒါ-ဟေဘိက္ခုခေါ်သဖြင့် ဖြစ်သော
ရဟန်း။
၂—သရဏ ဂမနူပ သမ္ပဒါ-သရဏဂုံယူကာမျှဖြင့်ဖြစ်သော
ရဟန်း။
၃—ဩဝါဒ ပဋိဂ္ဂဟဏူပ သမ္ပဒါ-အဆုံးအမကို ဝန်ခံ၍
ဖြစ်သော ရဟန်း။
၄—ပဉ္စာ မျှောကရဏူပ သမ္ပဒါ-ပုဏ္ဏာ မေး ဖြေ သဖြစ်
ဖြစ်သော ရဟန်း။

http://www.dhammadownload.com

၅–အဌဂရုဝမ္မ ပဋိဂ္ဂဟဏူပ သမ္ပဒါ= ဂရုဝမ်တရား ၈-ပါး ကို ဝန်ခံသဖြင့် ဖြစ်သော ရဟန်း။

၆–ဒူတေနူပ သမ္ပဒါ – တမန် စေလွှတ်သဖြင့် ဖြစ်သော ရဟန်း။

၇–အဌဝါဒီကူပ သမ္ပဒါ–ကမ္မဝါ ၈-ချက်ဖြင့် ဖြစ်သော ရဟန်း။

၈–ဥတ္တိ ဧတုတ္ထ ကမ္မူပ သမ္ပဒါ–ဥတ်လျှင် ၄-ကြိမ် မြောက်သော ကမ္မဝါစာဖြင့် ဖြစ်သော ရဟန်း။

ထို ရဟန်း ၈-မျိုးတို့တွင်

ဤ၌ ဥတ္တိ စတုတ္ထ ရဟန်းကို အလိုရှိအပ်သည်။

* ဧဟိ, သရဏ ဩဝါဒပါ။
ပဗ္ဗာ အဌ ဂရုဝမ္မာ။
ဒူတေနနှင့် အဌဝါစာ၊
ဥတ္တိစ ဆုံးက လိုအပ်စွာ။

---

❶ ရဟန်း ၈-မျိုးတို့တွင် ပထမ ပါရာဇိက သိက္ခာပုဒ်၌ အဘာယ်ကြောင့်ဥတ္တိစတုတ္ထရဟန်းကိုသာအလိုရှိအပ်၍၊ ကျန်သော ရဟန်းများကို အလိုမရှိအပ်ပါသနည်း....?။

(၁၀၂) ဖြေ။ ။ရဟန်း ၈-မျိုးတို့တွင် ဥတ္တိ စတုတ္ထရဟန်း သည်သာ မေထုန ဝိတိက္ကမ အမှုကို ပြုတတ်ခြင်းကြောင့် ပထမ ပါရာဇိက သိက္ခာပုဒ်၌ ၎င်းကိုသာ အလိုရှိအပ်ပါသည်။

ကျန်သော ရဟန်းများကား ... ၁–ဧဟိ, သရဏ, ဩဝါဒ, ပဗ္ဗာ၊ ဤ ၄-ပါးသည် ပါရာဇိက ဝသော လောကဝဇ္ဇ သိက္ခာ ပုဒ်များကို ကျူးလွန်ခြင်း မရှိသောကြောင့် လည်းကောင်း၊

http://www.dhammadownload.com

၂—အဌဂရုဓမ္မ, ဒုတေန, အဌဝါစိက-တို့သည် ဘိက္ခုနီ ရဟန်း မျှား ဖြစ်သောကြောင့်လည်းကောင်း၊ ဤ၌ အလိုမရှိအင်ခြင်း ဖြစ်ပါသည်။

* မေထုန်မှီမှ သူ ပြိုတတ်ပါ၊
ဥတ္တိစတုဏ္ဍ လိုရ ၅်မှာ။
၄,သ,ဩ,ပ ပြိုထ ကင်းကွာ၊
အ,ဒု,အ မိန်းမကြောင့် မပါ။

● ရဟန်း ၈-မျိုးကိုဘိက္ခု,ဘိက္ခုနီအားဖြင့်လည်းကောင်း၊ လောကဝဇ္ဇ, ပဏ္ဏတ္တိဝဇ္ဇ သိက္ခာပုဒ် အားဖြင့် လည်းကောင်း ပိုင်းခြားပြု၍၊ ယခုအခါကာလ၌ ရနိုင်သော ရဟန်း အမျိုးအစားကိုလည်း ရေးသားခဲ့ပါ...?။

(၁၀၃) ဖြေ။ ။ဘိက္ခုနီ-၌ အဌ ဂရုဓမ္မ, ဒုတေန,အဌ ဝါစိက ၃-ပါးရ၍၊ ဘိက္ခု-၌ ကြင်းရဟန်း ၅-မျိုး ရပါသည်။

လောကဝဇ္ဇ သိက္ခာပုဒ်-၌ ဥတ္တိစတုဏ္ဍ ရဟန်း တပါးသာ ရ၍၊ **ပဏ္ဏတ္တိဝဇ္ဇ သိက္ခာပုဒ်တို့၌ကား....** ရဟန်းအားလုံး ရပါသည်။ **ယခုကာလ-၌** ဥတ္တိစတုဏ္ဍ ရဟန်းတမျိုးသာ ရနိုင်ပါတော့သည်။

* ဂရု, ဒု, ဝါစိ ဘိက္ခုနီပေ၊
ကြင်းသည့် ငါးခု ဘိက္ခု မှတ်လေ။
လောကဝဇ္ဇ စတုဏ္ဍ ဥဏ္ဍေ၊
ပဏ္ဏတ္တိ ရဘိ အားလုံးပေ။

● "သိက္ခာတင် ပဌဂ်၊သိက္ခာချ ဆဌဂ်" ဟူသောဝေါဟာရ ပဌဂ်,ဆဌဂ် သရုပ်တို့ကို ထုတ်ဖော် ရေးခဲ့ပါ....?။

http://www.dhammadownload.com

(၁၀၄) ဖြေ။ ။သိက္ခာတင်ခြင်း အင်္ဂါ ၅-ပါးကား-

ဝတ္ထု, ဥတ္တိ, အနုဿာဝန, သီမာ, ပရိသာသမ္ပတ္တိ ဝသေန အာကုပ္ပတာ ဝေဒိတဗ္ဗာ။ (ကခ်ဴ)

* ဝတ်ဥတ်,ကမ္မဝါ၊သိမ်,ပရိသာ၊ငါးဖြာသမ္ပတ္တိ။(ဝိ-သ)

သိက္ခာချခြင်း အင်္ဂါ ၆-ပါးကား-

စိတ္တ, ခေတ္တ, ကာလ, ပယောဂ, ပုဂ္ဂလ, ဝိဇာနန ဝသေန။ (ကခ်ဴ)

* စိတ်,ခေတ်,ကာလ၊ ပယောဂ၊ ဇာန,ပုဂ္ဂလာ။
* အင်္ဂါခြောက်လီ၊ ပြည့်စုံညီ၊ ကျမြဲ တင်သိက္ခာ။
* ဝတ်,ဥတ်,ကမ္မ သီမာ ပရိသာ၊
  သိက္ခာတင်က ပဋ္ဌအင်္ဂါ။
  စိတ်,ခေတ်,ကာလ ပယောဂ,ဇာနာ၊
  ပုဂ္ဂလ ထုတ်ပြ ဆဋ္ဌင်္ဂါ။

● ဝတ္ထု, ဥတ္တိ, သီမာ, ကမ္မဝါစာ, ပရိသာ သမ္ပတ္တိဖြစ်ပုံ မျှားကို အသီးသီး ရေးခဲ့ပါ....?။

(၁၀၅) ဖြေ။ ။ဝတ္ထုသမ္ပတ္တိ ဖြစ်ပုံ-

* သက် နှစ်ဆယ်ပြည့် အန္ဓိမစင်၊
  ပဏ္ဍုက် စလစ် ဆယ့်တစ် မဝင်။
  အင်္ဂါသုံးပါး စုံခြားခဲ့လျှင်၊
  သမ္ပတ္တိ ဖြစ်ဘိ ဝတ္ထုပင်။

http://www.dhammadownload.com

ဥတ္တိသမ္ဘတ္တိဖြစ်ပုံ-

* ဝတ္ထု၊ သံဃ ပုဂ္ဂလ, ဥတ်မှာ၊
သုံးသပ်သမ္ဘ မပြုရှောင်ခ့ဲ။[1,2,3]
ဥတ်ကို နောက်ထခ: ရှေကား: ကမ္မဝါ၊
ပြစ်ငါ:ရပ် စင်လတ် ဥတ်သမ္ဘာ။

သီမာသမ္ဘဖြစ်တ္တိပုံ-

* သိမ်ပျက် ဆယ့်တစ် ကင်:လစ်စဝ်ကွာ၊
သမ္ဘတ်တြို့ ညီဘိ အင်္ဂါ။
ထိုသိမ်ဗဒ္ဓ ပြုထ ကမ္ဘာ၊
သမ္ဘတ္တိ မှတ်ဘိ သီမသာ။

ကမ္ဘဝါစာသမ္ဘတ္တိဖြစ်ပုံ-

* ဝတ္ထု၊ သံဃ ပုဂ္ဂလ သုံးဖြာ၊
သုံးသပ်မရှိ ပြုဘိ ကမ္ဘာ၊[1,2]
ကမ္ဘဝါလျှောပါ:[3] မထား:ဥတ်မှာ၊[4]
ပြစ်ငါ:အင် ကင်:စင် ကမ္ဘဝါ။

ပရိသာသမ္ဘတ္တိဖြစ်ပုံ-

* သိမ်သို့ မကြ[1] ဆန္ဒ မဆောင်၊[2]
ကံကို ပြုလစ် တား:မြစ်ချက်နှောင်။[3]
ဒေါသတြို့ ကင်:ဘိ စင်ပြောင်၊
ပရိသာ ဖြစ်ထ ကံထိပ်ခေါင်။

http://www.dhammadownload.com

(၁) အဘမ္ၚ,အဝတ္ထု ပုဂ္ဂိုလ်သရုပ်ကို ထုတ်ခဲ့ပါ...?။

(၁၀၆) ပြေ။ ။အဘမ္ၚ ပုဂ္ဂိုလ် သရုပ်ကား—

* ပဏ်, ထေ, ပက်, ဆန်, ပဗ္ဗာနန်, ဒုသ်, ဥဘေဝဗျည်း။
ပေါင်း (၁၁)

အဝတ္ထု (ရဟန်းပခံထိုက်သူ) သရုပ်ကား—

* ဒ္ဝိနဝိသာ,အန္ဓိမာနှင့်,ကောဒသ အဘမ္ၚ,တေရ အဝတ္ထု။
ပေါင်း (၁၃)

(ခ) သိက္ခာအပြားကိုရေတွက်၍,ဤ၌ လိုအပ်သော သိက္ခာကို ညွှန်ပြပါ....?။

(၁၀၇) ပြေ။ ။အဓိသီလ အဓိစိတ္တာ,
အဓိပညာ သုံးဝ သိက္ခာ။
ဤတွင် လိုဘိ အဓိသီလာ,
ဝိနယ သီလ အတွက်တာ။

(ဂ) သီလ,အဓိသီလ, စိတ္တ,အဓိစိတ္တ, ပညာ,အဓိပညာ တို့၏ အထူးကို ဖော်ပြပါ...?။

(၁၀၈) ပြေ။ ။ပဌမသီမျိုး ရိုးရိုးသီလာ,
ပါဘိမောက္ခ အဓိသီလာ။
ရိုးရိုးစိတ်မျှား မှတ်သား ဓိတ္တာ,
စျာန်,မဂ်ဖပ် သိမှတ် ဓိစိတ္တာ။
* လောကီ,မဟာ စပ်ယှက် ပညာ,
ရိုးရိုးပညာ ခေါ်ကြလေပါ။
မဂ်နှင့် ဖိုလ်စပ် ခေါ်မှတ်ပညာ,
ဓိပညာ မှတ်ပ သောတုနာ။

---

http://www.dhammadownload.com

● သိက္ခာနှင့် သာဇီဝ အထူးကို ဖော်ပြပါ ?။

(၁၀၉) ဖြေ။ ။ပါတိမောက္ခ သံဝရသီလာ၊
အဓိသီသ မှတ်ကြ သိက္ခာ။
ပညတ်၍ထား မျှားပြားသိက္ခာ၊
သာဇီဝ ခေါ်ရ လေသည်သာ။

● သိက္ခာ သမာပန္နနှင့် သာဇီဝ သမာပန္န အထူးကို ဖော်ပြပါ...?။

(၁၁၀) ဖြေ။ ။အဓိသီလ သိက္ခာ ဖြည့်နေ၊
သမာပန္န သိက္ခာ မည်ပေ။
သိက္ခာပုဒ်မျှား လေးစားရှောင်သွေ၊
သာဇီဝ ပန္န ခေါ်သလေ။

● ဒုဗ္ဗလျာဝီကမ္မ အပြားကိုရေး၍၊ ဤ၌ လိုအပ်သော ဒုဗ္ဗလျာဝီကမ္မကို ညွှန်ပြပါ....?။

(၁၁၁) ဖြေ။ ။ဒုဗ္ဗလျာဝီကမ္မဏား-

၁-"ယံနူနာဟံ ဗုဒ္ဓံ ပစ္စက္ခေယ္ယံ" ဘုရားကို စွန့်ရလျှင် ကောင်းမှာပဲ-စသည်ဖြင့်ပြောသော သိက္ခာမကျသောဒုဗ္ဗလျာဝီကမ္မ၊ ၂-"ဗုဒ္ဓံ ပစ္စက္ခာမိ" ဘုရားကို စွန့်ပါ၏ဟုဆိုမှ သိက္ခာကျသော ဒုဗ္ဗလျာဝီကမ္မ ဟူ၍ ၂-ပါးရှိပါသည်။

ဤ၌ သိက္ခာကျသော ဒုဗ္ဗလျာဝီကမ္မကို အလိုရှိအပ်ပါသည်။

http://www.dhammadownload.com

● ဒုဗ္ဗလျ၊ အနာ၀ိကတ္ဌာနှင့် သိက္ခံ အပစ္စက္ခာယ ပုဒ်တို့ ထူး,မထူးကို ကျ,နစ္စာ ရှင်းလင်း ဖော်ပြပါ....?။

(၁၁၂) ဖြေ။ ။ဒုဗ္ဗလျာ၀ိကမ္မသာ ဖြစ်၍ သိက္ခာ မစ္စန် ဒသာ်ကား .. ထူး၏။

ဒုဗ္ဗလျာ၀ိကမ္မလည်းဖြစ် သိက္ခာလည်း စွန့်မူကား မထူး။
တနည်း... သိက္ခာစွန့်လျှင် ထူးသည်၊ မစွန့်လျှင် မထူး။

* သိက္ခာ စွန့်လစ် ခေါ်ပစ္စက္ခာ၊
စွန့်,မစွန့်နှစ် ခေါ်လစ် ဒုဗ္ဗာ။
စွန့်ခဲ့သော်ထား မထူးခြားပါ၊
မစွန့်က ထူးကြ ဤနှစ်ဖြာ။

● မေထုန်-ဟူသော် စကား၏အဓိပ္ပာယ်ကို ထင်ရှားအောင် ရေး၍၊ အဘယ်မျှလောက်သော ပမာဏဖြင့် မှီ၀ဲသည် မည်ပါသနည်း....?။

(၁၁၃) ဖြေ။ ။"မေထုန ဒမ္မန္တိ ရာဂ ပရိယုဋ္ဌာနေန သဒိသာနံ ဥဘိန္နံ ဒမ္မံ" ဟူ၍ ကခ်ါ ဆိုသော်ကြောင့်၊ ရာဂ နှိပ်စက်ခြင်း သဘောတူသော ယောကျ်ား,မိန်းမ ၂-ဦးသား တို့၏ အကျင့်ကို မေထုန်-ဟု ခေါ်သည်။

အယုတ်ဆုံးအားဖြင့် နှမ်းတစေ့ခန့်မျှဖြစ်စေ,လေမတွေ့အပ် စိုသောအရပ်(မဂ် ၃-ပါး)၌ သွင်းသည်ရှိသော် မေထုန်မှီ၀ဲသည် မည်၏။ ထိုရဟန်း ပါရာဇိက ကျတော့သည်။

http://www.dhammadownload.com

* ရာဂနှိပ်စက် နှစ်သက် တူစုံ၊
ကျား,မ အကျင့် ခေါ်လင့် ဧမထုန်။
နှမ်းတစေ့မျှ သွင်းထ ဝင်တုံ၊
မှီဝဲမည် ကျပြီ သိကျောက်ကုန်။

● မဂ်အပြား ၃-ပါး၊ ၃၀-တို့ကို ဖော်ပြပါ....?။

(၁၁၄) ပြေ။ ။မဂ်အပြား ၃-ပါးကား—

* ဝစ္ဆ,မုခ၊ ပဿာဝ၊ သုံးဝ မဂ်အပြား။

မဂ်အပြား ၃၀-တို့ကား—

* လှ, နတ်, တိရိစ္ဆာ ဗုဒ္ဓိ သုံးတန်၊
ဥဘတောမျည်း ထိုနည်း သုံးတန်။
သုံးမဂ်စီဖြစ် ပေါင်းလစ် ခြောက်တန်၊
ပေါင်းတုံက မဂ္ဂ ဌာရသံ၊

* ယောက်ျားမှာ သုံး နပုံး သုံးတန်၊
နှစ်မဂ်စီရ မဂ္ဂ ဌါဝ်။
ဆယ့်ရှစ်, ဆယ့်နှစ် ပေါင်းလစ် တိ ်သံ၊
မဂ်အပြား မှတ်သား ဧစ္ဆိရန်။

● အန္တမသော တိရစ္ဆာန ဂတာယပိ-ဌ် တိရစ္ဆာန်မ-အရ အဘယ်ကို ယူရမည်နည်း၊ ပါရာဇိက လောက်သော် တိရစ္ဆာန် အရှယ်အစားကိုလည်း ဖော်ပြပါ....?။

(၁၁၅) ပြေ။ ။တိရစ္ဆာန်မ-အရ၊ ပဋိသန္ဓေ အားဖြင့် တိရစ္ဆာန်မျိုးဇာတ်ဖြစ်သော ပါရာဇိကလောက်သည့် တိရစ္ဆာန်မ-ကို ယူရပါမည်။

http://www.dhammadownload.com

ပါရာဇိကဆောက်သော တိရစ္ဆာန်
ဘရယ်အစားမှာ–

* အခြေမရှိ မှတ်ဘိ ငါး,မြွေ၊
ကြက်, ခိ, ကျီးမ ဖွဲ့ပဒ မှတ်လေ။
ကြောင်, ခွေး, စထုတ် စတုပ္ပဒေ၊
ပါရာဇိ လောက်သည် ရှယ်စားပေ။

● ပါရာဇိက မလောက်သောတိရစ္ဆာန်နှင့် လူ-စသည်တို့၏ နား,မျက်စိ,နှာခေါင်း,လက်,ခြေ,ပေါင်ကြား စသော ကိုယ်အင်္ဂါ အစိတ်အပိုင်းဌ မှီဝဲသော် အဘယ် အာပတ် သင့်ပါသနည်း....?။

(၁၁၆) ဖြေ။ ။လက်,ခြေ,ပေါင်ကြား၊
သေးမှား တိရစ္ဆာန်၊
မှီဝဲတုံ့လတ် ဒုက္ကဋ် သင့်ပြန်။
စက္ခု,သောတ ဃာန,အင်္ဂ၊
ပြုတုံ့လစ် ထုလ္လစ္စယမှန်။

● လူသေကောင်ကို မှီဝဲရာ၌ အဘယ် အာပတ် သင့်ပါသနည်း....?။

(၁၁၇) ဖြေ။ ။လူသေကောင်ကို မှီဝဲရာ၌–

* ထက်ဝက်မပျက် စပ်ယှက်ပါရာ၊
ထက်ဝက်ပျက်လစ် ထုစ္စလ္လယာ။
ညှိ-မဲ, ပုပ်-ပွ ဖြစ်ထ ကောင်မှာ၊
မှီဝဲလတ် ဒုက္ကဋ် သင့်သည်သာ။

http://www.dhammadownload.com

● အဘယ်ကြောင့် ပါရာဇိက မည်သည်ကို ရေး၍၊ ပထမ ပါရာဇိက အင်္ဂါသရုပ်ကို ထုတ်ပြပါ...?။

(၁၁၈) ဖြေ။ ။မှီဝဲလိုစိတ် ယိုဖိတ် ရာဂါ၊
မက်ဖြင့်-မက်ချင်း သွတ်သွင်း လေပါ။
ပါရာ ပထမ အင်္ဂါ နှစ်ဖြာ၊
ရှုံးစေအပ် ဖြစ်လတ် ပုဂ္ဂလာ။

● ပထမပါရာဇိကနိဒါန်း,ပုဂ္ဂိုလ်,ဝတ္ထုတို့ကိုရေးခဲ့ပါ....?။

(၁၁၉) ဖြေ။ ။နိဒါန်း (သိက္ခာပုဒ် ပညတ်ရာ အရပ်) ကား....ဝေသာလီ၊ ပုဂ္ဂိုလ် (ထို သိက္ခာပုဒ်ကို လွန်ကျူးသူ) ကား ...ရှင်သုဒိန် ရဟန်း၊ ဝတ္ထု- (သိက္ခာပုဒ်ကို ပညတ်ရခြင်း၏ အကြောင်း ဝတ္ထုလွန်ကျူးမှု)ကား....မယားဟောင်း၌ မေထုန်မှီဝဲခြင်း* ဖြစ်ပါသည်။

* နိ-ဝေ, ပု-သု၊ မေထုန်မှ၊ ဝတ္ထု မှတ်ပါ ၊-ပါရာ။

● ပထမ ပါရာဇိက-၌ အာပတ်မသင့်သောပုဂ္ဂိုလ်မျှားကို ထုတ်ပြပါ...?။

(၁၂၀) ဖြေ။ ။မသုဝယာ, မသိ ရူးတိတဖြာ၊
အာဒိကမ္မ ခိတ္တစိတ္တာ။
ဝေနာဒ္ဓ ပေါင်းက ခြောက်ဖြာ၊
ပါရာဇိ မ‌ဏ္ဍိ နာပတ္တာ။

● အသံဝါသော-၌ သံဝါသ သရုပ်ကိုထုတ်၍ အဓိပ္ပာယ် ရှင်းပြီးလျှင်၎င်း၏အရကိုလည်းအသီးသီးရေးခဲ့ပါ....?။

http://www.dhammadownload.com

(၁၂၁) ေျပ။ ။သံ၀ါသ သရုပ် အဓိပ္ပာယ်အရကား-

ကေကမ္မ - အတူပြုသော ကံကြီး-ကံငယ်။
သံယတ် ၄-မျိုး ရ၏။

ကေုဒ္ဓေသ - အတူပြုရသော ပါတိမောက္ခုဒ္ဒေသ။
ပါတိမောက္ခုဒ္ဒေသ ၅-မျိုးရ၏။

သမသိက္ခာ - အားလုံးညီတူညီမျှကျင့်ရသော သီလသိက္ခာ။
သိက္ခာပုဒ် အားလုံး ရ၏။

* ၉က ကမ္မ၊ ကုဒ္ဓေသ၊ သမသံ၀ါပြား။
* တူပြ ကမ္မ၊ ပါမောက္ခ၊ ကျင့်ရန် သီလများ။
* စတု ကမ္မ၊ ပါ-ပဌ၊ သမ္ဘ စဉ်တိုင်းထား။

● နိဒါန်းခေါ် သိက္ခာပုဒ် ပညတ်ရာ ဌာနများကို ရေးခဲ့ပါ...?။

(၁၂၂) ေျပ။ ။သိက္ခာပုဒ် ပညတ်ရာ ဌာနများကား—
၁-ေ၀ယာလီ၊ ၂-ရာဇဂြိုဟ်၊ ၃-သာ၀တ္ထိ၊ ၄-အာဠ၀ီ။
၅-ကောသမ္ဗီ၊ ၆-သက္က၊ ၇-ဘဂ္ဂတိုင်း-တို့ ဖြစ်ပါသည်။

* ေ၀,ရာ,သာ,အာ၊ ကော,သက္ကာ၊ ဘဂ္ဂါတိုင်းခုနစ်။

● နိဒါန်း,ပုဂ္ဂိုလ်,၀တ္ထုတို့၏ အဓိပ္ပာယ်ကို ရေးခဲ့ပါ....?။

(၁၂၃) ေျပ။ ။*သိက္ခာပဒ၊ ပညတ္တ၊ ဌာန နိဒါနေ။
*လွန်ကျူးသူက၊ ပုဂ္ဂလ၊ မူက ၀တ္ထုပေ။

---

http://www.dhammadownload.com

● ပညတ်တော် ၉-ပါးကိုအဓိပ္ပာယ်နှင့်တကွဖော်ပြပါ....?၊

(၁၂၄) ဖြေ။ ။ပညတ်တော် ၉-မျိုးကား-

* မူလ, အနု အနုပ္ပန္နံ၊
သမ္ဘတ္ထာ ပဒေသာပိစ။
သာဓာရဏာ အသာဓာရဏာ၊
ကေတော ဥဘတော နဝ။

၁-မူလပညတ်-အပြစ်ပေါ်စ ရှေဦးပထမ၌ ပညတ်ခြင်း။

၂-အနုပညတ်-နောက်ထပ်ဆင့်၍ ပညတ်ခြင်း, ခွင့်လွှတ်ခြင်း။

၃-အနုပ္ပန္နပညတ်-အပြစ်မပေါ်မီ ကြိုတင်၍ ပညတ်ခြင်း။

၄-သမ္ဘတ္ထပ္ပညတ်-ခပ်သိမ်းသော အရပ်ဒေသနှင့် ဆက်ဆံသော ပညတ်။

၅-ပဒေသပညတ်-မဇ္ဈိမဒေသနှင့်သာဆက်ဆံသောပညတ်တော် ၄-ပါး။

၆-သာဓာရဏပညတ်-ရဟန်း ယောကျ်ား, ရဟန်း မိန်းမ ၂-ဦး သက်ဆိုင်သော ပညတ်။

၇-အသာဓာရဏ ပညတ် - ရဟန်းမိန်းမနှင့်သာ သက်ဆိုင်သော ပညတ်။

၈-ကေတောပညတ်-ရဟန်း ယောကျ်ားနှင့်သာ သက်ဆိုင်သော ပညတ်။

http://www.dhammadownload.com

၉–ဥဘတောဝပညတ်–ရဟန်း ယောကျ်ား, ရဟန်း မိန်းမ ၂-ဦးလုံး သက်ဆိုင်သော ပညတ်။
ပေါင်း ၉-ပါး ဖြစ်ပါသည်။

● ပညတ်တော် ၉-ပါးကို ဘိက္ခု, ဘိက္ခုနီ အားလျော်စွာ ဝေဖန်ခွဲခြားပြပါ။

(၁၂၅) ဖြေ။ ။ကေတောကား....ဘိက္ခုသာ။
အနုပ္ပန္နဿ,အသာဓာရဏတို့ကား....ဘိက္ခုနီသာ။
ကြွင်း ၆-ပါးကား....ဘိက္ခု,ဘိက္ခုနီ-ဖြစ်ပါသည်။
* ဧ-ကျား,နုပ္ပ-ဘ၊ မ-ကြွင်းဆ၊ ကျား,မ နှစ်မျိုးဆိုင်။

● ပဒေသပညတ် ၄-ပါးကို ဖော်ပြပါ....?။

(၁၂၆) ဖြေ။ ။ပဒေသပညတ် ၄-ပါးကား–
၁–ဝိနည်းစိုရ်လျှင် ၅-ယောက် မြောက် သော ဂိုဏ်းဖြင့် ရဟန်း ခံနိုင်ခြင်း။
၂–အထပ်ထပ်သော ဒိန်းကို စီးနိုင်ခြင်း။
၃–အမြဲ ရေချိုးနိုင်ခြင်း။
၄–သားရေ အခင်းကို အသုံးပြုနိုင်ခြင်း၊ ပေါင်း ၄-ပါး။

" ငါးပါးပဋ္ဌင်း ခံခြင်း တဖြာ၊
မှားသော အထပ် ဖိနပ်စီးရာ။
အမြဲရေချိုး တမျိုးမှတ်ပါ၊
သားရေခင်း လေးစင်း ပဒေသာ။

● ပါတိမောက်လာ ပဒေသ ပညတ်ကို ဖော်ပြ၍၊ ပဒေသ ပညတ် သိက္ခာပုဒ်၏ အာပတ်သင့်ရာ,မသင့်ရာဌာနတို့ကို ရေးခဲ့ပါ....?။

http://www.mahamuni download.com

(၁၂၇) ဖြေ။ ။ပါတိမောက်လာ ပဒေသ ပညတ်ကား-

"ယော ပန ဘိက္ခု သြရေနဒ္ဓမာသံ နဟာယေယ္ယ (လ) အယံ တတ္ထ သမယော" ဟူသော နဟာနသိက္ခာပုဒ်ဖြစ်ပါသည်။ ပါတိမောက်၌ ပဒေသပညတ်တခုသာ လာသည်၊) ကြွင်းသိက္ခာပုဒ်တို့ကား....သဗ္ဗတ္ထ ပညတ်ချည်း ဖြစ်သည်။

ပဒေသ ပညတ်ဖြင့် မဇ္ဈိမ ဒေသ၌သာ အာပတ် သင့်၍ ပစ္စန္တရာဇ် အရပ်မျှား၌ အာပတ် မသင့်ပါ။

* သြရေနဒ္ဓ၊ နဟာယေယ္ယ၊ ပဒေသ ပညတ်ပေ။
* မဇ္ဈိမ-သင့်၊ ပစ္စန္တရာဇ်၊ မလင့် အာပတ္တိ။

● ဝိပတ္တိအပြားကို ရေး၍၊ ၎င်းတို့၏ ထူးခြားဟန်ကိုလည်း ရေးခဲ့ပါ....?။

(၁၂၈) ဖြေ။ ။ဝိပတ္တိအပြားကား-

၁-သီလ ဝိပတ္တိ၊ ၂-ဒိဋ္ဌိ ဝိပတ္တိ၊

၂-အာစာရ ဝိပတ္တိ၊ ၄-အာဇီဝဝိပတ္တိ၊ ပေါင်း ၄-ပါး။

ပါရာဇိကနှင့် သံဃာဒိသိသ် ဂရုကအာပတ် ၂-ပုံသည် **သီလဝိပတ္တိ**။

ကြွင်းသော လဟုကအာပတ် ၅-ပုံသည် **အာစာရဝိပတ္တိ**။ မိစ္ဆာဒိဋ္ဌိ,အန္တဂ္ဂါဟိကဒိဋ္ဌိသည် **ဒိဋ္ဌိဝိပတ္တိ**။

အသက်မွေးမှုကိုအကြောင်းပြု၍ ပညတ်သော သိက္ခာပုဒ် ၆-ပါးသည် **အာဇီဝ ဝိပတ္တိ**-ဖြစ်ပါသည်။

* သီ,အာ,ဒိဋ္ဌ,အာ၊ စတုဝေ၊ မှတ်ပါ ဝိပတ္တိ။
* ပါ,သံ,သီလ၊ ကြွင်းငါးဝ၊ အာစာရဟု သိ။
* အန္တဂ် မိစ္ဆာ-ဒိဋ္ဌိလာ၊ သိက္ခာ ဆ-အာဇီ။

---

http://www.dhammadownload.com

● အာဝဇ္ဇတ္တိသမုဋ္ဌာန် ၆-ပါးကိုရေးရ၏၊ သစိတ္တက, အစိတ္တက အားလျော်စွာ ဝေဖန်ခဲ့ပါ...?။

(ခ,၂,၉) ဖြေ။ ။အာဝဇ္ဇတ္တိ သမုဋ္ဌာန် ၆-ပါးကား—

၁-ကာယ၊ ၄-ကာယ, စိတ္တ၊
၂-ဝါစာ၊ ၅-ဝါစာ, စိတ္တ၊
၃-ကာယ, ဝါစာ၊ ၆-ကာယ, ဝါစာ, စိတ္တ။

သမုဋ္ဌာန် ၆-ပါးတို့တွင် ရှေ့ ၃-ပါးကား...အစိတ္တက။
နောက် ၃-ပါးကား...သစိတ္တက-ဖြစ်ပါသည်။

* ကာယ, ဝါစာ, ကာယ ဝါစာ၊
ကာယ စိတ္တ ဝါစာ, စိတ္တာ။
ကာ, ဝါ, စိတ္တ ဆ-သမုဋ္ဌာ၊
ရှေသုံး ၈၊ နောက်က ၁ စိတ္တာ။

● ကိရိယာ၏ အစွမ်းဖြင့် ပြားသော အာပတ် သရုပ်ကို ထုတ်ပြပါ....?။

(ခ,၃,၀) ဖြေ။ ။၁-ကိရိယ သမုဋ္ဌာန်၊
၂-အကိရိယ သမုဋ္ဌာန်၊
၃-ကိရိယာ ကိရိယ သမုဋ္ဌာန်၊
၄-သိယာ ကိရိယ သိယာ အကိရိယ သမုဋ္ဌာန်။
၅-သိယာ ကိရိယ သိယာ ကိရိယာ ကိရိယ သမုဋ္ဌာန်-ပေါင်း ၅ ပါး ဖြစ်ပါသည်။

http://www.dhammadownload.com

* မပြုအပ် ပြု' ပြုအပ်-မပြုချေ၊[1]
ပ-ပ, ပ-မ မှတ်ကြ တတ္ထေ၊[2]
ရံခါ မ-ပ ပ-မဖြစ်ချေ၊[3]
ရံ မ-ပ မ-ပ ပ-မ ပေ။[3]

မှတ်ချက်။ ။ မ-မပြုအပ်။
ပ-ပြုအပ်။
ရံ-ရံခါ-ဟု ဆိုလိုသည်။

ဥပမာ။ ။ မ-ပ, ပ-မ-မပြုအပ်သည်ကို ပြု၊ ပြုအပ်
သည်ကို မပြုခြင်း-ဟူလို။

● သညာ၏ အစွမ်းဖြင့်ပြားသောအာပတ်သရုပ်ကိုထုတ်၍။
ရင်းတို့၏ အထူးကို ရေးခဲ့ပါ....?။။

(၁၃၁) ဖြေ။ ။*သညာ, နောသညာ၊ ဝိမောက္ခာ။
သညာဘေဒ အာပတ္တာ။

အထူးကား-

၁-လွန်ကျူးလိုသောသညာမရှိက ပြုမိသော်လည်းအာပတ်
မသင့်ခြင်းသည် သညာဝိမောက္ခ-မည်၏။

၂-လွန်ကျူးလိုသောစေတနာမရှိစေကာမူ ပြုမိက အာပတ်
မှ မလွတ်ခြင်းသည် နောသညာ ဝိမောက္ခ-မည်၏။

* စေတနာမရှိ ပြုမိခဲ့ရာ၊
အာပတ်မသင့် မှတ်လင့် သညာ။
စေ....ပင်မရှိ ပြုမိ-သင့်တာ၊
နောသညာ မှတ်ကြ ဝိမောက္ခာ။

---

http://www.dhammadownload.com

(၂) စိတ်၏အခွင့်းဖြင့် ပြားသော အာပတ်သရုပ်ကို ထုတ်၍၊ ငါ့ရှင်တို့၏ အထူးကို ရေးခဲ့ပါ...?။

(ဝ၃ ၂) ပြေ။ ။*သစိတ္တက၊အစိတ္တ၊စိတ္တဘေဒါအာပတ္တာ။

အထူးကား-

၁-စိတ်ရှိ၍ ပြုခြင်းကြောင့် သင့်သော အာပတ်ကား.... သစိတ္တက။

၂-စိတ် ရှိသည်ဖြစ်ဝေ၊စိတ် မရှိသည်ဖြစ်စေ ပြုခြင်းကြောင့် သင့်သော အာပတ်ကား အစိတ္တက။ ဤသို့ ထူးပါသည်။

* စိတ်ရှိ ပြုထ သစိတ္တကာ၊
ရှိ-မရှိပြု မှတ်ရ အ-ပါ။
ဤသို့ ထူးခြား ကွဲပြား၊ နှစ်ပြား၊
သ-နှင့် စ နှ-အ တူမှတ်ပါ။

မှတ်ချက်၊ ။ သညာ ဝိမောက္ခနှင့် သစိတ္တက၊ နောသညာ ဝိမောက္ခနှင့် အစိတ္တကတို့သည် အတူတူပင် ဖြစ်သည်။

သညာဒုက်မှာ-အနာပတ္တိကို ပဓာနထား၍၊ စိတ္တဒုက်မှာ-အာပတ္တိကို ပဓာနထားသည်။ ဤသို့သာ ထူး၏။

(ခ) ဝင့်၏ အခွင့်းဖြင့်ပြားသော အာပတ်သရုပ်ကို ထုတ်၍၊ ငါ့ရှင်တို့၏ အထူးကို ရေးခဲ့ပါ...?။

(ဝ၃ ၃) ပြေ။ ။*လောက ဝင့်၊ ပဏ္ဏတ္တ၊ ဝင့်ဘေဒါ အာပတ္တာ။

အထူးကား-

၁-ပါရာဇိက ၁သည်တို့ကဲ့သို့ အကုသိုလ်စိတ်ဖြင့် လွန်ကျူးမှု သင့်သော အာပတ်မျိုးသည် လောကဝင့်။

http://www.dhammadownload.com

၂-ပထဝီ ခနန, သဟသေယျ - စသည်တို့ကဲ့သို့ ဘုရားရှင် ပညတ်ခြင်းကြောင့်သာ သင့်သောအာပတ်မျိုးသည် ပဏ္ဏတ္တိ ၀င်္ဂ မည်၏။ (ဤကား ...အထူး။)

* အကုစိတ်နှင့် ပြု-သင့် ပြစ်တွေ၊
လေဘက ၀ဇ္ဇ မှတ်ကြ ပါ၊ လေ။
ဘုရားပညတ် သင့်လတ် ၀ဇ္ဇေ၊
ပဏ္ဏတ္တိ မှတ်ဘိ အထူးပေ။

● ကမ္မ၏ အစွမ်းအားဖြင့် ပြားသော အာပတ် သရုပ်ကို ထုတ်၍၊ ၎င်းတို့၏ အထူးကို ရေးခဲ့ပါ....?။

(၁၃၄) ဖြေ။ ။*ကာယ, ၀စီ၊ နှစ်လီ ဒွါရ၊ အာပတ္တိ။ ကမ္မ အပြားပေ။

အထူးကား-

၁-ကာယဒွါရကြောင့် သင့်သောအာပတ်သည် ကာယကမ္မ-အာပတ်။

၂-၀စီဒွါရကြောင့် သင့်သော အာပတ်သည် ၀စီကမ္မ အာပတ်။

၃-နှစ်ပါးစုံကြောင့် သင့်သော အာပတ်သည် ကာယ-၀စီ ကမ္မ အာပတ်။

* ကိုယ်သင့်,နှုတ်သင့်၊ကိုယ်နှုတ်သင့်၊မှတ်လင့်ကမ္မေအာပတ္တေ။

● မနောဒွါရဖြင့် အာပတ် သင့်,မသင့် ဆုံးဖြတ်ခဲ့ပါ....?။

(၁၃၅) ဖြေ။ ။"မနောဒွါရေ အာပတ္တိနာမ နတ္ထိ" ဟု ဆိုသောကြောင့် မနောဒွါရဖြင့် အာပတ် မသင့်ပါ။

* မနောဒွါရိ၊ အာပတ္တိ၊ နတ္ထိ မှတ်ပါလေ။

---

http://www.dhammadownload.com

● အနိုးဌ် ချထားအပ်သော ရှေ့ငွေကို သာယာက အာပတ်သင့်ရာ၊ ထိုအာပတ်သည် မနောဒ္ဓါရကြောင့် သင့်သော အာပတ် မဟုတ်ပါလော ...?။

(၁၃၆) ဖြေ။ ။ထို အာပတ်သည် မနောဒ္ဓါရ ကြောင့် သင့်သော အာပတ် မဟုတ်၊ နှုတ်ဖြင့် မအပ်ဟု ပယ်ရမည်ကို မပယ်ခြင်း, ဆိတ်ဆိတ် နေခြင်းကြောင့် သင့်သော ဝစီဒ္ဓါရ အကိရိယ သမုဋ္ဌာန အာပတ်သာ ဖြစ်ပါသည်။ မနောဒ္ဓါရ ကြောင့် သင့်သော အာပတ် မဟုတ်ပါ။

* ရှေ့ငွေ စသား ချထားသောခါ၊
နှုတ်မြွက် တားမှ မပြု သာယာ။
ဝစီဒ္ဓါရ ကိရိယာ ကြောင့်သာ၊
ဖြစ်ဝေါ်လတ် ဒုက္ကဋ် အာပတ္တာ။

● အနုပညတ်အမျိုးအစားကိုရေး၍၊ ပထမ ပါရာဇိက အနုပညတ်သည် အဘယ်အနုပညတ်မျိုးဖြစ်ပါသနည်း ...?။

(၁၃၇) ဖြေ။ ။**အနုပညတ်သည်–**

၁–အာပတ္တိကရ အနုပညတ် = အာ ပတ် ထပ် သင့် အောင် ပြုတတ်သော အနုပညတ်။

၂–အနာပတ္တိကရ အနုပညတ်=အာပတ် ထပ်မသင့်အောင် ပြုတတ်သော အနုပညတ်။

၃–အာပတ္တိဥပတ္ထမ္ဘကရ အနုပညတ်=မူလအာပတ်ကိုခိုင်မြဲ အောင် ပြုတတ်သော အနုပညတ်၊ ပေါင်း ၃-ပါး။

ပထမ ပါရာဇိက အနုပညတ်သည် အာပတ္တိ-ဥပတ္ထမ္ဘကရ အနုပညတ်မျိုး ဖြစ်ပါသည်။

http://www.dhammadownload.com

* အာ, အနာ, ဥ၊ ဤသုံးခု၊ အနုပညတ်ပြား။
အာပတ်ထပ်သင့်၊ ထပ်မသင့်၊ မြိုလင့် ပြုတတ်ပြား။

● ပထမပါရာဇိက-၌ မူလပညတ်, အနုပညတ်တို့ကို ခွဲခြားပြပါ....?။

(၁၃၈) ဖြေ။ ။ယော ပန ဘိက္ခု မေထုနံ ဓမ္မံ ပဋိသေဝေယျ၊ ပါရာဇိကော ဟောတိ အသံဝါသော်ကား....မူလပညတ်။

အန္တမသော တိရစ္ဆာနဂတာယပိ-ကား....ပထမအနုပညတ်။

ဘိက္ခုနံ သိက္ခာသာဇီဝ သမာပန္နော သိက္ခံ အပစ္စက္ခာယ ဒုဗ္ဗလျံ အနာဝိကတ္တာ-ကား.... ဒုတိယ အနုပညတ်-ဖြစ်ပါသည်။

ပထမ ပါရာဇိက ပြီး၏။

"ဒုတိယ ပါရာဇိက"

● ဂါမာဝါ အရညာဝါ-၌ ဂါမ-အရ, အရည-အရတို့ကို ပိုင်းခြားပြပါ....?။

(၁၃၉) ဖြေ။ ။ဂါမအရကား-

အကာအရံ ခြံစည်းရိုးရှိသော ရွာဖြစ်က ခြံစည်းရိုး အထိ သည် ဂါမ။ ။ခြံစည်းရိုးမရှိသော ရွာဖြစ်က ရွာ၏ အဆုံးစွန် အိမ် ဥပစာ၌ တည်နေသော အား - အလယ်, အလတ်ရှိသော

http://www.dhammadownload.com

ယောက်ျားသည် အားကုန်လွှဲ၍ ပစ်အပ်သော ခဲကျရာ(ခဲတကျ) အရပ်အတွင်းသည် ဂါမ-မည်သည်။

ဂါမ, ဂါမူပစာရတို့မှ အပြင်ဘက် ကျသော အရပ်သည် အာရညc-မည်ပါသည်။

* ခြံစည်းရိုးရှိ၊ ရွာဖြစ်ဘိ၊ စည်းထိ ဂါမပေ။
* **စည်းရိုးမရှိ၊ ရွာဖြစ်ဘိက၊ ရွာ၏ဆုံးရာ၊ဃရွစာ၌၊ တည်ခါနေဠြား၊ အားရှိ'ကျား'၏၊ အားကုန်လွှဲရ၊ ခဲတကျ၊ ဂါမ မည်သလော။**
* ဂါမ, ဂါမူ၊ ပြင်ဘက်မူ၊ မှတ်ယူ အရညcေ။
* **စည်းရိုးရံ့ရှိ၊ စည်းထိ ဂါမာ၊**
  မရှိ စွန်ကျ ဃရဥပစာ။
  ထိုမှ ယောက်ျား၊ တအားလွှဲကာ၊
  ခဲ ပစ်လတ် တွင်းရပ် ဂါမသာ။

● **အိမ်မည်မျှရှိမှ ဂါမ(ရွာ)ဟု ခေါ်နိုင်ပါသနည်း....?။**

(၁၄၀) ဖြေ။ ။တအိမ်တည်းပင် ရှိစေ ဂါမ(ရွာ)ဟု ခေါ်ရပါသည်။ အယုတ်ဆုံးအားဖြင့် အိမ်ပင် မရှိသော်လည်း မိုး ၄-လထက်အလွန် လှည်းကုန်သည်တို့ စခန်းချနေပူးသော အမှတ်မရှိသောအရပ်ကိုပင်လျှင် ဂါမ(ရွာ)ဟု ခေါ်ရပါသည်။

* **တအိမ်တည်းပ၊ ရှိစေကာ၊ ဂါမ ခေါ်ရပါ။**
* **မိုးလေးလနေ၊ ထို ဌာနေ၊ ဂါမေ ဖြစ်သည်သာ။.**

---

http://www.dhammadownload.com

● ဂါမ-နှင့် ဂါမူပစာရ-အရကို အကာအရံရှိသော, မရှိသော ရွာအဘားလျှော်စွာ ပိုင်းခြားပြပါ..?။

(၁၄၁) ဖြေ။ ။**အကာအရံရှိသော ရွာအတွက်–**

အကာအရံ ခြံစည်းရိုးအထိ ဂါမ-မည်သည်။

ရွာစည်းရိုး အလယ်တည့်တည့် (တံခါးခုံ) မှ နေ၍ ပစ်အပ်သော ပထမဆုံး ခဲကျရာ(ခဲတက္ကျ)အရပ်တွင်းသည် **ဂါမူပစာရ-**မည်သည်။

အကာအရံ မရှိသော ရွာအတွက်–

ရွာ၏အာဆုံးစွန် အိမ်ဥပစာမှနေ၍ပစ်အပ်သော ပထမခဲတက္ကျ အရပ်သည် **ဂါမ-**မည်သည်။

ထို ခဲတက္ကျ အရပ်မှနေ၍ ဆက်လက် ပစ်အပ်သော ဒုတိယ ခဲတက္ကျ အရပ်သည် **ဂါမူပစာရ-**မည်သည်။

● ဃရ-နှင့် ဃရူပစာရ-အရကို ပိုင်းခြားပြပါ..?။

(၁၄၂) ဖြေ။ ။**တစက်မြိတ် ရေကျရာအရပ်အတွင်းသည် ဃရ(အိမ်)**မည်၏။

အကာအရံ ခြံစည်းရိုးရှိသော အိမ်ဖြစ်က **အကာအရံ** အထိ **ဃရူပစာရ (**အိမ်ဥပစာ) **မည်**၏။

ခြံစည်းရိုးမရှိက အိမ်တံခါးမှနေ၍ **မာတုဂါမ**သည် **သွန်ပစ်**ချလိုက်သော ရေ-စသည်တို့၏ ကျရာ **အရပ်**သည် **ဃရူပစာရ-**မည်၏။

http://www.dhammadownload.com

* တံစက်မြိတ်တွင်း ခေါ်ခြင်း ဃရာ၊
စည်း-ရှိ အိမ်မျိုး စည်းရိုး ရံပါ။
မရှိ ရေ-ပစ် ကျလစ်ဌာနာ၊
ဃရုပ စာရ ခေါ်သည်သာ။

● ဂါမဖြင့် ရွာကိုသာ မယူပဲ၊ အဘယ့်ကြောင့် ရွာ၏ ဥပစာ
ကိုပါ ယူရပါသနည်း။ နိဂမ (နိုဂုံး), နဂရ (မြို့) တို့ကို
ဂါမာဝါ, အရညာဝါ-တို့တွင် အဘယ်၌ သွင်းရမည်ကို
ရေးခဲ့ပါ...?။

(၁၄၃) ဖြေ။ ။ခိုးယူရာအရပ်မလစ်လပ်စေလိုသောကြောင့်
ဂါမဖြင့် ရွာကိုသာမက ရွာ၏ ဥပစာကိုပါ ယူရပါသည်။
နိဂမ, နဂရ-တို့ကို ဂါမာဝါ, အရညာဝါတွင် ဂါမာဝါ ၌
သွင်းရပါမည်။

* ခိုးယူရာ-ရပ်၊ မလပ်စေဘဲ၊ ကြောင့်တွက်တာ၊ ယူပါဥပစာ။
* နိုဂုံး, နဂရာ၊ ထိုနှစ်ဖြာ၊ ဂါမာ၌ သွင်းရာ၊

● ဒုတိယ ပါရာဇိကလာ "အဒိန္နံ" နှင့် ဒန္တပေါဏ သိက္ခာ
ပုဒ်လာ "အဒိန္နံ" အထူးကို ရေးခဲ့ပါ....?။

(၁၄၄) ဖြေ။ ။ *ပရ ဟရိဂ္ဂဟိတ သန္တက ရှေ,ဝေ
ဒုတိ-ပါရာ့ အဒိန္နပေ။
ကပ် ခံမပြု ဝတ္ထု ထွေထွေ
ဒန်ပေါဏ မှတ်ကြ အဒိန္နေ။

● အဘယ့်ကြောင့် ထေယျသံ၏တံ-ဟု-ဟောတော်မူရ
ကြောင်းကိုရေး၍, ထေန, ထေယျ, ထေယျသံ၏တ-တို့၏
အရကို ကောက်ပြပါ....?။

http://www.dhammadownload.com

(၁၄၅) ဖြေ။ ။*တာ၁ကာလီ ဝိဿာသိက်၊
တားမြစ်လိုထ ထေယျ သခ်ါတံ။
ခိုးသူ့ထေန ဘာ၁ စိတ္တံ၊
မှတ်လိုက်ကြ ထေယျ, ထေခါတံ။

● ခိုးခြင်း ၂၅-ပါးသရုပ်ကိုအကျဉ်းချုပ်ထုတ်ဖော်ပြပါ?။

(၁၄၆) ဖြေ။ ။ခိုးခြင်း ၂၅-ပါး သရုပ်ကား—

၁—နာနာဘဏ္ဍ ပဋ္ဌက	၅-ပါး၊
၂—ကေဘဏ္ဍ ပဋ္ဌက	၅-ပါး၊
၃—သာဟတ္ထိက ပဋ္ဌက	၅ ပါး၊
၄—ပုမ္မပယောဂ ပဋ္ဌက	၅-ပါး၊
၅—ထေယျာ၁ဟာရ ပဋ္ဌက	၅-ပါး၊ ပေါင်း ၂၅-ပါး။

● နာနာဘဏ္ဍ ပဋ္ဌကနှင့် ကေဘဏ္ဍ ပဋ္ဌက အထူးကို ရေးခဲ့ပါ...?။

(၁၄၇) ဖြေ။ ။*သဝိညာဏ၊ အဝိည၊ နှစ်၀ ဆိုင်နာနာ။
*သဝိညာဏ၊တပါးသာ့ဆိုင်ထ ကေသာ။

● နာနာဘဏ္ဍ ပဋ္ဌက သရုပ်ကို အဓိပ္ပာယ်နှင့်တကွ ထုတ်ပြပါ...?။

(၁၄၈) ဖြေ။ ။

နာနာဘဏ္ဍ ပဋ္ဌကသရုပ် အဓိပ္ပာယ်ကား—

၁—အာဝိယေယျ—တရားတော့ရ၍ ခိုးခြင်း။
၂—ဟရေယျ —ဆောင်ယူခဲ့သော ဥစ္စာကို ခိုးခြင်း။

http://www.dhammadownload.com

၃–အဝဟရေယျ = မိမိအပ်နှံထားသော ဥစ္စာကို ခိုးခြင်း။

၄–ဣရိယာပထ ဝိကောပေယျ = ဣရိယာ ပုထိ.ကို ဖျက်၍ ခိုးခြင်း။

၅–ဌာနာစာဝေယျ = တည်ရာမှ ရွှေ့လျောစေ၍ ခိုးခြင်း။

* အာဒိ, ဟရ၊အဝ, ဣရိယာ၊ဌာနာစာ၊နာနာဘဏ္ဍပဋိက။
* တရားတော်မှု၊ခေါင်ယူ, အင်္ဂန်၊ဣရိယိယ်ဖျက်၊တည်ရာပျက်၊ ငါးချက် အဓိပ္ပာ။

မှတ်ချက်။ ။ကေဘဏ္ဍသရုပ်, အဓိပ္ပာယ်လည်းနာနာဘဏ္ဍ ပဋိကနှင့် အတူတူပင် ဖြစ်သည်။

● နာနာဘဏ္ဍ ပဋိက-အရ၊ အာပတ် သင့်ပုံ အသီးသီးကို ရေးခဲ့ပါ....?။

(၁၄၉) ဖြေ။ ။**အာဒိယေယျ-ဟရ အာပတ်သင့်ပုံ–**

* ဥယျာဉ်စသား သူမျှား ဥစ္စာ၊
  တရားတော်လတ် ဒုက္ကဋ် သင့်ပါ။
  ယုံမှားစိတ်ဖြစ် ထုလ္လစ္စယာ၊
  ဆုံးဝန်ချ လျှောကျ တင်သိက္ခာ။

ဟရေယျ

* လူကြုံပါးတဲ့ ဆောင်ခဲ့ဥစ္စာ၊
  ခိုးလိုစိတ်ဓာတ် သုံးသပ် ဒုက္ကာ။
  တုန်လှုပ်စေခြား မှတ်သား ထုလ္လာ၊
  ပခုံးချ နေရာ့ရှေ့ပါရာ။

https://myanmarlibrary.com/download.com

ဘဝဟာရေယျ

* အပ်နှံ၍ထား သူမျှား ဥစ္စာ၊
ပြန်တောင်း မသိ ငြင်းဘိ ဒုက္ခာ။
ပိုင်ရှင် ယုံမှား သင့်ငြား ထုလ္လာ၊
ဆုံးဝန်ချ မရ ပါဇိကာ။

ဣရိယာပထ ဝိကောပေယျ

* ဥစ္စာဆောင်လင့် သူနှင့် မကွာ၊
ခိုးရန် ရှေ့ရှု တွေးမှု စိတ္တာ။
ပ-ခြေ လွန်လစ် ထုလ္လစ္စယာ၊
ဒု-ခြေကျ သင့်ထ ပါရာဇိကာ။

ဌာနာဘာဝေယျ

* နေရာ တခုခု ထားပြု ဥစ္စာ၊
ခိုးလို စိတ်ဓာတ် သုံးသပ် ဒုက္ခာ။
လှုပ်စေခဲ့ငြား မှတ်သား ထုလ္လာ၊
တည်ရာမှ ရှေက ပါဇိကာ။

● သာဟတ္ထိက ပဌက သရုပ်ကို အဓိပ္ပာယ်နှင့်ကကွ ထုတ်ပြပါ....?။

(၁၅၀) ဖြေ။ ။

သာဟတ္ထိက ပဌက သရုပ် အဓိပ္ပာယ်ကား-

၁-သာဟတ္ထိက-မိမိကိုယ်တိုင် ခိုးခြင်း။
၂-အာဏတ္ထိက-သူတပါးကို စေခိုင်း၍ ခိုးခြင်း။
၃-နိဿဂ္ဂိယ-ပြင်ပသို့ ပစ်လွှင့်၍ ခိုးခြင်း။

http://www.dhammadownload.com

၄–အတ္တသာဝက–စုမ်ိုးနိုင်သောအခါမှာ ခိုးချေ-ဟု စေခိုင်း၍ ခိုးခြင်း၊(ဝါ)မခိုးမီကပင်အာပတ်သင့်သောခိုးခြင်း။

၅–ဝုဏှနိုကျေမ–ပစ္စည်းရှင် ဝန်ချသဖြင့် ခိုးခြင်း။ ပေါင်း ၅-ပါး ဖြစ်ပါသည်။

* သာ,အာ,နိသ,အတ်၊ ဝ-ငါးရပ်၊ သာဟတ် ပဌက။
* ကိုယ်ဘိုင်,မုဇထ၊ပစ်ချ,စွန်းခိုး၊ဝန်ချခိုး၊ငါးမျိုးသာဟတ်၊ ဓိပွာယ်မှတ်။

● အာဏတ္တိက-နှင့် အတ္တသာဝက ခိုးခြင်း အထူးကို ရေးခဲ့ပါ...?။

(၁၅၁) ဖြေ။ ။အချိန်ပိုင်း၍ခိုးခိုင်းအာဏတ်၊ မပိုင်းမှတ်၊ ခိုင်းလတ် အတ္တသာ။

● ပုဗ္ဗပယောဂ ပဌက သရုပ်ကို အဓိပွာယ်နှင့် တကွ ထုတ်ပြပါ....?။

(၁၅၂) ဖြေ။ ။

ပုဗ္ဗပယောဂ ပဌက သရုပ် အဓိပွာယ်ကား–

၁–ပုဗ္ဗပယောဂ–စေခိုင်း၍ ခိုးခြင်း။ (အာဏတ္တိကနှင့် တူ)

၂–သဟပယောဂ–တည်ရာမှ ရွှေ့စေ၍ ခိုးခြင်း။ (ဌာနာစာဝေယျနှင့် တူ)

၃–သံဝိဓာဝဟာရ–တိုင်ပင်၍ ခိုးခြင်း။

၄–သကေါ်တကမ္မ–အခါပေး၍ ခိုးခိုင်းသည်ကို မှတ်ထား၍ ခိုင်းခြင်း။

http://www.dhammadownload.com

၅–နိမိတ္တကမ္မ–မျက်စိမှိတ်,လည်ညိတ်အရိပ်ပြ၍ခိုးခိုင်းခြင်း။
ပေါင်း ၅.ပါး ဖြစ်ပါသည်။

* ပုဗ္ဗ,သဟ၊ သံဝိဓနှင့်၊ သင္ကေတ, နိမိတ္တာ၊ ဣရိယာပထ၊ မှတ်ပါ ပုဗ္ဗပယောဂ။

● ထေယျာဝဟာရ ပဋ္ဌက သရုပ်ကို အဓိပ္ပာယ်နှင့် တက္ကထုတ်ပြပါ ...?။

(၁၅၃) ဖြေ။ ။

ထေယျာဝဟာရ ပဋ္ဌကသရုပ် အဓိပ္ပာယ်ကား–

၁–ထေယျာဝဟာရ–စဉ်းလဲ၍ ခိုးခြင်း။
၂–ပသယှာဝဟာရ–အတင်း လုယက်၍ ခိုးခြင်း။
၃–ပရိကပ္ပာဝဟာရ–ကြံဆ၍ ခိုးခြင်း။
၄–ပဋိစ္ဆန္နာဝဟာရ–ဖုံးလွှမ်း၍ ခိုးခြင်း။
၅–ကုသာဝဟာရ–အမှတ်,ကမ္မည်း ပြောင်းလဲ၍ ခိုးခြင်း။
ပေါင်း ၅.ပါး ဖြစ်ပါသည်။

* ထေယျာ,ပသယှ၊ တဝ ပရိက်၊ ပဋိစ္ဆ၊ ကုသ ထေ ပဋ္ဌ။
* စဉ်းလဲ,လုထ၊ကြံဆ,ဖုံး၄က်၊ကမ္မည်းမျက်၊ငါးချက်အဓိပ္ပာယ်။

● ပရိကပ္ပာဝဟာရ၏ သရုပ်ကို ထုတ်ပြပါ....?။

(၁၅၄) ဖြေ။ ။ပရိကပ္ပာဝဟာရသည်–

၁–ဘဏ္ဍပရိကပ္ပာဝဟာရ–ဥစ္စာကို ကြံဆ၍ခိုးခြင်း။
၂–သြကာသ ပရိကပ္ပာဝဟာရ–အရပ်ကို ကြံဆ၍ ခိုးခြင်း။
ပေါင်း ၂.ပါး ဖြစ်ပါသည်။

* ဘဏ္ဍ,သြကာ၊ ရိကပ္ပာ၊ ဥစ္စာ, ရပ်–ကြီးနိုး။

---

http://www.dhammadownload.com

● စတုဝိသာ သံယိုက-ကျောင်းအား အနိုင်အထက်လုယက်ယူသော ရဟန်း၊ ဂဏိက-ကျောင်းအား တရားဆင်၍ လုယက်ယူသော ရဟန်းတို့အား ဓုရနိုကွေပ ဖြစ်, မဖြစ် စိစစ်ခဲ့ပါ....?။

(၁၅၅) ဖြေ။ ။ခပ်သိမ်းကုန်သောရဟန်းတို့၏ဝန်ချခြင်း မရှိသည်၏ အဖြစ်ကြောင့် သံယိုက-ကျောင်းအား အနိုင်အထက်လုယက်သော ရဟန်းအား ဓုရနိုကွေပ မဖြစ်ပါ။

ဂဏိက-ကျောင်းကို တရားဆင်၍ လုယက်ယူသော ရဟန်းအား ထိုဂိုဏ်းတွင် မပါဝင်က ဓုရနိုကွေပ ဖြစ်၏။ ပါဝင်က မဖြစ်ပါ။

● ဒုတိယ ပါရာဇိက သိက္ခာပုဒ်လာ ရာဇာနော-အရ ရည်ရွယ်ယင်း မင်း-ကို ဖော်ပြ၍၊ တထာရူပ်-အရ ပါရာဇိက ဖြစ်လောက်သော ဘဏ္ဍာကို ရေးသားခဲ့ပါ....?။

(၁၅၆) ဖြေ။ ။ရာဇာနော-အရ ဗိမ္ဗိသာရမင်းကိုသာယူရပါမည်၊ တထာရူပ်-အရ သက်ရှိ-သက်မဲ့ဖြစ်သောတမတ်, တမတ်ထက် အလွန်ထိုက်သော ဘဏ္ဍာသည် ပါရာဇိကလောက်သော ဘဏ္ဍာ ဖြစ်ပါသည်၊ ထိုဘဏ္ဍာကို တထာရူပ ဆိုရပါသည်။

* သက်ရှိ, သက်မဲ့ ဖြစ်ခဲ့လေပါ၊
ဝါမတ်နှင့် ထက် လွန်ရျက် ဘဏ္ဍာ။
တထာရူပ ဆိုရလေတာ၊
ရာဇာနံ ယူရန် ဗိမ္ဗိသာ။

● စောရံ-အရ၊ ဤသိက္ခာပုဒ်၌ ဘုရိုရှိအပ်သော စောရ-ကို ပြဆိုခဲ့ပါ...?။

http://www.dhammadownload.com

(၁၅၇) ဖြေ။ ။စောရ-အရ၊တမတ်,ထမတ်ထက် အလွန်ထိုက်သော လူ-ဖြစ်သော ဥစ္စာရှင်သည် ကိုယ်,နှုတ်ဖြင့် မပေးအပ်သော ဥစ္စာကို ခိုးယူလိုသောစိတ်ဖြင့် ခိုးယူသော ရဟန်းကို စောရ-ဟု ဆိုလိုပါသည်။

● ကဟာပဏ, ပါဒ, မာသက - အရတို့ကို ပိုင်းခြား ပြ၍၊ ပါဒ-အရ ရွှေလော,ငွေလော ခွဲခြားခဲ့ပါ....?။

(၁၅၈) ဖြေ။ ။တကျပ်ကား ...ကဟာပဏ။
တကျပ်၏ ၄-ပုံ ၁-ပုံကား....ပါဒ။
တကျပ်၏ ၂၀-ပိုင်း ၁-ပိုင်းကား.... မာသက။

ပါဒ-အရ ပါဠိတော်ဘဋ္ဌကထာတို့၌ ရွှေဟူ၍လည်းကောင်း၊ ငွေဟူ၍လည်းကောင်း ခွဲခြားချက် မရှိပါ။ သုဝဏ္ဏ ကဟာပဏ ဖြစ်လျှင် ရွှေ-တမတ်၊ မိဿက ကဟာပဏ ဖြစ်လျှင် ငွေ-တမတ် ဟု ယူသင့်ပါသည်။

● ပါဒ-အရ အဘယ်သို့သော ကဟာပဏ၏ပါဒ-ကို ယူရမည်နည်း....?။

(၁၅၉) ဖြေ။ ။ပါဒ-အရ- ဝိနယသာရ ဂဏ္ဌိအလို.... ရွှေ-တမတ်, ငွေ တမတ်, ကြေးနီ - နှစ်မတ် ရောစပ်ပြုသော ကဟာပဏ၏ ၄-ပုံ, ၁-ပုံသည် ပါဒ-တမတ်ဟု ဆိုသည်။

ဝိမတိဝိနောဒနီ ဋီကာအလို... ရွှေစင် တကျပ်၏ ၄-ပုံ, ၁-ပုံ (ရွှေစင် ၅ ပဲ)သည် ပါဒ-တမတ်ဟု ဆိုအည်။

မှတ်ချက်။ ।ကဟာပဏ တဘုမှာ မာသက ၂၀-ရှိသဖြင့် တကျပ်၏ ၄-ပုံ, ၁-ပုံကို ၅-ပဲဟုဆိုသည်।ဤ၌ တမတ်နှင့် ၅-ပဲကား-အတူတူဟုမှတ်ယူရမည်။

http://www.dhammadownload.com

ဆရာကြီးမျှား အလိုအရာ ပါဒ - ဟူသည်ကား ... ရှေ့-တပဲ, ငွေ့-တပဲ, ကြေးနီ-တပဲ, ကြေးဖြူ-တပဲ, ခဲမစင်-တပဲ၊ ပေါင်း ၅-ပ် ဟု ဆိုသည်။ ရှေ့ဖြစ်လျှင် တမတ်၊ ငွေ့ ဖြစ်လျှင် ၅-ကျပ် ဟူ၍ လည်း ဆိုဘော်မူကြသေး၏။

● အဘယ်ကဲ့သို့ ပြု လုပ် ထား သော ဒဂ်ါးသည် နီလ ကဟာပဏ-မည်ပါသနည်း...?။

(၁၆၀) ဖြေ။ ။ရှေ့ ၅-ပဲ, ငွေ့ ၅-ပဲ, ကြေးနီ ၁၀-ပဲ, သံ စပ်ါးတလုံးခန့် ရောရ၍၊ အမှတ်တံဆိပ် ခတ်နှိပ်ခါ သုံးစွဲအပ် သော ဒဂ်ါးသည် နီလကဟာပဏ မည်ပါသည်။

● ဒုတိယ ပါရာဇိက သိက္ခာပုဒ်၌ ဖြစ်ထိုက်သော အာပတ္တိ ဘေဒ သရုပ်ကို ထုတ်ပြ၍၊ မခိုးမီ လုံ့လပြုခြင်း, သုံးသပ် ကိုင်တွယ်ခြင်း, လှုပ်ရှားစေခြင်းတို့၌ အဘယ် အာပတ် မျှား သင့်ပါသနည်း ...?။

(၁၆၁) ဖြေ။ ။ဒုတိယ ပါရာဇိက သိက္ခာပုဒ်၌ ဖြစ်ထိုက် သော အာပတ္တိဘေဒကား....ဒုက္ကဋ်, ထုလ္လစ္စည်း, ပါရာဇိက-တို့ ဖြစ်ပါသည်။

မခိုးမီ လုံ့လပြုခြင်း, သုံးသပ်ကိုင်တွယ်ခြင်း၌ ဒုက္ကဋ်၊ လှုပ်ရှား စေခြင်း၌ ထုလ္လစ္စည်းအာပတ် သင့်ပါသည်။

* ဒုက်, ထုလ, ပါရာ၊ ၍သုံးဖြာ၊ ဒု....ပါဘေဒ အာပတ္တ။
* လုံ့လ သုံးသပ်၊ သင့် ဒုက္ကဋ်၊ လှုပ်အပ် ထုလ္လစ္စ။

● အာဒိယေယျ-အရ၊ အဘယ်မျှလောက်သော ဥစ္စာကိုခိုးယူ က အဘယ်အာပတ် သင့်သည်ကို ခွဲခြား၍ ပရိယာယ် အားဖြင့် ခိုးက အာပတ်မှ လွတ်, မလွတ်ဆုံးဖြတ်ခဲ့ပါ-?။

http://www.dhammadownload.com

(၁၆၂) ပြေ။ ။တပဲ, တပဲ အောက် ခိုးက ဒုက္ကဋ်၊ တပဲ အထက် ၅-ပဲ (တမတ်) အောက် ခိုးက ထုလ္လစ္စည်း၊ ၅-ပဲ, ၅-ပဲ ထက်အလွန် ခိုးပါက ပါရာဇိကအာပတ် သင့်ပါသည်။

အဒိန္နာဒါနေအာဒီယေယျ-ဟူ၍ ဗေဟာတော်မူသောကြောင့် ပရိယာယ်အားဖြင့် ခိုးက ဒုတိယ ပါရာဇိက သိက္ခာပုဒ်-အရ အာပတ် မသင့်ပါ။

* ပဲအောက် တပဲ သင့်မြဲ ဒုက္ကာ၊
ပဲထက် ငါးအောက် သင့်မြောက်ထုလ္လာ။
ငါးပဲထက် ခိုး သင့်ရိုး ပါရာ၊
ပရိယာယ် မတွယ် အာပတ္တာ။

● ဒုတိယပါရာဇိက၏နိဒါန်း, ပုဂ္ဂိုလ်, ဝတ္ထုတို့ကိုထုတ်ပြ၍ မူလပညတ်, အနုပညတ်တို့ကို ခွဲခြားပြပါ....?။

(၁၆၃) ပြေ။ ။နိဒါန်းကား....ရာဇဂြိုဟ်၊
ပုဂ္ဂိုလ်ကား....ဓနိယထေရ်၊
ဝတ္ထုဆံ့ကား....ဇိမ္ဘိသာရမင်းကြီး၏
သစ်မျှား ခိုးယူခြင်း၊
ဂါမာဝါ အရညာဝါကား . အနုပညတ်။
အကြွင်းကား....မူလပညတ် ဖြစ်ပါသည်။

● အနုပညတ် ၃-မျိုးတွင် ဒုတိယပါရာဇိကလာအနုပညတ် သည် အဘယ် အနုပညတ်မျိုး ဖြစ်ပါသနည်း။

(၁၆၄) ပြေ။ ။အာပတ္တိ ဥပထမ္ဘကရ အနုပညတ်မျိုး ဖြစ်ပါသည်။

---

http://www.dhammadownload.com

ဒုတိယ ပါရာဇိက သိက္ခာပုဒ်၏ အဂါဝသရုပ်ကို ထုတ်ပြ၍၊ ထိုသိက္ခာပုဒ်၌ အာပတ် မသင့်ကောင်းသော ပုဂ္ဂိုလ်မျှားကို ရေးခဲ့ပါ ..?။

(၁၆၅) ဖြေ။ ။ဒုတိယ ပါရာဇိက၏ အဂါကား—

၁–လူ၏ဥစ္စာ ဖြစ်ခြင်း၊
၂–လူဥစ္စာဟု အမှတ်ရှိခြင်း၊
၃–ခိုးလိုသော စိတ်ရှိခြင်း၊
၄–ပါရာဇိကလောက်သော ဝတ္ထုဖြစ်ခြင်း၊
၅–ခိုးခြင်း ၂၅ ပါးတို့တွင် တပါးပါးဖြင့် ခိုးခြင်း၊
ပေါင်း ၅-ပါး ဖြစ်ပါသည်။

" လူဥစ္စာဖြစ်' မှတ်လစ် သည်ဘာ၊'
ခိုးလို စိတ္တ' လောက်သ ဘဏ္ဍာ။'
ထိုဝတ္ထုခိုး' ငါးမျိုး အဂါ၊
ပြိုလေက သင့်ထ ပါဒိကာ။

ထိုသိက္ခာပုဒ်အရ အာပတ် မသင့်သော
ပုဂ္ဂိုလ်မျှားကား—

" သကသည် ဝိဿသဂ္ဂါ၊
ခဏ ယူငှါး နှတ်မျှာ၊ ဥစ္စာ။
ပံသုကူလ သည်ဘ တဖြာ၊
ဌာ'လေဘိ မပြို နာဝတ္ထာ။

ဒုတိယ ပါရာဇိက ပြီး၏။

http://www.dhammadownload.com

"တတိယ ပါရာဇိက"

● မနုဿ ဝိဂ္ဂဟ-အရ၊ အဘယ်မှစ၍ အဘယ်ကို ယူရ မည်နည်း ...?။

(၁၆၆) ဖြေ။ ။မနုဿ ဝိဂ္ဂဟ-အရ၊ ကလလ ရေကြည် တည်သောအခါမှစ၍ အသက်ရှိသောလူဇာတ်ဖြစ်သောကိုယ်ကို ယူရပါမည်။

" ကလလ ရေကြည်၊ စ-တည်ခါမှတ်၊ သက်ရှိ လတ်၊ လူဇာတ် ကိုယ်ကိုယူ။

● ဇီဝိတာ ဝေါရောပေယျ-ဟူသည် အဘယ်သို့ ပြုသည်ကို ဆိုလိုပါသနည်း....?။

(၁၆၇) ဖြေ။ ။ကလလ ရေကြည်တည်သောအခါ၌လည်း မီးကင်ခြင်း, နှိပ်နယ်ခြင်း, ကိုယ်ဝန်ကျေတော်သော ဆေးတို့ ကို ပေးခြင်း, အမျှ၁ - စသည်တို့၌ ထိုနှင့်လျော်သော လုံ့လ ပြုခြင်းတို့ဖြင့် အသက်မှ ခွင်းခြင်းကို ဇီဝိတာ ဝေါရောပေယျ-ဟု ဆိုပါသည်။

" ရေကြည်ကလလ တည်စ ကာလေ၊
မီးကင်, နှိပ်ခုပ်း ကျွေးတိုက်ခွေ့။
လုံ့လ စုပေါင်း ပြုကြောင်း ထွေထွေ၊
ဇီဝိတ မှတ်ကြ ဝေါရောပ။

● ဇီဝိတိန္ဒြေ·သရုပ်ကိုထုတ်၍၊ ဤ၌ လိုအပ်သော ဇီဝိတိန္ဒြေ ကို ညွှန်ခဲ့ပါ....?။

(၁၆၈) ဖြေ။ ။ဇီဝိတိန္ဒြေသည်ရုပ်ဇီဝိတိန္ဒြေ, နာမ်ဇီဝိတိန္ဒြေ အားဖြင့် ၂-ပါး ရှိပါသည်။

http://www.dhammadownload.com

ဤ၌ ရူပ်ဇီဝိတိန္ဒြေကို လိုအပ်ပါသည်။
ရူပ်-နာမ်, ဇီဝိ၊ နှစ်ပါးရှိ၊ လိုဘိ ရူပ်ဇီဝိန်။

● အဘယ့်ကြောင့် ရူပ်ဇီဝိတိန္ဒြေကိုသာ အလိုရှိအပ်၍၊ နာမ်ဇီဝိတိန္ဒြေကို အလိုမရှိအပ်ပါသနည်း....?။

(၁၆၉) ဖြေ။ ။ရူပ် ဇီဝိတိန္ဒြေသည် နာမ် ဇီဝိတိန္ဒြေ၏ ၁၇-ချက်တိုင်မှ ချုပ်သဖြင့် အသက်ရှည်ကြာ၍ ချခြင်းငှါ စွမ်းနိုင်သောကြောင့် လိုအပ်သည်၊ နာမ်ဇီဝိတိန္ဒြေကား-ဥပါဒ်, ဌိ,ဘင်-အာဝေးဖြင့် လျင်မြန်သော ခဏရှိ၍ ချခြင်းငှါ မစွမ်းနိုင်သောကြောင့် အလိုမရှိအပ်ပါ။

● တဘိယ ပါရာဇိက-၌ ပါဏ,ပါဏာတိပါတ,ပါဏာတိပါတီ, ပါဏာတိပါတ ပယောဂ-အရတို့ကို အသီးသီးကောက်ပြပါ....?။

(၁၇၀) ဖြေ။ ။ပါဏ-အရ၊ ဝေါဟာရအားဖြင့်သတ္တဝါ, ပရမတ္ထအားဖြင့် ဇီဝိတိန္ဒြေ-ရ၏။

ပါဏာတိပါတ-အရ၊ ဇီဝိတိန္ဒြေကို ဖြတ်တတ်သော လုံ့ပယောဂကို ဖြစ်စေတတ်သော စေတနာ-ရ၏။

ပါဏာတိပါတီ-အရ၊ ဇီဝိတိန္ဒြေကို ဖြတ်တတ်သော လုံ့ပယောဂကို ဖြစ်စေတတ်သော-စေတနာနှင့်ပြည့်စုံသော ပုဂ္ဂိုလ် ရ၏။

ပါဏာတိပါတ ပယောဂ-အရ၊ သဟတ္ထိက,အာဏတ္တိက, နိဿဂ္ဂိယ, ထာဝရ, ဝိဇ္ဇာမယ,ဣဒ္ဓိမယ-တည်းဟူသော ပယောဂ ၆-ပါး ရ၏။

http://www.dhammadownload.com

*သတ္တ,ဇိ၀ မှတ်ဘို ပါ၊ကာ၊
စောဘနာမျိုး ခေါ်ရှိုး ပါတာ။
ပါတိ ပုဂ္ဂလ ပယောဂ ခြောက်ဖြာ၊
သာဟတ္ထိ စရှိ သရှုပ်ပါ။

● ပါ၊ကာတိပါတ ပယောဂအပြား ၆.ပါး၏အဓိပ္ပာယ်ကို ရေးခဲ့ပါ...?။

(၁၇၁) ဖြေ။ ။ပယောဂ ၆-ပါး၏ အဓိပ္ပာယ်ကား-

သာဟတ္ထိက - မိမိ ကိုယ်တိုင် ကိုယ်ဖြင့် လည်း ကောင်း၊ ကိုယ်နှင့်ဝပ်သော၀တ္ထုဖြင့်လည်းကောင်း ရိုက်နှက်,ပုတ်ခတ်၍ သတ်ဖြတ်ခြင်း။

အာ၊ဏတ္ထိက - သူတပါးကို စေခိုင်း၍ သတ်ဖြတ်ခြင်း။

နိဿဋ္ဌိယ - ၀ား, လှံ, မြား စသည်တို့ကို ပစ်လွှတ်၍ သတ်ဖြတ်ခြင်း။

ထာ၊ရ - သေစေရန် တွန်းတူး၍ လည်းကောင်း၊ အဆိပ်ခပ်၍လည်းကောင်းသတ်ဖြတ်ခြင်း။

ဝိဇ္ဇာမယ - အတတ်ပညာ၏အစွမ်းဖြင့်သတ်ဖြတ်ခြင်း။

ဣဒ္ဓိမယ - တန်ခိုး၏ အစွမ်းဖြင့် သတ်ဖြတ်ခြင်း။

* သာ,အာ,နိသ,ထာ,ဝိဇ္ဇာ,ဣဒ္ဓိ၊ခြောက်ပါး၊ရှိ၊မှတ်ဘိပယောဂ။

● အာ၊ဏတ္ထိ နိယာမက အပြားကို အဓိပ္ပာယ်နှင့်တကွ ရေးသားခဲ့ပါ...?။

http://www.dhammadownload.com

(၁၇၂) ပြေ။ ။အာဏတ္တိနိယာမက အပြားကား—

ဝတ္ထု = သတ်အပ်သည့် ပုဂ္ဂိုလ်။

ကာလ = သတ်အပ်သည့် အချိန်အခါ။

ဩကာသ = သတ်ရမည့် နေရာ။

အာဝုဓ = သတ်ရမည့် လက်နက်။

ဣရိယာပထ = သတ်အပ်သူ၏ အိပ်ခြင်း, ထိုင်ခြင်း ဝသော ဣရိယာပုထ်။

ကိရိယာဝိသေသ = သတ်ရမည့် အပြုအမူ အထူးအားပြား။

* ဝတ္ထု, ကာလ၊ ဩကာသနှင့်၊ အာဝုဓ, ဣရိယာ၊ ကိရိယာ၊ ဆဋ္ဌာ အာဏတ္တိ။

● တတိယပါရာဇိကဋ္ဌထာဝရပယောဂ, အာဏတ္တိပယောဂ, သံဝဏ္ဏနာကာရပြပါဌ်တို့ကို အသီးသီး ညွှန်ပြပါ....?။

(၁၇၃) ပြေ။ ။ထာဝရပယောဂပြ ပါဌ်ကား—

သဗ္ဗဟာရက် ဝါဃ ပရိယေသေယျ-ပြစ်သည်။

အာဏတ္တိ ပယောဂပြ ပါဌ်ကား.... မရဏာယဝါ သမာဒ ပေယျ-ပြစ်သည်။

သံဝဏ္ဏနာကာရပြ ပါဌ်ကား...အမ္ဘော ပုရိသ ကိं တုယှိ မိနာ ပါပကေန ဒုဋ္ဌိဝိတေန မတန္တေ ဇီဝိတာ သေယျော ပြစ်သည်။

● သဗ္ဗဟာရက် ဝါဃ ပရိယေသေယျ-၌လက်နက်ရှာမှီး ရုံမျှကို ပရိယေသေယျ-ဟု ဆိုလိုပါသလော၊ အဘယ်ကို ပရိယေသေယျ-ဟု ဆိုပါသနည်း ရှင်းလင်းခဲ့ပါ....?။

http://www.dhammadownload.com

(၁၇၄) ဖြေ။ ။လက်နက်ရှာမှီးရုံမျှကို ပရိယေသေယျ-ဟု မဆိုလို၊ သေစေလိုသောသူ၏ အနီးဌာ် အလွယ်တကူ သေနိုင်အောင် လက်နက်ကို ရှာမှီး၍ ချထားခြင်းကို ပရိယေသေယျ-ဟု ဆိုပါသည်။

● မရဏာယဝါ သမာဒပေယျ-အရ၊ သေဖို့ရန် နည်းလမ်းပေးပုံ။ မရဏဝဏ္ဏံ ဝါ သံဝဏ္ဏေယျ-အရ၊ သေခြင်းဌာ် ချီးမွမ်းပုံဘို့ကို ထင်ရှားအောင် ရေးသားခဲ့ပါ....?။

(၁၇၅) ဖြေ။ ။ဓားနှင့်ထိုး ဘေပါလား၊ အဆိပ်သောက် သေပါလား၊ ကြိုးဆွဲချ သေပါလား- စသည်ဖြင့် သေချင်နေသော သူအား သေဖို့ရန်အရေး နည်းပေးလမ်းပြ ပြုခြင်းသည် "မရဏာယဝါ သမာဒပေယျ" သေနည်းပေးပုံတည်း။

သင့်မှာ အောက်ကျစွာ အသက်ရှင်ရခြင်း, ဆင်းရဲဝွာ နေရခြင်းဖြင့် အဘယ်အကျိုးရှိမလဲ:ဒီလိုဆို သေရတာက မြတ်သေးကာပေါ့-စသည်ဖြင့်လည်းကောင်း၊ သင်ဟာ ကုသိုလ်ကောင်းမှုအားကြီးသူ ဖြစ်တယ်၊ သေလျှင် နတ်ပြည် ကေန် ရောက်မှာပဲ၊ သင့်အဖို့ သေရခြင်းဟာမြတ်တာပေါ့ စသည်ဖြင့်လည်းကောင်း၊ မသေချင်သေးသောသူကို သေချင်လာအောင် ပြောခြင်းသည် "မရဏဝဏ္ဏံ ဝါ သံဝဏ္ဏေယျ" ဘေခြင်းဌာ် ချီးမွမ်းပုံတည်း။

မှတ်ချက်။ ။သံဝဏ္ဏနာကာရပြပါဌ်တွင်-အမ္ဘော ပုရိသ ကိံ တုယှိမိနာ ပါပကေန ဒုဇ္ဇီဝိတေနကာ:— အပြစ်ပြု၍ သေခြင်းဌာ် ချီးမွမ်းပုံဖြစ်သည်။ မတန္တေ ဇီဝိတာ သေယျောကာ:....အကျိုးပြု၍ သေခြင်းဌာ် ချီးမွမ်းပုံဖြစ်သည်၊ [illegible] ခဲ့ခြား မှတ်သားလေ။

http://www.dhammadownload.com

● ဒုတိယ ပါရာဇိက-၌ ပရိယာယ်အားဖြင့် လွတ်သကဲ့သို့၊ တတိယပါရာဇိက-၌ ပရိယာယ်အားဖြင့် လွတ်, မလွတ် အကြောင်းပြု၍ ဖြေခဲ့ပါ..?။

(၁၇၆) ဖြေ။ ။တတိယ ပါရာဇိက-၌ မရဏဝတ္ထု ဝါ သံဝဏ္ဏေယျ-ဟု ဟောတော်မူခြင်းကြောင့်၊ ပရိယာယ်အားဖြင့် သတ်ခိုင်းသော်လည်း အာပတ်မှ မလွတ်ပါ။

* ပရိယာယ်မှတ်၊ စေခိုင်းလတ်၊ အာပတ် မလွတ်ပါ။

● လူပျင်းလုပ်ကာ နှစ်တရာ နေရသည်ထက်၊ ဝိရိယရှိစွာ တရက်တာနေရခြင်းက မြတ်၏ဟု ပြောဆိုခြင်းမျိုးသည် မရဏ သံဝဏ္ဏနာ ဖြစ်, မဖြစ် အကြောင်းပြကာ စိစစ်ခဲ့ပါ....?။

(၁၇၇) ဖြေ။ ။"ဣတိ စိတ္တမနော ဣတိ စိတ္တသက်ပေါ" ဟူ၍ ဟောတော်မူသောကြောင့်၊ ထိုစကားမျိုးသည် သေစေလိုသော စေတနာမရှိပဲ ဒေသနာမှခ သြဝါဒကထာ အနေအားဖြင့်သာ ပြောဆိုခြင်းဖြစ်၍ မရဏသံဝဏ္ဏနာ မဖြစ်ပါ။

● တတိယပါရာဇိက-၌ အာပတ္တိဘေဒသရုပ်ကိုထုတ်၍၊ လူ, နတ်, ဘီလူး, တိရစ္ဆာန်တို့ကို ညှဉ်းဆဲခြင်း, သတ်ဖြတ်ခြင်းကြောင့် ဖြစ်သင့်သောအာပတ်တို့ကို ခွဲခြားခဲ့ပါ....?။

(၁၇၈) ဖြေ။ ။အာပတ္တိ ဘေဒကား... ဒုက္ကဋ်, ပါစိတ်, ထုလ္လစ္စည်း, ပါရာဇိက ဖြစ်သည်။

http://www.dhammadownload.com

လူကို ညှဉ်းဆဲက... ထုလ္လစ္စည်း၊ နတ်,ဘီလူး,တိရစ္ဆာန် တို့ကို ညှဉ်းဆဲက ဒုက္ကဋ်။

လူကို သတ်က ... ပါရာဇိက၊ နတ်, ဘီလူးတို့ကို သတ်က ထုလ္လစ္စည်း၊ တိရစ္ဆာန်ကိုသတ်က ပါစိတ်အာပတ် သင့်ပါသည်။

* ဒုက်,ပါ,ထုလ,ပါ၊ဣ၏လေးမြောက်,တ....ပါ ဘေဒ အာပတ္တာ။
* လူညှဉ်း ထုလ္လစ်၊နတ်,ဘီ,ရစ်၊ သင့်လစ် ဒုက္ကဋ်ပေ။
* လူသတ် ပါဒိ၊ နတ်,ဘီဒ္ဓိမှာ၊ထုလ္လစ်သာ၊တိရစ္ဆာပါစိတ်ပေ။

● သတ္တဝါမျှားသေစေရန်ရည်ရွယ်ချက်ဖြင့် တွင်းတူးထား ရာ၌ ဖြစ်သင့်သောအပြစ်တို့ကို ပုဂ္ဂိုလ်အလိုက်ခွဲခြား၍ ရေးသားခဲ့ပါ....?။

(၁၇၉) ပြေ။ ။တွင်းတူးခြင်းကြောင့် ဒုက္ကဋ်။

အမှတ်မရှိ သတ္တဝါ တဦးဦး ကျခြင်း၌ ဒုက္ကဋ်။

ဘီလူး,ပြိတ္တာ,လူယောင် ဖန်ဆင်းတတ်သော ဂန္ဓုန်, နဂ္ဂါ-စသော သတ္တဝါမျှား တွင်းကိုကျ၍ ဒုက္ခရောက်ခြင်း၌ ဒုက္ကဋ်။

လူကျ၍ ဒုက္ခရောက်ခြင်း၌ ထုလ္လစ္စည်း။

ဘီလူး-စသော သတ္တဝါ ကျသေက ထုလ္လစ္စည်း။

တိရစ္ဆာန် ကျသေက ပါစိတ်။

လူကျသေက ပါရာဇိက အာပတ်မျှား သင့်နိုင်ပါသည်။

● သေသလော, မသေသလော-ဟု စုံစမ်းလိုရ၍၊ လူကို အဆိပ်ခပ်ကျွေးသောရဟန်းအား သေသော် ပါရာဇိက အာပတ် သင့်,မသင့် စိစစ်ခဲ့ပါ....?။

http://www.dhammadownload.com

(၁၈၀) ဖြေ။ ။သေစေလိုသောစေတနာမရှိ၍၊ထိုရဟန်း အား ပါရာဇိက အာပတ်မသင့်၊ ထုလ္လစ္စည်း အာပတ်သာ သင့်ပါသည်။

● တတိယပါရာဇိက၏နိဒါန်း, ပုဂ္ဂိုလ်, ဝတ္ထုတို့ကိုဆုတ်ပြ၍ အနုပညတ်ကိုလည်းဖော်ပြပြီးလျှင်၊မည်သည့်အနုပညတ် မျိုး ဖြစ်သည်ကို ရေးခဲ့ပါ....?။

(၁၈၁) ဖြေ။ ။နိဒါန်းကား....ဝေသာလီပြည်။
ပုဂ္ဂိုလ်ကား....သမ္မဟုလ ဘိက္ခု။
ဝတ္ထုကား ....အချင်းချင်း သတ်မှု။

အနုပညတ်ကား မရဝဏ္ဏ ဝါ သံဝဏ္ဏယျ။

အနုပညတ် ၃-မျိုးတို့တွင် အာပတ္တိ ဥပထမ္ဘကရ အနုပညတ် ဖြစ်ပါသည်။

● တတိယပါရာဇိက သိက္ခာပုဒ်၏ အင်္ဂါသရုပ်ကိုထုတ်ပြ၍၊ သိက္ခာပုဒ်၌ အာပတ်မသင့်ကောင်းသော ပုဂ္ဂိုလ်မျှားကို ရေးခဲ့ပါ....?။

(၁၈၂) ဖြေ။ ။တတိယ ပါရာဇိက၏ အင်္ဂါကား-

၁-လူသတ္တဝါ ဖြစ်ခြင်း၊
၂-လူသတ္တဝါဟု အမှတ်ရှိခြင်း၊
၃-သတ်လိုသော စိတ်ရှိခြင်း၊
၄-သတ်ခြင်း၊
၅-သေခြင်း၊ ပေါင်း အင်္ဂါ ၅-ပါးတည်း။

http://www.dhammadownload.com

* လူဇာတ်မျိုးဖြစ်[1] မှတ်လစ် သည်ရာ၊[2]
သတ်လိုစိတ်ဇာတ်[3] သတ်ဖြတ်[4] သေပါ။[5]
အင်္ဂါငါးပါး စုံခြားခဲ့ရာ၊
ပါရာဇိ ကျဘိ ဘိက္ခုနာ။

ထိုသိက္ခာပုဒ်တရ အာပတ်မသင့်သော
ပုဂ္ဂိုလ်များကား–

* စေတနာမရှိ သတ်မိခဲ့ရာ၊
အဇာနန္တ မှတ်ပ တဖြာ။
သေစေလိုခြား စိတ်ထားမပါ၊
ဥမ္မတ္တ မှတ်ကြ နာပတ္တာ။

တတိယ ပါရာဇိက ဖြီး၏။

"စတုတ္ထ ပါရာဇိက"

● စတုတ္ထ ပါရာဇိက-၌ မနုဿဓမ္မ-အရ၊ ဥတ္တရိမနုဿ-အရ၊ ဥတ္တရိမနုဿဓမ္မ-အရတို့ကို ဧကာက်ပြပါ...?။

(၁၈၃) ပြေ။ ။မနုဿဓမ္မ-အရ၊လူတို့၏ ကုသလကမ္မပထ ဘရား ၁၀-ပါးကို ရ၏။

ဥတ္တရိမနုဿ-အရ၊ရျာနလာဘီပုဂ္ဂိုလ်,အရိယာပုဂ္ဂိုလ် ရ၏။

ဥတ္တရိမနုဿဓမ္မ-အရ၊လူတို့၏ကုသလကမ္မပထတရား၁၀-ပါး ထက် လွန်မြတ်သော ဈာန်တရား, မဂ်တရား, ဖိုလ်တရားတို့ကို ရ၏။

* ကုသိုလ်မည်ရ၊ ဆယ်ဓမ္မ၊ မှတ်ကြ လူ့တရား။
* ဈာန်အရိယာ. ပုဂ္ဂလာ၊ မှတ်ပါ လူမြတ်မှား။
* ဈာန်,မဂ်,ဖလ်၊ ထိုဓမ္မ၊ မှတ်ရန် လူမြတ်တရား။

http://www.dhammadownload.com

● အနဘိဇာန်, အတ္တုပနာယိက - တို့၏ အဓိပ္ပာယ်ကို ရေးခဲ့ပါ....?။

(၁၀၄) ဖြေ။ ။မိမိသန္ဓာန်၌ ဥတ္တရိ မနုဿဓမ္မ ထင်ရှားမရှိသည်၏ အဖြစ်ကြောင့်၊ မိမိ သန္ဓာန်မှာ ဥတ္တရိ မနုဿဓမ္မ ထင်ရှားရှိကြောင်း မသိခြင်းကို အနဘိဇာန်-ဟု ခေါ်သည်။

မိမိသို့ ဈာန်, မဂ်, ဖိုလ်တရားကို ဆောင်ခြင်းကို၊ မိမိကိုယ်ကို ဈာန်, မဂ်, ဖိုလ် တရားသို့ ဆောင်ခြင်းကို အတ္တုပနာယိက-ဟု ခေါ်သည်။

● အတ္တုပနာယိက - အရ၊ မိမိသို့ လည်းကောင်း၊ ဈာန်, မဂ်, ဖိုလ်သို့လည်းကောင်း၊ ဆောင်၍ ပြောဆိုပုံ ရေး၍၊ အတ္တုပနာယိက-အရကိုလည်း ကောက်ပြပါ....?။

(၁၀၅) ဖြေ။ ။"ငါ၌ ဥတ္တရိမနုဿဓမ္မ-ရှိ၏"ဟု ပြောဆိုခြင်းမျိုးသည် ဈာန်, မဂ်, ဖိုလ် တရားတို့ကို မိမိသို့ ဆောင်၍ ပြောဆိုပုံတည်း။

"ငါသည် ဤ ဥတ္တရိမနုဿဓမ္မ ၌ ထင်၏"ဟု ပြောဆိုခြင်းမျိုးသည် မိမိကိုယ်ကို ဈာန်, မဂ်, ဖိုလ် တရားများသို့ ဆောင်၍ ပြောဆိုပုံတည်း။

အတ္တုပနာယိက-အရ၊ လိမ်ညာ၍ ဈာန်, မဂ်, ဖိုလ် ရနေ-ကြောင်းကို ပြောတတ်သော ရဟန်း ရ၏။

* ငါ၌ရှိ၏၊ ပြောဆိုဘိ၊ မိမိသို့ ဆောင်ပုံတည်း။
* ငါသည်ထင်ပြန်၊ ပြောဆိုဟန်၊ ဈာန်သို့ ဆောင်ပုံတည်း။
* လိမ်ညာပြောပြ၊ ထိုဘိက္ခု၊ အတ္တု အရတည်း။

http://www.dhammadownload.com

● သမုဒါစရေယျ-အရ၊ အာပတ္တိကရ သုဏန္တ ပုဂ္ဂိုလ်နှင့် သမုဒါစာရ ဝိညတ်ကို ထုတ်ဆို ရေးသားခဲ့ပါ....?။

(၁၈၆) ဖြေ။ ။လူဇာတ်ဖြစ်ငြား သိ-ကြား လိမ္မာ၊
သုဏန္တ-ဟု မှတ်ရှု လေပါ။
ကိုယ်နှုတ်-ကိုယ်နှုတ် ဖွင့်ထုတ်မူရာ၊
ဝိညတ္တိ မှတ်ဘိ သုံးမျိုးသာ။

● သမုဒါစရဏာကာရပြပါဌ်၊အာပတ္တိပွဋ္ဌေဘာနန ကာလပြ ပါဌ်တို့ကို ရေးခဲ့ပါ...?။

(၁၈၇) ဖြေ။ ။သမုဒါစရဏာကာရပြ ပါဌ်ကား-
"ဣတိ ဘာနာမိ ဣတိ ပဿာမိ" တည်း။
အာပတ္တိပွဋ္ဌေဘာနနကာလပြ ပါဌ်ကား-
"တတော အပရေန သမယေန" တည်း။

● ဣတိဘာနာမိ ဣတိပဿာမိ-ဟူသော သမုဒါစရဏာကာရ ပြပါဌ်၌ အဘာယ်ဣတိဖြင့် အဘာယ်ကို ပြပါသနည်း....?။

(၁၈၈) ဖြေ။ ။ဣတိ ဘာနာမိ-၌ ဣတိ-ဖြင့် သ်ခြင်းကို၊ ဣတိ ပဿာမိ-၌ ဣတိ-ဖြင့် မြင်ခြင်းကို ပြပါသည်။

● တတော အပရေန-ဟု ဆိုသောကြောင့်၊ ဝန်ခံသော အခါကျမှသာ ပါရာဇိက အာပတ်သင့်သည်ဟု မှတ်ရ မည်လော၊ အဘယ်အခါမှာ အာပတ် သင့်ပါသနည်း အထောက်ပြ၍ ရှင်းလင်းခဲ့ပါ....?။

(၁၈၉) ဖြေ။ ။တတော အပရေန-စသော စကားမှာ အာပတ်သင့်ရာ ကာလကို ညွှန်ပြသော စကားမဟုတ်၊ အာပတ် သင့်ကြောင်း ဝန်ခံရာ ကာလကို ညွှန်ပြသော စကားမျှသာ

http://www.dhammadownload.com

ဖြစ်သည်။ ဥတ္တရိ မနုဿဝမ္မ-ကို ပြောကြားသော ရဟန်းသည် ပြောကြားသော ဝဏ္ဏပင် ပါရာဇိက အာပတ်သို့ ရောက်တော့သည်၊ ဤအဖြစ်ကို အာပနွှေ-ဟူသော ပါဠိဖြင့် ပြပါသည်။

● ပြောကြားသော ဝဏ္ဏပင် အာပတ်သို့ ရောက်ပါလျှင် အဘယ်အကျိုးငှါ တတော အပရေန-စသော စကားကို ဆိုရပါသနည်း....?။

(၁၉၀) ဖြေ။ ။စုဒိတက ပုဂ္ဂိုလ်၏ ထုတ်ဆို ဝန်ခံချက် အတိုင်း ဆုံးဖြတ်ရန် အကျိုးငှါ ဆိုရပါသည်။

● အာပနွှေ ဝိသုဒ္ဓါပေက္ခော-ဌ ဝိသုဒ္ဓိ-အရကို ဖော်ပြ၍၊ အဘယ့်ကြောင့်ဝိသုဒ္ဓိဖြစ်သည်ကိုလည်းရှင်းလင်းခဲ့ပါ?။

(၁၉၁) ဖြေ။ ။ဝိသုဒ္ဓိ-အရကား.... လူ့အဖြစ်, သာမဏေ အဖြစ်တည်း။

ဝိသုဒ္ဓိဖြစ်ခြင်းကား....ပါရာဇိက အာပတ်သို့ ရောက်သော ပုဂ္ဂိုလ်သည် ရဟန်းအသွင်ကို စွန့်၍၊ လူ-သာမဏေ အဖြစ်ဖြင့် ကုသိုလ်ကောင်းမှု ပြုလုပ် နေပါမူ၊ နတ်ရွာ စသည်ကို ရနိုင်, ရောက်နိုင်သောကြောင့်၊ ၎င်း လူ သာမဏေအဖြစ်ကို ဝိသုဒ္ဓိ-ဟု ဆိုရပါသည်။

* သာမဏေ,လူ၊ သွင်ပြောင်းမှု၊ စင်ဖြူ ဝိသုဒ္ဓိ။
* နတ်ရွာ, နိဗ္ဗာန်၊ သုဂတိ၊ ဧကန် ရောက်နိုင်ဘိ။

● အညတြ အဓိမာနာ-ဌ အဘယ်ကို အဓိမာန-ဟု ဆိုပါသနည်း၊ အဓိမာန ဖြစ်ဘတ်သော ပုဂ္ဂိုလ်မျှားကိုလည်း ရေးသားခဲ့ပါ....?။

http://www.dhammadownload.com

(၁၉၂) ပြေ။ ။စျာန် - စသော လောကုတ္တရာ တရားကို မရသေးပဲ ရပြီဟု အထင်ကြီးမှု,မှတ်ထင်မှုမျိုးကို အဓိမာန-ဟု ဆိုသည်။

ထို အဓိမာနမျိုးသည် အာရဒ္ဓ ဝိပဿက ပုဂ္ဂိုလ်မျိုးဌ ဖြစ်တတ်သည်။

* မရ ဈာန်,မဂ်၊ ရပြီး တွက်၊ ထင်ချက် အဓိမာ။
* တရား ကျင့်လက်၊ ပုဂ္ဂိုလ်မြတ်၊ ဖြစ်တက် အဓိမာ။

● တုစ္ဆာနှင့် မုသာ အသုံးကို ရေးခဲ့ပါ....?။

(၁၉၃) ပြေ။ ။*အတ္တ,ဓိပ္ပာ၊ မရှိတာကို၊ တုစ္ဆာ ဆိုး။
လိမ်ညာလိုက၊မုသာပ၊နှစ်ဝအထူးတည်း။

● နိရောဓသမာပတ်ကို ဝင်စား၏၊ ရ၏ဟု ပြောဆိုသော ရဟန်း ပါရာဇိက ကျ,မကျ အကြောင်း ပြကာ စိစစ်ခဲ့ပါ...?။

(၁၉၄) ပြေ။ ။နိရောဓ သမာပတ်သည် လောကီ,လောကုတ္တရာမှ လွတ်သောကြောင့် နိရောဓ သမာပတ်ကို ဝင်စား၏၊ ရ၏ဟု ပြောသော ရဟန်းအား ပါရာဇိကအာပတ် မသင့်ပါ။

● အဘယ်သို့ ပြောဆိုမှုမျိုးသည် အညာပဒေသ ပြောခြင်း မည်သနည်း၊ ထိုအညာပဒေသအတွက် အဘယ် ပုဂ္ဂိုလ်မှာ အဘယ် အာပတ်သင့်သည်ကို ရေးခဲ့ပါ....?။

(၁၉၅) ပြေ။ ။''သင့်ကျောင်းမှာနေသော ရဟန်းသည် ရဟန္တာဖြစ်သည်''စသည်ဖြင့် သူတပါးအတွက် မိမိက ဘေးတီးပေါ်သော အနေအားဖြင့် ပြောကြားမှုမျိုးသည် အညာပဒေသ ပြောခြင်း မည်သည်။

http://www.dhammadownload.com

ထို အညာပဒေသပြောခြင်းအတွက် နားထောင်သူ နားလည်လျှင် ပြောကြားသော ရဟန်းမှာ ထုလ္လစွည်း၊ နားမလည်က ဒုက္ကဋ်အာပတ် သင့်ပါသည်။

* ဘူတပါ၊တွက်၊ရည်ညွှန်း၊လျက်၊ပြောချက် အညာပဒေသာ။

* နားလည် ထုလ္လစ်၊မလည်ဖြစ်၊သင့်ပြစ် ဒုက္ကဋာ ပြောသူမှာ။

(ခ) စတုတ္ထ ပါရာဇိက သိက္ခာပုဒ်၌ ဖြစ်ထိုက်သော အာပတ္တိ ဘေဒသရုပ်ကို ထုတ်ရ၍၊အဘယ်အတွက် အဘယ်အာပတ် သင့်သည်ကို ခွဲခြားပြပါ....?။

(၁၉၆) ဖြေ။ ။အာပတ္တိ ဘေဒ သရုပ်ကား.... ဒုက္ကဋ်, ထုလ္လစွည်း, ပါရာဇိက ဖြစ်ပါသည်။

လူဇာတ်ရှိသောသူအား မိမိအတွက် မိမိကိုယ်တိုင်ပြောကြား ရာ၌ ထိုသူ နားလည်က ပါရာဇိက၊ နားမလည်က ထုလ္လစွည်း သင့်၏။

အညာပဒေသ ပြောခြင်းအတွက် သုဏန္ဓပုဂ္ဂိုလ်နားလည်က ထုလ္လစွည်း၊ နားမလည်က ဒုက္ကဋ်အာပတ် သင့်ပါသည်။

* ဒုက်, ထုလ်, ပါရာ၊ ၅ သုံးဖြာ၊ စ-ပါဘေဒ အာပတ္တာ။

(ဃ) စတုတ္ထပါရာဇိက၏ နိဒါန်း,ပုဂ္ဂိုလ်, ဝတ္ထုတို့ကိုထုတ်ပြ၍၊ အနုပညတ်ကိုလည်းဖော်ပြပြီးလျှင်၊မည်သည့်အနုပညတ် မျိုး ဖြစ်သည်ကို ရေးခဲ့ပါ....?။

(၁၉၇) ဖြေ။ ။နိဒါန်းကား....ဝေသာလီပြည်၊
ပုဂ္ဂိုလ်ကား ...ဝဂ္ဂုမုဒါတီရိယ ဘိက္ခု။
ဝတ္ထုကား, ဥတ္တရိမနုဿဓမ္မကိုလူတို့အား ပြောကြားမှု။

http://www.dhammadownload.com

အနုပညတ်ကား... အညတြ အဓိမာနာ။
အနုပညတ်၃-မျိုးတို့တွင်အနာပတ္တိကရအနုပညတ်ဖြစ်သည်။

● စတုတ္ထပါရာဇိက အင်္ဂါသရုပ်ကို ထုတ်ပြ၍၊ ထိုသိက္ခာပုဒ်၏ အာပတ်မသင့်ကောင်းသောပုဂ္ဂိုလ်များကို ရေးသားခဲ့ပါ....?။

(၁၉၈) ဖြေ။ ။စတုတ္ထ ပါရာဇိက၏ အင်္ဂါကား—

၁—မိမိ၌ ဥတ္တရိမနုဿဓမ္မ ထင်ရှား မရှိခြင်း၊
၂—ယုတ်မာသော အလိုဖြင့် ပြောကြားခြင်း၊
၃—သူတပါးကို မရည်ညွှန်းခြင်း၊
၄—နားထောင်သူ လူဇာတ်ဖြစ်ခြင်း၊
၅—ပြောပြီးသည်နှင့်တပြိုင်နက် သုဏန္ဓုပုဂ္ဂိုလ် သိခြင်း၊ ပေါင်း ၅-ပါး ဖြစ်ပါသည်။

* ထင်ရှားမရှိ' ပြောဘိ လိမ်ညာ၊
မညွှန်း သူတပါး' ထောင်နာ လူသာ။
ပြောပြီး သိထ' ငါးဝ အင်္ဂါ
စုံကာညီ ကျမြဲ ထိုပါရာ။

ထို သိက္ခာပုဒ်၌ အာပတ်မသင့်သော
ပုဂ္ဂိုလ်များကား—

* အဓိမာန ရှိသ တဖြာ၊
ယုတ်မာလိုကင်း ပြောခြင်း ဝါဒသ
ရှုးသွပ်လေဘိ အာဒိ စ-ဆွ-၊
စတုတ္ထ မုသာ နာပတ္တာ။

---

http://www.dhammadownload.com

● ပါရာဇိက အာပတ်၏ အာသန္န ရှေ့သွား အာပတ်တို့ကို ဖော်ပြ၍၊ စတုတ္ထ ပါရာဇိက-၌ ပရိယာယ,အာဏတ္တိက တို့ဖြင့် အာပတ်မှ လွတ်,မလွတ် စိစစ်ခဲ့ပါ....?။

(၁၉၉) ဖြေ။ ။ပထမ ပါရာဇိက၏ အာသန္န ရှေ့သွား အာပတ်ကား....ဒုက္ကဋ်။

ဒု....တ...စ....ပါရာဇိက အာပတ်တို့၏ အာသန္န ရှေ့သွား အာပတ်ကား... ထုလ္လစ္စည်း။

စတုတ္ထ ပါရာဇိက-၌ ပရိယာယ,အာဏတ္တိကဖြင့် အာပတ် မယင့်ပါ။

● ပါရာဇိက ၂၄-ပါး သရုပ်ကို ထုတ်၍၊ အနုလောမ ပါရာဇိက အပြား ၄-ပါးကို ခွဲခြားပြပါ....?။

(၂၀၀) ဖြေ။ ။ပါရာဇိက ၂၄-ပါးကား-

ဘိက္ခု-ဘိက္ခုနီ ပါရာဇိက	....	၈။
အဘဗ္ဗ ပုဂ္ဂိုလ်	...	၁၁။
လူထွက်သော ဘိက္ခုနီမ	....	၁။
အဂါဒေတ်ရှည်သော လမ္မီ ပုဂ္ဂိုလ်	....	၁။
ကျောက်ကုန်းနူးညံ့သော မုဒုပိဋ္ဌက ပုဂ္ဂိုလ်	....	၁။
သူတပါး၏ အဂါဒေတ်ကို ခံတွင်းဖြင့် စုပ်ယူသော ပုဂ္ဂိုလ်	....	၁။
သူတပါး၏ အဂါဒေတ်အပေါ်၌ ဖိ၍ ထိုင်သော ပုဂ္ဂိုလ်	....	၁။
	ပေါင်း	၂၄။

http://www.dhammadownload.com

အနုလေခမ ပါရာဇိက အပြား ၄-ပါးကား ...လမ္မီ,မုဒုပိဋ္ဌိက စသော နောက် ၄-ပါး ဖြစ်သည်။

* ဘိက္ခုနီ-ဘိက္ခု နှစ်ခု,ရှစ်လီ၊
ဘဗ္ဗာ ဆယ့်တစ် လူဝတ်သည်နှီ၊
လမ္မီ, မုဒု, စုဝ်ပြို, ထိုင်ပြီ။
ပါရာဇိ ပေါင်းဘို စတုဝိ။

* ရှစ်ပါး ပါရာ၊ ဘဗ္ဗာ ရောသွတ်,လူဝတ်သည်နှီ,လမ္မီ,မုဒု။
ရှေရှ ထိုင်ခဲ့၊ စုဝ်ပြိန်ခဲ့၊ နှစ်ဆယ့် လေးပါရာ။

စတုတ္ထ ပါရာဇိက ပြီး၏။

---

http://www.dhammadownload.com

သံဃာဒိသေသ သုဒ္ဓေသ

●

"ပထမ သံဃာဒိသေသ်"

(သုက္ကဝိဿဋ္ဌိ သိက္ခာပုဒ်)

● အဘယ့်ကြောင့် သံဃာဒိသေသ်-ဟု ခေါ်ပါသနည်း-?။

(၂၀၁) ဖြေ။ ။*ပရိဝါသ်ပေး-စ မာနတ္တ-လယ်၊
အဗ္ဘာန်သွင်း-ဆုံး ဤသုံးဌာန်ကဲယ်။
သံဃာ လိုအပ် ဆိုလတ် ဓိပ္ပာယ်၊
သံဃာဒိ မှတ်ဘိ သောတုငယ်။

● စ,လယ်,ဆုံး သုံးပါးလုံးဌာ သံဃာကို အလိုရှိအပ်သော ကြောင့်၊သံဃာဒိသေသဆိုရာ မည်သည့်ကာလဌာ သံဃာ မည်မျှ ရှိစမည်ကို ဖော်ပြ၍၊ အာဒိကာလ,သေသကာလ ကိုလည်း ခွဲခြားပြပါ....?။

(၂၀၂) ဖြေ။ ။ပရိဝါသ်, မာနတ် လိုအပ် လေးသာ၊
အဗ္ဘာန်ကာလ လိုထ ဓီသာ။
ပရိဝါသ် အာဒိ ကြွင်းသည့် နှစ်ဖြာ၊
မှတ်လိုက်ကြ သေသ ကာလပါ။

● ပထမ သံဃာဒိသေသ် သိက္ခာပုဒ်ဌာ အဘယ့်ကြောင့် ကာရကပုဂ္ဂိုလ်ကို မည္ဇန်းပါသနည်း....?။

(၂၀၃) ဖြေ။ ။*အပုဂ္ဂလ၊ နိဒ္ဒေသ၊ ဖြစ်ထ ပညတ္တာ။
*ထိုကြောင့် သာပ၊ ကာရက၊ ထုတ်ပြ
မည္ဇန်းပါ။

http://www.dhammadownload.com

● သင်္ခေတနိကာ-၌၊ စေတနာ-အရ အဘယ် စေတနာကို ယူရမည်ကို ဖော်ပြ၍ သုက္ကဝိသင်္ခ-အရ သုက်လွှတ်ခြင်း ဟူသည် အပြင်ထွက်မှုကို ဆိုလိုပါသလော....?။

(၂၀၄) ဖြေ။ ။**စေတနာ**-အရ၊ သုက်လွှတ်စေလိုသော ဒေဝစနသမ္ဘဝ စေတနာကို ယူရပါမည်။

သုက္ကဝိသင်္ခ-အရ၊ သုက် အပြင်ထွက်မှုကို မဆိုလို၊ အပြင်မထွက်သော်လည်း သုက်တည်ရာဌာနမှ ရွှေ့လျောခြင်းကို သုက္ကဝိသင်္ခ-သုက်လွှတ်ခြင်းဟု ဆိုလိုပါသည်။

* **ဒေဝစနသမ္ဘဝ စေတနာ**ယူလို၊
သုက်ပြင် ဘက်စု ထွက်မှု-မလို။
တည်ရာ ရွှေ့လျော သင့်ဘောသာကို၊
မှတ်လိုက်ကြ သုက္က ဝိသင်္ခဆို။

● သုက္ကဘေဒကို ထုတ်ပြ၍၊ သံယောဇဝိသေသ်ဝတ္ထုဖြစ်သော သုက်၏ ပမာဏကိုလည်း ဟောဋ္ဌိမ ပရိစ္ဆေဒ-အားဖြင့် ရေးခဲ့ပါ....?။

(၂၀၅) ဖြေ။ ။* ညှိ,ဖြူ,နီ,ရွှေ၊ ရက်တက်ရော၊ ဆီ,ရေ,နီ, ထောပတ်။

* နီခမ်းပမာ၊ ဆင်းတူစွာ၊ သုက္ကာဆယ်မျိုး မှတ်။

* ယင်ယင်လေးမျှ၊ သောက်နိုင်ထ၊ သုက္ကပမာဏတ်။

---

http://www.dhammadownload.com

❽ သုက်တည်ရာဌာနကို ဖော်ပြ၍ သုက်ရှိ,မရှိ၊လွတ်,မလွတ်ကို ပုဂ္ဂိုလ်အားဖြင့် ခွဲခြား၍ ရေးသားခဲ့ပါ....?။

(၂၀၆) ပြေ။ ။*သုက်တည်ရာပ ဌာနကိုကွယ်၊
ဝေ့းစေ့,ခါးလို အချို ဆိုတယ်။
အချိုကိုယ်လုံး ဆိုသုံး ပြန်တယ်၊
အသွေးသား ရေပြား နှံ့တည်တယ်။
*နှာဂါ,ရဟန္တာ ဒေဝတို့မှာ၊
သုက်ရှိ,မလွတ် မချုတ် မှုတ်ရာ။
မလွတ်-မရှိ မှုတ်ဘီ ဖြဟ္မာ၊
ကျန်သူများ ရှိခြား လွတ်လေပါ။

---

❾ ပထမ သံဃာဒိသေသ-၌ အနုပညတ်ကိုပြ၍ မည်သည့် အနုပညတ် ဖြစ်သည်ကိုလည်း ရေးခဲ့ပါ....?။

(၂၀၇) ပြေ။ ။ပထမ သံဃာဒိသေသ-၌ အနုပညတ်ကား... **ဘုရားတို့ သုပိနန္တာ**-ဖြစ်ပါသည်။
အနာပတ္တိကရ အနုပညတ် ဖြစ်ပါသည်။

---

❿ အိပ်မက်၌ သုက်လွတ်သောအခါ သာ ယာ ကြောင်း ဝေဘနာ ရှိပါလျက်၊ အဘယ့်ကြောင့် အာပတ်မသင့်ပါသနည်း၊ သုက္ကဝိဿဋ္ဌိ သိက္ခာပုဒ်၏ နိဒါန်း-စသည်ကိုလည်း ရေးခဲ့ပါ....?။

(၂၀၈) ပြေ။ ။အိပ်မက်၌ဖြစ်သော မနောဒ္ဓါရ စေတနာသည် ပယောဂ လှုံ့လ ပြုနိုင်လောက်သည့် အရာဌာန မဟုတ်သည်၌ ဖြစ်ခြင်းကြောင့် အာပတ်အင်္ဂါအဖြစ်ဖြင့် မဆိုလောက်၌ အိပ်မက်၌ သုက်လွတ်ခြင်းမှာ အပြစ်မသင့်ခြင်းဖြစ်ပါသည်။

http://www.dhammadownload.com

နိဒါန်းကား....သာဝတ္ထိပြည်၊
ပုဂ္ဂိုလ်ကား....သေယျသက၊
ဝတ္ထုကား....အသုစိမောစန-ဖြစ်ပါသည်။

● (က) စေ့ဆော်, သဘော, လှုံ့လပြုသော်လည်း သုက်မလွတ်သော ရဟန်း၊ (ခ) မေထုနလုဝဖြင့်မာတုဂါမကို ကိုင်၍ ထိုကိုင်သော လှုံ့လဖြင့် သုက်လွတ်သော ရဟန်း၊ (ဂ) ဂေဟသိတ ပေမ-ဖြင့် အမိ,နှမကို သုံးသပ်သဖြင့် ယုက်လွတ်သော ရဟန်းအား အဘယ် အာပတ်မျှား သင့်ပါမည်နည်း....?။

(၂၀၉) ဖြေ။ ။(က) ထုလ္လစ္စည်း၊
(ခ) ဒုက္ကဋ်၊
(ဂ) ဒုက္ကဋ်-ပင် သင့်ပါသည်။

● ပထမ သံဃာဒိသေသ် သိက္ခာပုဒ်၏ အဂါမျှားကိုရေးရ၍ အနာပတ္တိကရ ပုဂ္ဂိုလ်မျှားကိုလည်း ဖော်ပြပါ....?။

(၂၁၀) ဖြေ။ ။*စေတနာ, လှုံ့လ, လွတ်ထ သုက္ကာ
သုက္ကဝိဿဋ္ဌ သုံးရပ်အင်္ဂါ။
လွတ်လိုစိတ်ကင်း ပြုခြင်း မရှိရာ၊
အိပ်မက်လွတ် ရှုံးသွပ် နာပတ္တာ။

"ဥတိယ သံဃာဒိသေသ်"
(ကာယသံသဂ္ဂ သိက္ခာပုဒ်)

● ကာယသံသဂ္ဂ သိက္ခာပုဒ်လာ ဝိပရိဏတေန, ဝိတ္တေန-ဥ အဘယ်၏ အစွမ်းအားဖြင့် ဝိပရိဏတဖြစ်သည်ကိုပြော်ပြ ၍၊ ဝိပရိဏတစိတ္တ-အရ အဘယ်စိတ်ကိုယူရမည်နည်း-?။

http://www.dhammadownload.com

(၂၁၁) ဖြေ။ ။ကာယသံသဂ္ဂ ရာဂ၏ အစွမ်းအားဖြင့် စိတ်သည် ဝိပရိဏတ-ဖြစ်ပါသည်။

ဝိပရိဏတ စိတ္တ - အရ၊ ကာယသံသဂ္ဂရာဂနှင့် ယှဉ် သော လောဘမူစိတ်ကို ယူရပါမည်။

● မာတုဂါမေနသဒ္ဓိ ;ဌ်၊မာတုဂါမ-အရ အလိုရှိအပ်သော မာတုဂါမကို ဖော်ပြပါ....?။

(၂၁၂) ဖြေ။ ။မာတုဂါမ-အရ၊ ယနေ့ မွေးဖွားသည် လည်းဖြစ်သော အသက်ရှင်သော လူမိန်းမကို ယူရပါမည်။

* ယနေ့ ဖွားစ၊သက်ရှင် ထသည့်၊ လူ မ-ကိုသာ၊မာတုဂါ၊ ယူပါ ကာယသံသဂ္ဂ။

● ကာယသံသဂ္ဂ သိက္ခာပုဒ်၌၊ ဟတ္ထ, ဝေဏိ, အင် - အရ တို့ကို ပိုင်းခြားပြု၍၊ ကိုယ်မှပေါက်သော အမွေးတို့ကို ထို ၃-ပါးတို့တွင် အဘယ်၌ ထည့်သွင်းရမည်နည်း....?။

(၂၁၃) ဖြေ။ ။*တတောင်ဆစ်မှ၊ လက်ဖျားကျ၊ ဟတ္ထ ရည်သည်သာ။

*ထုံးမူ-မထုံး၊ပန်းကုံးပန်ဆင်၊မပန်ဆင်၊ ဆံပင် ၀ဝ၏ ပါ။

*ဝေဏိ,ဟတ္ထ၊ ကြွင်းသမျှ၊ အင် ယူ လေပါ။

*ကိုယ်မှ မွေးညင်း၊ဝေဏိသွင်း၊ မကင်း အာပတ္တာ။

---

http://www.dhammadownload.com

● ကာယသံသဂ္ဂ-၌၊ ကာယ-အရ အဘယ်ကို ယူရမည်ကို ဖော်ပြ၍၊ သံသဂ္ဂ = နှီးနှောခြင်းဟူသည် အ ဘယ် သို့ ပြုသည်ကို ဆိုလိုပါသနည်း....?။

(၂၁၄) ဖြေ။ ။ကာယ-အရ၊ ကိုယ်အင်္ဂါ အစိတ်အပိုင်း ဖြစ်သော လက်,မျက်နှာ,ခြေသလုံးမှစ၍ တကိုယ်လုံးကို ယူရပါမည်။

သံသဂ္ဂ=နှီးနှောခြင်းဟူသည်၊ ဆွဲ, ကိုင်, ဆိတ်, နမ်း-စသော ပြုမူခြင်းမျိုးကို ဆိုလိုပါသည်။

● (က) ကာယသံသဂ္ဂရာဂဖြင့် မာတုဂါမ တဦးတည်း၏ လက် ၅-ချောင်းကို တပေါင်းတည်းကိုင်သော ရဟန်း၊ (ခ) မာတုဂါမ ၅-ယောက်တို့၏ လက် ၅-ချောင်းကို တပေါင်းတည်းကိုင်သောရဟန်း၊ (ဂ)လက်တဘက်ဖြင့် မလှတ်ပဲကိုင်ပြီး အခြားလက်တဘက်ဖြင့်တနေ့လုံးမာ့တုဂါမ တကိုယ်လုံးအားသုံးသပ်သောရဟန်းအား သံယာဒိသေသ်အာပတ် ဘယ်နှစ်ချက် သင့်ပါမည်နည်း ...?။

(၂၁၅) ဖြေ။ ။(က) သံယာဒိသေသ် ၁-ချက်၊
(ခ) ။ ၅-ချက်၊
(ဂ) ။ ၁-ချက်၊
သင့်ပါသည်။

● နတ်သမီး, ဘီလူးမ, တိရစ္ဆာန်မတို့အား လည်းကောင်း၊ ပဏ္ဍုက်အား လည်းကောင်း၊ နဂါး, ဂဠုန်, ကိန္နရီမှတို့ အားလည်းကောင်း၊ လူသေမကိုလည်းကောင်း သုံးသပ်သော ရဟန်းအား အဘယ်အာပတ်သင့်ပါသနည်း....?။

http://www.dhammadownload.com

(၂၁၆) ဖြေ။ ။*နတ်, ဘီ, တိရစ်၊ သုံးသပ်လစ်၊ ထုလ္လစ် အာပတ်တည်း။

*ပဏ္ဍာက်ကိုပင်၊ ပဏ္ဍာက်ထင်က၊ ထုလ္လစ္စ၊ ဒ္ဒိဟ ဒုက္ကဋ်တည်း။

*ဂဠုန်, နဂါး၊ သုံးသပ်ငြား၊ မှတ်သား ဒုက္ကဋ်တည်း။

*ပါရာဇိက၊ လောက်ထလူသေ၊ မ-ဌ်လေ၊ သင့်ပေ ထုလ္လစ္စည်း။

*မလောက်ပေစ္ခ၊ လူသေမ၊ သင့်ထ ဒုက္ကဋ် တည်း။

● ကာယသံသဂ္ဂရာဂဖြင့် မိန်းမကို ယောကျ်ား၊ယောကျ်ား ကို မိန်းမ၊ မိန်းမကို မိန်းမ၊ ယောကျ်ားကို ယောကျ်ား အမှတ်ဖြင့် သုံးသပ်သောရဟန်းကား ...အဘယ်အာပတ် သင့်ပါသနည်း....?။

(၂၁၇) ဖြေ။ ။*မိန်းမကိုပင်၊ ယောကျ်ားထင်၊ ကိုင်လျှင် ထုလ္လစ္စည်း။

*ကျားကို မ-ထင်၊ ကျား - ကျားထင်၊ ကိုင်လျှင် ဒုက္ကဋ်တည်း။

*မ-ကို မ-သာ၊ မှတ်ကိုင်တာ၊ သံ်ယာ ဒိသေသ်တည်း။

---

http://www.dhammadownload.com

● မိန်းမရှင်ပုံ,ဓာတ်ပုံများကို ရေး,ဆွဲ,ကိုင်သော ရဟန်း၊ ရတနာ ၇-ပါး၊ စပါး ၇-မျိုး၊ လက်နက်, ပိုက်ကွန်, တူရိယာ, သစ်သီး စသည်ကို ကိုင်တွယ် သုံးသပ်သော ရဟန်းအား အဘယ်အာပတ် သင့်ပါသနည်း...?။

(၂၁၈) ဖြေ။ ။ထိုပစ္စည်းများကိုကိုင်တွယ်သုံးသပ်သော ရဟန်းအား ဒုက္ကဋ်အာပတ် သင့်ပါသည်။

● (က) မိန်းမ၏အင်္ဂါ,ပဝါ-စသော ကာယပဋိဗဒ္ဓ ဝတ္ထု ကို မိမိကာယဖြင့် ထိစေသော ရဟန်း၊ (ခ) မိမိ၏ သက်နှိုး စသော ကာယပဋိဗဒ္ဓ ဝတ္ထုဖြင့် မိန်းမကိုယ်ကို ထိစေသော ရဟန်း၊ (ဂ) မိန်းမ၏ ကာယပဋိဗဒ္ဓ ဝတ္ထု နှင့် မိမိ၏ ကာယပဋိဗဒ္ဓ ဝတ္ထုကို ထိစေသော ရဟန်း အား အဘယ်အာပတ် သင့်မည်နည်း ..?။

(၂၁၉) ဖြေ။ ။(က) (ခ) တို့မှာ ထုံ့လွှစ္စည်း။
(ဂ) မှာ ဒုက္ကဋ်အာပတ် သင့်ပါသည်။

● မာတုဂါမက အလိုအလျောက် လာ၍ သုံးသပ်ခြင်းကို တုန်လှုပ်ခြင်းကင်းစွာသာယာသောရဟန်းအားအာပတ် သင့်,မသင့် ဆုံးဖြတ်ပါ....?။

(၂၂၀) မသင့်ပါ။

● ကာယသံသဂ္ဂ သိက္ခာပုဒ်၏ နိဒါန်, ပုဂ္ဂလ, ဝတ္ထု တို့ကို ဖော်ပြပါ....?။

(၂၂၁) ဖြေ။ ။နိဒါန်းကား သာဝတ္ထိပြည်၊
ပုဂ္ဂိုလ်ကား ...ဥဒါယီထေရ်၊
ဝတ္ထုကား ...ကာယသံသဂ္ဂ သမာပဇ္ဇန်။

http://www.dhammadownload.com

● ကာယသံသဂ္ဂ သိက္ခာပုဒ်၏ အဂ်ါကို ရေးရ၍၊ အနာပတ္တိ ကရ ပုဂ္ဂိုလ်မျှားကိုလည်း ထုတ်ပြပါ...?။

(၂၂၂) ဖြေ။ ။အဂ်ါကား–

* လူမိန်းမစစ် မ-မဖြစ်ထင်ပေ၊
သုံးသပ် လိုထ လွှဲလ ရှိစေ။
သုံးသပ်မြြား ငါးပါးအင်္ဂ၊
သံသဂ္ဂ ကာယ အဂ်ါပေ။

အနာပတ္တိကရ ပုဂ္ဂိုလ်မျှားကား–

* ကာကွယ် လိုထ စေတနာ့ မပါ၊
အမှတ်တမဲ့ ထိခဲ့ တဖြာ။
မသာယာ,မသိ ရှုးဘို,စ·စ္ဆာ၊
သံသဂ္ဂ ကာယ နာပတ္တာ။

"တတိယ သံဃာဒိသေသ"

(ဒုဋ္ဌုလ္လဝါစာ သိက္ခာပုဒ်)

● ဒုဋ္ဌုလ္လဝါစာ သိက္ခာပုဒ်လာ ဝိပရိဏာတေန စိတ္တေန·ဌ် စိတ်သည် အဘယ်၏အစွမ်းအားဖြင့် ဝိပရိဏာတ ဖြစ်ပါသနည်း....?။

(၂၂၃) ဖြေ။ ။ဒုဋ္ဌုလ္လဝါစာသာဒရာဂ၏အစွမ်းအားဖြင့် စိတ်သည် ဝိပရိဏာတ ဖြစ်ပါသည်။

● ဒုဋ္ဌုလ္လဝါစာ သိက္ခာပုဒ်ဌ၊ မာတုဂါမ-အရ အလိုရှိအပ်သော မာတုဂါမကို ဖော်ပြ၍၊ ဒုဋ္ဌုလ္လဝါစာ-ဟူသည် မည်သည့် စကားမျိုးကို ဆိုလိုပါသနည်း ...?။

(၂၂၄) ဖြေ။ ။ဤသိက္ခာပုဒ်၌ မာတုဂါမ-အရ၊ ရှုန့်ရင်း ကြမ်းတမ်းသော စကား ဟုတ်သည်, မဟုတ်သည်ကိုသိနားလည်သော လူမိန်းမကို ယူရပါမည်။

ဒုဋ္ဌုလ္လဝါစာ-ဟူသည်၊ ဝစ္စမဂ်, ပဿာဝမဂ်၌ မေထုန်အကျင့်နှင့်စပ်သော စကားမျိုးကို ဆိုလိုပါသည်။

* ရှုန့်ရင်းစကား၊ သိနားလည်ထ၊ လူမိန်း၊မ၊ယူရ ဒုဋ္ဌုလ္လာ။
* ဝစ္စ, ပဿာ၊ မဂ္ဂါ၊မေထုန်၊ စပ်ဆိုတုံ၊ဒုဋ္ဌုလ် ဝါစာပါ။

● ဒုဋ္ဌုလ္လာဟိ ဝါစာဟိ သြဘာသေယျ-၌၊ သြဘာသန သရုပ်ကို ထုတ်ပြပါ... ?။

(၂၂၅) ဖြေ။ ။သြဘာသန သရုပ်ကား—

၁-ဝဏ္ဏ=မဂ်နှင့်စပ်၍ ချီးမွမ်းခြင်း၊
၂ အဝဏ္ဏ=မဂ်နှင့်စပ်၍ကဲ့ရဲ့ခြင်း၊
၃-ယာစန=မေထုန်ကို တောင်းခြင်း။
၄-အာယာစန=ပြင်းပြင်းထန်ထန် တောင်းခြင်း၊
၅-ပုစ္ဆန=မေထုန်မှီဝဲပုံ စသည်ကို မေးခြင်း၊
၆-ပဋိပုစ္ဆန=ထပ်ခါ ထပ်ခါ စုံလင်စွာ မေးခြင်း၊
၇-အာဝိကမ္မ=မေထုန်မှီဝဲပုံကို မိန်းမအား ပြောကြားခြင်း။
၈-အနုသာသန=မေထုန်မှီဝဲပုံကိုနည်းပေးလမ်းပြဆုံးမခြင်း၊
၉-အက္ကောသန=ဆဲရေးခြင်း၊ပေါင်း ၉-ပါး ဖြစ်ပါသည်။

● သံယာဒိသေသ်သို့ ရောက် စေ နိုင် သော အက္ကောသန သရုပ်ကို ထုတ်၍၊ ဆဲရေးတိုင်း သံယာဒိသေသ်အာပတ် သင့်ပါသလော....?။

http://www.dhammadownload.com

(၇၇၂) ပြေ။ ။သံဃာဒိသေသ်သို့ ရောက် စေ နိုင်သော အကျွောသနကား—

၁—သိဝရုဏိသိ—အစေ့ ရှည်မ၊

၂—သမ္ဘိန္နာသိ—မဂ်နှစ်ရပ် စပ်သော မိန်းမ၊

၃—ဥဘတောဗျဉ္ဇနကာသိ—ဥဘတောဗျည်းမ၊

ပေါင်း ၃ မျိုး ဖြစ်ပါသည်။

ဆဲရေးတိုင်း သံဃာဒိသေသ် မသင့်ပါ၊ ဒုဋ္ဌုလ္လ ဝါစာသာဒ ဆုဂအားဖြင့် ပြောကြား (ဆဲရေး) မှ သံဃာဒိသေသ် သင့်ပါသည်၊ အကျွောသာဓိပွါယ – ဆဲရေးလိုသော အလိုအားဖြင့် ပြောကြား(ဆဲရေး)မူ ပါဒိတ်သာ သင့်၏။

● (က) မိန်းမများစွာတို့ ဘခွန်းတည်းသော ဒုဋ္ဌုလ္လ ဝါစာ ဖြင့် ပြောဆိုခြင်း၊ (ခ)မိန်းမတယောက်တည်းကိုဒုဋ္ဌုလ္လ ဝါစာ အခွန်းပေါင်း များစွာ ပြောဆိုခြင်းဌ် အာပတ် သင့်ပုံ မည်သို့ ထူးခြားသည်ကို ရှုးခဲ့ပါ...?။

(၂၂၇) ပြေ။ ။(က) ရဟန်းဌ်၊ မိန်းမ အရေအတွက်နှင့် အမျှ သံဃာဒိသေသ် အာပတ် သင့်ပါသည်။

(ခ) ရဟန်းဌ် စကားခွန်း အရေအတွက်နှင့်အမျှ သံဃာ ဒိသေသ် အာပတ် သင့်ပါသည်။

● ဒုဋ္ဌုလ္လ ဝါစာပြောသော်လည်း မိန်းမက နားမလည်လျှင် ထိုရဟန်းမှာ အဘယ်အာပတ်သင့်သနည်း၊ ပဏ္ဏုက်အား ပြောကြားရာ၌ သင့်သော အာပတ်များကို ရေးသားခဲ့ပါ...?။

http://www.dhammadownload.com

(၂၂၈) ဖြေ။ ။အပြောခံရသော မိန်းမက နားမလည်လျှင် ထုလ္လစ္စည်း သင့်ပါသည်၊ ပဏ္ဏုက်ဌ်လည်း ထုလ္လစ္စည်းပင်၊ ပဏ္ဏုက်ဌ် မိန်းမဟု ထင်မှတ်ပြီး ပြောကြားလျှင်ကား—ဒုက္ကဋ် သင့်၏။

* နားမလည်က၊ ထုလ္လစ္စ၊ သင့်ထ ဘိက္ခုမှာ။
* ပဏ္ဏုက် ပြောထ၊ထုလ္လစ္စပင်၊မိန်းမထင်၊သင့်အင် ဒုက္ကဋ်။

● မိန်းမအား ဒုဋ္ဌုလ္လဝါစာ ပြောကြားခြင်းဌ၊ မိန်းမ၏ ကိုယ်အင်္ဂါ အစိတ်အပိုင်းအလိုက် အာပတ် သင့်ပုံကို ရေး၍၊ မိန်းမ၏ ကာယပဋိဗဒ္ဓ -ဝတ္ထုကို ရည်ညွှန်း ပြောဆိုက အာဘယ် အပြစ်သင့်ပါသနည်း....?။

(၂၂၉) ဖြေ။ ။*ပဿာ, ဝစ္ဆ ဆိုက သံဃာ၊
(သံဃာဒိသေသ-ဟူလို)

ညှင်ရိုးအောက်ဘက် ဒုးထက် ထုလ္လာ။
ညှပ်ရိုးထက်ရောက် ဒုးအောက် ဒုက္ကဋ်
တန်ဆာစပ် ပြောလတ် ဒုက္ကဋ်သာ။

● ဒုဋ္ဌုလ္လဝါစာ သီခါပတ္တ လက္ခဏာပြပါ၌၊ ဩဘာသနနှိရာသက်ဘာဝပြပါ၌တို့ကိုရေး၍၊ ဒုဋ္ဌုလ္လဝါစာ သိက္ခာပုဒ်၏ နိဒါန်စသည်ကိုလည်း ထုတ်ပြပါ... ?။

(၂၃၀) ဖြေ။ ။

ဒုဋ္ဌုလ္လဝါစာ သီခါပတ္တ လက္ခဏာပြ ပါ၌ကား—
"မေထုနှ ပသံဟိဘာဟိ" ဖြစ်ပါသည်။
ဩဘာသန နိရာသက်ဘာဝပြ ပါ၌ကား—
"ယထာ တံ ယုဝါ ယုဝတိ" ဖြစ်ပါသည်။

http://www.dhammadownload.com

နိဒါနိုးကား....သာဝတ္ထိပြည်၊
ပုဂ္ဂိုလ်ကား... ဥဒါယီထေရ်၊
ဝတ္ထုကား....ဒုဋ္ဌုလ္လဝါစာ သြဘာသန။

● ဒုဋ္ဌုလ္လဝါစာ သိက္ခာပုဒ်၏ အင်္ဂါကိုထုတ်၍၊ ထို သိက္ခာပုဒ်ဖြင့် အာပတ် မသင့်သော အနာပတ္တိကရ ပုဂ္ဂိုလ် မျှားကို ရေးခဲ့ပါ...?။

(၂၃၁) ဖြေ။ ။ဒုဋ္ဌုလ္လဝါစာ အင်္ဂါကား-

* လူ,မ-ဖြစ်ပြု' မ-ဟု ထင်ခါ၊'
ဒုဋ္ဌုလ်စကား ပြောကြား သာ်ယာ။'
ပြောကြားလေဘီ' ကြား-သီ' ငါ:ဖြာ၊
ဒုဋ္ဌုလ္ဝါစာ မှတ်အင်္ဂါ။

အာပတ်မသင့်သော ပုဂ္ဂိုလ်မျှားကား-

* အနိမိတ္တာသိ ပါဠိ ငဲ့ဆို၊
ထိုပါ အတ္ထ ဓိပ္ပာ ငဲ့လို။
ဥမ္မတ္တက ဆုံးမ ထိုထို၊
ဒုဋ္ဌုလ္လစ် အပြစ် လွှတ်သကို။

"စတုတ္ထ သံသာဒီသေသ်"

(အတ္တကာမ ပါရိစရိယ သိက္ခာပုဒ်)

● အတ္တကာမ ပါရိစရိယ - သိက္ခာပုဒ်လာ ဝိပရိဏာတေန စိတ္တေန-၌ စိတ်သည်အဘယ်၏အစွမ်းအားဖြင့်ဝိပရိဏာတ ဖြစ်ပါသနည်း ...?။

(၂၃၂) ဖြေ။ ။အတ္တကာမ ပါရိစရိယရာဂ၏အစွမ်းအား ဖြင့် စိတ်သည် ဝိပရိဏာတဖြစ်ပါသည်။

---

http://www.dhammadownload.com

● ကာယသံသဂ္ဂ သိက္ခာပုဒ်, ဒုဋ္ဌုလ္လဝါစာ သိက္ခာပုဒ်, အတ္တကာမပါရိစရိယ သိက္ခာပုဒ်တို့၌လာသော သြတိဏ္ဏ,ဝိပရိဏတ စိတ္တ-တို့၏ အထူးကို ရေးပါ....?။

(၂၃၃) ဖြေ။ ။*ကိုယ်,လက် နှီးနှော လိုသော ရာဂါ
ဒုဋ္ဌုလ်စကား မြှောက်ကြား သာယာ။
အတ္တကာမ စရိယရာဂါ၊
သြတိဏ္ဏ ထူးကြ စဉ်တိုင်းသာ။

● အတ္တကာမ ပါရိစရိယ သိက္ခာပုဒ်လာ မာတုဂါမ-အရ၊ အလိုရှိအပ်သော မာတုဂါမကိုဖော်ပြ၍၊ ဝဏ္ဏဘာသနာ, ကာရပြု ပါဠိကိုလည်း ရေးခဲ့ပါ....?။

(၂၃၄) ဖြေ။ ။မာတုဂါမ-အရ၊ ဓွန်ရင်း ကြမ်းတမ်းသော စကား ဟုတ်သည်, မဟုတ်သည်ကို သိနားလည်သော လူမိန်းမကို ယူရပါမည်။

(ဒုဋ္ဌုလ္လဝါစာ သိက္ခာပုဒ်လာ မာတုဂါမ-အရနှင့် အတူတူ ပင်တည်း။)

ဝဏ္ဏဘာသနာကာရပြု ပါဠိကား– "ဘေဒဂ္ဂ ဘာဒိ (ဝ) ပရိစရေယျ" ဖြစ်ပါသည်။

● ကာယသံသဂ္ဂ သိက္ခာပုဒ်, ဒုဋ္ဌုလ္လဝါစာသိက္ခာပုဒ်, အတ္တကာမ ပါရိစရိယ သိက္ခာပုဒ်တို့၌ လာသော မာတုဂါမ တို့၏ အထူးကို ရေးပါ....?။

http://www.dhammadownload.com

(၂၃၅) ဖြေ။ ။*ယနေ့ဗုဒ္ဓားစ မ်ိန်းမ သဗ္ဗာ၊
ကာယသံသက် မ,တ္ကက်ယူပါ။
နှားလည် သိ, ကြား မ-မျှားကိုသာ၊
ဒုဋ္ဌုလ္လ အတ္တ ယူလေပါ။

● မေထုန်ဖြင့်လုပ်ကျေးရန်ပြောကြားသောအခါ၊မိန်းမက ဖျင်း,အ-နှားမလည်လျှင်အာပတ် သင့်ပါသေးသလော၊ ပဏ္ဍုက်အား ပြောကြားရာ၌ အဘယ်အာပတ်သင့်သည်ကို ရေးခဲ့ပါ။....?။

(၂၃၆) ဖြေ။ ။မိန်းမကဖျင်း,အ-၍ နှားမလည်သော်လည်း ပြောကြားသော ရဟန်းမှာ ထုလ္လစ္စည်း အာပတ် သင့်ပါသည်။
ပဏ္ဍုက်ကို ပြောကြားရာ၌၊ ပဏ္ဍုက်ကို ပဏ္ဍုက်အမှတ်ဖြင့် ပြောလျှင် ထုလ္လစ္စည်း၊ ပဏ္ဍုက်ကို မိန်းမ အမှတ်ဖြင့် ပြောလျှင် ဒုက္ကဋ်အာပတ် သင့်ပါသည်။

● မေထုန်ဖြင့် လုပ်ကျေးရန် နှုတ်ဖြင့် မပြောပဲ၊ ကိုယ် အမူအရာဖြင့် သိစေပါက အာပတ် သင့်,မသင့် ဆုံးဖြတ်၍၊ အတ္တကာမ ပါရိစရိယ သိက္ခာပုဒ်၏ နိဒါန စသည်ကို ထုတ်ပြပါ...?။

(၂၃၇) ဖြေ။ ။ကိုယ်အမူအရာဖြင့်သိစေရာ၌၊ဆိုလိုသော အင်ပွာယ်ကို မာတုဂါမ သိပါက သံဃာဒိသေသ် အာပတ်သင့်ပါသည်၊မသိ(နှားမလည်)က ထုလ္လစ္စည်းအာပတ် သင့်ပါသည်။

နိဒါန်းကား....သာဝတ္ထိပြည်၊
ပုဂ္ဂိုလ်ကား....ဥဒါယီထေရ်၊
ဝတ္ထုကား....အတ္တကာမ ပါရိစရိယ ဝဏ္ဏဘာသနတည်း။

---

http://www.dhammadownload.com

● အတ္တကာမ ပါရိစရိယ သိက္ခာပုဒ်၏ အဂ်ါမျှားကိုရေးရှု
အနာပတ္တိကရ ပုဂ္ဂိုလ်မျှားကိုလည်း ထုတ်ပြပါ....?။

(၂၃၀) ဖြေ။ ။အဂ်ါကား-

* လူဖြစ်မိန်းမ မိန်းမဟု ထင်၊
အတ္တကာမ ရာဂ စိတ်ဝင်။
ထိုစိတ်နှင့်ကြား သိငြား ဟူ၍ စင်၊
မေထုန်မှု တောင်းသူ အဂ်ါပင်။

အာပတ်မသင့်သော ပုဂ္ဂိုလ်မျှားကား-

* သက်နှိုးစပြု ဝတ္ထု ကာမာ၊
လှုဒါနိုးရက္ခိုး ဟောမျိုးခြင်းရာ။
ရှုးသွပ်လေတိ အာဒိ ခ-ဌာ၊
မေထုန်မှု တောင်းသူ နာပတ္တာ။

"ပဌမ သံဃာဒိသေသ်"
(သဗ္ဗရိတ္တ သိက္ခာပုဒ်)

● သဗ္ဗရိတ္တံ သမာပဇ္ဇေယျ-ဌ်၊ သမာပဇ္ဇေယျ ဖြစ်ခြင်း
အဂ်ါကို ရေးရှု၊ အဂ်ါမညီက ၈ဘယ် အာပတ် သင့်ပါ
သနည်း....?။

(၂၃၉) ဖြေ။ ။သမာပဇ္ဇေယျ အရ-

၁-သမ္မာပဋ္ဌိဂ္ဂဟန=ကောင်းစွာ ဝန်ခံခြင်း။
၂-ဝိမံသန=စုံစမ်းခြင်း။
၃-ပဒ္ဒေဟရဏ=တဖန် ဆောင်ခြင်း။

http://www.myanmarnamaload.com

ဤ အဂါ ၃-ပါးနှင့်ညီမှ သံယောဇဝေသည် သင့်ပါသည်၊ အဂါ ၃-ပါးနှင့် မညီပဲ ၁-ချက်ညီက ဒုက္ခ၊ ၂-ချက်ညီက ထုလ္လစွဲည်းအာပတ် သင့်ပါသည်။

* ကောင်းစွာ ဝန်ခံ၊ စုံစမ်းပြန်၊ တဖန် ဆောင်ရွက်ကြား။

* သုံးညီ-သံယ၊ နှစ်-ထုလ္လ၊ ဧက-ဒုက္ခ ထား။

● ဇာယတ္တန့,ဇာရတ္တန-တို့ ထူးခြားဟန်ကိုဝေဖန်၍၊တခ်ကၠ ကာယပိ-ဌ် တခ်ကၠက-အရကိုလည်း ကောက်ပြပါ...?။

(၂၄၀) ဖြေ။ ။ဇာယတ္တန–မယား ဖြစ်စေလိုမှု။
ဇာရတ္တန–လင် ဖြစ်စေလိုမှု။

(၀၁)

ဇာယတ္တန–အမြဲလင်, အမြဲမယား ဖြစ်စေလိုမှု။
ဇာရတ္တန–ခေတ္တလင်,ခေတ္တမယား ဖြစ်စေလိုမှု။

တခ်ကၠကအရ– အမိ ဝေါင့်သော မိန်းမ၊ အဖ ဝေါင့်သော မိန်းမ စသည်ဖြင့် ပါဠိတော်လာ မိန်းမ ၂၀-တို့တွင် အောက်တန်း အကျဆုံးသော မုဟုတ္တိကာ – ပြည့်တန်ဆာမကို ယူရ ပါမည်။

* တခ်ကၠကာ၊ ပြည့်တန်ဆာ၊ ယူပါ အောက်ထစ်ဆို။

● ခေတ္တခဏ ကွဲကွာနေကြသော လင်,မယားအား ဝေ့ခပ် အောင်သွယ်ပေးသော ရဟန်းအား အာပတ် သင့်,မသင့် ဆုံးဖြတ်ပါ....?။

http://www.dhammadownload.com

(၂၄၁) ဖြေ။ ။အလျှဉ်း ကွာရှင်းပြီး မဟုတ်၍၊ သဠာရိတ္တ သိက္ခာပုဒ် ဒုတိယအင်္ဂါ ချို့တဲ့သောကြောင့် အာပတ် မသင့်ပါ။

● ကွာရှင်းပြီးသော မိ,ဘ နှစ်ပါးအား ပြန်ပေါင်းယုပ်ရန် ဝေ့စပ်ပေးသော ဝိနည်းပညတ်ကို မသိသည့်ရဟန္တာအား အာပတ် သင့်,မသင့် ဆုံးဖြတ်ပါ....?။

(၂၄၂) ဖြေ။ ။ရဟန္တာ ဖြစ်စေကာမူ သံဃာဒိသေသ် အာပတ် သင့်ပါသည်။

● ဝန်ခံ၏, စုံစမ်း၏၊ သို့သော် ကိုယ်တိုင်ကား.... တဖန် ပြန်မကြား ကပည့်အား ကြားခိုင်းဖ၊ တို့ ရဟန်းအား သံဃာဒိသေသ်အာပတ် သင့်,မသင့် ဆုံးဖြတ်ပါ....?။

(၂၄၃) ဖြေ။ ။မိမိ ပြောခိုင်းလိုက်သော သူသည် မှားပြောကြားမည့်သူ ဖြစ်ပါက ထို,ရဟန်းမှာ အာပတ် မလွတ်၊ သံဃာဒိသေသ် အာပတ် သင့်၏။

● အောင်သွယ်သော်လည်း အောင်မြင်မှုကင်္ဘ အောင်မြင်မှု မရက အာပတ် သင့်ပါမည်လော ဆုံးဖြတ်ပါ....?။

(၂၄၄) ဖြေ။ ။အောင်မြင်မှု ရ-မရကား ...[illegible] အောင်သွယ်မှသာ ပမာဏ ဖြစ်၍၊ အောင်မြင်သည် ဖြစ်ခဲ့, မအောင်မြင်သည်ဖြစ်ခဲ့ အောင်သွယ်သောရဟန်းအား သံဃာ-ဒိသေသ် သင့်သည်သာတည်း။

● သဠာရိတ္တ သိက္ခာပုဒ်၏ နိဒါန်, ပုဂ္ဂလ, ဝတ္ထု, အင်္ဂါ, အနုပညတ်တို့ကို ပြဆိုရ၍၊ ထို သိက္ခာပုဒ်ဖြင့် အာပတ် မသင့်သော ပုဂ္ဂိုလ်များကို ရေးပါ....?။

http://www.dhammadownload.com

(၂၄၅) ဖြေ။ ။နိဒါန်းကား....သာဝတ္ထိပြည်၊
ပုဂ္ဂိုလ်ကား....ဥဒါယိထေရ်၊
ဝတ္ထုကား....အောင်သွယ်မှ၊
အနုပညတ်ကား .. အန္တမသော တခံ်ကို
ကာယပ်ိ။

အဂ်ါကား-

* လူဇာတ်ရှိခြင်း' ကွာရှင်းပြီးစေ၊'
ဝန်ခံ,' မေးခြား,'ပြန်ကြားပြောချေ'ဒ
သဠာရိတ္တ သိက္ခာ ပဒေ၊
အဂ်ါငါး မှတ်သား သောတုဆေ့။

အာပတ်မသင့်သော ပုဂ္ဂိုလ်များကား-

* ရတနာသုံးဝ စပ်ထ ကိစ္စာ၊
နာမ္မ-ဖျားမှ ကြားမှ တဖြာ။
ရှုးသွပ်လေဘီ အာဒီ စ-စ္စာ၊
အောင်သွယ်လင့် မသင့် နာ့ပတ္တာ။

"ဆဋ္ဌ သံဃာဒိသေသ်"

(ကုဋိကာရ သိက္ခာပုဒ်)

● သညာစိကာယ-အရ၊ အပိုင်တောင်းခြင်း, ခေတ္တတောင်းခြင်းဟူ၍ နှစ်မျိုးရှိရာ၊ အဘယ် တောင်းခြင်းကိုဆို လိုပါသနည်း....?။

http://www.dhammadownload.com

(၂၄၆) ဖြေ။ ။**သညာဝိကာယ**-အရ၊ ပဲခူးပ်စသော ဝတ္ထု၊ ပစ္စည်းမျှားကို အပိုင် မတောင်းအပ်၊ ခေတ္တခဏ တောင်းခြင်းကိုသာ ဆိုလိုပါသည်။

* အပိုင် မအပ်၊ ခေတ္တအပ်၊ တောင်းလတ် ခဏသာ။

● ကုဋီ အပြားကို ရေး၍၊ အဓိပ္ပာယ်ကိုလည်း အသီးသီး ဖော်ပြပါ....?။

(၂၄၇) ဖြေ။ ။**ကုဋီအပြားကား**-

၁-ဥလ္လိတ္တ ကုဋီ၊

၂-အဝလိတ္တ ကုဋီ၊

၃-ဥလ္လိတ္တာ ဝလိတ္တ ကုဋီ၊ ပေါင်း ၃-ပါးတည်း။

အဓိပ္ပာယ်ကား-

၁-အင်္ဂတေ မြေညက်တို့ဖြင့် အတွင်းဘက်၌သာ လိမ်းကျံအပ်သော ကုဋီသည် **ဥလ္လိတ္တကုဋီ**-မည်၏။

၂-အင်္ဂတေ မြေညက်တို့ဖြင့် အပြင်ဘက်၌သာ လိမ်းကျံအပ်သော ကုဋီသည် **အဝလိတ္တကုဋီ**-မည်၏။

၃-အင်္ဂတေ မြေညက်တို့ဖြင့် အတွင်း, အပြင် ၂-ဘက်လုံး၌ လိမ်းကျံအပ်သော ကုဋီသည် **ဥလ္လိတ္တာ ဝလိတ္တာကုဋီ**-မည်၏။

* အတွင်း ကျံထ၊ ဥလ္လိတ္တ၊ ပြင်ပ ဝလိတ္တာ။

* တွင်း,ပြင် နှစ်ဝ. လိမ်းကျံထ၊ မှတ်ကြ ဥလ,ဝ-ပါ။

● အဿာမိက အတ္တုဒ္ဒေသ-ဟူသည်၊ အဘယ်ကို ဆိုလိုပါသနည်း....?။

(၂၄၈) ဖြေ။ ။**အဿာမိက-ဟူသည်**၊ ကုဋီ-ကျောင်းငယ်ကိုဆောက်လုပ်ရာ၌ ကျောင်းဒါယကာမရှိခြင်းကိုဆိုလိုပါသည်၊

http://www.dhammadownload.com

အတ္တုဒ္ဒေသ-ဟုသည်၊ မိမိ နေဖို့အတွက် ပြစ်သည်ဟု ဆိုလို ပါသည်။

● ပမာဏိကာ ကာရေတမ္ဘာ-အရ၊ကုဋ္ဌီ၏ပမာဏကို ဘုရား၊ မင်္ဂျီမ,ပကတိပုရိသတို့၏ ပမာဏပြင့် တွက်ပြပါ....?။

(၂၄၉) ပြေ။ ။**ကုဋ္ဌီ၏ ပမာဏကား-**

ဘုရားအထွာတော်ပြင့် အလျှား ၁၂-ထွာ၊အနုံ ၇-ထွာ။

မင်္ဂျီမပုရိသအား**ပြင့်** အလျှား ၃၅-ထွာ၊ (၁၈-တောင်။) အနုံ ၂၁-ထွာ၊(၁၀-တောင်၊ ၁-ထွာ။)

ပကတိပုရိသအား**ပြင့်** အလျှား ၅၄-ထွာ၊ (၂၇-တောင်) အနုံ ၂၁ ထွာနှင့် ၆-သစ်၊ (၁၅-တောင်၊ ၁-ထွာ၊ ၆-သစ်) ပမာဏ ရှိပါသည်။

* အလျှား**ဆယ်**နှစ်၊ နုံ-**ခုနှစ်**၊**မှတ်**လစ် **ဘုရား**ထွာ ကုဋ္ဌီ**မှာ**။

* **ဆယ်**ရှစ်**တောင်**-**လျှား**၊ **အနုံ**ကား၊**မှတ်**သား **ဆယ်**တောင် **ထ**ွာ **မ**ဏ္ဍိ**မ**ာ။

* **ခုနှစ်**-**ခွန်**တောင်-**လျှား**၊ **ဆယ့်**ငါး**ထ**ွာ၊**ခြောက်**သစ်**သ**ား၊ **နုံ**-**မ**ှာ **ပ**ကတိ**သ**ာ။

● အလျှား အနုံ တိုင်းသောအခါ အဘယ်မှ တိုင်းမည် နည်း....?။

(၂၅၀) ပြေ။ ။*အလျှားတိုင်းခါ၊ ပြင်ဝန်းသာ၊ နုံ-မှာ တွင်းစုန်းပေ။

*ကုဋ္ဌီကာရ၊ ပမာဏ၊ တိုင်းရ မြဲမသွေ။

● ပမာဏိကာ-အရ၊အယုတ်ဆုံး ကုဋ္ဌီလောက်ထိ ပမာဏကို ဖော်ပြပါ....?။

http://www.dhammadownload.com

(၂၅၁) ဖြေ။ ။*အယုတ်ဆုံးဝယ်၊ လေး - တောင်ကျယ်၊ ပတ်လယ် ပမာဏ။
*ကိုးတောင်ပတ်လယ်၊ ရှိရမယ်၊ တသွယ် ဌိကာပြ။
*သုံး တောင် တထွာ၊ ယုတ် ဆုံး သာ၊ မိန်းမှာ ရှေးဆရာ့။

---

❶ ကုဋိကို အလျားလျှော့ကာ အနံကျယ်၍လည်းကောင်း၊ အနံလျှော့ကာ အလျား ပို၍လည်းကောင်း ပြုလုပ်က အပ်ပါမည်လော....?။

(၂၅၂) ဖြေ။ ။*ပမာဏထက်၊ မည်သည့်ဘက်၊ တိုးတက် မပြုရာ။
*ဆံတပင်မျှ၊ ဝိုးခဲ့က၊ သင့်ထ အာပတ္တာ။

---

❷ ဘိက္ခု။ အဘိနေတမ္ဘာ-အရ၊ ကုဋိရာကိုကြားရန် သံယာ မည်မျှ ပင့်ရမည်နည်း....?။

(၂၅၃) ဖြေ။ ။သံယာ၌အကျုံးဝင်သောရဟန်းအားလုံး ကိုလည်းကောင်း၊ ဥ.တွေ့ ဒုတိယက (သို့) အပလောကနှုတ်ဖြင့် သံယာက သမုတ်အပ်သော သံယသမ္မတ ရဟန်း ၂-ပါး, ၃-ပါး ကိုလည်းကောင်း ကုဋိရာကိုကြားရန် ပင့်ရပါမည်။

---

❸ အနာဂမ္ဘ, သာဂမ္ဘ-တို့၏ အဓိပ္ပာယ်ကိုရေး၍၊ အနာဂမ္ဘ အရ၊ ဘေးရန်သရွပ်ကိုလည်း ထုတ်ဖော်ပြပါ....?။

(၂၅၄) ဖြေ။ ။*ပိုး, ရွ, ခြစ ကောရ-ဘေးရန်၊
ကောက်ပဲ ၈ရုပ် သောဌသ်-တဖန်။
ကင်းဝေးဌာန အနာဂမ္ဘ်၊
မကင်းရှိ မှတ်ဘိ သာဂမ္ဘ်။

http://www.dhammadownload.com

ဘားရန် ၁၃-ပါးသရုပ်

*ပိုး,ရွ,ခြ,ကြက် နှစ်-ချက် ကင်း,မြွေ၊
ခြသေ့,ဆင်,ကျား သစ်များ, ဝံပုလေ့။
အောင်း,မှတ်မရှိ တိရစ္ဆာနေ၊
တော်ရသ ဘယ သရှေပေ။

ဘားရန် ၁၆-ပါး သရုပ်

*ကောက်ခင်း,ပဲခင်း, မှီတင်းဌာနေ၊
ဒုတ္တိ,ကမ္မ ကရဏ တထွေ။
လက်, ခြေ ခုတ်ပိုင်း, လုပ်တိုင်း, ရပ်တွေ
ဥယျာန်, ရာဇ မှန်ရဝေ။
*ဆင်, မြင်း တင်းကုပ်, အချုပ်နှောင်အိမ်,
ဘုံဆိုင်, နွားသတ်, သုံးရပ် လမ်းကြိမ်။
လမ်းဆုံ လေးခွ, ရောင်းချစျေးအိမ်၊
ထုတ်ခြင်းပေါက် မရောက် လမ်းမဂ္ဂန်။
နာရမ္ဘ ဘယ သောဠသိ။

● သပရိက္ကမန်-အရ၊အဘယ်သို့လှည့်လည်ရမည်၊ အဘယ်မျှ ဥပစာရ်ရှိရမည်ကို ဖော်ပြပါ....?။

(၂၅၅) ဖြေ။ ။လှည်းဘီးတခုကို တံစက်မြိတ် ရေကျရာ-အရပ်၌ထားရ၍အခြားလှည်းဘီးတခုကိုအပြင်ဘက်တွင်ထားကာ လှည့်ရမည်။ထိုမျှလောက် နွား ၂-ကောင် (သို့) ၄-ကောင် က,အပ်သောလှည်းဖြင့် လှည့်လောက်သော ဥပစာရ်ရှိမှ သပရိက္ကမန်-ဖြစ်၍, မလှည့်လောက်လျှင် အပရိက္ကမန်-ဖြစ်တော့သည်။

---

http://www.dhammadownload.com

● သညာစိက ကုဋိကို ဆောက်လုပ်ရာ၌ သာရမ္ဘ, အပရိက္ကမန, အဒေသိတဝတ္ထုက, ပမာဏာ တိက္ကန္တ-တို့ကြောင့် သင့်ရောက်သော အာပတ်များကို ရေးသားခဲ့ပါ...?။

(၂၅၆) ပြေ။ ။*အပရိက္ကမန၊သာရမ္ဘ၊ ဖြစ်က ဒုက္ကဋ်သိ။
အဒေသိတ၊ ပမာဏ၊ လွန်က သံဃာဒိ။

● ' ကုဋိကာရ သိက္ခာပုဒ်၏ နိဒါန စသည်ကို ရေးခဲ့ပါ....?။

(၂၅၇) ပြေ။ ။နိဒါန်းကား....အာဌဝီပြည်၊ .....
ပုဂ္ဂိုလ် ကား ...အာဌဝီတိုင်းသား ရဟန်း
များ။
ဝတ္ထုကား....သံဃာစိတ ကုဋိကာရ။

● ကုဋိကာရသိက္ခာပုဒ်၏ အင်္ဂါကို ရေး၍ ထိုသိက္ခာပုဒ်ဖြင့် အာပတ်မသင့်သော ပုဂ္ဂိုလ်များကို ရေးခဲ့ပါ....?။

(၂၅၈) ပြေ။ ။အင်္ဂါကား-

* ကုဋိ သုံးမျိုး တမျိုး ဖြစ်ပါ၊
လေးတောင် နဲ့ရှိ ကုဋိ ပမာဏာ။
အဒေသိတ' ပမာဏ လွန်ရာ၊'
မိမိဖို့' နေဖို့' ကုဋိသာ။
လိမ်းမြေညက် စပ်ဆက်' ခွန်အင်္ဂါ။

အာပတ်မသင့်သော ပုဂ္ဂိုလ်များကား-

* မပြီးသေးလစ် စွန့်ပစ်တဖြာ၊
သူများအတွက် ပြုလျက် ပေးရာ။
လိုက်ဂူ မြက်မိုး ကျောင်းမျိုး စုံစွာ၊
ဥမ္မတ္တ လွတ်ထ အာပတ္တာ။

http://www.dhammadownload.com

မှတ်ချက်။ ။ဤသိက္ခာပုဒ်၌ အင်္ဂါ ၆-ပါး၊ ၇-ပါးဟု ၂-မျိုး ပြခြင်းကား.... အဒေသိတ ဝတ္ထုက, ပမာဏာတိက္ကန္တ အင်္ဂါ ၂-မျိုးတွင် တမျိုးမျိုး ဖြစ်လျှင် သံယာဒိသေသ် ၁-ချက် သင့်၏၊ ထိုကြောင့် ၆-ပါး ဆိုသည်။ ထိုအင်္ဂါ ၂-မျိုး ဖြစ်လျှင် သံယာဒိသေသ် ၂-ချက် သင့်၏။ ထိုကြောင့် အင်္ဂါ ၇-ပါးဆိုသည်။

"လတ္တမ သံယာဒိသေသ်"

(ဝိဟာရ ကာရ သိက္ခာပုဒ်)

● ဝိဟာရကာရ သိက္ခာပုဒ်လာ မဟာလ္လကံ - အရ၊ အဘယ်ထက်ကြီး၍ အဘယ်ကြောင့် မဟာလ္လက - အမည်ရသည် ကိုလည်း ရေးခဲ့ပါ....?။

(၂၅၉) ဖြေ။ ။*သညာ စိထက် ကြီးလျက် ပမာ၊
ဒကာရှိထ ပမာဏလွန်ကာ။
ဆောက် နိုင် ပေ တောင်း အကြောင်း
နှစ်ဖြာ၊
မဟာလ္လ နာမ-မည်ရပါ။

● ကုဋိကာရသိက္ခာပုဒ်နှင့် ဝိဟာရကာရ သိက္ခာပုဒ်တို့သည် အဘယ်သို့ ထူးပါသနည်း....?။

(၂၆၀) ဖြေ။ ။*သမုဋ္ဌာန်-ဆ သံယာဒိသေ၊
နှစ်ချက် သင့်ဘိ ကုဋိကာရေ။
ဂိုရိယာ တပါး သင့်ဗြား တစ်ပေ၊
ဝိဟာရ ကာရ ထူးသလေ။

---

https://myanmarbook.com download.com

● ဝိဟာရ-အရ၊ကျောင်းဟူသည်မှာ- ယခုကာလ သစ်သား ကျောင်း စသည်ကို ဆိုလိုပါသလော၊ အဘယ်ကို ဆိုလို ပါသနည်း ...?။

(၂၆၁) ဖြေ။ ။ဝိဟာရ - အရ၊ ယခုကာလ သစ်သား ကျောင်း,အင်္ဂတေ မသုတ်လိမ်းသော အုတ်တိုက်တို့ကို မဆိုလို၊ အင်္ဂတေ မြေညက်တို့ဖြင့် သုတ်လိမ်းအပ်သော ဥလ္လိတ္တ-စသော ၃-မျိုးကိုသာ ကျောင်း- ဟု ဆိုလိုသည်၊ ထို ၃ - မျိုးဌာသာ ဤသိက္ခာပုဒ်အရ ကျင့်ရပါမည်။

● ဝိဟာရကာရ သိက္ခာပုဒ်၏ နိဒါန စသည်ကို ရေး၍ အင်္ဂါဆိုလည်း ဖော်ပြပါ... ?။

(၂၆၂) ဖြေ။ ။*နိဒါန်းကား....ကောသမ္မီပြည်၊
ပုဂ္ဂိုလ်ကား....ဆန္နထေရ်၊
ဇတ္ထုကား....စေတိယရကွက်ကိုသတ်ဖြတ်မှု။

အင်္ဂါကား—

ကုဋိကာရ သိက္ခာပုဒ်လာ အင်္ဂါ ၇-ပါးအနက်၊ ပမာဏကို လွန်ခြင်း အင်္ဂါ ၁-ပါးမှ တပါး၊ ကျန် အင်္ဂါ ၆-ပါးသည် ဤသိက္ခာပုဒ်၏ အင်္ဂါပင် ဖြစ်တော်သည်။

* ကုဋိကာရ၊ ခွန်အင်္ဂတွင်၊ ပမာဏကြည့်,ကျန်ခြောက်အင်၊ ဝိ-တွင် အင်္ဂါတည်း။

"အဋ္ဌမ သံယာဝိသေသ"

(ပထမ ဒုဋ္ဌဒေါလ သိက္ခာပုဒ်)

● ယောပန ဘိက္ခု ဘိက္ခုံ-ဌ၊ ဘိက္ခုံ-အရ၊ အဘယ်ရဟန်း မျိုးကို ယူရမည်နည်း... ?။

http://www.dhammadownload.com

(၂၆၃) ဖြေ။ ။ဘိက္ခုအရ၊စင်ကြယ်သော တပါးသော ဘုရားရဟန်းကို ယူရပါမည်။

● ဒုဗ္ဗဋ, ဒေါသော, အပ္ပတိတောဒ္ဓ၊ ဒုဗ္ဗ, ဒေါသ, အပ္ပတိတတို့၏ အဓိပ္ပာယ်ကို ရေးရ၍၊ ၎င်းတို့၏ အရကို လည်း ကောက်ပြပါ....?။

(၂၆၄)ဖြေ။ ။ဒေါသသည် မိမိကိုလည်း ဖျက်ဆီးအပ်သောကြောင့် ဒုဗ္ဗ-မည်၏။

—ဒေါသသည် မိမိကိုသာ ဖျက်ဆီးသည် မဟုတ်၊ သူတပါးကိုလည်း ဖျက်ဆီးတတ်သောကြောင့် ဒေါသ-မည်၏။

ဒေါသဖြစ်သော သူ့ဖ ပိတ်,သုခ-တို့သည် မကပ်အပ်သောကြောင့် အပ္ပတိတ-မည်၏။

အရကား... ဒေါသ သမ္ဘဝိပုဂ္ဂိုလ် အသီးသီးရ၏၊ (၀)ဒုဗ္ဗ, ဒေါသ-အရ ဒေါသ စေတသိက်၊ အပ္ပတိတ-အရ ဒေါမနဿ ဝေဒနာ-ရ၏။

* ဒေါသ အမှက်၊ မိကို ဖျက်၊ အဝ်တွက် ဒုဗ္ဗမည်။
* ဒေါသ အမှက်၊ သူများ ဖျက်၊ တတ်တွက် ဒေါသမည်။
* ပိတ်, သုခ၊ မကပ်ပြန်၊ မှတ်ရန် အပ္ပတိ။
* ဒုဗ္ဗ, ဒေါ, အပ္ပ၊ သုံး-အရ၊ ဒေါသ သမ္ဘဝ။

● ဒုဗ္ဗ, ဒေါသ-တို့သည် တရားကိုယ် အရ ကောက်ချင်းတူပါလျက်၊ အ ဘယ့်ကြောင့် ခွဲခြား၍ ဟောကြားရပါသနည်း....?။

(၂၆၅) ဖြေ။ ။ဒုဗ္ဗ, ဒေါသ-တို့သည် တရားကိုယ် အရ ကောက်ချင်းတူသော်လည်း မိမိအားဖျက်ဆီးအပ်သော အခြင်း

http://www.dhammadownload.com

အရာ ဒူသိတာကာရ၊သူတပါးအား ဖျက်ဆီးတတ်သောအခြင်း အရာ ဒူသကာ ကာရ-အားဖြင့် ကွဲပြား ထူးခြားသောကြောင့် ဒုဗ္ဗော - ဟူ၍ လည်းကောင်း၊ ဒေါသော - ဟူ၍လည်းကောင်း ခွဲခြား၍ ဟောကြားတော်မူရပါသည်။

* ဒူသိ, ဒူသကာ၊ အာကာရာ၊ ကွဲကာ - ကြောင့်တွက်ပေ။

* တရားကိုယ် ကေ၊ ဒုဗ္ဗ-ဒေါသ၊ ခွဲပြ ဟောသလော။

● ဒုဗ္ဗ,ဒေါသ,အပ္ပတိတ-တို့ကို တပုဒ်ဟောကပြီးပါလျက်၊ အဘယ့်ကြောင့် ၃-ပုဒ်လုံးကို ဟောရပါသနည်း....?။

(၂၆၆) ဖြေ။ ။ပြီးသော်လည်း ဒေသနာဝိလာသ,ဝေနေ ယျဗျာသယ, ပဒတ္ထုတိတို့၏ အစွမ်းအားဖြင့် ၃-မျိုး ခွဲခြား၍ ဟောကြားတော်မူပါသည်။

● အမူလကေန ပါရာဇိကေန ဓမ္မေန-ဌ် အမူလ - အရ၊ ပါရာဇိက-အရတို့ကို ကောက်ခဲ့ပါ....?။

(၂၆၇) ဖြေ။ ။အမူလ အရ-

၁-အဒိဋ္ဌ-မြင်မှု မရှိခြင်း၊

၂-အသုတ-ကြားမှု မရှိခြင်း၊

၃-အပရိသင်္ကိတ-ယုံမှားမှု မရှိခြင်း၊

ပေါင်း ၃-ပါးတည်း။

ပါရာဇိက အရ-

ပါရာဇိက ၂၄-ပါးတို့တွင် ရဟန်း ယောကျ်ားတို့နှင့်သာ ဆိုင်သော(၀)ဘိက္ခုနီပါရာဇိက-၄၊ လူထွက်သောဘိက္ခုနီ-၁၊ ပေါင်း ၅-ပါးမှ တပါးသော ပါရာဇိက ၁၉-ပါး ရ၏။

http://www.dhammadownload.com

တနည်း....ပါရာဇိက ၄-ပါးတို့တွင် တပါးပါး ရပါသည်။

* မြင်,ကြား,ယုံမှား၊ မရှိခြား၊ မှတ်သား အ-မူလ။
* ဘိက္ခုဆိုင်ရာ၊ ဆယ့်ကိုးခြာ၊ ပါရာ ယူကုန်ကြ။
* ပါရာလေးပါး၊ တပါးပါး၊ ယူခြား တနည်းပြ။

● အဘယ်ကို အ-ဒိဋ္ဌ, အ-သုတ,အ-ပရိသင်္ကိတ-ဟု ဆိုပါသနည်း....?။

(၂၆၈) ဖြေ။ ။မိမိ၏ ပသာဒစက္ခု, ဒိဗ္ဗစက္ခုဖြင့် မမြင်ရသည်ကို **အ-ဒိဋ္ဌ**၊မိမိ၏ ပသာဒသောတ, ဒိဗ္ဗသောတဖြင့် မကြားရသည်ကို **အ-သုတ**၊ စိတ်ဖြင့် ရှုံ့ရှာခြင်း မရှိသည်ကို **အ-ပရိသင်္ကိတ**-ဟု ဆိုပါသည်။

* ပသာ,ဒိဗ္ဗ၊ မမြင်ရ၊ မှတ်ကြ **အ-ဒိဋ္ဌာ**။
* ပသာ,ဒိဗ္ဗ၊ မကြားရ၊ မှတ်ကြ **အ-သုတာ**။
* စိတ်ဖြင့်ရှုံ့ရှာ၊ မရှိခြား၊ မှတ်သား **အပရိသင်္ကိတာ**။

● အနုဒ္ဒေသေယျ-ဌ် စွပ်စွဲကြောင်း စောဒနာသရုပ်ကို ထုတ်၍ အဓိပ္ပာယ်ကို လင်းခဲ့ပါ....?။

(၂၆၉) ဖြေ။ ။**ဝေါဒနာ သရုပ်ကား**

၁-ဝတ္ထု သန္ဓဿနာ စောဒနာ-ဝတ္ထုကို ပြ၍ စွပ်စွဲခြင်း၊

၂-အာပတ္တိ သန္ဓဿနာ စောဒနာ-အာပတ်ကို ပြ၍ စွပ်စွဲခြင်း၊

၃-သံဝါသပဋိက္ခေပ စောဒနာ-ဥပုသ်စသော သံဝါသကို ပယ်၍ စွပ်စွဲခြင်း၊

http://www.dhammadownload.com

၅–သာမီစိ ပဋိဝတ္ထု ဝေဒနာ = ရှိခိုးခြင်း စသော အရှိအသေကို ပယ်၍ စွပ်စွဲခြင်း၊ ပေါင်း စောဒနာ ၄-ပါး ဖြစ်ပါသည်။

* ဝတ္ထုအာပတ်၊ ပြုလတ်နှစ်သွယ်၊ သံဝါပယ်၍၊ တသွယ် သာဒိ၊ ပယ်တုံဘိ၊ မှတ်သိစောဒနာ လေးပါးတည်း။

● စောဒနာရဲ့ မျှဖြင့် အာပတ် သင့်, မသင့်၊ အဘယ်သို့ စောဒနာမှ အာပတ်သင့်ပါသနည်း....?။

(၂၇၀) ဖြေ။ ။*စွပ်စွဲရုံဖြင့်၊ ပြစ်မ သင့်၊ မှက် လစ် စောဒနာ။

*ရဟန်းမဟုတ်၊ ဆိုန္ဒတ်လွန်ထ၊ စွပ်ခွဲမှ သင့်ရ အာပတ္တာ။

● ရဟန်းမဟုတ်ဟူသော အဓိပ္ပာယ်ကို ကာယပယောဂဖြင့် ပေါ်ပြ စွပ်စွဲသော ရဟန်းအား အာပတ် သင့်, မသင့် ဆုံးဖြတ်ပါ....?။

(၂၇၁) ဖြေ။ ။*ကိုယ်ဖြင့် ပေါ်ပြ၊ စွပ်ခွဲက၊ သင့်တ မလွတ်ပါ။

● သူတပါးအား စွပ်ခွဲရန် စေခိုင်းသော ရဟန်း၊ ခိုင်းသည့် အတိုင်းစွပ်စွဲသော ရဟန်း ၂-ပါးတို့တွင် အဘယ် ရဟန်း၌ အာပတ်သင့်မည်နည်း....?။

(၂၇၂) ဖြေ။ ။အခိုင်းခံရသော ရဟန်းသည် ခိုင်းသော ပုဂ္ဂိုလ်၏ စကားဖြင့်သာ စွပ်စွဲအံ့၊ ခိုင်းသော ရဟန်း မှာ သာ အာပတ်သင့်၍၊ အခိုင်းခံ စွပ်စွဲသော ရဟန်းမှာ အာပတ်မသင့်ပါ။

http://www.dhammadownload.com

အခိုင်းခံ ခွပ်ခ့ဲသော ရဟန်းသည် ငါမြင်၏, ငါကြား၏-ဟု စောဒနာမူကား.... ဘိုင်းသူရော အခိုင်းခံ စွပ်စဲ့သူပါ ၂-ပါးလုံး ဆိုတိုင်း ဆိုတိုင်း သံဃာဒိသေသ် သင့်တော့၏။

● ပါရာဇိကကျူးနေသောရဟန်းအား ဒိဋ္ဌ, သုတ, ပရိသင်္ကိတ မရှိပဲ ပါရာဇိက အာပတ်ဖြင့် စွပ်စဲ့က အာပတ် သင့်ပါ မည်လော....?။

(၂၇၃) ဖြေ။ ။ပါရာဇိက ကျူးမှု-မကျူးမှုမှာ ပစာနမဟုတ်၊ အမူလကသာ ပစေန ဖြစ်သောကြောင့် ဒိဋ္ဌ, သုတ, ပရိသင်္ကိတ ပရှိပဲ စွပ်စဲ့ခ့ဲသော်....စွပ်စဲ့သော ရဟန်းအား သံဃာ ဒိ သေသ် အာပတ်သင့်ပါသည်။

● စောဒနာဓိပ္ပာယ သရုပ်ကိုထုတ်၍၊ ဤဒုဋ္ဌဒေါသ သိက္ခာ ပုဒ်၌ လိုအပ်သော စောဒနာ ဓိပ္ပာယကို ဖော်ပြပါ....?။

(၂၇၄) ဖြေ။ ။**စောဒနာ ဓိပ္ပာယ သရုပ်ကား-**

၁-ဝေဝနာဓိပ္ပာယ=သာသနာမှ ရှေ့လျောစေလိုခြင်း။

၂-အကျော်သာဓိပ္ပာယ=ဆဲရေးလိုခြင်း။

၃-ကပ္ပာဓိပ္ပာယ-တင်ဒနီယကံ စသော ၇-ပါးသော ကံကို ပြုစေလိုခြင်း။

၄-ဝုဋ္ဌာနာဓိပ္ပာယ=အာပတ်မှ ထစေလိုခြင်း။

၅-ဥပေါသထတ္ထပနာ ဓိပ္ပာယ=ဥပုသ်ကိုတန်ထားလိုခြင်း။

၆-ပဝါရဏာ ထပနာ ဓိပ္ပာယ=ပဝါရဏာကို တန်ထားလိုခြင်း။

၇-အနုဝိဇ္ဇနာ ဓိပ္ပာယ=မေး စိစစ်လိုခြင်း။

http://www.dhammadownload.com

ဂ—ဝမ္မကထာဓိပ္ပာယ=တရားစကား ဟောကြားလိုခြင်း။

ထို ဂ-ပါးတို့တွင်-

ဤ ဒုဋ္ဌ ဒေါသ သိက္ခာပုဒ်၌ စာဝနာဓိပ္ပာယကိုသာ လိုအပ်ပါသည်။

* စာဝန, အက္ကာ၊ ကမ္မ, ဝုဋ္ဌာ၊ ဥဒပါသထာနှင့်၊ ပဝါ, အနု၊ မှတ်ရှု ဝမ္မ၊ ဤရှစ်ဝ၊ စောဒက အလိုတည်း။
စာဝနာဓိမ္ဘ?၊ ဒုဋ္ဌဒေါသ၊ လိုထ တစ်ခုတည်း။

● စောဒနာဓိပ္ပာယ ဂ-မျိုးတို့တွင် အဘယ် စောဒနာမျိုး၌ ခွင့်တောင်းရ၍၊ အဘယ်စောဒနာမျိုး၌ ခွင့်မတောင်းရသည်ကိုလည်းကောင်း၊ ခွင့်တောင်းရသောစောဒနာ၌ ခွင့်မတောင်းပဲ စောဒနာက အဘယ် အာပတ်မျှားသင့်သည်ကိုလည်းကောင်း ရေးသားခဲ့ပါ....?။

(၂၇၅) ဖြေ။ ။စောဒနာဓိပ္ပာယ ဂ-မျိုးတို့တွင် စာဝနာဓိပ္ပာယနှင့် အက္ကောသာဓိပ္ပာယ စောဒနာ ၂-မျိုး၌ စုဒိတကထံ ခွင့်ပန်ရ၍၊ ကျန် ၆-မျိုး၌ကား .. စုဒိတကထံ ခွင့်ပန်ရန်မလိုပါ။

ခွင့်ပန်ရသော စောဒနာဓိပ္ပာယ ၂-မျိုးတို့ကွင်-

စာဝနာ ဓိပ္ပာယ အတွက် ခွင့်မတောင်းက သံယာဒိသေသ် အပြင် ဒုက္ကဋ်အာပတ်ပါ သင့်၏။

အက္ကောသာ ဓိပ္ပာယ အတွက် - ပါစိတ် အာပတ်နှင့် ဒုက္ကဋ် အာပတ် သင့်၏။

ခွင့်တောင်းပြီးမှ စောဒနာပူကား:-

စာဝနာဓိပ္ပာယအတွက် သံယာဒိသေသ်သာသင့်၍၊ အက္ကောသာ ဓိပ္ပာယအတွက် ပါစိတ်အာပတ်သာ သင့်ပါသည်။

http://www.dhammadownload.com

- စာဝနာ, အကျ၊ ခွင့်ပန်ရန်၊သေသဆင့်၊ခွင့်မပန်၊စောဒနံ ရှစ်မျိုးချင့်။
- ခွင့်မပန်ဆ၊ စာဝန၊ သံဃာ့ ဒုက္ခဉ်သင့်။
- အကျောသမ္ပန်၊ ခွင့်မပန်၊ မှတ်ရန် ပါ-ဒုက် သင့်။
- ခွင့်ပန်လေက၊ စာဝန၊ သံဃာ့ဒိသာသင့်။
- အကျောသမ္ပာ၊ ခွင့်ပန်ရာ၊ မှတ်ပါ-ပါစိတ်သင့်။

● စာဝနာဓိပ္ပာယပြ ပါဠိကိုရေးချ၊ အဘယ်ကို ဗြဟ္မစရိယ ဟု ဆိုပါသနည်း....?။

(၂၇၆) ပြေ။ ။**စာဝနာဓိပ္ပာယပြ ပါဠိကား-**

"အပ္ပေဝ နာမ နံ ဣမမှာ ဗြဟ္မစရိယာ စာဝေယ္ယုံ" ဖြစ်ပါသည်။

ဤ၌ ရဟန်းအဖြစ်ဟုဆိုအပ်သောမြတ်သောအကျင့်၊ရဟန်း တရားဟု ဆိုအပ်သော မြတ်သောအကျင့်၊ သီလ အစုဟု ဆိုအပ် သော မြတ်သောအကျင့်၊ အကျင့်သာလျှင် ဂုဏ်ဟု ဆိုအပ်သော မြတ်သော အကျင့်ကို **ဗြဟ္မစရိယ**-ဟု ဆိုပါသည်။

● အမှုလက ဘာဝပါကဋ္ဌကာလပြ ပါဠိကိုရေးချ၊စောဒက ရဟန်းသည် မိမိအပြစ်ကို ဝန်ခံမှသာ သံဃာဒိသေသ် သင့်သည်ဟု မှတ်ရမည်လော....?။

(၂၇၇) ပြေ။ ။**အမှုလကဘာဝပါကဋ္ဌကာလပြပါဠိကား-**

"သမနုဂ္ဂါဟိယမာနော ဝါ အသမနုဂ္ဂါဟိယမာနော ဝါ ဘိက္ခု စ ဒေါသံ ပတိဋ္ဌာတိ" ဖြစ်ပါသည်။

http://www.dhammadownload.com

သမနုဂ္ဂါဟိယမာနောဝါ (လ) ပတိဋ္ဌာတိ · ဟူသော ပါဠိကား....အမူလကဘာဝ၏ ထင်ရှားရှိသောကာလကို ပြရန် အကျိုးငှါသာဆိုရ၏၊ အာပတ်သို့ ရောက်ရာ ကာလကို ပြသော စကားမဟုတ်သောကြောင့်၊စောဒက ရဟန်းသည် မိမိအပြစ်ကို ဝန်ခံမှသာ အာပတ်သင့်သည် မဟုတ်၊ စွပ်စွဲသော ခဏ၌ပင် အာပတ်သင့်ပါသည်။

* စွပ်စွဲရာပ၊ ထိုခဏ၊ သင့်ထ အာပတ္တာ။

● အမူလကဘွေ၀ တံ အဓိကရဏံ ဟောတိ-၌ အဓိကရဏ ဘေဒကို ထုတ်ပြ၍၊ ဤ၌ လိုအပ်သော အဓိကရဏ ကိုလည်း ရေးခဲ့ပါ....?။

(၂၇၀) ဖြေ။ ။အဓိကရဏဘေဒကား-

* ဝိဝါ, နုဝါ၊ အာပတ္တာ၊ ကိစ္စာ ဓိကရဏ။
* ဒုဋ္ဌဒေါသာ၊ ဤအရာ၊ ယူပါ အာပတ္တာ။

● မျက်ကွယ်မှာ စောဒနာက အဘယ် အာပတ် သင့်ပါ သနည်း၊ ပထမ ဒုဋ္ဌဒေါသ·သိက္ခာပုဒ်၏ နိဒါန် စသည် ကိုလည်း ဖော်ပြပါ...?။

(၂၇၉) ဖြေ။ ။မျက်ကွယ်စောဒနာ၊ ရဟန်းမှာ၊ ဒုက္ကာ အာပတ်သင့်။

နိဒါန်းကား....ရာဇဂြိုဟ်ပြည်၊
ပုဂ္ဂိုလ်ကား....မေတ္တိယ ဘုမ္မဇကရဟန်းများ၊
ဝတ္ထုကား...အမူလက ပါရာဇိကဖြင့် ရှင်ဒဗ္ဗ
အား စွပ်စွဲမှု။

---

http://www.dhammadownload.com

● ပထမ ဒုဋ္ဌဒေါသ သိက္ခာပုဒ်၏ အဂ်ါကို ဖော်ပြ၍၊ ထို သိက္ခာပုဒ်ဖြင့် အာပတ် မသင့်သော ပုဂ္ဂိုလ် မျှားကို ရေးခဲ့ပါ....?။

(၂၈၀) ဖြေ။ ။အဂ်ါကား-

* ရဟန်းဖြစ်ထ၊ သုဒ္ဓ ထင်ပေ၊
မြင်, ကြား-ယုံမှား ထင်ရှား မရှိချေ။
မျက်မှောက် စွပ်စွဲ၊ စိတ်ထဲ သိစေ၊
ဒုဋ္ဌဒေါသ ပဉ္စအဂ်ါပေ။

အာပတ်မသင့်သော ပုဂ္ဂိုလ်မျှားကား-

* ရူးသွပ် စ-စွာ၊ ဘိက္ခုနာ၊ ဒုဋ္ဌာ ပဌမ နာဝပတ္တာ။

"နဝမ ဝိဝါဒသိက္ခာ"

(ဒုတိယ ဒုဋ္ဌဒေါသ သိက္ခာပုဒ်)

● ဒုတိယ ဒုဋ္ဌဒေါသ သိက္ခာပုဒ်ပါ အညဘာဂိယဿ အဓိကရဏဿ-ဟူသော ပါဠိ၌ အညအပါဒါန်, အညဘာဂ, အညဘာဂိယ, အဓိကရဏတို့၏အရကို အသီးသီး ကောက်ပြပါ...?။

(၂၈၁) ဖြေ။ ။အညအပါဒါန်ကား-

ရှင်ဒဗ္ဗ၏ မနုဿဇာတိ (လူဇာတ်)နှင့် ဘိက္ခုဘာဝ (ရဟန်းအဖြစ်)သည် အညအပါဒါန်-မည်၏။

အညဘာဂ-အရ၊ ရှင်ဒဗ္ဗ၏ လူဇာတ်, ရဟန်းအဖြစ်မှ တပါးသော ဆိတ်ဖိုး၏တိရစ္ဆာန်ဇာတ်, ဆိတ်ဖိုးအဖြစ်(ဆဂလကဘာဝ) ရ၏။

http://www.dhammadownload.com

အညဘာဂိယ-အရ၊အရှင်ဒဗ္ဗ၏ခန္ဓာဖြစ်မှ တပါးသော ဆိတ်သတ္တဝါ၏ ခန္ဓာဖြစ်ရ၏။

အဓိကရဏအရကား....ဆိတ်သတ္တဝါပင် ရ၏။

● ပထမ ဒုဋ္ဌဒေါသ သိက္ခာပုဒ်လာ အဓိကရဏ, ဒုတိယ ဒုဋ္ဌဒေါသ သိက္ခာပုဒ်လာ အဓိကရဏ, သံဃဘေဒ သိက္ခာပုဒ်လာ အဓိကရဏ, ၃-မျိုးတို့၏ ထူးခြားဟန်မျှားကို ဝေဖန်ခဲ့ပါ....?။

(၂၀၂) ဖြေ။ ။*အာပတ္တာဓိ မှတ်ဘိ ပထမာ၊
တည်ရာအနက် ဟောမြှက်ဒု-သာ။
အကြောင်းဝတ္ထု ဟောပြူ တ-မှာ။
ထူးလေဘိ အဓိကရဏာ။

● ကိဉ္စိဒေသံ လေသမတ္ထံ-ဌ်ဒေသ, လေသမည်ပုံကို ရေးရှု ရှင်းတို့၏ သရုပ်ကိုလည်း ထုတ်ခဲ့ပါ....?။

(၂၀၃) ဖြေ။ ။ညွှန်ပြအပ်သောကြောင့် **ဒေသ**၊ အခြားဝတ္ထုကို ငြိကပ်တတ်သောကြောင့် **လေသ**-မည်၏။

ဒေသ-လေသ သရုပ် ၁၀-ပါး

* ဇာတိ, နာမ ဂေါတ္တ, လိင်၊
အာပတ္တိ (က) ပတ္တ, စီဝရ၊
ဥပဇ္ဈာယိ အာစရိ တတန်၊
အာဝါသ **လေသ** သရုပ်။

---

http://www.dhammadownload.com

ဒုတိယ သိက္ခာပုဒ်၏ အဂါကို ရေးရ၍၊ ထိုသိက္ခာပုဒ်ဖြင့် အာပတ်မသင့်သော ပုဂ္ဂိုလ်မျှားကိုလည်း ရေးခဲ့ပါ....?။

အဂါကား-

(၂၀၄) ပြေ။ ။*အညာဘာဂိ ဘည်ရာ၏လျှင်၊
ကိဋ္ဌိဒေသ မြွက်မျှ စွဲအင်။
အဂါတပါး ထူးခြား ဤတွင်၊
ကျန်ပဋ္ဌ ဒုဋ္ဌ ပ-တိုင်းပင်။

(ဒုတိယ ဒုဋ္ဌဒေါသသိက္ခာပုဒ်ကား....အဂါ ၆-ပါးတည်း။)

အာပတ်မသင့်သော ပုဂ္ဂိုလ်မျှားကား-

* ဘာဝပဟ္ဟည၊ ဘာဂိယ၊ စောဒနာ မြွှသည်ခါ။
* တထာသည်၊ ထိယတိ၊ လွတ်ဘိ နာဝပဟ္ဟာ။

"ဥသမ သံယာဝိဝသိ"

(သံယဝေဘဒ သိက္ခာပုဒ်)

သံယဝေဘဒ သိက္ခာပုဒ်လာ သမဂ္ဂဿ သံယသ-အရ၊ အဘယ်သို့သော သဘောကို သာမဂ္ဂီ၊အဘယ်လို သံယာကို သပဂ္ဂ သံယာ-ဟု ဆိုရပါသနည်း....?။

(၂၀၅) ပြေ။ ။*ကိုယ်,စိတ်နှစ်ပါး၊ မကွဲပြား၊ မှတ်သား သာမဂ္ဂီ။

*တသိမ်တည်းတွင်၊ ကံမျှားဖြင်၊ ပြုလျှင် သာမဂ္ဂီ။

*ကိုယ်,စိတ် နှစ်ပါး၊ မကွဲပြား၍၊ တူပြား သံဝါ၊ သီမဌာ၊ သံယာ သာမဂ္ဂီ။

http://www.dhammadownload.com

● ဘေဒါယ ပရက္ကမေယျ - အရ၊ **အဘယ်**သို့ ပြုခြင်းကို "ကွဲပြားအောင်အားထုတ်ခြင်း" ဟု ဆိုရပါသနည်း-?။

(၂၀၆) ဖြေ။ ။ဤ သမဂ္ဂ သံဃာသည် အဘယ်နည်းဖြင့် အသီးသီး ကွဲပြားပါအံ့နည်း၊ ကွဲပြားအောင် ဘယ်လိုပြုရပါအံ့နည်းဟု ကြံစည် စဉ်းစား၍၊ ဘက်တော်သား ရဟန်းများကို ရှာခြင်း၊အသင်းအပင်းပွဲခြင်းစသည်ပြုခြင်းကို "ဘေဒါယပရက္ကမေယျ-ကွဲပြားအောင် အားထုတ်ခြင်း" ဟု ဆိုရပါသည်။

● ဘေဒနသံဝတ္တနက် ဝါ အဓိကရဏ်-၌၊ အဓိကရဏ-အရ ဖော်ပြ၍၊ သမာဒါယ ပဋ္ဌယ် တိဋ္ဌေယျ - အရ၊ ကောင်းစွာ ယူခြင်း၊ ချီးမြှောက်၍ တည် ခြင်း ဘို့၏ အဓိပ္ပာယ်ကို ရှင်းလင်းခဲ့ပါ....?။

(၂၀၇) ဖြေ။ ။**အဓိကရဏ**-အရ၊ သံဃာ ကွဲပြားခြင်း ဖြစ်စေတတ်သော အကြောင်း ဘေဒကရ ဝတ္ထု ၁၈-ပါးရ၏။

သမာဒါယ-ကောင်းစွာယူခြင်း - ဟူသည်၊ အဓမ္မကို ဓမ္မ စသည်ဖြင့် မိမိယူထားသော အယူဝါဒကို ပြခြင်း, မစွန့်ခြင်း, လက်ကိုင်ပြုခြင်းကို ဆိုလိုသည်။

ပဋ္ဌယ်တိဋ္ဌေယျ-ချီးမြှောက်၍တည်ခြင်း-ဟူသည်ထိုဝါဒကို အမျှားသဘောကျအောင် ဝါဒဖြန့်ခြင်း၊ ကြေငြာခြင်းကို ဆိုလိုပါသည်။

---

http://www.dhammadownload.com

(၈) ဘာဒကရ ဝတ္ထု ၁၈-ပါး သရုပ်ကို ထုတ်ပြပါ....?။

(၂၈၈) ဖြေ။ ။

* အခမ္မကို ခမ္မဆို၊ ခမ္မကိုပ အခမ္မ၊ ဆိုထ ပြောင်း ပြန်ပေ။
* ဝိနယ, ဘာသိ၊ အစရှိ၊ မှတ်ဘိ ဌာရသေ။
† ခမ္မဝိနယ ဘာသိတာ၊ စိဏ္ဏပညတ္တိကာဒီကာ။
အာပတ္တာ လဟုဒုဋ္ဌုလ္လ၊ သာဝသေသဒုကာနိစ။
† တောနိ ဌာရသဘေဒ၊ ကရဝတ္ထုတိ ဝုစ္စရေ။
ဝိပလ္လာသ ဂုဟိတာနိ၊ ဝါဒမူလပ နိဿယာ။

---

(၉) သောဘိက္ခု-အရ၊ အဘယ် ရဟန်းကိုယူရမည်ကိုဖော်ပြ၍၊ သံဃဘေဒ ရဟန်းအား အဘယ် ရဟန်းတို့က ဆုံးမရမည်နည်း....?။

(၂၈၉) ဖြေ။ ။သော ဘိက္ခု-အရ၊ သံဃာကို သင်းခွဲသော ရဟန်းကို ယူရပါမည်။

သံဃဘေဒက ရဟန်းအား သူ၏ သံဃာသင်းခွဲသော အပြုအမူကို မြင်ကုန်, ကြားကုန်သော ရဟန်းတို့က ဆုံးမရပါမည်။

---

(၁) သံဃာ သင်းခွဲ နေသည်ကို မြင်ကုန်, ကြားကုန်လျက်၊ မပြောဆို မတားမြစ်က အဘယ်အပြစ်သင့်ပါသနည်း၊ တရပ်စီနေသဖြင့်ကြားသော်လည်းမတားမြစ်, မဆုံးမက အပြစ် ရှိ, မရှိ ဆုံးဖြတ်ခဲ့ပါ။

(၂၉၀) ဖြေ။ ။*မြင်ကုန်, ကြားလစ်၊ မတားမြစ်အပြစ် ဒုက္ကဋ်သင့်။

http://www.dhammadownload.com

* ယူဇနာဝက်၊ ခရီးဆက်ရှေ့၊ ဖြစ်ပဋ္ဌာန်၊ ကြားလေ တားမြစ်သင့်။
* မတားမြစ်မီ၊အပြစ်ရှိ၊မှတ်တိုးဒုက္ကဋ်သင့်။

● သံဃာ့ဘေဒက ရဟန်းအား ကိုယ်တိုင်သွား၍ မဆုံးမပဲ လူလွှတ်၍လည်းကောင်း၊စာရေး၍လည်းကောင်း ဆုံးမပါက အပြစ်မှ လွတ်ပါမည်လော....?။

(၂၉၁) ဖြေ။ ...။ယူဇနာဝက် ခရီးဖြစ်က အပြစ်မှ မလွတ်ပါ၊ ကိုယ်တိုင်သွား၍ပင် ဆုံးမရမည်။

● သံဃာ့ဘေဒက ရဟန်းအား ရဟန်းကောင်းတို့က ဆိုဆုံးမပုံ ပါဠိကိုလည်းကောင်း၊ သံဃာညီညွတ်ခြင်း၏ အကျိုးပြ ပါဠိကိုသည်းကောင်း ရေးခဲ့ပါ...?။

(၂၉၂) ဖြေ။ ။ဆုံးမပုံပါဠိကား....“မာယသ္မာ သမဂ္ဂဿ သံဃဿ (လ) ဖာသု ဝိဟရတိတိ”ဖြစ်ပါသည်။

အကျိုးပြပါဠိကား....“သမဂ္ဂေါ ဟိ သံဃော (လ) ဖာသု ဝိဟရတိတိ” ဖြစ်ပါသည်။

● သံဃ ဘေဒကကံ ပြုသော ရဟန်းအား ပြု-ပြုခြင်းပင် သမနုဘာသနကံကို ပြုရမည်လော...?။

(၂၉၃) ဖြေ။ ...။မပြုရပါ၊“မာယသ္မာ ဧဘေဒါယ ပရက္ကမိ” စသည်ဖြင့် ၃-ကြိမ် တိုင်အောင် တားမြစ်ရပါမည်၊ မရသေးလျှင် သံဃာ့ဘောင်သို့ အတင်း ဆဲဆောင်လျှက် ရှေးနည်းတူ တားမြစ်ရပါဦးမည်၊ ထိုသို့ တားမြစ်၍ မရမူ ထိုရဟန်းအား သမနုဘာသနကံကို ပြုရပါမည်။

http://www.dhammadownload.com

● သမနုဘာသနကိုပြုလျက်၊ ကိုယ်ကို မစွန့်သော ရဟန်း အား အဘယ်အဓိပ္ပာယ် အဘယ် အာပတ်များ သင့်ပါ သနည်း....?။

(၂၉၄) ဖြေ။ ။*ဥတ်ဆုံး ဝုက္ကဋ္ဌ၊ နှစ်ကြိမ်ပတ်၊ သင့်လတ် ထုလ္လစ္စဉ်း။
*သုံးကြိမ် မြောက်ထ၊ ဘာသေယျ၊ ဆုံးက သံဃာဒိသေသ်တည်း။

● သံဃဘေဒ သိက္ခာပုဒ်၏ နိဒါန် စသည်ကိုရေး၍၊ အဂ်ါ ကို ရေတွက်ပြီးလျှင်၊ / ထိုသိက္ခာပုဒ်ဖြင့် အာပတ် မသင့် သော ပုဂ္ဂိုလ်များကို ထုတ်ပြပါ... ?။

(၂၉၅) ဖြေ။ ။နိဒါန်းကား....ရာဇဂြိုဟ်ပြည်၊
ပုဂ္ဂိုလ်ကား....ဒေဝဒတ်၊
ဝတ္ထုကား....သံဃာ သင်းခွဲမှု။

အဂ်ါကား-

* သံဃာကွဲမှု အားပြုလိုလ်၊
သမနုဘာသန ပြုထကမ်း။
ကမ္မဝါဆုံးရောက်၊ မပျောက်ဝါဒ်၊
ဘေဒက သံဃ အဂ်ါမှန်။

အာပတ်မသင့်သော ပုဂ္ဂိုလ်များကား-

* ဥတ္တိ စတုတ္ထ မဆုံးမပေ၊
အယုဝါဒ ပယ်ချ စွန့်ရေး။
ရှေးသွပ်လေဘိ အာဒိ စ-ထွေ၊
ဘေဒက သံဃ နာပတ္တေ။

---

http://www.dhamma download.com

"ကောဒသမ သံယာဝိနယ"

(ဘေဒါနုဝတ္တက သိက္ခာပုဒ်)

● အဘယ် ရဟန်းမျိုးကို ဘေဒါနုဝတ္တက - နောက်လိုက် ရဟန်းဟု ခေါ်ဆိုပါသနည်း....?။

(၂၉၆) ဖြေ။ ။သံဃဘေဒက ရဟန်း၏ အယူဝါဒကို သဘောတူမျှ နှစ်သက်ခြင်းရှိ၍၊ ထိုရဟန်းကို အတုယူခါ ပြုမူ နေထိုင်သော ရဟန်းမျိုးကို ဘေဒါနုဝတ္တက - နောက် လိုက် ရဟန်းဟု ဆိုရပါသည်။

● ဘေဒါနုဝတ္တကသိက္ခာပုဒ်၌ အဘယ့်ကြောင့် "ကောဝါ ဒွေဝါ တယောဝါ" ဟု ဟောတော်မူရပါသနည်း....?။

(၂၉၇) ဖြေ။ ။၃-ပါးထက်လွန်မူ သံဃာဖြစ်၍၊ သံဃာ သည် သံဃာအား နိဂ္ဂဟကံမပြုထိုက်သောကြောင့် "ကောဝါ ဒွေဝါ တယောဝါ" ဟု ဟောတော်မူရပါသည်။

● ဘေဒါနုဝတ္တက သိက္ခာပုဒ်၏ နိဒါန် စသည်ကို ရေး၍၊ အဂ်ါကို ရေတွက်ခဲ့ပါ....?။

(၂၉၈) ဖြေ။ ။နိဒါန်းကား... ရာဇဂြိုဟ်ပြည်၊
ပဂ္ဂုလ်ကား.... ဒေ ဝ ဒတ် နောက် လိုက် ရဟန်းများ။
ဝတ္ထုကား ....သံဃဘေဒက ဒေဝဒတ်၏ အတုကိုပြုမူကျင့်ခြင်းဝတ္ထု။

http://www.dhammadownload.com

အကျိုးကား

* သံသရာ အကျိုးလေးတွင်၊
လုံလ ပယ်ပြု အတု ယူငင်။
ကျန်အကျိုးများ တူကြား လေအင်၊
ဘေဒါနှင့် လေးခု အကျိုပင်။

"ဗုဒ္ဓါဝေ သမ် သံသာဒိဝိလေသ"
(ဗုဒ္ဓစ သိက္ခာပုဒ်)

● ဒုဗ္ဗစ ဇာတိကော ဟောတိ-ဌ ဒုဗ္ဗစ၏အဓိပ္ပာယ်ကိုရေးရ၍ ဥဒ္ဓေသပရိယာပန္နေသု သိက္ခာပဒေသုကံ သဟဓမ္မိကံ ဝုစ္စ မာဝနော-ဌ-ဥဒ္ဓေသ-အရ၊ သဟဓမ္မိက-အရတို့ကို ပေါ်ပြ ပြီးလျှင်၊ အဘယ်ကြောင့် သဟဓမ္မိက မည်သည်ကိုလည်း ရေးသားခဲ့ပါ... ?။

(၂၉၉) ပြေ။ ။* ဆုံးမ မခံ၊ ပြန်လှန် ပြောဘီ၊ စကားရှိ၊ မှတ်သိ ဗုဒ္ဓဝေ။
* ပါတိမောက္ခ၊ ဥဒ္ဒေသ၊ အရ မှတ်ကြရာ။
* သိက္ခာပဒ၊ ကျင့်ဓမ္မ၊ သဟဓမ္မိကာ။
* သိတင်း သုံးငါး၊ ကျင့်ကြား လေအပ်၊ ဥစ္စာမှတ်၊ ခေါ်လတ် အဓိပ္ပာ။

● သိတင်းသုံးဖော် ၅-ဦး သရုပ်ကို ထုတ်ပြပါ....?။

(၃၀၀) ပြေ။ ။* ရဟန်း ကျား-မ၊ သိက္ခာမာန်ရှင်၊ နှစ်ဝ သာမဏေ၊ ကျွဲငါးထော၊ မှတ်လေသိတင်း သုံးဖော်တည်း။

http://www.dhammadownload.com

● ဒုဗ္ဗစ ရဟန်းက ပြောဆိုပုံ ပါဠိ, ရဟန်းကောင်းတို့က ဆုံးမပုံ ပါဠိတို့ကို ခွဲခြားပြပါ....?။

(၃၀၁) ဖြေ။ ။ဒုဗ္ဗစ ရဟန်းက ပြောဆိုပုံ ပါဠိကား.... "မာ မံ အာယသ္မန္တော (လ) မမ ဝစနာယာတိ" ဖြစ်ပါသည်။

ရဟန်းကောင်းတို့ကဆုံးမပုံပါဠိကား ... "မာယသ္မာအတ္တာနံ (လ) အညမည ဝုဋ္ဌာပနေနာတိ" ဖြစ်ပါသည်။

● ဒုဗ္ဗစ သိက္ခာပုဒ်၌ ကြီးပွားခြင်း၏ အကြောင်းပြ ပါဠိကို ထုတ်ပြ၍၊ ထို သိက္ခာပုဒ်၏ နိဒါန် စသည်ကိုလည်း ရေးခဲ့ပါ....?။

(၃၀၂) ဖြေ။ ။ကြီးပွားခြင်း အကြောင်းပြ ပါဠိကား.... "ယဒိဒံ အညမည ဝစနေန အညမည ဝုဋ္ဌာပနေန" ဖြစ်ပါသည်။

နိဒါန်းကား....ကောသမ္မီပြည်၊
ပုဂ္ဂိုလ်ကား....ဆန္နထေရ်၊
ဝတ္ထုကား....ဆိုနိုင်ခက်ခြင်း။

● ဒုဗ္ဗစ သိက္ခာပုဒ်၏ အဂါကို ရေးခဲ့ပါ....?။

(၃၀၃) ဖြေ။ ။ဆိုနိုင်ခက်ထ' ဆုံးမဉ္ဇတ်ကံ၊'
ကမ္မဝါဆုံးပြု ယူမှု မြဲမြံ။'
အဂါလေးပါး မှတ်သားဖို့ရန်၊
ဒုဗ္ဗစ သိက္ခာပုဒ်အဂ'။

---

http://www.dhammadownload.com

"တေရသမ သံယာဒိသေသ"

(ကုလဒူသက သိက္ခာပုဒ်)

● ကုလဒူသက သိက္ခာပုဒ်၌ ဂါမ်ဝါ နိဂမ်ဝါ - ဟုသာ ဟောတော်မူခြင်းကြောင့်၊ နဂရ-၌ ကုလဒူသန အမှု ပြုကောင်းသည်ဟု မှတ်ရမည်လော...?။

(၃၀၄) ဖြေ။ ။နဂရ(မြို့)သည် ဂါမ(ရွာ)၌ အတွင်း ဝင်ပြီးဖြစ်၍၊ နဂရ-ကို အထူးမဆိုပဲ ဂါမ်ဝါ နိဂမ်ဝါ-ဟုသာ ဟောတော်မူခြင်း ဖြစ်ပါသည်၊ ထို့ကြောင့် နဂရ - ၌လည်း ကုလဒူသန အမှုကို ပြုကောင်းသည်ဟု မမှတ်ရပါ။

* ရွာတွင် မြို့ပါ၊ ကြောင့်တွက်တာ၊ မြို့မှာ နည်းတူမှတ်။

● ဂါမ,နိဂမ,နဂရ-တို့၏ အထူးကို ရေးခဲ့ပါ....?။

(၃၀၅) ဖြေ။ ။*တံတိုင်း,စျေးမရှိ ခေါ်ဘိ ဂါမာ၊
တံတိုင်းမရှိ စျေးရှိ နိဂမာ၊
တံဖုံင်း,စျေးမျှား ရှိခြား နဂရာ၊
ဤသုံးဝ ထူးကြလေသည်သာ။

● ဥပနိဿာယ ဝိဟရတိ-၌၊ ဥပနိဿာယ-မှီခြင်း ဟူသည် အဘယ်ကို ဆိုပါသနည်း....?။

(၃၀၆) ဖြေ။ ။ထို မြို့, ရွာ, နိုဂုံ-တို့မှ ရသော ပစ္စည်း ၄-ပါးကို အားထားမှီဝဲ သုံးစွဲ နေထိုင်ခြင်းကို ဥပနိဿာယ-ဟု ဆိုရပါသည်။

● အဘယ် ရဟန်းကို ကုသဒူသက ရဟန်း-ဟု ခေါ်ပါ သနည်း....?။

http://www.dhammadownload.com

(၃၀၇) ဖြေ။ ။*အမျိုးလေးရပ်၊ဖျက်ဆီးတတ်၊ခေါ်မှတ်ကုလဒု။

● အမျိုး ၄-ပါး သရုပ်ကို ရေးခဲ့ပါ....?။

(၃၀၈) ဖြေ။ ။*ခတ္တိယ, ဗြာဟ္မဏ၊ ဝေဿ, သုဒ္ဒီ၊ မျိုးကုလ၊ မှတ်ရန် လေးပါးတည်း။

● ဖျက်ဆီးသည်ဟူရာ၌၊ မစင်, ညှန်ပုပ်တို့ဖြင့် ပက်ခြင်းကို ဆိုလိုပါသလော၊အဘယ်သို့ ပြုခြင်းကို ဖျက်ဆီးသည်ဟု ဆိုရပါသနည်း....?။

(၃၀၉) ဖြေ။ ။မစင်,ညှန်ပုပ် စသည်တို့ဖြင့် ပက်ခြင်းကို ဖျက်ဆီးသည်ဟု မဆိုလို၊ သစ် သီး ပေး ခြင်း စသော မိမိ၏ မကောင်းသော အကျင့်ဖြင့် အမျိုး ၄-ပါး ဒါယကာ, ဒါယိကာမ တို့၏ သဒ္ဓါတရားကို လျော့ပါးအောင် ပြုခြင်းကိုသာ ဖျက်ဆီးသည်ဟု ဆိုရပါသည်။

* သစ်သီးပေးမှု၊ ပန်းပေးမှု၊ ပြုမှု ဖျက်ဆီးမည်။

● သစ်သီးပေးခြင်း စသည်သည် သဒ္ဓါတိုးဖွယ်သာ မဟုတ်ပါလော၊ အဘယ့်ကြောင့် သဒ္ဓါတရားလျော့ပါးစေမှုဟု ဆိုရပါသနည်း....?။

(၃၁၀) ဖြေ။ ။သစ် သီး ပေး ခြင်း စ သော အမှုသည် ပေးသော ရဟန်းအား သဒ္ဓါတရား တိုးပွားဖွယ်ရာဟု ထင်မှတ်စရာ ဖြစ်သော်လည်း၊ ထိုကဲ့သို့ မပြုကုန်သော လင်ဗိပေသလ, သိက္ခာကာမ ရဟန်းတို့အား မကြည်ညိုချင်အောင် ပြုသည်နှင့် တူ၍၊ (၀၁) ရဟန်း သံယာဆိုလျှင် ကြည်ညိုချင်တတ်သော

http://www.dhammadownload.com

စိတ်မြတ်ကို ပေးသော ရဟန်းကိုသာ ကြည်ညို၊ မပေးသော ရဟန်းအား မကြည်ညိုချင်သော စိတ်ယုတ်ဖြစ်ပေါ်လာအောင် ပြုသည်နှင့် တူသောကြောင့်၊ သစ်သီးပေးခြင်း စသော အမှုကို ဘဒ္ဒါတရား လျော့ပါးစေမှု ဆိုရပါသည်။

● ကုလဒုသန သရုပ်ကို ထုတ်ပြပါ...?။

(၃၁၁) ဖြေ။ ။*လာဘ်မျှော်လင့်၍၊ သီး, ပွင့်, ကသေ, မြေ, ဒန်ပူ, ဝါး၊ ဆေးဝါး, စေခံ၊ ဤ ရှစ်တန်၊ မှတ်ရန်. ကုလ ဒုသက။

● ပါပသမာစာရော-အရ၊ ယုတ်မာသော အကျင့်ဟူသည် အဘယ်ပါနည်း....?။

(၃၁၂) ဖြေ။ ။*ဒကာမသို့၊ပေးဖို့ရည်မှန်း၊ စိတ်ရှင်လန်း လျက်၊ ပွင့်ပန်းစိုက်ပြု၊ ရေလောင်းမှု၊ မှတ်ရှု ယုတ်မာကျင့်။

● ကုလဒုသန ပါပသမာစာရ အမှုတို့ကြောင့် အ ဘုယ် အာပတ်သင့်ပါသနည်း....?။

(၃၁၃) ဖြေ။ ။*ကုလဒုသန၊ မှုကိစ္စ၊ ပြုထ ဒုက္ကဋ်သင့်။
*ကုလဒုသန၊ မှုကိစ္စဖြင့်၊ ရထ ဥစ္စာ၊ သုံးခဲ့ရာ၊ တပြာ ဒုက္ကဋ်သင့်။
*ပါပသမာ၊ပြုခဲ့ရာ၊ ဒုက္ကာ အာပတ်သင့်။

● ကုလဒုသက ရဟန်းအား အဘယ်ကံ ထိုက်ကြောင်းကို အဘယ် ပါဠိဖြင့် ပြပါသနည်း....?။

http://www.dhammadownload.com

(၃၁၄) ဖြေ။ ။ကုလဒုသက ရဟန်းအား ပဗ္ဗာဇနီယက် ထိုက်ကြောင်းကို "အာယသ္မာ ခေါ် ကုလဒုသကော (လ) အလုံ တေ ဣဒ ဝါသေနာတိ" ပါဠိဖြင့် ပြပါသည်။

● ပဗ္ဗာဇနီယက် အပြုခံရသော ရဟန်းသည် အဘယ် အပြစ်ဒဏ်ကို ခံရပါသနည်း....?။

(၃၁၅) ဖြေ။ ။*မိမိ နေရာ၊ နိဂုံး, ရှာ ဝယ်၊ ဆက်ကာ နေခွင့်၊ မရလင့်၊ ပြစ်သင့်လေသတတ်။

● ကုလဒုသနအမှုပြုခြင်းကြောင့်ရောက်ထိုက်သောအာပတ် မျှားကို အကြောင်းဝတ္ထုအားလျော်စွာခွဲခြားပြပါ....?။

(၃၁၆) ဖြေ။ ။*ကုလ သင်္ဃ ရည်ဆ မျှော်ကာ၊
ကိုယ့်အား ပေးလတ် ဒုက္ခင့် သင့်ပါ။
သံဃာဥစ္စာ စိုးရ ထုလ္လာ၊
အနိုင်ကျင့် ပေးလင့် ပါဒိကာ။

● ပဗ္ဗာဇနီယက် အပြုခံရသော ရဟန်းက ကပ်ပြုသောရဟန်း တို့အား စွပ်စွဲပုံပါဠိနှင့် အစွပ်စွဲခံရသော ကပ်ပြုသည့် ရဟန်းတို့က ပဗ္ဗာဇနီယက် အပြုခံရ၍၊စွပ်စွဲသော ရဟန်း အား ဆုံးမပုံ ပါဠိတို့ကို ခွဲခြားပြပါ....?။

(၃၁၇) ဖြေ။ ။ပဗ္ဗာဇနီကက် အပြုခံရသော ရဟန်းက ကပ်ပြုသော ရဟန်းတို့အား စွပ်စွဲပုံပါဠိကား.... "ဆန္ဒဂါမိနောစ ဘိက္ခု။ (လ) ကေစ္စ နု ပဗ္ဗာဇေန္တိ" ဖြစ်ပါသည်။

အစွပ်စွဲခံရသော ရဟန်းတို့က စွပ်စွဲသောရဟန်းအား ဆုံးမပုံ ပါဠိကား.... "မာယသ္မာ ဝေ အဝစ (လ) အလံ တေ ဣဒ ဝါသေနာတိ" ဖြစ်ပါသည်။

---

http://www.dhammadownload.com

● မာယသွာ ဧဝံ အဝစ-စသည်ဖြင့် တားမြစ်ဆုံးမခြင်းမှာ ကုလဒုသနအမှုမပြုရန်တားမြစ်ခြင်းဖြစ်ပါသလော....?။

(၃၁၈) ဖြေ။ ။မဟုတ်ပါ၊ ဆန္ဒဂါမိနော စ ဘိက္ခု-စသော စကားကို ပြောကြားခြင်းမှ ရပ်စဲရန် တားမြစ်ခြင်းသာ ဖြစ်ပါသည်။

● ကုလဒုသက သိက္ခာပုဒ်၌ "ပဏ္ဏမတာယသွာ(လ)ဏ္ဍမမှာ အာဝါသာ အလံ တေ ဏ္ဍ ဝါသေန" ဟု၂-ချက်ပါရာ အဘယ်ပါဠိဖြင့် အဘယ်ကို ပြပါသနည်း ...?။

(၃၁၉) ဖြေ။ ။ပထမ ပဏ္ဏမတာယသွာဖြင့်ပဗ္ဗာဇနီယကံ ပြုပုံကိုပြ၍၊ဒုတိယပဏ္ဏမတာယသွာဖြင့် ပဗ္ဗာဇနီယကံပြုခံရသော ရဟန်း၏ ကျင့်ဝတ်တရားကို ပြပါသည်။

● ဤ သိက္ခာပုဒ်၌ သမနုဘာသနကံကို ပြုရခြင်းသည် ကုလဒုသန အမှုကို ပြုခြင်းကြောင့် ဖြစ်ပါသလော....?။

(၃၂၀) ဖြေ။ ။မဟုတ်ပါ၊ဤသိက္ခာပုဒ်၌ သမနုဘာသန-ကံပြုရခြင်းမှာ ကုလဒုသန အမှုကို ပြုခြင်းကြောင့် မဟုတ်၊ ဆန္ဒဂါမိနောစ ဘိက္ခု-စသော အပြောမျိုးကို စွန့်လွှတ်စေရန် ပြုခြင်းသာ ဖြစ်ပါသည်။

● ကုလဒုသကသိက္ခာပုဒ်၏ နိဒါနစသည်ကိုရေး၍ အဂ်ါကို ထုတ်ပြပါ....?။

(၃၂၁) ဖြေ။ ။

နိဒါန်းကား....သာဝတ္ထိပြည်၊

http://www.dhammadownload.com

ပုဂ္ဂိုလ်ကား....အဿဇိပုနဗ္ဗသုက အမည်
ရှိကုန်သော ရဟန်းများ။
ဝတ္ထုကား ... ဆန္နဂါမိတာ စသည်သို့
ရောက်စေခြင်းအမှု။

အဂ်ါကား-

* ဆန္နာဂတိ လိုက်ဘိ ပြောဆို၊
အဂ်ါတပါ။ ထူးခြားသကို။
ကျန်အဂ်ါသုံး ရေးထုံး တူဆို၊
သမနုကံ ပြုရန် လေးပုဒ်ကို။

"သံယာဒိသေသ် နိဂမ"

● သံယာဒိသေသ် ၁၃-ပါးကို ပထမာပတ္တိကာ အာပတ်, ယာဝ တတိယက အာပတ်အားဖြင့် ခွဲခြား၍၊ အဘယ့်ကြောင့် ပထမာပတ္တိက, ယာဝတတိယက အမည်ရသည်ကိုလည်း ရေးခဲ့ပါ....?။

(၃၂၂) ဖြေ။ ။*သုက္ကဝိမှ၊ ဒု..ဒုဋ္ဌ၊ နဝ ပထမာ။
*သံဃဘေဒ၊ နုဝတ္တန်နှင့်၊ ဒုဗ္ဗစ်, ကုလ၊ ဣုလေးဝ၊ ယာဝ တတိယာ။
*လွန်ကျူးခဏ၊ သင့်ရောက်ထ၊ မည်ရ ပထမာ။
*သုံးကြိမ် ကမ္မဝါ၊ ဆုံးခါမှ၊ သင့်ထ တတိယာ။

● ဇာနံ ပဋိစ္ဆာဒေတိ-အရ၊ အာပတ္တိ ပဋိစ္ဆာဒန လက္ခဏာ သရုပ်ကို ထုတ်ဆောင်ခဲ့ပါ....?။

http://www.dhammadownload.com

(၃၂၃) ဖြေ။ ။*အာပတ်သင့်ပြီ သင့်မှု သိစေ၊
ဖြစ်ပကတတ် ထင်မှတ် တထွေ။
အန္တရာယ် ဒသ ကင်းပ စင်ချေ၊
စင်ကြယ်မှန်း သိစွမ်းနိုင်သလေ။
*တပါးထံကြ နိုင်ထ-ကြားဆို၊
စွမ်းနိုင်မှန်းသိ ဖုံးဖိ ထားလို။
ဖုံးထားလေမှု သူပြု သကို၊
ပဋိစ္ဆ ဒသ အင်္ဂါဆို။

မှတ်ချက်။ ။ဤအင်္ဂါ ၁၀-ပါးစုံမှ အာပတ်ဖုံးရာ ရောက်၏
ထို ၁၀ - ပါးတို့တွင် တပါးပါး ချိုယွင်းက
ဖုံးရာမရောက်ဟူလို။

● အဘယ့်ကြောင့် ပရိဝါသ်ခေါ်သည်ကိုရေး၍၊ပရိဝါသ်
အပြားကိုလည်း ထုတ်ပြပါ....?။

(၃၂၄) ဖြေ။ ။*နေ့ ပက်, လမျှား၊ ပိုင်းကာ ခြားရ၊
ဘုရားရှင်မြတ်၊ မိန့်လတ်တိုင်းပေ၊
ကျင့်ရနေ၊ ခေါ်လေ ပဝါရိသ်။
(ပက်-ဟူသည် ပက္ခ-ဟူလို။)
*ပဋိစ္ဆန္န၊ သုဒ္ဓန္တနှင့်၊ တဝ သမောဓာ၊
ဤသုံးပြား၊ မှတ်ပါ ပဝါရိသ်။

● သုဒ္ဓန္တပရိဝါသ်အပြားနှင့် သမောဓာန ပရိဝါသ်အပြား
ကို ရေးခဲ့ပါ...?။

http://www.dhammadownload.com

(၃၂၅) ဖြေ။ ။*စူဠမဟာ၊ သုဒ္ဓန္တာ၊ နှစ်ပြာ သုဒ္ဓန်ပြား။
*ညြောနှ,အဂ္ဂ၊ မိဿက၊ သုံးဝ သမော ပြား။

● ပဋ္ဌိဋ္ဌန်,သုဒ္ဓန္တ,သမောဝေန ပရိဝါသ်တို့၏ အဓိပ္ပာယ်ကို ရေးခဲ့ပါ... ?။

(၃၂၆) ဖြေ။ ။ဖုံးလွှမ်းအပ်သော နှေ,ရက်အရေအတွက် အတိုင်းပေးရသော ပရိဝါသ်ကိုပဋ္ဌိဋ္ဌန်ပရိဝါသ်-ဟုခေါ်သည်။

အာပတ်ကိုဖုံးလွှမ်းခဲ့သော ညဉ့်အပိုင်းအခြားအားလုံးကိုဖြစ်စေ၊အချို့အဝက်ကိုဖြစ်စေမှတ်မိ၍ယုံမှားခြင်းရှိသောရဟန်းမျိုးအား ပေးရသော ပရိဝါသ်ကို သုဒ္ဓန္တပရိဝါသ်-ဟု ခေါ်သည်။

ကာလပြား, ဝတ္ထုပြားသော အာပတ်တို့ကို အဋ္ဌ-စသည်တို့၏ အစွမ်းအားဖြင့် တပေါင်းတည်း ပေးအင်သော ပရိဝါသ်မျိုးကို သမောဝေန် ပရိဝါသ်-ဟု ခေါ်သည်။

* နှေ,ရက် တွက်ရေ၊ ပေးရပေ၊ မှတ်လေ ပဋ္ဌိဋ္ဌန်။
* အာပတ်ဖုံးသည့်၊ ရတ္တိပဋ္ဌေ၊ မသိချေ၊ပေးလေမှတ်သုဒ္ဓံ။
* ဝတ္ထုကာလ၊ ပြားထ အာပတ်၊ စုပေါင်းလတ်၊ ပေးအင်သမောဝံ။

● စူဠသုဒ္ဓန္တ, မဟာသုဒ္ဓန္တ ပရိဝါသ်တို့၏ အဓိပ္ပာယ်ကို ရေးခဲ့ပါ....?။

(၃၂၇) ဖြေ။ ။*မစင်ကြယ်ဟု၊ ထင်မှ ရက်သာ၊ ပေးရတာ၊ မှတ်ပါ စူဠ-တည်း။
*ရဟန်းဖြစ်ထ၊နှေ့မှ ဝတ်ယူ၊တိုင်အောင်မူ၊ ပေးမူ မဟာ-တည်း။

---

http://www.dhammadownload.com

● ဩဝေန သမောဝန, အဋ္ဌသမောဝန, မိဿကသမော ဝနတို့၏ အဓိပ္ပာယ်ကို ရေးခဲ့ပါ...?။

(၃၂၇) ပြေ။ ။*ဆောက်တည်ဆဲတွင်၊ အာပတ် ဝင်၍၊ ရှေးတွင် နောက်ထပ်၊ ပေါင်း၍ စပ်၊ ပေးအပ် ဩဝေန။

*ရက် မတူလတ်၊ အာပတ်ရှိရာ၊ ထိုအခါ၌၊ ရက်ကြာ ဆုံးတွင်၊ ပေါင်းရုံးဝင်၊ ပေးအင် ခေါ် အဋ္ဌ။

*ဝတ္ထု ကွဲလတ်၊ အာပတ် ထွေထွေ၊ ပေါင်း၍လေ၊ ပေးခြေ မိဿက။

● ဝတ် ဆောက်တည်သောပါဠိ, ဝတ်ချသော ပါဠိတို့ကို ရေးခဲ့ပါ...?။

(၃၂၉) ပြေ။ ။ဝတ် ဆောက် တည် သော ပါ ဠိ ကား– "ပရိဝါသံ သမာဒိယာမိ၊ ဝတ္ထုံ သမာဒိယာမိ" ဖြစ်ပါသည်။

ဝတ်ချသောပါဠိကား.... "ပရိဝါသံ နိက္ခိပါမိ၊ ဝတ္ထုံ နိက္ခိပါမိ" ဖြစ်ပါသည်။

● သံဃာမည်မျှရှိမှ ဝတ်ဆောက်တည်ခြင်း, ဝတ်ချခြင်းကို ပြုကောင်းပါသနည်း....?။

(၃၃၀) ပြေ။ ။*တပါးရှိက၊ ဝတ်ယူ,ချ၊ ပြုထ ကောင်း သည်သာ။

● ပရိဝါသ်ပျက်ကြောင်း အင်္ဂါမျှားကို ရေးခဲ့ပါ....?။

(၃၃၁) ပြေ။ ။*သဟဝါသ, ဝိပ္ပဝါသာ၊ အနာရောစနသုံးဝ အင်္ဂါ။

http://www.dhammadownload.com

အတူအိပ်ခြင်း, ကေ့ကွပ်း ရှောင်ခွာ၊
ဝတ်မကြား မှတ်သား အဓိပ္ပာ။

● သဟဝါသ-အရ၊အဘယ်ဣရိယာပုထ်ကိုယူရမည်နည်း?။
(၃၃၂) ဖြေ။ ။*သဟဝါသ၊ဆိုအရ၊ယူထ အိပ်ခြင်းကို။

● ကျောင်းပြင် ထွက်၍ ဝတ် ဆောက်တည်ရာ၌၊ မည်မျှ ဝေးသော အရပ်သို့ သွားရမည်နည်း....?။
(၃၃၃) ဖြေ။ ။*အရံ၌ကာ၊ အရံမှ၊ ခဲနှစ်ကျ ရပ်သို့သွား။
အရံမရှိ၊ ထိုက်ဘိရံမှ၊ ခဲနှစ်ကျ၊ ပြင်ပ ထွက်၍သွား။

● ဘယ်နေရာမျိုး၌ ဝတ် ဆောက်တည်ရ၍၊ ရဟန်းမည်မျှ ခေါ်သွားရမည်နည်း....?။
(၃၃၄) ဖြေ။ ။*လူ သွား လမ်း မှ၊ ဘေးဖဲကြွ၍၊ ချုံစပုံးအပ်၊ လုံခြုံလတ်၊ ထိုရပ် နေရပေ။
*ရဟန်းရှင်တို့၊ မမြင်ဖို့၊ ထိုသို့ နေရခေ့။
*တပါးပါးလျှင်၊ ပြည့်စုံအင်၊ မျှားလျှင် ကောင်းလှပေ။

● ဝတ်ကို အဘယ်အခါ ဆောက်တည်၍၊ အဘယ် အခါ၌ ကြားရမည်နည်း....?။
(၃၃၅) ဖြေ။ ။*အရုဏ်မတက်မီ၊ ဝတ် တည်ဆောက်၍၊ ရောင် နီ ပေါ် ထွက်၊ အရုဏ် တက်ကုန်၊ ဝတ်ကိုချ၊ ကြားရ ကျင့်စဉ်ပေ။

---

http://www.dhammadownload.com

● အတူလာသော ရဟန်းက ကိစ္စရှိသဖြင့် ကျောင်းသို့ ပြန်သွားခဲ့သော် ဘယ်သူထံ၌ ဝတ်ချရမည်နည်း....?။

(၃၃၆) ဖြေ။ ။*ကျောင်းသို့ပြန်ဝင်၊ ရှေးဦးမြင်၊ ထံတွင် ဝတ်ချအပ်။

● ရှေးဦးစွာ မြင်သော ရဟန်းကို မကြားက ညှဉ်ပြတ်, မပြတ်၊ အာပတ် သင့်,မသင့် ရေးခဲ့ပါ....?။

(၃၃၇) ဖြေ။ ။*ရှေး ဦး မြင် ထ၊ မကြားက၊ သင့်ထ ဒုက္ကဋ် ညှဉ်မပြတ်။

● ကျောင်းအပြင် လုံခြုံရာတွင် ဝတ်ဆောက်တည်နေဆဲ ၁၂-တောဝင် ဥပစာအတွင်းသို့ ရဟန်းဖြတ်သွားသည်ကို မသိသော် ညှဉ်ပြတ်, မပြတ်၊ အာပတ် သင့်, မသင့် ဆုံးဖြတ်ခဲ့ပါ....?။

(၃၃၈) ဖြေ။ ။*ဥ ပ စာ တွင်း၊ ချဉ်း နင်း ကျော် ဖြတ်၊ ညှဉ်မှာ ပြတ်၊ အာပတ် မသင့်မှတ်။

● အရှင်မတက်မီ တပါးသော ရဟန်းကို မြင်သော်လည်း၊ မကြားသော ရဟန်းအား ညှဉ်ပြတ်, မပြတ်၊ အာပတ် သင့်,မသင့် ဝေဖန်ခဲ့ပါ-?။

(၃၃၉) ဖြေ။ ။*အ ရှင် မတက်ခင်၊ တွေ့ မြင် လေ က မကြားထ၊ သင့်ရ ဒုက္ကဋ် ညှဉ်လဲပြတ်။

● အဗ္ဗာန်မသွင်းရသေးသောရဟန်းသည်ဥပဇ္ဈာယ်ပြုခြင်း, ရဟန်းခံခြင်း စသည့်အမှုတို့ကိုပြုကောင်းပါသလော-?။

http://www.dhammadownload.com

(၃၄၀) ဖြေ။ ။*ဝတ် မ ချ လျှင်၊ သံဃာတွင်၊ ပါ ဝင် မထိုက်ချေ။

*ဥပဇ္ဈာယ်ပြု၊ ရှိခိုးမှု၊ မပြုထိုက်အပ်ပေ။

*ဝတ်ကို ချလတ်၊ ပကတတ်၊ ဖြစ်လတ် ပြန်တည်နေ။

*ဥပဇ္ဈာယ်ပြု၊ ရှိခိုးမှု၊ ခံပြုထိုက်ပါပေ။

● မ်ာနတ်အပြားကိုရေး၍၊ ၎င်းတို့၏ ထူးခြားဟန်ကိုလည်း ဝေဖန်ခဲ့ပါ....?။

(၃၄၁) ဖြေ။ ။*အပ္ပဋိဗ္ဗ၊ ပဋိဗ္ဗ၊ နှစ်ဝ မာနတ်ပြား။

*အာ ပတ် လွှမ်း ဖုံး၊ ဝတ် အ ဆုံး မှာ၊ ပေးရတာ၊ မှတ်ပါ ပဋိဗ္ဗ။

*အာ ပတ် မလွှမ်းသည့်၊ ထို ယတိုကို၊ ပရိဝါသ် မပေး၊ မာနတ်ပေး၊ မှတ်ရေး အပ္ပဋိဗ္ဗ။

● မာနတ်ကို ဘယ်နှစ်ရက် ဆောက်တည်ရ၍၊သံဃာမည်မျှ ရှိရမည်နည်း....?။

(၃၄၂) ဖြေ။ ။*အနည်းဆုံးဖြင့်၊ လေးပါးနှင့်၊ ခြောက် ညဉ့် မာနတ်ကျင့်။

● မာနတ် ဆောက်တည်ပုံ, ချပုံ ပါဠိတို့ကို ရေးခဲ့ပါ....?။

(၃၄၃) ဖြေ။ ။ဆောက်တည်ပုံ–မာနတ္တံ သမာဒိယာမိ၊ ဝတ္တံ သမာဒိယာမိ။

ချပုံ–မာနတ္တံ နိက္ခိပါမိ၊ ဝတ္တံ နိက္ခိပါမိ။

---

http://www.dhammadownload.com

● မာနတ်ပျက်ကြောင်း အင်္ဂါများကို ရေးခဲ့ပါ....?။

(၃၄၄) ဖြေ။ ။*တူအိပ်, အိပ်ခြင်း၊ ကေ့ကွင်း, လေခြား၊ ဝတ်မကြား၊ လျှောပါ၊ သံယာလေး။

*မာနတ်ပျက်မှု၊အင်္ဂါစု၊လေးခု မှတ်လေသေး။

● အဘယ့်ကြောင့် မာနတ် ခေါ်၍၊ အဘယ် အကျိုးငှါ မာနတ် ကျင့်ရပါသနည်း ...?။

(၃၄၅) ဖြေ။ ။*ရဟန်း မျှားဖြင်၊ စိတ်တွင် ကျေနပ်၊ မြတ်နိုးအပ်၊ မာနတ် ခေါ်ရပေ။

*ရဟန်း, ရှင်တို့၊ ရှင်မြို့ စိတ်တိုး၊ မြတ်နိုး စေရန်၊ မာနတ္တံ၊ ခြောက်ယံ ကျင့်ရပေ။

● အဘွာန်-ဟူသော စကား၏ အဓိပ္ပာယ်ကိုရေး၍၊ အဘွာန် သွင်းရာ၌ သံယာ မည်မျှ ရှိရမည်နည်း၊ သံယာလိုက အဘယ်အာပတ် သင့်ပါသနည်း....?။

(၃၄၆) ဖြေ။ ။*ပရိဝါသ်, မာနတ်၊ ကျင့်ပြီး လတ်၍၊ အာပတ် စင်ကြယ်၊ ခင်မင် ဖွယ်ပ၊ ဖြစ်တွက်တာ့ကြောင့်၊ သံယောဇဉ်သို့၊ တဖန်ပို့၊ မှတ်ဖို့ **အဘွာန်**တည်း။

*အဘွာန်သွင်းထ၊ ဝိသသံယာ၊ ပြည့်စုံရာ၊ လျှောပါ ဒုက္ကဋ် တည်း။

သံယာဝိဒေသ သုဒ္ဓေသ ပြီး၏။

---

http://www.dhammadownload.com

အနိယ တုဒ္ဒေသ

●

"ပထမ အနိယတ"

● အဘယ့်ကြောင့် "အနိယတ" ဟု ခေါ်ပါသနည်း...?၊

(၃၄၇) ဖြေ။ ။ပါရာဇိက, သံဃာဒိသေသ်, ပါစိတ် အာပတ် ၃-မျိုးတို့တွင် အဘယ် အာပတ်ဟူ၍ အမြဲ မမှတ်အပ်၊ ရဟန်းက ဝန်ခံတိုင်းသော အာပတ်ဝတ္ထုတို့သာလိုက်၍ဆုံးဖြတ်၊ အပ်သောကြောင့် အနိယတ-ဟု ခေါ်ပါသည်။

* အဘယ်အာပတ် မြဲမှတ် မရှိပါ၊
ဝန်ခံသူမြဲ ဝတ္ထုသို့သာ။
လိုက်နာသုံးသပ် ဆုံးဖြတ်ရတာ၊
အနိယ မှတ်ကြ သောတုနာ။

● အနိယတုဒ္ဒေသကို အဘယ် အကျိုးငှါ ဟောတော်မူ သနည်း....?။

(၃၄၈) ဖြေ။ ။အစွပ်စွဲခံရသော ရဟန်းက ဝန်ခံမှသာ အာပတ်ဖြင့် ဆုံးဖြတ်ရမည်၊ ဝန်မခံလျှင် အာပတ် မဆုံးဖြတ်ရ ဟူသော အာပတ္တိ အာရောပန လက္ခဏာကို ပြခြင်း အကျိုးငှါ အနိယတုဒ္ဒေသကို ဟောတော်မူပါသည်။

* ဝန်ခံမှသာ၊ ဆုံးဖြတ်ရာ၊ ငြင်းကာနေလတ် မဆုံးဖြတ်။
* ဝိနည်းလက္ခဏာ၊ ပြကျိုးငှါ၊ မိန့်ပါ အနိယတ်။

---

http://www.dhammadownload.com

● လင္ဒီ,အလင္ဒီ ၂-ပါးလုံးကိုပင် ဝန်ခံမှသာ ဆုံးဖြတ်အပ်ပါသလော...?။

(၃၄၉) ဖြေ။ ။*လင္ဒီဖြစ်လာ၊ ဝန်ခံရာ၊ လိုက်ကာ ဆုံးဖြတ်ရ။

*အလင္ဒီကား၊ မခံငြားလည်း၊ စကားကို ချင့်၊သူ့အကျင့်၊ထောက်ချင့်ဆုံးဖြတ်ရ။

● ဝန်မခံသော လင္ဒီ, အလင္ဒီကို အဘယ်သို့ ဆုံးဖြတ်ရမည်နည်း....?။

(၃၅၀) ဖြေ။ ။*လင္ဒီဖြစ်မှန်၊ ဝန်မခံ၊ သုဒ္ဓံဆုံးဖြတ်ချေ။

*အလင္ဒီကျ၊ နေ့ဝသုဒ္ဓံ၊ နာသုဒ္ဓံ၊ ဒ္ဒိဟံ ဆုံးဖြတ်လေ။

● ပထမ အနိယတ သိက္ခာပုဒ်လား မာတုဂ ါမေနသဒ္ဓိ-ဌ် မာတုဂ ါမ-အရ၊အဘယ်မာတုဂ ါမကိုယူရမည်နည်း-?။

(၃၅၁) ဖြေ။ ။*ထိုနေ့ မွေးဖွား၊ သက် ရှင်ငြား သည့်၊ လူသား မ-သာ၊ ယူလေရာ၊ မှတ်ပါ ပထမ အနိယတ။

● ကောာ ကောယ-ဟု ဆိုခြင်းကြောင့် မာတုဂ ါမအမျှားနှင့် နေက အပြစ်မသင့်ဟု မှတ်ရမည်လော....?။

(၃၅၂) ဖြေ။ ။*မိန်းမဟူက၊သဘာဝ၊ဖုံးထလျှိုဝှက်ကျင့်။

*တရား ဖြစ်ချေ၊ လျှိုဝှက်ပေ၊ နေ့လေ အပြစ်သင့်။

---

http://www.dhammadownload.com

● ရဟော ပဋိစ္ဆန္နေ-ဌ် ရဟ-အပြားကိုရေး၍၊ ဤ၌ လိုအုပ်သော ရဟ-ကို အကြောင်းပြု၍ ညွှန်းခဲ့ပါ....?။

(၃၅၃) ဖြေ။ ။*စက္ခု,သောတ၊ ထိုနှစ်ဝ၊ ရဟ အပြားပေ။

*စက္ခု,ရဟ၊ လိုအပ်ထ၊ ပဋိစ္ဆန္န ဆိုတွက်ပေ။

[ပဋိစ္ဆန္နေ အာသနေ အလ် ကမ္မနိယေ-ဟုဆိုသောကြောင့် စက္ခုရဟ-ကိုသာ လိုအပ်ပါသည် ဟူလို။]

● အဘယ်သို့သော နေရာမျိုးသည် စက္ခုရဟ,သောတရဟ မည်ပါသနည်း....?။

(၃၅၄) ဖြေ။ ။*မျက်စိ မိုတ်သည်၊ မျက်မှောင် ချိုး၍၊ တလိ ခေါင်းရမ်း၊ မြင်မစွမ်း၊ ငေးလုမ်း ဌာန စက်ရဟ။

*ပြကတော့အား၊ စကားဆိုသံ၊ မကြား မှန်၊ သောတ ရဟ မှတ်လေကြ။

● ပဋိစ္ဆန္နေ-အရ၊ ဖုံးကွယ်ရာ အရပ်မျှားကို ရေးခဲ့ပါ...?။

(၃၅၅) ဖြေ။ ။*တင်းတိမ် အရံ၊ ဖျာ,ရက္ခံ၊ နံရံ စရှိပြာ။

*ပဋိစ္ဆန္န၊ အာသန၊ မှတ်ကြ ဖုံးကွယ်ရာ။

● အဘယ်သို့သောနေရာမျိုးကို အလ်ကမ္မနိယ-ဟု ဆိုရမ်ိ သနည်း....?။

(၃၅၆) ဖြေ။ ။*မေထုန်မှုကို၊ ပြုကြခြင်းငှါ၊ တတ်ကောင်းရာသည့်၊ ကွယ်ကာ ရှိလတ်၊ ထိုအရပ်၊ ခေါ်မှတ် အလ်ပေ။

http://www.dhammadownload.com

● နိသင့်ံ ကပ္ပေယျ-ဟု ဟောတော်မူခြင်းကြောင့်၊ အိပ်နေ သော် အပြစ်မရှိဟု မှတ်ရမည်လော၊ ဣရိယာပုထ် ၄-ပါးတို့တွင် ဤသိက္ခာပုဒ်အလိုအရ၊ အဘယ်ဣရိယာ ပုထ်မျှားကို ယူရမည်နည်း....?။

(၃၅၇) ဖြေ။ ။*နိသင့်ဟု၊ ဆိုသမျှ၊ အိပ်မှု ယူပြီးပေ။
*အိပ်နေပေမင့်၊ အပြစ်သင့်၊ မှတ်လင့် မြဲမသွေ။
*ထိုင့်, အိပ် နှစ်ဖြာ၊ ဣရိယာ၊ ယူပါ ဤ၌ပေ။

● ဥပါသိကာ-အရ၊ အဘယ့်ကြောင့် အရိယာ ဥပါသိကာမ ကိုသာ ယူရပါသနည်း....?။

(၃၅၈) ဖြေ။ ။အရိယာဥပါသိကာသည်သာ မည်သည့် နည်းနှင့်မျှ မုသားမပြောသောကြောင့်၊ ဥပါသိကာ-အရ အရိ ယာ ဥပါသိကာမကို ယူရပါသည်။

* မုသားကင်းကွာ၊ အရိယာ၊ ယူပါ ဥပါသိ။

● မာတုဂါမနှင့် အတူနေရာ၌၊ ဤ သိက္ခာပုဒ်အရ သင့်ခွင့် ရှိသော အာပတ်မျှားကို ရေးသားခဲ့ပါ....?။

(၃၅၉) ဖြေ။ ။ပထမ ပါရာဇိက, ကာယသံသဂ္ဂ သံယာ ဒိသေသ်, အစေလကဝဂ်လာ ရဟောပဋိဗ္ဗန္နပါစိတ်အာပတ်မျှား ဖြစ်ပါသည်။

---

http://www.dhammadownload.com

● ပထမ အနိယတ သိက္ခာပုဒ် အရ၊ အာပတ် မသင့်သော ပုဂ္ဂိုလ်မျှားကို ရေးခဲ့ပါ...?။

(၃၆၀) ဖြေ။ ။*ယောကျ်ား ဖော်ရှိ မြင်သို့, လိမ္မာ၊
ဥပစာတွင်း ချပ်ခြင်း တဖြာ။
ရှုးသွပ်လေဘို အာဒိ စ:စ္ဆာ။
အနိယ မှတ်ကြ နာပတ္တာ။

"ဒုတိယ အနိယတ"

● ဒုတိယ အနိယတ သိက္ခာပုဒ်လာ ရဟော-အရ အာဘယ်ကို ယူရမည်နည်း၊ အကြောင်းပြ၍ ရေးသားခဲ့ပါ....?။

(၃၆၁) ဖြေ။ ။"နဟေ ခေါ ပန ပဋ္ဌိစ္ဆန္နံ အာသန်ဟောတိ(လ)သြဘာသိတုံ"ဟုဆိုသောကြောင့်၊ဒုတိယအနိယတ သိက္ခာပုဒ်လာ ရဟ-အရ သောတရဟ-ကိုသာ ယူရပါမည်။

* အနိယတ၊ ဒုတိယ၊ သောတ ရဟ-ယူ။

● အနိယဘသိက္ခာပုဒ် ၂-ပါး၌၊အနာပတ္တိက အရ အဖော်တို့၏ အထူးကို ရေးခဲ့ပါ... ?။

(၃၆၂) ဖြေ။ ။ပထမ အနိယတ သိက္ခာပုဒ်၌၊ အဖော်ကား ...သိ-ကြား,လိမ္မာသော ယောကျ်ားကို ဆိုလိုသည်။

ဒုတိယ အနိယတ သိက္ခာပုဒ်၌၊ အဖော်ကား ... သိ-ကြား, လိမ္မာသော ယောကျ်ား,မိန်းမ ၂-ဦးလုံးကို ဆိုလိုသည်။ (ဤသို့ ထူး၏။)

http://www.dhammadownload.com

* အနိယတ၊ ပထမ၊ ယူရ ဇယာက်ျားဖော်။
* အနိယဘ၊ ဒုတိယ၊ ယူရ ကျား-မ ဖော်။

---

❷ ရဟော-အရ၊ အ ဘယ် မျှ လောက် သော အရပ်သည် သောတရဟ မည်ပါသနည်း ...?။

(၃၆၃) ဖြေ။ ။*ဆယ့်နှစ်တောင်မှတ်၊ ထိုအရပ်၊ ကျော်လတ် ရဟ-မည်။

---

❸ ပထမ အနိယတထက် ဒုတိယ အနိယတသည် အဘယ်သို့ ထူးပါသနည်း... ?။

(၃၆၄) ဖြေ။ ။ပထမအနိယတတက် ဒုတိယအနိယကာ၌၊ မိန်းမဖော်လည်း ယူနိုင်ခြင်း၊ ရဟော အရ, သောတရဟ-ကို ယူရခြင်း၊ ပါရာဇိကယုတ်လျော့ခြင်း၊ သံဃာဒိသေသ်အရာဝယ် ကာယသံသဂ္ဂအပြင် ဒုဋ္ဌုလ္လဝါစာကိုပါ ယူရခြင်း၊ ပါစိတ်အရာဝယ် အစေလကဝဂ်လာ ရဟောနိသင့် သိက္ခာပုဒ် ၂-ပါးလုံးကို ယူရခြင်းမျှား ထူးပါသည်။

* မိန်းဖော်လဲ ဖြစ်မြဲနိုင်ပေ၊
သောတယူဘိ ပါဒိ လျှော့ချေ။
ဒုဋ္ဌုလ္လနှင့် ရဟ နိသင့်ကား၊
ယူပါရ ထူးထ ပ-ထက်ပေ။

---

❹ ပထမ အနိယတ သိက္ခာပုဒ်လာ မာတုဂါမနှင့် ဒုတိယ အနိယတသိက္ခာပုဒ်လာ မာတုဂါမတို့သည် တူသလော, ထူးပါသလော ...?။

(၃၆၅) ဖြေ။ ။*ပ-နှင့် ဒု-လာ၊ မာတုဂါ၊ တူပါ အနိယ။

. အနိယတုဒ္ဒေသ ပြီး၏။

http://www.dhammadownload.com

ဝိတ္ထာရဒ္ဒေသ

နိဿဂ္ဂိယ ပါစိတ် (စီဝရဝဂ်)

(၃) ပထမ နိဿဂ္ဂိယ-ပထမ ကထိန သိက္ခာပုဒ်

● အဘယ့်ကြောင့် နိဿဂ္ဂိယ+ပါစိတ် မည်ပါသနည်း....?။

(၃၆၆) ဖြေ။ ။*စွန့်ထိုက်, စွန့်အပ်, စွန့်လတ် ဖို့ ရန်
စွန့်ခြင်းကံရှိ နိဿဂ္ဂိယ်။
ကုသိုလ်စိတ္တ လျှောကြစေမှန်၊
ပါစိတ္တိ ခေါ်ဘိ မည်သည်။

● ပထမ ကထိနသိက္ခာပုဒ် နိဗ္ဗိတစီဝရသို့-၌၊ နိဗ္ဗိတ-အရ စီဝရ နိဗ္ဗာန ဖြစ်ကြောင်းတရားတို့ကို ဖော်ပြ၍၊ စီဝရ-အရ အဘယ် သက်နှိုးမျှားကို ယူရမည်နည်း....?။

(၃၆၇) ဖြေ။ ။နိဗ္ဗိတ အရ-

၁-သူစိကမ္မ ပရိယောသာန-အပ်ချုပ်မှုကိစ္စ ပြီးစီးခြင်း၊

၂-နဗ္ဗ-သူခိုး ခိုးယူခြင်း စသော အကြောင်းကြောင့် ပျောက်ပျက်သွားခြင်း၊

၃-ဝိနဗ္ဗ-ခြကိုက်ခြင်း စသော အကြောင်းကြောင့် ပျက်စီးခြင်း၊

၄-ဒဟု-မီးလောင်ခြင်း၊

http://www.dhammadownload.com

၅-စီဝရာသာဥပစ္ဆိန္န = သက်နိ်း ရဖို့ရန် မျှော် လင့် ချက် ပြတ်ခဲခြင်း၊ ပေါင်း စီဝရနိဋ္ဌာန ဖြစ်ကြောင်း တရား ၅-ပါး ပြစ်ပါသည်။

စီဝရ အရ-

တိစီဝရိက် သက်နိ်း ၃-ထည်ကို ယူရပါမည်။

● ပလိဗောဓ သရုပ်ကိုထုတ်၍ အဘယ်ပါ၌ဖြင့် အဘယ် ပလိဗောဓ ပြတ်ကြောင်း ပြသည်ကို ရေးခဲ့ပါ....?။

(၃၆၈) ဖြေ။ ။ပလိဗောဓ သရုပ်ကား-

၁-စီဝရ ပလိဗောဓ၊

၂-အာဝါသ ပလိဗောဓ၊ ပေါင်း ၂-ပါး ဖြစ်သည်။

နိဿိတစီဝရသို့ ပါ၌ဖြင့် - စီဝရ ပလိဗောဓ ပြတ်ကြောင်းကို ပြ၏။

ဥဒ္ဒေတသို့ ကထိနေ ပါ၌ဖြင့်-အာဝါသ ပလိဗောဓ ပြတ် ကြောင်းကို ပြ၏။

● ဥဒ္ဒေတသို့ ကထိနေ ပါ၌နှင့်စပ်၍ (က) အဘယ်ကြောင့် ကထိန်-ဟု ခေါ်သည်၊ (ခ) ကထိန်ကို အဘယ်အခါ၌ ခင်းရမည်၊ (ဂ) အဘယ်ရဟန်းမျိုးအား ခင်းခွင့်ပြုသည် တို့ကို ရေးခဲ့ပါ....?။

(၃၆၉) ဖြေ။ ။*(က) ထိုတိုက်ထဲ၌၊ ခိုင်မြဲစွာလှ၊ စီဝရ တွက်၊ ကြောင့်ကြ စိုက်ထား၊ အနက် သ့ား၊ ခေါ်ခြား ကထိနာ။

http://www.dhammadownload.com

*(ခ) မိုးနောက်ဆုံးလ၊ ကထိန်ကျ၊ခင်းရ ထိုအခါ။

*ဤတိုက်တွင်းမှာ၊ ဝါ-ပထမ၊ကျွတ်သူမှ၊ ခင်းရ ပုဂ္ဂိုလ်မှာ။

(ဝိနယသံခိပ်)

ဖွင့်ချက်။ ။မိုးနောက်ဆုံးလဟူသည်၊ သီတင်းကျွတ်လပြည့်ကျော် ၁-ရက်နေ့မှ တန်ဆောင်မုန်းလပြည့်နေ့အထိ ၁-လ အတွင်းကို ဆိုလိုသည်။

● ကထိနကံသည် အဘယ်ကံမျိုးဖြစ်၍၊ သံဃာ မည်မျှရှိမှ ခင်းနိုင်ပါသနည်း....?။

(၃၇၀) ဖြေ။ ။*စတုဝဂ္ဂ၊ ကရဏီယ၊ မှတ်ကြကထိန်ကံ။

*ပေး-လေး ခံ-တစ်၊ ငါး ပါး ဖြစ်မှ၊ ကထိန၊ ခင်းရ မြောက်နိုင်ပြန်။

● ပုရိမဝါကျွတ် သံဃာ ၄-ပါး မပြည့်ရာ၌၊ အဘယ်သို့ ပြု၍ ကထိန်ခင်းရမည်နည်း....?။

(၃၇၁) ဖြေ။ ။*ပစ္ဆိမဝါ၊ ဆိုလာ ဘိက္ခု၊ ဂိုဏ်းပြည့်ပြု၊ ခင်းမှု ပြုရခေါ်။

*မလောက်ပြန်က၊ခြားကျောင်းမှ၊ပင့်ထ ခင်းရပေ။

*ဂိုဏ်းပြည့်သံဃာ၊ ပြည့်ရုံသာ၊ ကျိုးမှာ မရပေ။

● ကထိန်သက်နန်းကို ဘယ်လိုပုဂ္ဂိုလ်မျိုးလှူနိုင်သည်၊ဘယ်သို့ ဆို၍ လှူရမည်ကို ရေးခဲ့ပါ....?။

http://www.dhammadownload.com

(၃၇၂) ဖြေ။ ။*လူ, နတ်, ရဟန်း၊ ကထိန် သက်နှီး၊ လှူဒါန်းနိုင်သကို။

*ဣမံကထိန၊ စီဝရ၊ သံဃ ဒေမ-ဆို။

[''ဣမံ ကထိန စီဝရံ သံဃသ ဒေမ''ဟုဆို၍ လှူဒါန်းရမည်]

● ဘယ် ပုဂ္ဂိုလ်မျိုးဘာ ကထိန် ခင်းထိုက်သည်၊ သက်နှီး ၉-ထည်တို့တွင် အဘယ် သက်နှီးမျိုးဖြင့် ကထိန်ခင်းရမည်ကို ဖော်ပြပါ....?။

(၃၇၃) ဖြေ။ ။*ပုဗ္ဗကရဏံ၊ပဲစွဲ့ခ်ုံ၊အင်ရှစ်ဝန့်ပြည့်ထ သူသာ၊ကထိနာ၊ ခင်းရာ ထိုက်လေမှတ်။

*ကိုးထည် တွင်ရှု၊ သင်း, ကိုယ်, ဒု၊ သုံးခု ခင်းတိုင်းအပ်။

● ကထိန်ခင်းထိုက်ရာ အင်္ဂါ ၈-ပါးကို ရေးခဲ့ပါ....?။

(၃၇၄) ဖြေ။ ။*ပုဗ္ဗကရဏံ၊ ပစ္ဆုဒ္ဓံ၊ ဓိဋ္ဌာန်, အတ္ထာရ။

*မာတိ, ဗောဓ၊ ဥဒ္ဓါရံ၊ နိသံ အင်ရှစ်ဝ။

(ဝိနယသံခိပ်)

● ကထိန်ခင်းပုံ အစီအရင်ကို အမြွက်မျှ ရေးပြပါ....?။

(၃၇၅) ဖြေ။ ။*ကထိန်ခင်းလို၊ ထိုပုဂ္ဂိုလ်၊ ပင့်ဆို သံဃာ လေး။

*လေးပါး သံဃာ၊ ကမ္မဝါ၊ ညတ်ကာ သက်နှီးပေး။

http://www.dhammadownload.com

*သင်္ကန်းဟောင်းကို၊ ပစ္စုဒ္ဓိရ်ပြု၊ သစ်ဝတ္ထု၊ ဗီန္ဒု ထိုးကာရေး။

*ဗီန္ဒု ပြီးလျှင်၊ ဓိဋ္ဌာန်တင်၊ ပြီးလျှင် ခင်းရသေး။

*ခင်းပြီး တဖန်၊ နုမောဒ၊ ပြုရန် တိုက်တွန်းပေး။

*ကြွင်းသံဃာက၊နုမောဒ၊ပြုထက်စွအေး။

● ကထိန်ခင်းပုံပါဠိ, အနုမောဒနာပြုရန် တိုက်တွန်းပုံ ပါဠိ, အနုမောဒနာပြုပုံ ပါဠိတို့ကို ရေးခဲ့ပါ....?။

(၃၇၆) ဖြေ။ ။*ကထိန်ခင်းပုံ ပါဠိကား .... "ဣမာယ သံဃာဒိယာ ကထိနံ အတ္ထရာမိ" ဖြစ်ပါသည်။

မှတ်ချက်။ ။ကေသီမြင့် ခင်းလျှင် "ဣမိနာ ဥတ္တရာ သင္ဃေန၊" သင်းပိုင်ဖြင့်ခင်းလျှင် "ဣမိနာ အန္တရဝါသဋ္ဌေန" ဟု ပြင်ဆိုမှ ခင်းရသည်။

အနုမောဒနာပြုရန် တိုက်တွန်းပုံ ပါဠိကား....

အတ္ထတံ (အာဝုသော) သံဃေ ကထိနံ ဓမ္မိကော ကထိနတ္ထာရော (အနုမောဒထ) ဖြစ်သည်။

မှတ်ချက်။ ။အငယ်ဖြစ်လျှင် အာဝုသောတွင် "ဘန္တေ" ဟုဆိုး အနည်း ဖြစ်လျှင် အနုမောဒထ တွင် "အနုမောဒါဟိ" ဟု ပြင်ဆိုရသည်။

http://www.dhammadownload.com

အနုမောဒနံ၁ပြုပုံ ပါဠိကား... အတ္ထတံ (ဘန္တေ) သံဃဿ ကထိနံ ဝေမိုကော ကထိနတ္ထာရော အနုမောဒါ(မ) ဖြစ်သည်။

မှတ်ချက်။ ။အကြီးဖြစ်လျှင်ဘန္တေတွင် ''အာဝုသော'' ဟုပြင်အနည်းဖြစ်လျှင် ''အနုမောဒါမ'' တွင် 'ဒီ' ဟုပြင်ဆိုရသည်။

---

❶ ကထိန်ကို ပုဂ္ဂိုလ် ခင်းသလော၊ သံဃာ ခင်းသလော ဆုံးဖြတ်ခဲ့ပါ....?။

(၃၇၇) ဖြေ။ ။*အမှန်ဆိုက၊ ပုဂ္ဂလ၊ ခင်းထ ကထိန်ပေ။

*သို့သော် သံဃာ၊ နုမော ဒါ ကြောင့်၊ ပြုတာ ဖြစ်ထ၊ ကထိန၊ သံဃာ့ ခင်းမည်ချေ။

---

❷ ကထိန်ခင်းသော ကျောင်းတိုက်ရှိ ပုရိမဝါကျွတ်သော ရဟန်းတိုင်း ကထိန် အာနိသင်ကို ရပါသလော....?။

(၃၇၈) ဖြေ။ ။*ဝါကျွတ်တိုင်းပင်၊ အာနိသင်၊ အစဉ် မရပေ။

*အနုမောဒန၊ ပြုရုံမှ၊ ကျိုးရ အာနိသေ။

---

❸ ကထိန်အာနိသင် ၅-ပါးကို ရေးခဲ့ပါ။

(၃၇၉) ဖြေ။ ။*ကထိန်အာနိသင် ၅-ပါးကား-

၁-အနာမန္တစာရ၊

၂-အသမာဒါနစာရ၊

http://www.dhammadownload.com

၃–ယာဝဒတ္တ စီဝရ၊

၄–ဂဏဘောဇန၊

၅–ယောစ တတ္ထ စီဝရပ္ပါဒ၊ ပေါင်း ၅-ပါးဖြစ်ပါသည်။

* အနာမန္တ၊ အသမဝှန်ုင်၊ ယာဝ, ဂဏာ၊ ယောတတ္ထာ၊ ပဋ္ဌာ အာနိသင်။

● ကထိန်နုတ်ခြင်းမာတိကာ ဂ-ပါးသရုပ်ကိုရေးခဲ့ပါ....?။

(၃၈၀)ဖြေ။ ။မာတိကာ ဂ-ပါးကား–

၁–ပဏ္ဏမနန္တိကာ၊	၅–သဝနန္တိကာ၊
၂–နိဋ္ဌာနန္တိကာ၊	၆–အာသာဝစ္ဆေဒိကာ၊
၃–သန္နိဋ္ဌာနန္တိကာ၊	၇–သီမာတိက္ကမနန္တိကာ၊
၄–နာသနန္တိကာ၊	၈–သဟုဇ္ဇာရာ၊

ပေါင်း ၈-ပါး ဖြစ်ပါသည်။

* ဖဿား ပြီးပြေ၊ ဆုံးဖြတ်ထွေ၊ ပျောက်လေ နုတ်ပြီးကြား။
* အာသာပြတ်တုံ၊ ဆောင်းလကုန်၊ နုတ်ကြို မာရှစ်ပါ။

(ဝ-သံ)

● ကထိန် ထပ်မံ၍ ခင်းလိုသောကြောင့်၊ ခင်းပြီးကထိန်ကို နုတ်ကောင်း, မကောင်း ဆုံးဖြတ်ခဲ့ပါ....?။

(၃၈၁) ဖြေ။ ။*သံ ဃာ တော် အား၊ အကျိုး မျှားက၊ ခင်းထား ကထိန်၊ နုတ်အပ်ပြန်၊ တဖန် မခင်းရ။

---

http://www.dhammadownload.com

● အတိရေက စီဝရ-ဟူသည် အဘယ်သက်နှံ့မျိုးကို ဆိုလို သည်၊ အဘယ့်ကြောင့် အတိရေက စီဝရ အမည်ရသည် တို့ကို ရေးခဲ့ပါ....?။

(၃၇၂) ဖြေ။ ။ အဓိဋ္ဌာန်, ဝိကပ် တင်အပ် မပြုတာ၊
အတိရေက စီဝရ-မှတ်ပါ။
ဓိဋ္ဌ, ဝိ-ပြုမှ ပိုထကြောင့်သာ၊
တိရေက စီဝရ မည်သည်ရာ။

● အဘိရေက စီဝရ-၌၊ စီဝရဘေဒကို မူလ, အနုလောမ အားလျော်စွာ ထုတ်ပြ၍၊ ဤ၌အပ်သော သက်နှံ့မျိုးကို ညွှန်ပြပါ....?။

(၃၇၃) ဖြေ။ ။ မူလ ဇာတိဘေဒ-

၁–ခေါမ – ခံချည် သက်နှံ့။
၂–ကပ္ပါသိက – ဝါချည် သက်နှံ့။
၃–ကောသေယျ – ပိုးချည် သက်နှံ့။
၄–ကမ္ဗလ – သိုးမွေးချည် သက်နှံ့။
၅–သာဏ – ပိုက်ဆံချည် သက်နှံ့။
၆–ဘင်္ဂ – ဘန်ချည် သက်နှံ့။

ပေါင်း မူလ (ဇာတိဘေဒ) စီဝရ ၆-မျိုး ဖြစ်ပါသည်၊

အနုလောမ စီဝရ-

၁–ခုကူလ – ဘွဲ့ဖြူပုဆိုးဖြင့် ပြုအပ်သော သက်နှံ့။
၂–ပန္ဓုဇ္ဇ – ပန္ရက်တိုင်း၌ဖြစ်သော သက်နှံ့။
၃–သောမာရဇ – သောမာရတိုင်း၌ဖြစ်သော သက်နှံ့။

http://www.dhammadownload.com

၄-စိန္ဓ - စိန္ဓတိုင်းဌာ်ဖြစ်သော သက်နှီး။
၅-ဇုဒ္ဓိ - "ဟေတိကွ" ခေါ်တော်မူတိ ပုညဒ္ဓိ ကြောင့် ဖြစ်သော သက်နှီး။
၆-ဝေဝဓိန - နတ်တို့ လူအပ်သော သက်နှီး။

ပေါင်း-အနုလောမစီဝရ ၆-မျိုးဖြစ်ပါသည်။

* ခေါမ,ကပ္ပ၊ ကောသေယျာနှင့်၊ ကမ်,သာ,ဘင်၊ စီဝရ၊ မူလ ခြောက်ထည်ပြား။
* ဒုကူ,ပဋ္ဋိကာ၊ သောမာရနှင့်၊ စိန,ဝေဝ၊ ဇုဒ္ဓိ၊ လေဝ,မ ခြောက်ထည်ပြား။

ဤ၌

အဓိဋ္ဌာန်,ဝိကပ္ပနာလောက်သော မြတ်စွာဘုရား၏ အလျားလက် ၈-သစ်၊ အနံ လက် ၄-သစ်ရှိသော သက်နှီးကိုသာ အလိုရှိအပ်ပါသည်။

* ဓိဋ္ဌာန်, ဝိကပ်၊ ပြုလောက်လတ်၊ လိုအပ် စီဝရာ။
* အလျား၊ ရှစ်သစ်၊ နံ ခြေးသစ်၊ ရှင်ချစ် လက်တော်လာ။

(ဝ-သံ)

● သက်နှီး ၉-ထည်သရုပ်ကို ထုတ်ဆောင်၍၊ ယခုကာလ၌ သုံးရိုးပြုသော သက်နှီး, မပြုသော သက်နှီးတို့ကို ခွဲခြားခဲ့ပါ....?။

(၃၈၄) ပြေ။ ။ပါဠိလို- အန္တရဝါသက, ဥတ္တရာသင်္ဂ, သံဃာဋိ, ဝဿိကသာဋိက, နိသီဒန, ပစ္ဆိတ္ထရဏ, ကဏ္ဍုပ္ပဋိစ္ဆာဒိက,မုခပုဉ္ဆန, ပရိက္ခာရစောဠ၊ ပေါင်း ၉-ထည် ဖြစ်ပါသည်။

http://www.dhammadownload.com

မြန်မာလို- (အစဉ်အတိုင်း) သင်းပိုင်,ကိုယ်ရံ,ဒုကုဋ္ဌ,မိုးရေခံ သက်နှံ, နိသီဒိုင်အခင်, အပေါ်လွှမ်း အိပ်ရာခင်, အမာလွှမ်း သက်နှံ,မျက်နှာသုတ်ပဝါ,ရေစစ်ပဝါ,လက်သုတ်ပဝါ-စသော အတိုအထွာများ၊ ပေါင်း သက်နှံ ၉-ထည် ဖြစ်ပါသည်။

* သင်း,ကိုယ်, ဒု,အိပ်၊ မျက်,ပရိက်၊ နိသိဒ, မိုး,အမာ။
(၀-သံ)

* နှ,မိုး,မာ,သုံး၊ ခုမသုံး၊ ကျန်သုံး ခြောက်ထည်သာ။

● အဓိဋ္ဌာန်တင်,ဝိကပ္ပနာပြုလောက်ရာ၊အယုတ်ဆုံးသက်နှံ ပမာဏကို ပြဆိုပါ...?။

(၃၀၅) ဖြေ။ ။*အလျားရှစ်သစ် လေးသစ်နံသာ၊(ဗုဒ္ဓ)
တတောင် အလျား နံကားတထွာ။
(မဇ္ဈိမ)
တတောင့်ထွာရှိ မှတ်ဘိလျားမှာ၊
အနံကဘထွာခြောက်သစ်မ၊။(ပကတိ)

● သက်နှံ ၉-ထည်တို့တွင် ကာလ အပိုင်းအခြားအားဖြင့် အဓိဋ္ဌာန်တင်အပ်သော သက်နှံးများကို ထုတ်၍၊ ကာလ အပိုင်းအခြားကိုလည်း ရေးခဲ့ပါ...?။

(၃၀၆) ဖြေ။ ။*မိုးရေ, အမာလွှမ်း သက်နှံးတို့မှာ၊
အဓိဋ္ဌိတ ရှိထကာလာ။
မိုးလေးလထိ နှာရှိသောခါ၊
ဓိဋ္ဌာန တင်သ သုံးရပါ။

---

http://www.dhammadownload.com

● အဓိဋ္ဌာန်လောက်သော တိစီဝရိက်ပမာဏကိုပြဆိုပါ-?။

(၃၈၇) ဖြေ။ ။*ငါးတောင်, တောင်ဆုပ်၊ သုံးတောင်ဆုပ်၊ ဒုကုဋ္ဌ ကိုယ်ရုံမှာ။

*အလျှားထိုဟန်၊ နှစ်တောင်နံ၊ တင်ရန်သင်းပိုင်မှာ။ (ဝိ-သ)

[အလျှား၃-ထည်လုံးပင် ၅-တောင်, တောင်ဆုပ်၊အနံကား.... ဒုကုဋ္ဌ,ကိုယ်ရုံတို့က ၃-ခြောင်, တောင်ဆုပ်၊သင်းပိုင်က ၂-တောင် ရှိရမည် မှုလို။]

● ထိုပမာဏ အတိုင်းမကျပဲ ပို-လျော့နေက အဓိဋ္ဌာန် တင်ရဦးမည်လော....?။

(၃၈၈) ဖြေ။ ။ထိုပမာဏထက် ပို-လျော့ နေပါကလည်း အဓိဋ္ဌာန်ပင် တင်ရပါသည်၊ ပရိက္ခာရစောဋ္ဌ အဓိဋ္ဌာန် တင်ရပါမည်။

● နိသီဒိုင်၏ ပမာဏကို ရေးခဲ့ပါ....?။

(၃၈၉) ။ ။နိသီဒိုင် ပမာဏကား-

	အလျှား	အနံ	အမြင့်
ဗုဒ္ဓ	၂-ထွာ၊	၁-ထွာခွဲ၊	၁-ထွာ၊
မဇ္ဈိမ	၆-တွာ၊	၄-ထွာခွဲ၊	၃-ထွာ၊
ပကတိ	၉-ထွာ၊	၆-ထွာ ၉-သစ်၊	၄-ထွာခွဲ၊

* နှစ်ထွာ,ထွာခွဲ၊မြင့်-ထွာတွဲ၊ လုပ်မြဲ နိသိဒ်မှာ။(ဝိ-သ)
* ရှင်စော-တထွာ၊မင်-သုံးထွာ၊ တို့မှာ ခေါက်မျိုးတက်။
* မဇ္ဈိမ သို၊ ပကတိ၊ ပေါ်၏ အမြေထွက်။

---

http://www.dhammadownload.com

(၁) အမာလမ်း သက်နှုန်း၏ ပမာဏကို ရေးသားခဲ့ပါ....?။

(၃၉၀) ပြေ။ ။အမာလမ်းသက်နှုန်း ပမာဏကား-

	အလျား	အနုံ
ဗုဒ္ဓ	၄-ထွာ၊	၂-ထွာ၊
မဏ္ဍိမ	၁၂-ထွာ၊	၆-ထွာ၊
ပကတိ	၁၈-ထွာ၊	၉-ထွာ၊

* လေးနှင့် နှစ်တန်၊ထွာတော်မှန်၊ကဏ္ဍာပ္ပဋိဋ္ဌာ။(၀-သံ)

---

(၂) မိုးရေခံ သက်နှုန်း၏ ပမာဏကို ရေးခဲ့ပါ....?။

(၃၉၁) ပြေ။ ။မိုးရေခံ သက်နှုန်း ပမာဏကား-

	အလျား	အနုံ
ဗုဒ္ဓ	၆-ထွာ၊	၂-ထွာခွဲ၊
မဏ္ဍိမ	၁၈-ထွာ၊	၇-ထွာခွဲ၊
ပကတိ	၂၈-ထွာ၊	၁၀-ထွာ ၉-သစ်၊

* ခြောက်ထွာရှည်နဲ့၊နှစ်ထွာခွဲ၊လုပ်မြဲ မိုးရေမှာ။ (၀-သံ)

---

(၃) ပရိကွာရ စောင္ဆ, ပစ္ဘတ္ထရဏ, မုခပုဏ္ဏန-တို့၏ ပမာဏကို ရေးခဲ့ပါ....?။

(၃၉၂) ပြေ။ ပရိက်, အိပ်, မျက်၊ ဤ သုံးချက်၊ မမြှက်လျားနုံ့ မှာ။

---

(၄) မြတ်ဝွဘုရား သက်နှုန်း, အမာလမ်း, မိုးရေခံ, အင်းပျဉ် ညောင်စောင်း,နိသီဝိုင်,ကုဋ်-တို့၏ ပမာဏကို အသီးသီး ဖော်ပြပါ....?။

(၃၉၃) ပြေ။ ။*နဝနှင့် ဆ ဗုဒ္ဓစီဝရာ။
စတုနှင့် ဒွေ: ယူရေး အမာ။

http://www.dhammadownload.com

ဆ-နှစ်ထွာခွဲ ပျူမြဲ မိုးမှာ၊
တင်းပျဉ်ပေါင်း ညောင်ကောင်း
ရှစ်သစ်သာ။
*နိသီဒိုင်ကား အလျား နှင်ထွာ၊
နံ-တထွာခွဲ တထွာထဲ အဆာ။
ကုဋ္ဌီ ဆယ့်နှစ် ခုနစ် အထွာ၊
ခွင့်ပြုပြောင်း ဘုရား ဒေသနာ။

မှတ်ချက်။ ။မှတ်သား၍လွယ်ကူစေရန် စုပေါင်း၍ ထပ်မံဖော်ပြ လိုက်သည်၊ ၅၂ ရှစ်လုံးဘွဲ့ ပမာဏမှာ ဗုဒ္ဓပမာဏ သာဖြစ်၍၊ မဇ္ဈိမ-ပကတိ တို့၏ ပမာဏကို သိလိုမူ "ရှင်စောတထွာ၊ မင်-သုံးထွာ၊ တို့မှာ ခေါက်ချိုး တက်"ဟူသော လက်ဘအတိုင်း တိုး၍သိလေ။

● အဓိဋ္ဌာန်တင်နည်းအမျိုးအစားကိုရေး၍၊တင်ပုံပယောဂ၊ သရုပ်ကိုလည်း ထုတ်ပြပါ....?။

(၃၉၄) ဖြေ။ ။

အဓိဋ္ဌာန်တင်နည်း အမျိုးအစားကား-

၁-သံဃာ့ဌ, ဥတ္တရာသင်္ဂ် စသည်ဖြင့် ဆိုင်ရာ သူ့အမည်နှင့် တင်နည်း။

၂-ပရိက္ခာရ စောင္ဒ အမည်ဖြင့် တင်နှည်း-ဟူ၍ ၂-ပါး ရှိပါသည်။

အဓိဋ္ဌာန်တင်ပုံ ပယောဂ သရုပ်ကား-

၁-ကာယာဓိဋ္ဌာန် = ကိုယ်ဖြင့် တင်ခြင်း။

၂-ဝါစာဓိဋ္ဌာန် = နှုတ်ဖြင့် တင်ခြင်း၊ ပေါင်း ၂-ပါး။

http://www.dhammadownload.com

* ပရိကၠာရ၊ စောင္ဆအမည်၊ သူ့အမည်၊ နှစ်ထည် အဓိဋ္ဌာန်။
* ကိုယ်,နှုတ်နှစ်ပြင်၊ဘအင်အင်၊တင်လေအဓိဋ္ဌာန်။(ဝိ-သံ)

---

❶ အဓိဋ္ဌာန်တင်ပုံကိုအနီး-အဝေး၊အနည်း-အမျှားအလိုက် ခွဲခြား၍ ရေးသားခဲ့ပါ....?။

(၃၉၅) ဖြေ။ ။အနီး-အနည်း ဖြစ်လျှင် ဣမံ-သဒ္ဒါဖြင့်၊
အဝေး-အနည်း ဖြစ်လျှင် တေံ-သဒ္ဒါဖြင့်၊
အနီး-အမျှား ဖြစ်လျှင် ဣမာနိ-သဒ္ဒါဖြင့်၊
အဝေး-အမျှား ဖြစ်လျှင် တောနိ - သဒ္ဒါ ဖြင့် တင်ရပါမည်။

* နီး,ဝေး-နည်း,မျှား၊ လေးထွေပြား၊ ခြား၊တုံ အဆိုမှာ။
* ဣမံ,ဣမာနိ၊တေံ,တောနိ၊ဆိုရိုးရှိ၊နီးဘိ နှစ်တောင့်ထွာ။

(ဝိ-သံ)

---

❷ အဓိဋ္ဌာန် တင်ပုံကို ရေးခဲ့ပါ ...?။

(၃၉၆) ဖြေ။ ။**တိဝိဝရိက် အဓိဋ္ဌာန်တင်ပုံ-**

ဒုကုဋ္ဌေဖြစ်က -ဣမံ သံဃာဋိ အဓိဋ္ဌာမိ။
ကေသီဖြစ်က -ဣမံ ဥတ္တရာသင်္ဃံ အဓိဋ္ဌာမိ။
သင်းပိုင်ဖြစ်က-ဣမံ အန္တရဝါသကံ အဓိဋ္ဌာမိ-ဟု တင်ရ ပါမည်။

ပရိက္ခာရစောင္ဆ အဓိဋ္ဌာန်တင်ပုံ-

အနီး,အနည်း-ဣမံ စီဝရံ ပရိက္ခာရစောင္ဆံ အဓိဋ္ဌာမိ။
အနီး,အမျှား-ဣမာနိ စီဝရာနိ ပရိက္ခာရစောင္ဆာနိ အဓိဋ္ဌာမိ။
[ဝေး-နည်းဖြစ်က တေံ၊ဝေးမျှားဖြစ်က တောနိ-ဟုပြင်ဆိုလေ။]

---

http://www.dhammadownload.com

● အဘယ်မျှလောက်သော အတွင်း, အပြင်ကိုအနီး, အဝေး ဟု ဆိုပါသနည်း ...?။

(၃၉၇) ဖြေ။ ။*ဟတ္ထပါသ၊ အတွင်းကျ၊ နီးက ပြင်ဝေးဆို။

*ဆယ့်နှစ်တောင်မှာ၊ အနီးပါ၊ ထပြောကေစိဆို။

● တိစီဝရိုက်ကို ပရိက္ခာရစောင့်-အမည်ဖြင့် အဓိဋ္ဌာန်တင်ခြင်းသည် အဘယ်အကျိုး ရှိပါသနည်း....?။

(၃၉၈) ဖြေ။ ။*ပရိက္ခာရ၊ စောင့် တင်မှ၊ သက်နှိုးစု။ ပြုဖွယ် ထူးမလာ။ (ဝိ-ဘံ)

*လွယ်ကူ,ချမ်းသာ၊ ပေါက်မြောပါလည်း၊ ဓိဋ္ဌာမကျ၊ သုံးဆောင်ရ၊ ထူးထ ကျိုးမလာ။

● သက်နှိုး ၉-ထည်တို့တွင် ၁-ထည်သာ အဓိဋ္ဌာန် တင်နိုင်သော သက်နှိုး၊ အမျှားအပြား အဓိဋ္ဌာန် တင်နိုင်သော သက်နှိုးတို့ကို ခွဲခြားခဲ့ပါ....?။

(၃၉၉) ဖြေ။ ။*သင်း,ကိုယ်,ဒု,မိုး၊ မာ,နှ,မျှိုး၊ တင်ရိုးကော်စီသာ။

*ပရိက္ခာရ၊မုခ,ပစ္စာ၊ ဤသုံးဖြာ၊မျှားစွာ တင်ကောင်းပါ။

● အဓိဋ္ဌာန်တင်ရန် မလိုသော ပရိက္ခရာ အသုံး သင့်ဆောင်မျှားကို ရေးခဲ့ပါ....?။

http://www.dhammadownload.com

(၄၀၀) ဖြေ။　။*အခင်း ငါးပြာ၊ သေနာသန၊ ပရိက္ခာ၊ ဓိဋ္ဌ မတင်လို။

● သက်နှီး ၉-ထည်တို့တွင် ဆိုးရမည့်သက်နှီး, ဆိုးဖွယ် မလိုသော သက်နှီးတို့ကို ခွဲခြား၍၊ ဆိုးရမည့် သက်နှီးတို့၌ ဆိုးမှု အဓိဋ္ဌာန် တည်နားသည်ကိုလည်း ရေးခဲ့ပါ....?။

(၄၀၁) ဖြေ။　။*သင်း, ကိုယ်, ဒု,မိုး၊ မာ,ငါးမျိုး၊ ဆိုးရစိဝရာ။

*ပရိက်, အိပ်, မျက်၊ နို, လေးချက်၊ ဆိုးတွက် မလိုပါ။

*သင်း, ကိုယ်, ဒု-မျိုး၊ ကောင်းစွာဆိုး၊ မာ,မိုး-သင့်ရှိသာ။

● အကပ္ပိယ ဆိုးရည် သရုပ်ကို ထုတ်ခဲ့ပါ....?။

(၄၀၂) ဖြေ။　။*နန္ဒင်း,ထန်းကျင့်,ဆူးပန်းပွင့်,ပေါက်ပွင့် ပိန္နဲနွယ်။

*ကြေပိုင်,ဒေါက်ရပ်၊ မဲ,ခန်း-မှတ်၊ မအပ် ဆိုးရည်ဝယ်။　　(ဝိ-သ)

● အဓိဋ္ဌာန်ကျကြောင်း အင်္ဂါမျှားကို ရေးသားခဲ့ပါ....?။

(၄၀၃)ဖြေ။　။*ပေးစွန့်, ခိုးယူ၊ ကျမ်းဝင်ယူ၊ လူထွက်, ချသိက္ခာ။

*သေဆုံး, လိင်ပြန်၊ ပစ္စုဒ္ဓံ၊ ရှစ်တန် ကျဓိဋ္ဌာ။

[ဤ ဂ-ပါးကား....သက်နှီး ၉-ထည်လုံးနှင့်ဆိုင်သောအဓိဋ္ဌာန် ကျကြောင်းတည်း။]

http://www.dhammadownload.com

တိစီဝရိုက်ခ်ဉ်မူ-

*သင်း, ကိုယ်, ဒု-အား၊ ပေါက်မှုပ္ပဌား။ ကိုးပါး ကျကြောင်းလာ။ (ဝိ-သံ)

*လျှား ဆယ့်နှစ်သစ်၊ နှံ ရှစ်သစ်၊ပေါက်လစ် ကိုယ်,ဒု-မှာ။

*လျှား ဆယ့်နှစ်သစ်၊နှံ လေးသစ်၊ပေါက်လစ် သင်းပိုင်မှာ။

● ဒသာဟပရမ်-အရ၊အဘယ်မှစ၍ ရေတွက်ရမည်၊ဘယ်နှစ်အရှက်လွန်မှ ဒသာဟာတိက္ကန္တာဖြစ်သည်ကိုရေးခဲ့ပါ....?။

(၄၀၄) ဖြေ ။ဒသာဟပရမ်-အရ၊ သက်နှုံးရသောနေ့၏ လွန်ခဲ့ပြီးသော အရှက်မှစ၍ ရေတွက်ရပါမည်၊ ၁၁-အရှက် လွန်မှ ဒသာဟာတိက္ကန္တာ ဖြစ်ပါသည်။

● ဒသာဟာတိက္ကန္တာ နိဿဂ္ဂိယ သက်နှုံးကို စွန့်ပုံ, ပြန်ပေးပုံ တို့ကို ရေးခဲ့ပါ....?။

(၄၀၅) ဖြေ။ စွန့်ပုံ–ဣဒံ မေ ဘန္တေ စီဝရံ ဒသာဟာတိက္ကန္တံ နိဿဂ္ဂိယံ၊ ဣမာဟံ အာယသ္မတော နိဿဇ္ဇာမိ။

ပြန်ပေးပုံ–ဣမံ စီဝရံ အာယသ္မတော ဒမ္မိ။

● နိဿဂ္ဂိယ စီဝရကို စွန့်ပြီးက ကိစ္စပြီးပြီလော၊ ဘာလုပ်ရဦးမည်နည်း....?။

http://www.dhammadownload.com

(၄၀၆) ဖြေ။ ။စွန့်ရုံမျှဖြင့် ကိစ္စမပြီးသေးပါ၊ သင့်ရောက်သော ပါစိတ်အာပတ် ရည်မှတ်၍ ဒေသနာ ကြားရပါဦးမည်။

● နိဿဂ္ဂိယ ပစ္စည်းကို မစွန့်ပဲ သုံးဆောင်က အာဘယ်အပြစ် သင့်သနည်း....?။

(၄၀၇) ဖြေ။ ။*နိဿဂ်ဝတ္ထု၊ မစွန့်ပြု၊ သုံးမှု ဒုက္ကဋ်သင့်။

● စွန့်အပ်သော နိဿဂ္ဂိယ ပစ္စည်းကို ပြန်မပေးက အာဘယ် အာပတ် သင့်သနည်း....?။

(၄၀၈) ဖြေ။ ။*အပိုင်ပေးတာ၊ ထင်မှတ်ရှာ၊ သင့်ပါ ဒုက္ကဋ်တည်း။

*ဝိနည်း ကံရ၊ ပေးထ မှန်းသိ၊ မပေးဘိ၊ သင့်၏တန်ဖိုး အလိုက်တည်း။

● (က) ၁၀-ရက် မလွန်သည်၌ လွန်ပြီဟု ထင်မှတ်၍ လည်း ကောင်း၊ (ခ) ယုံမှားလျက် လည်းကောင်း၊ (ဂ) ၁၀-ရက် လွန်သည်၌ မလွန်ဟု ထင်မှတ်၍ လည်းကောင်း၊ (ဃ) ယုံမှားရှိလျက် လည်းကောင်း၊ (င) ၁၀-ရက် မလွန်သည်၌ မလွန်ဟု ထင်မှတ်၍ လည်းကောင်း သုံးဆောင်သော ရဟန်းတို့၌ အာဘယ် အာပတ်များ သင့်ပါသနည်း....?။

(၄၀၉) ဖြေ။ ။(ကခ) ဒုက္ကဋ်၊
(ဂဃ) နိဿဂ္ဂိယပါစိတ်၊
(င) အနာပတ္တိ။

● ဤသိက္ခာပုဒ်အရ၊ အာပတ်မသင့်သော အကြောင်းများ ကို ရေးခဲ့ပါ....?။

http://www.dhammadownload.com

(၄၁၀) ဖြေ။ ။*ဓိဋ္ဌ, ဝိ ပြုထား၊ ပျောက်ငြား, ခြခဲ၊ မီးလောင်စွဲနှင့်၊ နိုင်ဆွဲလုယူ၊ ကျမ်းဝင်ယူ၊ ရူးမူ နှာပတ္တ။

● ပထမ ကထိန သိက္ခာပုဒ်၌ အနုပညတ်ကို ရေးခဲ့ပါ....?။

(၄၁၁) ဖြေ။ ။အနုပညတ်ကား''ဒသာဟပရမံ''တည်း။

---

(၂) ဒုတိယ ကထိန သိက္ခာပုဒ်

(ဥဒေါသိတ သိက္ခာပုဒ်)

● တိစီဝရေန-ဟု ဆိုခြင်းကြောင့်၊ သက်နှံ့ ၃-ထည်လုံးနှင့် ညဉ့်ကင်းမှ အာပတ်သင့်သည်ဟု မှတ်ရမည်လော၊တိစီဝရိက်-အရ အဘယ်တိစီဝရိက်မျိုးကို ယူရမည်နည်း....?။

(၄၁၂) ဖြေ။ ။တိစီဝရေန-ဟု ဆိုသော်လည်း၊ သင်း, ကိုယ်,ဒု ၃-ထည်လုံးနှင့် ကင်းမှ အာပတ်သင့်သည် မဟုတ်၊ ထို ၃-ထည်တွင် ၁-ထည်ထည်နှင့် ကင်းလျှင်လည်း အာပတ်သင့်၍ တိစီဝရိက်နှင့် ကင်းသည်ဟုပင် ဆိုရပါသည်။

တိစီဝရ-အရ၊တိစီဝရိက် အဓိဋ္ဌာန်တင်အပ်သော တိစီဝရိက်ကိုသာ ယူရပါမည်၊ ဝိကပ္ပနာ ပြုထားသော ပရိက္ခာရစောင်ခ အဓိဋ္ဌာန်တင်အပ်သော တိစီဝရိက်ကို မယူရပါ။

* သုံးထည်တည်းတွင်၊တထည်ပင်၊ကင်းလျှင် အာပတ်သင့်။

* တိစီဝရ၊ ယူလေကြ၊ တင်ထ အမည်နှင့်။

---

http://www.dhammadownload.com

● တိစီဝရေန ဝိပ္ပဝေယျ-ဌ၊ ဝိပ္ပဝသ-အရ အဘယ်သို့ကင်းသည်ကို ဝိပ္ပဝသ - ညဉ့်ကင်းသည်ဟု ဆိုရပါသနည်း....?။

(၄၁၃) ဖြေ။ ။ရှာ,အိမ်-စသော သက်နှီးထားရာ အရပ်တခုခု၌ သက်နှီးကို ထားပြီးလျှင်၊ အရုဏ် ကက်သောအခါ သက်နှီး၏ ဟတ္ထပါသ်မှာ မိမိမရှိခြင်းကို(၀ါ)အရုဏ်တက်ချိန်၌ သက်နှီးနှင့် ဟတ္ထပါသ် လှတ်နေခြင်းကို ဝိပ္ပဝသ-ညဉ့်ကင်းသည်ဟု ဆိုရပါသည်။

* အရုဏ်တက်ခါ၊ နှစ်တောင့်ထွာတွင်း၊မရှိခြင်း၊ ညဉ့်ကင်း ဆိုရပေ။

● သက်နှီးထားရာ ဌာနမျှားကို ရေးခဲ့ပါ....?။

(၄၁၄) ဖြေ။ ။သက်နှီးထားရာ ဌာနမျှားကား-

ရှာ,အိမ်, ဘဏ္ဍာတိုက်, ပြာသာဒ်ရှည်, ပြာသာဒ်ဦးပြည်း, လှေ, လှည်း, ပြအိုး, လယ်, ကောက်နယ်တလင်း, သစ်ပင်, လွင်တီးခေါင်, အရံ, ကျောင်း, တန်ဆောင်း၊ပေါင်း ၁၅-ပါး ဖြစ်ပါသည်။

* ရှာ,အိမ်,တိုက်တာ၊ ပြာသာဒ်မှာ၊နှစ်မြှာ ရှည်,ဦးပြည်း။
* လှေ,လှည်း,ပြ,လယ်၊ ကောက်ပင်နှယ်၊ တသွယ်သစ်ပင်တည်း။
* လွင်တီး,အရံ၊ကျောင်းဝိဟံ၊ တဝန် တန်ဆောင်းတည်း။
* ဌာနဆယ့်ငါး၊ သက်နှီးထား၊ မှတ်သား သရုပ်တည်း။

---

http://www.dhammadownload.com

● ဒုတိယကထိနသိက္ခာပုဒ်၌ အနုပညတ်ကို ဖော်ပြပါ...?။

(၄၁၅) ဖြေ။ ။အညတြ ဘိက္ခုသမ္မုတိယာ-ဖြစ်ပါသည်။

● အညတြ ဘိက္ခု သမ္မုတိယာ-၌၊ အဘယ် သမ္မုတိမျိုး ဖြစ်၍ အဘယ် ရဟန်းမျိုးအား ပေးရမည်နည်း....?။

(၄၁၆) ဖြေ။ ။အဝိပ္ပဝါသ သမ္မုတိ (တိစီဝရိက်နှင့် ညဉ့်ကင်း၍ နေနိုင်ကြောင်း သမ္မုတိ)မျိုးဖြစ်၍၊ တိစီဝရိက်ကို သွားလေရာ ယူမသွားနိုင်သော ဂိလာန ရဟန်းမျိုးအား ပေးရပါသည်။

● ထို သမ္မုတိကို အဘယ်သူက ပေးနိုင်၍၊အဘယ်သို့ပေးရမည်နည်း....?။

(၄၁၇) ဖြေ။ ။ထို သမ္မုတိကို သံဃာကသာ ပေးနိုင်၍၊ ဥတ္တိ ဒုတိယ ကမ္မဝါစာဖြင့် ပေးရပါမည်။

● သမ္မုတိရသော ဂိလာနရဟန်းအား ရောဂါပျောက်ပြီးမှ တဖန် ထိုရောဂါပြန်ထလာသော်လည်းကောင်း၊အခြား ရောဂါ ဖြစ်လျှင်သော်လည်းကောင်း သမ္မုတိကို ထပ်မံ ပေးရဦးမည်လော....?။

(၄၁၈) ဖြေ။ ။ဗုဒ္ဓသမယ-ထေရ်အလို - ထို ရောဂါထလျှင် မပေးရ၊ အခြားရောဂါထလျှင် ပေးရမည်။

ဥပတိဿ-ထေရ်အလို- ၂-ခုလုံးပင် ပေးဖွယ်မလို။

● တိစီဝရိက်နှင့် ညဉ့်ကင်းမည်ဖြစ်လျှင် နိဿဂ္ဂိ မထိုက်အောင် မည်သို့ ပြုရမည်နည်း....?။

http://www.dhammadownload.com

(၄၁၉) ဖြေ။ ။ပစ္စုဒ္ဓိရ်မူလည်းပြု၊ စွန့်မူလည်း စွန့်လိုက်ရပါမည်။

● ဝိနည်းတိစီဝရိုက်နှင့် ဓုတင်တိစီဝရိုက် ဆောင်ခြင်းသည် အဘယ်သို့ ထူးပါသနည်း....?။

(၄၂၀) ဖြေ။ ။*ညဉ့်.ကင်းသင့်ငြား ပိုထားနိုင်ပါ၊
ဝိနည်းတိစီ ဆောင်သိ သူမှာ။
ညဉ့်ကင်း မသင့် သိမ်းခွင့် မရှိတာ၊
ဓုတင်မှတ် ထူးလတ် ဆောင်နှစ်ဖြာ။

● (က) ညဉ့်ကင်းသည်၌ ညဉ့်ကင်းသည်ဟု မှတ်ထင်သော ရဟန်း၊(ခ)ယုံမှားရှိသောရဟန်း၊(ဂ)ညဉ့်ကင်းသည်၌ ညဉ့်မကင်းဟု မှတ်ထင်သော ရဟန်း၊ (ဃ) ယုံမှားရှိသော ရဟန်း၊ (င) ပစ္စုဒ္ဓိရ် မပြုသည်ကို ပြုသည်ဟု မှတ်ထင်သော ရဟန်းတို့အား အဘယ် အာပတ်မျှား သင့်ပါမည်နည်း....?။

(၄၂၁) ဖြေ။ ။(က) (ခ) ဒုက္ကဋ်၊
(ဂ) (ဃ) (င) နိဿဂ္ဂိယ ပါစိတ် သင့်ပါသည်။

---

(၃) တတိယ ကထိန သိက္ခာပုဒ်

● တတိယကထိနသိက္ခာပုဒ်၌၊စီဝရကာလ-စီဝရ အ,ကာလ အရ ပိုင်းခြား၍ ပြခဲ့ပါ...?။

http://www.dhammadownload.com

(၄၂၂) ဖြေ။　။

* ကထိန်တိုက်တွင်း မခင်းသောခါ၊
ကျွတ်-ကျော်တစ်မှ မုန်းလပြည့်သာ။　(၁-လ)
ကထိန်ခင်းဘိ ပေါင်းပြည့်တွင်းမှာ၊　(၅-လ)
စီဝရ ကာလ မှတ်လိုက်ပါ။

* မုန်းကျော်တစ်မှ ကျွတ်လပြည့်မှာ၊　(၁၁-လ)
ကထိန်မဖြစ် ဆယ့်တစ် အ-ကာ။
ပေါင်းကျော်တစ်မှ ကျွတ်လပြည့်ဟာ၊　(၇-လ)
ကထိန်ဖြစ် ခုနစ် အ-ကာလာ။

● ကာလစီဝရ-အ,ကာလစီဝရဟူသည်အဘယ်ပါနည်း-?။

(၄၂၃) ဖြေ။　။* သက်နှံ:ကာလ [illegible]
ထိုတွင်းပြီးထ ကာလ ဝီဝရာ။
ကောဒသ, သင်္ဂ္ဂ အ-ကာ၊
ထိုတွင်းပြစ် မှတ်လာ အ-စီဝရာ။
* သက်နှံ:ကာလ အ-ကာလကိုခါ၊
ပုဂ္ဂိုလ်,သံဃ ရည်ဆလှတာ။
ထိုသက်နှံ:လဲ ပြစ်မြဲ အ-ကာ၊
ကခ်ါညွှန်: မိန့်ခွန်: ဒေသနာ။

● အ-ကာလစီဝရံ ဥပဂဒ္ဓယျ-ဌ၊ ဥပဂဒ္ဓယျ-အရ သက်နှံ:ပြစ်ပုံ အခြင်းအရာတို့ကို ရေးခဲ့ပါ....?။

http://www.dhammadownload.com

(၄၂၄) ဖြေ။ ။မိမိပိုင် ဥစ္စာဖြင့်လည်းကောင်း၊ သံယာမှ ဖြစ်စေ,သုတ္တန်ကိ-စသော ဂိုဏ်းမှဖြစ်စေ,မိမိအမှီ ဝေစုရသော အားဖြင့် လည်းကောင်း၊ ဆေမျှ်, မိတ်ဆွေတို့ထံမှ ရသော အားဖြင့်လည်းကောင်း၊ ပံသုကူ ရသောအားဖြင့်လည်းကောင်း သက်နှံးဖြစ်ပေါ်လာရခြင်း,ရခြင်းကို ဥပဂ္ဂေယျ-ဟုဆိုပါသည်။

---

❷ ဥပဂ္ဂေယျ-အရ၊ သက်နှံးဖြစ်ကြောင်း မာတိကာ ဂ-ပါး သရုပ်ကို ရေးခဲ့ပါ....?။

(၄၂၅) ဖြေ။ ။

သက်နှံးဖြစ်ကြောင်း မာတိကာ ဂ-ပါးကား-

သိမ်ဌ်ရှာခြင်း, ကတိကဝတ် ပြုရာ အရပ်ဌ် လှူခြင်း, အမြဲ ဆွမ်းကျွေးရာဌ် လှူခြင်း, သံယာအား လှူခြင်း, ဥဘတောသံယာ အား လှူခြင်း, ဝါကျွတ်သံယာအား လှူခြင်း, ရည်ညွှန်းပိုင်းခြား၍ လှူခြင်း, ပုဂ္ဂိုလ်အား လှူခြင်း၊ ပေါင်း ဂ-ပါး ဖြစ်ပါသည်။

* သိမ,ကတိ၊ ဆွမ်းကျွေးသည့်၊ သံဃာ လှူသုံးဖြာ။
* ရည်ညွှန်းပိုင်းခြား၊ ပုဂ္ဂိုလ်အား၊ လှူခြား မာ-ရှစ်ဖြာ။

---

❸ သိမာယ, ဒေတိ-သိမ်ဌ် လှူခြင်းဌ်၊ သိမာဘေဒ ၈ သိမ် အပြားကို ရေးခဲ့ပါ....?။

(၄၂၆) ဖြေ။ သိမ်အပြားကား.... (၁) ခဏ္ဍသိမ်၊ (၂) ဥပ စာရသိမ်၊ (၃) သမာန သံဝါသသိမ်၊ (၄) အဝိပ္ပဝါသသိမ်၊ (၅)လာဘသိမ်၊(၆)ဂါမသိမ်၊ (၇)နိဂမသိမ်၊(၈)နဂရသိမ်၊ (၉) အဗ္ဘန္တရသိမ်၊ (၁၀)ဥဒကုက္ခေပသိမ်၊ (၁၁)ဇနပဒသိမ်၊

http://www.dhammadownload.com

(၁၂)ရဋ္ဌသိမ်၊ (၁၃)ရဇ္ဇုသိမ်၊ (၁၄)ဒီပသိမ်၊ (၁၅)စက္ကဝါဠ သိမ်၊ ပေါင်း ၁၅-ပါး ဖြစ်ပါသည်။

* ခဏ်,ဥ,သမာ၊ အ၀ိပ္ပါ၊ လာ,ဂါ,နိ,နံ အဿ,ဏ်။
* ဥဒကုက်,ဇန၊ ရဋ္ဌ,ရဇ္ဇာ၊ဒီ,စက္ကဝါ၊ သီမာဘေဒ ပဒ္ဒရ။

● ခ်ိပ္ပမေ၀-အရ၊ချက်ခြင်းပြီးစီးအောင် ပြုရမည်ဟု ဆိုလို ပါသလော ရှင်းခဲ့ပါ....?။

(၄၂၇) ဖြေ။ ။ချက်ခြင်း ပြီးအောင် ပြုရမည် မဆိုလို၊ ၁၀-ရက်အတွင်း ပြီးစီးအောင် ပြုရမည်ဟု ဆိုလိုပါသည်။

● ၁၀-ရက်အတွင်း ပြီးအောင် ပြုရမည်ဆိုရာ၌၊ အဘယ် ပုဂ္ဂိုလ်မျိုးအတွက် ဆိုလိုပါသနည်း၊ ၁၀-ရက်ထက် ပို၍ ထားနိုင်အောင် ပြုရမည့် နည်းလမ်းကို ညွှန်ခဲ့ပါ ...?။

(၄၂၈) ဖြေ။ ။တိစီ၀ရိက် အဓိဋ္ဌာန် တင်မည့် ပုဂ္ဂိုလ် အတွက်ကိုသာ ဆိုပါသည်၊ ထို သင်္ကန်းကို ဝိကပ္ပနာ ပြုလျှင် သော်လည်းကောင်း၊ ပရိက္ခာရစောင္ဆ အဓိဋ္ဌာန် တင်ထားလျှင် သော်လည်းကောင်း ၁၀-ရက်ထက် ပိုထားနိုင်ပါသည်၊ အမြန် ပြုလုင်ဖွယ် မလိုပါ။

● မူလသင်္ကန်းနှင့် နောက်ရဖို့မျှော်လင့်အပ်သော ပစ္စာသာ သင်္ကန်းတို့မျိုးမတူ အထူ-အပါ၊မည်သပြင့်ချုပ်ခွင့်မသင့် ပါကထားနိုင်အောင်အဘယ်သို့ပြုလုပ်ရပါမည်နည်း-?။

(၄၂၉) ဖြေ။ ။နောက်ထပ် မျှော်လင့်ဖွယ် ရှိသေးလျှင်၊ မူလသင်္ကန်းကို ပရိက္ခာရစောင္ဆ အဓိဋ္ဌာန်တင်၍၊ နောက်ရသော

http://www.dhammadownload.com

ပစ္စာသာသက်နှုန်းကို မူလသက်နှုန်းလုပ်ထားရပါသည်၊ထိုသို့ပြုလုပ်ထားက နောက် ၁-လ တားနိုင်ခွင့် ရှိပါသည်။

မှတ်ချက်။ ။မျိုးမတူ အထူ-အပါး မညီ၍ မချုပ်သေးပဲထားလိုလျှင်၊ဤနည်းအတိုင်းဆက်ကာ-ဆက်ကာပြုသွားက အကာလ(၁၁,၇-လ)ကုန်အောင် ထားနိုင်၏။ သက်နှုန်းကာလ၌မူ ဆိုဖွယ်မရှိ။

---

❶ ပထမ ကထိန သိက္ခာပုဒ်နှင့် ဒုတိယ ကထိန သိက္ခာပုဒ် အထူးကို ရေးခဲ့ပါ....?။

(၄၃၀) ဖြေ။ ။*ဆယ် ရက် လွန်က၊ စွန့်ပစ်ရ၊ ပထမ ကထိနေ။

*တ လ လွန် က၊ စွန့်ပစ် ရ၊ တ တိ ယ ကထိန။

---

(၄) ပုရာဏစွဝရ သိက္ခာပုဒ်

❷ အညာတိကာယ-အရ၊ အဘယ် ပုဂ္ဂိုလ်ကို အညာတိ-ဟု ခေါ်ဆိုရပါသနည်း....?။

(၄၃၁) ဖြေ။ ။ဆွေ ၇-ဆက်,မျိုး ၇-ဆက်တွင် မပါဝင် မတော်စပ်သူကို အညာတိ-ဟု ဆိုရပါသည်။

* ဆွေ,မျိုး (ခွန်)တွင်၊ မပါဝင်၊ ခေါ်တွင် အညာတိ။

---

❸ ဆွေ ၇-ဆက်, မျိုး ၇-ဆက်ကို ရေးခဲ့ပါ....?။

(၄၃၂) ဖြေ။ ။ဆွေ ဖထက် (၇) ဆက်- ဘ,ဘိုး,ဘေး, ဘီ,ဘင်,ဘောင်,ဘော။

http://www.dhammadownload.com

မျိုး အောက် ၇-ဆက်-သား, မြေး, မြစ်, တီ, တွတ်,ကျွတ်, ကျွတ်ဆတ်။

● အညာတိကာယ ဘိက္ခုနိယာ-အရ၊ အဘယ် ဘိက္ခုနီမ-မျိုးကို ယူရမည်နည်း ...?။

(၄၃၃) ဖြေ။ ။ဘိက္ခုနီ-အရ၊သုဒ္ဓဘိက္ခု သံဃာ၌ ပဋ္ဌင်းခံသော ဘိက္ခုနီမနှင့် ဥဘတောသံဃာ၌ ပဋ္ဌင်းခံသော ဘိက္ခုနီမတို့ကို ယူရပါမည်။

● ပုရာဏ စီဝရ-အရ၊ အဘယ် သင်္ကန်းမျိုးကို သင်္ကန်းဟောင်းဟု ဆိုရပါသနည်း ...?။

(၄၃၄) ဖြေ။ ။ဆိုး၍, ကပ္ပဗိန္ဒုထိုး၍ တကြိမ်မျှ ဝတ်-ရုံမူးသော သင်္ကန်း၊အယုတ်သဖြင့် သုံးဆောင်ခြင်းကို အရင်းမူကာ သွားလာရာ၌ ပခုံး,ဦးခေါင်းပေါ်တွင် တင်သွားပူးသော သင်္ကန်း၊ခေါင်းအုံးပြု၍ အိပ်ပူးသော သင်္ကန်းတို့သည် ဤသိက္ခာပုဒ်အရ ပုရာဏစီဝရ-မည်ကြပါသည်။

* ဆိုး,ထိုး ဝတ်,ရုံ၊ ဦးခေါင်းခြေ၊ ပြုတဲ့ ဟောင်းသင်္ကန်း။

● ပုရာဏစီဝရ-၌၊ စီဝရ-အရ သင်္ကန်း ၉-ထည်လုံးကို ယူရမည်လော၊ အဘယ်သင်္ကန်းတို့ကို ယူရမည်နည်း... ?။

(၄၃၅) ဖြေ။ ။သင်္ကန်း၉-ထည်လုံးကိုမယူရ၊သင်း,ကိုယ်, ဒု,မိုး,မာ၊ ဤသင်္ကန်း ၅-ထည်ကိုသာ ယူရပါမည်။

---

http://www.dhammadownload.com

● ေဝ၀ါပေယ်ျ-အရ၊ မည္ကဲ့သို့ ပ်ြားခ်ြင္းမ်ိုးကို ေဝ၀ါ ပေယ်ျ-ဟု ဆိုရပါသနည်း....?။

(၄၃၆) ေျ-ပ။ ။"ဖ်ပ်ေလ"ဟု ေ့ုတ်ျ-ခ်ြင့်ဆိုခ်ြင်း, ကိုယ် အမူအရာျ-ခ်ြင့် ပ်ြခ်ြင်း, ကိုယ်တိုင် လက်ျ-ခ်ြင့် ေပးခ်ြင်း, ဘိက္ခုနီ၏ အ်နီးအ်ပါ်ၫ ခ်ျထားခ်ြင်း, ၁၂-ေတာင် အတ္ထ၀ါ်ၫ တည်ရ်ှ အထက်သို့ ပစ်လ့ွှင့်ေပးခ်ြင်း, သူတပါ်အား ဖ်ပ်စေရန် ေပးခ်ိုင်ခ်ြင်းတို့ကို ေဝ၀ါပေယ်ျ-ဟု ဆိုပါသည်။

[ရဇာပေယ်ျ, အာကၪာရပေယ်ျတို့ၫလည်း ထို့အတူပင်တည်း။]

● သိက္ခာမာန်, သာမေဏီ, လူမိန်းမ တို့အား ဖ်ပ်ခိုင်းခ်ြင်း စသည်ပ်ြုရာၫ အပ်ြစ် ရ်ှိ,မရ်ှိ ေရးခဲ့ပါ....?။

(၄၃၇) ေျ-ပ။ ။အပ်ြစ်မရ်ှိ၊ အာပတ်မသင့်ပါ။

● အဆေ မေတာ်သော ဘိက္ခုနီအား သက်နိ်းေဟာင်းကို ဖ်ပ်စေသောရဟန်း၊ ဖ်ပ်,ဆိုးစေသော ရဟန်း၊ ဖ်ပ်,ဆိုး,နယ်စေသော ရဟန်းတို့ၫ အာဃယ်အာပတ်မ်ျား သင့်ပါသနည်း....?။

(၄၃၈) ေျ-ပ။ ။ဖ်ပ်စေသောရဟန်းအား နိုဏဂ္ဂိပါစိတ်။ ဖ်ပ်,ဆိုးစေသော ရဟန်းအား နိုဏဂ္ဂိပါစိတ် ၁-နှင့် ဒုက္ကဋ်-၁။ ဖ်ပ်,ဆိုး,နယ်စေသော ရဟန်းအား နိုဏဂ္ဂိပါစိတ် ၁-နှင့် ဒုက္ကဋ် ၂-ချက် သင့်ပါသည်။

[ဖ်ပ်,ဆိုး,နယ်စေမ့ ၃-ခု ပ်ြခ်ိုင်းရာၫ၊၁-ခုကြောင့် နိုဏဂ္ဂိ၊ ၂-ခုကြောင့် ဒုက္ကဋ်သင့်သည်၊ ပါစိတ် ၃-ချက် မသင့်ဟူလို။]

● တပါ်းသော သံဃာထံမ့ ရဟန်း ျ-ဖစ်သော ဘိက္ခုနီကို ဖ်ပ်ခိုင်းခ်ြင်း, အ်ခြားပုဂ္ဂိုလ်၏သက်နိ်းကို ဖ်ပ်ခိုင်းခ်ြင်း, မိမိ

http://www.dhammadownload.com

နိသီဒိုင်ကို ဖွင့်ခိုင်းခြင်း၊ အဆွေတော်သော ဘိက္ခုနီ၌ အဆွေမတော်ဟု အမှတ်ရှိ၍ အဖွင့်ခိုင်းခြင်း ပြုခဲ့သော် အာပတ် အာပတ် သင့်ပါသနည်း....?။

(၄၃၉) ဖြေ။ ။ဒုက္ကဋ်အာပတ် သင့်ပါသည်။

● အညာဘိကာယ ဘိက္ခုနီမသည် မခိုင်းပဲဖွင့်ခြင်း၊ဆွေမျိုးတော်သော ဘိက္ခုနီမကို ခိုင်းရာ၌၊ အခြား ဘိက္ခုနီမက ဖွင့်ခြင်းတို့၌ အာပတ် သင့်,မသင့် ဆုံးဖြတ်ခဲ့ပါ....?။

(၄၄၀) ဖြေ။ ။မသင့်ပါ။

---

(၅) စီဝရပဋ္ဌိဂ္ဂဟဏ သိက္ခာပုဒ်

● စီဝရပဋ္ဌိဂ္ဂဟဏ သိက္ခာပုဒ်၌၊ စီဝရ-အရ အာဘယ်သက်နှုန်းကို ယူရမည်နည်း....?။

(၄၄၁) ဖြေ။ ။ဝေါ, ကပ်, ကောဿ, ကပ်၊ သာ, ဘင်္ဂ၊ ၁ရ-အရယူ။

● စီဝရပဋ္ဌိဂ္ဂဏှေယျ-၌၊အတယ်သို့ခံယူခြင်းမျိုးကိုပဋ္ဌိဂ္ဂဏှနဟု ဆိုရပါသနည်း....?။

(၄၄၂) ဖြေ။ ။*ကိုယ်တိုင်လက်အပ် ဆက်ကပ် တဖြာ၊
အနီးအပါး ချထားခဲ့ရာ။
ကောင်းချီး ဟစ်ကြွေး ပစ်ပေးမြှောက်
တာ၊
ဤသုံးခု ခံမှု ဆိုရပါ။

---

http://www.dhammadownload.com

● အညတြ ပါရိဝတ္တကာ-အရ၊ အဘယ်သို့ပြုခြင်းကို ပါရိ ဝတ္တက-ဟု ဆိုရပါသနည်း....?။

(၄၄၃) ဖြေ။ ။အယုတ်သဖြင့် သဖန်းခါးတုံးကို ပေးရ်ု လည်းကောင်း၊ အဖိုး ပေးအုံ့-ဟု နှလုံးသွင်းရ်ု လည်းကောင်း ဖလှယ်သည်ကိုပြုရ်ု၊ ဘိက္ခုနီမ၏ သက်နှင်းကို ခံယူခြင်းကို ပါရိ ဝတ္တက-ဟု ဆိုရပါသည်။

* သဖန်းခါးပေး၊ ဖိုးပေးအုံ့ဟု၊ နှလုံးမူ၊ ခံယူ ပါရိဝတ္တက။

● စီဝရပဋိဂ္ဂဟဏသိက္ခာပုဒ်၌ အနုပညတ်ကို ရေးခဲ့ပါ....?။

(၄၄၄) ဖြေ။ ။အနုပညတ်ကား-"အညတြပါရိဝတ္တကာ" ဖြစ်သည်။

● ဘိက္ခုနီမက လူ,သာမဏေ စသည်တို့အား လှူခိုင်းသော် ခံအပ်,မခံအပ် ဆုံးဖြတ်ခဲ့ပါ....?။

(၄၄၅) ဖြေ။ ။*သာမဏေ,လူ၊ ခိုင်းစေလှူ၊ ခံယူ ပြစ် မသင့်။

● ဘိက္ခုနီမ၏ သက်နှင်းကို ခဏခေတ္တခံယူခြင်း, သိက္ခမာန် သာမဏေရိတို့၏ လက်မှ သက်နှင်းခံယူခြင်းတို့၌ အပြစ် ရှိ,မရှိ ဆုံးဖြတ်ခဲ့ပါ... ?။

(၄.၄၆) ဖြေ။ ။*ဘိက္ခုနီမ၊ စီဝရ၊ ခဏယူဘိ ပြစ်မရှိ။ *သာမဏေမ၊ သိက္ခမာ၊ လက်မှ ယူ ကောင်းဘိ။

● အဓိဋ္ဌာန် မတင်အပ်သော ပရိက္ခရာ,သပိတ်အိတ် စသည် ကို ခံယူကောင်း, မယူကောင်း ဆုံးဖြတ်ခဲ့ပါ....?။

http://www.dhammadownload.com

(၄၄၇) ဖြေ။ ။*ဓိဋ္ဌာန်,ဝိကပ်၊ မလောက္ခလတ်၊ ခံအပ်ပြစ်မရှိ။

● အဆွေမတော်သော ဘိက္ခုနီမ,အဆွေတော်သော ဘိက္ခုနီမတို့၌ အဆွေ တော် သ လော, မတော်သလော ဟု ယုံမှားခြင်းရှိလျက်၊ သင်္ကန်းကို ခံယူသော ရဟန်းအား အဘယ်အာပတ် သင့်ပါသနည်း....?။

(၄၄၈) ဖြေ။ ။အဆွေမတော်သော ဘိက္ခုနီမ၌ နိဿဂ္ဂိယ ပါစိတ်၊ အဆွေတော်သော ဘိက္ခုနီမ၌ ဒုက္ကဋ်အာပတ် သင့်ပါသည်။

---

(၆) အညာတကဝိညတ္တိ သိက္ခာပုဒ်

● အညာတက သိက္ခာပုဒ်၌၊ ဂဟပတိ-အရ၊ ဂဟပတာနီ-အရ အဘယ်ကို ယူရမည်နည်း....?။

(၄၄၉) ဖြေ။ ။ဂဟပတိ-အရ၊ရဟန်း-သာမဏေမှတပါး (တိတ္ထိ,ပရိဗိုဇ်ပါ မကျန်) ရဟန်းမဟုတ်သော လူအားလုံးကို ရ၏။

ဂဟပတာနီ-အရ၊ ဘိက္ခုနီ,သာမဏေရီ, သိက္ခမာန်မှတပါး မိန်းမအားလုံးကို ရ၏။

● ဤသိက္ခာပုဒ်ပါ စီဝရ-အရ၊ အဘယ်သင်္ကန်းတို့ကို ယူရပါမည်နည်း...?။

(၄၅၀) ဖြေ။ ။ခေါမ,ကပ္ပါသိက,ကောသေယျ,ကမ္မလ, သာဏ, ဘင်္ဂ-ဟူသော ဇာတ်အားဖြင့် ပြားသော သင်္ကန်း ၆-ထည်တို့တွင် ဝိကပ္ပနာ လောက်သော သင်္ကန်းကိုပင် ယူရပါမည်။

---

http://www.dhammadownload.com

● အဘယ်ကို ဝိညာဏပေယျ-ဟု ဆိုရပါသနည်း....?။

(၄၅၁) ဖြေ။ ။မိမိကိုယ်တိုင်တောင်းခြင်း, သူတပါးကို အတောင်းခိုင်းခြင်း၊ယာစနာ,ယာစာပန ၂-ပါးကို ဝိညာဏပေယျ-ဟု ဆိုရပါသည်။

● တောင်းခြင်း, ရခြင်းကြောင့် အဘယ် အာပတ်မျိုး သင့်ပါသနည်း....?။

(၄၅၂) ဖြေ။ ။တောင်းခြင်းကြောင့် ဒုက္ကဋ်၊ရခြင်းကြောင့် နိဿဂ္ဂိယပါစိတ် အာပတ် သင့်ပါသည်။

● အညာတက ဝိညတ္တိ သိက္ခာပုဒ်၌ အနုပညတ်ကို ဖော်ပြပါ...?။

(၄၅၃) ဖြေ။ ။**အနုပညတ်ကား...**"**အညတြ သမယာ**" ဖြစ်ပါသည်။

● **အညတြ သမယာ-၌၊ သမယ-အရကို ဖော်ပြပါ....?**။

(၄၅၄) ဖြေ။ ။**သမယအရကား....အစ္ဆိန္နကာလ,နဒ္ဒကာလ** ဖြစ်ပါသည်။

● **အစ္ဆိန္ဒ ဝိဝဏ, နဒ္ဒ ဝိဝဏ-ဟူသည်၊ အဘယ် သက်နှိုးမျိုး** ပါနည်း....?။

(၄၅၅) ဖြေ။ ။**မင်း, ခိုးသူ, ဒမြ-စသည်သူတို့** လုယက်**သော** သက်နှိုး (ရှိသူ)ထို **အစ္ဆိန္ဒ ဝိဝဏ**၊ **မီးလောင်, ရေမျော, ကြွက်ကိုက်, ခြစားခြင်း** စသည်ကြောင့် ပျောက်ပျက် **ဆွေးမြေ**သော သက်နှိုး(ရှိသူ)ကို **နဒ္ဒ ဝိဝဏ**-ဟု ခေါ်ပါသည်။

---

http://www.dhammadownload.com

(၇) တတုတ္ထရိ သိက္ခာပုဒ်

● တံ စေ အညာတကော-၌၊ "တံ"အရ အဘယ်ကို ယူရမည်နည်း...?။

(၄၅၆) ဖြေ။ ။"တံ"အရ၊သက်နှိုးကို ခိုးယူလုယက်ခြင်းခံရသော ရဟန်း၊ သက်နှိုးပျောက်သော ရဟန်းကို ယူရပါမည်။

● အဘိဟဋ္ဌ၊ ပဝါရေယျ-၌၊ပဝါရဏာ အပြောကိုရေး၍၊ ဤ၌ လိုအပ်သော ပဝါရဏာ အပြောကိုလည်း ညွှန်းခဲ့ပါ....?။

(၄၅၇) ပဝါရဏာ အပြောကား-

၁-ကာယာဘိဟာရ ပဝါရဏာ
၂-ဝါစာဘိဟာရ ပဝါရဏာ } ပေါင်း ၂-ပါး။

ဤ၌ ၂-ပါးလုံးကိုပင် လိုအပ်ပါသည်။

● တတုတ္ထရိ သိက္ခာပုဒ်၌၊ သက်နှိုးပျောက်ရာဝယ် သက်နှိုးအလှူခံရမည့် စည်းကမ်းကို ညွှန်ကြားခဲ့ပါ....?။

(၄၅၈) ဖြေ။ ။*အဓိဋ္ဌာန်တင်၊ သုံးထည်ပင် ပျောက်၊ နှစ်ထည် လောက်သာ၊ နှစ်ပျောက်မှာ တစ်၊ တစ်ပျောက်တုံက၊ တခုမျှ၊ နိစ္စ မတောင်းရာ။

* နဂိုက နှစ်၊ တစ်ပျောက်လစ်၊ တစ်ပင် သာယာရာ။
* နဂိုက တစ်၊ တစ်ပျောက်လစ်၊ နှစ်ပင် သာယာရာ။
* နိ-၌-ငါးပျောက်၊ နှစ်ထည်လောက်သာ၊ လေး ပျောက်မှာ တစ်၊ သုံး,နှစ်,တစ်သာ၊ ပျောက်ခဲ့ရာ၊ မသာယာရာမှတ်။

---

http://www.dhammadownload.com

(၈) ပထမ ဥပကွဒ္ဒ သိက္ခာပုဒ်

❶ ဘိက္ခု၊ ပနေဝ ဥဒ္ဒိဿ-ဟူသည်၊ အဘယ်ကို ဆိုလိုပါသနည်း....?။

(၄၅၉) ဖြေ။ ။ရဟန်း၏ အကျိုးငှါ ရဟန်းကို အာရုံပြု၍ ရဟန်းကိုလှူလိုခြင်းကို၊(ဝါ)ဤအမည်ရှိသောရဟန်းအား လှူအုံ့ဟု ညွှန်ခြင်းကို ဘိက္ခု၊ ပနေဝ ဥဒ္ဒိဿ-ဟု ဆိုပါသည်။

---

❷ စီဝရစေတာဝပန္နံ-အရ၊ အဘယ်ကို ယူမည်နည်း....?။

(၄၆၀) ဖြေ။ ။စီဝရ စေတာဝပန္နံ-အရ၊ ဟိရည်,သုဝဏ္ဏ မုတ္တာ,မဏိ,ပဝါဠ,ဖာလ,ပဒ္ဓက,တုတ္တ, ကပ္ပါသ-တည်းဟူသော အကပ္ပိယ, ကပ္ပိယ ဝတ္ထုတို့ကို ယူရပါမည်။

---

❸ ဥပကွဒ္ဓံ- ဟူသည်၊ အ ဘယ် သို့ ပြု သည် ကို ဆိုလိုပါသနည်း....?။

(၄၆၁) ဖြေ။ ။ဥပကွဒ္ဓံ- ဟူသည်၊ စီစဉ်, စုဆောင်း၍ ထားခြင်းကို ဆိုပါသည်။

---

❹ အစ္ဆာဒေဿာမိ-ဌ၊ အစ္ဆာဒန-ဟူသည် အဘယ်ကို ဆိုလိုပါသနည်း....?။

(၄၆၂) ဖြေ။ ။အစ္ဆာဒန-ဟူသည်၊ ပေးလှူခြင်းကို ဆိုလိုပါသည်။

---

❺ ဝိကပ္ပံ အာပဇ္ဇေယ္ယ-အလွန်, အထူး စီစဉ်ခြင်းဟူသည် အဘယ်သို့ ပြုခြင်းကို ဆိုလိုပါသနည်း....?။

(၄၆၃) ဖြေ။ ။မူလ ရည်စူး ထားသော သက်နှံးထက် အလျားရှည်, အနှံ့ပြန့်, အသားကျစ်, ပျော့မောအောင် စီမံခြင်းကို ဝိကပ္ပံ **အာပဇ္ဇေယျ**-ဟု ဆိုပါသည်။

● ဝိကပ္ပံအာပဇ္ဇေယျ-၌၊ စီရင်ပုံအခြင်းအရာ ဝိကပ္ပါကာရပြ ပါဠိကို ရေးခဲ့ပါ....?။

(၄၆၄) ဖြေ။ ။ဒီရင်ပုံ အခြင်းအရာ ပါဠိကား-
"သာဝု ဝတ မံ အာယသ္မာ (လ) အမ္ဘာဒေတိ" ဖြစ်ပါသည်။

● သက်နှံး လွှမည့် သူက ရည်မှန်း ပြော ဆိုပုံ ပါဠိကို ရေးခဲ့ပါ....?။

(၄၆၅) ဖြေ။ ။"ကုမိနာ ပိဝရဝေတာပနေန (လ)အစ္ဆာ ဝေသာမိ" ဖြစ်ပါသည်။

● ဝေဝရပ်ဝါ ဝေဝရပ်ဝါ-ဟူ၊ ပါဠိ၌ ဘာယ်ကို ပြပါ သနည်း....?။

(၄၆၆) ဖြေ။ ။အလျားရှည်ခြင်း, အနှံ့ပြန့်ခြင်း စသည် တို့တွင် တပါးပါးကို ပြပါသည်။

● စီမံတိုင်း အာပတ်သင့်ပါသလော....?။

(၄၆၇) ဖြေ။ ။စီမံတိုင်း အာပတ်သင့်ပါ၊ မူလ ရည်စူး ထားသော သက်နှံးထက် ပိုလွှအောင် ပြုမှသာ အာပတ် သင့်ပါသည်။

● စီမံသောအခါ၌ အဘယ် အာပတ် သင့်မည်နည်း....?။

(၄၆၈) ဖြေ။ ။စီမံသော အခါ၌၊ ခါယကာ ပယောဂ ပြုတိုင်း, ပြုတိုင်း ရဟန်းမှာ ဒုက္ကဋ်အာပတ် သင့်ပါသည်။

---

http://www.dhammadownload.com

(၉) ဒုတိယ ဥပကၠဠ သိက္ခာပုဒ်

● ပထမ ဥပကၠဠ သိက္ခာနှင့် ဒုတိယ ဥပကၠဠ သိက္ခာပုဒ်-တို့၏ အထူးကို ရေးခဲ့ပါ....?။

(၄၆၉) ဖြေ။ *တဦးညှဉ်းထ၊ ပထမ၊ ဒုက နှစ်ဦးညှဉ်း။
*ဥပကၠဠ၊ ဤနှစ်ဝ၊ ထူးကြသဘောချင်း။

---

(၁၀) ရာဇ သိက္ခာပုဒ်

● ရာဇသိက္ခာပုဒ်၌၊ စိဝရစေတာပန္န-အရ အဘယ်ကို ယူရမည်နည်း....?။

(၄၇၀) ဖြေ။ ။စိဝရစေတာပန္န-အရ၊ ဟိရည, သုဝဏ္ဏ စသော အကပ္ပိယ ဘဏ္ဍာကို ယူရပါမည်။

မှတ်ချက်။ ။ပထမ ဥပကၠဠ သိက္ခာပုဒ်လာ စိဝရ စေတာပန္န-အရကား....အကပ္ပိယ,ကပ္ပိယဘဏ္ဍာဝတ္ထု၊ ၎င်း အကပ္ပိယဘဏ္ဍာ၊ ၎သို့ ထူးသည်ကို သတိရှိလေ။

● ရာဇသိက္ခာပုဒ်၌၊ အာဂမနသုဒ္ဓိပြ ပါဠိကို ရေးခဲ့ပါ....?။

(၄၇၁) ဖြေ။ ။အာဂမန သုဒ္ဓိပြ ပါဠိကား.... "ဣမိနာ စိဝရ စေတာပနေန စိဝရံ စေတာပေတွာ ဣတ္ထန္နာမံ ဘိက္ခုံ စိဝရေန အစ္ဆာဒေဟိ" ဖြစ်ပါသည်။

● အလှူရှင်က မည်သို့စေခိုင်းမှ ကပ္ပိယ ညွှန်းကောင်းသည်၊ မည်သို့ စေခိုင်းသော် မညွှန်းကောင်းသည်ကို ခွဲခြားပြပါ....?။

http://www.dhammadownload.com

(၄၇၂) ဖြေ။ ။အလ္ဟရှင်က "ဣမိနာ စီဝရေတာပနေန စီဝရံ စေဘာပေတွာ ဣတ္ထန္နာမံ ဘိက္ခုံ စီဝရေန အစ္ဆာဒေဟိ" ဟု ကပ္ပိယဖြစ်သော သင်္ကန်းကိုလှူခိုင်းမှ အာဂမနသုဒ္ဓိ-ဥစ္စာရှင် လာရင်း စင်ကြယ်သဖြင့် ရဟန်းက ကပ္ပိယ ညွှန်းကောင်းသည်။

အလ္ဟ ရှင်က အာဂမနသုဒ္ဓိစကားကို ပြောကြားခြင်း မရှိပဲ၊ "ဣဒံ စီဝရေတာပနံ ဣတ္ထန္နာမဿ ဘိက္ခုနော ဒေဟိ" ဟု အကပ္ပိယ သင်္ကန်းဖိုးကို လှူခိုင်းလျှင်ကား ...အာဂမနအသုဒ္ဓိ-ဥစ္စာရှင် လာရင်း မစင်ကြယ်သောကြောင့် ရဟန်းက ကပ္ပိယ မညွှန်းကောင်းတော့ပါ။

* ဤခွေဖြင့်ကွယ်၊ သင်္ကန်းဝယ်ခ၊ ဤမယ်ဘိက္ခု၊ လှူဒါန်းပြု၊ ဆိုမှ ညွှန်းကောင်းပါ။
* သင်္ကန်းဖိုးငွေ၊ လှူဒါန်းချေ၊ ခိုင်းဧ မညွှန်းရာ။

● ဆုဇသိက္ခာပုဒ်၌၊ စီဝရေတာပနမှ-မှာ အာဂမနသုဒ္ဓိ ဖြစ်ပါလျက်၊ အဘယ့်ကြောင့်ရဟန်းက "နေ ခေါ မယံ" စသည်ဖြင့် ပယ်ရပါသနည်း....?။

(၄၇၃) ဖြေ။ ။မူလက အာဂမနသုဒ္ဓိ ဖြစ်သည်မှန်သော်လည်း၊ တမန်က လျှောက်ထားသောအခါ "ဣဒံ ခေါ ဘန္တေ (လ)အာယသ္မာ စီဝရေတာပနံ" ဟု အကပ္ပိယ ဝေါဟာရဖြင့် လျှောက်ကြားသောကြောင့်၊ ထိုသင်္ကန်းဖိုးမှာ တမန်၏ စကားဖြင့် အကပ္ပိယ ဖြစ်သွားရ၍၊ ရဟန်းက "နေ ခေါ မယံ" စသော စကားဖြင့် ပယ်ရခြင်း ဖြစ်ပါသည်။

---

http://www.dhammadownload.com

● ရဟန်းများ အလှူမခံကောင်းသော ဝတ္ထုပစ္စည်းများကို ရေး၍၊ မည်သည့်ပစ္စည်းကိုအလှူခံက မည်သည့်အာပတ် သင့်သည်ကိုလည်း ခွဲခြားခဲ့ပါ...?။

(၄၃၄) ပြေ။ ။သုဝဏ္ဏ-ရွှေ ရဇတ-ငွေ၊ ကဟာပဏ-အသပြာဒင်္ဂါး၊ မာသက - ပဲပိုက်ဆံ၊ မုတ္တာ - ပုလဲ၊ မဏိ-ပတ္တမြား၊ ဝေဠုရိယ-ကြောင်မျက်ရွဲ၊ သင်္ခ-ခရုသင်း၊ သိလာ-ကျောက်သလင်း၊ ပဝါဠ-သန္ဓာ၊ လောဟိတင်္ကမ-ပတ္တမြားနီ၊ မသာရဂလ္လ-ပတ္တမြားပြောက်၊ သတ္တဝေဒ-စပါး (၇) မျိုး၊ ဒါသီ-ကျွန်မိန်းမ၊ ဒါသ - ကျွန်ယောကျ်ား၊ ဝေတ္တ-လယ်၊ ဝတ္ထု - ယာ၊ ပုပ္ဖရာမ - ပန်းဥယျာဉ်၊ ဖလာရာမ - သစ်သီးဥယျာဉ်၊ ပေါင်း ၁၉-ပါးတည်း။

ဤ၌

သုဝဏ္ဏ,ရဇတ, ကဟာပဏ, မာသက ၄-မျိုးမှာ နိဿဂ္ဂိယ ဝတ္ထုဖြစ်၍ အလှူခံက နိဿဂ္ဂိယ ပါစိတ်အာပတ်သင့်ပါသည်။

မှတ်ချက်။ ။နိဿဂ္ဂိ ဝတ္ထုကို တောင်းခံလျှင် ဒုက္ကဋ်၊ ရလျှင် နိဿဂ္ဂိပါစိတ်အာပတ် သင့်သည်။

မုတ္တာ, မဏိ-စသော ၁၅-ပါးမှာ ဒုက္ကဋ်ဝတ္ထုများ ဖြစ်၍ အလှူခံက ဒုက္ကဋ်အာပတ် သင့်သည်။

* ရွှေ,ငွေ,အသပြာ၊ မာသကာ၊ မှတ်ပါ နိဿဂ္ဂိ။
* ဗုလဲ,ပတ္တမြား၊ စသည်များ၊ မှတ်သား ဒုက္ကဋ်သိ။

http://www.dhammadownload.com

● ဝေယျာဝစ္စကရော-ဠ်၊ဝေယျာဝစ္စကရ-ဟူသည် အဘယ်ပါနည်း....?။

(၄၂၅) ဖြေ။ ။ဝေယျာဝစ္စကရ-ဟူသည်၊ကပ္ပိယကာရက ကို ဆိုပါသည်။

● ကပ္ပိယ ဝစနပြု ပါဠိကို ရေးခဲ့ပါ....?။

(၄၂၆) ဖြေ။ ။ကပ္ပိယဝစနပြုပါဠိကား....“သော ခေါ အာဝုသော ဘိက္ခုနံ ဝေယျာဝစ္စကရော”ဖြစ်ပါသည်။

● ကပ္ပိယ မည်ပုံကို ရေး၍၊ ကပ္ပိယကာရက ညွှန်းပြအပ်သူ, မအပ်သူတို့ကို ခွဲခြားပြပါ....?။

(၄၂၇) ဖြေ။ ။

*ရဟန်းတော်မျှား အပ်ငြားလေအောင်၊
ပြုတတ်လေဘိ ကပ္ပိယမောင်။
သီတင်းဖော်ငါး ညွှန်ကြားကြဉ်ရှောင်၊
ထိုမှကြင်း ခပင်း ညွှန်းအပ်ဆောင်။

● ကပ္ပိယကာရက တကျိပ်ကို ရေတွက်ပြပါ...?။

(၄၂၈) ဖြေ။ ။ကပ္ပိယကာရက တကျိပ်ကား-

၁-တိက္ခုန်ဒ္ဓိ	- ရဟန်းညွှန်း	၄၊	ပေါင်း ၁၀-ယောက် ဖြစ်ပါသည်။
၂-ဗူတန်ဒ္ဓိ	- တမန်ညွှန်း	၄၊	
၃-အနိဒ္ဓိ	- မည်သူမှ မညွှန်း	၂၊	

* ရဟန်းညွှန်းပြ၊ လေးယောက်မျှ၊ ဗူတ ညွှန်းလေးဖြာ။
* အနိဒ္ဓိ၊ ဒုဝိဓ၊ ပေါင်းက တကျိပ်သာ။ (ရှေးဆရာ)

http://www.dhammadownload.com

● ရဟန်းညွှန်းကပ္ပိယကာရက ၄-ယောက်ကိုဖော်ပြပါ....?။
(၄၃၉) ဖြေ။ ။ရဟန်းညွှန်း ကပ္ပိယ ၄-ယောက်ကား—
၁—ရွှေမှောက် ၁-ယောက် } ပေါင်း ၄-ယောက်
၂—မျက်ကွယ် ၃-ယောက် } ဖြစ်ပါသည်။
မှတ်ချက်။ ။တမန်ညွှန်းလည်း ဤနည်းအတူပင် ၄-ယောက် ဖြစ်သည်။

* တဦးမျက်မှောက်၊ကွယ်သုံးယောက်၊ညွှန်းမြောက်ရဟန်းမှာ၊
* ရှေအစ်,ပြန်ကြား၊ စေ့ခ်ကြား၊ မှာထား သွားသည်ခါ။
* တမန်ညွှန်းလည်း၊ လေးပါးတည်း၊ ဤနည်း ယူလေပါ။
(ရှေးဆရာ)

● မျက်ကွယ် ၃-ယောက်၏ အဓိပ္ပာယ်ကို ရေးခဲ့ပါ....?။
(၄၁၀) ဖြေ။ ။မျက်ကွယ် ၃-ယောက် အဓိပ္ပာယ်ကား-
၁—တမန်က ကပ္ပိယထံအပ်နှံပြီးကိုယ်တိုင်ပြန်လျှောက်ခြင်း။
၂—ကိုယ်တိုင်ပြန်မလျှောက်ပဲ လူစေလွှတ်၍ ကြားလျှောက်ခြင်း။
၃—သွားခါနီးကပင် တခါတည်း မှာကြား လျှောက်ထားသွားခြင်း။
* ကိုယ်တိုင်ပြန်ကြား၊စေ့ခ်ကြား၊ မှာထား၊သွား၊သည်သာ။
(ရှေးဆရာ)

● အနိဿဂ္ဂ ကပ္ပိယ ၂-ယောက်ကို ဖော်ပြပါ....?။
(၄၁၁) ဖြေ။ ။၁—မုခဝေဝဋ္ဌက } ပေါင်း ၂-ယောက်
၂—ပရမ္ပုခ အနိဿဂ္ဂ } ဖြစ်ပါသည်။
* ရှေအစ်မကြား၊ ကွယ်အစ်သွား၊ နှစ်ပါး မည်ရှုံးရာ။

---

http://www.dhammadownload.com

● ကပ္ပိယကာရက ၁၀-ယောက်လုံးကိုပင်၊ ဤ သိက္ခာပုဒ် အတိုင်း ကျင့်ရမည်လော....?။

(၄၀၂) ဖြေ။ ။မဟုတ်ပါ၊ရဟန်းညွှန်း ၄-ယောက်၌သာ ဤ ရာဇသိက္ခာပုဒ်အတိုင်း ကျင့်ရမည်၊ တမန်ညွှန်း ၄-ယောက်၌ကား....မေဏ္ဍက သိက္ခာပုဒ် လာသည့်အတိုင်း အကြိမ် အပိုင်း အခြားမရှိ တောင်းချင်တိုင်း တောင်းနိုင်၏၊အနိန္ဒိုင္ဆ ၂-ယောက်၌မူ' လုံး၀ တောင်းခွင့်မရ၊ အဆုံးမတော်, မဖိတ်အပ်သော ဒါယကာ-ဒါယိကာမတို့၌ကဲ့သို့ ကျင့်ရမည်။

* ရာဇ,မေဏ္ဍ၊အညာတ၊ကျင့်ရစဉ်တိုင်းသာ။(ရှေးဆရာ)

● တောင်းမှုသက်သက်,ရပ်မှုသက်သက်ပြုက ဘယ်နှစ်ကြိမ် စီ ပြုကောင်းပါသနည်း....?။

(၄၀၃) ဖြေ။ ။*အတောင်းသပ်သပ်၊ခြောက်ကြိမ်မှတ်၊ သပ်သပ်ရပ်မှာ၊ဆယ့်နှစ်သာ။

● သက်နှိုးကို တောင်းခြင်း,ရပ်ခြင်း၌ အတောင်း ဘယ်နှစ်ကြိမ်ပိုက အရပ်တွင် ဘယ်နှစ်ကြိမ် လျှော့ရသည်၊ အရပ်တွင် ဘယ်နှစ်ကြိမ် ပိုက အတောင်းတွင် ဘယ်နှစ်ကြိမ် လျှော့ရသည်ဟူသော စည်းကမ်းကို ရေးခဲ့ပါ....?။

(၄၀၄) ဖြေ။ ။၁-ကြိမ် တောင်းခြင်း သည် ၂-ကြိမ် ရပ်ခြင်းနှင့် ညီမျှသည်၊ ထိုအတူ ၂-ကြိမ် ရပ်ခြင်းသည်လည်း ၁-ကြိမ် တောင်းခြင်းနှင့် ညီမျှသည်၊ ထိုကြောင့် အတောင်း

http://www.dhammadownload.com

ဘက်က ၁-ကြိမ်ပိုလျှင် အရပ်ဘက်မှာ ၂-ကြိမ် လျှော့ရမည်၊ အရပ်ဘက်က ၂-ကြိမ် ပိုလျှင် အတောင်းဘက်မှာ ၁-ကြိမ် လျှော့ရပါမည်။

ဥပမာ၊ ၄-ကြိမ်တောင်းသော် အတောင်း၌ ၁-ကြိမ် ပိုသည့် အတွက် အရပ်၌ ၆-ကြိမ်မရပ်နိုင်ပြီ၊ ၂-ကြိမ်လျှော့၍ ၄-ကြိမ်သာ ရပ်နိုင်တော့သည်။ တို့အတူ ရပ်ရာ၌လည်း ၇-ကြိမ်, ၈-ကြိမ်ရပ်လျှင် အတောင်း၌ ၃-ကြိမ် မတောင်းနိုင်ပြီ၊ ၁-ကြိမ် လျှော့၍ ၂-ကြိမ်သာ တောင်းနိုင်တော့သည် ဟူလို။

* တကြိမ်တောင်းလတ်၊နှစ်ကြိမ်ရပ်၊လျှော့အပ်တော့သည်သာ။
* နှစ်ကြိမ်ရပ်လျှင်၊ တကြိမ်ပင်၊ တောင်းတွင် လျှော့ပြန်ပါ။
* အတောင်း,အရပ်၊ လျှော့ပုံမှတ်၊ ကြီလတ် သော်တုနာ။

● ကပ္ပိယက သက်နှံးမလှူပဲ နေသည်ကို အလှူ့ရှင်အား ပြန်ကြားသမှု မပြုသော ရဟန်းအား အဘယ် အတွက် အဘယ် အာပတ် သင့်ပါသနည်း....?။

(၄၇၅) ဖြေ။ ။ဝတ်ပျက်မှုအတွက် ဒုက္ကဋ်အာပတ် သင့်ပါသည်။

ဒီဝရဝဂ် ဖြီး၏။

---

http://www.dhammadownload.com

နိဿဂ္ဂိယပါစိတ် (ဌေကဝေလာပဝဏ်)

(၁) ကောသိယ သိက္ခာပုဒ်

(၁) ကောသေယျ မိဿက-ဒ္ဌ၊ အဘယ်မျှလောက်ပိုးချည်ဖြင့် ရောမှ ကောသေယျ မိဿက-ဟု ဆိုပါသနည်း...?။

(၄၈၆) ဖြေ။ ။ပိုးချည်အမျှားဝရောမှ ကောသေယျမိဿက ဆိုသည်မဟုတ်၊ပိုးချည်တမျှင် ရှိသည်ဖြစ်စေ၊ အယုတ်သဖြင့် အခင်းကိုပြုစဉ် လေတိုက်သဖြင့် ပိုးချည်တမျှင်တလေမျှအမှတ်မဲ့ ပါသွား, ရှိသွားလျှင်လည်း ကောသေယျ မိဿက-ဟုပင် ဆိုရပါမည်။

* သိုးမွေးခင်းတွင်၊ ပိုးချည်ငင်၊ ခေါ်တွင် ပိုးရောခင်း။
* တမျှင်ဖြစ်စေ၊ ရှောနှဲ့ချေ၊ ခေါ်ငှလ ပိုးဝှေ့ရောခင်း။

---

(၂) ကောသေယျ မိဿက သန္ဌတ - ပိုးချည်ရော အခင်းဟူသည် အဘယ်သို့ ပြုအပ်သော အခင်းကို ခေါ်ဆိုပါသနည်း...?။

(၄၈၇) ဖြေ။ ။ညီညွတ်သော မြေအပြင်၌ ပိုးမျှင်တို့ကို အဆင့်ဆင့်, အထပ်ထပ် ဖြန့်ခင်း၍၊ ပဒုံးရည် စသည်တို့ဖြင့် သွန်းလောင်း၍ ပြုအပ်သော သဘော အခင်းကို ကောသေယျ မိဿက သန္ဌတ-ပိုးချည်ရော အခင်းဟု ဆိုရပါသည်။

* ညီညွတ်မြေတွင်၊ပိုးမျှင်ဖြန့်တပ်၊ သွန်းလောင်းလတ်၊ပြုအပ် ပိုးရောခင်း။

---

http://www.dhammadownload.com

● ကာရာပေယျ-ဟု ဆိုခြင်းကြောင့် ပိုးရော အခင်းကို ကိုယ်တိုင် ပြုကောင်းသည်ဟု မှတ်ရမည်လော....?။

(၄၈ဂ)ဖြေ။ ။မမှတ်ရပါ၊ ကရဏ,ကာရာပန (ကိုယ်တိုင် ပြုခြင်း,သူတပါးကိုစေခိုင်းခြင်း) ၂-မျိုးလုံးအတွက်ပင် အာပတ်သင့်ပါသည်။

* ကိုယ်တိုင် ခိုင်းစေ၊ ပြုခဲ့ချေ၊ နှစ်ထွေ အာပတ်သင့်။

● သူတပါးအတွက် ကိုယ်တိုင်လုပ်ပေးခြင်း, သူတပါးကို ခိုင်းစေပေးခြင်း,သူမျှားလုပ်ပြီးသားကိုသုံးဆောင်ခြင်း ပြုက အဘယ်အာပတ် သင့်သနည်း....?။

(၄၈ဃ) ဖြေ။ ။*သူတပါးဖို့ရာ၊ ပြုပါ,ခိုင်းစေ၊ သူဟာ လေ၊ သုံးချေ ဒုက္ကဋ်သင့်။

● ပိုးချည်ဖြင့် သိုးမွေးထည်ကို ရောရ ရက်သော် အာပတ် သင့်မည်လော....?။

(၄၉ဝ) ဖြေ။ ။အခင်း မ-ဟုတ် သောကြောင့် အာပတ် မသင့်ပါ။

---

(၂) သုဒ္ဓကာဌက သိက္ခာပုဒ်

● သုဒ္ဓကာဌက သန္ဌတ-ဟူသည် အဘယ်နည်း....?။

(၄၉၁) ဖြေ။ ။သုဒ္ဓကာဌက သန္ဌတ-ဟူသည် အခြား အဆင်း,အရောင်တို့နှင့် မရော၊ အနက်ရောင်ချည်း သက်သက် အဆင်းရှိသော သိုးမွေးအခင်း ဖြစ်ပါသည်။

http://www.dhammadownload.com

❀ သုဒ္ဓကာဌက-၌၊ ကာဌက-အရ သဘာဝ,ရဇနာ ၂-မျိုး တွင် အဘယ်ကို ယူရမည်နည်း....?။

(၄၉၂) ဖြေ။ ။ကာဌက-အရ၊ သဘာဝ ကာဌက, ရဇနာ ကာဌက ၂-မျိုးလုံးကိုပင် ယူရပါမည်။

---

(၃) ဒွေဘာဝ သိက္ခာပုဒ်

❀ ဒွေဘာဝ သိက္ခာပုဒ်၌၊ ဂေါစရိယ-အရ ကြောင်သော အဆင်းရှိသော သိုးမွေးဟူသည် အမြှီ,အနက် ရောသည်ကို ဆိုပါသလော အဘယ်ပါနည်း....?။

(၄၉၃) ဖြေ။ ။မဟုတ်ပါ၊ အမြှီ,အနက်မှကပါ: အခြားအညို,အရွှေစသော အဆင်းများရောသောသိုးမွေးကိုဂေါစရိယဟု ဆိုပါသည်။

* မြှီ,နက်ကိုဆား၊ အခြားအဆင်း၊ရောနှောခြင်း၊ခြောင်ဆင်း ဂေါစရိယ။

❀ ဒွေဘာဝ သိက္ခာပုဒ်လာ သဗ္ဗဝ-ကို အဘယ်သို့ပြုလုပ်ရမည်နည်း ...?။

(၄၉၄) ဖြေ။ ။သိုးမွေးတို့ကို မပြုလုပ်မီ ချိန်ဆ၍၊သိုးမွေးနက်က ၂-ဆ၊ သိုးမွေးမြှီက ၁-ဆ၊ သိုးမွေးကြောင်က ၁-ဆ ပါဝင်စေကာ ပြုလုပ်ရပါမည်။

❀ သိုးမွေး နက်,မြှီ,ကြောင်တို့ကို အယုတ်,အလွန် ပြုလုပ်ကောင်းပါသလော...?။

http://www.dhammadownload.com

(၄၉၅) ဖြေ။ ။သိုးမွေးအနက်ကို လျှော့ပြုက အပြစ်မရှိ၊ ပို၍ကား တမျှင်မျှ ပို့မပြုအပ်ပါ၊ သိုးမွေးဖြူ,ကြောင်တို့ကို ပို၍ လုပ်သော် အပြစ်မရှိပါ၊ လျှော့၍ကား မပြုလုပ်အပ်ပါ။

* နက်ဝိုပြုလလ်၊ သင့်အာပတ်၊ လျှော့လတ် ပြစ်မရှိ။
* ဖြူ-ကြောင် လျှော့လတ်၊ သင့်အာပတ်၊ ဝိုလတ် ပြစ်မရှိ။

● သုဒ္ဓ ကာဌက-စသော အခင်းကို နိဿဂ္ဂိထိုက်၍ စွန့်ပြီး ပြန်ရက သုံးဆောင်ကောင်းပါသလော....?။

(၄၉၆) ဖြေ။ ။ထိုင်,အိပ်-စသည် မပြုကောင်းပါ၊ ပြုက ဒုက္ကဋ်အာပတ် သင့်ပါသည်၊ မျက်နှာကြက်,ကန့်လန့်ကာ,ဘုံလျှို ခေါင်းအုံး စသည်ပြု၍ကား... သုံးဆောင်ကောင်းပါသည်။

---

(၄) ဆမ္ဘသ သိက္ခာပုဒ်

● ဆမ္ဘသ သိက္ခာပုဒ်၌ အနုပညတ်ကို ရေးခဲ့ပါ....?။

(၄၉၇) ဖြေ။ ။အနုပညတ်ကား .... "အညတြ ဘိက္ခု သမ္မုတိယာ" ဖြစ်ပါသည်။

● ထို သမ္မုတိသည့် မည်သည့် သမ္မုတိ ဖြစ်၍၊ ဘယ်ရဟန်း မျိုးအား ဘယ်သူက ဘယ်သို့ ပေးရမည်နည်း....?။

(၄၉၈) ဖြေ။ ။ထိုသမ္မုတိသည် သန္ဌတ သမ္မုတိဖြစ်၍၊ သူ့ားရာအရပ်သို့ မယူဆောင်နိုင်သော ဂိလာန ရဟန်းမျိုးအား သံဃာက ဥ-တ္တိ ဒုတိယက် ကမ္မဝါစာဖြင့် ပေးရပါသည်။

---

http://www.dhammadownload.com

● ဆဗ္ဗဿ သိက္ခာပုဒ် အရ၊ သူတပါး အတွက် ပြုလုပ်၍ ပေးကောင်းပါမည်လော....?။

(၄၉၉) ဖြေ။ ။သူတပါးအတွက်ပြုလုပ်ကောင်းပါသည်။ အာပတ်မသင့်ပါ။

● ၆-နှစ်အတွင်း သူတပါးကလူသေ သုံးဆောင်ကောင်း ပါမည်လော...?။

(၅၀၀) ဖြေ။ ။သုံးဆောင်ကောင်းပါသည်၊ အပြစ်မရှိပါ။

---

(၅) နိသီဒန သန္ထတ သိက္ခာပုဒ်

● နိသီဒန သန္ထတ-ဟူသည် အဘယ် အခင်းမျိုးပါနည်း။ သန္ထတနှင့်နိသီဒနသန္ထတတို့ ထူးခြားပုံကို ရေးခဲ့ပါ...?။

(၅၀၁) ဖြေ။ ။*နိသီဒန၊ သန္ထတ၊ ခေါ်ရမြဲတ်ဆာခင်း။
*အမြဲတ်မပါ၊ သန္ထဘာ၊ ပါရာ နိသီခင်း။

● သမန္တာ-အရ၊ သမန္တဂ္ဂဒုနကိုပြု၍ အနာသားကို မည်သို့ မည်ပုံ ပယ်ရမည်နည်း....?။

(၅၀၂) ဖြေ။ ။သမန္တဂ္ဂဒုနကား....သ ကန်း ဟောင်း ၏ နုံဘား တဘက်ဘက် ဖြစ်ပါသည်၊ ထို နုံဘား တဘက်ဘက်မှ အနာသားကို ဘုရားရှင်၏ ၁-ထွာလောက် အရိုင်းဖြင့်စေ, ၄-ထောင့်ပြစ်ဝေ ပြတ်ယူရပါမည်။

---

http://www.dhammadownload.com

(ခ) အခင်းဟောင်းသည် ရိုဆွေးနေသဖြင့် အသားကောင်း မရှိသော်၊ အခင်းသစ်ကို မည်သို့ ပြုရပါမည်နည်း...?။

(၅၀၃) ဖြေ။ ။အခင်းဟောင်းသည် ရိုဆွေးနေသဖြင့် အသားကောင်းမရှိသော်....ရတန်သလောက် ဖြတ်ဟူ၍ ထည့်ပြုရမည်၊ အကယ်၍ လုံးလုံးမရကလည်း အခင်းဟောင်းမှအသားကို မယူပဲ ပြုလုပ်ကောင်းပါသည်။

(ဂ) ပုရာဏ သန္ဌတ-ဟူသည် အဘယ်ပါနည်း....?။

(၅၀၄) ဖြေ။ ။တကြိမ်မျှ ထိုင်ဖူး, အိပ်ဖူးသော အခင်းသည် ပုရာဏ သန္ဌတ-မည်ပါသည်။

* တကြိမ်မျှသာ၊ ထိုင်ဖူးတာ၊ မှတ်ပါ ဟောင်းအခင်း။

(ဃ) သူတပါးအတွက်ပြုလုပ်ပေးခြင်း၊သူတပါး လုပ်ပြီးသော အခင်းကိုသုံးဆောင်ခြင်းတို့၌အပြစ်ကင်းပါမည်လော?။

(၅၀၅) ဖြေ။ ။သူတပါးအတွက်ပြုလုပ်ပေးကအပြစ်မကင်း ဒုက္ကဋ်သင့်၏။ သူတပါး ပြုလုပ်ပြီးသော အခင်းကို သုံးဆောင်မှုကား ...အပြစ်မရှိပါ၊ သုံးဆောင်ကောင်းပါသည်။

(ဌ) ဌေကလောမ သိက္ခာပုဒ်

(ခ) အဒ္ဓါနမဂ္ဂပဋိပန္နဿ-ဟု ဆိုခြင်းကြောင့်၊ ခရီးသွားရင်းရမှ သိုးမွေးတို့ကို. အလှူခံကောင်းပါသလော....?။

(၅၀၆) ဖြေ။ ။မဟုတ်ပါ၊ မည်သည့်နေရာ အရပ်မှာမဆို ဘရားသဖြင့်ရက အလှူခံကောင်းပါသည်။

---

http://www.dhammadownload.com

● အဒ္ဓါနမဂ္ဂပဋိပန္နသ-ဌ၊ အဒ္ဓါနပမာဏကို ပေးပြပါ...?

(၅၀၇) ဖြေ။ ။အဒ္ဓါနပမာဏကား....ယူဇနာ ၀ဂ်၊(၀)
ယူဇနာခွဲ ဖြစ်ပါသည်။

● တိယောဇန-အရ၊ မူလ လာရာအရပ်မှ ယူရမည်လော၊ အဘယ် အရပ်မှစ၍ ၃-ယူဇနာ ယူရမည်နည်း....?။

(၅၀၈) ဖြေ။ ။မူလ လာရာအရပ်မှ မဟုတ်ပါ၊ သိုးမွေး ရရာ အရပ်မှစ၍ ၃-ယူဇနာ ယူရပါမည်။

● ၃-ယူဇနာ မည်မျှလွန်က မည်သည့် အာပတ် သင့်ပါ သနည်း....?။

(၅၀၉) ဖြေ။ ။၃-ယူဇနာမှ ခြေတလှမ်းလွန်က ဒုက္ကဋ် အာပတ်၊ ဒုတိယ ခြေလှမ်းလွန်က ပါစိတ်အာပတ်သင့်ပါသည်။
(သားမွေးအရေအတွက်အားဖြင့် အာပတ်သင့်၏။)

● သဟတ္ထာယ ဟရိတဗ္ဗာနိ-အရ၊ လက်ဖြင့် ဆောင်မှသာ သဟတ္ထ ဖြစ်ပါသလော ...?။

(၅၁၀) ဖြေ။ ။လက်ဖြင့် ဆောင်မှသာ သဟတ္ထဖြစ်သည် မဟုတ်၊ တစုံတရာ ကိုယ်အင်္ဂါ အင်တာအပိုင်းဖြင့် ဆောင်လျှင် လည်း သဟတ္ထပင် ဖြစ်ပါသည်။

● သားမွေးတို့ကို ၃-ယူဇနာထက် ပို၍ ဆောင်ယူလိုက အဘယ်သို့ပြု၍ ယူရမည်နည်း ..?။

(၅၁၁) ဖြေ။ ။သူတပါးကိုသော်လည်း ဆောင်းယူ ဆောင်
စေရမည်၊ ယူမည့်သူ မရှိက သိုးမွေးတို့ကို [illegible]ကြ၍
ဖြစ်စေ ယူဆောင်နိုင်ပါသည်၊ အပြစ်မရှိပါ။

http://www.dhammadownload.com

(၇) ဌေကလောမ ဓောဝါပန သိက္ခာပုဒ်

❶ ဤ သိက္ခာပုဒ်၌၊အညာတိ ဘိက္ခုနီမအား သိုးမွေးအဖုပ် ခိုင်းရုံမျှဖြင့် ပါစိတ်အာပတ် သင့်ပါသလော... ?။

(၅၁၂) ဖြေ။ ။မဟုတ်ပါ၊ခိုင်းခြင်းကြောင့် ဒုက္ကဋ်အာပတ် သင့်၍၊ ဖွပ်ပြီးက သိုးမွေးများမှာ နီဿဂ္ဂိထိုက်ပြီး၊ ရဟန်းမှာ ပါစိတ်အာပတ် သင့်ပါသည်။

---

(၈) ရူပိယ သိက္ခာပုဒ်

❶ ဇာတရူပ ရဇတ-၌၊ အဘယ် ဇာတရူပ, ရဇတ - ဟု ခေါ်ဆိုပါသနည်း....?။

(၅၁၃) ဖြေ။ ။ရွှေတုံး, ရွှေခဲ, ရွှေဒင်္ဂါးတို့ကို ဇာတရူပ (ရွှေ) ဟု ခေါ်သည်၊ ငွေတုံး,ငွေခဲ,ငွေဒင်္ဂါးများနှင့် ငွေအဖြစ် ဈေးနှုန်း,ဝယ် သုံးစွဲရသော ပိုက်ဆံအမျိုးမျိုး ငွေစက္ကူများကို ရဇတ (ငွေ) ဟု ခေါ်ပါသည်။

---

❷ ဥဂ္ဂဏှေယျ-အရ၊ အဘယ်သို့ ခံယူခြင်းကို ဥဂ္ဂဏှေယျ-ဟု ဆိုရပါသနည်း....?။

(၅၁၄) ဖြေ။ ။မိမိအတွက် လှူသော ရွှေ,ငွေကိုဖြစ်စေ၊ လမ်း-စသည်၌ ပိုင်ရှင်မရှိသော ရွှေ,ငွေကိုဖြစ်စေ ကိုယ်တိုင်ခံယူ ခြင်းကို ဥဂ္ဂဏှေယျ-ဟု ဆိုပါသည်။

---

❸ ဥဂ္ဂဏှာပေယျ-အရ၊ သူတပါးအတွက် ယူခိုင်းကောင်း ပါမည်လော....?။

http://www.dhammadownload.com

(၅၁၅) ဖြေ။ ။သူတပါးအတွက်လည်း မယူခိုင်းကောင်းပါ၊ ဒုက္ခဋ္ဌာနအာပတ် သင့်၏။

● အဘယ်သို့ သာယာခြင်းကို ဥပနိဿိတ္ကာ သာဒီယန-ဟု ဆိုရပါသနည်း ...?။

(၅၁၆) ဖြေ။ ။မျက်မှောက်,မျက်ကွယ်ဌာရှိသော ရှေ့,ဌေးကို လှူဒါန်းရာ၌၊ ကိုယ်,နှုတ်ဖြင့် မပယ်ရှားပဲ စိတ်ထဲက သဘောကျ လက်ခံ သာယာခြင်းကို ဥပနိဿိတ္ကာ သာဒီယန-ဟု ဆိုရပါသည်။

* မျက်မှောက်,မျက်ကွယ်၊နှစ်သွယ်လှူပြု၊သာယာမှု၊ဥပနိဿိတ္ကာ၊

● ရှေ့,ဌေးကို စိတ်ဖြင့် သာယာလျှင် အာပတ် သင့်သည်ဟု ဆိုရာ၌ "မနောဒ္ဓါရေ အာပတ္တိနာမ နတ္ထိ"ဟူသောအဌကထာစကားနှင့် မဆန့်ကျင်ပြီလော ရှင်းလင်းခဲ့ပါ....?။

(၅၁၇) ဖြေ။ ။ရှေ့,ဌေးကို စိတ်ဖြင့် သာယာခြင်းကြောင့် အာပတ် သင့်ခြင်းမှာ စိတ်ဖြင့် သာယာရုံမျှကြောင့် အာပတ် သင့်သည်မဟုတ်၊ ကိုယ်,နှုတ်ဖြင့် ပယ်ရှား, ဘားမြှင်ရမည်ကို မပယ်, မမြစ်သောကြောင့်သာ အာပတ်သင့်ခြင်းဖြစ်၍ မဆန့်ကျင်ပါ။

* စိတ်၌ သာယာ၊ နေတုံပါ။ ထိုခါ ပြစ်မသင့်။
* ကိုယ်,နှုတ် နှစ်သွယ်၊မြစ်ပယ်ရမှု၊သူမပြု၊ထိုသူ,ကာပတ်သင့်။

● စေတီ,သံဃာ,ဂိုဏ်းအတွက် ရှေ့,ဌေးကို အလှူခံကောင်းပါသလော....?။

http://www.dhammadownload.com

(၅၁၈) ဖြေ။ ။မခံကောင်းပါ၊ ဒုက္ခဋ္ဌာပတ် သင့်ပါသည်။

* စေတီ,သံဃာ၊ ဂိုဏ်းတွက်တာ၊ ခံပါ ဒုက္ခဋ္ဌသင့်။

● စွန့်ပြီးသော ရွှေ,ငွေဖြင့် ကပ္ပိယတို့ လဲလှယ် ဝယ်ယူ၍ ရသော ပစ္စည်းများကို ရွှေ,ငွေခံသောရဟန်းသုံးဆောင်ကောင်းပါမည်လော....?။

(၅၁၉) ဖြေ။ ။စွန့်ပြီးသောရွှေ,ငွေဖြင့်ကပ္ပိယတို့လဲလှယ်ရသော ပစ္စည်းကို အခြား ရဟန်းများမှာ သုံးဆောင်ခွင့်ရသော်လည်း ရွှေ,ငွေကို ခံသော ရဟန်းမှာ ဘာမျှ သုံးဆောင်ခွင့် မရတော့ပါ၊ အယုတ်သဖြင့် ထိုစွန့်ပြီး ရွှေ,ငွေဖြင့် သစ်ပင်မျိုးစေ့ ဝယ်၍ စိုက်ခဲ့လျှင် ထိုသစ်ပင်ရိပ်ကိုသော်မှ မခိုကောင်းပါ။

---

(၉) ရူပိယ သံဃေါဟာရ သိက္ခာပုဒ်

● ရူပိယ သိက္ခာပုဒ်နှင့် ဤ ရူပိယသံဃေါဟာရ သိက္ခာပုဒ်တို့သည် အဘယ်သို့ ထူးပါသနည်း....?။

(၅၂၀) ဖြေ။ ။ရူပိယ သိက္ခာပုဒ်ကား.... နိဿဂ္ဂိယဝတ္ထု ဒုက္ခဋ္ဌဝတ္ထုတို့ကို ခံယူခြင်းမှ တားမြစ်သည်။

ဤ သိက္ခာပုဒ်ကား.... ထို (နိဿဂ္ဂိ - ဒုက္ခဋ္ဌ) ဝတ္ထုများဖြင့် အခြား ဝတ္ထုများကို လဲလှယ်ခြင်းမှ တားမြစ်သည်၊ (ဤသို့ ထူးပါသည်။)

---

http://www.dhammadownload.com

● ရှုပိယသံဃေါဟာရ-သိက္ခာပုဒ်-အရ၊လဲလှယ်ရာ၌အာပတ် သင့်ပုံကို ခွဲခြားပြပါ....?။

(၅၂၁) ဖြေ။ ။ဒုက္ကဋ်ဝတ္ထုဖြင့်-ဒုက္ကဋ်ဝတ္ထု၊ကပ္ပိယဝတ္ထု ကိုလည်းကောင်း၊ကပ္ပိယဝတ္ထုဖြင့်-ဒုက္ကဋ်ဝတ္ထုကိုလည်းကောင်း လဲလှယ်က ဒုက္ကဋ်အာပတ် သင့်၏။

နိဿဂ္ဂိယဝတ္ထုဖြင့်- နိဿဂ္ဂိယဝတ္ထု၊ဒုက္ကဋ်ဝတ္ထု၊ကပ္ပိယဝတ္ထု ကိုလည်းကောင်း၊ ကပ္ပိယဝတ္ထု၊ ဒုက္ကဋ်ဝတ္ထုတို့ဖြင့်-နိဿဂ္ဂိယ ဝတ္ထုကို လည်းကောင်း လဲလှယ်က နိဿဂ္ဂိယ ပါစိတ်အာပတ် သင့်ပါသည်။

" ဒုက်ဖြင့်-ဒုက်,ကပ်၊ ကပ်ဖြင့် ကဋ္ဌ၊ လဲလတ် ဒုက္ကဋ်သင့်။
" နိဿဖြင့် နိဿ,ဒုက်၊ ကပ်လဲထုတ်၍၊ ကပ်,ဒုက်ဖြင့် ဿ၊ နိဿ, လဲရာ၊ သင့်ပါ နိဿဂ္ဂိ။

● ကြွေးချသော ရဟန်းအား အဘယ် အာပတ် သင့်ပါသနည်း... ?။

(၅၂၂) ဖြေ။ ။ဒုက္ကဋ်အာပတ် သင့်ပါသည်။

---

(၁၀) ကယဝိက္ကယ သိက္ခာပုဒ်

● ရှုပိယသံဃေါဟာရသိက္ခာပုဒ်နှင့် ဤ ကယဝိက္ကယသိက္ခာ ပုဒ်တို့သည် အဘယ်သို့ ထူးပါသနည်း....?။

(၅၂၃) ဖြေ။ ။ရှုပိယသံဃေါဟာရ သိက္ခာပုဒ်၌ကား.... ရှေ,ငွေဖြင့် ဝယ်ခြင်း၊ ရှေ, ငွေကိုလည်းကောင်း၊ ရှေ, ငွေဖြင့် ဝယ်ထားသော နိဿဂ္ဂိယ ပစ္စည်းကိုလည်းကောင်း လဲလှယ်ခြင်း ဖြစ်၍၊ ဤ သိက္ခာပုဒ်ကား....ထီ, ဖိနပ် စသော ကပ္ပိယဝတ္ထု ပစ္စည်း အချင်းချင်း လဲလှယ်ခြင်း ဖြစ်ပါသည်။ (ဤသို့ထူး၏။)

http://www.dhammadownload.com

● ရူပိယသံဃေါဟာရ,ကယဝိက္ကယသိက္ခာပုဒ်တို့၌လာသော နာနပ္ပကာရ ၂-ခုတို့၏ အထူးကို ရေးခဲ့ပါ-?။

(၅၂၄) ဖြေ။ ။*ရွှေ,ငွေစရီ အကပ္ပိယာ၊
နာနပ္ပကာရ မှတ်ကြ နဝမာ။
သက်နှီးစထား အပ်ငြား ဘဏ္ဍာ၊
ဒသမ နာနပ္ပကာရာ။

● ကယ်ဝိက္ကယ်-၌၊ ကယနှင့် ဝိက္ကယအထူးကိုဖော်ပြပါ....?။

(၅၂၅) ဖြေ။ ။*သ္ဝေပစ္စည်းများ ယူငြား ကယာ၊
ကိုယ်ဥစ္စာပေး မှတ်ရေး ဝိက္ကယာ။
ဝယ်မှု,ရောင်းမှု နှစ်ခု နှစ်ဖြာ၊
ထူးပါကြ ကယဝိက္ကယာ။

● အဘယ်သို့ ပြောဆို လဲလှယ်ခြင်းကို အကပ္ပိယကယ, ဝိက္ကယ-မအပ်သောလဲလှယ်နည်းဟု ဆိုရပါသနည်း-?။

(၅၂၆) ဖြေ။ ။*ငါ့၌ရှိလတ် ဖိနပ်ဖြင့်ကွယ်၊
သက်နှီးပေးတဲ့ ဆောင်ခဲ့ဖလှယ်။
အကပ္ပိယ ပြောထ သွယ်သွယ်၊
မအပ်စပ် သိမှတ် လဲနည်းကွယ်။

● အဘယ်သို့ ပြောဆိုလဲလှယ်ခြင်းကိုကပ္ပိယကယ,ဝိက္ကယ-အပ်သော လဲလှယ်နည်းဟု ဆိုရပါသနည်း....?။

(၅၂၇) ဖြေ။ ။*ဖိနပ်ရှိထ ငါက မလိုချင်၊
သက်နှီးလို၏ မောင်သီ စိတ်တွင်။
ဤသို့စကြား စကားဖြင်ဖြင်၊
ကပ္ပိယ ကယဝိက္ကယပင်။

---

http://www.dhammadownload.com

● ဤ ထမင်းကို စားပြီးလျှင်၊ ဤထင်းကို ခုတ်ပေးလော့ စသည်ဖြင့် ခိုင်းကောင်းပါမည်လော....?။

(၅၂၈) ဖြေ။ ။ဆိုသို့ မခိုင်းကောင်းပါ၊ ခိုင်းလျှင် ထင်း အရေအတွက်နှင့်အမျှ နိဿဂ္ဂိယပါစိတ်အာပတ် သင့်ပါသည်။

● ယူတော့, စားတော့ဟု အပြီးအပြတ် ပေးပြီးမှခိုင်းသော် ခိုင်းကောင်းပါမည်လော....?။

(၅၂၉) ဖြေ။ ။ထိုသို့ အပြီးအပြတ် ပေးပြီးမှ ကား... ခိုင်းကောင်းပါသည်။

ရွှေကလောမဝဂ် ပြီး၏။

ပတ္တဝဂ်

(၁) ပတ္တ သိက္ခာပုဒ်

● အတိရေက ပတ္တော-၌၊အတိရေကပတ္တ-ဟူသည် အဘယ် သပိတ်မျိုး ဖြစ်ပါသနည်း....?။

(၅၃၀) ဖြေ။ ။ဓိဋ္ဌာန်, ဝိကပ်၊ မတင်လတ်၊ ခေါ်မှတ် ပတ္တတိရေက။

● ပတ္တဘေဒ-သပိတ်အမျိုးအစားကို ဇာတိဘေဒ, ပမာဏ ဘေဒ အားလျှော်စွာ ထုတ်ပြပါ....?။

(၅၃၁) ဖြေ။ ။ဇာတိဘေဒအားဖြင့်-

၁-အယောပတ္တ = သံသပိတ်၊
၂-ဘူမိပတ္တ = မြေသပိတ်
} ပေါင်း ၂-ပါး ဖြစ်ပါသည်။

http://www.dhammadownload.com

ပမာဏဘေဒ (မူလ) အားဖြင့်-

၁-ဥက္ကင္ဆ ပတ္တ၊
၂-မဏ္ဍိမ ပတ္တ၊
၃-သြမက ပတ္တ
} ပေါင်း ၃-ပါး ဖြစ်ပါသည်။

ပမာဏဘေဒ (မူလီ) အားဖြင့်

ဥက္ကင္ဆဒ္ဒ် -၁-ဥက္ကင္ဆ၊ကြင္ဆ၊
၂-ဥက္ကင္ဆမဏ္ဍိမ၊
၃-ဥက္ကင္ဆေဘမက
} ဟူ၍ ၃-ပါး ဖြစ်ပါသည်။

မဏ္ဍိမဒ္ဒ် -၁-မဏ္ဍိမုက္ကင္ဆ၊
၂-မဏ္ဍိမ မဏ္ဍိမ၊
၃-မဏ္ဍိမေဘမက
} ဟူ၍ ၃-ပါး ဖြစ်ပါသည်။

သြမကဒ္ဒ်-၁-သြမကုက္ကင္ဆ၊
၂-သြမကမဏ္ဍိမ၊
၃-သြမကေဘမက
} ဟူ၍ ၃-ပါး ဖြစ်ပါသည်။

ပေါင်း သပိတ် ၉-လုံးဖြစ်ပါသည်။

* မြေ,သံ နှစ်ရပ်၊ သပိတ်အပ်၊ ကြိုး,လတ်,ငယ် သုံးစား။
* ဥက္ကင္ဆ,မဏ္ဍ၊ သြမက၊ နာမ အစဉ်အား။
* သုံးလုံးအနေ၊ သုံးစီဝေ၊ ကိုးထွေ သပိတ်ပြား။(ဝိ-သံ)

---

❶ ဥက္ကင္ဆ,မဏ္ဍိမ,သြမကသပိတ်တို့၏ ပမာဏကိုဖော်ပြပါ-?။
(၅၃၂) ဖြေ။ ။*သုံးပြည်တခုက်၊နှစ်ကြိမ်ဝက်၊ချင့်တွက်
အမှန်ထား။

http://www.dhammadownload.com

*ဥက္ကင်္ဍ, မဏ္ဍ၊ သြမက၊ နာမ အစဉ်အား။
(ဝိ-သံ)

*သုံးပြည်တခွက် သုံးခွက် တစလယ်၊
သုံးစလယ် တလုံး သပိတ် သုံးမှတ်ဖွယ်။
ဥက္ကင်္ဍ, မဏ္ဍ သြမက သုံးသွယ်၊
သုံးမှာသုံး ကိုးလုံး သပိတ်ချယ်။

● ဥက္ကင်္ဍ၊ကြွင်ဍ, ဥက္ကင်ဍ မဏ္ဍိမ, ဥက္ကင်ဍောမက သပိတ်တို့၏ ပမာဏကို ဖော်ပြပါ ..?။

(၅၃၃) ဖြေ။ ။သုံးပြည်တခွက်ထက် ပို၍ဝင်မူ ဥက္ကင်ဍ၊ကြွင်ဍ၊ သုံးပြည်တခွက် တိတိဝင်မူ ဥက္ကင်ဍ မဏ္ဍိမ။

သုံးပြည်တခွက်အောက် ယုတ်လျော့၍ဝင်မူ ဥက္ကင်ဍောမက။

* သုံးပြည်တခွက်၊ ပိုလျက်-တိ-ယုတ်၊ ဆွမ်းဝင်ဟုတ်၊ ဥက္ကင်ဍ်ပြားပမာ။

မှတ်ချက်။ ။မဏ္ဍိမကြွင်ဍ, မဏ္ဍိမ မဏ္ဍိမ, မဏ္ဍိဝမာမက သပိတ်တို့၌ သုံးခွက် တစလယ် မူထားရ၏လည်းကောင်း၊ သြမကကြွင်ဍ,သြမက မဏ္ဍိမ,သြမကောမကသပိတ်တို့၌ သုံးစလယ်တလုံးကို မူထားရ၏လည်းကောင်း၊ ပမာဏကို ပို-တိ-ယုတ်-ပြု၍ သိပါလေ။

● သပိတ် ၉-လုံးတို့တွင် အဓိဋ္ဌာန်, ဝိကပ္ပနာတင်ခွင့်ရှိသော ပမာဏယုတ္တသပိတ်တို့ကိုရေး၍၊ သပိတ်ကို အဓိဋ္ဌာန်တင်ရာ အရေအတွက် မည်မျှ အဓိဋ္ဌာန်တင်နိုင်ပါသနည်း-?။

http://www.dhammadownload.com

(၅၃၄) ဖြေ။ ။သပိတ် ၉-လုံးတို့တွင် အစ,အဆုံးသပိတ် ၂-လုံးကိုပယ်၍ အလယ်သပိတ် ၇-လုံးသည် အဓိဋ္ဌာန်, ဝိကပ္ပနာ တင်ခွင့်ရှိသော ပမာဏယုတ္တ ဖြစ်ပါသည်။

သပိတ်ကို ၁-လုံးသာ အဓိဋ္ဌာန်တင်နိုင်၍၊ကြွင်းသောသပိတ် မျှားကို ဝိကပ္ပနာ ပြုထားရပါမည်။

* စ,ဆုံး ကြီး,ငယ်၊ နှစ်လုံးပယ်၊ အလယ် ခုနစ်ပါး။
* ဓိဋ္ဌာန်,ဝိကပ်၊ လေ၁က်သည်မှတ်၊ တင်အပ် တလုံးပြား။
* တလုံးတင်ဘို၊ အကြွင်းရှိ၊ ဝိကပ် ပြု၍ထား။ (ဝိ-သံ)

● အစ,ဆုံး သပိတ် ၂-လုံးကို မည်သို့ အသုံးပြုအပ်ပါသနည်း....?။

(၅၃၅) ဖြေ။ ။*စ,ဆုံး နှစ်တန်၊ ဆွမ်းမခံ၊ သုံးရန် အိုး, ခွက်ထား။ (ဝိ-သံ)

● အဘယ်သို့ သဘောရှိသော သပိတ်မှ အဓိဋ္ဌာန် တင်နိုင်သည်ကိုရေး၍၊သံသပိတ်,မြေသပိတ်တို့ကို ဘယ်နှစ်ကြိမ် စီ မီးဖုတ်အပ်ပါသနည်း ...?။

(၅၃၆) ဖြေ။ ။*ဖုတ်သား ကောင်းလျက်၊ အဆင်းနက်၊ ချောညက် ဓိဋ္ဌာန်နား။ (ဝိ-သံ)
*သံသပိတ်မှာ၊ ၈ ကြိမ် သာ၊ မြေမှာ နှစ်ကြိမ်ဖုတ်။

● သပိတ် အဓိဋ္ဌာန်ကျကြောင်း အင်္ဂါတို့ကို ရေးခဲ့ပါ ?။

(၅၃၇) ဖြေ။ ။*ဓိဋ္ဌာန်, ဝိ ကပ်၊ ပစ္စုဒ္ဓပ်၊ ကျ လတ် သက်နှုန်းလား။

http://www.dhammadownload.com

*ဆပ်ဆန် ထမင်း၊ ဝင် လောက် လျှင်း၊
ပေါက်ခြင်းကျကြောင်းထား။ (ဝိ-သံ)

သက်နိုး အဓိဋ္ဌာန် ကျကြောင်း အင်္ဂါထက်၊ အနာဇရေးမှ လက် ၂-သစ်အောက် ဆပ်ဆန်ထမင်းလုံး ထွက်လောက်အောင် အပေါက် ပေါက်ခြင်း အင်္ဂါ ၁-ပါးသာ ထူး၏၊ သပိတ် ဓိဋ္ဌာန် ကျကြောင်း အင်္ဂါကား ၅-ပါး ဖြစ်သည်။

---

(၂) ဦးနပဋ္ဌာန် သီကွာပုဒ်

● ဦးနပဋ္ဌာန်ခန့်ပတ္တ-ဟူသည် အဘယ်ကို ဆိုလိုပါသနည်း-?။

(၅၃၈) ဖြေ။ ။ယုတ်သော ၅-ပွဲရှိသောသပိတ်၊ (ဝါ) ၅-ပွဲ မပြည့်သေးသော ၁ ပွဲ, ၂-ပွဲသာ ရှိသေးသော သပိတ်ကို ဦးနပဋ္ဌာန်-ဟု ဆိုပါသည်။

* ငါးပွဲ မမြဲည့်၊ တစ်-နှစ်ရှိ၊ မှတ်ဘိ ဦးနဗန္ဓန်။

● အညံ့ နဝ ပတ္တံ စေတာပေယျ-အရ၊ အဘယ်သူ့အား တောင်းသည်ကို ဆိုပါသနည်း....?။

(၅၃၉) ဖြေ။ ။ဥတ္တိ,ပဝါရိတ မဟုတ်သူအား တောင်းခြင်းကို ဆိုလိုပါသည်။

● ဦးနပဋ္ဌာန်ခန့်ပတ္တေန-ဌ ဗန္ဓန်-အရ၊ ပွဲတုပ်ခြင်းဟူသည် အဘယ်သို့ ပြုသည်ကို ဆိုပါသနည်း။

(၅၄၀) ဖြေ။ ။ကွဲအက်နေသော သပိတ်အရေး၏ဝဲဘက်, ယာဘက်ကို စူးနှင့် ဖောက်၍ ကြိုးနှင့် တုပ်ချည် စပ်ဖာခြင်းကို ဗန္ဓန်-အရ ပွဲတုပ်ခြင်း-ဟု ဆိုရပါသည်။

---

http://www.dhammadownload.com

● အဘယ်မျှလောက်ပမာဏကွဲအက်မှ ၁-ပွဲ,ဖွဲ့ရသနည်း-?။

(၅၄၁) ဖြေ။ ။လက် ၂-သစ်ပမာဏ ကွဲအက်မှ ၁-ပွဲ, ဖွဲ့ရပါမည်။

● အပွဲ ဘယ်နှစ်ခုရှိမှ သပိတ်သစ်ကို တောင်းကောင်းပါသနည်း....?။

(၅၄၂) ဖြေ။ ။၅-ပွဲ, ၅-ပွဲရှိမှ သပိတ်သစ်ကို တောင်းကောင်းပါသည်။

● အဘယ့်ကြောင့် ၅-ပွဲ,၅-ပွဲရှိမှသပိတ်သစ်ကိုတောင်းကောင်းပါသနည်း ...?။

(၅၄၃) ဖြေ။ ။၅-ပွဲ, ၅-ပွဲရှိသော်၊ သပိတ် အရာမဝင် သပိတ် မဟုတ်တော့သောကြောင့် တောင်းကောင်းခြင်း ဖြစ်ပါသည်။

● သံသပိတ်မှာ အက်ကြောင်းမရှိသဖြင့် မည်သို့ ဖြစ်လာသော် သပိတ်အရာဝင်သည်,မဝင်သည်ကိုရေးခဲ့ပါ ...?။

(၅၄၄) ဖြေ။ ။သံသပိတ်မှာအက်ကြောင်းမရှိ အပေါက်သာ ပေါက်မည်ဖြစ်၍၊ အပေါက် ပေါက်ခဲ့သော် ထိုအပေါက်ကို သံမှုန့် စသည်ဖြင့် စိုရွက်၍ဖြစ်စေ၊ သံပြားဝိုင်း၍ ဖြစ်စေ ဖာထေးရပါမည်၊ ဖာထေး၍ ညက်ညောသဖြင့် အာမိသ မကပ်ငြိလျှင် သပိတ်အရာ ဝင်ပါသေးသည်။

အပေါက်မှာ ကြီးလွန်း,မျှားလွန်း ဖာထေးမရ၊မညက်ညော အာမိသ ကပ်ငြိလျှင် သပိတ်အရာ မဝင်တော့ပါ။

---

http://www.dhammadownload.com

● သပိတ် အဟောင်း ၅-ဖွဲ့ မပြည့်သေးပဲ သပိတ်သစ်ကို တောင်းရာ၌ ပြုကျင့်ရမည့် ကျင့်ဝတ္တရားကို ဧရေးသား ခဲ့ပါ....?။

(၅၄၅) ဖြေ။ ။ကျင့်ဝတ္တရားမှာ....၁-နိဿဂ္ဂိယထိုက်သော သပိတ်ကို ရဟန်းပရိသတ်၌စွန့်ရခြင်း။ ၂-ထိုသပိတ်ကို မထေရ်ကြီးမှစ၍ အဆင့်ဆင့် ယူစေခြင်း။ ၃-နောက်ဆုံး အမျှားမယူချင်၍ ကျန်နေသောသပိတ်ကိုမှ ထိုသပိတ်တောင်းသည့် ရဟန်းအား (ကဲ့သည့်တိုင်အောင် ဆောင်ပါလေ) ဟု ပြောဆိုပေးရခြင်းမျှား ဖြစ်ပါသည်။

● ပတ္တပရိယန္တ - အယုတ်ဆုံး သ ပိတ် ဟူသည် အဘယ် ပါနည်း....?။

(၅၄၆) ဖြေ။ ။ရဟန်းမျှားသည် မိမိတို့ သပိတ်ကို ယူ၍ သပိတ်စွန့်အစည်းအဝေးသို့ကြွလာပြီး၊ ပထမစွန့်သောသပိတ်ကို မထေရ်ကြီးအားလှူ၊ ထို့နောက် မထေရ်ကြီး သပိတ်ကို ဒုတိယ မထေရ်အားလှူ၊ ဤသို့စသည် အဆင့်ဆင့်လှူသဖြင့် နောက်ဆုံး သီတင်းငယ်စွန့်သောသပိတ်ဟောင်းသည်ပတ္တပရိယန္တ - **အယုတ်ဆုံးသပိတ်** ဖြစ်ပါသည်။

---

(၃) ဘေသဇ္ဇ သိက္ခာပုဒ်

● ပဋိသာယနိယာနိ-ဟူသော ပါဠိဖြင့် အဘယ်ကို ပြပါသနည်း....?။

(၅၄၇) ဖြေ။ ။*အကပ်မခံအပ် ထောပတ် စ-စွဲသ
သတ္တာဟလွန်ဘိ မရှိပြစ်ဘာ။
သုံးဆောင်အပ်ငြား မစားအပ်ပါ၊
ဤသဘော ပြဟော ပဋိသာ။

---

http://www.dhammadownload.com

● သပ္ပိ နဝနီတံ တေလံ မဓု ဖာဏိတံ - အရ၊ အဘယ်မှ ဖြစ်သော ထောပတ် စသည်ကို ဆိုလိုပါသနည်း၊ အသီး သီး ပိုင်းခြားရေးသားခဲ့ပါ...?။

(၅၄၈) ဖြေ။ ။သပ္ပိ, နဝနီတ-အရ-

အသားအပ်သော ကျွဲ, နွား စသော သတ္တဝါတို့၏ နို့ရည်မှ ဖြစ်သော ထောပတ်, ဆီဥကို "သပ္ပိ, နဝနီတ" ဟု ဆိုရသည်။

တေလ-အရ-

နှမ်း, မုန်ညင်းစေ့, သစ်မည်သည်စေ့, ကြက်ဆူစေ့ စသည်တို့မှ ထုတ်ယူအပ်သော ဆီနှင့် သားဆီသည် "တေလ" မည်သည်။

မဓု-အရ-

ယင်ပျား, ပျားကြီး, ပျားငယ်တို့သည် ပြုအပ်သော ပျားရည် သည် "မဓု" မည်သည်။

ဖာဏိတ-အရ-

အဖတ်ကိုပစ် အရည်ညှစ်၍ချက်အပ်, မချက်အပ်သောအလုံး စုံသော ကြံအထူ, သည် "ဖာဏိတ" မည်သည်။

● သားဆီဟူသည် အဘယ်နည်း၊ ထန်းရည်, သကာရည်, ထန်းလျက်, သကြား တို့ကို အဘယ်တွင် သွင်းယူအပ်ပါ သနည်း....?။

(၅၄၉) ဖြေ။ ။ဝံ, ငါး, လပိုင်, ဝက်, မြင်း-စသောသတ္တဝါ တို့၏ အဆီကို သားဆီ-ဟု ယူအပ်ပါသည်။

ထန်းရည်, သကာရည်, ထန်းလျက်, သကြား စသည်မျှားကို ဖာဏိတ-တွင် သွင်းယူရပါမည်။

---

http://www.dhammadownload.com

❹ မခ္ဗုဗာဏိတ သည်တို့ကို အကပ်ခံပြီး ၇-ရက် အတွင်း စားကောင်းသည် ဆိုရာ၌၊ ဆာရံမျှပြင့် စားကောင်းပါသလော၊ အဘယ် အကြောင်းရှိမှ စားကောင်းပါသနည်း....?။

(၅၅၀) ဖြေ။ ။ဆိုသင်္ဘောဟိကာလ်ကဝတ္ထုတို့ကို ဆာရံမျှပြင့် မစားကောင်းပါ၊ လေနှာ, သွေးနှာ, အားနည်းသော ရောဂါ စသော အကြောင်းရှိမှသာ စားကောင်းပါသည်။

---

❺ ဘန်းရည်, ကြံရည်, သံပရာ ဖျော်ရည် ဝသည်တို့သည် သင်္ဘောဟ ကာလိကပြုခ်ဏ ဂိလာန မဟုတ်ပ ဆာရံမျှပြင့် သောက်ကောင်း ပါမည်လော၊ သာဓကပြု၍ ဆိုးဖြတ်ပါ...?။

(၅၅၁) ဖြေ။ ။"အနုဇာနာမိ ဘိက္ခဝေ ဂိလာနဿ ဂုဠ အဂိလာနဿ ဂုဠောဝက်"ဟု ဘေသင္ဆခန္ဓကဋ္ဌ ဆိုသောကြောင့် ဂိလာန မဟုတ်သူလည်း ပိပါသ အကြောင်းရှိလျှင် ထိုအရည်မျှားကို ရော၍ သောက်ကောင်းပါသည်။

---

❻ တာနိ ပဋ္ဌိဂ္ဂဟေတ္ဝာ-ဟူသောပါဠိဖြင့် အဘယ်ကို ပြပါသနည်း....?။

(၅၅၂) ဖြေ။

တာနိ ပဋ္ဌိဂ္ဂဟေတ္ဝာ-ဟူသောပါဠိဖြင့်-

နှီရည်စသော ယာဝကလိက ဝတ္ထုတို့ကို အကပ်ခံ၍ ပြုလုပ်အပ်သော ထောပတ် စသည်တို့ကို ၇-ရက် လွန်စေသော်လည်း အာပတ်မသင့်ဟူသော အနက်ထူးကို ပြပါသည်။

---

http://www.dhammadownload.com

● သန္ဓိမိကာရက် ပရိဘုဥ္ဇတ္ထဗ္ဗာနိ-ဟူသောပါဠိဖြင့် အဘယ်ကို ပြပါသနည်း....?။

(၅၅၃) ဖြေ။ ။

သန္ဓိမိကာရက် ပရိဘုဥ္ဇတ္ထဗ္ဗာနိ-ဟူသော ပါဠိဖြင့်-

သိုမှီး၍ နံနက်အခါအကပ်ခံသော ထောပတ်စသည်တို့သည် ပထမ အကပ်ခံရာ၊ ထိုနေ့နံနက်၌သာ ဆွမ်း, ဘောဇဉ်မျှားနှင့် ရောနှောခ၍ စားကောင်းသည်၊ နောက်နေ့ နံနက်မျှားဌ်ကား... ဆွမ်း, ဘောဇဉ်မျှားနှင့် ရော၍ မစားကောင်း၊ မွန်းလွဲအခါ အကပ်ခံထားသော ထောပတ် စသည်တို့ကိုလည်း ထိုအတူပင် မစားကောင်း၊ မရောမူ၍ကား... ၇-ရက် စားကောင်းသည် တူသော အနက်ထူးကို ပြပါသည်။

---

(၄) ဝဿိက သာဋိက သိက္ခာပုဒ်

● **မာသော သေသော ဂိမှာနံ-စသည်၌ မာသ,အစုမာသ အရ ဇော်ပြပါ....?။**

(၅၅၄) ဖြေ။ ။**မာသ-အရ၊နွေလ၏ နောက်ဆုံး ၁-လ၊ (၀၊) နယုန်လပြည့်ကျော် ၁-ရက်မှ ၀ါဆိုလပြည့်နေ့အထိ ၁-လ ဖြစ်ပါသည်။**

အစုမာသ-အရ၊ နွေလတွင် နောက်ဆုံး ၁၅-ရက်၊ (၀၊) ၀ါဆိုလဆန်း ၁-ရက်မှ လပြည့်နေ့အထိ ၁၅-ရက်ဖြစ်ပါသည်။

● **မိုးရေခံ သက်နံ့ကို ရှာမှီးခွင့်,ချုပ်ဆိုးခွင့်ရသော ကုစ္ဆိသမယ၊ ရှာမှီး, ချုပ်ဆိုး, ဝတ်ခွင့်မရသော-ပိဋ္ဌိသမယ တို့ကို ပိုင်းခြားပြပါ....?။**

http://www.dhammadownload.com

(၅၅၅) ဖြေ။ ။*ယုန်ကျော်တစ်မှ မုန်းလပြည့်ဟာ၊
ကုစ္ဆိသမယ မှတ်ကြားအခါ။
(ဝါမထပ်လျှင် ၅-လ၊ ဝါထပ်က ၆-လ ဖြစ်သည်။)
မုန်းကျော်တစ်မှ ယုန်လပြည့်ဟာ၊
မှတ်လေဘိ ပိဋ္ဌသမယာ။

● ကုစ္ဆိသမယ ၅-လကို ပရိယေသန-ဘသော ခေတ် ၄-ပါး ဖြင့် ပိုင်းခြားပြပါ....?။

(၅၅၆) ဖြေ။ ။ယုန်လပြည့်ကျော် ၁-ရက်နေ့မှ ၎င်းလကွယ်နေ့အထိ ၁၅-ရက်သည် ပရိယေသန (ရှာရှုံ့သော ရှာခွင့်ရသော)ခေတ်တည်း။

ဝါဆိုလဆန်း ၁-ရက်နေ့မှ ၎င်းလပြည့်နေ့အထိ ၁၅-ရက်သည် ပရိယေသန, ကရဏ, နိုဝါသန (ရှာခွင့်, ချုပ်ဆိုးခွင့်, ဝတ်ခွင့်) ၃-မျိုးရသော ခေတ်တည်း။

ဝါဆိုလပြည့်ကျော် ၁-ရက်နေ့မှ တန်ဆောင်မုန်းလပြည့်နေ့အထိ ၄-လသည် ပရိယေသန, ကရဏ, နိုဝါသန, အဓိဋ္ဌာန (ရှာခွင့်, ချုပ်ဆိုးခွင့်, ဝတ်ခွင့်, အဓိဋ္ဌာန်တင်ခွင့်) ၄-မျိုးလုံးရသော ခေတ်တည်း။

* ယုန်ကျော်တစ်မှ၊ လကွယ်ကျ၊ ရှာရ ဘမျိုးသာ။
* ဝါဆန်းတစ်မှ၊ လပြည့်ကျ၊ ရှာရ, ချုပ်, ဝတ်ရာ။
* ဆိုကျော်တစ်မှ၊ မုန်းပြည့်ကျ၊ လေးဝ ခေတ်အခါ။

● မိုးရေခံ သက်နှံးကို ရှာမြီးရာ (ပရိယေသန) ခေတ်၊ ချုပ်ဆိုး, ဝတ်ရာ (ကရဏ, နိုဝါသန)ခေတ်၊ အဓိဋ္ဌာန်တင်ရာ (အဓိဋ္ဌာန) ခေတ်တို့ကို ပိုင်းခြားပြပါ...?။

http://www.dhammadownload.com

(၅၅၇) ဖြေ။ ။*ယုန်ကျော်တစ်ခွေ မုန်းလပြည့်မှာ၊
ငါးလအတွင်း ရှာခြင်းခေတ်သာ။
ဝါဆိုဆန်းနေ့ မုန်းလပြည့်မှာ၊
လေးလခွဲ ဗျုပ်,တွဲ,ဆိုး,ဝတ်ပါ။

* ဆိုကျော်တစ်မှ၊ မုန်းပြည့်ကျ၊ လေးလ မိဌာန်ခေတ်။

● ဝဿိကသာဒ္ဓိက စီဝရံ ပရိဘောဂသိတဒ္ဓ-အရ၊အဘယ်သူတို့၏ အထံ၌ အဘယ်သို့ပြောဆိုကာ ရှာမှီးရမည်နည်း....?။

(၅၅၈) ဖြေ။ ။ဥာတိ, ပဝါရိတတို့ထံ၌ဖြစ်စေ၊ ရှေးကလူနေကျသူတို့၏ ထံ၌ ဖြစ်စေ၊ ''ကာလော ဝဿိကာ သာဋိကာယ'' (မိုးရေခံသက်နှံ အချိန်တန်ပြီ) စသည်ဖြင့်ပြောဆိုသတိပေးကာ ရှာမှီးရပါမည်။

မှတ်ချက်။ ။ငါ့အား မိုးရေခံသက်နှံ လှူဒါန်းကြကုန်လော စသည်ဖြင့်ကား....အဓိသော်မှ မပြောကောင်း။

● ပရိယေသနာပတ္တိ, နိဝါသနာပတ္တိ အင်္ဂါမျှားကို ရေးခဲ့ပါ....?။

(၅၅၉) ဖြေ။ ။*မိမိဖို့ရှာ'၊ အကာလဖြစ်'၊ ရတုံလစ်'၊ မှတ်လစ် ရှာအင်္ဂါ။

* သက်နှံးလည်းရှိ'၊ ဘေးကင်းဘိ၍'၊ မိမိ ပိုင်ကုံ'၊ ခါမ့ဲရုံ'၊ မှတ်ကုန် ဝတ်အင်္ဂါ။

---

(၅) စီဝရ အစ္ဆိန္နန သိက္ခာပုဒ်

● သာမံ စီဝရံ-၌၊ စီဝရ-အရ အဘယ်သို့သောသက်နှံးကို ယူရမည်နည်း... ?။

(၅၆၀) ဖြေ။ ။အဓိဌာန် ဝိကပ္ပနာလောက်သော တိစီဝရိက်သက်နှံးကို ယူရပါမည်။

http://www.dhammadownload.com

● ပေးပြီး သက်နှံးကို လုယူရာ၌၊ အဘယ်သည်ဖြင့် လုက အဘယ်အာပတ် သင့်သည်ကို ခွဲခြားခဲ့ပါ....?။

(၅၆၁) ဖြေ။ ။*သကသည်၊ လုယူရာ၊ သင့်ပါ ပါစိတ် ထိုက်။

*ပရသည်၊ လုယူရာ၊ ဘဏ္ဍာ တန်ဖိုး လိုက်။

● လူ, သာမဏေ တို့၏ အထံမှလုလျှင် အဘယ် အာပတ် သင့်မည်နည်း....?။

(၅၆၂) ဖြေ။ ။*လူ, သာမဏေ၊ ထံမှလေ၊ လုချေ ဒုက္ကဋ် သင့်။

● ရဟန်း၏ သက်နှံးကို လုခြင်း, အခြား ပစ္စည်း ပရိက္ခရာကို လုခြင်းတို့၌ အဘယ်အာပတ်သင့်မည်ကိုခွဲခြားခဲ့ပါ....?။

(၅၆၃) ဖြေ။ ။*သက်နှံးလုယက်၊နိဿဂ္ဂိယာ၊ ခြားဥစ္စာ၊ မှတ်ပါ ဒုက္ကဋ်သင့်။

● လုရန်စေခိုင်းခြင်း၌ အဘယ်အာပတ် သင့်ပါသနည်း-?။

(၅၆၄) ဖြေ။ ။*လုယက် ခိုင်းစေ၊ ပြုခဲ့ချေ၊ မှတ်လေ ဒုက္ကဋ်သင့်။

---

(၆) သုတ္တဝိညတ္တိ သိက္ခာပုဒ်

● သာမံ သုတ္တံ-၌၊သုတ္တ-အရ ချည်အပြားကိုရေးခဲ့ပါ....?။

(၅၆၅) ဖြေ။ ။သုတ္တ-အရ၊ ခေါမ, ကပ္ပါသိက, ကောသေယျ, ကမ္မလ, သာဏ, ဘင်-ဟူသော မူလချည် ၆-ပါး။

http://www.dhamma-download.com

ဒုက္ခလ, ပဌဝေ, သောမာရပဋ္ဌ, စိနပဋ္ဌ, ဣဋ္ဌိ, ဒေဝဒိန္ဒ-ဟူသော အနုလောမချည် ၆-ပါး၊ ပေါင်း ၁၂-ပါး ဖြင့် ပါသည်။

● အဘယ်ကို အကပ္ပိယသုတ္တ, အကပ္ပိယ တန္တ၀ါယ-ဟု ဆိုရပါသနည်း....?။

(၅၆၆) ဖြေ။ ။ဥာတိ, ပ၀ါရိတ မဟုတ်သော သူတို့ထံမှ သက်နှံးရက်ရန် အထွက် တောင်းအပ်သော ချည်ကို အကပ္ပိယ သုတ္တ-ဟု ဆိုပါသည်။

ဥာတိ,ပ၀ါရိတ မဟုတ်သော ရက်ကန်းသည်တို့ကို အကပ္ပိယ တန္တ၀ါယ-ဟု ဆိုပါသည်။

● အကပ္ပိယသုတ္တ,အကပ္ပိယတန္တ၀ါယ ၂-မျိုးတွင် အဘယ် အတွက် အဘယ်အာပတ် သင့်ပါသနည်း....?။

(၅၆၇) ဖြေ။ ။သုတ္တ, တန္တ၀ါယ ၂-ခုလုံး အကပ္ပိယ ဖြစ်က နိဿဂ္ဂိ၊ တခုခု ကပ္ပိယဖြစ်က ဒုက္ကဋ်၊ ၂-ခုလုံး ကပ္ပိယဖြစ်က အနာပတ္တိ။

● ကိုယ်တိုင် ချည်တောင်း၍ အရက်ခိုင်းထုတ်ခင် အဘယ် အခါ အဘယ်အာပတ် သင့်ပါသနည်း....?။

(၅၆၈) ဖြေ။ ။တောင်းခြင်း, ခိုင်းခြင်းဌ ဒုက္ကဋ်။

အလျှား ၁-တောင်၊ အနံ ၁-ထွာ ပမာဏမျှ ပြီးတိုင်း-ပြီးတိုင်းဌ နိဿဂ္ဂိယ သင့်ပါသည်။

● သူတပါးကို အတောင်းခိုင်း၍ ရသောချည်ကို အကပ္ပိယ-ယက်ကန်းသည်တို့အား ရက်ခိုင်းက နိဿဂ္ဂိ ဖြစ်,မဖြစ် အကြောင်းပြ၍ စိစစ်ခဲ့ပါ....?။

http://www.dhammadownload.com

(၅၆၉) ဖြေ။ ။သာမ် သုဘ္ဂ် ဝိညာပေတွာ-ဟူ၍ ဆိုသော ကြောင့် ဆိုအမှုမျိုးအတွက် နိဿဂ္ဂိ မဖြစ်ပါ။

---

(၇) မဟာဝေပုလကာဝရ သိက္ခာပုဒ်

● ပုဗ္ဗေ အပ္ပဝါရိတောဖြင့် အဘယ်ကို ပြုပါသနည်း....?။

(၅၇၀) ဖြေ။ ။ပုဗ္ဗေအဝါရိတောဖြင့် သင်္ကန်းရှင်း(၀၊) သင်္ကန်းလှမည့် အလှရှင်တို့က ဖိတ်မန္တ္တက မပြုခြင်းကိုပြုပါသည်။

● ဝိကပ္ပံ အာပဇ္ဇေယျ-ဟူသည်၊ အဘယ်သို့ပြုသည်ကို ဆိုလို ပါသနည်း....?။

(၅၇၁) ဖြေ။ ။သင်္ကန်းလှူမည့် ဒါယကာမျှား မူလ စီမံ ထားသည်ထက်ပိုမိုထူးကဲအောင် စီမံခြင်းကို ဝိကပ္ပံအာပဇ္ဇေယျ-ဟု ဆိုပါသည်။

● ဝိကပ္ပါ ပဇ္ဇနာကာရ=စီမံပုံအခြင်းအဆာကိုပြသော ပါဠိ ကို ရေးခဲ့ပါ....?။

(၅၇၂) ဖြေ။ ။ဝိကပ္ပါ ပဇ္ဇနာကာရပြုပါ၌ကား....''ဣဒံ ခေါ အာဝုသော (လ) အနုပဒဇ္ဇေယျာမ''ဖြစ်ပါသည်။

● ဆွမ်းပေးရုံမျှဖြင့် နိဿဂ္ဂိ ဖြစ်ပါသလော၊ အဘယ်အနေ မျိုးရောက်မှ နိဿဂ္ဂိ ဖြစ်ပါသနည်း....?။

(၅၇၃) ဖြေ။ ။ဆွမ်းပေးရုံမျှဖြင့် နိဿဂ္ဂိ မဖြစ်ပါ၊ရဟန်း ၏ အစီအမံကြောင့် နဂိုရည်မှန်းသည်ထက်ချည်ပိုကုန်ပြီးသင်္ကန်း ကို ရရှိမှသာ နိဿဂ္ဂိ ဖြစ်ပါသည်။

---

http://www.dhammadownload.com

● ဆွမ်းစသည် လက်ဆောင်ပေးခြင်း, ယက်ကန်းသည်မျှား သက်နှုန်းရက်မှ ပယောဂ ပြုခြင်းတို့၌ အဘယ် အာပတ် သင့်ပါသနည်း....?။

(၅၇၄) ဖြေ။ ။*ဆွမ်းပေးပြု က၊ ပယောဂ၊ သင့်ထ ဒုက္ကဋ်ပေ။

(ဂ) အစ္စေက စီဝရ သိက္ခာပုဒ်

● အစ္စေကစီဝရ-ဟူသည် အဘယ်ကဲ့သို့သော သက်နှုန်းမျိုး ပါနည်း ...?။

(၅၇၅) ဖြေ။ ။ခရီးသွား, သူနှာ, ကိုယ်ဝန်ဆောင်, သဒ္ဓါ အသစ်ဖြစ်သူမျှားက ဝဿာဝါသိက် ဒမ္မီ-ဝါဆိုသက်နှုန်း လှူ ဒါန်းပါ၏ဟု ဆိုရ၍ လှူအပ်သော သက်နှုန်းမျိုးကို **အစ္စေကစီဝရ-**ဟု ဆိုရပါသည်။

*ခရီးသွားမှ နာမှုတဖြာ၊
ကိုယ်ဝန်ဆောင်လစ် အသစ်သဒ္ဓါ။
စီမံလျင်ဆော လှူသောဒါနာ၊
အစ္စေက မှတ်ကြ စီဝရာ။

● ဒသာဟာ နာဂတံ-ဟူသည်၊ အဘယ်ရက်ကို ဆိုလိုပါ သနည်း....?။

(၅၇၆) ဖြေ။ ။သီတင်း ကျွတ် လ ဆန်း ၅-ရက်နေ့ မှ ၁၄-ရက်နေ့အထိ ၁၀-ရက်ကို ဆိုလိုပါသည်။

---

http://www.dhammadownload.com

● ဝဿာဝါသိက စီဝရ-ဟူသည်၊ အဘယ် သက်နှိုးမျိုး ဖြစ်ပါသနည်း၊ ဝဿာဝါသိက စီဝရဘေဒကို ရေးရှု ဤ သိက္ခာပုဒ်၌ လိုအပ်သော ဝဿာဝါသိက စီဝရ ကိုလည်း ညွှန်းခဲ့ပါ....?။

(၅၇၇) ဖြေ။ ။ဝဿာဝါသိက စီဝရ-ဟူသည်၊ ဝါတွင်းဥ ဝါကပ်သော သံဃာ,ဂိုဏ်း, ပုဂ္ဂိုလ်အား လှူဒါန်းသော ဝါဆို သက်နှိုး ဖြစ်ပါသည်။

ထိုဝါဆိုသက်နှိုးသည်၊ ၁-အစ္စေက သက်နှိုး၊ ၂-အစ္စေက မဟုတ်သော ရိုးရိုးသက်နှိုး ဟူ၍ ၂-မျိုး ရှိရာ၊ ဤ၌ အစ္စေက သက်နှိုးကို လိုအပ်ပါသည်။

● သီတင်းကျွတ်လဆန်း ၅-ရက် မတိုင်မီရသော အစ္စေက သက်နှိုးသည်၊ ဤ သိက္ခာပုဒ်ဖြင့် ၁၁-ရက် အစောင့် အရှောက် ရနိုင်,မရနိုင်၊မရကအဘယ်သို့ပြုရမည်နည်း?။

(၅၇၈) ဖြေ။ ။မရနိုင်ပါ၊ ပထမ ကထိနသိက္ခာပုဒ်အရ၊ ၁၀-ရက်မလွန်ခင် အဓိဋ္ဌာန်, ဝိကပ္ပနာကို လျှောက်စွာ ပြုထားရပါသည်။

● ပထမ ကထိန သိက္ခာပုဒ်နှင့် အစ္စေက သိက္ခာပုဒ်တို့သည် အဘယ်သို့ ထူးပါသနည်း....?။

(၅၇၉) ဖြေ။ ။*ဓိဋ္ဌ, ဝိ နှစ်ခု၊မပြုပဲလေ၊ဆယ်-ရက်နေ၊ ရခဲ့ ပထမာ။

*အစ္စေကမှာ၊ ဆယ့်ဘစ်သာ၊ ရပါ ခွင့် ထူးကြ။

---

http://www.dhammadownload.com

(၉) သာသက် သိက္ခာပုဒ်

● အဘယ်သို့သော ကျောင်းမျိုးသည် အာရညကသေနာသန တောကျောင်း မည်ပါသနည်း....?။

(၅၈၀) ဖြေ။ ။*အရံရှိပြား တံခါးခုံသာ၊
ရံမရှိလစ် ခဲတပစ်ကျရာ။
ထိုမှ တိုင်းဆ ကုလလေးတာ၊
ငါးရာဝေးခေါ်ရေးတောကျောင်းပါ။

မှတ်ချက်။ ။ကုလလေးတာ အပြန် ၅၀၀-ဟူသည် အတောင်အားဖြင့် ၂၀၀၀-ရှိသည်၊ လေးဆရာမှားကိုင်နေကြ လေးသည် ၄-တောင်ထွာ ရှိ၍ ဆွဲတင်လိုက်သောအခါ ၄-တောင်ရှိသည်၊ ကုလလေးတာကို ဆွဲတင်ပြီး လေးနှင့် တိုင်းရမည် ဆိုသောကြောင့် ၅၀၀-ကို ၄-နှင့်မြှောက်သော်အတောင် ၂၀၀၀-ဖြစ်၏။

● အဘယ်သို့သော အ ရပ် မျိုး သည် သာသက် သမ္မတ သပ္ပဋိဘယ-မည်ပါသနည်း....?။

(၅၈၁) ဖြေ။ ။*ကျောင်း အနီးအပါး ခိုးသားနေတ်ာ၊
မြင်ရ, ကြားရ သာသက် သမ္မတာ။
လုယက်, ပုတ်ခတ် သတ်ဖြတ် ခြင်းရာ၊
မြင်, ကြားဘိ သပ္ပဋိဘယ ပါ။

● တောကျောင်းနေ ရဟန်းသည် ရွာတွင်း၌ ထားသော သက်နှင့်နှင့် အဘယ်မျှလောက် ကင်း၍ နေကောင်းပါ သနည်း....?။

http://www.dhammadownload.com

(၅၀၂) ဖြေ။ ။ကတ္တိကမာသ ၁-လ၊(ဝါ)သီတင်းကျွတ်လပြည့်ကျော် ၁-ရက်နေ့မှ တန်ဆောင်မုန်းလပြည့်အထိ ၁-လ ကင်းရှိ နေကောင်းပါသည်။

* ကျွတ်ကျော်တစ်မှ၊ မုန်းပြည့်ကျ၊ တလ ကင်းနေနိုင်။

● တေန စီဝရေန ဝိပ္ပဝသိတဗ္ဗံ-အရ၊ အဘယ်သို့ကင်းခြင်းကို ဝိပ္ပဝါသ-ဟု ဆိုရပါသနည်း....?။

(၅၀၃) ဖြေ။ ။သ ဘွာ မ မြောက် အ ရုဏ် ကို မိမိနေရာ တောကျေင်းမှာမတက်ပဲအခြားမှာ တက်စေခြင်းကို ဝိပ္ပဝါသ-ဟု ဆိုရပါသည်။

● ကထိန် အာနိသင် မရပဲ ကထိနမာသတွင် တိစီဝရိုက် အဓိဋ္ဌာန်တင်သော သင်္ကန်းနှင့် ညဉ့်ကင်းနေခွင့် ရ,မရ ဆုံးဖြတ်ခဲ့ပါ....?။

(၅၀၄) ဖြေ။ ။ကထိနမာသ၌ပင် သင်္ကန်းနှင့် ညဉ့်ကင်းနေခွင့်ကို တောကျေင်းနေ ရဟန်းများအတွက် ဤသိက္ခာပုဒ်ဖြင့် သီးခြားခွင့်ပြုချက်ကို ထောက်၍ ကထိနမာသပင် ဖြစ်စေကာ ကထိန်အာနိသင် မရက တိစီဝရိုက် အဓိဋ္ဌာန်တင် သင်္ကန်းနှင့် ညဉ့်ကင်း၍ နေခွင့်မရပါ။

● သာသနာ သိက္ခာပုဒ်၌ အနုပညတ်ကို ဖော်ပြပါ...?။

(၅၀၅) ဖြေ။ ။အနုပညတ်ကား....''အညတြ ဘိက္ခုသမ္မုတိယာ'' ဖြစ်ပါသည်။

● သာသနာ·သိက္ခာပုဒ်အရ၊ သင်္ကန်းထားခွင့် အင်္ဂါတို့ကို ရေးခဲ့ပါ....?။

http://www.dhammadownload.com

(၅၀၆) ပြေ။ ။

၁–ဥပဝသံ-အရ၊ ပုရိမ ဝါကျတ်သူဖြစ်ခြင်း၊

၂–ကတ္တိကပုဏ္ဏမ်-အရ၊သီတင်းကျတ်လပြည့်ကျော် ၁-ရက်နေ့မှ တနင်္ဂနွေမှ ကန်ဆောင်မုန်းလပြည့်ထိ ဖြစ်ခြင်း၊

၃–ဘာရညကာနိ-အရ၊ ကုလလေးတာ အပြန် ၅၀၀-ကွာဝေးသော တောကျောင်းဖြစ်ခြင်း၊

၄–သာသက် သမ္ပတာနိ သမ္ပဋိဘယာနိ-အရ၊ ရှုရှာ,စိုးရိမ်,ဘေးအန္တရာယ် မကင်းဖယ် ဖြစ်ခြင်း၊ ပေါင်း ၄-ပါးတည်း။

---

(၁၀) ပရိဏတ သိက္ခာပုဒ်

● အဘယ်သို့ ညှတ်ခြင်းကို ပရိဏတ-ဟု ဆိုပါသနည်း....?။

(၅၀၇) ပြေ။ ။သံဃာအား လှူမည်ဟု ကိုယ်,နှုတ်နှစ်ပါးတို့တွင် တပါးပါးဖြင့် ပြောဆို မှုယာ ပြုဖူးလျှင် **ပရိဏတ**-ဟု ဆိုရပါသည်။

* ကိုယ်,နှုတ် မှုဒွိ၊ ပြုဖူးရှိ၊ ပရိဏတပေ။

● သံဃာလက်သို့ မရောက်သေး ညှတ်ရုံမျှဖြင့် သံဃိက-ဟု-ဆိုနိုင်ပါမည်လော ရှင်းခဲ့ပါ....?။

(၅၀၈) ပြေ။ ။မရောက်သေးသော်လည်း ညှတ်ပြီး ဖြစ်လျှင် သံဃိက-ဟုပင် ဆိုနိုင်ပါသည်။

---

http://www.dhammadownload.com

● သံဃာ, စေတီ, ပုဂ္ဂိုလ်တို့အား ညွှတ်ပြီးသောလာဘ်ကို အခြားသော သံဃာ,စေတီ,ပုဂ္ဂိုလ်တို့အား ညွှတ်စေက အာဘယ်အာပတ် သင့်ပါသနည်း....?။

(၅၇၉) ဖြေ။ ။*စေတီ, သံဃာ, ပုဂ္ဂလာ၊ ဤမှာ ညွှတ်လာဘ်ကို။

*တခြား စေ, သံ၊ ပုဂ္ဂိုလ်ထံ၊ ညွှတ်ပြန်ဒုက္ကဋ်ဆို။

● နိဿဂ္ဂိယပါစိတ် သိက္ခာပုဒ် ၃၀-တွင် အာဘယ် သိက္ခာပုဒ် သင့်သော် အာဘယ်သို့ စွန့်ရမည်ကို ခွဲခြားပြပါ....?။

(၅၉၀) ဖြေ။ ။*ရှေ,ငွေ ကိုင်ခံ၊ တဖန်လဲလှယ်၊ ငါးမွှဲ အောက်ယုတ်၊ ထို သုံးပုဒ်မှာ၊ သံဃာ သာဓာရဏ်း၊ သေသာသတ္တ၊ ဝိသပုဒ်မှာ၊ သံဃာ, ဂဏ၊ ပုဂ္ဂလ၊ သုံးဝစ္ဆန်မြဲတည်း။

ပဏ္ဍဝဂ် ပြီး၏။

နိဿဂ္ဂိယပါစိတ် အလုံးစုံ ပြီးပြီ။

---

http://www.dhammadownload.com

သုဒ္ဓ ပါစိတ်

●

မုသာဝါဒ ဝဂ်

(၁) မုသာဝါဒ သိက္ခာပုဒ်

● သမ္မာန-အရ၊ အဘယ်ကာလ၌သိခြင်းကို သမ္မာန-ဟု ဆိုရပါသနည်း....?။

(၅၉၁) ဖြေ။ ။*မမြောမိသိ၊ ပြောဆဲသိ၊ ထိုဒ္ဒိ သိ ရာ သမ္မာ။

● သမ္မာန မုသာဝါဒေါ-၌၊ သမ္မာန, မုသာဝါန တို့၏ အထူးကို ရေးခဲ့ပါ....?။

(၅၉၂) ဖြေ။ ။*သိတတ် ဘိက္ခု မှတ်ရှု သမ္မာ၊
မမှန်ဝတ္ထု ခေါ်ပြု မုသာ။
အမှန်-အမှား အမှား-မှန်ညာ၊
သိစေက ဝါဒ မည်သည်သာ။

● မုသာဝါဒ-အရ၊နှုတ်ဖြင့် ညာခြင်းကိုသာ ယူရမည်လော ရှင်းခဲ့ပါ....?။

(၅၉၃) ဖြေ။ ။မုသာဝါဒ-အရ၊နှုတ်ဖြင့်ညာခြင်းကိုသာ မယူရပါ၊ လက်, ဦးခေါင်း စသော ကိုယ်အင်္ဂါဖြင့် အရိပ်ပြကာ ညာခြင်းကိုလည်း ယူရပါမည်၊ ထို့ကြောင့် ကခ်ါ၌ "ကာယေန ဝါ ဝါစာယ ဝါ ဝိညာပနပွယောဂေါ"ဟု မိန့်ပါသည်။

---

http://www.dhammadownload.com

● ဝါဒ-အရ၊ ကာယ, ဝစီ နှစ်လီပယောဂ ယူရပါလျှင် အဘာယ်ကြောင့် ဝစီပယောဂကိုသာ ဆိုရပါသနည်း-?။

(၅၉၄) ဖြေ။ ။ဝစီ ပယောဂဖြင့်သာ မုသား အပြောမျှားသောကြောင့် ယောဘုယျနည်းအားဖြင့် ဝစီပယောဂကိုသာ ဆိုခြင်း ဖြစ်ပါသည်။

* နှုတ်မှာဖြစ်မျှား၊ လိမ်မုသား၊ ဆိုခြား ဝစီသာ။

● မုသား ဆိုခြင်းကြောင့် သင့်ရောက်နိုင်သော အာပတ်မျှားကို ရေးသားခဲ့ပါ....?။

(၅၉၅) ဖြေ။ ။*ဗျာန်,မဂ် စပ်ခြား မုသား ပါရာ၊
သွယ်ဝိုက် ပြောသိ သင့်ဘိ ထုလ္လာ။
မသိ ဒုက္ကဋ် သင့်လတ် သုံးဖြာ၊
ဥတ္တရိ စပ်ဘိ မုသားပါ။
*ပါရာဇိက စ္ဓဝ ဆံ်ဃာ၊
သံ်ဃာဒိသ်စ္ဓ သင့်မြဲ စိတ် သာ။
အာစာဝိပ္ပတ် စ္ဓလတ် ဒုက္ကာ၊
သက်သက်ကြား မုသား ပါစိတ်ပါ။

မှတ်ရန်။ ။ဥတ္တရိ မနုဿမ္မကို တိုက်ရိုက်ပြောက ပါရာဇိက၊ ပ ရ ယာယ် အား ဖြင့် သွယ် ဝိုက် ပြော က သိ လျှင် ထုလ္လစ္စည်း၊ မသိလျှင် ဒုက္ကဋ်၊ အမူလက, ပါရာဇိက အာပတ်ဖြင့် စွပ်စွဲက သံ ဃာ ဒိ သေသ်၊ အမူလက, သံ်ဃာဒိသေသ်ဖြင့် စွပ်စွဲက ပါစိတ်၊ အာစာရ ဝိပ္ပတ္တိ (အောက် အာပတ် ၅-ပုံ) ဖြင့် စွပ်စွဲက ဒုက္ကဋ်၊ မုသားသက်သက်ပြောက ဤသိက္ခာပုဒ်အရ ပါစိတ်၊ ပြောင်လျှောင် လိုရှိ မုသားဆိုက ဒုဿာသီ အာပတ်သင့်၏ ဟူလို။

---

http://www.dhammadownload.com

● ပါတိမောက်ခ် တိုက်ရိုက်လာသော မုသာဝါဒ သိက္ခာပုဒ် မည်မျှရှိ၍၊ အဘယ် သိက္ခာပုဒ်များ ဖြစ်သည်ကို ဖော်ပြပါ...?။

(၅၉၆) ဖြေ။ ။၅-ခု ရှိပါသည်။

၁–စတုတ္ထ ပါရာဇိက ဥတ္တရိမနုဿဓမ္မ သိက္ခာပုဒ် ၁-ခု၊

၂–သံဃာဒိသေသ် ပထမ, ဒုတိယ ဒုဋ္ဌဒေါသ သိက္ခာပုဒ် ၂-ခု၊

၃–သုဒ္ဓပါစိတ် မုသာဝါဒဝဂ် ပထမ မုသာဝါဒသိက္ခာပုဒ် ၁-ခု၊

၄–သဟဓမ္မိကဝဂ် ဆဋ္ဌမ အမူလကသိက္ခာပုဒ် ၁-ခု၊ပေါင်း ၅-ခု ဖြစ်ပါသည်။

● မုသာဝါဒသိက္ခာပုဒ်၌၊ အဂ်ါ ၂-ပါးလော, ၃-ပါးလော ရှင်းခဲ့ပါ... ?။

(၅၉၇) ဖြေ။ ။**အဋ္ဌကထာဆရာက....**၁-လိမ်လိုသောစိတ် ရှိခြင်း၊ ၂–လိမ်ခြင်းဟူ၍ ၂-ပါးဆိုသည်။ **ဋီကာဆရာများကမူ** ထို ၂-ပါးတွင် ဝတ္ထုဖောက်ပြန် မမှန်ခြင်း ၁-ပါး ထည့်၍ ၃-ပါး ဆိုသည်။

* **မှတ်ချက်။** ။**အဋ္ဌကထာ ဆရာက ဝတ္ထုဖောက်ပြန် မမှန်ခြင်း ဝတ္ထုဝိပဋိတအဂ်ါကိုသီးခြားမယူပဲ လိမ်လိုသော စိတ်ရှိခြင်း, အဂ်ါ အတွင်းခ်ဋ်သွင်း ၂-ပါးဆိုခြင်း ဖြစ်သည်ဟု မှတ်လေ။**

* **လိမ်လိုစိတ်ရှိ၊ လိမ်လည်ဘိ၊ မှတ်သိ လိမ်အဂ်ါ။**

* **ဝတ္ထုမမှန်၊ ထည့်လေပြန်၊ သုံးတန် ပြုဋ္ဌိကာ။**

---

http://www.dhammadownload.com

● မုသား ဆို တိုင်း အာပတ် သင့်ပါသလော ရှင်းလင်း ခဲ့ပါ....?။

(၅၉၈) ဖြေ။ ။*ဆောလျှင်, မှတ်မဲ့ ပြောတဲ့ဝါစာ၊
အမှန်ပြောဘိ မသိချတ်ရာ။
ရှုးသွပ်လေဌား မုသားဖြာဖြာ၊
နာပတ္တ မှတ်ကြ ဆိုမုသာ။

၂-သြမသဝါဒ သိက္ခာပုဒ်

● သြမသဝါဒေ-၌၊ သြမသဝါဒ-ဟူသည် အဘယ် စကား မျိုး ဖြစ်ပါသနည်း....?။

(၅၉၉) ဖြေ။ ။*ဆဲဆိုစကား၊ ထို ဆယ်ပါး၊ မှတ်သား သြမသ။

● အဘယ်ကြောင့် အကျောသ ၁၀-ပါးကို သြမသ-ဟု ဆိုရပါသနည်း ...?။

(၆၀၀) ဖြေ။ ။*လှဲ့ဖြင့် ထိုးဌား၊ ကဲ့အလားသို့၊ စိတ်, နှားဌ် မှာ၊ မ ချမ်း သာ မှ၊ ရ စေ ပြု ကြောင်းရှ သြမသ။

● အကျောသ-ဆဲရေးကြောင်း ဝတ္ထု၊ ဆဲနည်း သရုပ်ကို ထုတ်ပြခဲ့ပါ....?။

(၆၀၁) ဖြေ။ ။*ဇာတိ, နာမ, ဂေါတ္တ, ကမ္မံ
သိပ္ပံ အာဗာဓ လိင်ဂိုက်။
ကိလေသာ ပတ္တိ အကျောသော
ဒသိမောမသ ဝါဒကာ။

http://www.dhammadownload.com

ဇာတိ-အမျိုး ဇာတ်၊ နာမ-အမည်၊ ဂေါတ္တ-အနွယ်၊ ကမ္မ-အလုပ်အကိုင်၊ သိပ္ပ-အတတ်ပညာ၊ အာဗာဓ-အနာ ရောဂါ၊ လိင်-ပုံပန်း သဏ္ဌာန်၊ ကိလေသ-လောဘ, ဒေါသ စသော ကိလေသာ၊ အာပတ္တိ-အာပတ်၊ အကြောသ-မေထုန်, အင်္ဂါဇာတ် ဆသည်နှင့်စပ်၍ ဆဲရေးခြင်း-ပေါင်း ၁၀-ပါး ဖြစ်ပါသည်။

● ဇာတိ, နာမ စသည်ကို အဘယ့်ကြောင့် အကြောသ ဝတ္ထု-ဟု ဆိုရပါသနည်း....?။

(၆၀၂) ဖြေ။ ။ဓား, လှံဖြင့် ခုတ်-ထိုးရာ၌၊ ဓား, လှံသည် ခုတ်-ထိုးကြောင်း ဝတ္ထု ဖြစ်သကဲ့သို့၊ သူတပါးကို ဆဲရေးရာ၌ လည်း ဇာတိ, နာမ စသည်တို့သည် ကိုယ်တွင် ထိပါးဖွယ်ရာ ဖြစ်သောကြောင့် ဇာတိ, နာမ စသည်ကို အကြောသ-ဆဲရေး ကြောင်းဝတ္ထုဟု ဆိုရပါသည်။

● လူ, သာမဏေကို ဆဲရေးက အဘယ် အာပတ် သင့်ပါ သနည်း....?။

(၆၀၃) ဖြေ။ ။*လူ, သာမဏေ၊ ဆဲရေးခြေ၊ သင့်ပေ ဒုက္ကဋ်တည်း။

● သက်သက် ပြက်ရယ်, ပြောင်လှောင်လို၍ ဆဲရေးလျှင် အဘယ် အာပတ် သင့်မည်နည်း....?။

(၆၀၄) ဖြေ။ ။*ပြက်ရယ် ပြုလို၊ ပြက်ချော်ဆို၊ ထိုသူ ဒုဗ္ဘာသိ။ (ဝိ-သံ)

● မျက်မှောက်, မျက်ကွယ် ဆဲရေးခြင်း၌၊ အဘယ် အာပတ် များ. သင့်ပါသနည်း....?။

http://www.dhammadownload.com

(၆၀၅) ဖြေ။ ။*မျက်မှောက် ပါစိတ်၊ မျက်ကွယ်ဆိတ် ဆဲကြိုတ် ဒုက္ကဋ်တည်း။

● အကြောသ ဝတ္ထုတွင် မပါဝင်သော ဘိန်းစား, သူခိုး, တေလေ, ဂျပိုး စသည်ဖြင့် ဆဲဆိုမှု၊ စောင်းမြောင်း သွယ်ဝိုက်၍ဆဲမှုတို့၌ အဘယ်အာပတ်သင့်မည်နည်း....?။

(၆၀၆) ဖြေ။ ။*တေလေ,ဂျပိုး၊ သူခိုး,ဘိန်းစား၊စသည် အားဖြင့်၊ ဆယ်ပါးဝတ္ထု၊ လွတ်မှုဆုံ့ဆ၊ စောင်းမြောင်းဆ၊ သင့်မြဲ ဒုက္ကဋ်တည်း။

● ပါရာဇိက ကျွသူအား ဆဲခြင်း၊ သူတပါးအား ဆဲရေး ခိုင်းခြင်းတို့၌ ဤ သိက္ခာပုဒ်အရ အာပတ် သင့်,မသင့် ဆုံးဖြတ်ခဲ့ပါ....?။

(၆၀၇) ဖြေ။ ။*ပါရာဇိက၊ ကျွသူ ဖြစ်စေ၊ ဆဲရေးချေ၊ သင့်ပေ ပါစိတ်ပင်။

*သူတပါးအား၊ ဆဲစေခြား၊ လွတ်ခြား ပြစ်မဝင်။

---

(၃) ပေသုညသိက္ခာပုဒ်

● အဘယ်သို့ ပြုခြင်းကို ပေသုညဟု ဆိုပါသနည်း...?။

(၆၀၈)ဖြေ။ ။*နှစ်ယောက် ချစ်ခြင်း၊ ဆိတ် ကင်း စေ သော၊ ကွဲ အောင်ပြော၊ ကုန်း ချော ပေသုည။

● မည်ကဲ့သို့သော ရည်ရွယ်ချက် နှင့် ပြောမှ ပေသုည ဖြစ်သည်,မဖြစ်သည်ကို ရေးခဲ့ပါ ...?။

http://www.dhammadownload.com

(၆၀၉) ဖြေ။ ။*နှစ်ဦးကွဲပြား၊ ငါ့အား၊ချစ်ပို၊ဖြစ်စေလို၊ ရည်ဆိုချောပစ်၊ ပေသုဉ်ဖြစ်။

*ကွဲစေ, ချစ်စေ၊ နှစ်ထွေ မဖက်၊ သက်သက် မကောင်းမှု၊ ကဲ့ရဲ့ပြု၊ ဆိုမှု မှန်မဖြစ်။

● အဘယ် စကားမျိုးနှင့် ကုန်းချောမှ ပါစိတ် အာပတ်သင့်ပါသနည်း....?။

(၆၁၀) ဖြေ။ ။*ဇာတိ,နာမ၊အကျွှောသစပ်၊ ကုန်းချောလတ်၊ အာပတ် ပါစိတ်သင့်။

● လူ,သာမဏေအား၊လည်းကောင်း၊အကျွှောသ ၁၀-ပါး မှတပါး အ ခြား သော စ ကား ဖြင့် လည်းကောင်း၊ ကုန်းချောသော် အဘယ် အာပတ် သင့်မည်နည်း... ?။

(၆၁၁) ဖြေ။ ။*သာမဏေ, လူ၊ ကုန်းချောမှ၊ ထို သူ ဒုက္ခင့်သင့်။

*အကျွှောသကြင့်၊ကုန်း ချောလျှင်၊ထိုရှင် ဒုက္ခရှိသင့်။

● ဩမသ ဝါဒ,ပေသုည ·သိက္ခာပုဒ်တို့၌၊ အနုပသမ္ပန်-အရဘိက္ခုနီမကို ယူရမည်လော ရေးသားခဲ့ပါ....?။

(၆၁၂) ဖြေ။ ။ထိုသိက္ခာပုဒ်တို့၌၊ဘိက္ခုနီမကိုအနုပသမ္ပန်အရတွင် သွင်း၍ ယူရပါမည်။

---

http://www.dhammadownload.com

(၄) ပဒသောဝမ္မ သိက္ခာပုဒ်

● ပဒသောဝမ္မ-၌၊ ပဒ-အရ သရုပ်ထုတ်ပြပါ....?။

(ဖ ၁၃) ဖြေ။ ။ပဒ-အရ ၃-ပဒ၊ ၂-အနုပဒ၊ ၃-အနှက္ခရ၊ ၄-အနုဗျဉ္ဇန၊ ပေါင်း ၄-ပါးတည်း။

● ပဒ-စသည် မည်ပုံကို ဂါထာ, စုဏ္ဏိယ အာဒေါ်ကျော်ကြား ခဲ့ခြား၍ ရေးသားခဲ့ပါ။

(ဖ ၁၄) ဖြေ။ ။*ဂါထာပါ၁၊ ပထမမှာ၊ပဒသာတည်း။ ၁-မှာ အနု၊ အက္ခရာစုတွင်၊ တခုအက္ခရာ၊ နှက္ခရာတည်း။ ရှေးမှာ ရှိသ၊ ထိုဝါကျနှင့်၊ တူမျှလေပါ၊ နောက်ဝါကျာသည်၊ မှတ်ပါ အနုဗျဉ္ဇနတည်း။

*စုဏ္ဏိယမှတ်၊ ခဲ့ပြောလတ်မူ၊ ဝိဘတ္တန္ဓာ၊ အက္ခရာ သမ္ဘဝ၊ ဒရုဝါကျကို၊ ပဒ-ဆိုဏ်။ ၃-ကိုအနု၊ တခုအက္ခရာ၊ နှက္ခရာတည်း။ ကင်းကွာဝိဘတ်၊ ပေါင်းစပ် အက္ခရာ၊ ပုဒ်ပြောပြောသည်၊ မှတ်ပါ အနုဗျဉ္ဇနတည်း။

* ဂါထာ ပထမ ပဒ မည်ပါ၊
ဒုမှာ အနု တခု နှက္ခရာ။
ရှေးနှင့် တူမျှ နောက်က ဝါကျာ၊
ဗျဉ္ဇန မှတ်ကြ အဓိပ္ပါ။

* ဝိဘတ် ဆုံးလတ် ပေါင်းစပ် အက္ခရာ၊
ရှေးမှာ ပဒ နောက်က နု သာ။
တစ်မှာ နှက် မှတ် ဝိဘတ်ကင်းကွာ၊
ဝဏ္ဏပေါင်း မှတ်ကြောင်း ဗျဉ္ဇနာ။

---

http://www.dhammadownload.com

● ပဒေသော ဓမ္မ-ဌ၊ ဓမ္မ-အရ အဘယ် တရားမျိုးကို ယူရ မည်နည်း....?။

(၆၁၅) ဖြေ။ ။*ပါဠိ, ဌကထာ၊ တရားသာ၊ ယူပါ ဓမ္မ ထိုအရ။

● ဘိက္ခုနီမကို ပုဏ်ပြိုင်ပါဠိ,အဌကထာ သင်ရာ၌၊ ဤသိက္ခာ ပုဏ်အရ အာပတ် သင့်, မသင့် ဆုံးဖြတ်ခဲ့ပါ....?။

(၆၁၆) ဖြေ။ ။ပဒေသောဓမ္မ-သိက္ခာပုဏ်၌၊ ဘိက္ခုနီမသည် အနုပသမ္ပန္နပုဂ္ဂိုလ်စုတွင်မပါဝင်သောကြောင့်အာပတ်မသင့်ပါ။

● ပဒေသောဓမ္မ-သိက္ခာပုဏ်အရ၊ သာမဏေနှင့် ပြိုင်တူ ရွတ်ဆို သော်လည်း အာပတ် မသင့်သော အရာမျိုးကို ရေးခဲ့ပါ....?။

(၆၁၇) ဖြေ။ ။*စာတူ တက်လတ်' ရွတ်ဖတ်' လွှဲရာ' ပရိတ်ရွတ်ပြု' မှားမှု ထောက်ခါ'။
ရှင့်ထံ စာတက်' ရှုးလျက် စ-စ္ဒာ'၊
ပြစ်မရှိ မှတ်ဘိ ပြိုင်ရွတ်ရာ။

---

(၅) ပထမ သဟဿေယျ သိက္ခာပုဏ်

● ပဒေသောဓမ္မ သိက္ခာပုဏ်လာ အနုပသမ္ပန္နနှင့် ပထမ သဟ ဿေယျ သိက္ခာပုဏ်လာ အနုပသမ္ပန္န-အရ တူသလော, ထူးသလော ရှင်းလင်းခဲ့ပါ...?။

(၆၁၈) ဖြေ။ ။မတူပါ၊ **ပဒေသောဓမ္မ အနုပသမ္ပန္န-အရ**၊ ဘိက္ခု, ဘိက္ခုနီမှတပါး လူ, သာမဏေများ ရ၏။

http://www.dhammadownload.com

ပထမ သဟသေယျ အနုပသမ္ပန္န-အရ၊ ဘိက္ခုမှတပါး လူ, သာမဏေနှင့် ပါရာဇိက လောက်သော တိုရစ္ဆာန်များ. ရှိ၏။ (ဤသို့ ထူးပါသည်။)

● ပထမသဟသေယျသိက္ခာပုဒ်အနုပသမ္ပန္န-အရဌ၊အဘယ်ကြောင့်ဘိက္ခုနိမက်ိုမယူပါသနည်း ရှင်းလင်းခဲ့ပါ...?။

(၆၁၉) ဖြေ။ ။ဒုတိယသဟသေယျသိက္ခာပုဒ်လာ မာတုဂါမ-အရတွင် ဘိက္ခုနိမလည်း ပါဝင်ပြီးဖြစ်၍၊ ဤ၌ မယူခြင်းဖြစ်ပါသည်။

● သဟသေယျလောက်ရာကျောင်း, အိမ်တို့ကိုဖော်ပြပါ.?။

(၆၂၀) ဖြေ။ ။အလုံးစုံ (သို့မဟုတ်) ထက်ဝက် လွန်၍ မိုးကာအပ်သော ကျောင်း, အိမ်တို့သည် သဟသေယျလောက်ရာ ကျောင်း, အိမ်တို့ ဖြစ်ပါသည်။

* လုံးစုံ ထက်ဝက်၊ လွန်လျက် မိုးကာ၊ ကျောင်း ၅-ခု၊ လောက်ရာ သဟသေ။

● အဘယ်မျှပမာဏရှိမှ အကာ, ကာသည်မည်သနည်း...?။

(၆၂၁) ဖြေ။ ။*ဘေး ပတ် လည်မှာ၊ တ တောင့် ထွာ၊ မြင့်ရာ အကာမည်။

ပုတ်ချက်။ ။တတောင့်ထွာဟူသည် မဇ္ဈိမ ပုရိသ လက်သမား တောင်ကို ဆိုလိုသည်။

● (က) အမိုး, အကာ ထက်ဝက် တိတိရှိသောကျောင်း၊
(ခ) အမိုးသာရှိ-အကာမရှိ၊ အကာသာရှိ - အမိုးမရှိ သော ကျောင်းတို့၌ အိပ်ကောင်းပါမည်လော...?။

http://www.dhammadownload.com

(၆၂၂) ဖြေ။ ။(က) မအိပ်ကောင်း ဒုက္ခင့်။
(ခ) အိပ်ကောင်း အနာပတ္တိ။

● အထပ်, အဆောင်, အခန်းပေါင်း မျှား စွာ ရှိ သော ကျောင်း၌၊လူ,သာမဏေတို့နှင့်တထပ်,တဆောင်,တခန်း စီ ခွဲအိပ်က အိပ်ကောင်းပါမည်လော ရှင်းလင်းခဲ့ပါ....?။

(၆၂၃) ဖြေ။ ။ကေူပစာရဖြစ်လျှင် မအိပ်ကောင်း သဟ သေယျ-ဖြစ်၏၊နာနှူပစာရဖြစ်လျှင်အိပ်ကောင်း၏ အနာပတ္တိ။

* ကေူပစာ၊ဝိဟာဖြစ်ချေ၊သဟသေ၊မှတ်လေ မအိပ်ကောင်း။
* နာနှူပစာ၊ ဖြစ်ခဲ့ရာ၊ အိပ်ပါ ပြစ်လွတ်ကြောင်း။

● ကေူပစာရ, နာနှူပစာရ-ဟူသည်၊ အဘယ်ကို ဆိုလိုပါ သနည်း....?။

(၆၂၄) ဖြေ။ ။တံခါး တပေါက်တည်းမှဝင်၍ အထပ်, အဆောင်,အခန်းအသီးသီးသို့တဆက်တည်းသွားလာလှည့်လည် နိုင်သော ဝင်-ထွက်ရာ တံခါးတူသည့် နေရာဌာနမျိုးကို ကေူ ပစာရ-ဟု ဆိုသည်။

တံခါးအသီးသီးမှဝင်၍ အထပ်,အဆောင်,အခန်းအသီးသီး သို့ တခြားစီ သွားလာလှည့်လည်နိုင်သော ဝင်-ထွက်ရာ တံခါး မတူသည့် နေရာဌာနမျိုးကို နာနှူပစာရ-ဟု ဆိုသည်။

* ဝင်-ထွက် တံခါး၊ တူခြား တစ်ရှိ၊ သွားနိုင်ဘိ၊ မှတ်ဘိ ကေူပစာတည်း။
* ထံခါ၊ မတူ၊ လှည့်မူမရ၊သီးသီးမှသာ၊သွားနိုင်ရာ၊မှတ်ပါ နာနှူတည်း။

---

http://www.dhammadownload.com

● ယခုကာလ ရထား, သင်္ဘောများ၌ လူ စသည်တို့နှင့်အတူ တက္ကရေးသွားလာ ညဉ့်အိပ်ကြရာ၊ သဟသေယျ ဖြစ်, မဖြစ် စိစစ်ခဲ့ပါ....?။

(၆၂၅) ဖြေ။ ။အမိုး, အကာ ထက်ဝက်ထက် လုံလျှင် သဟသေယျလောက်သောကြောင့် ယခုကာလ ရထား, သင်္ဘောများသည် အမိုး, အကာထက်ဝက်မက ပါရကား....သဟသေယျ ဖြစ်ပါသည်။

မှတ်ချက်။ ။ရထား, သင်္ဘော၌ မာတုဂါမ ပါလျှင် တညဉ့်မျှ အိပ်ကာမျှဖြင့် ဒုတိယ သဟသေယျ သိက္ခာပုဒ်အရ အာပတ် သင့်မည်၊ လူ ယောက်ျား, သာမဏေ, ပါရာဇိက လောက်ရာ တိရစ္ဆာန်များနှင့် ၃-ညဉ့် ထက် ကျော်၍ အိပ်လျှင် ဤသိက္ခာပုဒ်အရ အာပတ် သင့်မည်။

● သက်သက် (သို့မဟုတ်) ကုလားထိုင်နှင့် ထိုင်၍ အိပ်က သဟသေယျ ဖြစ်ပါသလော ရှင်းလင်းခဲ့ပါ....?။

(၆၂၆) ဖြေ။ ။မ'ဖြစ်ပါ၊သို့သော် ကုလားထိုင်နှင့်အိပ်က ခြေ ၂-ချောင်းကို ကြမ်းပြင်နှင့် ထိထား မှသာ သဟသေယျ မဖြစ်သည်၊ လွတ်က သဟသေယျပင် ဖြစ်သည်။

● သာမဏေ ၁-ပါးနှင့် ၃-ညဉ့် အိပ်ပြီးနောက် ၄-ညဉ့် မြောက်ညမှာအခြားသာမဏေ၁-ပါးနှင့်အတူအိပ်ခြင်း၊ သာမဏေများနှင့် ရှေကျောင်းမှာ ၃-ညဉ့် အတူတက္ကအိပ်ပြီးမှ ၄-ညဉ့်မြောက်မှာ စိန်ကျောင်းသို့ ပြောင်း၍ သာမဏေများနှင့်ပင် အတူအိပ်ခြင်းပြုရာ သဟသေယျ ဖြစ်, မဖြစ် ရေးခဲ့ပါ....?။

http://www.dhammadownload.com

(၆၂၇) ဖြေ။ ။သဟသေယျ ဖြစ်မှုသည် အနုပသမ္မန္ဓ ကဲ့ပြားမှု, အိပ်ရာဌာန ကဲ့ပြားမှုတို့သည် လိုရင်းပမာဏ မဟုတ်၊ အတူအိပ်သောသူသည် အနုပသမ္မန္ဓ-ဖြစ်ခြင်း၊ အတူအိပ်ရာ ဌာနသည် သဟသေယျလောက်သော နေရာဖြစ်ခြင်း တို့သည်သာ လိုရင်းပမာဏ ဖြစ်ရကား....ထိုသို့ အိပ်ခြင်းမျှားအတွက် သဟသေယျပင် ဖြစ်ပါသည်။

● သဟသေယျ-အတူအိပ်ခြင်းဟူသည်၊ အိပ်ရာတခုတည်း၌ အတူတွဲ၍အိပ်ခြင်းကိုဆိုလိုပါသလော ရှင်းလင်းခဲ့ပါ-?။

(၆၂၈) ဖြေ။ ။ထိုသို့ အိပ်ခြင်းမျိုးကို မဆိုလိုပါ၊ သဟသေယျလောက်ရာ နေရာ ဌာနတွင် ရဟန်းနှင့် လူ, သာမဏေ စသည်တို့သည် နှစ်ဦး - နှစ်ဝ ဦးခေါင်းချ၍ အိပ်ခြင်းကိုသာ သဟသေယျ-အတူအိပ်ခြင်းဟု ဆိုလိုပါသည်။

● အတူအိပ်ရာတွင် အ ဘယ် အ ခါ ဘယ် အ ချိန် အထိ အိပ်ခြင်းကို ယူ.ရမည်နည်း....?။

(၆၂၉) ဖြေ။ ။ညဉ့်အခါအရုဏ်တက်သည်အထိအိပ်ခြင်းကို ယူရပါမည်၊ နေ့အခါ၌မူ ဘယ် အခါ မဆို အိပ် ကောင်းပါသည်။

● ၃-ညဉ့်ထက်လွန်လွန်ခြင်းပင်အာပတ်သင့်ပါသလော-?။

(၆၃၀) ဖြေ။ ။မသင့်ပါ၊ ၄-ညဉ့်မြောက် နေဝင်ချိန်မှ စ၍ အိပ်မှသာ အာပတ်သင့်ပါမည်။

● သဟသေယျ ဖြတ်နည်းကို ရေးခဲ့ပါ....?။

(၆၃၁) ဖြေ။ ။၄-ညဉ့်မြောက်မှာ လူ-စသည် ရှိသော ကျောင်း၌ မအိပ်ပဲ၊ (ဝါ) ဦးခေါင်းမချပဲ၊ လူ-စသည် မရှိရာ

http://www.dhammadownload.com

ကျောင်းဌ (သို့မဟုတ်) လွင်ပြင်ဌအိပ်က သဟသေယျ အဆက်ပြတ်ပါသည်။

● ပထမသဟသေယျသိက္ခာပုဒ်အနုပညတ်ကိုထုတ်ပြပါ-?။

(၆၃၂) ဖြေ။ ။အနုပ်ညတ်ကား-"ဥတ္တရိ ဒိရတ္တ တိရတ္တံ" ဖြစ်ပါသည်။

---

(၆) ဒုတိယ သဟသေယျ သိက္ခာပုဒ်

● ဒုတိယ သဟသေယျ သိက္ခာပုဒ်လာ မာတုဂါမ-အရ၊ အဘယ် မာတုဂါမကို ယူရမည်နည်း....?။

(၆၃၃) ဖြေ။ ။*ယနေ့ဗွား-စ၊ လူဖြစ်ထ၊ ဇီဝရှိ မ-ယူ။

● လူသေမနှင့် အတူအိပ်က အဘယ့်ကြောင့် သဟသေယျ မဖြစ်ပါသနည်း ရှင်းလင်းခဲ့ပါ ...?။

(၆၃၄) ဖြေ။ ။လူသေမသည် ပါရာဇိကလောက်သော ဝတ္ထု ဖြစ်သော်လည်း အနုပါဒိန္ဒ ဥဘုဇရုပ်အဖို့၌ တည်သော ကြောင့် သဟသေယျ မဖြစ်ခြင်း ဖြစ်ပါသည်။

● နတ်, ဘီလူး, ပြိတ္တာ, တိရစ္ဆာန်မတို့နှင့် အတူအိပ်က သဟသေယျ ပါစိတ်အာပတ် သင့်, မသင့် ရေးခဲ့ပါ....?။

(၆၃၅) ဖြေ။ ။*ပါရာလောက်သစ် တိရစ် ဒုက္ခာ၊
မလောက်ပြစ်ကင်း အိပ်ခြင်းတူသာ။
ဘီလူး, ပြိတ္တ နတ်မ အိပ်ရာ၊
မြင်ကောင်းဒုက် မဟုတ် နာပတ္တာ။

---

http://www.dhammadownload.com

● နပုံး,ပဏ္ဏာက်တို့နှင့် အတူအိပ်က အဘယ် သိက္ခာပုဒ်အရ၊ အဘယ် အာပတ် သင့်မည်နည်း....?။

(၆၃၆) ဖြေ။ ။နပုံး,ပဏ္ဏာက်တို့နှင့် အတူအိပ်က ၃-ညဉ့်မြောက်လျှင် ၅-သဟသေယျ သိက္ခာပုဒ်ဖြင့် ဒုက္ကဋ် အာပတ်သင့်၍၊ ၄-ညဉ့်မြောက်က ပ-သဟသေယျဖြင့် ပါစိတ်၊ ၅-သဟသေယျဖြင့် ဒုက္ကဋ်အာပတ် သင့်ပါသည်။

● ဥဘတောဗျည်းနှင့် အိပ်က အဘယ် အာပတ် သင့်မည်နည်း....?။

(၆၃၇) ဖြေ။ ။ယောကျ်ား ဥဘတောဗျည်းမှာ နပုံးပဏ္ဏာက်အတိုင်းသင့်၍၊ မိန်းမဥဘတောဗျည်းမှာလူမိန်းမအတိုင်း အာပတ် သင့်ပါသည်။

● လူမိန်းမထက် ၃-ညဉ့်ထက် ပိုလွန်၍ အိပ်သော်၊ သဟသေယျ သိက္ခာပုဒ် ၂-ပုဒ်အတွက် သင့်မည်လော၊ ၁-ပုဒ်အတွက်သာ သင့်မည်လော ရှင်းလင်းခဲ့ပါ....?။

(၆၃၈) ဖြေ။ ။ပထမသဟသေယျသိက္ခာပုဒ် အနုပသမ္ပန္နအရတွင် မာတုဂါမကို ထည့်သွင်းက ၂-ပုဒ်လုံးဖြင့်အာပတ်သင့်မည်၊ မထည့်ကပထမ သဟသေယျ သိက္ခာပုဒ်ဖြင့် အပြစ်မသင့်, ဒုတိယ သဟသေယျဖြင့်သာ အပြစ်သင့်ပါသည်။

မှတ်ချက်။ ။ဤအရာ၌ ဝါဒကွဲများလှသည်။ ၁-ပုဒ်အတွက်သာ သင့်သည်ဟူသော ဝိမတိဝါဒကို သာရအားဖြင့် အနှစ်အသက် မှားကြ၏။

● ပထမ သဟသေယျနှင့် ဒုတိယ သဟသေယျ သိက္ခာပုဒ်တို့သည် အဘယ်သို့ ထူးပါသနည်း ...?။

http://www.dhammadownload.com

(၆၃၉) ဖြေ။ ။*လေးညဉ့်မြောက်မှာ၊ အိပ်ခဲ့ရာ၊ သင့်ပါ
ပထမ။
*အိပ်လျှင်အိပ်ခြင်း၊ပြစ်မကင်း၊သင့်ခြင်း
ဒုတိယ။

---

(၇) ဓမ္မဒေသနာ သိက္ခာပုဒ်

● ဥတ္တရိဆပ္ပဌဝါစာဟိ-၌ ဝါစာ-ဘရ၊ စကားခွန်းယူပုံကို ရေးခဲ့ပါ....?။

(၆၄၀) ဖြေ။ ။ဂါထာ-၌ တပါဒသည် တခွန်းမည်၏။ စုဏ္ဏိယ-၌၊ ဝိဘတ် တခုဆုံးသောပုဒ်သည် စကားတခွန်း မည်၏။
* ဂါထာမန္ဒ၊ တပါဒ၊ ဝါစာ တခွန်းပေ။
* စုဏ္ဏိယမှာ၊ ဝိ-ဆုံးရာ၊ ပုဒ်ဟာ တစ်မှတ်လေ။

● ပဒသောမ္မေသိက္ခာပုဒ်လာ ဓမ္မ-အရနှင့် ဤ ဓမ္မဒေသနာ သိက္ခာပုဒ်လာ မ္မေတို့သည် အဘယ်သို့ ထူးသနည်း....?။

(၆၄၁) ဖြေ။ ။မထူးပါ။ထိုဓမ္မအရ ၂-ခုတို့သည် အတူတူ ပင် ဖြစ်ပါသည်။

● ဒုတိယ သဟသေယ္ယုလာ မာတုဂါမနှင့် ဤ ဓမ္မဒေသနာ သိက္ခာပုဒ်လာ မာတုဂါမ တို့သည် အဘယ်သို့ ထူးပါ သနည်း....?။

(၆၄၂) ဖြေ။ ။*ယနေ့ဖွားစ လူ-မ ကိုသာ၊
ဒု-တိ သဟ ယူရ မ-ပါ။
လိမ္မာရေးခြား ခွဲခြားဝါစာ၊
နားလည်ထ ယူ-မ ဒေသနာ။

---

http://www.dhammadownload.com

● ပုဏ္ဏိသ ဝိဂ္ဂဟေ-ၦ၊ ပုရိသ-အရ အဘယ် ယောက်ျားမျိုးကို ယူရမည်နည်း?....။

(၆၄၃) ဖြေ။ ။ပုရိသ-အရ၊ ကောင်း, မကောင်း ရှုန့်ရင်း မရှုန့်ရင်းသော စကားကို သိသော ယောက်ျားကို ယူရပါမည်။

* ကောင်းသည် မကောင်း၊ အကြောင်းရှုန့်ရင်း၊ မရှုန့်ရင်းကို၊ သိခြင်းစွမ်းထေ၊ မနုဿ၊ ယူရ ပုရိသေ။

● လူယောက်ျားယောင် ဆောင်ထားသော နတ်, ဘီလူး, တိရစ္ဆာန် ယောက်ျားတို့ကို အနီးထား၍ တရားဟော ကောင်းပါမည်လော....?။

(၆၄၄) ဖြေ။ ။မဟောကောင်းဝါ၊ အာပတ်သင့်ပါသည်။

● နတ်သမီး, ဘီလူးမ, ပြိတ္တာတို့ကို ဝိညူပုရိသနှင့် ကင်း၍ တရားဟောက အဘယ်အာပတ် သင့်မည်နည်း....?။

(၆၄၅) ဖြေ။ ။*နတ်မ စ-စ္ဓာ၊ ကျားကင်းကွာ၊ ဓမ္မာ ဟောလတ်၊ သင့်ဒုက္ကဋ်။

● မာတုဂါမအား တယောက်တည်း သီလပေးကောင်းပါ မည်လော အကြောင်းပြ၍ ဖြေပါ....?။

(၆၄၆) ဖြေ။ ။ပါဠိပါဘော်လည်း ဓမ္မဒေသနာသဘော မျိုး မဟုတ်သောကြောင့်၊ မာတုဂါမအား တယောက်တည်း သီလပေးသော ရဟန်းအား အာပတ်မသင့်ဟု ဆရာမျှား ဆိုကြ ပါသည်။

● မာတုဂါမအား ၆-ပုဒ်ထက် အလွန် ဂရား ဟောရာ၌၊ အာပတ်မသင့်နိုင်သော အကြောင်း မျှားကို ရေးသား ခဲ့ပါ...?။

http://www.dhammadownload.com

(၆၄၇) ဖြေ။ ။မာတုဂါမက ပြဿနာမေး လျှင် ဆော်လည်းကောင်း၊ရဟန်းက ဖြစ်ခဲ့, မာတုဂါမက ဖြစ်ခဲ့ ၆-ပုဒ် ဟောပြီးက ဣရိယာပုထ်ဖျက်၍ ဟော-နာ လျှင် ဆော်လည်းကောင်း ဟောကောင်းပါသည်။

● မာတုဂါမအား တရားဟောရာ၌၊ အာပတ် သင့်ရာတွင် မာတုဂါမ အရေအတွက်နှင့် သင့်သလော တရားဓမ္မ အရေအတွက်နှင့် သင့်ပါသလော....?။

(၆၄၈) ဖြေ။ ။မာတုဂါမ,တရားဓမ္မနှစ်ဝ အရေအတွက် ဖြင့်ပင် သင့်ပါသည်။

● ဓမ္မဒေသနာ သိက္ခာပုဒ်၌ အနုပညတ်ကို ရေးခဲ့ပါ....?။

(၆၄၉) ဖြေ။ ။*"အညတြ ဝိညုနာ ပုရိသဝိဂ္ဂဟေန" ကား....အနုပညတ် ဖြစ်ပါသည်။

---

(၈) ဘူတာရောဝန သိက္ခာပုဒ်

● တကယ် မိမိ၌ရှိသော ဥတ္တရိ မနုဿဓမ္မကို ဘိက္ခုနီမအား ပြောကြားကောင်းပါသလော၊အကြောင်းပြ၍ဆုံးဖြတ်ခဲ့ပါ....?။

(၆၅၀) ဖြေ။ ။ဘူတာရောဝန အနုပသမ္မန္ - အရတွင် ဘိက္ခုနီမ မပါ၀င်သောကြောင့် ပြောကြား ကောင်းပါသည်၊ (အနုပသမ္မန္-အရ လူ,သာမဏေသာ ယူရမည်။)

* ဘိက္ခုနီအား၊ ဈာန်,မဂ်ကြား၊ မှန်ကြား ပြစ်မသင့်။

---

http://www.dhammadownload.com

● လူ, သာမဏေအား မိမိ၌ရှိသော ဥတ္တရိ မနုဿ ဓမ္မကို အမှန်အတိုင်း တိုက်ရိုက်ပြောကြားရာ၌၊ နားမလည်ကအာပတ် သင့်, မသင့် ရေးခဲ့ပါ....?။

(၆၅၁) ဖြေ။ ။တိုက်ရိုက် ပြောကြားရာ၌၊ နားမလည်သော်လည်း ဒုက္ကဋ်အာပတ် သင့်ပါသည်။

* တိုက်ရိုက်ပြောကြား၊ မလည်နား၊ ပြစ်ကား ဒုက္ကဋ်သင့်။

● သွယ်ဝိုက် လှည့်ဖြား ပရိယာယ်အားဖြင့် အမှန် အတိုင်း ပြောကြားရာ၌၊ နားမလည်က အာပတ်သင့်ပါသလော ရေးခဲ့ပါ....?။

(၆၅၂) ဖြေ။ ။သွယ်ဝိုက် လှည့်ဖြား ပရိယာယ်အားဖြင့် အမှန်အတိုင်းပြောကြားရာ၌၊ နားလည်သည်ဖြစ်စေ, နားမလည်သည်ဖြစ်စေ ဒုက္ကဋ်အာပတ် သင့်ပါသည်။

* သွယ်ဝိုက် လှည့်ဖြား၊ ဈာန်, မဂ်ကြား၊ မှန်ကြား ဒုက္ကဋ်သင့်။

● ဘူတာရောစန အနာပတ္တိ ဝါရ.၌၊ ဥမ္မတ္တက, ခိတ္တစိတ္တ, ဝေဒနာဋ္ဌ ပုဂ္ဂိုလ်များကို အဘယ့်ကြောင့် မဟောပါသနည်း....?။

(၆၅၃) ဖြေ။ ။*အရိယာမှာ၊ ရူးသွပ်တာ၊ ဘယ်ခါ မဖြစ်ပေ။

*ထို့ကြောင့် သာပ၊ ဥမ္မတ္တ၊ ဟောထ မပြုခဲ့။

● ဈာနလာဘီပုဂ္ဂိုလ်တို့သည် ဥမ္မတ္တကစသည် ဖြစ်ကောင်းသည် မဟုတ်လော၊ အဘယ့်ကြောင့် ထိုပုဂ္ဂိုလ်များကို မယူရပါသနည်း....?။

http://www.dhammadownload.com

(၆၅၄) ဖြေ။ ။ပုထုဇဉ် စျာ နလာ ဘီ ပုဂ္ဂိုလ်တို့သည် ဥမ္မတ္တက စသည်ဖြစ်ခြင်း ရှိသည်မှန်သော်လည်း ဥမ္မတ္တကစသည် ဖြစ်က စျာန်မှ လျှောကျသွားရ၍ ထိုပုဂ္ဂိုလ်မျှားကို မယူရခြင်း ဖြစ်ပါသည်။

* ပုထုဇန်ရ၊ ရူးသွပ်က၊ ‌ လျှောကျ ဈာန်ကင်းကွာ။
* ထို့ကြောင့်သာပ၊ မယူရ၊ ဈာန် လာဘီသာ။

---

(၉) ဒုဋ္ဌုလ္လာရောစန သိက္ခာပုဒ်

● ဒုဋ္ဌုလ္လာရောစန-သိက္ခာပုဒ်၌၊ ‌ ဘိက္ခုဿ-အရ အဘယ် ရဟန်းမျိုးကို ယူရမည်နည်း....?။

(၆၅၅) ဖြေ။ ။*ပါရာဇိက၊ မကျတာ၊ ယူပါ ဘိက္ခုဿ။

● ဒုဋ္ဌုလ္ဟ အပြားကိုရေး၍၊ ဤ၌ အဘယ် ဒုဋ္ဌုလ္လကို ‌ ‌ ‌

http://www.dhammadownload.com

● ဒုဋ္ဌုလ္လာရောဝန-သိက္ခာပုဒ်၌၊ အဘယ်ကို သမ္မုတိ-ဟု ဆိုပါသနည်း၊ ထိုသမ္မုတိကို အဘယ်ရဟန်းများအတွက် အဘယ် အကျိုးငှါ အဘယ် ပုဂ္ဂိုလ်အား ဘယ်လိုပေးရ မည်နည်း ရှင်းလင်းခဲ့ပါ....?။

(၆၅၈) ဖြေ။ ။ဒုဋ္ဌုလ္လာရောစန သိက္ခာပုဒ်၌ သံဃာက ပြုအပ်သော ကတိကဝတ်ကိုပင် သမ္မုတိ-ဟု ဆိုရပါသည်။

ထို သမ္မုတိကို အာပတ်အမြဲသင့်နေသော အလင့်ဇီရဟန်းများ အတွက် ရှက်ကြောက်သောအားဖြင့် အာပတ်မှ အပြစ် ရှောင် ကြဉ်ဝေရန်အကျိုးငှါလင့်ဇီရဟန်းတပါးပါးအား ပေးရပါမည်။

ထိုသမ္မုတိပေးပုံမှာ– သံဃာ စည်းဝေးပြီးနောက် သံဃာ့ အလယ်မှာ "ဦးလာဘ၏ ဒုဋ္ဌုလ္လ အာပတ်ကို လူ့သာမဏေအား ပြောကြားနိုင်ရန် ဦးဓမ္မအား သမုတ်ပါသည်၊ သဘောတူလျှင် ဆိတ်ဆိတ်နေကြပါ" ဟု ၃-ကြိမ်ကြားသိစေ၍ ပေးရပါသည်။

● ဤ ရဟန်းသည် သုက္က ဝိဿဋ္ဌိ အမှုကို ပြု၏-ဟု ဝတ္ထု သက်သက်ဖြင့် သော် လည်းကောင်း၊ ဤ ရဟန်းသည် သံဃာဒိသေသ် အာပတ်သင့်၏ဟု အာပတ် သက်သက် ဖြင့် လည်းကောင်း ပြောက ပါစိတ် အာပတ် သင့်ပါ သလော....?။

(၆၅၉) ဖြေ။ ။*ဝတ္ထု, အာပတ်၊ သက်သက်မှတ်၊ ပြော လတ် ပြစ်မသင့်။

● အဘယ်သို့ပြောမှ ဒုဋ္ဌုလ္လာရောစန ပါစိတ်အာပတ် သင့် ပါသနည်း....?။

http://www.dhammadownload.com

(၆၆၀) ဖြေ။ ။*ဝတ္ထု,အာပတ်၊ တွဲစပ် ပြောမှ၊ဒုဋ္ဌုလ္လ၊ သင့်ထ ပါစိတ်ပေ။

မှတ်ချက်။ ။ဤရဟန်းသည် သုက္ကဝိဿဋ္ဌိအမှု ပြုသောကြောင့် သံဃာဒိသေသ် အာပတ် သင့်သည်ဟု ဝတ္ထု, အာပတ် တွဲစပ်ပြောမှ အာပတ်သင့်သည်ဟူလို။

● ရဟန်းများ၏ သံဃာဒိသေသ်မှ တပါးသော အာပတ်များ ကို လည်းကောင်း၊ သာမဏေများ၏ သိက္ခာပုဒ်လွန်ကျူးမှုကို လည်းကောင်း ပြောကောင်းမည်လော ရှင်းခဲ့ပါ....?။

(၆၆၁) ဖြေ။ ။*သံဃာဒိမှ ကြွင်းထ ပြစ်ဆာ၊
လူ,သာမဏေအား ပြောကြား ဒုက္ခာ။
မောင်ရင် ကျင့်ပြစ် ပြောလစ် ဝါစာ၊
ထိုတူပဲ သင့်မြဲ ဒုက္ခ၌ပါ။

● သာမဏေတို့ ၁၀-ပါး သိလကို ဒုဋ္ဌုလ္လာ, အဒုဋ္ဌုလ္လ, အဗ္ဗာဝစာရ အားလျော်စွာ ခွဲခြားပြပါ....?။

(၆၆၂) ဖြေ။ ။*သူ့သက်,သတ်မှု၊ ရှေင်ါးခု၊ မှတ်ရှ ဒုဋ္ဌုလ္လ။
*ညစာ,စားမှု၊ နောက်ငါးခု၊ မှတ်ရှအဒုဋ္ဌပ။

● သုက္ကဝိဿဋ္ဌိ,ကာယသံသဂ္ဂ, ဒုဋ္ဌုလ္လာရောစနှ, အတ္တကာမ အမှုတို့ကို သာမဏေများပြုက အဘယ်အပြစ် သင့်မည်နည်း....?။

(၆၆၃) ဖြေ။ ။*သုက်လွှတ်,သုံးသပ်၊ အာပတ် ပြစ်ဆို၊ ကာမကို၊ တောင်းဆို ရှင်ဒဏ်သင့်။

---

http://www.dhammadownload.com

(၁၀) ပထဝီ ခဏန သိက္ခာပုဒ်

● ပထဝီ အပြောကို ရေး၍၊ ဤသိက္ခာပုဒ်၌ လိုအပ်သော ပထဝီကိုလည်း ညွှန်းခဲ့ပါ....?။

(၆၆၄) ဖြေ။ ။*ဇာတ, အဇာတ၊ နှစ်ပါးပြု၊ မှတ်ကြ ပထဝီ။

*မ တူး ကောင်း ရာ၊ ဇာတသာ၊ ယူပါ ပထဝီ။

● ဇာတ, အဇာတ ပထဝီဟူသည် ဘယ်လိုမြေမျိုးကို ဆိုလို ပါသနည်း၊ ရင်းတို့၏ ထူးခြားဟန်ကို ဝေဖန်ခဲ့ပါ....?။

(၆၆၅) ဖြေ။ ။*သက်သက် မြေညက်၊ စုလျက် တဖြာ၊ ကျောက်ခဲရောပြု၊ နည်းမှု ဇာတာ။
မီးလောင်ကျောက်မျှား၊ ကျောက်သား မြေဟာ၊
အဇာတ၊ မှတ်ကြ အပ်မြေပါ။

● ဇာတ ပထဝီအပြောကို အဓိပ္ပါယ်နှင့် တကွ ရေးသားခဲ့ပါ....?။

(၆၆၆) ဖြေ။ ।ဇာတ ပထဝီ အပြောကား-

၁-သုဒ္ဓပထဝီ=ဘာမျှ မရောယှက်သော မြေမှုန့်, မြေညက် သက်သက်။

၂-မိဿကပထဝီ-ကျောက်ခဲ, သလဲ, အိုးခြမ်းကွဲစသည်တို့ ၃-ပုံ ၁-ပုံရောသော မြေမှုန့်, မြေညက်။

http://www.dhammadownload.com

၃–ပုဗ္ဗပထဝီ = ၄-လထက်အလွန် မိုးရေစွတ်သောစုပုံထား သည့် မြေမှုန့်, မြေညက်။
* သုဒ္ဓ, ပဗ္ဗ၊ မိဿက၊ ဇာတ မြေအပြား။

● သုဒ္ဓပထဝီ, မိဿကပထဝီတို့၏ အပြားကို ရေးခဲ့ပါ....?။

(၆၆၇) ဖြေ။ ။*ပံသု, မတ္တိကာ၊ မြေ နှစ်ဖြာ၊ သုဒ္ဓါ, မိဿပြား။
*အပေါ်ယံစု၊ ဖုံမြှုစု၊ ပံသု ပထဝီ။
*ဖုံမြှုအောက်ရှိ၊ မြေသားတီ၊ မတ္တိပထဝီ။

● ကျောက်ခဲ, သလဲ, အိုးခြမ်းကွဲ ထက်ဝက် ရောသော မြေကို တူးကောင်း, မတူးကောင်း ဆုံးဖြတ်ပါ...?။

(၆၆၈) ဖြေ။ ။*ကျောက်ခဲ, ထက်ဝက်၊ ရောမြေဖျက်၊ သင့်လျက် ပါစိတ်ပင်။

● ခဏေယျ-ဟု ခဏန - ကြိယာဖြင့် ဟောခြင်းကြောင့် ခဲ,ဖျက်,ခြစ်,မီးတိုက် စသည် ပြုကောင်းသည်ဟု မှတ်ရ မည်လော ရှင်းခဲ့ပါ....?။

(၆၆၉) ဖြေ။ ။*ဥပလက္ခဏာ၊မှတ်၍သာ၊ဆိုပါ ခဏန။
*ခဲ, ဖျက်, ခြစ်မှု၊ မီးတိုက်မှု၊ မပြု ကြဉ် ရှောင်ရ။

● ခဏာပေယျ-၌ ခိုင်းခြင်းသရုပ်ကိုထုတ်၍၊ ဤ၌ အဘယ် ခိုင်းခြင်းကို ယူရမည်နည်း....?။

(၆၇၀) ဖြေ။ ။*အပ်စပ်,မအပ်စပ်၊ ခိုင်းစေလတ်၊ မအပ် ခိုင်းခြင်းယူ။

---

http://www.dhammadownload.com

● အဘယ်သို့ ခိုင်းစေခြင်းသည် အပ်သော ခိုင်းစေခြင်း, မအပ်သော ခိုင်းစေခြင်း ဖြစ်ပါသနည်း....?။

(၆၇၁) ဖြေ။ ။*ကပ္ပိ သိချေ၊ ပေးလေ, ဆောင်လော၊ ဤအပြော၊ အပ်သော ခိုင်းစေခြင်း။
*မီးတိုက်, တူးဆွ၊ ပေါက်ဟ ထိုးဖြတ်၊ ပြောဆိုလတ်၊ မအပ် ခိုင်းစေခြင်း။

မုသာဝါဒဝဂ် ပြီး၏။

ဘူတဂါမဝဂ်

(၁) ဘူတဂါမ သီက္ခာပုဒ်

● ဘူတဂါမ်, ဗီဇဂါမ် ဟူသည်၊ အဘယ်ကို ခေါ်ပါသ့နည်း....?။.

(၆၇၂) ဖြေ။ ။*စိမ်းလန်းစိုလျက်၊ နွယ်, မြက်, သစ်ပင်၊ ဘူတဂါမ မှတ်ကြလေအင်။
ပင်ပေါက်နိုင်ဘီ သတ္တိရှိလျှင်၊ မျိုးဟူက ဗီဇ ဂါမပင်။

● ဗီဇဂါမ် အပြားကို ရေး၍၊ ဗီဇဂါမ်ကို ဖျက်ဆီးက အဘယ်အာပတ် သင့်ပါသနည်း....?။

(၆၇၃) ဖြေ။ ။*ပင်စည်,အမြစ်၊ အဆစ်,ညွှန့်ဖျား၊ အစေ့အား၊ငါးပါး ဗီဇဂါမ်။ (ဝိ-သံ)
ဖျက်ဆီးတုံ့လတ်၊ သင့်ဒုက္ခ၊ ငါးရပ် လွတ်ကြောင်းဖန်။ (ဝိ-သံ)

---

http://www.dhammadownload.com

● မျိုးစေ့ကို စိုက်ပျိုးထား၍၊ ဘယ်အခါတွင် ဘူထဂါမ်, ဘယ်အခါတွင် ဗီဇဂါမ် မည်သည်ကိုပိုင်းခြားပြပါ....?။

(၆၇၄) ဖြေ။ ။*မြစ်,ညွှန့် နှစ်ဝ၊ ထွက်ပေါ်က၊ ခေါ်ရ ဘူတဂါမ်။

*မြစ်,ညွှန့် နှစ်ခု၊တခုခု၊ထွက်ပြီ ဗီဇဂါမ်။

● ရေအိုးအပြင်ဘက်၌ စွဲကပ်နေသော ရေညှိကို ပွတ်သပ်, ဆေးကြော,နေလှန်းခြင်းစသည်ပြုကောင်း,မပြုကောင်း အကြောင်းပြ၍ ဖြေပါ....?။

(၆၇၅) ဖြေ။ ။ရေညှိသည် ဗီဇဂါမ်ဝတ္ထုဖြစ်၍ ဖျက်ဆီးလိုသော သဘောဖြင့် ပွတ်သပ်,ဆေးကြော, နေလှန်းခြင်း မပြုကောင်းပါ၊ဒုက္ခဋ္ဌာနအာပတ် သင့်ပါသည်။ အမှတ်မထင် နေလှန်းလျှင်သော် လည်းကောင်း၊ အတွင်းဘက်ရှိ ရေညှိကို ပွတ်သပ်ဆေးလျှင်သော်လည်းကောင်း အပြစ်မရှိပါ။

● ဘူတဂါမ်, ဗီဇဂါမ်တို့ကို သူတပါး အား ဖျက်ဆီးခိုင်းကောင်းပါမည်လော ရှင်းခဲ့ပါ....?။

(၆၇၆) ဖြေ။ ။ဤသစ်ပင်ကို ကပ်ပါ၊ ဤမြက်ကို သီ-စသော ကပ်ပါယဝေါဟာရဖြင့်ကား....ခိုင်းကောင်းပါသည်၊ဤသစ်ပင်ကို ခုတ်,ဤမြက်ကို နုတ်-စသော အကပ်ပါယ ဝေါဟာရဖြင့်ကား,... မခိုင်းကောင်းပါ။

● ပါတဗျတာယ = ဖျက် ဆီး ခြင်း ဟူ သည်၊ အဘယ်သို့ ပြုခြင်းကို ဆိုလိုပါသနည်း....?။

http://www.dhammadownload.com

(၆၂၂) ဖြေ။ ။အယုတ်သဖြင့် လက်သည်း နှင့် ကုတ်, တုတ်ဖြင့် ခြစ်ခြင်းမှစ၍ ခုတ်ခြင်း, နုတ်ခြင်း, မီးတိုက်ခြင်း စသည် ပြုခြင်းတို့ကို ဖျက်ဆီးသည်ဟု ဆိုရပါသည်။

● ကပ္ပိခြင်း သရုပ်ကို ထုတ်၍၊ အဘယ် ကပ္ပိခြင်းတို့သည် ဝိနည်းကံရှိသော ကပ္ပိခြင်းမျှား ဖြစ်ပါသနည်း....?။

(၆၂၈) ဖြေ။ ။ကပ္ပိခြင်းသည်-

၁။ မီးဖြင့် တိုက်ခြင်း၊

၂။ ဓားဖြင့် ခုတ်ဖြတ်ခြင်း၊

၃။ လက်သည်းဖြင့် ဆိတ်ဖြတ်ခြင်း၊

၄။ မျိုးမရလောက်အောင် နုခြင်း၊

၅။ သရက်, ပိန္နဲသီးတို့ကဲ့သို့ အစေ့ကို ပယ်ထုတ်ပစ်ခြင်း၊ ပေါင်း ၅-ပါး ဖြစ်ပါသည်။

ထို ၅-ပါးတို့တွင် ရှေ့ ၃-ပါးကား ...ဝိနည်းကံ ရှိ၍၊ လူ, သာမဏေတို့အား ကပ္ပိစေရပါမည်၊ နောက် ၂-ပါးကား.... ဝိနည်းကံ မရှိပါ။

* မီး, ဓား, လက်သည်း၊ ကပ္ပိနဲ့၊ နုဆဲ, ပယ်နုတ်ခံ။
လူ, သာမဏေ၊ ကပ္ပိစေ၊ လွတ်လေ မျိုးသန္ဓာန်။ (ဝိ-သံ)

● ဓား, လက်သည်းတို့ဖြင့်ကပ္ပိရာ အဘယ်သို့ဖြစ်မှ ကပ္ပိခြင်း မြောက်ပါသနည်း....?။

(၆၂၉) ဖြေ။ ။*ပြတ်ရာ, ပေါက်ရာ၊ ထင်မှသာ၊ ရောက်ရာ ဓား, လက်ကံ။

---

http://www.dhammadownload.com

● ကပ္ပိယဝေါဟာရဖြင့် ခိုင်းစေပြီးကာမှ အဘယ့်ကြောင့် တဖန် ကပ္ပိရပြန်သနည်း....?။

(၆၇၀) ဖြေ။ ။မူလ ခိုင်းခြင်းဖြင့် ဘူတဂါမ် အဖြစ်မှ ကင်းပြတ်ပြီး ဖြစ်သော်လည်း ငရုတ် သီး, ကြံ စသည်တို့မှာ နောက်ထပ် အပင်ပေါက်ဦးမည်ဖြစ်၍၊ ဗီဇဂါမ်ကို ဖျက်ဆီးရာ မရောက်အောင် နောက်ထပ်တဖန် ကပ္ပိခြင်း ဝိနည်းက်တခုခုကို ပြုရခြင်း ဖြစ်ပါသည်။

● ဗီဇဂါမ် ဝတ္ထုတခုခုကို ကပ္ပိပုံ ရေးပြပါ....?။

(၆၇၁) ဖြေ။ ။ရဟန်းက ကပ္ပိလိုသော် ဝတ္ထုကို ကိုင်၍ ဖြစ်စေ, မကိုင်ပဲဖြစ်စေ "ကပ္ပိယံ ကရောဟိ" ဟု ဆိုရပါမည်၊ ထိုအခါ လူ,သာမဏေက "ကပ္ပိယံ ဘန္တေ" ဟုဆိုကာလက်သည်း ဖြင့် ဆိတ်ခြင်း, ဓားဖြင့် လှီးခြင်း, မီးဖြင့် တို့ခြင်း - ရှို့ခြင်း စသည်ဖြင့် ပြုရပါမည်။

● အဘယ် သဘော ဖြစ်စေရန် ပြုမှုကို ကပ္ပိခြင်းဟု ဆိုရပါ သနည်း၊ ဟတ္ထပါသ်အပမှ ကပ္ပိခြင်း, အကပ်မခံ-မကိုင်-မထိပ် ကပ္ပိခြင်းတို့သည် ကပ္ပိခြင်း မြောက်, မမြောက် ရေးခဲ့ပါ....?။

(၆၇၂) ဖြေ။ ။ရဟန်းတို့အား အပ်စပ်အောင်ပြုခြင်းကို ကပ္ပိဟု ဆိုရပါသည်၊ ဟတ္ထပါသ် အပမှလည်းကောင်း၊ အကပ် မခံ-မကိုင်-မထိပဲသော်လည်းကောင်း ကပ္ပိစေသော်လည်း ကပ္ပိ ခြင်း မြောက်ပါသည်။

---

http://www.dhammadownload.com

● ပန်းကန်ခ္ဍ ထည့်ထားသော ငရုတ်သီး,ကြက်သွန်စသည်တို့ကို တခုစီ ကပ်ပို့ရမည်လော....?။

(၆၈၃) ဖြေ။ ။တခုစီ ကပ်ပို့ မလိုပါ၊ ကပ်ပို့လိုသောအရာ ဝတ္ထု အားလုံးကို ကောဗဒ္ဓ တခုနှင့်တခု စပ်အောင် ပြုလုပ်ကာ တခုမျှကိုသာ ကပ်ပို့စေက အားလုံးပင် ကပ်ပို့ခြင်းမြောက်ပါသည်။

● ဆွမ်း-ယာဂုခ္ခ ထည့်ထားသော နှမ်းစေ့ကို ဘယ်လို ကပ်ပို့ရမည်နည်း....?။

(၆၈၄) ဖြေ။ ။ကောဗဒ္ဓ-တစပ်တည်းရှိမှ တခုခုကို ကပ်ပို့လျှင် ပြီးသည်၊တခုနှင့်တခု မထိစပ်မူကား-တခုစီ ကပ်ပို့ရပါမည်။

---

(၂) အညဝါဒက သိက္ခာပုဒ်

● အညဝါဒက,ဝိဟေသက-ဟူသည် အဘယ်သို့ ပြုခြင်းကို ဆိုပါသနည်း၊ဂင်းတို့၏ အရကိုလည်းကောက်ပြပါ....?။

(၆၈၅) ဖြေ။ ။ဝိနည်းဓိုရ်က မေးသည်ကိုတိုက်ရိုက်မဖြေဆိုပဲ ရှောင်လွှဲ,လှည့်စား အခြားသောစကားကိုသာ ပြောကြားလျက် အူကြောင်ကြောင် လုပ်နေခြင်းကို အညဝါဒက-ဟု ဆိုပါသည်။

မေးသည်ကို မဖြေကြားပဲ တုဏှီဘာဝေ ဆိတ်ဆိတ်နေလျက် ပေတေတေ လုပ်နေခြင်းကို ဝိဟေသက-ဟု ဆိုပါသည်။

http://www.dhammadownload.com

အညဝါဒက-အရ၊ ရှောင်လွှဲ, လှည့်စား ပြောကြားသော ရဟန်း၏ ပြောဆိုခြင်း ကြိယာ ရ၏။

ဝိဟေသက-အရ၊ ညှဉ်းဆဲခြင်း ကြိယာ ရ၏။

● မေးသည်ကို မဖြေ ဆိတ်ဆိတ် နေခြင်းသည် သံဃာကို ညှဉ်းဆဲရာရောက်၏ဆိုရာ အဘယ်သို့ ညှဉ်းဆဲရာရောက် ပါသနည်း ရှင်းခဲ့ပါ... ?။

(၆၈၆) ဖြေ။ ။မေးသည်ကို မဖြေ ဆိတ်ဆိတ် နေသည့် အတွက် သံဃာတော် မျှား မှာ ကြာ ရှည် စွာ ထိုင်ရသဖြင့် ညောင်းညာခြင်း, ထပ်ခါ-ထပ်ခါ မေးနေရသဖြင့် အာခြောက်ခြင်းစသည်ဖြစ်ရ၍၊ သံဃာကို ညှဉ်းဆဲသည်နှင့် တူသောကြောင့် မေးသည်ကို မဖြေ ဆိတ်ဆိတ်နေခြင်းသည် သံဃာကိုညှဉ်းဆဲရာ ဆောက်သည်ဟု ဆိုရပါသည်။

● အညဝါဒက သိက္ခာပုဒ်၌ အနုပညတ်ကို ထုတ်ပြု၍၊ ၎င်းအနုပညတ်သည် အဘယ် အနုပညတ်မျိုး ဖြစ်ပါသနည်း ...?။

(၆၈၇) ဖြေ။ ။အနုပညတ်ကား.... "ဝိဟေသက" ဖြစ်ပါသည်။

၎င်း အနုပညတ်သည် အာပတ္တိကရ - အနုပညတ်မျိုး ဖြစ်ပါသည်။

● အညဝါဒက - ဝိဟေသက အမှုကို ပြုပြုခြင်း ပါစိတ် အာပတ် သင့်ပါသလော ရှင်းလင်းခဲ့ပါ....?။

http://www.dhammadownload.com

(၆၈၈) ဖြေ။ ။အညဝါဒက-ဝိဟေသကအမှုကိုပြု,ပြုခြင်း ပါစိတ်အာပတ် ပသင့်ပါ၊ ကံမပြုမီပြုက ဒုက္ကဋ်အာပတ် သင့်၍၊ ကံပြုပြီးနောက် ပြုမှသာ ပါစိတ်အာပတ် သင့်ပါသည်။

* ကံ မပြုခင်၊ ဒုက္ကဋ်ပင်၊ ပြီးလျှင် ပါစိတ်သင့်။

● အညဝါဒက-ဝိဟေသကကို ပေါင်း၍ ဆိုခြင်းကြောင့် ပါစိတ်အာပတ် တချက်သာ သင့်သည်ဟု မှတ်ရမည် လော ရှင်းခဲ့ပါ...?။

(၆၈၉) ဖြေ။ ။မမှတ်ရပါ၊အညဝါဒကကြောင့် ပါစိတ် အာပတ်တချက်၊ ဝိဟေသက ကြောင့်လည်း ပါစိတ် အာပတ် တချက်သင့်၍၊ ၂-ပါးစုံကြောင့်ကား....ပါစိတ်အာပတ် ၂-ချက် သင့်ပါသည်။

---

(၃) ဥဏ္ဍာပနက သိက္ခာပုဒ်

● ဥဏ္ဍာပနက-ဓိယျနက တို့၏ အထူးကို ရေးခဲ့ပါ....?။

(၆၉၀) ဖြေ။ ။ရဟန်းတပါးကို အယုတ်အား ဖြင့်သိစေ ခြင်း၄၊ (၀၊) အထင်သေးသွားစေရန် အခြားရဟန်းများထံ သွား၍ ကဲ့ရဲ့ပြစ်ဖို့ မကောင်းသတင်း ဆိုခြင်းသည် **ဥဏ္ဍာပနက-** **မည်၏။**

သူတပါးကိုကား .... မပြောကြားပဲ ကိုယ် သိစေချင်သော ရဟန်း ကြားလောက်အောင်သာ မိမိတို့ အချင်းချင်း အတင်း ပြောခြင်း, မကောင်းသတင်း လှင့်ခြင်းသည် **ဓိယျနက-**မည်၏။

http://www.dhammadownload.com

အချုပ်အားဖြင့်-

၁–မျက်မှောက် အတင်း ပြောခြင်းကား....ဥဒ္ဓာဝပနက၊
မျက်ကွယ် အတင်းပြောခြင်းကား....ခိယျနက၊

၂–တိုက်ရိုက်ပြောခြင်းကား....ဥဒ္ဓာဝပနက၊
သွယ်ဝိုက်ပြောခြင်းကား....ခိယျနက၊

၃–ကဲ့ရဲ့ခြင်းကား....ဥဒ္ဓာဝပနက၊
ရှုတ်ချခြင်းကား....ခိယျနက၊ ဤသို့ ထူး၏။

* မျက်မှောက်,မျက်ကွယ်၊နှစ်သွယ်တိုတ်ရိုက်၊သွယ်ဝိုက်ပြောခဲ့၊ ကဲ့ရဲ့ရှုတ်ချ၊ ဆိုမြွက်ဟ၊ ထူးထ ဥဒ, ခိယျ၃။

● ရဟန်းတို့၏အတင်းကိုပြောတိုင်း ပါစိတ်အာပတ်သင့်ပါသလော ရှင်းလင်းခဲ့ပါ....?။

(၆၉၁) ဖြေ။ ။ရဟန်းတို့၏အတင်းကို ပြောတိုင်း ပါစိတ် အာပတ်မသင့်ပါ၊ ဘဂ္ဂုဒ္ဒေသက,သေနာသန ပညာပကစသော သမ္မုတိရသော ရဟန်းများ၏ အတင်းစကားကို ပြောကြားမှု သာ ပါစိတ်အာပတ် သင့်ပါသည်၊ ထိုသို့ သမ္မုတိ မရသည့် အခြားရဟန်းများ၏ အတင်းစကားကို ပြောကြားရာ၌ကား.... ဒုက္ကဋ်အာပတ် သင့်ပါသည်။

* ဆွမ်းညွှန် စ-ရှိ၊ သမ္မုတိရ၊ ဘိက္ခုနကို၊အတင်းဆို၊ ထိုသူ ပါစိတ်သင့်။

● အဓမ္မကံဖြင့် သမုတ်ထားသော ရဟန်း၏ အတင်းစကား ကို ပြောကြားက အဘယ်အာပတ် သင့်မည်နည်း....?။

(၆၉၂) ဖြေ။ ။ဒုက္ကဋ်အာပတ် သင့်ပါသည်။

---

http://www.dhammadownload.com

● လူ, သာမဏေတို့၏ အတင်း စကားကို ပြောကြားက အဘယ်အာပတ် သင့်မည်နည်း....?။

(၆၉၃) ဖြေ။ ။ဒုက္ကဋ်အာပတ် သင့်ပါသည်။

---

(၄) ပထမ သေနာသန သိက္ခာပုဒ်

● ပထမ သေနာသန သိက္ခာပုဒ်လာ မဇ္ဈ, ပိဋ္ဌ, ဘီသိ, ကောဋ္ဌ အမည်ရသော သေနာသန ဝတ္ထုမျှားကိုခွဲခြား၍ ရေးသားခဲ့ပါ....?။

(၆၉၄) ဖြေ။ ။ယခုကာလ အသုံးပြုကြသည့် အိပ်ရာ, ခုတင်မျိုးကို **မဇ္ဈ-ညောင်စောင်း-**ဟု ခေါ်ပါသည်။

စားပွဲ, ကုလားထိုင်, ထိုင်ခုံစသည်မျှားကို **ပိဋ္ဌ-အင်းမျှင်-**ဟု ခေါ်ပါသည်။

အပြင်က အဝတ် (သို့မဟုတ်) အပ်သော သားရေတို့ဖြင့် အိတ်ချုပ်၍ အတွင်းက(လူမွေး,ပန်းညှိရှက်သက်သက်မှတပါး) အမှတ်မရှိသော သားမွေး, အဝတ်, အုန်းဖွဲ့, သစ်ရွက်စသည်တို့ သုတ်ထားအပ်သော အိပ်စရာ, တိုင်စရာ ဖုံ, မွှေရာ စသည်တို့ကို **ဘီသိ-**ဘုံလျှို-ဟု ခေါ်ပါသည်။

ခေါင်းအုံးကို အလယ်က စုစည်းထားဘိသကဲ့သို့ ခါ၊သိမ်၍ အထက်,အောက်ကားပြီး ထက်စည်,ပလ္လင်သဏ္ဌာန်,မြက်,လျှော်စသည်ဖြင့် သားရေပတ်၍ လည်းကောင်း၊ မပတ်မူ၍ လည်းကောင်း ပြုလုပ်ထားသော ထိုင်စရာမျိုး ကို **ကောဋ္ဌ--ခတ်အခင်း-**ဟု ခေါ်ပါသည်။

---

http://www.dhammadownload.com

● မဠ-နှင့် ပီဋ အထူးကိုရေးရ၏၊ ၎င်းတို့၏ အပြားကိုလည်း ဖော်ပြပါ....?။

(၆၉၅) ဖြေ။ ။အလျှား ၄-တောင့်ထွာ၊ ၄-တောင် ပမာဏ ရှိသျှင် မဠ-ညောင်စောင်း၊ ထိုအောက် တိုက ပီဋ-အင်းပျဉ်၊ (ဤသို့ ထူး၏။)

မဠ-ပီဋ အပြားကား-

၁-မသာရက-တိုင်ထွင်း၍ ဘောင်သွင်းထားသော ညောင်စောင်း, အင်းပျဉ်။

၂-ဗုန္ဓိကာ ဗဒ္ဓ - တိုင်ခ်ဉ် ဘောင်ကပ်၍ ရိုက် ထား သော ညောင်စောင်း, အင်းပျဉ်။

၃-ကုဋ္ဌိရပါဒက - ခြေ ကောက် သော ညောင်စောင်း, အင်းပျဉ်။

၄-အာဟစ္စပါဒ-ဘောင် ထွင်း ၍ ခြေ သွင်း ထား သော ညောင်စောင်း, အင်းပျဉ်။

* လျှား လေးတောင့်ထွာ၊ လေးတောင်ဟာ၊ ခေါ်ပါ မဠ္ဍပေ။
* ထို့အောက် တိုက၊ ခေါ် ပီဋ၊ ထူးကြ ၍သို့ပေ။
* မသာရက၊ ဗုန္ဓိကနှင့်၊ ကုဋ္ဌိရပါဒကာ၊ အာဟစ္စာ၊ မှတ်ပါ မင်္ဂ, ပီ ပြာ။

● ဘီသီ အပြားကိုရေးရ၏၊ ၎င်းတို့၏ ပမာဏကိုလည်း ဖော်ပြပါ....?။

(၆၉၆) ဖြေ။ ။ဘီသီ အပြားကား... ၁-ဥဏ္ဍ၊ ၂-စောဠ၊ ၃-ဝါက်၊ ၄-တိဏ၊ ၅-ပဏ္ဏ၊ ပေါင်း ၅-ပါး ဖြစ်ပါသည်။

http://www.dhammadownload.com

ဘိသိ ပမာဏကား...မည်ရှေ့ မည်မျှပြုရမည်ဟု ပမာဏမရှိ၊ ညောင်စောင်း,အင်းပျဉ်တို့၏ ပမာဏအလိုက် ကြိုက်သလို ပြုနိုင်ပါသည်။

* ဥက္ကာ,စောဌ၊ ဝါက,တိဏာ၊ ပဏ္ဏပါ၊ ငါးဖြာ ဘိသိပြားး
* ဘိ သိ ပမာဏ၊ ထူးမပြ၊ ဆန္ဒ လိုရှိခြားး။

● အဇ္ဈောကာသေ သန္တရိတ္တာ - ၌၊ အဇ္ဈောကာသ - အရ မခင်းကောင်းသော ဌာနမျှားကို ထုတ်ပြပါ....?။

(၆၉၇) ဖြေ။ ။ဟင်း လင်း အပြင်၊ လွင် တီး ခေါင်ရပ်၊ မိုးမလုံသော မဏ္ဍပ်၊ ကျို,ဗျိုင်းတို့ အမြဲနေရာ သစ်ပင်အောက် စသည်တို့သည် အဇ္ဈောကာသ-အရ မခင်းကောင်းရာ ဌာနမျှားဖြစ်ပါသည်။

● မဋ္ဌ-ပိဋ္ဌတို့ကို ခင်းကောင်းရာ, မခင်းကောင်းရာ အခါကို ပိုင်းခြားပြပါ....?။

(၆၉၈) ဖြေ။ ။မိုး ၄-လခ္ဍကား.... လုံးဝ မခင်းကောင်း၊ ဆောင်း ၃-လခ္ဍ မိုးရွာသော အရပ်ဖြစ်လျှင် မခင်းကောင်း၊ မရွာမူ ခင်းကောင်း၏၊ နွေ ၄-လခ္ဍ လုံးဝ ခင်းကောင်း၏။

[**မခင်းကောင်း ၈-လ၊ ခင်းကောင်း ၄-လ၊ (တနည်း) မခင်းကောင်း ၄-လ၊ ခင်းကောင်း ၈-လ ဖြစ်သည်၊**]

* မိုး လေးလမှာ၊ လုံးဝပါ၊ ဆောင်းမှာ ရွာက မခင်းရ၊
* နွေလေးလမှာ၊ခင်းအပ်ပါ၊ဆောင်းခါကင်းက ခင်းပါရ။

● သန္တရိတ္တာ-အရ၊ မည်သူ့အတွက် ခင်းခြင်းကို ယူရ မည်နည်း....?။

http://www.dhammadownload.com

(၆၉၉) ဖြေ။ ။မိမိအတွက်, သူဘေးအတွက် ခင်းခြင်း ၂-မျိုးလုံးကို ယူရပါမည်။

● သန္ဓရာပေတွာ-အရ၊ အဘွယ် ပုဂ္ဂိုလ်မျိုးအား ခင်းခိုင်း ခြင်းကို ဆိုလိုပါသနည်း....?။

(၇၀၀) ဖြေ။ ။အနုပသမ္ပန် (လူ, သာမဏေ) တို့အား ခင်းခိုင်းခြင်းကို ဆိုလိုပါသည်။

● ညောင်စောင်း စသည်ကို ခင်းခိုင်းရာ၌၊ သိမ်းဆည်းဖို့ ရန်မှာ မည်သူတာဝန် ဖြစ်ပါသနည်း....?။

(၇၀၁) ဖြေ။ ။ရဟန်းကို ခင်းခိုင်းက အခိုင်း ခံရသော ရဟန်း၏တာဝန်၊ လူ,သာမဏေကို ခိုင်းပါက ခိုင်းသောရဟန်း၏ တာဝန် ဖြစ်ပါသည်။

● အနာပုန္ဓ ဝါ ဂဇ္ဇေယျ-အရ၊ မည်သူကို ပန်ကြားသွား ရမည်နည်း....?။

(၇၀၂) ဖြေ။ ။မိမိပစ္စည်းကဲ့သို့ ကြောင့်ကြစိုက်၍ သိမ်း ဆည်းမည့် ရဟန်း, သာမဏေ, အရံစောင့် စသည်ကို ပန်ကြား သွားရပါမည်။

● မသိမ်းဆည်း မပန်ကြားပဲသွားတိုင်း အာပတ် သင့်ပါ သလော....?။

(၇၀၃) ဖြေ။ ။မသိမ်းဆည်း မပန်ကြားပဲ သွားသော် လည်း ''ငါပြန်၍ သိမ်းဆည်းမည်'' ဟူသော ဇဲကွက်မူစိတ်မျိုး ရှိက အာပတ် မသင့်ပါ။

---

http://www.dhammadownload.com

● ညောင်စောင်း, အင်းပျဉ်ကို အဗ္ဗောကာသ-၌ ခင်းရ၍ ပစ်သွားသော ရဟန်းအား အဘယ်အခါ၌ အဘယ်အာပတ် သင့်သည်ကို ခွဲခြားပြပါ...?။

(၇၀၄) ဖြေ။ ။ပစ္စည်းရှိရာ အရပ်မှ အား-အလယ်အလတ် ရှိသော ယောက်ျား၏ ခံတက္ကကို ပထမခြေလှမ်း လွန်သော အခါ ဒုက္ကဋ်၊ ဒုတိယခြေလှမ်းလွန်သောအခါ ပါစိတ်အာပတ် သင့်ပါသည်။

● ညောင်စောင်း, အင်းပျဉ်ကို ကျောင်း, ကျောင်း၏ ဥပစာ အတွင်း၌ ခင်းပြီး ပစ်သွားသော ရဟန်းအား အဘယ် သိက္ခာပုဒ်ဖြင့် အဘယ်အာပတ် သင့်မည်နည်း...?။

(၇၀၅) ဖြေ။ ။ဒုတိယ သေနာသန သိက္ခာပုဒ်ဖြင့် ဒုက္ကဋ် အာပတ် သင့်ပါသည်။

● ပထမ သေနာသန သိက္ခာပုဒ်၌၊ ဒုက္ကဋ်ဝတ္ထု သရုပ်ကို ထုတ်ပြပါ...?။

(၇၀၆) ဖြေ။ ။ဒုက္ကဋ်ဝတ္ထုသရုပ်ကား....စ်မိလိကာ, ဥတ္တ ရတ္ထရဏ, ဘူမတ္ထရဏ, တဋ္ဌိကာ, စမ္မက္ခဏ္ဍ, ပါဒပုဉ္ဆန, ဖလကပိဋ္ဌ, ဒါရုဘဏ္ဍ, မတ္တိကာဘဏ္ဍ, ပတ္တာဓာရက-တို့ ဖြစ်ပါသည်။

---

(၅) ဒုတိယ သေနာသန သိက္ခာပုဒ်

● သံသိကေ ဝိဟာရေ-၌၊ ဝိဟာရ-အရ အဘယ်ကို ယူရ မည်ကို ရေးခဲ့ပါ...?။

(၇၀၇) ဖြေ။ ။ဝိဟာရ-အရ၊ တိုက်ခန်း (သို့မဟုတ်) အမိုး, အကာ ပုံသော အဆောက်အအုံများကို ယူရပါမည်။

---

http://www.dhammadownload.com

● သေယျ သန္ဌရိတ္မာ-ဌ၊ သေယျ-အရ အခင်းသရုပ်ကို ထုတ်ပြပါ...?။

(၇၀၈) ဖြေ။ ။အခင်း သရုပ်ကား-

၁-ဘီသီ-ဘုံလျှို။

၂-စိမိသိက-အဝတ်ကြမ်း ပုဆိုး။

၃-ဥတ္တရတ္ထရဏ-အပေါ်လွှမ်း အခင်း။

၄-ဘူမတ္ထရဏ-မြေအခင်း၊ (ဝါ) သင်ဖြူး။

၅-တဋ္ဌိကာ-ထန်းရွက်-သပေါ့ဖျာ၊ (ဝါ) ဖျာကြမ်း။

၆-စမ္မကွဏ္ဍ-သားရေပိုင်း, သားရေနွယ်။

၇-နိသီဒန-နိသီဒိုင်။

၈-ပစ္စတ္ထရဏ-သီးခြားအခင်း၊ (ဝါ) စုလျှား-ကော်ဇော။

၉-တိဏသန္ထာရ-မြက်အခင်း။

၁၀-ပဏ္ဏသန္ထာရ-သစ်ရွက်အခင်း။

ပေါင်း ၁၀-ပါး ဖြစ်ပါသည်။

* ဘီသိ စိမိသိကာ ဧ၀ဝ၊ ဥတ္တရတ္ထရဏံ စ၊
ဘူမတ္ထရဏံ တဋ္ဌိကာ၊ စမ္မကွဏ္ဍော နိသီဒနံ။

* ပစ္စတ္ထရဏံစ တိဏ-သန္ထာရော ပဏ္ဏသန္ထရော။
ဒသဃိမာ သေယျာ ဝုတ္တာ၊ မုနိနာ ဒိစ္စမန္ဒုနာ။

● ဘုံလျှို စသည်ကို ကျောင်းအတွင်းခင်း၍ ပစ်သွားသော ရဟန်းအား အဘယ်အခါ၌ အဘယ်အာပတ် သင့်ပါသနည်း ခွဲခြားပြပါ....?။

http://www.dhammadownload.com

(၇၀၉) ဖြေ။ ။အ ရံ ရှိသော ကျောင်းဖြစ်က အရံကို၊ အရံ မရှိသော ကျောင်းဖြစ်က ခဲ ၂-ကျ၊ ဥပစာကို ပထမ ခြေလှမ်းလွန်က ဒုက္ကဋ်၊ ဒုတိယခြေလှမ်းလွန်ကပါစိတ်အာပတ် သင့်ပါသည်။

● အခင်း ၁၀-မျိုးကို အဗျောဟာရသ-၌၊ ခင်း၍ ပစ်သွားသော ရဟန်းအား အဘယ် သိက္ခာပုဒ်အရ အဘယ် အာပတ် သင့်ပါသနည်း....?။

(၇၁၀) ဖြေ။ ။ပထမ - ဒုတိယ သေနာသန သိက္ခာပုဒ် ၂-ခုအရ ဒုက္ကဋ်အာပတ် သင့်ပါသည်။

● အခင်း ၁၀-မျိုးကို မဏ္ဍပ်အတွင်း၌ခင်း၍ပစ်သွားသော ရဟန်းအား၊ အဘယ် သိက္ခာပုဒ်အရ အဘယ် အာပတ် သင့်ပါသနည်း....?။

(၇၁၁) ဖြေ။ ။ဒု-သေနာသန သိက္ခာပုဒ်အရ ဒုက္ကဋ် အာပတ် သင့်ပါသည်။

● ကျောင်းအတွင်း ခင်းမှု, မဏ္ဍပ်အတွင်း ခင်းမှုတို့သည် ခင်းမှုခြင်း တူပါလျက်၊ အဘယ့်ကြောင့် ပါစိတ်-ဒုက္ကဋ် ကွဲပြားရပါသနည်း....?။

(၇၁၂) ဖြေ။ ။ကျောင်း အ တွင်း ခင်း မှု၌ ခြုတက်ကဲ့ ကျောင်းရော အခင်းပါ ပျက်စီးမည် ဖြစ်သောကြောင့် ပါစိတ် အာပတ်တပ်၍၊ မဏ္ဍပ်အတွင်းခင်းမှု၌ကား...အခင်းသာ ပျက်စီး၍ ကျောင်း မပျက်စီးနိုင်သောကြောင့် ဒုက္ကဋ် အာပတ် တပ်ရပါသည်။

---

http://www.dhammadownload.com

(၆) အနုပခဇ္ဇ သိက္ခာပုဒ်

● ဤသိက္ခာပုဒ်၌ ဇာနံ-အရ၊ အဘယ်သို့ သိခြင်းကို ဆိုလို ပါသနည်း....?။

(၃၁၃) ဖြေ။ ။ဤ ပုဂ္ဂိုလ်ဘုံသည် မထေဝေထိုက်သည့် ၁-သီတင်းကြီး၊ ၂-ဂိလာန၊ ၃-သံဃဒိန္နာ ဝိဟာရက ရဟန်းတို့ ဖြစ်သည်ဟု သိခြင်းကို ဇာနံ-ဆိုပါသည်။

" သီတင်းကြီး,သုနာ၊ သံဃာခွင့်ပြု၊ ပုဂ္ဂိုလ်ဟု၊ သိမှ ဇာနပေ၊

● သီတင်းကြီး, ဂိလာန-ခသော ရဟန်းတို့အား အဘယ့်ကြောင့် မထေဝေထိုက်ပါသနည်း....?။

(၃၁၄) ဖြေ။ ။သီတင်းကြီးမှာ ကိုယ်ထက် ကြီးသဖြင့် ရိုသေထိုက်သူဖြစ်ခြင်းကြောင့်၊ ဂိလာနမှာ မကျန်းမမာသူဖြစ်၍ သနားညှာတာသင့်ခြင်းကြောင့်၊ သံဃဒိန္နာ ဝိဟာရက ပုဂ္ဂိုလ်မှာ သံဃာက အလေးအမြတ် အသိအမှတ်ပြုတာသူဖြင့်ခြင်းကြောင့် မထေဝေထိုက်ခြင်း ဖြစ်ပါသည်။

● ပုဗ္ဗ॥ပဂတ် ဘိက္ခု-၌၊ဘိက္ခု-အရ အဘယ်ရဟန်းမျိုးကို ယူရမည်နည်း ...?။

(၃၁၅) ဖြေ။ ။သီတင်းကြီး,ဂိလာန,သံဃဒိန္နာ ဝိဟာရက, ဘဏ္ဍာဂါရိက, ဓမ္မကထိက, ဝိနယဓရ,ဂဏဝါစကရဟန်းမျိုးကို ယူရပါမည်။

● အနုပခဇ္ဇ-အရ၊ အဘယ်သို့ နေဆိုင်ခြင်းကို ဆိုလိုပါ သနည်း....?။

(၃၁၆) ဖြေ။ ။ဝါကြီးသူ - ဒသည်တို့၏ နေရာ ခုတင် ပတ်ပတ်လည် ၁-တောင့်ထွာ ဥပစာအတွင်း၌ လည်းကောင်း၊

http://www.dhammadownload.com

ထိုပုဂ္ဂိုလ်တို့၏ ထွက်ရာ-ဝင်ရာလမ်းနှင့်လမ်း၏ဥပစာ ၁-တောင့် ထား အရပ်အတွင်း၌ လည်းကောင်း ဝင်ရောက်၍ နေထိုင်ခြင်းကို **အနုပခဋ္ဌ**-ဟု ဆိုပါသည်။

● သေယျ ကပ္ပေယျ-အရ၊အိပ်ခြင်းကိုသာ ယူရမည်လော?။

(၇၁၇) ဖြေ။ ။သေယျ ကပ္ပေယျ-အရ၊ အိပ်ခြင်းကိုသာ မယူရ၊ ထိုင်ခြင်းကိုပါ ယူရပါမည်။[ထိုကြောင့် အိပ် ပါစိတ်-၁၊ ထိုင်-ပါစိတ်-၁၊ ၂-ပါးစုံပြုက ပါစိတ် ၂-ချက်သင့်၏။]

● အနည်-၌၊အည-အရ အဘယ်သို့သော အကြောင်းမျှား ကို ယူရမည်နည်း....?။

(၇၁၈) ဖြေ။ ။ဘေးရန်ရှိခြင်း,မကျွန်းမာခြင်း စသော အကြောင်းမျှားကို ယူရပါမည်။

(ထိုအကြောင်းမျှားရှိ၍ ဥပစာအတွင်း ချဉ်းကပ် နေ-အိပ်မှု အပြစ်မရှိ။)

● ဥပစာတွင်း၌လည်းကောင်း၊ဥပစာအပ၌လည်းကောင်း၊ အခြား အစည်းအဝေး ဇရပ်, ကျောင်း ဥပစာတို့၌ လည်းကောင်း၊ကိုယ်တိုင် နေရာခင်းခြင်း အိပ်-ထိုင်ခြင်း ပြုက အဘယ် အာပတ် သင့်ပါသနည်း....?။

(၇၁၉) ဖြေ။ ။သီတင်းကြီး စသည်တို့၏ ဥပစာတွင်း၌ ခင်းလျှင် ဒုက္ကဋ်၊ ထိုင်-အိပ်က ပါစိတ်။

ထိုပုဂ္ဂိုလ်တို့၏ ဥပစာအပနှင့် အခြား အစည်းအဝေး ဇရပ်, ကျောင်း စသည်တို့၌ ခင်း, ထိုင်, အိပ်က ဒုက္ကဋ်အာပတ် သင့်ပါသည်။

---

http://www.dhammadownload.com

(၇) နိက္ကဖုန သိက္ခာပုဒ်

● ယော ပန ဘိက္ခု ဘိက္ခု-အရ၊ အဘယ်ရဟန်းမျိုးကို ယူရမည်နည်း?....။

(၇၂၀) ဖြေ။ ။ရန်ဖြစ်တာဘ်ခြင်း စသည်မှ ကင်းသော လင်ဒီရဟန်းကောင်းမျိုးကို ယူရမည်။

● ကုပိတနှင့် အနုတ္တမန အထူးကို ရေးခဲ့ပါ...?။

(၇၂၁) ဖြေ။ ။ကုပိတ - အရ အမျက်ထွက်သူ ရ၏။ အနုတ္တမန-အရ မနှစ်သက်သော စိတ်ရှိသူ ရ၏။

● နိက္ကဖေုယျ ဝါ-ဌ၊ နိက္ကဖုန ပယောဂ သရုပ်ကို ထုတ်ရှင်းထုတ်ထိုက်သော ရဟန်းများကို ရေးခဲ့ပါ... ?။

(၇၂၂) ဖြေ။ ။နိက္ကဖုန ပယောဂ သရုပ်ကား....ကာယ နိက္ကဖုန, ဝါစာနိက္ကဖုန၊ ပေါင်း ၂-ပါး ဖြစ်ပါသည်။

နှင် ထုတ် ထိုက် သော ရ ဟန်း တို့ကား....ရန်ဖြစ်တတ်သော ရဟန်း, ငြင်းခုံတတ်သော ရဟန်း, ဆန့်ကျင်ဘက် စကားကို ပြောတတ်သော ရဟန်း, စကားများတတ်သော ရဟန်း, သံဃာ၌ အဓိကရုဏ်း ပြုတတ်သော ရဟန်း, အလင်ဒီရဟန်း စသည်တို့ ဖြစ်ပါသည်။

မှတ်ချက်။ ။ဤမှ ပြန် သော အား ဖြင့် မနှင်ထုတ်ထိုက်သော ရဟန်းများကို သိပါ၊ နှင်ထုတ်ထိုက်သောရဟန်း တို့တွင် ခိုက်ရန်ဖြစ်တတ်သောရဟန်းတို့ကား.... တကျောင်းတိုက်လုံးမှ နှင် ထုတ် ကောင်း သည်၊ အခြားရဟန်းတို့ကိုမူ...သံဃိကကျောင်းအားလုံး မှ မနှင်ကောင်း၊ မိမိနေရာသံဃိကကျောင်းမှသာ နှင်ထုတ်ကောင်းသည်။

http://www.dhammadownload.com

● (က) ရဟန်းကို နှင်ထုတ်ခြင်း၊ (ခ) လူ, သာမဏေကို နှင်ထုတ်ခြင်း၊ (ဂ) ရဟန်း၏ ပရိက္ခရာကိုဆွဲ ထုတ်ခြင်း၊ (ဃ) လူ, သာမဏေ၏ ပစ္စည်းကို ဆွဲထုတ်ခြင်း ပြုသော် မည်သည့် အာပတ်များ သင့်မည်နည်း....?။

(၃၂၃) ဖြေ။ ။(က) ၊ဆံ့ဃိတကျောင်းမှ နှင်ထုတ်လျှင် ပါစိတ်၊ အခြားမှ နှင်ထုတ်က ဒုက္ကဋ်၊ (ခ) (ဂ) (ဃ) တို့မှာ ဒုက္ကဋ်အာပတ် သင့်ပါသည်။

(ဂ) ဝေဟာသကုဋိ သိက္ခာပုဒ်

● ဝေဟာသကုဋိ - ဟူသည်၊ အဘယ် သို့သော ကုဋိမျိုး ဖြစ်သည်ကို ရေးခဲ့ပါ....?။

(၃၂၄) ဖြေ။ ။အထက်ထပ်၌ ပျဉ်မခင်းသဖြင့် ဟာလာ ဟင်းလင်းဖြစ်နေသော ၂-ထပ် ၃-ထပ်ရှိသော ကျောင်းမျိုးကို ဝေဟာသကုဋိ-ဟု ခေါ်ပါသည်။

* ထက်ထပ်ဟင်းလင်း၊ ပျဉ်မခင်း၊ ခေါ်ခြင်း ဝေဟာသ။

● ဝေဟာသကုဋိ၏ အမြင့် ပမာဏကို ဖော်ပြပါ...?။

(၃၂၅) ဖြေ။ ။ဝေဟာသကုဋိ၏ အမြင့် ပမာဏမှာ မနိမ့် မမြင့်သော ယောကျ်ားတယောက် အရပ် လွှတ်သော ပမာဏ ရှိရပါသည်။

● ဘယ်လို ညောင်စောင်း, အင်းပျဉ်မျိုးကို အာဟစ္စပါဒက ဟု ဆိုပါသနည်း ...?။

http://www.dhammadownload.com

(၇၂၆) ဖြေ။ ။အပေါင်ကို ထွင်း၍ ခြေထောက် သွင်း ထားသော ညောင်စောင်း, အင်းပျဉ်မျိုးကို **အာဟစ္စပါဒက**-ဟု ဆိုပါသည်။

* အပေါင်ကထွင်း၊ ခြေထောက်သွင်း၊ ခေါ်ခြင်း အာဟစ္စ။

---

(၉) မဟလ္လက ဝိဟာရ သိက္ခာပုဒ်

● အဘယ်သို့သောကျောင်းကို မဟလ္လကဝိဟာရ-ဟု ဆိုရပါသနည်း....?။

(၇၂၇) ဖြေ။ ။ပမာဏ အားဖြင့် ကြီးမား၍ ကျောင်း ဒါယကာရှိသောကျောင်းကို **မဟလ္လကဝိဟာရ**-ဟု ဆိုပါသည်။

* တိုင်းရှည်ကြီးဘီ၊ ဒကာရှိ၊ ခေါ်၏ မဟလ္ဟ။

● မဟလ္လက် ဝိဟာရ်-၌၊ ဝိဟာရ-အရ အဘယ်ကို ယူရမည်နည်း....?။

(၇၂၈) ဖြေ။ ။ဝိဟာရ-အရ၊ ဥလ္လိတ္တ,အဝလိတ္တ,ဥလ္ဟိတ္တာ ဝလိတ္တ ၃-မျိုးကို ယူရပါမည်။

● ဒွါရကောသာ - ဟူသည်၊ အဘယ် အရပ်ကို ဆိုလိုပါသနည်း....?။

(၇၂၉) ဖြေ။ ။ဒွါရကောသာ-ဟူသည်၊ တံခါးဆောင်၊ ကျည်းခွေ၏ ၂-တောင့်ထွာ ပတ်လည် အရပ်ကို ဆိုလိုပါသည်။

● အဂ္ဂဒ္ဒပနာယ - ၌၊ အဂ္ဂဒ္ဒ-အရ, ဌပန - အရ တို့ကို ဖော်ပြပါ....?။

http://www.dhammadownload.com

(၇၃၀) ဖြေ။ ။ဘဂ္ဂ-အရ၊မုချအားဖြင့် တံခါးရွက်ရ၏၊ အဝိနာဘာဝနည်းအားဖြင့် တံခါးဘောင်ကိုပါ ယူရ၏။

ဌပန-အရ၊ မြဲမြံ ခိုင်ခံ့အောင် ထားမှု ရ၏။

● အဘယ်ကို အာလောကသန္ဓိ-ခေါ်၍၊ အတယ်သို့ပြုခြင်းကို ပရိကမ္မ-ဟု ဆိုရပါသနည်း....?။

(၇၃၁) ဖြေ။ ။အရောင် အလင်းကို ပိတ်ကွယ်တတ်သော လေသာ ပြတင်း၏ တံခါးရွက်ကို **အာဝလောကသန္ဓိ** - ဟု ခေါ်ပါသည်။

တံခါးရွက်ကို မြဲမြံ ခိုင်ခံ့အောင် ပြုခြင်းကို **ပရိကမ္မ** - ဟု ဆိုပါသည်။

● အာလောကသန္ဓိ ပရိကမ္မာယ-အရ၊ အဘယ်မျှလောက်သော အရပ်တိုင်အောင် လိမ်းကျံရမည်နည်း....?။

(၇၃၂) ဖြေ။ ။ပြတင်း တံခါးရွက်လောက် ကျယ်ပြန့်သော အရပ်တိုင်အောင် လိမ်းကျံရပါသည်။

● အဘယ်သို့ မိုးခြင်းကို ဒ္ဒတ္တိစ္ဆဒန ပရိယာယ-ဟု ဆိုရပါသနည်း....?။

(၇၃၃) ဖြေ။ ။၂-ထပ်၊ ၃-ထပ် လှည့်ပတ် မိုးခြင်းကို **ဒ္ဒတ္တိစ္ဆဒနပရိယာယ**-ဟု ဆိုရပါသည်။

● အပ္ပဟရိတေ ဌိတေန-၌၊ အပ္ပ-သဒ္ဒါ၏ အနက်ကို ဖော်ပြ၍၊ အပ္ပဟရိတဌာနကိုလည်း ပိုင်းခြားပြပါ...?။

(၇၃၄) ဖြေ။ ။အပ္ပ-သဒ္ဒါကား.... အဘာဝ - မရှိခြင်း အနက်ကို ဟော၏။

http://www.dhammadownload.com

အပ္ပဟရိတဌာနကား.... ၀ပါးမျိုး ၇-ပါးစသည် အပြားရှိသော ကောက်မျိုး, ပဲနောက်, ပဲကြီး, နှမ်း, ကုလားပဲ, ဗူး, ဖရဲ-စသည် အပြားရှိသော ပဲမျိုးများ မရှိသည့်နေရာကို **အပ္ပဟရိတဌာန**-ဟု ဆိုရပါသည်။

● သေခိယ ပါဒုကဝဂ်လာ ဟရိတနှင့် ဤ သိက္ခာပုဒ်ပါ ဟရိတတို့၏ ထူးခြားဟန်ကို ဝေဖန်ခဲ့ပါ....?။

(၇၃၅) ဖြေ။ ။သေခိယလာ ဟရိတကား... အမှတ်မရှိ စိမ်းစိုသော မြက်,သစ်ပင် အားလုံးတည်း။ ဤ သိက္ခာပုဒ်ပါ ဟရိတကား.... အပင်ပေါက်သည်ဖြစ်စေ, မပေါက်သည်ဖြစ်စေ ကောက်မျိုး,ပဲမျိုးဖြစ်သောစားသောက်ဖွယ် အပင်များတည်း။ (ဤသို့ ထူးပါသည်။)

● ဟရိတဌာနမှ ကျောင်းမိုးရန် စိမ်သော ရဟန်းအား အဘယ်အာပတ် သင့်ပါသနည်း....?။

(၇၃၆).. ဖြေ။ ။*ဟရိတ-ရပ်၊စိမ်လတ်၊ဒုက္ကဋ်အာပတ်သင့်။

---

(၁၀) သပ္ပါဏက သိက္ခာပုဒ်

● ဇာနံ သပ္ပါဏကံ-ဌ၊ ဇာနံ-အရ သိပုံအခြင်းအရာ-ဇာနနာကာရကို ပေါ်ပြပါ....?။

(၇၃၇) ဖြေ။ ။ဇာနံ-အရ၊ ကိုယ်တိုင်မြင်သဖြင့် သိခြင်း, သူဘပါးပြောကြားသဖြင့် သိခြင်းတည်း။

* ဒိဋ္ဌ သုဘ၊ သိမှ ဌ၊ ဇာနံ-အရပေ။

---

http://www.dhammadownload.com

● ဥဒကံ-အရ၊ အဘယ်ရေမျိုးကို ယူရမည်နည်း....?။

(၇၃၈) ဖြေ။ ။မြစ်, သစ်ရွက် စသည်တို့ကို ထည့်လျှပ်ရေနောက်၍ ပိုးသေစေနိုင်သော နည်းနည်းပါးပါး ရေမျိုးကို ယူရပါမည်။

(မြစ်-သမုဒ္ဒရာ စသော ရေမျိုးကို မယူရပါ။)

● သိဒ္ဓေယျ၀ါ, သိဒ္ဓာပေယျ ၀ါ-အရ၊ အာပတ်သင့်ပုံကို ရေးခဲ့ပါ....?။

(၇၃၉) ဖြေ။ ။ကိုယ်တိုင် သွန်းလောင်းပါက ပါစိတ်၊ သူတပါးကို သွန်းလောင်းစေက ဒုက္ကဋ်အာပတ် သင့်ပါသည်။

● ဝဓက စေတနာ မရှိပဲ အမှတ်တမဲ့ သွန်းလောင်းသဖြင့် ပိုးသေခဲ့ရာ အာပတ် သင့်,မသင့် ဆုံးဖြတ်ခဲ့ပါ....?။

(၇၄၀) ဖြေ။ ။ဤ သိက္ခာပုဒ်ကား....ပဏ္ဏတ္တိ၀ဇ္ဇာ သိက္ခာပုဒ် ဖြစ်၍ အာပတ် သင့်ပါသည်။

ဘုတဂါမ၀ဂ် ဒြီးဂ်။

---

http://www.dhammadownload.com

ဘိက္ခုနောဝါဒ ဝဂ်

(၁) ဩဝါဒ သိက္ခာပုဒ်

● အဘယ် ရဟန်းမျိုးကို အသမ္မတ ရဟန်းဟု ခေါ်ပါသနည်း....?။

(၇၄၁) ဖြေ။ ။သံဃာ့ထံမှ ဘိက္ခုနောဝါဒက သမ္မုတိကို မရသော ရဟန်းမျိုးကို အသမ္မတရဟန်းဟု ခေါ်ပါသည်။

● ဘိက္ခုနောဝါဒက သမ္မုတိ - ဟူသည် အ ဘယ် နည်း၊ ထို သမ္မုတိကို အဘယ် ရဟန်းမျိုးအား အဘယ်ကဖြင့် ပေးရပါသနည်း... ?။

(၇၄၂) ဖြေ။ ။ဘိက္ခုနီမတို့ကို ဆုံးမတတ်သောရဟန်းဟု သံဃာက အသိအမှတ်ပြုခြင်း, သမုတ်ခြင်းကို ဘိက္ခုနောဝါဒက သမ္မုတိ-ဟု ဆိုရပါသည်။

ထိုသမ္မုတိကိုသီလရှိခြင်း, သုတရှိခြင်းစသောအင်္ဂါဂ-ပါးနှင့် ပြည့်စုံသော ရဟန်းမျိုးအား ဥတ္ထိုဝတုတ္ထကဖြင့် ပေးရပါသည်။

● ဘိက္ခုနောဝါဒက အင်္ဂါသရုပ်ကို ထုတ်ပြပါ....?။

(၇၄၃) ဖြေ။ ။ဘိက္ခုနောဝါဒက အင်္ဂါသရုပ်ကား-

၁-သီလရှိခြင်း၊

၂-အကြားအမြင် များခြင်း၊

၃-ဥဘတော ဝိဘင်းနှင့်တကွ ပါတိမောက်ကို နှုတ်တက်ရခြင်း၊

၄-ကောင်းသော စကားနှင့် အသံရှိခြင်း၊

၅-များသောအားဖြင့် ဘိက္ခုနီမတို့၏ အကြည် အညိုကို ခံရခြင်း၊

http://www.dhammadownload.com

၆–ဘိက္ခုနိမတ္တိုအား တရားဟောခြင်းငှါ စွမ်းနိုင်ခြင်း၊
၇–လူဝတ်နှင့် နေစဉ်က ဘိက္ခုနိမတ္တိ၌ ကာယသံသဂ္ဂအမှု၊ သိက္ခာမာန် သာမဏေတို၌ မေထုန်အမှု မပြုဖူးခြင်း၊
၈–ဝါ ၂၀၊ ၂၀ အထက် အလွန်ရှိခြင်း၊
ပေါင်း ၈ ပါး ဖြစ်ပါသည်။
† သီလံ သုတဉ္စ သွာဂတံ၊ ဝါစော ဝိယော ပဋိမလော။
နဗ္ဗာပနွော ဝိသာဒိကော၊ ဘိက္ခုနော ဝါဒ ကဒ္ဒိမေ။

● ဩဝေယျ-အရ၊ မည်သို့ဆုံးမခြင်းကို ဆိုလိုပါသနည်း၊ တရားစကား ဟော ကြား ခြင်း ကို ဆို လို ပါ သ လော ရှင်းခဲ့ပါ....?။

(၇၄၄) ဖြေ။ ။ဩဝေယျ-အရ၊ အဋ္ဌဂရုဓမ္မ ပါဠိကို ရွတ်ဆို ဆုံးမခြင်းကို ဆိုလိုသည်၊ အခြား တရား စကားများ ဟောကြားခြင်းကို မဆိုလိုပါ။

● အခြား ပါဠိကို ရွတ်ရွတ်ဆုံးမသော် အာပတ် သင့်မသင့် ရေးခဲ့ပါ..?။

(၇၄၅) ဖြေ။ ။ဒုက္ကဋ်အာပတ် သင့်ပါသည်။

● ဘိက္ခုနိယော–အရ၊အဘယ်ဘိက္ခုနိမကိုယူရမည်နည်း-?။

(၇၄၆) ဖြေ။ ။ဥဘတောသံဃာ, ဘိက္ခုသံဃာ၌ ပဋ္ဌင်းပြုသော ဘိက္ခုနိမကို ယူရပါမည်။

● ဘိက္ခုနီ သံဃာ၌သာ ပဋ္ဌင်းဖြစ်သော ရဟန်းမအား ဆုံးမကောင်းပါမည်လော....?။

(၇၄၇) ဖြေ။ ။မဆုံးမ ကောင်းပါ၊ ဒုက္ကဋ်အာပတ် သင့်ပါသည်။

---

http://www.dhammadownload.com

● ဂရုမမူတရား ဂ-ပါးကို ရေးသားခဲ့ပါ....?။

(၂၄ဂ) ဖြေ။ ။ဂရုမမူတရား ဂ-ပါးကား-

၁-ဝဏ္ဏသတ=ဝါ ၁၀၀-ရစေကာမူပြုသစ်စရဟန်းအား ရှိခိုးရခြင်း၊

၂-အဘိက္ခုက=ရဟန်းယောကျ်ား မရှိသော ကျောင်းဌ် ဝါမကပ်ရခြင်း၊

၃-ပစ္ဆာသီသာ=လခွဲတိုင်းဥပုသ်မေးခြင်း, အဆုံးအမခံခြင်း ၄ါ ရဟန်းများထံ ခ,စား ဆည်းကပ်ရခြင်း၊

၄-ပဝါရဏာ=ဥဘတောသံဃာ၌ ပဝါရဏာ ဖိတ်ရခြင်း၊

၅-မာနတ္တ=ဥဘတောသံဃာ၌ တပက္ခ မာနတ်ကျင့်ရခြင်း၊

၆-ဥပသမ္ပဒေသာ-သိက္ခာမာန်ကို ဥဘတောသံဃာထံ၌ ရဟန်းခံပေးရခြင်း၊

၇-နက္ကောသ=ရဟန်းယောကျ်ားများကို မဆဲရခြင်း၊

၈-ဩဝဒ=ရဟန်း ယောကျ်ားများအား မဆုံးမရခြင်း၊ ပေါင်း ဂ-ပါး ဖြစ်ပါသည်။

† ဝဏ္ဏသတ မဘိက္ခုက်၊ ပစ္ဆာသီသာ ပဝါရဏာ၊ မာနတ္တျပ သမ္ပဒေသာ၊ နက္ကောသော ဩဝဒေါ ဂရု။

---

(၂) အတ္ထဂ်တ-သိက္ခာပုဒ်

● အတ္ထဂ်တ သိက္ခာပုဒ်လာ ဩဝဒေယျ-အရ၊ အဘယ်သို့ ဆုံးမခြင်းကို ယူရမည်နည်း....?။

(၇၄၉) ဖြေ။ ။ဩဝဒေယျ-အရ၊ ဂရုမမူဖြင့် ဖြစ်စေ, အခြား တရားစကားဖြင့် ဖြစ်စေ ဆုံးမခြင်းကို ယူရပါမည်။

http://www.dhammadownload.com

● အတ္ထဂ်တ သိက္ခာပုဒ်၌၊ ဘိက္ခုနီ-အရ အဘယ်ဘိက္ခုနီကို ယူရမည်နည်း....?။

(၇၅၀) ဖြေ။ ။ဥဘတောသံဃာ, ဘိက္ခုသံဃာ၌ ပဋ္ဌင်းပြုသော ဘိက္ခုနီကို ယူရပါမည်။

(ဘိက္ခုနီသံဃာ၌သာ ပဋ္ဌင်းဖြစ်သော ရဟန်းမ၌ ဒုက္ကဋ်။)

---

(၃) ဘိက္ခု နုပသယ သိက္ခာပုဒ်

● ဘိက္ခု နုပသယ-အရ၊ အဘယ်ကျောင်းမျိုးကို ဘိက္ခု နုပသယ-ဟု ဆိုပါသနည်း....?။

(၇၅၁) ဖြေ။ ။ဘိက္ခုနီမမျှား တည်၌မျှ အိပ်ဖူး-နေဖူး သောကျောင်းကို ဘိက္ခု နုပသယ-ဟု ဆိုပါသည်။

● ဂိလာန-အရ၊ အဘယ် ရဟန်းမမျိုးကို ဂိလာန-ဟု ဆိုရပါသနည်း....?။

(၇၅၂) ဖြေ။ ။ဩဝါဒ, သံဝါသအလိုငှါ သွားခြင်းငှါ မစွမ်းနိုင်သော ရဟန်းမမျိုးကို ဂိလာန-ဟု ဆိုရပါသည်။

● ဘိက္ခု နုပသယ-သိက္ခာပုဒ်၌၊ ဩဝဒေယျ-အရ အဘယ်သို့ ဆုံးမခြင်းကို ယူရမည်နည်း....?။

(၇၅၃) ဖြေ။ ။ဂရုဓမ္မဖြင့် ဆုံးမခြင်းကို ယူရပါမည်။

● ဩဝါဒ, အတ္ထဂ်တ, ဘိက္ခု နုပသယ သိက္ခာပုဒ်တို့၌ လာသော ဩဝါဒ အထူးကို ရေးခဲ့ပါ....?။

http://www.dhammadownload.com

(၇၅၄) ဖြေ။ ။*ဂရုမမူ ဆုံးမ မိန့်ချေ၊
ဩဝါ,ဘိက္ခု နှစ်ခု မှတ်လေ။
ဂရုမမ်ကြား "အခြား ဓမ္မေ၊
အတ္ထဂ် ယူရ ဩဝါဒေ။

---

(၄) အာမိသ သိက္ခာပုဒ်

● အာမိသ ဟေတု-၌၊ အာမိသ-ဟူသည် အဘယ်ကို ဆိုလို ပါသနည်း....?။

(၇၅၅) ဖြေ။ ။**အာမိသ-**ဟူသည်၊ သက်နှံ:စသည်တို့တွင် တပါးပါးကို ဆိုလိုပါ၏သည်။

● ထေရာ ဘိက္ခု - အရ၊ အဘယ် ရဟန်းမျိုးကို ယူရပါ မည်နည်း....?။

(၇၅၆) ဖြေ။ ။သမ္မုတိရသော ရဟန်းကို ယူရပါမည်။

● သမ္မုတိ မရသော ရဟန်းကို ပြောဆိုက အဘယ်အာပတ် သင့်မည်နည်း....?။

(၇၅၇) ဖြေ။ ။ဒုက္ကဋ်အာပတ် သင့်ပါသည်။

---

(၅) စီဝရဒါန သိက္ခာပုဒ်

● နိဿဂ္ဂိယ စီဝရဝဂ် ပဌမ သိက္ခာပုဒ်နှင့် ဤ သိက္ခာပုဒ် တို့သည် အဘယ်သို့ ထူးပါသနည်း....?။

(၇၅၈) ဖြေ။ ။နိဿဂ္ဂိယ စီဝရဝဂ် ပဌမ သိက္ခာပုဒ်၌ ခံယူသူကား ...ရဟန်းဖြစ်ပါသည်၊ဤ သိက္ခာပုဒ်၌ ခံယူသူကား....

http://www.dhammadownload.com

ရဟန်းမ ဖြစ်ပါသည်၊ ဤသို့ ခံယူသော ပဋ္ဌိဂ္ဂါဟက ပုဂ္ဂိုလ်အား ဖြင့် ထူးခြား ကွဲပြားပါသည်။

• နိသ-စိ-ဝဂ်-၁၁း၊ ခံသူ-ကျား၊ ဤကား မ-ဖြစ်ပေ။

● စီဝရံ ဒဒေယျ-ဌ၊ စီဝရံ-အရကို ဖော်ပြ၍ ဒဒေယျ-အရ အဘယ်သို့ ပေးခြင်းကို ဆိုလိုပါသနည်း....?။

(၇၅၉) ဖြေ။ ။စီဝရံ-အရ၊ အမိဌာန်,ဝိကပ္ပနာ လောက်သော သက်နှိုးကို ယူရပါမည်။

ဒဒေယျ-အရ၊ အပိုင်ပေးခြင်းကို ဆိုလိုပါသည်။

---

(၆) စီဝရ သိဗ္ဗန် သိက္ခာပုဒ်

● ဤ သိက္ခာပုဒ်လာ စီဝရံ-အရ၊ အလိုရှိအပ်သော သက်နှိုးကို ရေးခဲ့ပါ....?။

(၇၆၀) ဖြေ။ ။စီဝရံ-အရ၊ ဝတ်ရုံလောက်သော သက်နှိုးကို လိုအပ်ပါသည်။

● အမျိုးမတော်သော ဘိက္ခုနီမ၏ သက်နှိုးကို ဆရာ့ကတပည့်အား ချုပ်စေရာ၊ အဘယ် ပုဂ္ဂိုလ်အား အဘယ် အာပတ် သင့်မည်နည်း....?။

(၇၆၁). ဖြေ။ ။၂-ဦးလုံးပင် သင့်၍ ဆရာမှာ ဒုက္ကဋ်၊ တပည့်မှာ ပါစိတ်အာပတ် သင့်ပါသည်။

---

http://www.dhammadownload.com

(၇) သံဝိဓာန သိက္ခာပုဒ်

● အဘယ်သို့ ပြုခြင်းကို သံဝိဓာန-ဟု ဆိုပါသနည်း....?။

(၇၆၂) ဖြေ။ ။ကောင်းစွာ စီစဉ်ခြင်း၊ (ဝါ) အချိန်း အချက်ပြုခြင်း၊(ဝါ)တိုင်ပင်ခြင်းကို သံဝိဓာန-ဟု ဆိုပါသည်။

* ကောင်းစွာ စီစဉ်၊ ချိန်း-တိုင်ပင်၊ ခေါ်တွင် သံဝိဓာ။

● တိုင်ပင်သင့်သောနေရာ, မတိုင်ပင်သင့်သော နေရာတို့ကို ခွဲခြားပြပါ....?။

(၇၆၃) ဖြေ။ ။ရဟန်း, ရဟန်းမိန်းမ တို့ ကျောင်း, ကျောင်းစည်းရိုး အရံအတွင်း ဆွမ်းစားဇရပ်,တိတ္ထိတို့ ကျောင်းစသော နေရာများသည် ကပ္ပိယဘူမိ-တိုင်ပင်သင့်သော နေရာများ ဖြစ်ပါသည်။

(ထိုနေရာမျိုးဌ် တိုင်ပင်လျှင် အနာပတ္တိ။)

ဆိုခဲ့သည်မှဘပါး၊ ရွာတွင်း,ကျောင်းတံခါး၀,ခရီးသုံးနေရာ စသည်များကား.... အကပ္ပိယဘူမိ - မတိုင်ပင်သင့်သော နေရာများ ဖြစ်ပါသည်။

(ထိုနေရာမျိုးဌ် တိုင်ပင်လျှင် ဒုက္ကဋ်။)

● အဘယ်သို့သော ခရီးကို အဒ္ဓါနမဂ္ဂ-ခရီးရှည် ဆိုသည်ကို ဖော်ပြ၍၊ ကေဒ္ဓါနမဂ္ဂ ပဋိပဇ္ဇေယျ-၏ အဓိပ္ပာယ်ကိုလည်း ရေးခဲ့ပါ....?။

(၇၆၄) ဖြေ။ ။ယူဇနာခွဲ ရှည်သော ခရီးကို အဒ္ဓါနမဂ္ဂ ခရီးရှည်-ဟု ဆိုပါသည်၊ အစွန်ရှည်သော တခုတည်းသော၊ (ဝါ) တကြောင်း, တလမ်းတည်းဖြစ်သော ခရီးသို့သွားခြင်း။

http://www.dhammadownload.com

ရဟန်း, ရဟန်းမတို့သည် တပေါင်းတည်း အတူတကွ အခွန်ရှည်သော ခရီးသို့ သွားခြင်းသည် **ကေဝ္ဋဒါနမဂ္ဂ** **ပဋိပဒေယျ**-မည်ပါသည်။

● **သတ္ထဂမနီယမဂ္ဂ**-ဟူသည်၊ **အဘယ်သို့သောလမ်းခရီးမျိုး**ကို ဆိုလိုပါသနည်း....?။

(၇၆၅) ဖြေ။ ။ဘေးရန်ရှိသဖြင့် အဖော်ကုန်သည်များနှင့် အတူတကွ သွားထိုက်သော လမ်းခရီးမျိုးကို **သတ္ထဂမနီယမဂ္ဂ**-ဟု ဆိုပါသည်။

* ဘေးရန်ရှိခြား၊ ကုန်သည်များနှင့်၊ သွားထိုက်ပါလျှ၊ ထိုမဂ္ဂ၊ **သတ္ထဂမနီယာ**။

● (က) တိုင်ပင်ထားသော နေ့, ရက်, အချိန်မဟုတ်ပဲ ဘိက္ခုနီမနှင့် တလမ်းတည်းအံ့တူခရီးသွားသောရဟန်း၊ (ခ) တိုင်ပင်ထားသောလမ်းမဟုတ်ပဲ အခြားလမ်းဖြင့် ချိန်းထားသော အချိန်တွင် ခရီးအတူသွားသော ရဟန်းအား အာပတ် သင့်, မသင့် ရေးခဲ့ပါ....?။

(၇၆၆) ဖြေ။ ။(က) လမ်းတူသော်လည်း တိုင်ပင်ချိန်မဟုတ်၍ အနာပတ္တိ၊ (ခ)လမ်းကွဲသော်လည်း ထိုင်ပင်ချိန်ဖြစ်၍ ဃါစိတ်အာပတ် သင့်ပါသည်။

မှတ်ချက်။ ။ဘိက္ခုနီမနှင့်ခရီးအတူသွားရာ၌ ထွက်ရာတံခါး, သွားရာ လမ်းကား....လိုရင်းမဟုတ်၊ အချိန်သာ လိုရင်း ဖြစ်သည်။

● ဘိက္ခုနီမနှင့် တိုင်ပင်၍ ခရီးအတူသွားရာ၌၊ အဘယ်အရပ်လွန်သော် အဘယ်အာပတ်သင့်သည်ကို ပိုင်းခြားပြပါ....?။

http://www.dhammadownload.com

(၇၆၇) ဖြေ။ ။ရွာမရှိသော တောလမ်း ဖြစ်လျှင် စ၍ လာရာ အရပ်မှ ယူဇနာဝက်လွန်သော် ပါစိတ်အာပတ် သင့်၏။

ရွာကိုဖြတ်ကျော်၍သွားရလျှင် တရွာနှင့်တရွာဘယ်လောက် နီးနီး ထိုထိုရွာ၏ ဥပစာ ရွာနိမိတ်အဘိုင်းသို့ ပထမ ခြေတလှမ်း နင်းမိက ဒုက္ကဋ်၊ ဒုတိယ ခြေတလှမ်း နင်းမိက ပါစိတ်အာပတ် သင့်ပါသည်။

(ရွာမရှိကယူဇနာဝက်၊ရွာရှိက ရွာ၏ဥပစာဖြင့်အာပတ်သင့်၏၊ မိမိနေထိုင်ရာရွာမှ ထွက်ခိုက်ကား....အာပတ်မသင့်သေး ဟူလို။)

● သံဝိဓာန သိက္ခာပုဒ်၌၊ အနုပညတ်ကို ဖော်ပြပါ....?။

(၇၆၈) ဖြေ။ ။**အနုပညတ်ကား....** အညတြ သမယာ၊ တတ္ထာယံ သမယော သတ္ထုဂဲမနီယော ဟောတိ မဂ္ဂေါ သာသက် သမ္မတော သပ္ပဋိဘယော၊ အယံ တတ္ထ သမယော-ဖြစ်ပါသည်။

● ကေတော ဥပသမ္ပန္နေ ဘိက္ခုနိမ, သာမဏေရိ, သိက္ခမာန် တို့နှင့် တိုင်ပင်၍ ခရီး အတူသွားရာ၊ အဘယ် သိက္ခာပုဒ် အရ အဘယ် အာပတ် သင့်ပါသနည်း....?။

(၇၆၉) ဖြေ။ ။သပ္ပါဏကဝဂ် သတ္တမ မာတုဂါမ သံဝိဓာန သိက္ခာပုဒ်ဖြင့် ပါစိတ်အာပတ် သင့်ပါသည်။

(ဂ) နာဝါဘိရူဟန သိက္ခာပုဒ်

● သံဝိဓာယ-ဟူသည်၊ အဘယ်သို့ အချိန်း အချက် ပြုခြင်းကို ဆိုလိုပါသနည်း....?။

(၇၇၀) ဖြေ။ ။လူတို့ကဲ့သို့ မြှားထူး သာယာလို၍ အဆေ ခင်ပွန်း ဖွဲ့လိုသောအားဖြင့် မြှားထူးရန် ချိန်းချက်ခြင်းကို ဆိုလိုပါသည်။

http://www.dhammadownload.com

● မြစ် တဘက်မှ တဘက်သို့ ဖြတ်ကူးရာ၌၊ မလှေဆိပ်ချင်း မတည့်သဖြင့်လည်းကောင်း၊ ရေစီးသဖြင့်လည်းကောင်း အစုန်-အဆန် ဖြတ်ပြီ၍ ကူးကောင်းပါမည်လော....?။

(၇၇၁) ဖြေ။ ။မြစ် တဘက်သို့ ဖြတ် ကူး သည့် အတွက် အပြစ်မရှိ၊ ဖြတ်ကူးကောင်းပါသည်။

● ဘိက္ခုနီမနှင့် တိုင်ပင်၍ စုန်လှေ, ဆန်လှေကို အတူစီးရာ၊ အဘယ်အရပ်လွန်သော် အတယ်အာပတ်သင့်ပါသနည်း ပိုင်းခြားပြပါ....?။

(၇၇၂) ဖြေ။ ။ရွာရှိသော ကမ်းပါးဖြင့် သွားက ရွာတရွာ၏ ဥပစာတို့ကို ဝင်မိတိုင်း, ဝင်မိတိုင်း ပါစိတ်အာပတ် သင့်ပါသည်။

ရွာမရှိသော ကမ်းပါးဖြင့်လည်းကောင်း၊ အလွန်ကျယ်သော မြစ်ကြီး၏ အလယ်က သွားခဲ့သော်လည်းကောင်း၊ တပူဇနာခွဲ ခရီး လွန်တိုင်း, လွန်တိုင်း ပါစိတ်အာပတ် သင့်ပါသည်။

---

(၉) ပရိပါဒိတ သိက္ခာပုဒ်

● အဘယ်သို့သော ဆွမ်းမျိုးသည် ဂိဟိသမာရမ္ဘ-ဘိက္ခုနီ ပရိပါဒိတ-မည်ပါသနည်း....?။

(၇၇၃) ဖြေ။ ။သိက္ခုနီမ-မစီမံမီ လူတို့အလိုအလျောက် ကျေးရန် စီမံထားသော ဆွမ်းမျိုးသည် ဂိဟိသမာရမ္ဘ-မည် ပါသည်။

ဘိက္ခုနီမက ရဟန်း၏ ဂုဏ် ကျေး ဇူး များ ကို ချီး ကျူး ထုတ်ဆိုလျက်၊ ထိုအရှင်အား လှူလော?, ဆွမ်းကျေးလော? စသည်

http://www.dhammadownload.com

ဖြင့် တိုက်တွန်း စိမ်အပ်သော ဆွမ်းမျိုးသည် ဘိက္ခုနီ ပရိပါဒိတ-မည်ပါသည်။

[စိမ်ဟူဆာ၌ ကောင်းရန် စိမ်ခြင်းမျိုးမဟုတ်၊ ကျွေးမွေးရန် စိမ်ခြင်းမျိုးကို ဆိုလိုသည်။ လူဘို့ စိမ်ပြီးကို လောကွတ်လုပ်၍ ထပ်စိမ်သော ဆွမ်းကိုကား၊ ..စားကောင်း၏၊ဥာတိ,ပဝါရိတထံတွင် စိမ်ရာ၌လည်း စားကောင်း၏။]

● ဇာနံ-အရ၊ အဘယ်သို့ သိခြင်းကိုယူရမည်နည်း၊ သိလျက် ဘိက္ခုနီမ စိမ်ထားသောဆွမ်းကိုစားရာ၌၊ အဘယ်အခါ အဘယ်အာပတ် သင့်မည်ကို ရေးခဲ့ပါ....?။

(၇၇၄) ဖြေ။ ။ဇာနံ-အရ၊ ကိုယ်တိုင်သိ,တဆင့် ကြားသိ ၂-ပါးလုံးကို ယူရပါမည်။

ဘိက္ခုနီမ စိမ်သောဆွမ်းကို သိလျက်စားရာ၌၊ အကပ်ခံလျှင် ဒုက္ကဋ်၊ မျိုတိုင်း,မျိုတိုင်း ပါစိတ်အာပတ် သင့်ပါသည်။

● ပိဏ္ဍပါတ-အရ၊ အဘယ်ကို ယူရမည်နည်း....?။

(၇၇၅) ဖြေ။ ။ပိဏ္ဍပါတ-အရ၊ ဘောဇဉ် ၅-ပါးကိုသာ ယူရပါမည်။

● ဤ သိက္ခာပုဒ်၌၊ အနုပညတ်ကို ထုတ်ပြပါ....? ။

(၇၇၆) ဖြေ။ ။အနုပညတ်ကား....“အညတြ ပုဗ္ဗေ ဂိဟိ သမာရမ္ဘာ” ဖြစ်ပါသည်။

---

http://www.dhammadownload.com

(၁၀) ရဟောနိသင္ဇ သိက္ခာပုဒ်

● ရဟောနိသင္ဇ သိက္ခာပုဒ်သည် အဘယ် သိက္ခာပုဒ်မျှားနှင့် တူပါသနည်း၊ တူပါလျက် အဘယ့်ကြောင့် ထပ်မံ၍ ပညတ်ရပါသနည်း....?။

(၇၇၇) ဖြေ။ ။ရဟောနီသင္ဇ သိက္ခာပုဒ်သည် ဒုတိယ အနိယတ သိက္ခာပုဒ်နှင့် လည်းကောင်း၊ အစေလကဝဂ် ပဌမ မြောက်ဖြစ်သော ဥပနန္ဒ၏ စတုတ္ထ သိက္ခာပုဒ်နှင့် လည်းကောင်း တူပါသည်။

တူသော်လည်း ပညတ်ဖို့ရန် အကြောင်းအတ္ထုပြုတ် ဖြစ်ပေါ်သတ်၍ ပညတ်ရခြင်း ဖြစ်ပါသည်။

ဘိက္ခုနောဝါဒဝဂ် မြန်၏။

---

http://www.dhammadownload.com

ဘောဇနဝဂ်

(၁) အာဝသထပိဏ္ဍ သိက္ခာပုဒ်

● အဂိလာနေန ဘိက္ခုနာ-ဌ၊ အဂိလာန-အရ အဘာယ်မျှ လောက် ကျန်းမာသော ရဟန်းကို ယူရမည်နည်း....?။

(၇၇၈) ဖြေ။ ။ယူဇနာဝက်, တယူဇနာခရီးသို့ သွားခြင်း ၄၂ စွမ်းနိုင်သော ရဟန်းကို ယူရပါမည်။

* ယူဇနာဝက်၊ ခရီးဆက်၊ စွမ်းလျက် အဂိလာ။

● အာဝသထ ပိဏ္ဍ-ဟူသည်၊ အဘယ်သို့သော ဆွမ်းမျိုးကို ဆိုလိုပါသနည်း....?။

(၇၇၉) ဖြေ။ ။အာဝသထ ပိဏ္ဍ-ဟူသည်၊ ညှဉ်သည်တို့ တည်းခို နားနေရာ စတုဒိသာဇရပ် စသည်ဌ မည်သူကိုမျှ မရည်ညွှန်းပဲ အလိုရှိတိုင်း စားသောက်ရန် တည်ထားသော ဆွမ်းမျိုးကို ဆိုလိုပါသည်။

● အာဝသထ ပိဏ္ဍော-ဌ၊ အာဝသထ - အရ, ပိဏ္ဍ-အရ တို့ကို ကောက်ပြပါ....?။

(၇၈၀) ဖြေ။ ။အာဝသထ-အရ၊ တည်းခိုရာဇရပ် ရ၏။ ပိဏ္ဍ-အရ၊ ဘောဇဉ် ၅-ပါး ရ၏။

● အာဝသထ ပိဏ္ဍကို တနေ့လျှင် တနေရာ ပြောင်း ၍ စားကောင်း, မစားကောင်း ဆုံးဖြတ်ခဲ့ပါ....?။

(၇၈၁) ဖြေ။ ။*ဆွမ်းလှူ ဒကာ၊ ကွဲပြားရာ၊ စားတာ ပြစ်မသင့်။

*အလှူရှင်တူ၊ စားခဲ့မှု၊ ထိုသူ အပြစ်သင့်။

---

http://www.dhammadownload.com

● တတော စေ ဥတ္တရိ ဘုဥ္ဇေယျ-အရ၊ အာပတ် သင့်ပုံကို ပိုင်းခြားပြပါ...?။

(၇၈၂) ဖြေ။ ။၁-ရက် စားပြီးနောက် ၂-ရက်မြောက် အရုဏ်တက်သည်မှ စ၍ စားအံ့သောင့် အာဝသထ ပိဏ္ဍကို အကပ်ခံလျှင် ဒုက္ကဋ်၊ မျိုတိုင်း, မျိုတိုင်း ပါစိတ်အာပတ် သင့်ပါသည်။

● အာဝသထပိဏ္ဍ-သိက္ခာပုဒ်၌၊ အနုပညတ်ကိုထုတ်ပြပါ-?။

(၇၈၃) ဖြေ။ ။အနုပညတ်ကား "အဂိလာနေနဘိက္ခုနာ" ဖြစ်ပါသည်။

---

(၂) ဂဏဘောဇန သိက္ခာပုဒ်

● ဂဏဘောဇနေ-၌၊ ဂဏ-အရ အဘယ်မျှလောက်သော ရဟန်းတို့ကို ယူရမည်နည်း....?။

(၇၈၄) ဖြေ။ ။ဂဏ-အရ၊ ၄-ပါး, ၄-ပါးထက် အလွန်ရှိသော ရဟန်းများကို ယူရပါသည်။

မှတ်ချက်။ ။ဂဏ-ဥပုသ်လာ ဂဏ-အရကား.... ၂-ပါး၊ ၃-ပါးတည်း။ ဤ၌ ဂဏ-အရကား....၄-ပါး ၄-ပါးထက် အလွန်တည်း။ (ဤသို့ထူး၏။)

* ဗွီ,တီ-သံဃ၊ ယူပါရ၊ ဂဏ ဥပုသ်ပေ၊
* လေးပါးမှစ၊ ယူပါရ၊ ဂဏ ဘောဇနေ။

● ဂဏဘောဇဉ်-ဟူသည်၊ အဘယ်သို့သော ဆွမ်းမျိုးကို ခေါ်ဆိုပါသနည်း....?။

http://www.dhammadownload.com

(၇၀၅) ဖြေ။ ။

* ရဟန်း ၄-ယောက်, ၄-ယောက်ထက်ပို၊
မအပ်သောဖိတ်ခြင်း, တောင်းခြင်းဖြင့်ဆို။
ဘောဇဉ်ပဋ္ဌ ခံကြသည်ကို၊
မှတ်လိုက်ကြ ဂဏဘောဇဉ် ဆို။

● အဘယ်သို့ ဖိတ်ခြင်း, တောင်းခြင်းမျိုးကို မအပ်သော ဖိတ်ခြင်း, တောင်းခြင်းဟု ဆိုပါသနည်း....?။

(၇၀၆) ဖြေ။ ။ထမင်းစားကြွပါ,မုန့်စားကြွပါ စသည်ဖြင့် ဒါယကာတို့၏ အသမဏ ဝေါဟာရဖြင့် ဖိတ်ကြားမှုမျိုးကို မအပ်သော ဖိတ်ခြင်းဟု ဆိုသည်။

ထမင်းလှူလော,မုန့်လှူလော,စသည်ဖြင့်ဒါယကာ-ဒါယိကာမတို့ထံ အကပ်ယ ဝေါဟာရဖြင့် တောင်းခြင်းမျိုးကို မအပ်သော တောင်းခြင်းမျိုးဟု ဆိုပါသည်။

* ဘောဇဉ်ငါးပါး၊အမည်အားဖြင့်၊ ဖိတ်ကြား, တောင်းပြ၊ သုံးနှုန်းမှု၊ မှတ်ရှု မခေါ်အပ်။

● ဂဏဘောဇဉ်ကို ရဟန်း ၄-ပါး အတူတကွ အလှူခံပြီး တခြားစီစားက အာပတ် သင့်,မသင့် ရှင်းလင်းခဲ့ပါ....?။

(၇၀၇) ဖြေ။ ။တခြားစီ စားမှုကား ...မမာဏ မဟုတ်၊ အတူတကွ အလှူခံမှုသည်သာ ပဓာန ဖြစ်၍၊ ဂဏဘောဇဉ်ကို ရဟန်း ၄-ပါး အတူ အလှူခံပြီး တခြားစီ စားသော်လည်း အာပတ် သင့်သည်ပင် ဖြစ်ပါသည်။

● ဂဏဘောဇန သိက္ခာပုဒ်လာ သမယ ၇-ပါးကိုပိုင်းခြား ဝေဖန်ခဲ့ပါ....?။

http://www.dhammadownload.com

(၇၀၀) ဖြေ။ ။သမယ ၇-ပါးကား-

၁–ခြေကွဲသဖြင့် ဆွမ်းခံ မထွက်နိုင်သောအခါသည် ဂိဏာန သမယ၊

၂–ကထိန်ခင်းလျှင် ၅-လ၊ မခင်းလျှင် ၁-လ အခါသည် စီဝရဒါန သမယ၊

၃–သင်္ကန်း ချုပ်,ဆိုးရာ အခါသည် စီဝရကာရ သမယ၊

၄–ယူဇနာဝက် ခရီးသို့ သွားလတ္တံ့, သွားဆဲ, သွားပြီးရာ အခါသည် ဘဋ္ဌါန သမယ၊

၅–လှေကို စီးလတ္တံ့, စီးဆဲ,စီးပြီးရာ အခါသည် နာဝါဘိရှဟန သမယ၊

၆–ရဟန်း ၄-ပါး ဆွမ်းခံစားရာ မမျှတသော အခါသည် မဟာ သမယ၊

၇–သီတင်းသုံးဖော်ချင်း ဆွမ်းကျွေးရာ အခါသည် သမဏ ဘတ္တ သမယ၊

---

(၃) ပရမ္မရဘောဇဉ် သိက္ခာပုဒ်

● ပရမ္မရဘောဇဉ်-ဟူသည်၊ အဘယ် ဆွမ်းမျိုးကို ခေါ်ဆိုပါသနည်း....?။

(၇၀၉) ဖြေ။ ။နောက်နောက် ပင့်ဖိတ်သောသူ၏ဆွမ်းကို ပရမ္မရဘောဇဉ်-ဟု ခေါ်ပါသည်။

* နောက်မှ ပင့်အင်၊ ဆွမ်းဘောဇဉ်၊ ခေါ်တွင် ပရမ္မရ။

---

http://www.dhammadownload.com

● ပရမ္မရဘောဇဉ်ကို စားအပ်အောင် မည်သို့ ပြုရမည်နည်း....?။

(၇၉၀) ဖြေ။ ။ပထမ ရှေးဦးစွာ ဖိတ်အပ်သောဆွမ်းကို ဝိကပ္ပနာ ပြုလိုက်ရပါမည်၊ထိုသို့ရှေးဖိတ်သောဆွမ်းကို ဝိကပ္ပနာ ပြုလိုက်လျှင် နောက်နောက်ဖိတ်ခေါ်သောဆွမ်းကိုစားအပ်ပါသည်။

* နောက်ဆွမ်း စားလို၊ ရှေးဆွမ်းကို၊ စွန့်ဆို ဝိကပ်ပြု။

● ပရမ္မရဘောဇဉ်ကို ဝိကပ္ပနာ ပြုရာ၌၊ ဝိကပ္ပနာ အမျိုးအစားကို ရေး၍ ပုံစံအစီအရစ်ကိုလည်း ညွှန်ပြပါ....?။

(၇၉၁) ဖြေ။ ။ဝိကပ္ပနာ အမျိုးအစားကား.... ၁-မျက်မှောက်စွန့်ခြင်း၊ ၂-မျက်ကွယ် စွန့်ခြင်း၊ ပေါင်း ၂-ပါး ဖြစ်ပါသည်။

ပြုပုံ အစီရင်ကား-

၁–သံတင်း သုံး ဖေ၁ ၅-ဦးတို့တွင် တဦးဦးထံ၌ "မယ့် ဘတ္တပစ္စာသံ တုယ့် ဒမ္မိ" ဟု ဆို၍ စွန့်ရမည်။

(ဤကား–မျက်မှောက် စွန့်ပုံတည်း။)

၂–မိမိ ပေးလိုသောသူက အ၀ေးမှာရှိလျှင်၊ ထိုပုဂ္ဂိုလ်ကို ရည်၍ (မယ့် ဘတ္တပစ္စာသံ ဣတ္ထန္နာမဿ ဒမ္မိ" ဟု ဆို၍ စွန့်ရမည်။ (ဤကား... မျက်ကွယ် စွန့်ပုံတည်း။)

● ပရမ္မရဘောဇနသိက္ခာပုဒ်၌၊ဂိလာနသမယ-အရ အဘယ် မျှလောက် မကျန်းမာသောရဟန်းကိုယူရမည်နည်း–?။

(၇၉၂) ဖြေ။ ။တနေ့ရုတည်းဖြင့် ၀အောင် မစားနိုင်သော ရဟန်းကို ယူရပါမည်။

---

http://www.dhammadownload.com

(၄) ကာဏမာတာ သိက္ခာပုဒ်

● ပူပ, မန္တ အထူးကို ရေးခဲ့ပါ....?။

(၇၉၃) ဖြေ။ ။လက်ဆောင် အကျိုးငှါ စီရင်အပ်သော မုန့်သည် ပူမ၊ ရိက္ခာအကျိုးငှါ စီရင်အပ်သော မုန့်သည် မန္တ။ (ဤသို့ ထူးပါသည်။)

* လက်ဆောင်အကျိုး မုန့်မျိုးစုံစွာ၊
ရသာချိုမြ ပူပ မှတ်ပါ။
ရိက္ခာရည်ဘို ပြုသည့် မုန့်ဟာ၊
မှတ်လိုက်ကြ မန္တ မည်သည်ညာ။

● ၂-သပိတ်, ၃-သပိတ် အပြည့် ခံယူကောင်းသည်ဆိုရာ၌၊ သပိတ် ဆန့်သမျှ ခံယူကောင်းသည်ဟု ဆိုလိုပါသလော ရှင်းလင်းခဲ့ပါ....?။

(၇၉၄) ဖြေ။ ။သပိတ် ဆန့်သမျှ ခံယူ ကောင်းသည်ဟု မဆိုလို၊ သပိတ် အတွင်းနှုတ်ခမ်းနှင့် အညီအမျှ ပြည့်ရုံသာ ခံယူ ရမည်ဟု ဆိုလိုပါသည်။

● လက်ဆောင်, ရိက္ခာ အတွက် မဟုတ်သော မုန့်တို့ကို ၃-သပိတ်ထက် အပိုခံယူကောင်းပါမည်လော....?။

(၇၉၅) ဖြေ။ *လက်ဆောင်, ရိက္ခာ၊ မဟုတ်တာ၊ ခံပါ ပြစ်မရှိ။

● ဘိက္ခုဟိ သင့် သံဝိဘဇိတဗ္ဗ-အရ၊ အဘယ် အရပ်၌ အဘယ်ပုဂ္ဂိုလ်မျှားနှင့် အဘယ်ပုံ ဝေဖန်ရမည်နည်း-?။

http://www.dhammadownload.com

(၇၉၆) ပြေ။ ။ထိုမုန့် ပလံသော နေရာနှင့် အနီးဆုံး ဖြစ်သော ကျောင်း, ဇရပ် စသည်သို့သွား၍ ရဟန်းများနှင့် ၃-သပိတ် ခံလာလျှင် ၂-သပိတ်၊ ၂-သပိတ်ခံလာလျှင်၁-သပိတ် ကို ဝေဖန်ရပါမည်၊ ၁-သပိတ်သာ ခံခဲ့လျှင်ကား...ဝေဖန်ဖို့ရန် ဘာဝန်မရှိ၊ဝေဖန်လိုက ဝေဖန်၊ မဝေဖန်လိုက နေနိုင်ပါသည်။

---

(၅) ပထမ ပဝါရဏာ သိက္ခာပုဒ်

● ဘုတ္တာဝီ-အရ၊ အဘယ်မျှလောက် ၁ား သည်ကို ယူရ မည်နည်း....?။

(၇၉၇) ပြေ။ ။ဘုတ္တာဝီ-အရ၊ ဆွမ်းတလုံး, ဟင်းတမတ် ကိုပင် ဖြစ်စေ တပိုင်းတစ စားပြီးသည်ကို ယူရပါသည်။

ပုတ်ချက်။ ။ဘုတ္တာဝီ-၌၊ တာဝီပဒုည်းသံ့ည် စားပြီးဟူသော အတိတ်အနက် ဟောသော်လည်း၊ပဝါရိတ်သင့် ရာ၌ စားဆဲသာသင့်ကောင်း၍၊စားပြီးသမျှကိုပင် ဘုတ္တာဝီ-ဟု ဆိုရသည်။လုံးဝစားပြီးကိုမယူရပေ။

● ပဝါရိတောဝ-အရ၊ အ ဘယ်သို့ပြုခြင်းကို ပဝါရဏာ-ဟု ဆိုရပါသနည်း....?။

(၇၉၈) ပြေ။ ။ဆွမ်းစားဝင့် မိမိသို့ ရွှေ့ရွှ ဆောင်ယူလာ သည့် မိမ်ဟတ္ထပါသ် အတွင်းသို့ ရောက်လာသော ဘောဇဉ်ကို ကိုယ်, နှုတ်ဖြင့် တားမြစ်ခြင်းကို ပဝါရဏာ-ဟု ဆိုပါသည်။

* စားသောက်ဆဲဖြစ်၊ကိုယ်, နှုတ်မြစ်၊ခေါ်လစ် ပဝါရဏာ။

---

http://www.dhammadownload.com

● ပဝါရဏာ အမျိုးအစားကို ရေးရ၏၊ ပဝါရိတောဘွဲ့ လိုအပ်သော ပဝါရဏာကို ညွှန်ပြပါ....?။

(၇၉၉) ဖြေ။ ။ပဝါရဏာသည်-

၁–ဝဿံဝုတ္ထ ပဝါရဏာ၊

၂–ပစ္စယ ပဝါရဏာ၊

၃–ပဋိက္ခေပ ပဝါရဏာ၊

၄–ယာဝဒတ္ထ ပဝါရဏာ-အားဖြင့် ၄-ပါးရှိ၏။

ဤတွင်

ပဝါရိတောဘွဲ့၊ ပဋိက္ခေပ ပဝါရဏာကို လိုအပ်ပါသည်။

● ပဝါရိတ်သင့်ကြောင်း အင်္ဂါကို ရေးခဲ့ပါ....?။

(၇၀၀) ဖြေ။ ။၁-စားဆဲ (စားမပြီးသေး) ဖြစ်ခြင်း၊ ၂-ဘောဇဉ် ၅-ပါးတွင် တပါးပါးဖြစ်ခြင်း၊ ၃-ပေးကမ်းသူက ၂-တောင့်ထွာဟတ္ထပါသ်အတွင်း တည်ရှိခြင်း၊ ၄–ရှေ့ရှု ဆောင်ယူခိုက်ဖြစ်ခြင်း၊ ၅–ကိုယ်,နှုတ်ဖြင့် ပယ်မြစ်ခြင်း၊ ပေါင်း ၅-ပါးဖြစ်ပါသည်။

† အာသနံ ဘောဇနဿေဝ၊ အဘိဟာရော သမီပတာ။
ကာယဝါစာ ပဋိက္ခေပေါ၊ ပဌမအင်္ဂါ ပဝါရဏာ။ (ခုဒ္ဒသိက္ခာ)

* စားဆဲ[1],ဘောဇဉ်[2]၊ဟတ်တွင်းဝင်[3]၊ဆောင်စဉ်[4],ကိုယ်နှုတ်မြစ်[5]။

* အင်္ဂါငါးလီ၊ ပြည့်စုံညီ၊ သင့်ပြီ ပဝါရိတ်။

---

http://www.dhammadownload.com

● ပဝါရိတ် သင့်ပြီးသော ရဟန်းသည် စားဆဲ ဘောဇဉ်ကို ဆက်လက်စားကောင်းပါမည်လော ရှင်းလင်းခဲ့ပါ...?။

(၈၀၁) ဖြေ။ ။ဣရိယာပုထ် မပြောင်းရှေ့ပဲ ဆက်စားကောင်း၏။ ဣရိယာပုထ်ပြောင်းရှေ့၍ကား မစားကောင်းပါ။

* နေရာမရွှေ့၊ စားကောင်းပေ့၊ ပြောင်း၍ မစားအပ်။

● နေရာ ရွှေပြီး၍ နောက်ထပ် စားလိုက မည်သို့ ပြုရမည်နည်း...?။

(၈၀၂) ဖြေ။ ။နေရာရွှေပြီးမှ နောက်ထပ်စားလိုသော် အတိရိတ် ဝိနည်းကံပြု၍ စားရပါမည်။

* နေရာရွှေမှ၊ စားလိုဘိ၊ ဝိနည်းကံနှင့် စား။ (ဝိ-သံ)

● အနတိရိတ္တ-ပါဠိအရ၊ အဘယ်ကို အနတိရိတ္တ-ဟု ဆိုပါသနည်း ...?။

(၈၀၃) ဖြေ။ ။အတိရိတ်ဝိနည်းကံလည်းမပြုအပ်၊ဂိလာနဏ၏ အကျွန်လည်း မဟုတ်ခြင်းကို **အနတိရိတ္တ**-ဟု ဆိုရပါသည်။

● အနတိရိတ္တ အပြားကို ရေးသားခဲ့ပါ....?။

(၈၀၄) ဖြေ။ ။အနတိရိတ္တ အပြားကား-

၁-ဝိနယရော နတိရိတ္တ၊

၂-ဂိလာနာ နတိရိတ္တ၊ ပေါင်း ၂-ပါး ဖြစ်ပါသည်။

● အတိရိတ် ဝိနည်းကံပြုခြင်းဟူသည်၊ အဘယ်သို့ ပြုခြင်းကို ခေါ်ပါသနည်း ရေးခဲ့ပါ....?။

http://www.dhammadownload.com

(၈၀၅) ဖြေ။ ။အပိုအကျန် ဖြစ်အောင် ပြုခြင်းကို အတိ
ရိတ် ဝိနည်းကံ ပြုခြင်းဟု ခေါ်ပါသည်။

● အတိရိတ်ဝိနည်းကံပြုခြင်း အင်္ဂါသရုပ်ကို ထုတ်ပြပါ...?။
(၈၀၆) ဖြေ။ ။

အတိရိတ် ဝိနည်းကံပြုခြင်း အင်္ဂါကား-

၁-အပ်စပ်အောင် ပြုသော ဘောဇဉ်ဖြစ်ခြင်း၊
၂-အကပ်ခံပြီး ဖြစ်ခြင်း၊
၃-ဝိနည်းဓိုရ်၏ အနိုးဌ် မြောက်ချီထားခြင်း၊
၄-ဝိနည်းဓိုရ်၏ ဟတ္ထပါသ် အတွင်းသို့ ရောက်ခြင်း၊
၅-ဝိနည်းဓိုရ်က အနည်းငယ်ဖြစ်စေ စားပြီးခြင်း၊
၆-ဝိနည်းခိုရ်က ပဝါရိတ် သင့်ပြီးသူဖြစ်လျှင် ထိုပဝါရိတ်
သင့်ရာမှ မဆသေးခြင်း၊
၇-ဝိနည်းဓိုရ်က "အလ မေတံ သဗ္ဗံ" ဟု ရွတ်ဆိုခြင်း၊
ပေါင်း ၇-ပါး ဖြစ်ပါသည်။

† ကဒ္ဒိယံ ပဋ္ဌဂ္ဂဟိသော၊ ဥစ္ဆာရိတံ ဟတ္ထပါသေ။
ဘုဇ္ဇာဝိနာနုဋ္ဌိတေန၊ အလမေတ္ထ သဗ္ဗဓာ။
* ကဒ္ဒိယမ္ပန်၊ အကပ်ခံ၊ ချီပြန်, ဟတ္ထပါသ်။ (ဝိ-သံ)
* နေရာမသင့်၊ စားပြီးမှ၊ အလမေတံ ရွတ်

● အနတိရိတ္တ ခါဒနီယံ၀ါ, ဘောဇနီယံ၀ါ ၌၊ ခါဒနီယ,
ဘောဇနီယ-အမည်ရသော ဝတ္ထုသရုပ်ကို ထုတ်ပြပါ-?။

http://www.dhammadownload.com

(၈၀၇) ဖြေ။ ။ဘောဇဉ် ၅-ပါးမှ ကြွင်းသော ယာဝ ကာလိက စားဖွယ်ဟူသမျှသည် ခါဒနီယ-ခဲဖွယ်မည်၏။

သြဒန(ထမင်း)၊ သတ္တု(ဆန်မုန့်)၊ ကုမ္မာသ(မုယောမုန့်)၊ မစ္ဆ (ငါး)၊ မံသ (အမဲသား)၊ ဤ ၅-ပါးသည် **ဘောဇနီယ-ဘောဇဉ်**-မည်၏။

* ဘောဇဉ်ငါးမှ၊ ကြွင်းထ စားဖွယ်၊ အသွယ်သွယ်၊ ခဲဖွယ် ဟူ၍ခေါ်။
* ထမင်း,သား,ငါး၊ မုန့်နှစ်ပါး၊ ငါးပါး ဘောဇဉ်ခေါ်။

● အဘယ်ကို သြဒန, သတ္တု, ကုမ္မာသ-ဟု ဆိုပါသနည်း ရေးခဲ့ပါ....?။

(၈၀၈) ဖြေ။ ။သလေး,ကောက်,မုယော,နတ်ကောက်, ပြောင်း,လူး,ဆပ်-ဟူသော စပါး ၇-ပါးတို့၏ဆန်ကို ချက်အပ်သော ထမင်းကို သြဒန-ဟု ခေါ်သည်။

စပါး ၇-ပါးတို့၏ ဆန်ကို လေးပ်၍ အားနှင့်ပြုတားအပ်သော ဆန်မုန့်ညက်နှင့်၊ရင်းအမှုန့်ကို ထောပတဲ,တင်လဲတို့ဖြင့် ဆုပ်နယ်၍ ပြုအပ်သော မုန့်မျိုးကို သတ္တု-ဟု ခေါ်သည်။

မုယောဆန်(ဂျုံ)ဖြင့် ပြုအပ်သော မုန့်ကို ကုမ္မာသ-ဟု ခေါ်ပါသည်။

● မစ္ဆ,မံသ-အရ၊ ငါး, အမဲသားကိုသာ ယူရမည်လော ရှင်း၊ခဲ့ပါ....?။

http://www.dhammadownload.com

(၈၀၉) ဖြေ။ ။မစ္ဆ-အရ၊ငါးတမျိုးတည်းကိုသာမယူရ၊ ပုစ္ဆန်,ဂဏန်း-စသော ရေသတ္တဝါအားလုံးကို ယူရပါမည်။

မံသ-အရ၊ အမဲသား တခုတည်းကိုသာမယူရ၊ကုန်းသတ္တဝါတို့၏ အသားအားလုံးကို ယူရပါမည်။

● ကာလိက ၄-ပါးလုံး၌ပဝ် ပဝါရိတ် သင့်ပါသလော ရေးသားခဲ့ပါ....?။

(၈၁၀) ဖြေ။ ။*ယာဝကာလိ၊ သင့်လေဘိ၊ ကြွင်းထိ မသင့်ပေ။

● ပဝါရိတ်သင့်သော ရဟန်းသည် ယာမ,သတ္တာဟ,ယာဝဇီဝိက,ကာလိက ၃-ပါးကို စားသောက်သော် အာပတ် သင့်,မသင့် ဆုံးဖြတ်ပါ....?။

(၈၁၁) ဖြေ။ ။ဒုက္ကဋ်အာပတ် သင့်ပါသည်။

● ပထမပဝါရဏာ သိက္ခာပုဒ်၌,အနုပညတ်ကိုထုတ်ပြပါ?။

(၈၁၂) ဖြေ။ ။အနုပညတ်ကား.... "အနတိရိတ္တံ" ဖြစ်ပါသည်။

(ခ) ဒုတိယ ပဝါရဏာ သိက္ခာပုဒ်

● အဘယ်ကို အဘိဟင်္ဂုံ ပဝါရေယျ-ဟု ဆိုပါသနည်း၊ ပဝါရေယျ-၌၊ ပဝါရဏာကာရပြ ပါ၌ကိုလည်း ရေးခဲ့ပါ....?။

(၈၁၃) ဖြေ။ ။အလိုရှိသလောက် ယူလော့, စားလော့ ဟု ပိတ်ခြင်းကို အဘိဟင်္ဂုံ ပဝါရေယျ-ဟု ဆိုပါသည်။

http://www.dhammadownload.com

... ပဝါရဏာကာရပြု ပါဠိကား.... "ဟန္ဒ ဘိက္ခု ခါဒ ဝါ ဘုဉ္ဇ ဝါ" ဖြစ်ပါသည်။

● ဇာနံ အဿာဒနာပေက္ခော-၌၊ အဘယ်သို့ သိခြင်းကို ဇာနံ-ဟု ဆိုပါသနည်း၊ ဇာနနာကာရ အပြားကိုလည်း ရေးသားခဲ့ပါ....?။

(၈၁၄) ဖြေ။ ။ပဝါရိတ် သင့်သော ရဟန်း တည်း ဟု သိခြင်းကို ဇာနံ-ဟု ဆိုရပါသည်။

ဇာနံ-အရ၊ ဇာနနာကာရ အပြားကား-

၁-ကိုယ်တိုင် မြင်သဖြင့် သိခြင်း၊ ၂-သူတပါး ပြောသဖြင့် သိခြင်း၊ ၃-ပဝါရိတ်သင့်သော ရဟန်းကိုယ်တိုင် ပြောကြား သဖြင့် သိခြင်း၊ ပေါင်း ၃-ပါး ဖြစ်ပါသည်။

* ပဝါရိတ် သင့်ပြီ၊ ရဟန်းဟု၊ သိမှ ဇာနဆိုး
* ကိုယ်တိုင် မြင်သိ၊ ဆင့်ကြား သိနှင့်၊ သင့်သည့် ဘိက္ခု ပြောကြားပြီ၊ သိမှ သုံးမျိုးကို။

● အဿာဒနာပေက္ခော-၌၊ အဘယ်သို့ ပြုခြင်းကို အဿာ ဒန-ဟု ဆိုရပါသနည်း....?။

(၈၁၅) ဖြေ။ ။*စွပ်စွဲ ပြစ်ဖော်၊ ရှိန်စော် ကင်းမှ၊ ကျိုးမဲ့ပြု၊ မှတ်ရှု အဿာဒန။

● ပဝါရိတ် သင့်ပြီးသော ရဟန်းအား အနုတိရိတ္တ ခဲဖုယ် ဘောဇဉ်ကို စားခိုင်းရာတွင် စားသူ, ခိုင်းသူ ရဟန်းတို့ အား၊ အဘယ် အခါ၌ အဘယ် သိက္ခာပုဒ်အရ အဘယ် အာပတ် သင့်မည်နည်း....?။

http://www.dhammadownload.com

(၈၁၆) ဖြေ။ ။အနတိရိတ္တ ခဲမှယ်,ဘောဇဉ်ကိုဆောင်ပေး သော အခါ, ပဝါရိတ ရဟန်းက ခံယူရာ အခါ, ပဝါရိတ ရဟန်း၏ ဆွမ်းလုပ်ကို မျှိုတိုင်း, မျှိုတိုင်း အခါတို့၌ ခိုင်းသူမှာ ဒုဿပဝါရဏာ သိက္ခာပုဒ်အရ ဒုက္ကဋ်၊ ပဝါရိတ ရဟန်း စားပြီးက ပါဒိတ်အာပတ် သင့်ပါသည်။

စားသော ရဟန်းကား....ပထမ ပဝါရဏာ သိက္ခာပုဒ်အရ ပါဒိတ်အာပတ် သင့်ပါသည်။

● ပဝါရိတရဟန်းအား ယာမ,သတ္တာဟ,ယာဝဇီဝိကဝတ္ထု ကို စားခိုင်းရာ အာပတ် သင့်,မသင့် ဆုံးဖြတ်ခဲ့ပါ....?။

(၈၁၇) ဖြေ။ ။အာဟာရအတွက်ဖြစ်က (ရှေ့ရှုဆောင်ရာ, ပဝါရိတ ရဟန်းက ခံယူရာ, စားရာ အခါတို့၌) ခိုင်းသော ရဟန်းအား ဒုက္ကဋ်အာပတ် သင့်ပါသည်။

ပိပါသ-ဂေလည-အတွက် ဆောင်ပေးလျှင်ကား....အာပတ် မသင့်ပါ။

---

(၂) ဝိကာလ ဘောဇန သိက္ခာပုဒ်

● အဘယ်ကြောင့် အဘယ်ကို ဝိကာလ-ဟုဆိုရပါသနည်း; ကာလ, ဝိကာလ-အရကိုလည်း ခွဲခြားပြပါ....?။

(၈၁၈) ဖြေ။ ။နံနက်အခါမှကင်းသောကြောင့်မွန်းတည့် မှ အရုဏ်တက်အထိ အခါကို ဝိကာလ-ဟု ဆိုရပါသည်။

အရုဏ်တက်မှ မွန်းတည့် အထိသည် **ကာလ**။

မွန်းတည့်မှ အရုဏ်တက် အထိသည် **ဝိကာလ**။

http://www.dhammadownload.com

* အရုဏ်တက်မှ၊ မွန်းတည့်ကျ၊ ကာလ အခါပေ။
* မွန်းဘည့် ဟိုဘက်၊ အရုဏ်ဘက်၊ တိုင်လုက် ဝိကာလေ။

● မွန်းမတ်မတ် တည့်သောအခါကို ကာလ, ဝိကာလတွင် အဘယ်အခါ၌ သွင်းရမည်နည်း...?။

(ဂ၁၉) ဖြေ။ ။*မွန်းမတ် တည့်ရာ၊ ထိုအခါ၊ သွင်းပါ ကာလတွင်။

● ဝိကာလ၌၊ ခဲဖွယ်, ဘောဇဉ်ကို ခံခြင်း, စားခြင်းတို့၌ အဘယ် အာပတ် သင့်သည်ကို ခွဲခြားပြပါ....?။

(ဂ၂၀) ဖြေ။ ။*ဝိကာလဝယ်၊ ခဲဖွယ်·ဘောဇဉ်၊ ခံလျှင် ဒုက္ကဋ်၊ မျိုချလတ်၊ အာပတ် ပါစိတ် တည်း။

● နေလွဲပြီးတွင် မလွဲသေး အ ထင် ဖြင့် လည်း ကောင်း၊ နေမလွဲခင် လွဲပြီး အထင်ဖြင့် လည်းကောင်း၊ ယာဝ ကာလိက ဝတ္ထုကို စားက အဘယ် အာပတ် သင့်ပါ သနည်း....?။

(ဂ၂၁) ဖြေ။ ။*လွဲပြီး ကိုပင်၊ မလွဲဘင်၊ စားလျှင် ပါစိတ်တည်း။

*မလွဲ သေး ခင်၊ လွဲပြီးဘင်၊ စားလျှင် ဒုက္ကဋ်တည်း။

---

http://www.dhammadownload.com

(၇) သန္ဓိမိကာရက သိက္ခာပုဒ်

● အဘယ် ခဲ့ဖွယ်, ဘောဇဉ်မျိုးကို သန္ဓိမိကာရ-ဟု ဆိုရပါသနည်း....?။

(၇၂၂) ဖြေ။ ။အကပ်ခံပြီး၍ တည်ဌိမျှလုန်ဘောဝ် မစွန့်ပဲ သိမ်းဆည်းထားသော ခဲ့ဖွယ်,ဘော်ဇဉ်ကို သန္ဓိမိကာရခဲ့ဖွယ်, ဘောဇဉ်-ဟု ဆိုရပါသည်။

● သန္ဓိမိကာရက်, ခါဒနီယ်ဝါ ဘောဇနီယ်ဝါ-ဟု ဆိုသော ကြောင့်၊ သန္ဓိမိဖြစ်သော ယာမကာလိက ဝတ္ထုကို သုံးဆောင် ကောင်းသည်ဟု မှတ်ရမည်လော ရှင်းခဲ့ပါ... ?။

(၇၂၃) ဖြေ။ ။*ယာမကာလိ၊ သန္ဓိမိ၊ မှတ်ဘိ ယာ၀လို။

*ခ်ဲ့လျှင် ဒုက္ကဋ်၊ စားမျိုလတ်၊ အာပတ် ပါစိတ်ဆို။

● သန္ဓိမိ-မဖြစ်စေပဲ စားခွင့် ရအောင် မည်သို့ ပြုရမည် နည်း....?။

(၇၂၄) ဖြေ။ ။လူ, သာမဏေတို့အား ငဲ့ကွက်မှု မရှိပဲ ပေးစွန့်လိုက်ရပါမည်၊ နက်ဖြန် နံနက်၌ ၎င်းတို့ သိမ်းဆည်း ထားသော ထိုခဲ့ဖွယ်,ဘောဇဉ်ကို တဖန်အကပ်ခံ၍ စားလျှင် သန္ဓိမိအာပတ် မသင့်တော့ပါ။

* အာလယပြတ်၊ပေးစွန့်လတ်၊နောက်ကပ်သန္ဓိ စားအပ်ဘိ။

● အဘယ်သို့ စွန့်မှ စွန့်ရာ ရောက်သည်ကို ရေးခဲ့ပါ....?။

(၇၂၅) ဖြေ။ ။*ငဲ့ကွက်စိတ်ဓာတ်၊ အာသာပြတ်၊ ပေးလတ် စွန့်ရာမည်။

---

http://www.dhammadownload.com

(၁) သန္ဓိဝိစွန့်ခြင်း အမျိုးအစားကို ရေးပြ၊ အဘယ် အရာကို စွန့်ရမည်ကို ဖော်ပြပါ....?။

(၁၂၆) ဖြေ။ ။သန္ဓိဝိစွန့်ခြင်းသည်၊ ၁-ဝတ္ထုကို စွန့်ခြင်း၊ ၂-အကပ်ခံကို စွန့်ခြင်းအားဖြင့် ၂-ပါးရှိ၏။

ဝိမတိဆရာအလို-ဝတ္ထုကိုသာ စွန့်ရမည်၊ အကပ်ကို စွန့်ရုံမျှ ဖြင့် သန္ဓိဝိ-မလွတ်ဟု ဆိုသည်။

သာရတ္ထဆရာအလို-ဝတ္ထု၊ အကပ်၊ ထိုနှစ်ရပ်တွင်၊ ဘယ်ဟာကို စွန့်စွန့် သန္ဓိဝိ - လွတ်၏ဟု ဆိုသည်။

ဆရာမျှားအလို - "ယံ ဘောဇနံ ဘိက္ခု နိရာပေက္ခော" ဟူသော အဋ္ဌကထာအရ၊ ယံ ဘောဇနံ-နိရာပေက္ခတို့ကိုထောက် ဆ၍ ဝိမတိ၀ါဒကို သာရအားဖြင့် လေးမြတ်နှစ်သက်အပ်သည် ဟု ဆိုကြပေသည်။

* ဝတ္ထု အကပ် စွန့်သတ် နှစ်ဖြာ၊
ဝိမတိလိမ္ဘ ဝတ္ထု စွန့်သာ။
သာရတ္ထ၊ဘား နှစ်ပါး မိန့်မှာ၊
ဆရာတို့ နှစ်မြို့ ဝိ-လိုပါ။

---

(၂) ဆိုချေး တို့ဖြင့် ပေရေနေသော သပိတ်, ပန်းကန်, ခွက်ယောက်မျှားဖြင့် အာမိသကို ထည့်စားရာ သန္ဓိဝိ ဖြစ်, မဖြစ် စိစစ်ခဲ့ပါ...?။

(၁၂၇) ဖြေ။ ။ပန်းကန်, သပိတ်ကို ကိုယ်တိုင်ဆေးကြော သိမ်းဆည်း၍ ထည့်စားလျှင် သန္ဓိဝိ-ဖြစ်၏။

http://www.dhammadownload.com

ထိုသို့မဟုတ်ပဲ လူ့သာမဏေတို့ ဆေးကြော သိမ်းဆည်းပြီး ၎င်းတို့ ကပ်လာသည်ကို စားလျှင် သန္ဓိဓ-မဖြစ်ပါ။

● အာမိသ ကပ်နေသော သပိတ်, ပန်းကန်ကို အကပ်မခံပဲ ကိုင်သော ရဟန်း, အာမိသကို ထည့်စားသော ရဟန်းတို့အား အဘယ် အာပတ် သင့်ပါသနည်း ရေးခဲ့ပါ-?။

(၇၂၇) ဖြေ။ ။အကပ်မခံပဲ ကိုင်သည့်အတွက် ဥဂ္ဂဟိတ ဒုက္ကဋ်၊ အာမိသကို ထည့်စားရာ၌ ကပ်နေသော မူလ အာမိသကို အကပ်မခံပဲ စားရာရောက်သည့်အတွက် ဒန္တပေါ်ဏ သိက္ခာပုဒ်ဖြင့် ပါစိတ်၊ ကပ်နေသော မူလအာမိသနှင့် နောက် အာမိသ ရောစားသည့်အတွက် ဤ သိက္ခာပုဒ်ဖြင့် ပါစိတ်အာပတ် သင့်ပါသည်။

● ရဟန်း ယောကျ်ား၏ သန္ဓိဓိသည် ရဟန်း မိန်းမအား လည်းကောင်း၊ ရဟန်း မိန်းမ၏ သန္ဓိဓိသည် ရဟန်း ယောကျ်ားအား လည်းကောင်း အပ်ပါမည်လော ရှင်းခဲ့ပါ....?။

(၇၂၉) ဖြေ။ ။"ဘိက္ခုနီ ခန္ဓကေ အနုညာတတ္တာ"ဟူ၍ ကခ်ါဆိုသောကြောင့်၊ ကျား-၏ သန္ဓိဓိသည် မ-အား လည်းကောင်း၊ မ-၏ သန္ဓိဓိသည် ကျား-အား လည်းကောင်း အပ်ပါသည်၊ အချင်းချင်းသာ မအပ်ပါ။

● ကာလိကချင်း ရောနှောရာ၌၊ အဘယ်ကာလိက သဘော သို့ လိုက်၍ သုံးဆောင်ရမည်နည်း ရှင်းခဲ့ပါ....?။

http://www.dhammadownload.com

(၈၃၀) ဖြေ။ ။ကာလိက ၄-ပါး ရောနှောရာ၌၊ရက်ရှည် ကာလိကသည် ရက်တို ကာလိကဘက်သို့ လိုက်၍ သုံးဆောင်ရပါမည်။

ဥပမာ-ယာဝကာလိကနှင့် ယာမကာလိက ရောနှောရာဝယ် ယာမကာလိကရက်အတိုင်းတနေ့သုံးဆောင်ခွင့်မရ၊ယာဝကာလိက ဘက်သို့လိုက်၍ တမနက်သာ သုံးဆောင်ခွင့် ရတော့သည်။

ထိုနည်းအတူ သတ္တာဟနှင့် ယာဝဇီဝိက ရောနှော ရာ ၌လည်း ယာဝဇီဝိက တသက်ပတ်လုံး သုံးဆောင်ခွင့်မရ၊သတ္တာဟကာလိက ၇-ရက်သာ သုံးဆောင်နိုင်တော့သည် ဟူလို။

● ရှေးရှေး နေ့များက အကပ်ခံထားသော သတ္တာဟ-ကာလိက, ယာဝဇီဝိက ဝတ္ထုတို့ကို နောက်နောက်နေ့များ၌၊ ယာဝကာလိက, ယာမကာလိက ဝတ္ထုတို့နှင့် ရောနှော၍ စားကောင်းပါမည်လော ဟေးခဲ့ပါ....?။

(၈၃၁) ဖြေ။ ။အကပ်ခံသောနေ့ဦးမှ ရောနှောစားအပ်၍၊ နေ့မတူက မစားအပ်သောကြောင့်၊ ရှေးသတ္တာဟ-ယာဝဇီဝိကတို့ကို နောက် ယာဝကာလိက, ယာမကာလိကတို့နှင့် ရောနှော၍ မစားကောင်းပါ။

* ကပ်နေ့ တူမှ၊ ရောစားရ၊ ကွဲက မစားအပ်။

● ယာဝ, ယာမ, သတ္တာဟ ကာလိကတို့ကို အကပ်ခံပြီး ဆိုင်ရာအခါလွန်မှ စားသောက်သော်၊ အဘယ်သံကွာပုဒ် အရ အဘယ်အာပတ် သင့်မည်နည်း....?။

(၈၃၂) ဖြေ။ ။*ယာဝ လွန်က၊ ဝိကာလ၊ ဘောဇ-ပါဒိတ်ပေ။

http://www.dhammadownload.com

*ယာမလွန်ဘိ၊ သန္ဓိဓိ၊ သင့်ဘိ ပါစိတ်ပေ။
*သတ္တာဟလွန်ဘိ၊ နိဿဂ္ဂိယ၊ ဘေသင့္ဂ၊ သင့်ထ ပါစိတ်ပေ။

● အဘယ်ကျောင်းမျိုးကို ကပ္ပိယကုဋိ-ဟု ခေါ်ပါသနည်း။ ၎င်းတို့၏ အပြားကိုလည်း ရေးခဲ့ပါ...?။

(၇၃၃) ဖြေ။ ။ကပ္ပိယကုဋိ မည်ပုံ—
* ရဟန်းဥစ္စာ ၊ နေဖိုင့ါ၊ လောက်ရာ သဟသေး?။
* ကပ္ပိယမှ၊ ညီစ္စာပြု?၊ ကုဋိ အင်္ဂါလေး။ (ဝိ-သံ)
* လေးဝအင်္ဂါ၊ ညီဝိဟာ၊ မှတ်ပါ ကပ္ပိလေး။

ကပ္ပိယကုဋိ အပြား-
* ဂဟပတိ၊ သမ္မုတိ၊ ဂေါနိသာဒိကာ။
* ဥဿာဝနန္ဓိ၊ အမည်ရှိ၊ ကုဋိ လေးပါးဖြာ။ (ဝိ-သံ)

● ဂဟပတိ, သမ္မုတိ, ဂေါနိသာဒိက,ဥဿာဝနန္ဓိက ကုဋိ မည်ပုံမျှားကို အသီးသီး ရေးသားခဲ့ပါ....?။

(၇၃၄) ဖြေ။ ။*လူသန္တကာ၊ ကပ္ပိယဟူ၊ ဆိုရ်ုလူ၊ မှတ်ယူ ဂဟပတိ။

*သမုတ်ကုံဘိ၊ သမ္မုတိ၊ ဥတ္တိဒုတိယာ။
*ပန် ကြား မှ လည်း၊ အ ပ် သ တည်း၊ နှစ်နည်း အဆိုသာ။
*ဌားတို့ နေဘိ၊ အနက်ရှိ၊ ဂေါနိသာဒိ ကာ။

http://www.dhammadownload.com

*ရဟန်းအပိုင်၊ ရှေးဦးတိုင်ကို၊ ပ္ပေကိုင်ချီချ၊ မြေအကျနှင့်၊ ကပ္ပိယစကား၊ ဆုံးပြိုင်ငြား၊ မှတ်သား ဥသာဝနန္ဒိကာ။ (ဝိ-သံ)

● ဂေါနိသာဒိက ကုဋိ အပြားကို ရေး၍၊ ထို ၂-ပါးတွင် အဘယ်သည် လိုရင်း ဖြစ်သည်ကို ရေးခဲ့ပါ....?။

(၈၃၅) ဖြေ။ ။*တိုက်တာ အရံ၊ ကျောင်းအရံ၊ နှစ်တန် မရှိရာ။

*အာရာမ, ဝိဟာရ၊ နှစ်ပါးပြ၊ အာရာမ လိုရင်းသာ။ (ဝိ-သံ)

● အကပ္ပိယကုဋိ-ဟူသည် အဘယ်နည်း၊ အဘယ့်ကြောင့် အကပ္ပိယကုဋိ-ဟု ဆိုရ၍၊ မနေအပ်ဟု မှတ်ရမည်လော ရှင်းခဲ့ပါ....?။

(၈၃၆) ဖြေ။ ။အင်္ဂါမည်၊ကျောင်းကုဋိ၊အကပ္ပိယသာ။ (ဝိ-သံ)

*နေထိုင်ရန်တွက်၊ သက်သက်ဆောင်ထ၊ သံဃာ့ပုဂ္ဂိုလ်၊ ပိုင်ကျောင်းကို၊ ခေါ်ဆို အကပ္ပိ။

*ယာဝ-ယာမ၊ ကာလိကသာ၊မထားရာ၊ နေတာ အပ်ပါဘိ။

● အကပ္ပိယကုဋိ၌၊ ကာလိက ၄-ပါးလုံးကို မသိုမှီးကောင်း ဟု မှတ်ရမည်လော... ?။

http://www.dhammadownload.com

(၈၃၇) ဖြေ။ ။*အန္တေဝုတ္ထ၊ အန္တေဝပက္က၊ သာမံပက္က၊ ဣတိသုံး၀၊ ယာ၀,ယာမမှာ။ (ဝိ-သံ)
*သက္ကဒေ၀ိ၊ထားနိုင်ဘီ၊ကြာဉ်ဒ္ဓိရှေနှစ်ဖြာ။

● မုခ သန္ဓိမှ, အန္တေဝုတ္ထ, အန္တေဝပက္က, သာမံပက္က ဒုက္ခဋ္ဌ တို့၏ အဓိပ္ပာယ်ကို ရေးခဲ့ပါ....?။

(၈၃၈) ဖြေ။ ။ယာ၀,ယာမ၊ကာလိက၊နှစ်၀ ၀တ္ထုကို။
*မအပ်ကျောင်းမှာ၊ သိမ်ီးတာ၊ ၀ုတ္ထာ, မုခဆို။
(မုခသန္ဓိမှင့် အန္တေဝုတ္ထကား....အတူ တူပင် ဖြစ်သည်။)
*မအပ်ကျောင်းတွင်း၊ ချက်ချင်းသဘော၊ အန္တေဝပက္ကဲ၊ကိုယ်တိုင်က၊သာမပက္ကဆို။
*ဣသည် လေးရပ်၊ ပြုခဲ့လတ်၊ ဒုက္ခဋ် ဆိုပုဂ္ဂိုလ်။

---

(၉) ပဏီတဘောဇန သိက္ခာပုဒ်

● အဘယ်သို့သော ဘောဇဉ်ကို ပဏီတဘောဇဉ်ဟု ဆိုပါ သနည်း၊ ပဏီတနှင့် ပဏီတဘောဇန ခွဲခြားပြပါ....?။

(၈၃၉) ဖြေ။ ။ထောပတ်,ဆီဦးအစရှိသည်တို့နှင့်ရောနှော အပ်ကုန်သော စပါး ၇-မျိုးတို့မှ ဖြစ်သော ဘောဇဉ်ကို ပဏီတ ဆောဇဉ်-ဟု ဆိုသည်။

ပဏီတ-အရ၊ ထောပတ် စသော ၀တ္ထု ၉-ပါး ရ၏။

http://www.dhammadownload.com

ပုဏိတဘောဇန-အရကို ထောပတ် စသော ဝတ္ထုမျှားနှင့် ရောထားသော ထမင်းကို ရ၏။

● 'ပဏိတဘောဇန သိက္ခာပုဒ်လာ မစ္ဆာ,မံသ,ခီရ,ဒဓိ-တို့အရ၊ အဘယ်ကို ယူရမည်နည်း ရေးခဲ့ပါ....?။

(၈၄၀) ဖြေ။ ။*ရေသတ္တဝါဆို၊အားလုံးကို၊ယူလိုမစ္ဆပေ။

*စားခွင့်ပြုလတ်၊ ကုန်းသတ္တဝါ၊ အသားဟာ၊ မှတ်ပါ မံသလေ။

*ဂုဝ်းတို့မှ၊ ဖြစ်ထ နို့ကဲ့၊ နို့ပျစ်ခဲ၊ ယူမြဲ ခီ-ဓိပေ။

● အဂိလာနော - အရ၊ အဘယ် ရဟန်းမျိုးကို ယူရမည်နည်း....?။

(၈၄၁) ဖြေ။ ။ပဏိတဘောဇဉ်၊ ကင်းလျှင် ချမ်းသာ၊ ရဟန်းဟာ၊ မှတ်ပါ အဂိလာ။

● (က) သပ္ပိ, နဝနီတ, တေလ, မဓု, ဖာဏိတ ၅-မျိုးကို ဆေးအတွက် တောင်းသော ရဟန်း၊ (ခ) မစ္ဆ, မံသ, ခီရ,ဒဓိ ၄-မျိုးကို အကြောင်းမဲ့သက်သက်တောင်းသော ရဟန်းတို့အား အဘယ် သိက္ခာပုဒ်အရ၊အဘယ်အာပတ် သင့်ပါသနည်း....?။

(၈၄၂) ဖြေ။ ။(က) အစေလကဝဂ် သတ္တမမြောက် မဟာနာမ၊ (ဝါ) ဘေသဇ သိက္ခာပုဒ်ဖြင့် ပါစိတ်အာပတ် သင့်ပါသည်။

(ခ) သေခီယ သက္ကစ္စဝဂ် သတ္တမမြောက် သူပေါဒနဝိညတ္တိ သိက္ခာပုဒ်ဖြင့် ဒုက္ကဋ်အာပတ် သင့်ပါသည်။

---

http://www.dhammadownload.com

(၁၀) ဒန္တပေါ၊ သိက္ခာပုဒ်

● ဒန္တပေါ၊ သိက္ခာပုဒ်၌၊ အနုပညတ်ကို ထုတ်ပြပါ....?။

(၈၄၃) ဖြေ။ ။**အနုပညတ်ကား**....“**အညတြ ဥဒက ဒန္တ ပေါ၊ကာ**” ဖြစ်ပါသည်။

● ထိုအနုပညတ်ကို အဘယ်အကျိုးငှါ ဆိုရပါသနည်း....?။

(၈၄၄) ဖြေ။ ။ရေနှင့် ဒန်ပူကို အကပ်မခံပဲ မသုံးဆောင် အပ်-ဟူသော ရဟန်းတို့၏ ဝိနယကုက္ကုစ္စကို ပယ်ဖျောက်ခြင်း အကျိုးငှါ ထို အနုပညတ်ကို ထပ်ဆိုရပါသည်။

● **အညတြ ဥဒက ဒန္တပေါ၊ကာ**-၌၊ ဥဒက-အရ ယူရမည့် ရေကို ဖော်ပြ၍၊ အဘယ့်ကြောင့် ဒန္တပေါ၊-မည်သည် ကိုလည်း ရေးခဲ့ပါ....?။

(၈၄၅) ဖြေ။ ။ဥဒက-အရ၊ ရထရေ၊ ပမာ၊ရှိသော မြေမှုန် မပါသည့် သန့်ရှင်းသောရေကို ယူရပါမည်။

သွားကို ဖြူစင် စေတတ်သောကြောင့် **ဒန္တ ပေါ၊** - မည် ပါသည်။

● အမှတ်တမဲ့ မသိပဲ ဒန်ပူရေ ဝမ်းတွင်းသို့ ဝင်ရာ၊အာပတ် သင့်, မသင့် ဆုံးဖြတ်ပါ....?။

(၈၄၆) ဖြေ။ ။ပါဒိတ်အာပတ် သင့်ပါသည်။

● ဒုတိယ ပါရာဇိက အဒိန္နနှင့် ဒန္တပေါ၊ သိက္ခာပုဒ်လာ အဒိန္န-တို့၏ အထူးကို ရေးခဲ့ပါ...?။

http://www.dhammadownload.com

(၇၄၇) ဖြေ။ ။ဒုတိယပါရာဇိက အဒိန္နကား....အရှင်သည်ကိုယ်,နှုတ်ဖြင့် မပေးအပ်သော သူတပါးပိုင် ဥစ္စာထည်း။

ဒန္တပေါဏ အဒိန္နကား.. မိမိ ပစ္စည်းပင် ဖြစ်သော်လည်း အကပ်မခံအပ်သော အာဟာရတည်း။ (ဤသို့ ထူးပါသည်။)

● မုခဒ္ဓါရံ အာဟာရ်-အရ၊ အဘယ်ကို ယူရမည်ကို ဖော်ပြပါ....?။

(၇၄၈) ဖြေ။ ။မုခဒ္ဓါရံ-အရ၊ လည်ချောင်းဝကို ယူရပါမည်။

အာဟာရံ-အရ၊ ကာလိက ၄-ပါးလုံးကို ယူရပါမည်။

* မုခ ဒ္ဓါရ၊လည်ဝ ယူပါ၊ အာဟာရာ၊ လေးဖြာ ကာလိက၊

● အကပ်မြောက်ကြောင်း အင်္ဂါကို ရေးခဲ့ပါ....? ။

(၇၄၉) ဖြေ။ ။အကပ်မြောက်ကြောင်း အင်္ဂါကား-

၁–ကပ်မည့်သူက ရှေ့ရှ ဆောင်လာခြင်း၊

၂–အကပ်ခံမည့်ရဟန်း၏ ဟတ္ထပါသ်အတွင်း၌ ရောက်ခြင်း၊

၃–အား-အလယ် အလတ်ရှိသော ယောကျ်ား တယောက် ချီနိုင်, မ-နိုင်သော ဝတ္ထု ဖြစ်ခြင်း၊

၄--ကိုယ်နှင့်ဖြစ်စေ၊ ကိုယ်နှင့် စပ်သော သပိတ်, ပန်းကန်, ခွက်ယောက်ဖြင့် ဖြစ်စေ၊ ပစ်လွှင့်၍ ဖြစ်စေ တမျိုးမျိုးဖြင့် ကပ်ခြင်း၊

http://www.dhammadownload.com

၅–ကိုယ်ဖြင့် ဖြစ်စေ၊ ကိုယ်နှင့်စပ်သော သပိတ်, ပန်းကန်, ခွက်ယောက်ဖြင့် ဖြစ်စေ အကပ်ခံခြင်း၊ ပေါင်း ၅-ပါး ဖြစ်ဝါသည်။

† ဥဗ္ဗာရဏံ ဟတ္ထပါသော၊ ဘိဟာရော ဒေဝတာဒိဒေါ၊ ပဒ္ဓိဂ္ဂဟောတိ ဂါဟော၊ ပဗ္ဗဟဂ်ေတိ ရူဟတိ။

(ဘဒ္ဒကဏ္ဍာ သဂ်ဟ ဂါထာ)

* ရှေရှလည်းဆောင်၊ နှစ်တောင့်ထွာရောက်၊ မြှောက်နိုင်ဝတ္ထု၊ သုံးခု ပေးခြင်း။ ခံခြင်း နှစ်လျှောက်၊ ဂျမ်းလာ ထောက်၊ ကပ်မြှောက်အင်္ဂါ ငါးပါးတည်း။ (ဒီနယ ဧကာသလ္ဍ)

● အကပ်မြှောက်ခြင်း အင်္ဂါတွင်ပါသော ပေးခြင်း၃-တန်, ခံခြင်း ၂-ပါး အင်္ဂါမျှားကို ထပ်ရှားအောင် ဖော်ပြပါ....?။

(၈၅၀) ပြေ။ ။*ကိုယ်, ကိုယ်နှင့် ထိ၊ နိဿဂ္ဂိ၊ သုံးရှိ ကပ်သူ တာဝန်တည်း။

*ကိုယ်, ကိုယ်နှင့်စပ်၊ ထိုနှစ်ရပ်၊ အကပ်ခံသူ အင်္ဂါတည်း။ (ရှေးဆရာ)

● အကပ်မြှောက်သော ဝတ္ထု ပမာဏကို ဖော်ပြပါ... ?။

(၈၅၁) ပြေ။ ။အ ကြီး ဆုံး, အ လေး ဆုံး အား ဖြင့်–အား–အလယ် အလတ်ရှိသော ယောက်ျားတယောက် ချီနိုင်, မ-နိုင်သော ဝတ္ထုတည်း။ (ထိုဆက်လေးက အကပ်မမြှောက်။)

http://www.dhammadownload.com

အယ်ဆုံး, အပေါ်ဆုံးအားဖြင့်— ရထရေကျုမြို့ခန့် ပမာဏ ရှိသော ဝတ္ထုတည်း၊(ထိုအောက်ယ်သော တဇာရိမြို့, အကျုမြို့, ပရမာကျုမြို့တို့မှာ အကပ်ခံဖွယ် မလို။)

* ထာမ မဇ္ဈိမ၊ ချိုကြွနိုင်ဖွယ်၊ မြို့ရထေရ်၊ အတွယ်မရှိရာ။(ဝိ-သံ)

● ရထရေကျုမြို့, တဇာရိမြို့-ဟူသည်၊ အ ဘယ် သည် တို့ ပါနည်း....?။

(၈၅၂) ဖြေ။ ။*တံမြက်လှည်းစဉ်၊ ရထားနှင်၊ ထ-ထင်မြို့တွေ ရထရေ။

*ပြ တင်း ပေါက် တွင်၊ နေ ရောင် ထင်၊ တွေ့မြင် မြို့တွေ **တဇာ** ပေ။

*ရထရေမှာ၊ ကပ်ပျက်ပါ၊ တဇာ မပျက် ခေ့။

● ကပ်နိုင်ခွင့်ရှိသော ပုဂ္ဂိုလ်များကို ရေး၍၊ ၂-ယောက်, ၃-ယောက် ကပ်ကောင်း, မကောင်း ဆုံးဖြတ်ခဲ့ပါ....?။

(၈၅၃) ဖြေ။ ။*လူ, သာမဏေရ၊ ရဟန်းမ၊ ယုတ်စွဲ့ တိရစ္ဆာန်။

*ကပ်နိုင်ခွင့်ရှိ၊ စားကောင်းဘိ၊ မှတ်သိ ပုဂ္ဂလ်။

*တယောက် မ နိုင်၊ နှစ် ယောက် ဆိုင်၊ မ-ကိုင် မအပ်မှန်။

*တ ယောက် နိုင် က၊ ဆယ်ယောက်မျှ၊ ကပ်က အပ်လေပြန်။

http://www.dhammadownload.com

*ဘ ယောက် နိုင်ပြု၊ ကပ် နိုင်မှု၊ ဝတ္ထု
လိုရင်းမှန်။

● ရှေ့ရှုဆောင်ရာ၌ လက်လွှတ်မှုလည်းကောင်း၊ မြှောက်ချီ
ကပ်ရာ၌ ဝတ္ထုကြွေမှု လည်းကောင်း အကပ်မြှောက်ပါ
သလော ရှင်းခဲ့ပါ....?။

(၈၅၄) ဖြေ။ ။*ရှေ့ ရှု ဆောင် လှာ၊ ကပ် မြှောက် ပါ၊
ဟတ္ထာ လွတ်ဖို့ မလို။
*တယောက်နိုင်က၊ မြေမကြွေပဲ၊ ဒရွတ်ဆွဲ၊
နေလဲ အပ်သကို။

● ၂-တောင့်ထွာဟတ္ထပါသ်ကိုမည်သို့ပိုင်းခြားရမည်နည်း၊
ထိုင်,ရပ်,လျှောင်းခြင်း စသည်အလိုက် ထိုက်သင့်သလို
ပိုင်းခြား၍ ပြခဲ့ပါ....?။

(၈၅၅) ဖြေ။ ။ကပ်သူ,ခံယူသူတို့၏ လက်ကိုကြည်ထား၍၊
အကပ်ခံသောသူ၏ အနီးဆုံး ကိုယ်အင်္ဂါ နောက်ဘက်အစွန်းနှင့်
ကပ်သူ၏ အနီးဆုံး ကိုယ်အင်္ဂါ ဤမှာဘက်(အရှေ့ဘက်)အစွန်း
ကြားကို ၂-တောင့်ထွာ ဟတ္ထပါသ်ပြု၍ ပိုင်းခြားရမည်။

ထိုင်

ရဟန်း၏ တင်ပါးသား နောက်စွန်းနှင့် ဒကာ၏ ဒူးခေါင်း
စွန်းကို တိုင်းရမည်။

ရပ်

ရဟန်း၏ ဖနောင့်စွန်းနှင့် ဒကာ၏ ခြေဖဝါး (ခြေဖျား)
စွန်းကို တိုင်းရမည်။

http://www.dhammadownload.com

လျှောင်း

ရဟန်း၏နံပါးပြင်ဘက်စွန်းနှင့် ဒကာ၏အနီးဆုံးကိုယ်အင်္ဂါ ရှေ့ဘက်စွန်း၊ (ရပ်က ခြေဖျားစွန်း၊ ထိုင်က ဒူးစွန်းကို တိုင်းရမည်။)

ထက်-အောက်

ရဟန်းက အထက် လူကအောက်ဖြစ်အုံ့-ရဟန်း၏ခြေစွန်းနှင့် လူ၏ လည်ကုပ်စွန်း၊ လူကအထက် ရဟန်းက အောက် ဖြစ်အုံ့-လူ၏ ခြေစွန်းနှင့် ရဟန်း၏ လည်ကုပ်စွန်းကို ဟတ္ထပါသ်ပြု၍ ပိုင်းခြားရပါမည်၊ ရဟန်းက ဝမ်းလျားမှောက်၍ အကပ်ခံရာ ဌာ်လည်း ထိုအတူပင် ဖြစ်သည်။

* ပေး,ယူ လက်နှစ်၊ကြည်ပယ်ပစ်၊ကြွင်းလစ်ကိုယ်အင်္ဂါ။(၀-သံ)
* အနီးဆုံးက၊ တိုင်းပါရ၊ ဟတ္ထပါသမှာ။
* ပေးသူ-ရှေ့စွန်း၊ယူ-နောက်စွန်း၊အစွန်းနှစ်ပြာ ပိုင်းခြားရာ။

---

❶ အ ကပ် ပျက် ကြောင်း အင်္ဂါ သရုပ်ကို ထုတ် ဆောင် ခဲ့ပါ....?။

(ဂ၅၆) ပြေ။ ။

† သိက္ခာ မရဏာ လိင်္ဂေဟိ၊ အနုပေက္ခ ဝိသဂ္ဂတော။
အ ဣ ဣ ဒါနုပသမ္ပန္နေ၊ဒါနာဝဂါဟောပသမ္ဘတိ။ (ခုဒ္ဒသိက္ခာ)

* စွန့်-ချ-ပေး-လူ၊ မစ္ဆု-လိင်ပြန်၊ ၍ ခြောက်တန်၊ ကပ်ခံ ပျက်ကြောင်းတည်း။ (ဝိနယ ကောသလ္လ)

မှတ်ချက် ။ ဝိနယသံခ်ပ်၌၊လယ်တီဆရာတော်ကသင်္ကန်း,သဝိတ် အလား၊အကပ်ပျက်ကြောင်းအင်္ဂါကိုဂ-ပါးဆိုသည်။

http://www.dhammadownload.com

● (က) ၂-ပါး, ၃-ပါးပိုင် ပစ္စည်းကို တပါးက စွန့်ခြင်း။
(ခ) ကပ်ပြီးသားကို လူ,သာမဏေများ ထိကိုင်ခြင်း၊
(ဂ) ကပ်ပြီးသပိတ်ကိုမစွန့်ပဲ တနေရာ၌ထားခိုင်းခြင်း၊
(ဃ) ပါးစပ်မှ ဆွမ်းလုံး သပိတ်, ပန်းကန်ထဲသို့ ပြန်ကျခြင်း၊
(c) လက်မဆေးပဲ စားခြင်း, မစားခင် သင်္ကန်းကိုင်ခြင်းတို့၌ အကပ်ပျက်, မပျက်ကိုဆုံးဖြတ်ခဲ့ပါ-?။

(ဂ၅ဂ) ဖြေ။ ။(က)တပါးပိုင်မဟုတ်၍ အကပ်ခံမပျက်၊ (ခ-ဂ)ပေးစွန့်ခြင်းမရှိ၍ အကပ်မပျက်၊(ဃ)သွားရည်,တံတွေးရည်လူးက ပျက်၏၊မလူးက မပျက်၊(c)မြှုမှုန့်များ ကပ်ခဲ့သော် အကပ် ပျက်ပါသည်။

● (က)အကပ်မဝံအပ်သေးသော ဘောဇဉ်ကိုထိကိုင်ခြင်း၊ (ခ)မြောက်ချီ၍နေရာရွှေ့စေခြင်းပြုက အာဘယ်အာပတ်သင့်ပါသနည်း၊ (ဂ) ထို ဝတ္ထုများကို စားကောင်းပါမည်လော ဆုံးဖြတ်ပါ....?။

(ဂ၅ဂ) ဖြေ။ ။(က) ဒုက္ခပစိတ္တိ ဒုက္ကဋ်။ (ခ) ဥဂ္ဂဟိတက ဒုက္ကဋ်။ (ဂ) ဒုက္ခပင်ဏ္ဍ ဒုက္ကဋ်, ကာလိက ဝတ္ထုကို ထိကိုင်သော ရဟန်းမှ တပါး ဗာခြား ရဟန်းများ စားအပ်၏။ ဥဂ္ဂဟိတက ကာလိက ဝတ္ထုကိုကား....ဘယ်ရဟန်းမှ မစားအပ်တော့ပါ။

* မရွှေ့ဌာန၊ ကိုင်ရုံမျှ၊ ဒုက္ခပစိတ္တိကာ။ (ဝ-သံ)
* တည်ရာဌာန၊ ရွှေ့စေက၊ ဥဂ္ဂဟိတကကာ။ (ဒ-သံ)

● (က)အသီးရှိသောသင်ပင်၊ (ခ) အသီးနှင့်ခားကောင်းသော အရွက်၊ (ဂ) မကပ်ရသေးသည်ကိုယူ၍ အကပ်ခံ

http://www.dhammadownload.com

ခိုင်းမှု၊ (ဃ)မိဘ, သာမဏေအတွက် မကပ်ရသေးသော ဝတ္ထုကို ယူဆောင်မှုတို့၌၊ အဘယ်အာပတ် သင့်မည်နည်း ရေးခဲ့ပါ....?။

(၇၅၉) ဖြေ။ ။(က) အနာပတ္တိ။ (ခ) ဒုရှုပစိဏ္ဍ ဒုက္ကဋ်။ (ဂ) ဥဂ္ဂဟိတက ဒုက္ကဋ်။ (ဃ) အနာပတ္တိ။

● အဘယ့်ကြောင့် ကာလိက - ဟု ခေါ်ရပါသနည်း၊ ကာလိက သဒ္ဒပ်ကို တုတ်ပြပါ....?။

(၇၆၀) ဖြေ။ ။*ပိုင်းခြားအပ်သ၊ သူ့ ကာလ၌၊ စားရ တွက်တာ၊ ထိုအစာ၊ မှတ်ပါ ကာလိက။

*ယာဝ, ယာမ၊ သတ္တာဟနှင့်၊ ယာဝဇီဝိ၊ လေးပါးရှိ၊ မှတ်ဘီ ကာလိက။

● အဘယ့်ကြောင့် အဘယ် ဝတ္ထုများကို ယာဝကာလိက ဟု ခေါ်ရပါသနည်. ...?။

(၇၆၁) ဖြေ။ ။*အရုဏ်တက်မှ၊ မွန်းတည့်ကျ၊ အပ်ထ ယာဝသာ။

*စပါးပဲမျိုး၊သီးကြီးကိုး၊ အမျိုးစုံလှပါ။

*အရပ်တိုင်းမှာ၊ အာဟာရ ကိစ္စ၊ စားဖိုး ကျ၊ ယာဝ ကာလိကာ။ (ဝိ-သ)

*ဘောဇဉ်ခဲတွယ်၊ အသားပ်သွယ်၊ အကျယ် မျှားလှစ္စာ။ (ဝိ-သ)

---

http://www.dhammadownload.com

● သီးကြီး ၉-ပါး၊ စပါး ၇-မည်ကို ဖော်ပြပါ....?။

(၈၆၂) ဖြေ။ ။*ထန်း - အုန်း နှစ်ကွဲ၊ ပိန်ဲ-နှစ်ပါး၊ သုံး သခွါး၊ နှစ်ပါး ဗူး-ဖရံ။

*သလေးမျိုးနှင့်၊ ကောက်မျိုး အမျှား၊ ဂျုစပါး၊ တပါး နတ်ကောက်မျိုး။

*ပြောင်းနှင့် လူး-ဆပ်၊ ခုနစ်ရပ်၊ ပညတ် စပါးမျိုး။ (ဝိ-သံ)

မှတ်ချက်။ ။ဝိန်ဲနှစ်ပါး-ဟူသည်၊တောင်ဝိန်ဲ,အိမ်ဝိန်ဲကိုဆိုလို သည်။ သုံးသခွါး-ဟူသည်၊ သခွါးငဆစ်, သခွါး ငပြွတ်, သခွါးငကြောင်ကို ဆိုလိုသည်။

● အဘယ်ကြောင့် အဘယ် ဝတ္ထုမျှားကို ယာမကာလိက-ဟု ဆိုရပါသနည်း....?။

(၈၆၃) ဖြေ။ ။

* မွန်းတည့်တိုင်မှ၊ နောက်ရက်ကျ၊ အပ်ထ ယာမသာ။
* အနုလေဝမ၊ မူလ ဖျော်ရည်၊ အလီလီ၊ သညီ ယာမပါ။

● မူလအဖျော်, အနုလေဝမ အဖျော်တို့ကို ထုတ်ဆောင်ပြပါ....?။

(၈၆၄) ဖြေ။ ။*သပြေ, သရက်၊ မုဒရက်၊ ဖက်သက် သစ်မည်စည်။ (ဝိ-သံ)

*ငှက်ပျော နှစ်မျိုး၊ကြာစွယ်တိုး၊ ရှစ်မျိုး အဖျော်ရည်။ (ဝိ-သံ)

(ဤကား....မူလ အဖျော် ၈-ပါး)

http://www.dhammadownload.com

* ရှောက်, မန်ကျည်းသီး၊ ကြာ, သီးသီး၊ခံ, ဆီ, ကြိမ်စေ-ဌား။
* အနုလေသမ၊ မျှော်ရည်ပ၊ အစ်ထ မီးကင်းတာ။
(ဤကား . အနုလေသမ အမျှော်များ)

---

❶ ဖျော်ရည် မပြုအပ်သော ဝတ္ထုများကို ရေးခဲ့ပါ....?။

(၇၆၅) ဖြေ။ ။*သီးကြီး ကိုးပါး၊ ပဲမျိုးများ၊ စပါး ခုနစ်မည်။
*အလျှော်စပါ၊ လေးမျိုးအား၊ ရှောစ် ရှား အမျှော်ရည်။ (ဝိ-သံ)

---

❷ အဘယ်သို့ပြုသော ဖျော်ရည်မျိုးမှ သောက် အပ်ပါ သနည်း၊ ယခုကာလ သောက်ကြသော ပင်မှည့်-ပင်ချို စသော လိမ္မော်ရည်များအပ်ပါမည်လောရှင်းခဲ့ပါ....?။

(၇၆၆) ဖြေ။ ။ရေအေးနှင့် စိမ်ခြင်း၊ နေဖြင့် ချက်ခြင်း ပြု၍ အဖတ်,အနယ်မပါသောဖျော်ရည်မှသောက်အပ်ပါသည်၊ ယခုကာလ ပင်မှည့်-ပင်ချို စသော လိမ္မော်ရည်များမှာ မီးဖြင့် (ဓာတ်ဖြင့်) လုပ်ခြင်း, အဖတ် ပါခြင်းတို့ကြောင့် မသောက် အပ်ပါ။

ပုတ်ချက်။ ။ယာဝဇီဝိက ဝတ္ထုနှင့် ပြုလုပ်သော ဖျော်ရည်ကို မူကား....,အဖတ်ပါသော်လည်း သောက်အပ်၏။

---

❸ ရဟန်း ကိုယ်တိုင် မန်ကျည်းသီး စသည်ကို အကပ်ခံ၍ ဖျော်ရည် စိမ်ခြင်း, စစ်ခြင်း ပြုကောင်း ပါမည်လော ရေးခဲ့ပါ....?။

(၇၆၇) ဖြေ။ ။*ကိုယ်တိုင်စိမ်လတ်၊ဖျော်စစ်ကပ်၊ မအပ် အမျှော်ရည်။

---

http://www.dhammadownload.com

● အဘယ်ကြောင့်အဘယ်ဝတ္ထုများကိုသတ္တာဟကာလိက-ဟု ခေါ်ပါသနည်း....?။

(၈၆၈) ဖြေ။ ။*ခုနစ်ရက်မျှ၊ သုံးဆောင်ရ၊ သတ္တာဟကာလိကာ။

*ထော, ဆီ, ဆီ, ပျား၊ တင်လဲ အား၊ ငါးပါး သတ္တာဟာ။ (ဝိ-သံ)

● အဘယ်ကြောင့် အဘယ် ဝတ္ထုများကို ယာဝဇီဝိက-ဟု ခေါ်ရပါသနည်း....?။

(၈၆၉) ဖြေ။ ။*တသက်လုံးပ၊ သုံးဆောင်ရ၊ ယာဝဇီဝိကာ။

*အရပ်တိုင်းမှာ၊အာဟာရကိစ္စ၊မစားကြ၊ ယာဝဇီဝိကာ။ (ဝိ-သံ)

*ဆီးဖြူ-သျှီသျှား၊ သဖန်းခါး၊ မျှား၏ အနှစ်။ (ဝိ-သံ)

● ဂျင်း,ကြက်သွန်, ဆီ,ဆား-စသော သတ္တာဟကာလိက, ယာဝဇီဝိက ဝတ္ထုများဖြင့် ပြုလုပ်အပ်သော ယခုကာလ အချို အရပ်တွင် စားလေ့ရှိသော ညှ,ဂျင်းသုပ်များကို စားအပ်,မစားအပ် ဆုံးဖြတ်ခဲ့ပါ....?။

(၈၇၀) ဖြေ။ ။တမျိုးစီ ပင်ကိုအတိုင်းမဟုတ်၊ လက်သုပ် အလား စားကောင်းရန် စီမံထားသဖြင့် ယာဝကာလိက ဝတ္ထု ဘက်သို့ သက်ရောက်နေသောကြောင့်၊ ထို ညှ-ဂျင်းသုပ်များကို မစားအပ်ပါ။

---

http://www.dhammadownload.com

(ခ) ယာမ-သတ္တာဟ-ယာဝဇီဝိက ဝတ္ထုတို့ကို ခွင့်ပြုသော အခါ၌၊ စား သောက် ချင် တိုင်း စား သောက် နိုင်ပါ သလော ရှင်းခဲ့ပါ....?။

(ဂ၇၁) ဖြေ။ ။မစား သောက် နိုင်ပါ၊ ယာမကာလိက ဝတ္ထုကို ပိပါသ-ဆာလောင်မှုအကြောင်းရှိမှ သောက်ကောင်း သည်၊ အကြောင်းမဲ့ သက်သက်သောက်က ဒုက္ခ၌။။

သတ္တာဟ ကာလိက, ယာဝဇီဝိက ဝတ္ထုတို့ကို ဂေလည-မကျန်းမာမှု အကြောင်းရှိမှ စားကောင်းသည်၊ အကြောင်းမဲ့ သက်သက် ဖြစ်စေ, ဆာလောင်၍ ဖြစ်ဝေ စားက ဒုက္ခ၌အာပတ် သင့်ပါသည်။

* ကြောင်း ဝိပါသ၊ ရှိပါမှ၊ ယာမ သောက်အပ်ပေ။
* ဂေလညရှိ၊ သတ်, ဇီဝိ၊ အပ်ဘိ. စားကောင်းပေ။
* အကြောင်းမဲ့ငြား၊ သုံးဆောင်စား ပြစ်ကား ဒုက္ခ၌ပေ။

စောင်နေ့ဝက် ဖြေ၏။

---

http://www.dhammadownload.com

အစေလက ဝဂ်

(၁) အစေလက သိက္ခာပုဒ်

● အဘယ် ပုဂ္ဂိုလ်မျှားကို အစေလက, ပရိဗ္ဗာဇက,ပရိဗ္ဗာဇိကာ-ဟု ခေါ်ဆိုရပါသနည်း၊ ထို ပုဂ္ဂိုလ်မျှားသည် သာသနာအတွင်းမှာလော,အပြင်မှာလော ရှင်းခဲ့ပါ-?။

(၈၃၂) ဖြေ။ ။အဝတ် မဝတ်သော တိတ္ထိတက္ကဋ္ဌန်းကို **အစေလက**-ဟု ခေါ်သည်။

ရဟန်းယောကျ်ား, သာမဏေယောကျ်ား တို့ကို ထား၍၊ ကြွင်းသော အမှတ်မရှိသော အဝတ်ဝတ်သည့် တိတ္ထိယောကျ်ား သာသနာပြင်ပ ရသေ့, ရဟန်းမျှားကို ပရိဗ္ဗာဇက-ပရိဗိုဇ်-ဟု ခေါ်သည်။

ဘိက္ခုနီ,သာမဏေရိတို့ကို ထား၍၊ ကြွင်းသော အမှတ်မရှိသော တိတ္ထိမ,ရသေ့,ရဟန်းမမျှားကိုပရိဗ္ဗာဇိကာ-ပရိဗိုဇ်မ-ဟု ခေါ်ပါသည်။

ထိုပုဂ္ဂိုလ်မျှားကား... အညတိတ္ထိယ-သာသနာ၏အပြင်အပ ပုဂ္ဂိုလ်မျှားသာ ဖြစ်ပါသည်။

---

(၂) ဥယျောဇန သိက္ခာပုဒ်

● ဥယျောဇန-သိက္ခာပုဒ်၌၊ နဂရ-ကို ဂါမ, နိဂမ-တွင် အဘယ်၌ သွင်းရမည်နည်း၊ ဥယျောဇက ရဟန်း၏ ခေါ်မသွားမီ ပြောဆိုပုံ, ပြန်လှတ်ခါနီးပြောဆိုပုံ ပါဠိ မျှားကို ရေးသားခဲ့ပါ....?။

(၈၃၃) ဖြေ။ ။နဂရ ကို ဂါမ-၌ သွင်းရပါမည်။

http://www.dhammadownload.com

ခေါ်မသွားပဲ ပြောဆိုပုံ-"ဟောဝုသော ဂါမ်ဝါ နိဂမ်ဝါ ပိဏ္ဍာယ ပဝိသိဿာမ" ဖြစ်ပါသည်။

ပြန်လှတ်ခါနီး ပြောဆိုပုံ- "ဂစ္ဆာဝုသော နမေ တယာ (လ) ဖာသု ဟောတိ" ဖြစ်ပါသည်။

● ဥယျောဇန-သိက္ခာပုဒ်၌၊ဥယျောဇက ရဟန်းက အဘယ်ကြောင့် ပြန်လှတ် လိုသည်၊ အဘယ် အကြောင်းရှိမှ ပြန်လှတ်နိုင်သည်ကို ရေးသားခဲ့ပါ....?။

(၈၇၄) ဖြေ။ ။တေဒေဝ ပစ္ဆယ် ကရိတွာ-အရ၊ ဥယျောဇက-ရဟန်းက မာတုဂါမနှင့် ရယ်မော, ကျီစယ်, နား, မျက်စိ ဆိတ်ကွယ်ရာတွင် ထင်သလို နေထိုင်ခြင်းစသော မလျောက်ပတ်သော အမှုကို ပြုလိုသောကြောင့် ပြန်လှတ်ခြင်း ဖြစ်ပါသည်။

၂-ပါ၊အတူဆွမ်းခံလျှင်မျှတအောင်ဆွမ်းမရနိုင်ခြင်းစသော လျောက်ပတ်သော အကြောင်းရှိမှ ပြန်လှတ်ကောင်းပါသည်။

● ဥယျောဇိတ-ရဟန်းအား ပြန်လှတ်ရာ၌၊ ဥယျောဇက-ရဟန်းအား အဘယ်အခါ၌ အဘယ်အာပတ် သင့်ပါသနည်း၊ ထို သိက္ခာပုဒ်အရ ဒဿနူပစာ, သဝနူပစာ တို့ကိုလည်း ပိုင်းခြားပြပါ....?။

(၈၇၅) ဖြေ။ ။ပြန်တော့-ဟု ပြောဆိုသောအခါမှာဒုက္ကဋ်၊ ပြန်သော ရဟန်းသည် လှတ်သောရဟန်း၏ မြင်, ကြားလောက်ရာ ဒဿနူပစာ, သဝနူပစာကို ပထမခြေလှမ်းလွန်သောအခါမှာ နောက်ထပ် ဒုက္ကဋ်သင့်၍၊ ဒုတိယ ခြေလှမ်း လွန်သောအခါမှာ ပါစိတ်အာပတ် သင့်ပါသည်။

http://www.dhammadownload.com

ဟင်းလင်းအပြင် လွင်တီးခေါင် အရပ်၌ ၁၂-တောင်၏ အတွင်းဘက် အရပ်ကို ဒဿနူပစာ, သဝနူပစာ-ဟု ဆိုသည်။ **အကာဘက္ကယ်ရှိခဲ့လျှင်** - အကာ၏အတွင်းကို ဒဿနူပစာ,သဝနူပစာ-ဟု ဆိုသည်။

* ပြန်တော့ပြောချေ၊ဒုက္ကပေ၊ပ-ခြေလွန်လတ်၊နောက်ဒုက္ခ၌။
* ဒု-ခြေလွန်သွား။ လွတ်သူအား၊ သင့်ခြား ပါစိတ်မှတ်။

---

(၄) သဘောဇန သိက္ခာပုဒ်

● အဘယ်ကို သဘောဇနကုလ-ဟု ဆိုရပါသနည်း....?။

(၇၇၆) ဖြေ။ ။လင်,မယား ၂-ယောက်ရှိသော (ဝါ) စည်းစိမ်ခံဖော်ရှိသောအိမ်ကိုသဘောဇနကုလ-ဟုဆိုရပါသည်။

● အနုပခဇ နိသဇ္ဇံ ကပ္ပေယျ-အရ၊ အာပတ် သင့်ပုံကို အိမ်ခန်းအလိုက် ထိုက်သင့်သလို ခွဲခြားပြပါ....?။

(၇၇၇) ဖြေ။ ။ကျွယ်ဝန်းသော အိမ်ခန်းတွင်ဖြစ်မူ အခန်းတံခါးဘောင်မှ ၂-တောင့်ထွာထက်ဝေးသောနေရာ၌ထိုင်လျှင် ပါစိတ်အာပတ် သင့်၏။ ကျဉ်းမြောင်းသော အိမ်ခန်းဖြစ်မူ အခန်း၏ အလယ်ဗဟိုအရပ်ကို လွန်၍ထိုင်လျှင် ပါစိတ်အာပတ် သင့်၏။

---

http://www.dhammadownload.com

(၄-၅) ရဟော ပဋိဋ္ဌနနှင့် ရဟော နိသဇ္ဇ

ရဟော ပဋိဋ္ဌန, နိသဇ္ဇ သိက္ခာပုဒ်များသည်၊ အဘယ် သိက္ခာပုဒ်နှင့် အဘယ် အရာများတူ၍၊ အဘယ်ကြောင့် ထပ်၍ ပညတ်ရပါသနည်း....?။

(၈၇၈) ဖြေ။ ။ရဟောပဋိဋ္ဌန,နိသဇ္ဇသိက္ခာပုဒ်များသည် ပထမပါရာဇိက သိက္ခာပုဒ်နှင့် သမုဋ္ဌာန်စသည် တူ၍၊ အနိယတ သိက္ခာပုဒ်နှင့် ကထာမဂ္ဂစသည်တို့မှာ ယထာကျွမတူကြပါသည်။ အတ္ထုပ္ပတ္တိအားလျော်စွာ ထပ်မံ၍ပညတ်ရခြင်းဖြစ်ပါသည်။

---

(၆) စာရိတ္တ သိက္ခာပုဒ်

အဘယ် ရဟန်းကို နိမန္တန-သဘတ္တ-ဟု ခေါ်ဆိုရပါသနည်း ...?။

(၈၇၉) ဖြေ။ ။ဘောဇဉ် ၅-ပါးတို့တွင် တပါးပါးဖြင့် ဖိတ်မန်အပ်သော ရဟန်းကို နိမန္တန၊ ထို ဖိတ် မန် အပ် သော ဆွမ်းရှိသော ရဟန်းကို သဘတ္တ-ဟု ဆိုရပါသည်။

သန္တံ ဘိက္ခုံ-အရ၊အဘယ်ရဟန်းမျိုးကို ထင်ရှားရှိသော ရဟန်းဟု ဆိုရပါသနည်း၊ အဘယ်သို့ ပန်ကြားရမ်ည် ကိုလည်း ရေးခဲ့ပါ....?။

(၈၈၀) ဖြေ။ ။ဥပစာရသိမ်အတွင်း(မျက်စိဖြင့်မြင်လောက် ရာ ဒဿနူပစာအတွင်း)၌ ရှိ၍၊ပကတိ၀စန ပြောနေကျ စကား သံဖြင့် ပန်ကြားလျှင် ကြားနိုင်လောက်သောအရပ်(၁၂-တောင် အတွင်း)၌ ရှိသော ရဟန်းကို သန္တံ ဘိက္ခုံ - ထင်ရှားရှိသော ရဟန်းဟု ဆိုရပါသည်။

http://www.dhammadownload.com

ပန်ကြားပုံကား....''အဟံ ဣတ္ထန္နာမဿ ဃရံ ဂစ္ဆာမိ''ဟု ပန်ကြားရပါမည်။

● ပုရေဘတ္တ, ပစ္ဆာဘတ္တ ကာလကို ဖော်ပြ၍၊ ကုလေသုစာရိတ္တ-အရ၊အဘယ်ဒကာ၏အိမ်ကိုဆိုလိုပါသနည်း-?။

(၈၈၁) ဖြေ။ ။ဖိတ်ထားသောဆွမ်း မစားမီကာလသည် ပုရေဘတ္တ၊ ထိုဆွမ်းကို စားပြီးရာ အခါကာလသည် ပစ္ဆာဘတ္တ ဖြစ်ပါသည်။

မှတ်ချက်။ ။မွန်းလွဲမှ ပစ္ဆာဘတ္တ မဟုတ်၊ ဖိတ်ထားသော ဆွမ်းကို စားပြီးရာအခါကို ပစ္ဆာဘတ္တ-ဟုဆိုရသည်၊ နံနက် ၈-နာရီ စားပြီးလျှင် ထိုနေ့ကအခါသည် ပစ္ဆာဘတ္တ-ပင်တည်း။

ကုလေသု စာရိတ္တ-အရ၊ဆွမ်းဖိတ်သောအိမ်မှတပါး အခြားအိမ်များကို ဆိုလိုပါသည်။

* ဘောဇဉ်ငါးပါး၊မစားသေးခါ၊ပုရေသာ၊ပြီးရာပစ္ဆာဘတ်။
* နံနက်၌ပင်၊ စားပြီးလျှင်၊ ခေါ်တွင် ပစ္ဆာဘတ်။

● ပင့်သော အိမ်မှတပါး အခြားအိမ်သို့သွားရာ၊ အဘယ်အခါ အဘယ်အာပတ် သင့်ပါသနည်း ခွဲခြားပြပါ....?။

(၈၈၂) ဖြေ ။အိမ်၏ဥပစာအတွင်းသို့ဝင်မိလျှင် ဒုက္ကဋ်၊ အိမ်တံခါးခုံ အတက်အဆင်းကို ပထမခြေတလှမ်း ကျော်မိလျှင် နောက်ထပ် ဒုက္ကဋ်၊ ဒုကိယ ခြေလှမ်း ကျော်မိသော် ပါစိတ် အာပတ် သင့်ပါတော့သည်။

● စာရိတ္တသိက္ခာပုဒ်၌၊အနုပညတ်မည်မျှရှိသနည်းရေးသားခဲ့ပါ....?။

http://www.dhammadownload.com

(၈၈၃) ဖြေ။ ။၄-ပါး ရှိပါသည်။

၁–သန္တံ ဘိက္ခုံ အနာပုစ္ဆာ၊

၂–ပစ္ဆာဘတ္တံ၊

၃–အညတြ သမယာ (စီဝရဒါန သမယ)

၄–အညတြ သမယာ (စီဝရကာရ သမယ)

မှတ်ချက်။ ။အချို့ကား....အညတြ သမယာကို တချက်တည်း ယူ၍၊ ပုရေဘတ္တံကိုထည့်ကာ အနုပညတ် ၄-မျိုး ဆိုသည်၊ အမှန်မှာ-ပုရေဘတ္တံသည် မူလ ပညတ်သာ ဖြစ်၍ ထည့်ရန်မလို၊ အညတြ သမယကိုသာ ၂-ချက်ခွဲ၍ အနုပညတ် ၄-ပါး မှတ်ရမည်။

---

(၇) မဟာနာမ သိက္ခာပုဒ်

● စာတုမာသ ပစ္ဆယပဝါရဏာ သာဒိတမ္ဘာ-၌၊ ပစ္ဆယ-အရ, ပဝါရဏာ-အရ တို့ကို ဖော်ပြ၍၊ သာယာခြင်း ဟူသည် အဘယ်ကို ဆိုလိုပါသနည်း....?။

(၈၈၄) ဖြေ။ ။ပစ္ဆယ-အရ၊ဂိလာနပစ္ဆယကိုယူရပါမည်။ ပဝါရဏာ-အရ၊ သံဃာအား ဖိတ် ကြား ခြင်း ကို ယူရပါမည်။

သာယာခြင်း-ဟူသည်၊ မပယ်ရှားခြင်း, လက်ခံထားခြင်းကို ဆိုလိုပါသည်။

● စာတုမာသ-ဟု ဆိုသဖြင့် ၄-လထက် အယုတ်,အလွန် ဖိတ် ကြားခြင်းကို သာ ယာ ကောင်း ပါ မည် လော ရှင်းခဲ့ပါ....?။

http://www.dhammadownload.com

(၈၈၅) ဖြေ။ ။ခွင့်ပြုရင်း အတ္ထုပ္ပတ္တိ အလျောက်သာ ၄-လဟု ဆိုရပါသည်၊ ၄-လ,မက ၅-လပင်ဖြစ်စေ, ၁-လပဲ ဖြစ်စေ ၁ကာ ဖိတ်သမျှကို သာယာကောင်းပါသည်။

● မိမိအား ပုဂ္ဂလိက ဖိတ်ထားသူထံ၌၊ နာမ္မမရှိပဲ ဆေးတောင်းခြင်း, ဖိတ်ထားသူ မရှိသဖြင့် တကယ် နာ၍ မဖိတ်သူထံ၌ ဆေးတောင်းခြင်း အမှုကို ပြုကောင်းပါမည်လော ရေးခဲ့ပါ...?။

(၈၈၆) ဖြေ။ ။ပြုကောင်းပါသည်။

● ဤ သိက္ခာပုဒ်ပါ သာဒိတဗ္ဗာနှင့် သာဒိယေယျ-အရ၊ သာယာခြင်း အထူးကို ရေးခဲ့ပါ....?။

(၈၈၇) ဖြေ။ ။*မပယ်ရှားတာ၊ လက်ခံတာ၊ သာယာ သာဒိတဗ်။

*သာဒိယေယျ၊ သာယာက၊ တောင့်တ ဆိုသတတ်။

● တစော ဧ ဥတ္တရိ သာဒိယေယျ-၌၊ တစော-အရ ဖော်ပြပါ...?။

(၈၈၈) ဖြေ။ ။တစော-အရ၊ ဖိတ်ကြားသူက ခွဲခြားလျောက်ထားသော ဆေးနှင့် ပိုင်းခြား ကန့်သတ်သော အခါကာလ ရပါသည်။

---

http://www.dhammadownload.com

(၈) ဥယျုတ္တသေနာ သိက္ခာပုဒ်

● သေနံ-အရ၊ စစ်အင်္ဂါ ၄-ပါး သရုပ်ကို ထုတ်ပြ၍၊ စစ်အင်္ဂါ ၄-ပါး တပ်ဖွဲ့ပုံကို ရေးခဲ့ပါ....?။

(၈၈၉) ဖြေ။ ။*ဆင်, မြင်း, ရထား၊ ခြေသည်များ။ လေးပါး စစ်အင်္ဂါ။

စစ်အင်္ဂါ ၄-ပါးဖွဲ့ပုံ

* ဆင်ကား သုံးကောင်၊ဆင်တကောင်၊ယောက်ျား ဆယ့်နှစ်ထား၊ မှတ်သား ဆင်တပ်တည်း။ (ဆင်-၃၊ ယောက်ျား-၃၆)
* မြင်းကား သုံးကောင်၊မြင်းတကောင်၊ ယောက်ျား သုံးယောက်ထား၊ မှတ်သား မြင်းတပ်တည်း။ (မြင်း-၃၊ ယောက်ျား-၉)
* ရထားသုံးစီး၊တစီး ယောက်ျား၊ လေးယောက်ထား၊ မှတ်သား ရထားတပ်ပေတည်း။ (ရထား-၃၊ ယောက်ျား-၁၂)
* လက်နက်ခွဲခြား၊ ယောက်ျား လေးမှာ၊ ခြေလျင်သာ၊ မှတ်ပါ တပ်စုတည်း။
* တပ်စိတ်လေးခု၊ ပေါင်း၍စု၊ ဓာခု စစ်တပ်တည်း။

● စစ်တိုက်ရန်တွက်ခွါသွားသော ဗမာ့တပ်ပတော်ခြေလျင်တပ်ကို မြင်လောက်ရာ အရပ်သို့ သွားရ၍ ကြည့်ရှုသော ရဟန်းအား ဤသိက္ခာပုဒ်အရ ပါစိတ်အာပတ် သင့်, မသင့် ဆုံးဖြတ်ခဲ့ပါ....?။

(၈၉၀) ဖြေ။ ။သေနာ-အရ၊ စစ်အင်္ဂါ ၄-ပါးရှိသော တပ်ကိုသာ.ယူရသောကြောင့်၊ ထိုရဟန်းအား ပါစိတ်အာပတ် မသင့်၊ ဒုက္ကဋ်အာပတ်သာ သင့်ပါသည်။

---

http://www.dhammadownload.com

● စစ်တပ်သို့ အကြောင်းမဲ့ ကြည့်ရှုရန်သွားသော ရဟန်းအား အဘယ် အခါ၌ အဘယ်အာပတ် သင့်သည်ကို ခွဲခြား၍၊ သွားထိုက်သော အကြောင်းကိုလည်း ရေးခဲ့ပါ....?။

(၈၉၁) ဖြေ။ ။*ခြေလှမ်း တိုင်းမှာ၊ ဒုက္ကဋ်ပါ၊ မြင်ရာ ရပ်ကြည့် ပါစိတ်တို့။
*စစ်တပ် ၌ နေ၊ ဥ တိ ဆွေ၊ ဖျား ချေ ကြောင်းရှိ၊ သွားကောင်းဘိ။

● အဘယ်အခါ ဘယ်နေရာ မျိုးမှ ကြည့် ကောင်း ပါသနည်း....?။

(၈၉၂) ဖြေ။ ။*မိမိရှိရာ၊ ရောက်လာရင်ဆိုင်၊ ကျောင်းကတိုင်း၊ ကြည့်နိုင် စစ်အင်္ဂါ။

● ဥယျာဉ်တွင်သေနာ သိက္ခာပုဒ်၌၊ အနုပညတ်ကို ထုတ်ပြပါ...?။

(၈၉၃) ဖြေ။ ။အနုပညတ်ကား...."အညတြ တထာရူပ ပစ္စယာ" ဖြစ်ပါသည်။

---

(၉) သေနာဝါသ သိက္ခာပုဒ်

● တတော စေ ဥတ္တရိ ဝသေယျ-အရ၊ ၃-ညဉ့် လွန်-လွန် ချင်းပင် အာပတ် သင့်ပါသလော ရှင်းခဲ့ပါ....?။

(၈၉၄) ဖြေ။ ။"တိရတ္ဆာတော ဥတ္တရိ စတုတ္ထ ဒိဝသေ အတ္ထာဂတေ သူရိယေ" ဟူ၍ ကခ်ါ ဆိုသောကြောင့်၊ ၃-ညဉ့်

http://www.dhammadownload.com

လွန်, လွန်ချင်း အာပတ်မသင့်၊ ၄-ရက်မြောက်နေ့ နေဝင်ရာ အခါမှသာ အာပတ် သင့်ပါသည်။

* သုံးညဉ့်လွန်မြောက်၊လေးရက်ရောက်၊ နေနောက်ယွန်းခါ၊ ပြစ်သင့်ပါ။

● (က) ဝသေယျ-၌၊ အဘယ်ဣရိယာပုထ်ဖြင့် နေခြင်းကို ယူရမည်နည်း၊(ခ) ၄-ရက်မြောက်အခါ နေဝင်ချိန်မှာ စစ်တပ်အထက် ကောင်းကင်သို့ တက်၍ ဈာန်ဖြင့်နေက အာပတ် သင့်မည်လော ရေးခဲ့ပါ....?။

(၇၉၅) ဖြေ။ ။(က) ဝသေယျ - အရ၊ ဣရိယာပုထ် ၄-မျိုးလုံးနှင့် နေခြင်းကို ယူရပါမည်။

(ခ) ထိုသို့ နေသော်လည်း အာပတ်မှ မလွတ်ပါ။

● စစ်တပ်အတွင်း၌ ၃-ညဉ့်ထက်အလွန် နေနိုင်ကောင်းရာ အကြောင်းများကို ရေးခဲ့ပါ... ?။

(၇၉၆) ဖြေ။ ။ကိုယ်တိုင်ဖျားနေခြင်း, လာရင်း လူမမာ ကိစ္စ ဆောင်ရွက်နေရခြင်း, စစ်တပ်ကို အခြား စစ်တပ်များက ပိတ်ထားခြင်း, မိမိအား တဦးတယောက်ကတားဆီးနှောင့်ယှက် ထားခြင်း, လမ်း၌ ဘေးအန္တရာယ်မြင်ခြင်း အကြောင်းများရှိက စစ်တပ် အတွင်း၌ ၃ - ညဉ့်ထက် အလွန် ပို၍ နေနိုင်ကောင်း ပါသည်။

---

http://www.dhammadownload.com

(၁၀) ဥယျောဓိက သိက္ခာပုဒ်

● အဘယ်ကို ဥယျောဓိက, ဗလဂ္ဂ, သေနာဗျူဟ, အနိုက ဒဿန-ဟု ဆိုရပါသနည်း ...?။

(၇၉၇) ဖြေ။ ။ဘက်၍,တက်၍ထိုးပစ်ရာ၊(၀၊) စစ်ထိုးရာ အရပ်(စစ်ပွဲ)ကို ဥယျောဓိက-ဆိုသည်။

စစ်သည် ဗိုလ်ပါ၊ စစ်အင်္ဂါတို့ကို ရေတွက်ရာ အရပ်ကို ဗလဂ္ဂ-ဆိုသည်။

စစ်တိုက်ဖို့ရာ သူနေကုန်ကုန်သူ စစ်သည် စုရုံးရာ (စစ်ဆင်ရာ) အရပ်ကို သေနာဗျူဟ-ဆိုသည်။

စစ်အင်္ဂါ ၄-ပါးအား ကြည့် ရှု ခြင်း ကို အနိုကဒဿန-ဆိုသည်။

အ၀ေလကဝဏ် ဖြေ၏။

---

http://www.dhammadownload.com

သုရာပါန ဝဂ်

(၁) သုရာပါန သိက္ခာပုဒ်

● သုရာနှင့် မေရယတို့၏ အထူးကို ရေးခဲ့ပါ...?။

(၈၉၈) ဖြေ။ ။*မုန့်မှုန့် စသည်၊ ပြုသောရည်၊ တွင်မည် သုရ-ပါ။

*ပန်းပွင့် စ-ပြု၊ စိမ်ရည်စု၊ ခေါ်မှု မေရယာ။

*နယ်ရှိ ပြုလတ်၊ ထုံစိမ်အပ်၊ နှစ်ရပ် အထူးသာ။

● သုရာ ၅-ပါး, မေရယ ၅-ပါးတို့ကို ဖော်ပြပါ....?။

(၈၉၉) ဖြေ။ ။**သုရာ ၅-ပါးကား-**

၁–ပိဋ္ဌ သုရာ=ဆန်မှုန့်ဖြင့်ပြုသော သေရည်၊

၂–ပူပ သုရာ=မုယောမုန့်ဖြင့်ပြုသော သေရည်၊

၃–သြဒန သုရာ=ထမင်းဖြူဖြင့်ပြုသော သေရည်၊

၄–ကိဏ္ဏပက္ခိတ္တ သုရာ=တဆေးမှုန့် ခပ်၍ပြုသော သေရည်၊

၅–သမ္ဘာရသံယုတ္တ သုရာ=ဖန်ခါး, မုန်ညင်းစေ့ စသည် ထည့်၍ပြုသော သေရည်၊ပေါင်း ၅-ပါး ဖြစ်ပါသည်။

* ဗိဋ္ဌ, ပူပ၊ သြဒန၊ ကိဏ္ဏ, သမ္ဘာရ၊ (8-သံ)

မေရယ ၅-ပါးကား–

၁–ပုပ္ပါသဝ=အပွင့် စိမ်အပ်သော စိမ်ရည် အရက်၊

၂–ဖလာသဝ=အသီး စိမ်အပ်သော စိမ်ရည် အရက်၊

http://www.dhammadownload.com

၃-မဓွာသဝ = မုဒရက်သီးကို စိမ်အပ်သော စိမ်ရည်အရက်၊
၄-ဂုဠာသဝ = ကြံရည်, ထန်းရည်ကို စိမ်အပ်သော စိမ်ရည် အရက်၊
၅-သမ္ဘာရသံယုတ္တာသဝ = သဖန်းခါးသီးစသောအဆောက်အဦ အမျိုးမျိုးတို့ဖြင့် စိမ်အပ်သော စိမ်ရည် အရက်၊ ပေါင်း ၅-ပါး ဖြစ်ပါသည်။

† ပုပ္ပ, ဖလာ၊ မဓွာ, ဂုဠ၊ သမ္ဘာရ၊ ပဒ္ဓ မေရယာ။

● သေရည်, အရက်ကို အဘယ်အခါရောက်မှစ၍ အဘယ် ပမာဏမျှလောက်သောက်လျှင်အာပတ်သင့်ပါသနည်း၊ မသိ၍သောက်မိက အာပတ်သင့်, မသင့်ဆုံးဖြတ်ခဲ့ပါ-?။

(၉၀၀) ဖြေ။ ။သေရည်, အရက်ကို မျိုးစေ့ထည့်သော အခါမှစ၍ သမုန်းမြက်ဖျား ပမာဏမျှလောက် သောက်လျှင် အာပတ် သင့်ပါသည်။

ဤ သိက္ခာပုဒ်ကား....အစိတ္တက ဖြစ်သောကြောင့် သေရည် အရက်ကို မသိ၍ သောက်မိသော်လည်း ပါစိတ် အာပတ်မှ မလွတ်ပါ။

● ရေကို အရက်အမှတ်ဖြင့်သောက်က အာပတ်သင့်, မသင့် ရေးခဲ့ပါ....?။

(၉၀၁) ဖြေ။ ။*ရေစစ်ကိုပင်၊အရက်ထင်၊သောက်လျှင် ဒုက္ကဋ်ပေ။

---

http://www.dhammadownload.com

(၂) အဂ္ဂလိပတောဒက သိက္ခာပုဒ်

● အဂ္ဂလိပတောဒက-ဟူသည်၊အဘယ်သဘောဖြင့်အဘယ်သူ့အား အဘယ်သို့ ကစားခြင်းကို ဆိုလိုပါသနည်း....?။

(၉၀၂) ဖြေ။ ။အဂ္ဂလိပတောဒက - ဟူသည်၊ ရယ်မြူးလိုသောသဘောဖြင့် ရဟန်းအချင်းချင်းအား လက်ချောင်းတို့ဖြင့် လက်ကတီးချိုင်းကြား စသည်ကို ထိုး၍ ကစားခြင်းကို ဆိုလိုပါသည်။

● ရဟန်း အချင်းချင်း ကိုယ်အင်္ဂါဖြင့် မဟုတ်ပဲ၊ တုတ်စသည်ဖြင့် တို့၍ ကစားခြင်း၊ ဘိက္ခုနီ, လူ, သာမဏေ တို့အား ကိုယ်ဖြင့်လည်းကောင်း၊ တုတ်ဖြင့်လည်းကောင်း ကစားကောင်းပါမည်လော ရေးခဲ့ပါ....?။

(၉၀၃) ဖြေ။ ။မကစားကောင်းပါ၊ ဒုက္ကဋ်အာပတ် သင့်ပါသည်။

---

(၃) ဟသဓမ္မ သိက္ခာပုဒ်

● ဥဒကေ ဟသဓမ္မော-ဌ၊ ဥဒကေ-အရ အဘယ် ဌာနမှ အဘယ်မျှလောက်သောရေကို ယူရမည်နည်း....?။

(၉၀၄) ဖြေ။ ။ဥဒကေ-အရ၊ မြစ်,ချောင်း, ရေကန်တို့ဌ ရှိသော ဖမျက်(ခြေမျက်စိ)မြှုပ်လောက်အောင်နက်သောရေကို ယူရပါမည်။

● လှေလှော် ကစားသော ရဟန်းအား အဘယ် သိက္ခာပုဒ်ဖြင့် အဘယ် အာပတ် သင့်မည်နည်း....?။

http://www.dhammadownload.com

(၉၀၅) ဖြေ။ ။ဟသမမ္မ သိက္ခာပုဒ်ဖြင့် ဒုက္ကဋ် အာပတ် သင့်ပါသည်။

မှတ်ချက်။ ။လက်, ခြေတို့ဖြင့် ရေကို ပုတ် ခတ် ရိုက်ဝီး၍ လည်းကောင်း၊ခဲ,တုတ်တို့ဖြင့်ရေထဲသို့ပစ်ပေါက် ၍လည်းကောင်း၊အိုး,ခွက်တွင်းရှိရေ,ညွှန်စသည် ကို ကော်ပက်၍ လည်းကောင်း စသည် ကစား သော ရဟန်းအားလည်း ဒုက္ကဋ်ပင်။

● ရေကစားသော ရဟန်းအား အဘယ်အခါ၌ အဘယ်ပုံ အာပတ် သင့်ပါသနည်း....?။

(၉၀၆) ဖြေ။ ။ရေကစားရန် သွားရာ၌၊ ခြေလှမ်းတိုင်း, လက်လှုပ်တိုင်း ဒုက္ကဋ်၊ ငုပ်တိုင်း,ပေါ်တိုင်း ပါစိတ်၊ ငုပ်နေစဉ်, ကူးနေစဉ် လက်,ခြေ လှုပ်ရှားသည့် ပယောဂနှင့်အမျှ ပါစိတ် အာပတ် သင့်ပါသည်။

---

(၄) အနာဒရိယ သိက္ခာပုဒ်

● အနာဒရိယ သရုပ်ကိုထုတ်၍၊ အဘယ်ကို မရှိသေခြင်းကို အနာဒရိယ-ဟုဆိုရပါသနည်းခွဲခြား၍ရေးသားခဲ့ပါ-?။

(၉၀၇) ဖြေ။ ။အနာဒရိယသရုပ်ကား-

၁-ပုဂ္ဂလအနာဒရိယ=ဆုံးမတတ်သောပုဂ္ဂိုလ်၌မရှိသေခြင်း၊

၂-ဓမ္မ အနာဒရိယ=ဆုံးမကြောင်း သိက္ခာပုဒ် တရား၌ မရှိ သေခြင်း၊ ပေါင်း ၂-ပါး ဖြစ်ပါသည်။

မတော်တာ လုပ်နေ၍၊ ရဟန်းတပါးက ဝိနည်းကြောင်းဖြင့် ဆုံးမရာတွင် နားထောင်ဖွယ် မလိုဟု သဘောထားကာ နားမ ထောင်ပဲ လုပ်မြဲလုပ်နေခြင်းကို ပုဂ္ဂလအနာဒရိယ-ဟု ဆိုသည်။

http://www.dhammadownload.com

ဘယ်လိုနည်းဖြင့် ဤ ဝိနည်းသိက္ခာပုဒ်များ ပျက်ပြားကွယ်ပျောက်ပါမည်နည်းဟု နှလုံးပြုကာ ဓမ္မဝိနယများကွယ်ပျောက်စေလိုသော သဘောဖြင့် ဤသိက္ခာပုဒ်ကို လှန်ကျ။ မြဲလွန်ကျ။ နေခြင်းကို **ဓမ္မ အနာဒရိယ**-ဟု ဆိုသည်။

● ကျောင်းဒကာက ဝိနည်းကြောင်းဖြင့် လျှောက်ထားသတိပေးသည်ကို မနာယူသော ရဟန်းအား အဘယ်အာပတ် သင့်မည်နည်း...?။

(၉၀၈) ဖြေ။ ။ဒုက္ကဋ်အာပတ် သင့်ပါသည်။

မှတ်ချက်။ ။ရဟန်းအချင်းချင်း သုတ်, အဘိဓမ္မာတရားကြောင်းဖြင့် ဆုံးမသည်ကို နားမထောင်ခြင်း၊ လူ, သာမဏေတို့က ဝိနည်းကြောင်းဖြင့် လျှောက်သည်ကို မလေးစားခြင်းပြုက ဒုက္ကဋ်အာပတ် သင့်၏။

---

(၅) ဘိ သာပန သိက္ခာပုဒ်

● အဘယ်သို့ပြုခြင်းကိုဘိ သာပေယျ-ဟုဆိုရပါသနည်း?။

(၉၀၉) ဖြေ။ ။ကြောက် စရာ ကောင်း သော အဆင်း, အသံ အနံ့, အရသာ, အတွေ့တို့ကို ပြု၍ဖြစ်စေ၊ ကြောက်ဖွယ် အကြောင်းကိုပြော၍ ဖြစ်စေ၊ ကြောက်စေခြင်း (ဝါ) ချောက်လှန့်ခြင်းကို ဘိ သာပေယျ-ဟု ဆိုရပါသည်။

● အချောက်ခံရသူ မကြောက်က အာပတ် သင့်မည်လော၊ လူ, သာမဏေများအား အချောက်လှန့်က အဘယ်အာပတ် သင့်မည်နည်း....?။

http://www.dhammadownload.com

(၉၁၀) ဖြေ။ ။*ကြောက်သည် ဖြစ်စေ၊ မကြောက်နေ၊ ချောက်လေ ပါစိတ်ပင်။

*လူ,သာမဏေ၊ချောက်လှန့်ခဲ့၊ သင့်ပေ ဒုက္ခင့်ပင်။

---

(၆) ဇေတိ သိက္ခာပုဒ်

● ဂိလာန-အရ၊အဘယ်ပုဂ္ဂိုလ်မျိုးကိုဆိုလိုသည်၊ အညတြ တထာရူပပစ္စယာ-အရ၊ အဘယ်အကြောင်းမျှားကို ယူရ မည်ကို ရေးခဲ့ပါ....?။

(၉၁၁) ဖြေ။ ။မီးနှင့် ကင်း၍ ချမ်းသာ (နေကောင်း) သော ပုဂ္ဂိုလ်ကို အဂိလာန-ဟု ဆိုသည်။

အညတြ တထာရူပ ပစ္စယာ-အရ၊မီးထွန်းရန်,သပိတ်ဖုတ်ရန် စသော အကြောင်းမျှားကို ယူရပါမည်။

● ဇေတိ-သိက္ခာပုဒ်၌၊ အနုပညတ်ကို ထုတ်ပြ၍ လှုံ့ရန် အတွက် မီးမွှေးရာ၌, အဘယ်အခါ၌ အဘယ် အာပတ် သင့်ပါသနည်း....?။

(၉၁၂) ဖြေ။ ။အနုပညတ်ကား.... ၁-"အဂိလာနော၊ ၂-အညတြ တထာရူပ ပစ္စယာ၊" ပေါင်း ၂-ချက် ဖြစ်ပါသည်။

လှုံ့ရန် အတွက် မီးမွှေးရာ၌၊ ထင်းသယ်, ဖိုခုံလောက်ပြင်, မီးခြစ်,ခြစ်ခြင်း စသော မီးမတောက်မီ ပုဗ္ဗပယောဂ အတွက် ဒုက္ခင့်၊ မီးတောက်က ပါစိတ်အာပတ် သင့်ပါသည်။

---

http://www.dhammadownload.com

(၇) နှာန သိက္ခာပုဒ်

● ဥဏှသမယနှင့် ပရိဋ္ဌာဟ သမယ အထူးကိုရေးခဲ့ပါ...?။

(၉၁၃) ဖြေ။ ။နွေဥတု အဆုံး ၁-လခွဲ (နယုန်လဆန်း ၁-ရက်မှ ဝါဆိုလပြည့်အထိ) သည် ဥဏှ သမယ-ပူသောအခါ-မည်၏။

မိုးဥတုအစ ၁-လ (ဝါဆိုလပြည့်ကျော် ၁-ရက်မှ ဝါခေါင်လပြည့်အထိ) သည်ပရိဋ္ဌာဟ သမယ-အိုက်သောအခါ-မည်၏။

* ယုန် ဆန်းတစ်မှ၊ ဆိုပြည့်ကျ၊ ဥဏှ သမယာ။
* ဆိုကျော်တစ်မှ၊ ခေါင်ပြည့်ကျ၊ မှတ်ပ ပရိဋ္ဌာ။

● ဂိလာနသမယ, ကမ္မသမယ-ဟူသည်အဘယ်ပါနည်း...?။

(၉၁၄) ဖြေ။ ။ရေချိုးခြင်းနှင့် ကင်းရှ် မချမ်းသာသော (ဝါ) ရေချိုးရမှရောဂါသက်သာမည့်အခါသည်ဂိလာနသမယ-မည်ပါသည်။

ကျောင်းဝိုင်း အတွင်း တံမြက် လှည်းခြင်း စသော အမှုလုပ်သောအခါသည် ကမ္မသမယ-မည်ပါသည်။

● အဘယ်အခါမျိုးကိုအဠါနဂမနသမယ, ဝါတဝုဋ္ဌိသမယ ဟု ခေါ်ရပါသနည်း....?။

(၉၁၅) ဖြေ။ ။ယူဇနာခွဲ ခရီးသို့ သွားပြီး, သွားဆဲ, သွားလတ္တံ, အခါကို အဠါနဂမနသမယ-ဟု ခေါ်ပါသည်။

http://www.dhammadownload.com

မြို့နှင့်တကွ လေပြင်းထ၍ မိုး ၂-ပေါက်, ၃-ပေါက် ကျ ခ်ေသာ အခါကို ဝါတဝုဋ္ဌိသမယ-ဟု ခေါ်ပါသည်။

မှတ်ချက်။ ။ဤနာနသိက္ခာပုဒ်ကား-ပဒေသပညတ်ဖြစ်၍ မဇ္ဈိမ ဒေသ (အိန္ဒိယ)နှင့်သာဆိုင်သည်၊ မြန်မာ, ယိုးဒ ယား, ကမ္ဘောဒီးယားစသည်တို့မှာ ပစ္စန္တရစ်အရပ် မှားဖြစ်၍ ဤသိက္ခာပုဒ်အတိုင်း ကျင့်ဖွယ် မလိုပေ။

(ဂ) ဒုဗ္ဗဏ္ဏကရဏ သိက္ခာပုဒ်

● နဝံစီဝရလာဘေန-ဌ၊ အဘယ် သင်္ကန်းမျိုးကို အသစ် ဟူ၍ ဆိုရပါသနည်း....?။

(၉၁၆) ဖြေ။ ။ဝတ်ပြီး၍ ဟောင်းနွမ်းနေသည်ပင်ဖြစ်စေ၊ ကပ္ပဒိန္နု မထိုးရသေးသော သင်္ကန်းမျိုးကို အသစ်ဟူ၍ ဆိုရ ပါသည်။

* ကပ္ပဒိန္နု၊ မထိုးပြီ၊ ခေါ်မှ အသစ်ပင်။

● စီဝရ-အရ၊ အဘယ် သင်္ကန်းမျိုးကို ယူရမည်နည်း၊ သင်္ကန်း ၉-ထည်တို့တွင် ကပ္ပဒိန္နု ထိုးရသောသင်္ကန်း တို့ကို ရေးခဲ့ပါ....?။

(၉၁၇) ဖြေ။ ။*ဝတ်ရုံ လောက် ထ၊ စီ ဝ ရ၊ ယူကြ ခြောက်ထည်တွင်း။

*သင်း, ကိုယ်, ဒု, မိုး၊ မာ-ငါးမျိုး၊ ထိုးလေ ဒိန္နုညွှင်း။ (ဝိ-သံ)

● ကပ္ပဒိန္နုကို အဘယ် အရောင်အဆင်းမျိုးဖြင့် အဘယ် နေရာ ဌာနဌ် အဘယ် ပမာဏ အရေအတွက်မျှ ထိုးရ မည်နည်း....?။

http://www.dhammadownload.com

(၉၁၇) ဖြေ။ ။ကပ္ပဗိန္ဓု ထိုးရာ၌-

* ကြေးညို,သစ်စိမ်း၊ ရွှံ့ညွန်လိမ်း၊ခမ်းသိမ်းမည်းနက်ဆင်း။
* သက်နီးထောင့်မှာ၊ တစ်ခုသာ၊ ပမာ ဒေါင်းမျက်ကွင်း။
* သမန်းမြက်ဖျား၊ အငယ်ထား၊ အစ်ဝြားဗိန္ဓုညွှင်း။(ဝ-သံ)

မှတ်ချက်။ ။ကိုရ်ကို-အရ၊ အချိုက ၃-ပွင့်ဆိုင်သော် လည်းကောင်း၊ ၃-လုံးဘန်း၍လည်းကောင်း၊ ဗိန္ဓုထိုးရမည်ထင်၍ သက်နီးထောင့်၌ ၃-ပွင့်ဆိုင် ၃-လုံးတန်း၍ ဗိန္ဓု ထိုးကြသည်၊ ထိုနည်းကို မအစ်ဟု အဋ္ဌကထာဆရာပယ်၏။ထို့ကြောင့်ကိုရ်-အရ၊ နီလ,ကဠမ,ကာလသာမ ၃-မျိုးကိုယူ၍ သက်နီး ၄-ထောင့်၌ ဖြစ်စေ၊ ၃-ထောင့်, ၂-ထောင့်, ၁-ထောင့်၌ ဖြစ်စေ ၁-ခုသာ ထိုးရမည်။

● အာဒါတမ္ဗ-အရ၊ ယူခြင်းဟူသည် အဘယ်ကို ဆိုလိုပါသနည်း၊ အဘယ် အကျိုးငှါ ကပ္ပဗိန္ဓု ထိုးရသည်ကို လည်း ရေးခဲ့ပါ....?။

(၉၁၉) ဖြေ။ ။ယူခြင်းဟူသည်၊ဗိန္ဓုပြောက်ကို ထိုးခြင်း, ထင်စေခြင်းကို ဆိုလိုသည်၊ တိတ္ထိ စသည်ဘို့၏ အဝတ်နှင့် ခွဲခြားနိုင်စေခြင်း အကျိုးငှါ ကပ္ပဗိန္ဓုကို ထိုးရပါသည်။

● ' ခဝါပေး၍ လည်းကောင်း၊ ချုပ်စပ်, ဖာထေးသဖြင့် လည်းကောင်း ဗိန္ဓု ပျက်သွားရာ နေရာ၌ထပ် ထိုးရဦးမည်လော....?။

(၉၂၀) ဖြေ။ ။မထိုးရပါ၊ တုခါထိုးက ကိစ္စပြီးပါသည်။

http://www.dhammadownload.com

(၉) ဝိကပ္ပန သိက္ခာပုဒ်

● အဘယ်သို့ ပြုခြင်းကို ဝိကပ္ပနာ ပြုခြင်းဟု ခေါ်ဆိုရပါ သနည်း၊ ဝိကပ္ပနာ အပြားကိုလည်း ရေးသားခဲ့ပါ....?။

(၉၂၁) ဖြေ။ ။မိမိပိုင်အဖြစ်မှကင်းအောင်ပြုခြင်း၊(၀၊) ဝိနည်းကံအားလျော်စွာ မိမိဥစ္စာ(သပိတ်,သင်္ကန်း)ကို သူတပါး(သိတင်းသုံးဖော် ၅-ဦး)အား ပေးစွန့်ခြင်းကို ဝိကပ္ပနာပြုခြင်း ဟု ခေါ်ပါသည်။

ဝိကပ္ပနာသည်-

၁-သမ္မုခဝိကပ္ပနာ-မိမိနှုတ်ဖြင့် ပြုခြင်း၊

၂-ပရမ္မုခဝိကပ္ပနာ-သူတပါးနှုတ်ဖြင့် ပြုခြင်းဟူ၍ ၂-ပါး အပြား ရှိပါသည်။

* ကိုယ်ပိုင်ဥစ္စာ၊ သူများဟာ၊ ပြုတာ ဝိကပ္ပ။
* ပရမ္မုခါ၊ သမ္မုခါ၊ နှစ်ဖြာ ဝိကပ္ပ။ (ဝိ-သံ)

● သမ္မုခ, ပရမ္မုခ ဝိကပ္ပနာတို့၏အပြားကို ရေးခဲ့ပါ....?။

(၉၂၂) ဖြေ။ ။သမ္မုခဝိကပ္ပနာသည်-၁-မျက်မှောက်ရှိ ပုဂ္ဂိုလ်အား စွန့်ခြင်း၊ ၂-မျက်ကွယ်ရှိ ပုဂ္ဂိုလ်အား စွန့်ခြင်း ဟူ၍ ၂-ပါးပြား၏။ ပရမ္မုခ ဝိကပ္ပနာကား ...အပြား မရှိပါ။

* မျက်မှောက်,မျက်ကွယ်၊နှစ်သွယ်ပြားပြန်၊သမ္မုခံ၊ပရခ်ပြားမရှိ။

● သမ္မုခ, ပရမ္မုခ ဝိကပ္ပနာပြုပုံ, ပြန်ပုံတို့ကို စုံလင်စွာ ရေးခဲ့ပါ....?။

(၉၂၃) ဖြေ။ ။မျက်မှောက် သမ္မုခဝိကပ္ပနာပြုပုံ-

ဘန်း-ဘနည်း-ဣမံ စီဝရံ တုယှံ ဝိကပ္ပေမိ။

ဘန်း-ဘမျှား-ဣမာနိ စီဝရာနိ....

http://www.dhammadownload.com

အဝေး-အနည်း-တေ၊ စီဝရံ...

အဝေး-အများ-တောနိ စီဝရာနိ-ဖြစ်ပါသည်။

မျက်မှောက် သမ္မုခ ဝိကပ္ပနာပြန်ပုံ

တနည်း—မယုံ သန္တကံ ပရိဘုဥ္ဇ ဝါ ဝိသဇ္ဇေဟိ ဝါ ယထာ ပစ္စယံ ကရောဟိ-ဖြစ်ပါသည်။

(အများဖြစ်လျှင် "မယုံ သန္တကာနိ"ဟု ပြောင်းဆိုပါ။)

မျက်ကွယ် သမ္မုခ ဝိကပ္ပနာပြုပုံ

ဣမံ စီဝရံ (တိဿဿ) ဘိက္ခုနော ဝိကပ္ပေမိ-ဖြစ်ပါသည်။

(**အနည်း-**အများ၊ **အဝေး-** **အနိ**ုး **အလိုက်** ဣမံ, ဣမာနိ, **တေ**, **တောနိ-**တို့ကို ပြောင်း၍ ဆိုလေ။)

မျက်ကွယ် သမ္မုခ ဝိကပ္ပနာပြန်ပုံ

(တိဿဿ) သန္တကံ ပရိဘုဥ္ဇ ဝါ ဝိသဇ္ဇေဟိ ဝါ ယထာ ပစ္စယံ ကရောဟိ-ဖြစ်ပါသည်။

(အများဖြစ်လျှင် "သန္တကာနိ"ဟု ပြင်ဆိုပါ။)

ပရမ္မုခ ဝိကပ္ပနာပြုပုံ

သင်္ကန်းရှင်က **အပ်ပုံ-**ဣမံ **စီ**ဝရံ **တုယုံ ဝိ**ကပ္ပနာယ **ဒမ္မိ**။

ဝိနည်းခိုရ်ကပြုပုံ-အယံ ဣမံ **စီ**ဝရံ (**တိ**ဿဿ) **ဘိ**က္ခုနော **ဒ**မ္မိ။

ပရမ္မုခ ဝိကပ္ပနာပြန်ပုံ

(**တ**ိဿဿ) **သ**န္တကံ **ပ**ရိ**ဘ**ုဥ္ဇ **ဝ**ါ **ဝ**ိ**သ**ဇ္ဇေ**ဟ**ိ **ဝ**ါ **ယ**ထာ **ပ**စ္စ**ယ**ံ **က**ရော**ဟ**ိ **ဖ**ြစ်**ပ**ါ**သ**ည်။

http://www.dhammadownload.com

● ဝိကပ္ပနာပြုခြင်း, ပြန်ခြင်းသည် အဘယ်အကျိုး ရှိပါသနည်း....?။

(၉၂၄) ဖြေ။ ။*ဝိကပ္ပနာ၊ ပြုကျိုးဟာ၊ လျှော်စွာ သိမ်းနိုင်ဘီ။
ဝိကပ္ပနာ၊ ပြန်ကျိုးဟာ၊ လိုရာသုံးနိုင်ဘီ။

● အပစ္စုဒ္ဓါရဏ-အရ၊ ပစ္စုဒ္ဓိရ် ပြုခြင်း ဟူသည် အဘယ်နည်း၊ ပစ္စုဒ္ဓိရ် ပြုခြင်းနှင့် ဝိကပ္ပနာ ပြန်ခြင်းသည် တူသလော, ထူးသလော ရေးခဲ့ပါ....?။

(၉၂၅) ဖြေ။ ။ပစ္စုဒ္ဓိရ်ပြုခြင်း ဟူသည်၊ ဤ သိက္ခာပုဒ်အရ အလိုရှိသလို သုံးစွဲနိုင်ရန် ခွင့်ပြု ခြင်း, ပြန်ပေးခြင်းကို ဆိုလိုသည်။

ပစ္စုဒ္ဓိရ်ပြုခြင်းနှင့် ဝိကပ္ပနာ ပြန်ခြင်းကား....မထူးပါ၊ အတူပင် ဖြစ်ပါသည်။

မှတ်ချက်။ ။ပထမ ကထိနလာ ပစ္စုဒ္ဓိရ်ကား....ရှစ်သိမ်းခြင်း၊ ဤပစ္စုဒ္ဓိရ်ကား...ခွင့်ပြု ပြန်ပေးခြင်း၊ (ဤသို့ ထူးသည်ကို သတိရှိပါ။)

---

(၁၀) ဝိဝဏာဒိ အပနိဓာန သိက္ခာပုဒ်

● ဤ သိက္ခာပုဒ်၌၊ အဘယ်သို့သော သပိတ်, သက်နှံ, နိုသီဒိုင်, အပ်ဗူး, ခါးပန်းကြိုးတို့ကို ဆိုလိုပါသနည်း....?။

(၉၂၆) ဖြေ။ ။အဓိဋ္ဌာန်လောက်သော သပိတ်, ဝိကပ္ပနာ၁လောက်သော သက်နှံ, အဆာရှိသော နိုသီဒိုင်, အပ်ရှိ-မရှိသော အပ်ဗူး, အပြား-အလုံး ဖြစ်သော ခါးပန်းကြိုး တို့ကို ဆိုလိုပါသည်။

---

http://www.dhammadownload.com

● (က) ရဟန်း၏ သပိတ် စသည်မှတပါ၊ အခြားပစ္စည်း မျှားကိုလည်းကောင်း၊လူ,ဘာဝပဏ္ဏတို့၏ပစ္စည်းမျှားကို လည်းကောင်းဝှက်ခြင်း၊(ခ)သူတပါ၊အာဝုက်စေခြင်း တို့ကြောင့် အဘယ်အာပတ် သင့်သည်ကို ရေးခဲ့ပါ....?။

(၉၂၇) ဖြေ။ ။(က)ဒုက္ကဋ်၊(ခ)ခိုင်းခြင်းကြောင့်ဒုက္ကဋ်။ ထိုသူဝှက်လျှင် ပါစိတ်။

သုရာပါနဝဂ် ပြီး၏။

---

http://www.dhammadownload.com

သပ္ပါဏက ဝဂ်

(၁) သဠိဒ္ဓ သိက္ခာပုဒ်

● သဠိဒ္ဓ ပါဏံ-၌၊ ပါဏ-အရ ယူရမည့်သတ္တဝါကို ဖော်ပြပါ....?။

(၉၂၇) ဖြေ။ ။ပါဏ-အရ၊ ထိရစ္ဆာန်သတ္တဝါကို ယူရပါမည်။

* ပါဏ-အရ၊ တိရစ္ဆာ၊ ယူရ သတ္တဝါ။

● ပါဏ-အရ၊ အဘယ်ကြောင့် လူ,နတ်စသော အခြားသတ္တဝါများကို မယူရပါသနည်း၊ ခွေးကို ရိုက်ပုတ်ညှဉ်းဆဲသော ရဟန်းအား အဘယ်အာပတ်သင့်သည်ကို ရေးခဲ့ပါ....?။

(၉၂၉)ဖြေ။ ။လူသတ္တဝါသည် ပါရာဇိက ဝတ္ထု၊ နတ်, ဘီလူး,ပြိတ္တာတို့သည် ထုလ္လစ္စည်းဝတ္ထုဖြစ်သောကြောင့် ပါဏ အရ မယူရခြင်း ဖြစ်ပါသည်။

ခွေးကို ရိုက်ပုတ် ညှဉ်းဆဲသော ရဟန်းအား ဒုက္ကဋ်အာပတ်သင့်ပါသည်။

---

(၂) သပ္ပါဏက သိက္ခာပုဒ်

● ဇာနံ သပ္ပါဏကံ-၌၊ ပါဏ-အရ အဘယ် သတ္တဝါကို ယူရမည်နည်း....?။

(၉၃၀) ဖြေ။ ။ပါဏ-အရ၊ သောက်,ချိုးခြင်း စသည် ပြုလျှင်သေလောက်သော သေးငယ်သည့်ရေပိုး,ရေမှားသတ္တဝါ ကလေးများကို ယူရပါမည်။

---

http://www.dhammadownload.com

● သဠေါ်ဇပါဏ်နှင့် သပ္ပါဏက-တို့၌ပါသော ပါဏာ-ခုတို့၏ ထူးခြားဟန်ကို ဝေဖန်ခဲ့ပါ....?။

(၉၃၁) ဖြေ။ ။*သဠေါ်ဇပါဏ်၊တိရစ္ဆာန်၊ယူရန်အားလုံးပါ။ သပ္ပါဏက်၊ ဧသားငယ်မှန်၊ ယူရန် ပိုးမွှားသာ။

---

(၃) ဥက္ကောဋန သိက္ခာပုဒ်

● ယထာဓမ္မံ-၌၊ ဓမ္မ-အရ အဘယ် တရားများကို ယူရသနည်း....?။

(၉၃၂) ဖြေ။ ။ဓမ္မ-အရ၊စူဋ္ဌဝါသမထကွန်ကဋ်ဟောတော်မူအပ်သော အဓိကရဏ သမထဓမ္မ (အဓိကရုဏ်း ငြိမ်းကြောင်းဘရားများ)ကို ယူရပါမည်။

● အဘယ်သို့ပြုခြင်းကို ဥက္ကောဋန-ဟု ဆိုရပါသနည်း... ?။

(၉၃၃) ဖြေ။ ။ငြိမ်း အပ် ပြီး သော အ ဓိ ကရုဏ်း ကို နောက်ထပ်တဖန် ကံပြုရအောင် ဆိုင်ရာ ပုဂ္ဂိုလ် များ အားလုံ့ဆော် သွေးထိုးပေးခြင်းကို ဥက္ကောဋန-ဟု ဆိုရပါသည်။

---

(၄) ဒုဋ္ဌုလ္လ သိက္ခာပုဒ်

● ဒုဋ္ဌုလ္လဲ အာပတ္တိ-၌၊ ဒုဋ္ဌုလ္လ-အရ အဘယ် ဒုဋ္ဌုလ္လကို ယူရမည်ကို ရေးခဲ့ပါ....?။

(၉၃၄) ဖြေ။ ။ဒုဋ္ဌုလ္လ-အရ၊ သံဃာဒိသေသ် ဒုဋ္ဌုလ္လကို ယူရပါမည်။

---

http://www.dhammadownload.com

● ပဋ္ဌိစ္စာဒေယျာ-အရ၊ အဘယ်သို့ပြုခြင်းကို ဖုံးသည်ဟု ဆိုရပါသနည်း....?။

(၉၃၅) ဖြေ။ ။ဤရဟန်းအား အာပတ်သင့်မှန်း သိကြလျှင် ကဲ့ရဲ့ပြစ်ဖော် ရှိန်စော်မဲ့မှု ပြုကြလိမ့်မည်၊ ငါ့မပြောကြား လျှို့ဝှက်ဘားအုံ့ဟု ရေနိုကျေပ ပြုခြင်းကို ဖုံးသည်ဟု ဆိုရပါသည်။

---

(၅) ဥိနဝိသတိဝဿ သိက္ခာပုဒ်

● ဥိနဝိသတိဝဿ-၌၊ အသက် ၂၀-ကို ပဋ္ဌိသန္ဓေ တည်နေသည်မှစ၍ ရေတွက် ရမည်လော၊ မွေးဖွားသည်မှစ၍ ရေတွက်ရမည်လော ရှင်းခဲ့ပါ....?။

(၉၃၆) ဖြေ။ ။အသက် ၂၀-ကို အဋ္ဌကထာဆရာအလို အရ ပဋ္ဌိသန္ဓေတည်နေသည်မှစ၍ ရေတွက်ရမည်၊ ပေါရာဏက ထေရ်တို့၏ အလိုအရ မွေးဖွားသည်မှစ၍ ရေတွက်ရပါမည်။

● အသက် ၂၀ - မပြည့်သေးသူကို ရဟန်းခံပေး ရာ၌၊ (က) ဥပဇ္ဈာယ်ဆရာ၊ (ခ) ကာရကသံဃာ၊ (ဂ) ပဋ္ဌင်းလောင်းတို့၌ အဘယ် အပြစ်များ ဖြစ်မည်နည်း....?။

(၉၃၇) ဖြေ။ ။(က) ပါစိတ်၊ (ခ) ဒုက္ကဋ်၊ (ဂ) ရဟန်းမဖြစ်ပါ။

● အသက် ၂၀-မပြည့်ပဲ ရဟန်းခံခဲ့ရသော ရဟန်းသည် အခြား ပဋ္ဌင်းလောင်းအား ဥပဇ္ဈာယ်ဆရာ ပြုလုပ်၍ ပဋ္ဌင်းခံပေးရာ၊ ထို ပဋ္ဌင်းလောင်းမှာ ပဋ္ဌင်း ဖြစ်, မဖြစ် ရေးခဲ့ပါ....?။

http://www.dhammadownload.com

(၉၃၈) ဖြေ။ ။ထို အသက် ၂၀-မပြည့်ပဲ ပဋ္ဌင်းခံခဲ့သော ဥပဇ္ဈာယ် ဆရာကိုလွှတ်၍ သံလာ ပြည့်ခဲ့ လုံလောက်က ပဋ္ဌင်း ဖြစ်၏။ မလောက်က မဖြစ်ပါ။

● အသက် ၂၀-မပြည့်ပဲ ပဋ္ဌင်းခံသော ပုဂ္ဂိုလ်မှာ မိမိ ကိုယ်ကို ရဟန်း အစစ်ထင်၍ နေခဲ့လျှင် သဂ္ဂန္ဓရာယ် မောက္ခရာယ် ဖြစ်,မဖြစ် စိစစ်ခဲ့ပါ....?။

(၉၃၉) ဖြေ။ ။မသိလျှင် မဖြစ်ပါ၊ သိလျှင်ကား....ထပ်၍ ပဋ္ဌင်းခံရပါမည်၊ သိလျက် ပဋ္ဌင်း မခံပဲနေက ဖြစ်ပါသည်။

---

(၆) ထေယျသတ္တ သီကွာပုဒ်

● အဘယ်ကို ထေယျသတ္တ-ဟု ဆိုရပါသနည်း....?။

(၉၄၀) ဖြေ။ ။မင်းဘဏ္ဍာကိုလည်းကောင်း၊ကင်းအခွန် ကိုလည်းကောင်း လှည့်စား, ဆောင်တတ်, ရှောင်တတ်သော ကုန်သည်များကို ထေယျသတ္တ-ဟု ဆိုရပါသည်။

● ခိုးသူ ကုန်သည်တို့နှင့် တိုင်ပင်စီစဉ်၍ ခရီးအတူသွားရာ အဘယ်အခါတွင် အဘယ် အာပတ် သင့်သည်ကို ခွဲခြား ပြပါ....?

(၉၄၁) ဖြေ။ ။တိုင်ပင်လျှင် ဒုက္ကဋ်၊ ရွာကို ဖြတ်ကျော်သွားရာ၌ ရွာ၏ဥပစာအတွင်းသို့ ခြေ ၁-လှမ်း၀င်ဒုက္ကဋ်၊ ၂-လှမ်းကျော် ပါစိတ်၊ တောလမ်းဖြစ်မူ ယူဇနာ၁၀် ခရီးကို လွန်တိုင်း, လွန်တိုင်း ပါစိတ်အာပတ် သင့်ပါသည်။

---

http://www.dhammadownload.com

(၂) သံဝိဓာန သိက္ခာပုဒ်

● ဘိက္ခုနောဝါဒဝဂ် သတ္တမ သံဝိဓာန သိက္ခာပုစ်နှင့် သပ္ပါဏကဝဂ် သတ္တမ သံဝိဓာန သိက္ခာပုစ် တို့သည် အဘယ်သို့ ထူးပါသနည်း ...?။

(၉၄၂) ဖြေ။ ။ဘိက္ခုနောဝါဒဝဂ် သတ္တမ သံဝိဓာနကား....ဘိက္ခုနီနှင့်တိုင်ပင်၍ ခရီးအတူသွားခြင်း၊ သပ္ပါဏကဝဂ် သတ္တမ သံဝိဓာနကား... မာတုဂါမနှင့် တိုင်ပင်၍ ခရီးအတူ သွားခြင်း၊ ဤသို့ ထူးပါသည်။(ဘိက္ခုနီသံဝိဓာနမှာ သာသက်, သပ္ပဋိဘယ အခါမျိုး၌ သွားခွင့်ရ၍၊ မာတုဂါမ သံဝိဓာနမှာ မည်သည့်အခါမှ သွားခွင့် မရ၊ ဤသို့ ထူးသည်ဟုလည်း ဆိုနိုင်သည်။)

● မာတုဂါမေန. သဒ္ဓိ·၌၊ မာတုဂါမ-အရ အဘယ်ကို ယူရမည်နည်း... ?။

(၉၄၃) ဖြေ။ ။မာတုဂါမ-အရ၊ ဝတ်ကြောင် မိန်းမ မျှားနှင့် ကေတော ဥပသမ္ပန္န ဘိက္ခုနီ, သာမဏေရီ, သိက္ခမာန် တို့ကိုပါ ယူရမည်။

(ဂ) အရိုဋ္ဌ သိက္ခာပုစ်

● အန္တရာယိကာ ဓမ္မာ·၌၊ အန္တရာယ်သရုပ်ကို ထုတ်၍၊ ဤ၌ အလိုရှိအပ်သော အန္တရာယ်ကို ဖော်ပြပါ....?။

http://www.dhammadownload.com

(၉၄၄) ပြေ။ ။အန္တရာယ်သရုပ်ကား-

၁-ကမ္မန္တရာယ်၊ ၂-ကိလေသန္တရာယ်၊ ၃-ဝိပါကန္တရာယ်၊ ၄-ဥပဝါဒန္တရာယ်၊ ၅-ပညတ္တိဝိတိက္ကမန္တရာယ်အားဖြင့် ပေါင်း ၅-ပါး ဖြစ်ပါသည်။

ဤသိက္ခာပုဒ်၌-ပညတ္တိ ဝိတိက္ကမန္တရာယ်ကို လိုအပ်ပါသည်။

* ကံ,ကိလေသ၊ ဝိပါက၊ ဥပ-ပညတ္တိ။
* နတ်ရှာ,နိဗ္ဗာန်၊ မင်,ဖိုလ်,ရှာန်၊ အမှန် တားတတ်ဘိ။
* အန္တရာယ် လေးဝ၊ အရိဋ္ဌ၊ လိုထ ပညတ္တိ။

● အဘယ် တရားမျှားသည် အဘယ် အန္တရာယ် မည်၍၊ အဘယ် အန္တရာယ်သည် အဘယ် တရားတို့ကို စားမြစ်တတ်ပါသနည်း....?။

(၉၄၅) ပြေ။ ။ပဋ္ဌာနန္တရိယက် ၅-ပါးနှင့် ဘိက္ခုနီဒူသကသည် **ကမ္မန္တရာယ်-မည်၏**။

အဟေတုကဒိဋ္ဌိ, အကိရိယဒိဋ္ဌိ, နတ္ထိကဒိဋ္ဌိ-တို့သည် **ကိလေသန္တရာယ်-မည်၏**။

ပဏ္ဍုက်,တိရစ္ဆာန်, ဥဘတောဗျည်းတို့၏ အဘိတ်ပျိုသန္ဓေသည် **ဝိပါကန္တရာယ်-မည်၏**။

အရိယာတို့အား ဝတ်စ္ပဲ ဆဲရေးခြင်းသည် **ဥပဝါဒန္တရာယ်-မည်၏**။

ဝေဘနာနှင့်သင့်သော အာပတ် (သစိတ္တက အာပတ်) သည် **ပညတ္တိဝိတိက္ကမန္တရာယ်-မည်၏**။

ထို ၅-ပါးတွင်-

ပဋ္ဌာနန္တရိယ ကမ္မန္တရာယ်, ကိလေသန္တရာယ်, ပညတ္တိဝိတိက္ကမန္တရာယ်တို့သည် နတ်ရှာ, နိဗ္ဗာန်, စျှာန်, မင်, ဖိုလ် အားလုံးကို

http://www.dhammadownload.com

တားမြစ်၏၊ ဘိက္ခုနီ ဒုသက ကမ္မန္တရာယ်, ဝိပါကန္တရာယ်, ဥပ ဝါဒန္တရာယ်တို့ကား....နတ်, ရှာကို မတားမြစ်၊ နိဗ္ဗာန်, ဈာန်, မဂ်, ဖိုလ်ကိုသာ တားမြစ်ပါသည်။

မှတ်ချက်။ ။ဥပဝါဒန္တရာယ်ကား....ကန်တော့လျှင် ပျောက်၏။ ပညတ္တိ ဝိတိက္ကမန္တရာယ်လည်း ဆိုင်ရာ အာပတ်ကို ကုစားလျှင် ပျောက်နိုင်ပေသည်။ ကမ္မန္တရာယ်၌ ပဠာနန္ဒနိယ, ဘိက္ခုနီဒူသကက်အလိုက် ၂-မျိုးခွဲ၍ ဆိုခြင်း ဖြစ်သည်။

(၉) ဥက္ခိတ္တ သမ္ဘောဂ သိက္ခာပုဒ်

● အဘယ်ကို အနုဓမ္မ, အကတာနုဓမ္မ-ဟုဆိုရပါသနည်း-?။

(၉၄၆) ဖြေ။ ။ဥက္ခေပနီယ ကံအားလျော်သော သြသာရဏကံကို အနုဓမ္မ၊ ထို အနုဓမ္မ မည်သော သြသာရဏကံ မပြုရသေးသော ဥက္ခိတ္တက ရဟန်းကို အကတာနုဓမ္မ-ဟုဆိုရပါသည်။

● ဥက္ခေပနီယကံ, သြသာရဏကံ-ဟူသည် အဘယ်နည်း၊ သံဘုဠေယျဝါ-အရ သမ္ဘောဂသရုပ်ကို ထုတ်ပြပါ...?။

(၉၄၇) ဖြေ။ ။သံဃာက ဥတ်ကမ္မဝါစာဖြင့် နှင်ထုတ်အပ်သော ကံသည် ဥက္ခေပနီယကံ၊ ဆိုင်ရာ ကျွင့်ဝတ်များကို ကျင့်ပြီး၍ သံဃာ့ဘောင်သို့ တဖန် ပြန်၍ ခေါ်ဆောင်သော ကံသည် သြသာရဏကံ-မည်ပါသည်။

သမ္ဘောဂ သရုပ်ကား.... ၁-အာမိသ သမ္ဘောဂ၊ ၂ ဓမ္မ သမ္ဘောဂ၊ ပေါင်း ၂-ပါး ဖြစ်ပါသည်။

* အာမိ, ဓမ္မ၊ သမ္ဘောဂ၊ နှစ်ဝ ပြားဆက်ဆံ။
* ပိစူညီးလေးပါး၊ ပေးခြားယူပြု၊ ဆက်ဆံမှု၊ မှတ်ရှုအာမိသံ။
* စာတက်, စာချ၊ ဆက်ဆံက၊ ဓမ္မ သမ္ဘောဂံ။

http://www.dhammadownload.com

● . သံဝေယျဝါ-အရ၊ အဘယ်သို့ ပြုခြင်းကို သံဝါသ-ဟု ဆိုရပါသနည်း၊ သဟဝါသေယျ-အရ အဘယ် အဆောက်အအုံမျှားဌ အတူအိပ်ခြင်းကို ဆိုလိုသည်ကို လည်း ရေးခဲ့ပါ....?။

(၉၄၈) ပြေ။ ။**သံဝေယျဝါ**-အရ၊ ဥပုသ်ကံ, ပဝါ ရဏာကံ, အခြား သံဃကံမျှားဌ ထိုဥကို့တ္တကရဟန်းနှင့် အတူ ကံပြုခြင်းကို သံဝါသ-ဟု ဆိုရပါသည်။

သဟဝါသေယျ-အရ၊ အကာအရံ မတူသော်လည်း အမိုး တူသော ကျောင်း, အိပ်ရာ, နေရာမျှားဌ အတူအိပ်ခြင်းကို ဆိုလို ပါသည်။

---

(၁၀) ကဏ္ဍက သိက္ခာပုဒ်

● တထာ နာသိတ-အရ နာသနသရုပ်ကိုထုတ်၍ ဤသိက္ခာ ပုဒ်ဌ အလိုရှိအပ်သော နာသနကိုလည်း ညွှန်းခဲ့ပါ....?။

(၉၄၉) ပြေ။ ။**နာသန** သရုပ်ကား-

၁-သံဝါသ နာသန-ဥက္ခေပနိယကံ ပြုထားခြင်း၊ (ဝါ) အပေါင်းအသင်း မလုပ်ခြင်း။

၂-လိင် နာသန-အသွင် ဖျက်ဆီးခြင်း၊ (ဝါ) လူထွက် စေခြင်း။

၃-ဒဏ္ဍကမ္မ နာသန-ဒဏ်ပေးခြင်း၊ ပေါင်း ၃-ပါး ဖြစ်ပါသည်။

ဤ၌ ဒဏ္ဍကမ္မ နာသနကို လိုအပ်ပါသည်။

* သံဝါ, လိင်၊ ဒဏ္ဍကမ္မ၊ ဤသုံးတန်၊ မှတ်ရန် နာသန။

သပ္ပါဏကဝဂ် ပြီး၏။

http://www.dhammadownload.com

သဟဝမ္မိက ဝဂ်

(၁) သဟဝမ္မိက သိက္ခာပုဒ်

● သုရာပါနဝဂ် စတုတ္ထအနာဒရိယသိက္ခာပုဒ်နှင့် ဤသိက္ခာပုဒ်တို့သည် အဘယ်သို့ ထူးပါသနည်း....?။

(၉၅၀) ဖြေ။ ။*မကျင့်လိုမှန်၊ တိုက်ရိုက်ပြန်၊ ငြင်းဆန်အနာဒရိ။

*သွယ်ဝိုက်၍ပြန်၊ မကျင့်ရန်၊ ငြင်းဆန်သဟဝမ္မိ။

● ရဟန်းဖြစ်လျှင် သိက္ခာပုဒ်နှင့်စပ်၍ မည်သို့ ပြုကျင့်အပ်သည်ကို ရေးခဲ့ပါ....?။

(၉၅၁) ဖြေ။ ။*သိက္ခာပုဒ်ကို၊ ကျင့်လိုစိတ်ရှိ၊ သိအောင်ကြိုးပမ်း၊ မေးမြန်း ဆင်ခြင်၊ ပြုရအင့်ကျင့်စဉ် ဝတ္တရား။

---

(၂) ဝိလေခန သိက္ခာပုဒ်

● ဥမ္မိဿာမာနေ-အရ၊ အဘယ် ပုဂ္ဂိုလ်၏ အဘယ်အခါ ရွတ်ခြင်းကို ယူရမည်နည်း ...?။

(၉၅၂) ဖြေ။ ။ဥမ္မိဿမာနေ - အရ၊ ဆရာက ဖြစ်စေ၊ (သို့မဟုတ်) တပါးပါးက ဖြစ်စေ စာပို့ချရာ, ပြန်လှန် ရွတ်အံနေရာ, ပါတိမောက် ပြရာ၊ ဤအခါ အသံလုံးခ် ရွတ်ခြင်းကို ယူရပါမည်၊ (ပါတိမောက် ပြရာဟုသာ မမှတ်သင့်။)

---

http://www.dhammadownload.com

● ခုဒ္ဒက, အနုခုဒ္ဒက–အရ ခွဲခြားပြပါ....?။

(၉၅၃) ဖြေ။ ။*သံဃာဒိသ်စ ခုဒ္ဓက သာ၊
ထုလ္လစ္စည်းစပ္ပ ဘနုခုဒ္ဓါ။
တနည်း ဒုက္ကဋ် ခုဒ္ဒကတ်သာ၊
ဒုဗ္ဘာသိ ခေါ်ပြီ နုခုဒ္ဓါ။

● သိက္ခာပုဒ်ကို ကဲ့ရဲ့ရာ၌၊ ပုဂ္ဂိုလ် ဌာနအလိုက် အာပတ် သင့်ပုံကို ခွဲခြား၍ ရေးသားခဲ့ပါ....?။

(၉၅၄) ဖြေ။ ။*ရဟန်းရှေ့မှာ၊ ပါစိတ်သာ၊ လူ, သာ ရှေ့ ဒုက္ကဋ်။

---

(၃) မောဟန သိက္ခာပုဒ်

● မသိဟန်ဆောင်တိုင်း ပါစိတ်အာပတ် သင့်ပါသလော ရှင်းလင်းခဲ့ပါ....?။

(၉၅၅) ဖြေ။ ။မောဟနက် မတင်မီ မသိဟန်ဆောင်က ဒုက္ကဋ်၊ ကံတင်ပြီး၍ထပ်မံမသိဟန်ဆောင်မှသာ ပါစိတ်အာပတ် သင့်ပါသည်။

● ဝိလေခနနှင့် မောဟန သိက္ခာပုဒ်တို့၌ပါသော ဥဒ္ဒိသနမ်း အထူးကို ရေးခဲ့ပါ....?။

(၉၅၆) ဖြေ။ ။ဝိလေခန ဥဒ္ဒိသနကား.... စာချ, စာပြန်ခြင်း၊ ပါတိမောက် ပြခြင်း စသော ရွတ်မှု အားလုံးကို ဆိုသည်၊ မောဟန ဥဒ္ဒိသနကား .. ဥပုသ်ပြုသည့်အခါ ပါတိမောက်ပြခြင်းကိုသာ ဆိုသည်။ (ဤသို့ ထူးပါသည်။)

---

http://www.dhammadownload.com

(၄) ပဟာရ သိက္ခာပုဒ်

● ကျောင်းသား, ကိုရင်အား ရိုက်သောရဟန်းအား အဘယ်အာပတ် သင့်ပါသနည်း....?။

(၉၅၇) ဖြေ။ ။*ကိုရင်, ကျောင်းသား၊ ရိုက်နှက်ခြား၊ သူ့အား ဒုက္ခ ရှင့်သင့်။

● ရဟန်းအား လည်းကောင်း၊ ကျောင်းသား, ကိုရင်အား လည်းကောင်း၊ ရိုက်နှက်ရင်း သေသွားပါက ပါရာဇိက ကျ, မကျ ဆုံးဖြတ်ခဲ့ပါ....?။

(၉၅၈) ဖြေ။ ။သေစေလိုသော စေတနာမရှိလျှင် မကျ ပါ၊ ရိုက်ရင်း ရဟန်းသေက ပါစိတ်၊ ကျောင်းသား, ကိုရင် သေက ဒုက္ခ ရှင့်သာ သင့်ပါသည်။

● (က) အင်္ဂါခုနှိုတ်ခဲ့စေရန် ရဟန်း, သာမဏေ၏ နားရွက်ကို ဖြတ်ခြင်း၊ (ခ) ကျီစားလိုက်ရိုက်ခြင်း၊ (ဂ) ရန်သူကို ကာကွယ်ရင်း ရိုက်ရာ လက်လွန်၍ သေသွားခြင်းတို့၌ အဘယ်အာပတ် သင့်မည်နည်း....?။

(၉၅၉) ဖြေ။ ။(က) ဒုက္ခ ရှင့်၊ (ခ-ဂ) အနာပတ္တိ။

---

(၅) တလသတ္တိက သိက္ခာပုဒ်

● တလသတ္တိက-အရ၊ လက်ဝါးပြင်ကိုသာ ယူရမည်လော ရှင်းခဲ့ပါ....?။

(၉၆၀) ဖြေ။ ။တလသတ္တိက - အရ၊ လက်ဝါးဖြင့်သာ မဟုတ်၊ ခြေစသော အင်္ဂါ အစိတ်အပိုင်း ကိုယ်နှင့် စပ်သော ဝတ္ထု၊ အားလုံးကို ယူရပါသည်။

---

http://www.dhammadownload.com

(က၊) ရိုက်ရန် ကြံ့ရွယ်စဉ် အားလုန်၍ ရိုက်မိပြီး ကျိုးပဲ့ သွားခြင်း၊ (ခ) ဓား ဖြင့် လည်းကောင်း၊ တုတ်ဖြင့် လည်းကောင်း ခြိမ်းခြောက်သမှ ပြုခြင်းတို့၌ အဘယ် အာပတ် သင့်ပါသနည်း....?။

(၉၆၁) ဖြေ။ ။(က၊) ဒုက္ကဋ်၊ (ခ) ပါစိတ်။

---

(၆) အမူလက သိက္ခာပုဒ်

အမူလကေန သုံယာဝိသေသေန အနုဒ္ဒံသေယျ-ဌ်၊အနုဒ္ဒံ သန့ သရုပ်ကို ထုတ်ပြပါ....?။

(၉၆၂) ဖြေ။ ။အနုဒ္ဒံသန့ သရုပ်ကား-

၁-ကိုယ်တိုင် စွပ်စွဲခြင်း၊ ၂-သူတပါးအား စွပ်စွဲစေခြင်း၊ ဒေါင်း ၂-ပါး ဖြစ်ပါသည်။

---

(၇) သဠေ့ စ သိက္ခာပုဒ်

ကုက္ကုစ္စဖြစ်စေသော ရဟန်း၏ ရည်ရွယ်ချက်ပြ ပါဠိကို ရေး၍၊ အဘယ်ကို ကုက္ကုစ္စဖြစ်စေသည်ကိုဖော်ပြပါ-?။

(၉၆၃) ဖြေ။ ။ရည်ရွယ်ချက်ပြ ပါဠိကား.... "ဣတိဿ မုဟုတ္တမ္ပိ အဖာသု ဘဝိဿတိ" ဖြစ်ပါသည်။

ကုက္ကုစ္စဖြစ်ပုံကား....တ ဘက် သား အား စိတ် မချမ်းသာ သံသယဖြစ်စေခြင်းငှါ ကိုယ်ဘော်ရဟန်းခံခဲ့တာ အသက် ၂၀-မပြည့်ဖူးထင်တယ်၊ ဆွမ်းဘုဉ်းပေးတာ နေလွဲနေပြီပဲ စသည်ဖြင့် ပြောဆိုခြင်းတည်း။

---

http://www.dhammadownload.com

(ဂ) ဥပဿုတိ သိက္ခာပုဒ်

● ဘဏ္ဍာနနှင့် ကလဟတို့၏ အထူးကို ရေးခဲ့ပါ..?။

(၉၆၄) ဖြေ။ ။*ခိုက်ရန် မဖြစ်ခင် ရှေးအရင်မှာ၊
တိုင်ပင်စိုင်းပြင်း ခေါ်ခြင်း ဘဏ္ဍနာ။
ကိုယ်,နှုတ် နှစ်ဦး လွန်ကျူးခဲ့ရာ၊
ကလဟ နှစ်ဝ အထူးသာ။

● ဥပဿုတိ-အရ၊ အဘယ်မျှလောက်သော အရပ်ကို ယူရမည်နည်း၊ နားထောင်ရုံသက်သက်ဖြင့် အာပတ် သင့်ပါသလော ရှင်းခဲ့ပါ....?။

(၉၆၅) ဖြေ။ ။ဥပဿုတိ-အရ၊ တိုင်ပင် ပြောဆိုသည့် စကားသံကို ကြားလောက်ရာ ၁၂-တောင်ခန့် အနီး အရပ်ကို ယူရပါမည်။

နားထောင်ရုံ သက်သက်ကား....အာပတ်မသင့်၊ သူတို့ ပြော စကားကို နားထောင်ပြီး စောဒနာမည်-ဟု ရည်ရွယ်ချက်နှင့် နားထောင်မှ အာပတ် သင့်ပါသည်။

● အဘယ် ရည်ရွယ်ချက်ဖြင့် နား ထောင်ကောင်း ပါသနည်း....?။

(၉၆၆) ဖြေ။ ။စောဒနာ လိုမှုကြောင့် နားထောင်ခြင်း မဟုတ်ပဲ၊ ထို အဓိကရုဏ်းမှ လွတ်အောင် ရှောင်မည်၊ ထို အဓိကရုဏ်းကိုငြိမ်းစေမည် စသည့်ရည်ရွယ်ချက်နှင့်ကား-နားထောင်ကောင်းပါသည်၊ အပြစ်မရှိပါ။

---

http://www.dhammadownload.com

(၉) ကမ္မပဋိဗာဟန သိက္ခာပုဒ်

● ဓမ္မိကာနံ ကမ္မာနံ-ဌ၊အဘယ်သို့သောကံမျိုးကို ဓမ္မိကကံ-ဟု ခေါ်ရ၍၊ ကမ္မာနံ-အရ ကံ အမျိုးအစားကိုလည်း ရေးသားခဲ့ပါ....?။

(၉၆၇) ဖြေ။ ။ဝိနည်းတရားတော်နှင့်အညီပြုအပ်သော (ဝါ) ဟုတ်မှန်သော သဘော၊ စောဒနာ သာရဏာဝိနည်း ဥတ်ကမ္မဝါဖြင့် ပြုအပ်သောကံကို ဓမ္မိကကံ-ဟု ခေါ်သည်။

ကံအပြားကား-

၁-အပလောကနကံ၊	၃-ဥတ္တိ ဒုတိယကံ၊
၂-ဥတ္တိကံ၊	၄-ဥတ္တိ စတုတ္ထကံ၊

● အဘယ်သို့သော ကံမျိုးကို အုပလောကနကံ စသည် ခေါ်သည်ကို ရေးခဲ့ပါ....?။

(၉၆၈) ဖြေ။ ။ရှစ်တိ သံဃာ-သံဃာတော်များ နှစ်သက်ပါ၏လား စသည်အားဖြင့် ၃-ကြိမ် ပန်ကြား၍ ပြုအပ်သောကံကို **အပလောကနကံ**-ဟု ခေါ်သည်။

(ကဏ္ဌက သာမဏေကို နှင်ထုတ်ကြောင်း ကံမျိုး။ ယခုကာလ မတသန္ဓကသံဃိကပစ္စည်းကိုဝေဖန်မှုစသောကံမျိုးကိုဆိုလိုသည်။)

ဥတ် ၁-ကြိမ်ဖြင့် ပြုအပ်သော (ဥပုသ်,ပဝါရဏာ စသည်) ကံမျိုးကို ဥတ္တိကံ-ဟု ခေါ်သည်။

ဥတ် ၁-ကြိမ်,ကမ္မဝါစာ ၁-ကြိမ်ဖြင့် ပြုအပ်သော (ကထိန စီဝရဒါနကံ, သိမာသမ္မုတိကံစသည်) ကံမျိုးကို ဥတ္တိ ဒုတိယကံ ဟု ခေါ်သည်။

http://www.dhammadownload.com

ဥတ် ၁-ကြိမ်, ကမ္မဝါစာ ၃-ကြိမ်ဖြင့် ပြုအပ်သော (ဥပသမ္ပဒကံ စသည်)ကံမျိုးကို ဥတ္တိစတုတ္ထကံ-ဟု ခေါ်သည်။

● အပလောကန စသော ကံ ၄ ပါးတို့ကို ရောက်ရာဌာန သြသာရဏာဒိ ပန္နရသ-သရုပ်ကို ထုတ်ပြပါ....?။

(၉၆၉) ဖြေ။ ။သြသာရဏာ, နိဿာရဏာ, ဘဏ္ဍုကမ္မ, ပြဟ္မဒဏ္ဍ, ကမ္မလက္ခဏာ, ဥပေါသထ, ပဝါရဏာ, သမ္မုတိ, ဒါန, ပဋိဂ္ဂဟ, ပစ္စု ကဗုန, ဥဒ္ဒါရ, ဒေသနာ, နိဂ္ဂဟ, သမနုဘာသန၊ ပေါင်း ၁၅-ပါး ဖြစ်ပါသည်။

* သြသာ,နိဿ,ဘဏ်၊ ပြဟ္မဒဏ်၊ ကမ္မလက္ခဏာ။
* ဥပေါ,ပဝါ၊ သမ္မုဖြာ၊ဒါနာ,ပဋိဂ္ဂါ။
* ပစ္စု,ဥဒ္ဒါ၊ ဒေသနာ၊ နိဂ္ဂဟာ,သမနုဘာ။
* ကမ္မ,စတု၊ ရောက်မှုဌာန၊ ပန္နရ၊ မှတ်ပ သောတုနာ။

● ကမ္မစတုက္ကဲ့ ရောက်ရာဌာန ၁၅-ပါးတို့တွင် အဘယ်ကံသည် အဘယ် နှစ်ဌာနစီ ရောက်ပါသနည်း....?။

(၉၇၀) ဖြေ။ ။*အပ-ပဌ၊ ဥတ်-နဝ၊ ဒုစ-သတ္တဌာန်။

● အပလောကန စသော ကံ ၄-ပါးတို့ ရောက်ရာဌာန မျိုးကို အသီးသီး ဖော်ပြပါ....?။

(၉၇၁) ဖြေ။ ။အပလောကန ၅-ဌာန

သြသာရဏာ, နိဿာရဏာ, ဘဏ္ဍုကမ္မ, ပြဟ္မဒဏ္ဍ, ကမ္မလက္ခဏာ၊ ပေါင်း ၅ ပါး ဖြစ်ပါသည်။

* သြ,နိ,ဘ,ပြ,လက္ခ၊ ငါးတန် အပလောကန။

http://www.dhammadownload.com

ဥတ္တိ ၉-ဌာန

ဩသာရဏာ, နိဿာရဏာ, ဥပေါသထ, ပဝါရဏာ, သမ္မုတိ, ဒါန, ပဋိဂ္ဂဟ, ပစ္စုက္ခုန, ကမ္မလက္ခဏာ၊ ပေါင်း ၉-ပါး ဖြစ်ပါသည်။

* ဩ, နိသ, ဥ, ပ၊ သမ, ဒါနနှင့်၊ ပဋိဂ္ဂ, ပစ္စု၊ ကမ္မ၏ ကိုးခု ဥတ်ဌာန။
* အသ္ဆင်း, အထုတ်, ဥပုသ, ပဝါ၊ သမုတ်ရာ၊ ပေးပါ, ခံ, ငင်လတ်။
* ဥတ္တိကမ္မံ၊ ကိုးဌာန်၊ ရောက်ဟန် ယွင်းမကွက်။

(နိဿယလက်ဝ)

ဥတ္တိဒုတိယ ၇-ဌာန

ဩသာရဏာ, နိဿာရဏာ, သမ္မုတိ, ဒါန, ဥဒ္ဓါရဏာ, ဒေသန, ကမ္မလက္ခဏာ၊ ပေါင်း ၇-ပါး ဖြစ်ပါသည်။

* ဩ, နိသ, သမ, ဒါ၊ ဥဒ္ဓါ ဒေသန၊ လက္ခဏာ၊ သတ္တ ဥတ်ဒုတိ။
* ထုတ်, သ္ဆင်း, သမုတ်၊ ပေး, နုတ်, ကြားရာ၊ လက္ခဏာ၊ ရောက်လာ သတ္တ ဒုတိယ။

ဥတ္တိစတုတ္ထ ၇-ဌာန

ဩသာရဏာ, နိဿာရဏာ, သမ္မုတိ, ဒါန, နိဂ္ဂဟ, သမနုဘာသန, ကမ္မလက္ခဏာ၊ ပေါင်း ၇-ပါး ဖြစ်ပါသည်။

* ဩ, နိသ, သမ, ဒါ၊ နိဂ္ဂဟ, သမနု၊ မှတ်ရ လက္ခဏာ၊ သတ် ဌာန၊ မှတ်ပ ဥတ်-စတုတ်။
* အသ္ဆင်း, အထုတ်၊ သမုတ်, ပေးချက်၊ နှိပ်လျက်, ဆုံးမ၊ လက္ခဏာ၊ ရောက်ထ သတ်-စတုတ်။

http://www.dhammadownload.com

● ဩသာရဏာဒိ ပန္နရသဌာန တို့သည်၊ ကမ္မ စတုက္ကတွင် အဘယ်ကဲ့၌ အ ဘယ် မျှ လောက် ပါ ဝင် နိုင် သည်ကို ရေးခဲ့ပါ....?။

(၉၇၂) ဖြေ။ ။ဩသာရဏ, နိဿာရဏ, ကမ္မလက္ခဏ၊ ဤ ၃-ဌာနသည် ကံ ၄-မျိုး၌ ပါ ဝင်သည်၊ ဒါန, သမ္မတိ၊ ဤ ၂-ဌာနသည် ဥတ္တိ, ဥတ္တိ ဒုတိယ, ဥတ္တိ စတုတ္ထ ဤကံ ၃-ပါး၌ ပါ ဝင်သည်။ တဏှာ၊ကမ္မ,ဗြဟ္မဝိဟာရသည် ဘပလောက ၌သာ၊ ဥပေါသထ, ပ ဝါ ရဏာ,ပဋိဂ္ဂဟ,ပစ္စုက္ခစုနတို့သည် ဥတ္တိ ၌သာ၊ ဥဒ္ဒါ ရဏ, ဒေသနာတို့သည် ဥ တ္တိ ဒုတိယ၌သာ၊ နိဂ္ဂဟ သမနုဘာသနတို့သည် ဥ တ္တိ စတုတ္ထ၌သာ ပါ ဝင်ပါသည်။

---

(၁၀) ဆန္ဒ် အဝတ္ဌာ ဂမန သိက္ခာပုဒ်

● ဝိနိစ္ဆယကထာယ ဝတ္ထုမာနာယ-အရ၊ အဘယ်အခါမျိုး ကိုဆုံးဖြတ်၍ မပြီးသေးရာအခါဟု ဆိုရပါသနည်း....?။

(၉၇၃) ဖြေ။ ။စောဒက-စုဒိတက (တရားလို-တရားခံ) ဘို့က စွပ်စွဲချေပသော အကြောင်းဝတ္ထု အမှုအခင်းကို ဆုံးဖြတ်ခြင်း မပြုရသေးပဲ မေးဆဲအခါ ဥ တ်မျှသာ ထားပြီးသေး၍ ကမ္မ ဝ ါ ကို ဆုံးအောင် မဖတ်ရသေးသော အခါမျိုးကို "ဆုံးဖြတ်၍ မပြီးသေးရာအခါ" ဟု ဆိုရပါသည်။

● ဆန္ဒမပေးပဲ ထွက်သွားတိုင်း အာပတ် သင့်ပါသလော၊ အဘယ် အခါ၌ အဘယ်အာပတ် သင့်သည်ကို ခွဲခြား၍၊ အာသနာ-အုရ အဘယ် နေရာမျိုးကို ဆိုလိုသည်ကို ရေးခဲ့ပါ....?။

http://www.dhammadownload.com

(၉၇၄) ဖြေ။ ။ထုတ်သွားတိုင်း အာပတ်မသင့်ပါ၊စိတ်ရင်းကောင်းဖြင့် အကြောင်းကိစ္စရှိ၍ ထုတ်သွားက အာပတ် မသင့်၊ ကပ်ပျက်လိုသော ဆန္ဒဖြင့် (ဆ န္ဒ မ ပေးပဲ) ထုတ်သွားမှသာ အာပတ် သင့်ပါသည်။

ထုတ်သွားရာ၌ သံဃာ၏ ဟတ္ထပါသ်မလွန်မီ ဒုက္ကဋ်၊ လွန်ကပါစိတ်အာပတ် သင့်ပါသည်။ **အာသနာ**-အရ တသိမ်တည်း၌ စည်းဝေးသော ဟတ္ထပါသ်တွင်း နေရာမျိုးကို ဆိုလိုပါသည်၊ (သိမ်အတွင်း၌ ဟတ္ထပါသ်ကို စွန့်နေမှ အာပတ် သင့်သည်၊ သိမ်အပြင်ဘက်သို့ရောက်အောင်ထုတ်သွားလျှင်ကား....အာပတ် မသင့်။)

---

(၁၁) ဒုမ္မလ သိက္ခာပုဒ်

● အဘယ်ကို သမဂ္ဂသံဃာ-ဟု ဆိုပါသနည်း၊ ထိုသံဃာတွင် ကဲ့ရဲ့သောရဟန်း ပါ,ပါသလော၊ ဒတ္တာ-အရ အဘယ်သူ ပေးခြင်းကို ဆိုလိုသည်ကို ရေးခဲ့ပါ....?။

(၉၇၅) ဖြေ။ ။တူသော ကံကြီး, ကံငယ်ရှိ၍တသိမ်တည်း၌တည်သော ရဟန်းအပေါင်းကို သမဂ္ဂသံဃာ-ဟု ဆိုရသည်။ ထိုသံဃာတွင် ကဲ့ရဲ့သော ရဟန်းလည်း ပါဝင်ပါသည်။

ဒတ္တာ-အရ၊ ကိုယ်တိုင် (ထို ရဟန်းများ နှင့် သဘောတူ) ပေးခြင်းကို ဆိုလိုပါသည်။

● ကဲ့ရဲ့ရှုတ်ချပုံ ခိယျနာကာရပြ ပါ၌ကို ရေး၍၊ ယထာ သန္ဆ-အရ အဆေခင်ပွန်းသရုပ်ကိုလည်းထုတ်ပြပါ....?။

(၉၇၆) ဖြေ။ ။ခိယျနာကာရပြ ပါ၌ကား.... "ယထာ သန္ဆတ် လာဘ် ဘိက္ခု။ သံဃိက် ပရိဏာမေန္တိ" ဖြင့်ပါသည်။

http://www.dhammadownload.com

ယထာသန္ဓ၊-အရ အဆွေခင်ပွန်းများကား ...၁-မိတ္တ၊ ၂-သန္ဓိဋ္ဌ၊ ၃-သမ္ဘတ္တ၊ ၄-မျိုး ဖြစ်ပါသည်။

---

❶ အဘယ်ပုဂ္ဂိုလ်အား အဘယ် ပစ္စည်းမျိုးကို အဘယ်သို့ ပေးပြီးမှ အဘယ်ပုံ ကဲ့ရဲ့လျှင် အဘယ် အာပတ် သင့်သည်ကို ရေးခဲ့ပါ....?။

(၉၇၇) ဖြေ။ ။သေနာသန ပညာပက စသော. သမ္ဘုတိကို ရထားသောရဟန်းမျိုးအား သက်နှိုးကိုသဘောတူပေးပြီးမှ "ရဟန်းများသည် မိမိမိတ်ဆေ (ရဟန်း) များကိုသာ သံဃိက ပစ္စည်းကို ပေးကြသည်"ဟု ကဲ့ရဲ့လျှင် ပါစိတ်၊ သမ္ဘုတိ မရသူ အားလည်းကောင်း၊ သက်နှိုးမှတပါး အခြား ပေးခွင့်ရှိသော ပစ္စည်းများကို ရဟန်း,သာမဏေတို့အား သဘောတူပေးပြီးမှ ရှုတ်ချ ကဲ့ရဲ့လျှင်လည်းကောင်း ဒုက္ကဋ်အာပတ် သင့်ပါသည်။

---

❷ ဝေဖန်ထိုက်သော ပစ္စည်း, မဝေဖန်ထိုက်သော ပစ္စည်းများကို ခွဲခြားပြု၍၊ မဝေဖန် ထိုက်သော ပစ္စည်းကို ဝေဖန်က အဘယ်အာပတ် သင့်ပါသနည်း....?။

(၉၇၈) ဖြေ။ ။

မဝေဖန်ထိုက်သော ပစ္စည်းကား-

အရံ,အရံမြေ(ပထမ ဂရုဘဏ်တွဲ-၂) ကျောင်း, ကျောင်းရာမြေ (ဒုတိယ ဂရုဘဏ်တွဲ-၂) ညောင်စောင်း, အင်းပျဉ်, ဂုံလျှို, ခေါင်းအုံး (တတိယ ဂရုဘဏ်တွဲ-၄) ကြေးအိုးစရည်း, ကြေးအင်တွဲ (လက်ဆွဲ) အိုး, ကြေးဖျင်း, ပဲခွပ်, ပုဆိန်, ခဲားမ, ပေါက်တူး, ဆောက်,(စတုတ္ထ ဂရုဘဏ်တွဲ-၉) နွယ်,ဝါး,ဖြူဆံ

http://www.dhammadownload.com

မြက်, ပြိတ်မြက်, သက်ငယ်မြက်, မြေညက်, သစ်ဖြင့်ပြုသော အသုံးအဆောင်, မြေကြီးဖြင့်ပြုသော အသုံးအဆောင် (ပဋ္ဌမ ဂရုဘဏ်တွဲ-၈)ပေါင်း ၂၅-ပါး ဖြစ်ပါသည်။

ဝေဖန်ထိုက်သော ပစ္စည်းမျှားကား-

ဤ ဂရုဘဏ် ပစ္စည်းမျိုးမှတပါး အခြားပစ္စည်းမျိုး ဖြစ်ပါသည်၊ မဝေဖန်ထိုက်သော ပစ္စည်းကို ဝေဖန်က ထုလ္လစ္စည်း အာပတ် သင့်ပါသည်။

---

(၁၂) ပရိဏာမန သိက္ခာပုဒ်

● နိဿဂ္ဂိယ ပရိဏတ သိက္ခာပုဒ်နှင့် ဤ(ပရိဏာမန) သိက္ခာပုဒ်တို့သည် အဘယ်သို့ ထူးပါသနည်း....?။

(၉၇၉) ဖြေ။ ။နိဿဂ္ဂိယ ပရိဏတကား... မိမိသို့ညွှတ်စေသဖြင့် နိဿဂ္ဂိယပါစိတ်၊ ဤသိက္ခာပုဒ်ကား....ပုဂ္ဂိုလ်သို့ညွှတ်ခဲ့သဖြင့် သုဒ္ဓပါစိတ်။ (ဤသို့ထူး၏။)

(သဟဓမ္မိကဝဂ် ပြီး၏)

---

http://www.dhammadownload.com

ရတနာ၀ဂ် (ရာဇာ၀ဂ်)

(၁) အနေ္တပုရ သိက္ခာပုဒ်

● သယနီယရ-အိပ်ရာ, တိုက်ခန်းဟူသည် အဘယ် နေရာ မျိုးကို ဆိုလိုပါသနည်း၊ ထိုနေရာသို့ ဝင်သည့်အတွက် အာပတ် သင့်ပုံကိုလည်း ပိုင်းခြား ရေးသားခဲ့ပါ....?။

(၉၇၀) ဖြေ။ ။အမှတ်မရှိသော အရပ်၌ မင်း၏အိပ်ရာကို ခင်းထားသော အခန်း၊ အယုတ်ဆုံးအားဖြင့် ခန့်ဆီး, ကန့်လန့် ကာ, လိုက်ကာမျှား ကာထားသော နေရာကို သယနီယရ-ဟု ဆိုရပါသည်။

ထို သယနီယရ-သို့ ဝင်ရာ၌၊ တံခါးခုံကို ပထမ ခြေတလှမ်း ကျော်မိက ဒုက္ကဋ်၊ ဒုတိယခြေတလှမ်းကျော်လျှင် ပါစိတ်အာပတ် သင့်ပါသည်။

---

(၂) ရတန သိက္ခာပုဒ်

● ရတနံ၀ါ ရတနသမ္မတံ၀ါ-ပါ၌အရ၊ ရတနာနှင့် ရတန သမ္မတ-အမည်ရသော ဝတ္ထုတို့ကို ထုတ်ပြပါ....?။

(၉၇၁) ဖြေ။ ။ရတနာ ၁၀-ကား–

၁-မုတ္တာ(ပုလဲ)၊ ၂-မဏိ(ပတ္တမြား)၊ ၃-ဝေဠုရိယ(ကြောင်မျက်ရွဲ)၊ ၄-သင်္ခ (ခရုသင်း)၊ ၅-သိလာ (ကျောက်သလင်း)၊ ၆-ပ၀ါဠ (သန္ဓာ)၊ ၇-ရဇတ (ငွေ)၊ ၈-ဇာတရူပ (ရွှေ)၊ ၉-လောဟိတက် (ပတ္တမြားနီ)၊ ၁၀-မသာရဂလ္ဂ (ပတ္တမြား ခြောက်)၊ ပေါင်း ၁၀-ပါး ဖြစ်ပါသည်။

http://www.dhammadownload.com

† မုတ္တာ,မဏိ,ဝေဠုရိယ်၊ သင်္ခ၊သိလာ၀,ပ၀ါ‌ဠ်။
ရဇတ်, ဇာတရူပ၌၊ လောဟိတက်,မသာရဂ်။

ရတနသမ္မတ ဝတ္ထုမျှားကား-

ရတနာ ၁၀-ပါးမှတပါး အ၀တ်တန်ဆာအစရှိသော လူတို့၏ အတွင်း-အပအသုံးအဆောင်ပစ္စည်းမျှားသည် **ရတနသမ္မတ**-မည်ပါသည်။

● **အဗ္ဘာရာမ,အဗ္ဘာ၀သထ** ဌာနမျှားကို ပိုင်းခြားပြပါ-?။

(၉၇၂) ဖြေ။ ။အရံရှိသော ကျောင်းဖြစ်က အရံအတွင်းကို၊ အရံမရှိသော ကျောင်းဖြစ်က အခွန်ဆုံးသော ကျောင်းမှ ခဲ့ ၂-ကျ အရပ်အတွင်းကို **အဗ္ဘာရာမ**-ဆိုသည်။

အကာရှိလျှင်အကာအတွင်း၊အကာမရှိခဲ့လျှင်အကာအတွင်းမှ ပစ်လိုက်သော ကျည်ပွေ့ကျရာအရပ်အတွင်းကို **အဗ္ဘာ၀သထ**-ဆိုရပါသည်။

● ရတနာ ၁၀-ပါးကဲ့ မိမိ, သံဃာ, ဂိုဏ်း, ပုဂ္ဂိုလ်, စေတီ အတွက်ကောက်ယူရာ အဘယ်အာပတ်သင့်မည်နည်း-?။

(၉၇၃) ဖြေ။ ။ဣ, ဒွေ-ကို မိမိအတွက် ကောက်ယူက နိဿဂ္ဂိယ ပါစိတ်၊ သံဃာ, ဂိုဏ်း, ပုဂ္ဂိုလ်, စေတီ အတွက် ကောက်ယူက ဒုက္ကဋ်အာပတ် သင့်ပါသည်။

ကြွင်းသော ပုလဲ ၀သော ရတနာ ၈-ပါးကို=မည်သူအတွက် ကောက်ကောက် ဒုက္ကဋ်အာပတ် သင့်ပါသည်။ (စေခိုင်းခြင်း၌လည်း ဤအတိုင်းပင်တည်း။)

---

http://www.dhammadownload.com

● ဒါယကာ-ဒါယိကာမမျှားက အပ်စပ်သော ပစ္စည်းများကို ခဏသိမ်းထားရန် လာရောက်အပ်နှံရာ သိမ်းကောင်းပါမည်လော ရေးခဲ့ပါ....?။

(၉၈၄) ဖြေ။ ။အပ်စပ်သော ပစ္စည်းပင်ဖြစ်စေ၊ မအပ်စပ်သော ပစ္စည်းပင် ဖြစ်စေ ဘဏ္ဍာစိုးသဘော စောင့်ရှောက်သော အနေအားဖြင့်ကား....မိဘပစ္စည်းသော်မှ မသိမ်းကောင်းပါ၊ ဤသိက္ခာပုဒ်ဖြင့် ပါစိတ်အာပတ် သင့်ပါသည်။

(မိဘပစ္စည်းကိုကား...ကိုယ့်ပစ္စည်းအနေနှင့် သိမ်းကောင်း၏။)

● သိမ်းဆည်းသော ရဟန်း စိတ်ထားရပုံပြ ပါဠိကိုရေး၍၊ ဤသိက္ခာပုဒ်၌ အနုပညတ်ကိုလည်း ထုတ်ပြပါ....?။

(၉၈၅) ဖြေ။ ။စိတ်ထားရပုံပြ ပါဠိကား.... " ယဿ ဘဝိဿတိ၊ သော ဟရိဿတိ" ဖြစ်ပါသည်။

အနုပညတ်ကား.... "အညတြ အဗ္ဘာရာမာဝါ အဗ္ဘာဝသ ထာဝါ"ဖြစ်ပါသည်။

---

(၃) ဝိကာလ ဂါမပ္ပဝေသန သိက္ခာပုဒ်

● အစ္စာယိက ကရဏီယ-ဟူသည် အဘယ်သို့သော ကိစ္စများကို ဆိုလိုပါသနည်း၊ဝိကာလေ-အရ အဘယ်အခါကို ယူရမည်ကိုလည်း ဖော်ပြပါ... ?။

(၉၈၆) ဖြေ။ ။မီးဘေး, ရေဘေး, ခိုးသူဘေး စသော လတ်တလော အရေးတကြီး ကိစ္စများကို အစ္စာယိက ကရဏီယ ဟု ဆိုပါသည်။

ဝိကာလေ-အရ၊မွန်းတည့်လွန်သည်မှအရုဏ်မတက်မီအတွင်း အခါကို ယူရပါမည်။

---

http://www.dhammadownload.com

● နေလွဲသောအခါ ရှာတွင်းသို့ ဝင်ရာ၌၊ အဘယ် ရဟန်းအား အဘယ်သို့ ပန်ကြားရမည်နည်း၊ မပန်ကြားပဲ သွားက အဘယ်အခါ အဘယ်အာပတ် သင့်သည်ကို ရေးခဲ့ပါ....?။

(၉၀၇) ပြေ။ ။နေလွဲသောအခါ ရှာတွင်းသို့ဝင်လိုလျှင် ဥပစာရ သိမ်အတွင်း (၁၂-တောင် အတွင်း) ဒဿနူပစာရ (ကြားလောက်ရာဌာန)၌ ရှိသော ရဟန်းအား "ဝိကာလေ ဂါမပွေ၀သနံ အာပုစ္ဆာမိ" ဟူ၍လည်းကောင်း၊ "ဂါမံ ပဝိသိဿာမိ"ဟူ၍လည်းကောင်း ပန်ကြားရပါမည်။

မပန်ကြားပဲ ရှာထဲသွားက အကာအရံရှိသော ရှာဖြစ်လျှင် အကာအရံ အတွင်းသို့၊ အကာအရံ မရှိသော ရှာဖြစ်က ရှာ၏-ဂါမူပစာရ အတွင်းသို့ ပ-ခြေလှမ်း လွန်ကဒုက္ကဋ်၊ ဒု-ခြေလှမ်း လွန်က ပါစိတ်အာပတ် သင့်ပါသည်။

● (က) ရဟန်း ၂-ပါးရှိသောကျောင်းတွင် ၂-ပါးလုံးပင် ရှာထဲ ဝင်လိုရာ ဘယ်သူ့အား ပန်ကြား ရမည်နည်း၊ (ခ)မြို့ရှာတွင်းရှိကျောင်းမျှားသို့သွားက ပန်ကြားရဦးမည်လော၊ (ဂ) အနုပညတ်ကိုလည်း ထုတ်ပြပါ....?။

(၉၀၈) ပြေ။ ။(က)အချင်းချမ်းပင် ပန်ကြားရပါမည်။ (ခ)ပန်ကြားဖို့ မလိုပါ။(ဂ)အနုပညတ်ကား....၁-သန္တိ ဘိက္ခု၊ ၂-အုနာ၀ပုစ္ဆာ၊ ၃-တထာရူပါ အမွယိကာ-ဖြစ်ပါသည်။

http://www.dhammadownload.com

(၄) သူဝိယရ သိက္ခာပုဒ်

● အဘယ်ကြောင့် ဘေဒနကပါစိတ်ဟူ၍ ခေါ်ပါသနည်း၊ အဋ္ဌမယာဒိ သူဝိယရကို ပြုလုပ်သုံးစွဲရာ၌ အာပတ် သင့်ပုံကို ရေးခဲ့ပါ....?။

(၉၈၉) ဖြေ။ ။ပါစိတ်အာပတ်ကို ဒေသနာ မကြားခင် အပ်ဗူးကို ရှေးဦးစွာ ခွဲပစ်ပြီးမှ ဒေသနာ ကြားရသောကြောင့် ဘေဒနကပါစိတ်-ဟု ခေါ်ပါသည်။

ကိုယ်တိုင် ပြုလုပ်ဆဲ၌ ဒုက္ကဋ်၊ ပြုလုပ်ပြီးက ပါစိတ်။

သူတပါး ခိုင်းရာ၌လည်း ဤအတိုင်းပင် ဖြစ်သည်၊ သူမျှားပြုလုပ်ပြီး အဆင်သင့်ရသည်ကိုလည်း မသုံးကောင်း ဒုက္ကဋ်။)

---

(၅) မဠ သိက္ခာပုဒ်

● ပမာဏလွန်သော ညောင်စောင်း, အင်းပျဉ်ကို ရလျှင် သုံးခွင့်ရအောင် မည်သို့ ပြုရမည်နည်း စုံလင်စွာ ရေးခဲ့ပါ....?။

(၉၉၀) ဖြေ။ ။၁-တောင့်ထွာထက် ရှည်,ပို နေသည်ကို ဖြတ်၍ဖြစ်စေ, မြေကြီးထဲ၌ မြှုပ်၍ဖြစ်စေ, မဖြတ် မမြှုပ်လိုက ညောင်စောင်းကို ပက်လက်လှန်၍ဖြစ်စေ ပြုရပါမည်။

---

(၆) တူလောနဒ္ဓ သိက္ခာပုဒ်

● အဘယ်ကို တူလောနဒ္ဓ-ဟုဆိုပါသနည်း၊တူလ-အပြား ကိုလည်း ရေးခဲ့ပါ....?။

(၉၉၁) ဖြေ။ ။လဲကို အောက်-ထက်အဝတ်ကြက်၍ဖွဲ့ယှက် ချုပ်ရာဖြစ်သော လဲမ္ဘရာအခင်းတို့တူလောနဒ္ဓ-ဟု ဆိုပါသည်။

http://www.myanmaldownload.com

တူလ-လ ဘပြားကား-

ဒေ-ဝ-ရုက္ခတူလ (သစ်လ)၊ ၂-လတာတူလ (နွယ်လ)၊ ၃-ပေါ
ရှတိတူလ(မြက်လ)၊ ဧဝါဝိ-ဝ-ပါ-ဖြစ်ပါသည်။
ကြင်ဝ ၅-လ်ကို ခဲအာ၀က်-ထက်၊ ဘ၀တ် ကြက်၌၊ ဝှယ်ဂ် ချုပ်ရာ၊
ထင်ရှားရေ ,လ်ခြမ်းရာ၊ မှတ်ပါ တူလော်နှင်။
ကျင်ပ-ပ-ပ်ကျ-သစ်, နွယ်, မြက်များ၊ ဤသုံးပါ။ ခေါ်ခြား တူလမှတ်။

● (က)ခေါင်းအုံးပမာဏကိုရေး၍၊ (ခ)အဂိလာနရဟန်း
များ ခြေအုံ, ခေါင်းအုံးသုံးမှ၊ (ဂ) ဂိလာနရဟန်းများ
ခေါင်းအုံ, မွေရာခင်း၍ အိပ်မှုပြုက အပ်, မအပ်ဆုံးဖြတ်
ခဲ့ပါ...?။

(၉၉၂) ဖြေ။ ။(က) ခေါင်းအုံး ပမာဏကား-

အလျား ၂-တောင်၊ အနံ တောင်ဆုပ်ဖြစ်ပါသည်၊ (ခ-ဂ)
အပ်ပါသည်၊ အပြစ်မရှိပါ။

* ၂-တောင်အလျား၊ နံကား တောင်ဆုပ်၊ ခေါင်းအုံးချုပ်၊
ဝိုလုပ် အာ၀ဇာတ်သင့်။

● တူလောနဒွေကို ပြုလုပ် သုံးဆောင်ရာ၌၊ အဘယ်အခါ
အဘယ်အာပတ် သင့်ပါသနည်း....?။

(၉၉၃) ဖြေ။ ။ကိုယ်တိုင်ပြုက ပယောဂတိုင်း, ခိုင်းစေက
ခိုင်းတိုင်း ဒုက္ကဋ်၊ ကိုယ်တိုင်ဖြစ်စေ, ခိုင်း၍ဖြစ်စေ ပြီးစီး၍ရသော
အခါ ပါစိတ်၊ အသုံးပြုက ဒုက္ကဋ်အာပတ် သင့်ပါသည်။

---

http://www.myanmadownload.com

(၇) နိသီဒန သိက္ခာပုဒ်

● နိသီဒိုင်သက်နှ်းကိုအဘယ်အကျိုးငှါခွင့်ပြုသည်၊အဘယ်အခါတွင် အဘယ်လိုသုံးဆောင်ရမည်ကို ရေးခဲ့ပါ....?။

(၉၉၄) ဖြေ။ ။ကိုယ်နှင့်သက်နှ်း, ကျောင်း, အိပ်ရာ စသည်မျှားကို သုက်စသောအညစ်အကြေးမျှားပေကျံခြင်းမှ ကာကွယ်စောင့်ရှောက်ရန် အကျိုးငှါ နိသီဒိုင် သက်နှ်းကို ခွင့်ပြုတော်မူပါသည်။

ညအိပ်သည့်အခါ သင်းပိုင်တွင်းမှ ဝတ်ပြီးလျှင် အောက်သို့တွဲ လျှား ကျနေသော အပြိုတ် ၃-ခုတွင် အလယ် တခုကို ပေါင်ကြားထဲသွင်းကာ ဆီးပုံးပေါ်မှာဖုံး၍ ကြိုးဖြင့် ချည်ပြီးသုံးဆောင်ရပါမည်။

မှတ်ချက်။ ။ဤကို ရည်၍ နိသီဒိုင်ကို သုက်ခံ, သုက်နှိုး သက်နှ်းဟု ရှေးက ခေါ်ကြခြင်း ဖြစ်ပါသည်။

● နိသီဒန သိက္ခာပုဒ်၌၊ အနုပညတ်ကို ထုတ်ပြပါ....?။

(၉၉၅) ဖြေ။ ။အနုပညတ်ကား.... " ဒသာ ဝိဒ်တ္ထိ " ဖြစ်ပါသည်။

---

(၈) ကဏ္ဍုပ္ပဋိစ္ဆာဒိ သိက္ခာပုဒ်

● အမာလွမ်း သက်နှ်းကို အဘယ်အကျိုးငှါ ခွင့်ပြုတော်မူပါသနည်း....?။

(၉၉၆) ဖြေ။ ။ချက်မှအောက်, ဒူးဆစ်မှအထက် အနာပေါက်လျှင် သင်းပိုင် စသည်ကို ပေကျံမည် စိုးသောကြောင့် ထို အနာမျှားကို ဖုံးလွှမ်း ကာကွယ်ရန်အကျိုးငှါ အမာလွမ်းသက်နှ်းကို ခွင့်ပြုတော်မူပါသည်။

---

http://www.dhammadownload.com

(၉) ဝဿိကသာဋ္ဌိက သိက္ခာပုဒ်

● အဘယ် သက်နှီးမျိုးကို မိုးရေခံ သက်နှီး-ဟု ခေါ်ပါသနည်း....?။

(၉၉၇) ပြေ။ ။မိုး ၄-လတွင် မိုးရွာသောအခါ ဝတ်၍ ရေသနုပ်ကဲ့သို့ မိုးရေခံချိုးရသော သက်နှီးကို မိုးရေခံသက်နှီး-ဟု ခေါ်ပါသည်။

ဆမ္မာ။ ။နိသိမိုင်, အမာလွှမ်း, မိုးရေခံသက်နှီး ပမစဏတို့ကို နိဿဂ္ဂိယ ပထမ ကထိနသိက္ခာပုဒ်၌ ဖော်ပြခဲ့ပြီ။

---

(၁၀) နန္ဒတ္ထေရ သိက္ခာပုဒ်

● မြတ်စွာဘုရား သက်နှီးတော်ပမာဏကို ပုဂ္ဂိုလ်အလိုက် ထိုက်သည်အားလျော်စွာ ဖော်ပြခဲ့ပါ....?။

(၉၉၈) ပြေ။ ။ဘုရားသက်နှီး ပမာဏကား-

ဘမည်	အလျား	အနံ
ဗုဒ္ဓ	၉-ထွာ၊	၆-ထွာ၊
မဇ္ဈိမ	၂၇-ထွာ၊	၁၈-ထွာ၊
ပကတိ	၄၀-ထွာ, ၆-သစ်၊	၂၇-ထွာ၊

ရတနာ၀ဂ် ပြီး၏။

သုဒ္ဓပါဒိတ် အလုံးစုံ ပြီးပြီ။

---

http://www.dhammadownload.com

ပါဠိဒေသနာ

●

ပထမ-ပါဠိဒေသနာယ သိက္ခာပုဒ်

● အဘယ့်ကြောင့် ပါဠိဒေသနာ-မည်ပါသနည်း၊ထိုအာပတ်ကို ဒေသနာကြားပုံ ဒေသေတဗ္ဗာကာရကိုလည်း ရေးခဲ့ပါ....?။

(၉၉၉) ပြေ။ ။အသီးအခြား ဒေသနာ ကြားအပ်သောကြောင့် ပါဠိဒေသနာ-မည်ပါသည်။

ဒေသနာကြားပုံကား....''ဂါရယှ် အာဝုသော ဓမ္မ် အာပဇ္ဇိ အသပ္ပါယံ ပါဠိဒေသနာယံ တं ပဋိဒေသေမိ''ဖြစ်ပါသည်။

* သီးခြားကြားအပ်၊ ထိုအာပတ်၊ ခေါ်မှတ် ပါ-ဒေနာ။

● ဘိက္ခုနီယာ-အရ၊ အဘယ် ဘိက္ခုနီကို ယူရမည်နည်း ခံယူကောင်းရာ အရပ်ကိုလည်း ဖော်ပြပါ....?။

(၁၀၀၀) ပြေ။ ။ဘိက္ခုနီ-အရ၊ ဘိက္ခု သံဃာ,ဘိက္ခု ဘိက္ခုနီ (ဥဘတော) သံဃာတို့၌ ရဟန်းဖြစ်သော ဆွေမျိုးမတော်သော ဘိက္ခုနီကို ယူရပါမည်။

ဘိက္ခုနီလက်မှ ခဲဖွယ်, ဘောဇဉ်ကို မြှိုပြင်, ရှာပြင်၌လည်းကောင်း၊ ရှာတွင်းရှိ ဘိက္ခု-ဘိက္ခုနီကျောင်း,တိတ္ထိအရံ စသည်၌လည်းကောင်း ခံယူကောင်းပါသည်။

---

http://www.dhammadownload.com

ဒုတိယ-ပါဠိဝေဿနိယ သိက္ခာပုဒ်

● ဝေါသနာကာရ (စိရင်ပုံပြ)၊ အပသာဒေဘဗ္ဘာကာရ (တားမြစ် မောင်းမဲပုံပြ) ၆ ပါဠိမျှားကို ရေးခဲ့ပါ....?။

(၁၀၀၁) ဖြေ။ ။ဝေါသနာ့ကာရပြ ပါဠိကား-

"ဣဓ သူပံ ဒေထ၊ ဣဓ သြဒနံ ဒေထ" ဖြစ်ပါသည်။

အပသာဒေတဗ္ဘာကာရပြပါဠိကား...." အပသက္ကာ တာဝ ဘဂိနီ ယာဝ ဘိက္ခု။ ဘုဉ္ဇန္တိတိ" ဖြစ်ပါသည်။

တတိယ-ပါဠိဝေဿနိယ သိက္ခာပုဒ်

● အ ဘယ် သို့သော ပုဂ္ဂိုလ် မျှားအား အ ဘယ့် ကြောင့် သေက္ခသမ္မုတိကို ပေးရပါသနည်း....?။

(၁၀၀၂) ဖြေ။ ။သဒ္ဓါမျှား၍ ပစ္စည်းရှားပါးသောသူတို့ အား ပိုမို၍ မဆင်းရဲ့ မကြပ်တည်း စေလိုသောကြောင့် သနားခဲ့ညှာ၍ သေက္ခသမ္မုတိ-ကို ပေးတော်မူခြင်း ဖြစ်ပါသည်။

● အဂိလာနော-အရ၊ အဘယ်ပုဂ္ဂိုလ်မျှားကိုယူရမည်နည်း အနုပညတ်ကိုလည်း ထုတ်ပြပါ....?။

(၁၀၀၃) ဖြေ။ ။အဂိလာနော-အရ၊ ဆွမ်းခံသွားနိုင်သည့် ပုဂ္ဂိုလ်မျှားကို ယူရပါမည်။

အနုပညတ်ကား.... "၁-ပုဗ္ဗေ အနိမန္တိတော၊ ၂-အဂိ လာနော" ဖြစ်ပါသည်။

---

http://www.dhammadownload.com

၄၂၀ ဝိသဒ္ဓနာ ဝရဇိန်

စတုတ္ထ-ပါဠိဒေသနိယ သိက္ခာပုဒ်

● အဘယ်သို့သော ခဲဖွယ်,ဘောဇဉ်ကို အပ္ပဋိသံဝိဒိတ-ဟု ဆိုရပါသနည်း၊ပုဗ္ဗ-အရ အဘုယ်အခါကို ယူရမည်ကို လည်း ရေးခဲ့ပါ...?။

(၁၀၀၄) ဖြေ။ ။ကြိုတင်၍ မခလျှာက် ဆားအပ်သော ခဲဖွယ်,ဘောဇဉ်ကို အပ္ပဋိသံဝိဒိတ-ဟု ဆိုရပါသည်။

ပုဗ္ဗ-အရ၊ အရုဏ်၏ဥပစာသို့ မရောက်မီ အချိန်အခါကို ယူရပါမည်။

● စတုတ္ထ ပါဠိဒေသနိ၌ အနုပညတ်ကို ထုတ်ပြပါ....?။

(၁၀၀၅) ဖြေ။ ။အနုပညတ်ကား.... "အဂိလာနော" ဖြစ်ပါသည်။

ပါဠိဒေသနိ ဖြီး၏။

---

http://www.dhammadownload.com

သေခ်ိယ

●

● အဘယ့်ကြောင့် သေခ်ိယ-မည်ပါသနည်း....?။

(၁၀၀၆) ဖြေ။ ။ကျွင်ုအပ်သောကြောင့်လည်းကောင်း၊ သေခ္ခပုဂ္ဂိုလ်၏ ဥစ္စာဖြစ်သောကြောင့်လည်းကောင်း သေခ်ိယ-မည်ပါသည်။

* ကျွင်ုအပ်လေထ၊သေခ္ခဥစ္စာ၊ဖြစ်တွက်တာ၊မှတ်ပါ သေခ်ိယ။

● သေခ်ိယ-၌၊ အဘယ့်ကြောင့် သိက္ခာပုဒ် အရေအတွက် အပိုင်းအခြားကို မပြဆိုပါသနည်း ရေးခဲ့ပါ....?။

(၁၀၀၇) ဖြေ။ ။သေခ်ိယ- သိက္ခာပုဒ်တို့သည် ဤမျှသာ (ပါတိမောက်လာ ၇၅-ပါးသာ)မကသေး စူဠ၀ါ၀တ္ထုကွန်ရက်၌ ဟောတော်မူအပ်သော အာဂန္တုကဝတ် ၀သည်တို့သည်လည်း ကျွင်ုအပ်သော သေခ်ိယတို့ပင် ဖြစ်ကုန်၏ဟု ပြလိုသောကြောင့် သေခ်ိယ၌ သိက္ခာပုဒ်အပိုင်းအခြားကို မပြဆိုခြင်း ဖြစ်ပါသည်။

ကနည်း....စာရိတ္တ ၀ိနည်းကို ပြခြင်းငှါ သေခ်ိယ၌ သိက္ခာပုဒ် အပိုင်းအခြားကို မဆိုပါ။

* ဤမှ တပါး၊ ကျွန်ုဝတ်မှားလည်း၊ ကျွန်ုခြားလေအပ်၊ ဖြစ်သတတ်ဟု၊ ပြလတ်ဖို့ရာ၊ ကြောင့်ဘွက်ဘာ၊ သင်္ချာ ထုတ်မဆို။

* စာနိုဗ္ဗ-ဒိ၊ ပြလိုကို၊ သေခ် ထူးမဆို။

● သေခ်ိယ-၌၊ အဘယ့်ကြောင့် ကာရကပုဂ္ဂိုလ်ကို မညွှန်း ဆိုပါသနည်း....?။

http://www.dhammadownload.com

(၁၀၀၀) ဖြေ။ ။သေခ်ိယ သိက္ခာပုဒ်တို့၌ အနာဒရိယ စိတ်ထားဖြင့် လွန်ကျူးသော ရဟန်းအားသာ အာပတ်သင့်၏ဟု ပြလိုသောကြောင့်၊ သေခ်ိယ-၌ ကာရကပုဂ္ဂိုလ်ကို မည္သန်းဆိုခြင်း ဖြစ်ပါ၏။

● ။သေခ်ိယ-၌၊ အဘယ့်ကြောင့် အာပတ် နာမည် တပ်၍ ခေါ်ဝေါ်မတော်ပါသနည်း...?။

(၁၀၀၀၉) ဖြေ။ ။သေခ်ိယ သိက္ခာပုဒ်များကား....ဝါရိတ္တ မပြုတတ်၊ စာရိတ္တဝိနည်း ဖြစ်သည်ဟု ပြလိုသောကြောင့် အာပတ် နာမည်တပ်၍ မဟောခြင်း ဖြစ်ပါသည်။

● သေခ်ိယ-၌၊ အာပတ်နာမည်မတပ်သဖြင့် လွန်ကျူးသော သူအား အပြစ်မသင့်ဟု မှတ်ရမည်လော ရှင်းခဲ့ပါ....?။

(၁၀၀၁) ဖြေ။ ။မမှတ်ရပါ။ သေခ်ိယ-သိက္ခာပုဒ်များကို လွန်ကျူးသော် အာဘယ် အာပတ် သင့်သည်ဟု မပါသော်လည်း ပဒဘာဇနီပါဠိတော်၌ "အာပတ္တိ ဒုက္ကဋသာ"ဟူ၍ ဟောတော်မူ သောကြောင့် လွန်ကျူးသော ရဟန်းအား ဒုက္ကဋ်၊ သာမဏေ အား ဒဏ်သင့်ပါသည်။

● သေခ်ိယ သိက္ခာပုဒ်တို့၏ နိဒါန်း, ပုဂ္ဂိုလ်, ဝတ္ထုတို့ကို ပြောပြ အကျဉ်းချုပ် ရေးသားခဲ့ပါ....?။

(၁၀၁၁) ဖြေ။ ။သုရ သုရ ကာရက သိက္ခာပုဒ်-ကို ခကာသမ္မီပြည်၌ ရဟန်းပေါင်းများစွာကို၊ သုရသုရကာ ရကဝဂ် ပါနီယထာလက သိက္ခာပုဒ်နှင့် သသိတ္ထက သိက္ခာပုဒ် ၂-ခုကို ဘဂ္ဂတိုင်း၌ များစွာသော ရဟန်းတို့ကိုအကြောင်းပြု၍ ပညတ် တော်မူသည်။

http://www.dhammadownload.com

ကြွင်းသော သိက္ခာပုဒ်(၇၂)ပါးကို သာဝတ္ထိပြည်၌ ဆမ္ဘဂ္ဂိ ရဟန်းတို့ကို အကြောင်းပြု၍ ပညတ်တော်မူပါသည်။

မှတ်ချက်။ ။သေခိယ ပညတ်ဌာဌာနများမှာ ၁-ကောသမ္မီ၊ ၂-ဘဂ္ဂ၊ ၃-သာဝတ္ထိ ဖြစ်သည်။ ကောသမ္မီ၌-၁၊ ဘဂ္ဂ၌- ၂ ၊ သာဝတ္ထိ၌- ၇၂ ၊ ပေါင်း ၇၅-ပါး ဖြစ်သည်၊ ပညတ်ရခြင်း အကြောင်းရင်းမှာ ထိုထို သိက္ခာပုဒ်များ၌ လာသည့် အတိုင်း မည်မည့်တို့ ဝတ်ခြင်း, ရုံခြင်း စသော အ ကြောင်း များ ပင် ဖြစ်လေသည်။

● အာပတ်သင့်ကောင်းသော ပုဂ္ဂိုလ်များကို ရေး၍၊ မုချ, ဥပစာအားဖြင့် ခွဲခြားခဲ့ပါ....?။

(၁၀၁၂) ဖြေ။ ။အာပတ် သင့်ကောင်း သော ပုဂ္ဂိုလ်များကား.... ရဟန်း ယောကျ်ား, ရဟန်း မိန်းမ, သိက္ခမာန်, သာမဏေ ယောကျ်ား, သာမဏေ မိန်းမအားဖြင့် လိတင်းသုံးဖော် ၅-ယောက် ဖြစ်ပါသည်။

ရဟန်း ကျား-မ ၂-ယောက်မှာ မုချအားဖြင့် အာပတ်သင့်ပါသည်၊ သိက္ခမာန်, သာမဏေ ကျား-မ ၃-ယောက်မှာ သဒိသူပစာအားဖြင့် အာပတ် သင့်ပါသည်။

* ရဟန်း ကျား-မ၊ သင့်မုချ၊ ကြွင်းထ သဒိသူ။

● သေခိယ သိက္ခာပုဒ်တိုင်းနှင့် ဆိုင်သော အင်္ဂါများ ကို ရေးခဲ့ပါ....?။

(၁၀၁၃) ဖြေ။ ။**သေခိယ သမ္ဘသာဓာရဏအင်္ဂါ-**

၁-အနာဒရိယ စိတ်ထား ရှိသူ၊ (ဝါ) မရှိသေခြင်း။

၂-အာပတ်မှ လွတ်ခွင့်ရသော အကြောင်းမရှိခြင်း၊

ပေါင်း ၂-ပါး ဖြစ်ပါသည်။

http://www.dhammadownload.com

ဖွတ်ချက်။ ။သေခ်ိယသိက္ခာပုဒ်များ၌ထိုအဂါ၂-ပါးနှင့်ထိုထို သိက္ခာပုဒ် အားလျော်စွာ ပြောင်းပြန် ဖြစ်သော (လွန်ကျူးမှု) ဆိုင်ရာ အဂါ ၁-ပါးကို ထည့်၍ ၃-ပါးစီ ရေတွက်ရမည်။ ။ပြောင်းပြန်ဆိုင်ရာ အ ဂ်ါ ဟူ သည် ပရိမဏ္ဍလနိ၀ါသန သိက္ခာပုဒ် ဖြစ်လျှင် မည်ကို မည္ဆာ ၀တ်ခြင်း၊ ညြက်ခ်ိတ္တ စကျ ဖြစ်လျှင် ၄-တောင်ထက် ကျော်ကြည့် ခြင်း၊ ဥဒ္ဓဋ္ဌက ဖြစ်လျှင် ပြင်း(ကျယ်) စွာ ရယ်ခြင်း စသည် ဖြစ်ကြောင်းဟူလို။

● သေခ်ိယ-၌၊အနုပညတ်ပါ၀ေသာသိက္ခာပုဒ်များကိုရေး၍၊ အနုပညတ်ကိုလည်း ဖော်ပြပါ....?။

(၁၀၁၄) ဖြေ။ ။သက္ကစ္စ၀ဂ် သတ္တမ သူပေါ်ဒန ဝိညတ္တိ ၁-ပုဒ်၊ သုရသုရ၀ဂ် နောက်ဆုံးသိက္ခာပုဒ်၊ (ဆတ္တ,ဒဏ္ဍ,သတ္ထ, အာ၀ုဓ၀ါဏိ ၄-ပုဒ်၊) ပါ၃ုက တ၀ဂ်လုံး ၁၅-ပုဒ်၊ ပေါင်း ၂၀-ဖြစ်ပါသည်။

အနုပညတ်ကား....ဂိလ်ာန အနုပညတ် ဖြစ်ပါသည်။

ဖွတ်ချက်။ ။သုသံ၀ုဘ သိက္ခာပုဒ် ၂-ခုမှတပါး၊ အခြားသိက္ခာ ပုဒ် (၇၃)ပါးတို့ကား....သားရဲ, ခိုးသူစသော ဘေးရန်ရှိကအပြစ်မရှိ၊ထိုသိက္ခာပုဒ်(သုသံ၀ုတ) ၂-ခုကား...သားရဲ, ခိုးသူ စသော ဘေးရန်ရှိ သော်လည်း အပြစ်မှ မလွတ်ချေ။

သမဟိတ္ထိက,သူပဗ္ဗဇိန ပဋိစ္ဆာဒန, ဥဒ္ဓါန သည်, သိက္ခာပုဒ် ၃-ခုမှတပါး၊ အခြား ၇၂-ပါး တို့ကား....ဂိလာနဖြစ်လျှင် အပြစ်မရှိ၊ထိုသိက္ခာ

http://www.dhammadownload.com

ပုဒ် ၃-ခုကား....ဂိလာနသော်မှလည်း အပြစ်မှ
မလွတ်ဟု မှတ်လေ။

* သူ့ပေါ်ဒုန်းဆတ္တာဒဏ္ဍာ၊သဏ္ဌာဝုဝ၊ပါဒုက၊ ဗိသနု....ပါပေ။

● ,-သေခ်ိယဉ်၊ သာရပ္ပ,ဘောဇန,ဓမ္မဒေသနာ,ဥစ္စာဝသိက္ခာ
ပုဒ်ပေါင်း မည်မျှရှိသည်ကို သခ်ျာမျှ ဖော်ပြပါ....?။

(၁၀၁၅) ဖြေ။ ။*နှစ်ဆယ့်ခြောက်-သာ၊ ဘောဇနာ-
တိ သ၊ ဓမ္မ-သောင်း၊ ဥစ္စာရုံ၊ မှတ်ရန်
သုံးပါးတည်း။

● သာရပ္ပ,ဘောဇန,ဓမ္မဒေသနာ,ဥစ္စာရ သိက္ခာပုဒ်မျှားကို
သီသာရုံ ရေတွက်ပြပါ....?။

(၁၀၁၆) ဖြေ။ ။သာရပ္ပ ၂၆-ပါးကား-

ပရိမဏ္ဍလ ဝဂ်	၁၀၊	ပေါင်း-၂၆၊
ဥဗ္ဗဂ္ဂိယ ဝဂ်	၁၀၊	
ခမ္ဘကတ(နပလ္လတ္ထိကာယ-အထိ)	၆၊	

ဘောဇနပဋ္ဌိသံယုတ္တ ၃၀-ကား-

ခမ္ဘကတ(သက္ကစ္စ-မှ အဆုံးအထိ)	၄၊	ပေါင်း-၃၀၊
သက္ကစ္စ ဝဂ်	၁၀၊	
ကဗဠ ဝဂ်	၁၀၊	
သုရသုရ ဝဂ် (နသသိတ္ထက် ထိ)	၆၊	

ဓမ္မဒေသနာ ပဋ္ဌိသံယုတ္တ ၁၆-ပါးကား-

သုရသုရ ဝဂ်(နဆတ္တမှ-အဆုံး-ထိ)	၄၊	ပေါင်း-၁၆
ပါဒုက ဝဂ်(အစ-မှ နဥပ္ပထေန-ထိ	၁၂၊	

http://www.dhammadownload.com

ဥဒ္ဓစ္စဝရ သိက္ခာပုဒ် ၃-ပါးကား-

ပါဒုကဝဂ် နဋ္ဌိတော အဂိလာနော-မှ အဆုံးအထိ ၃-ပုဒ်၊ ဒေပါင်း သေခီယ (၇၅) ပါး ဖြစ်ပါသည်။

---

❶ အဝန်း ၃-ပါးကိုရေး၍၊သင်းပိုင်,ကေသီ အားလျော်စွာ အဝန်းညီစွာ ဝတ်ပုံကို ဖော်ပြပါ....?။

(၁၀၁၇) ဖြေ။ ။အဝန်း၊ ၃-ပါးကား-ချက်အဝန်း-၁၊ ပုဆစ်ဒူးဝန်း-၂၊ ပေါင်း ၃-ပါး ဖြစ်ပါသည်။

သင်းပိုင်-ကို အထက်ပိုင်း၌ ချက်နှင့်တကွ ထက်ဝန်းကျင်ကို ဖုံးလွှမ်း၍၊အောက်ပိုင်း၌ ဒူးဆစ်အောက် လက် ၈-သစ်ခန့်ချပြီး ပတ်လည်ညီညာစွာ ဝတ်ခြင်းသည် ပရိမဏ္ဍလနိဝါသန=အဝန်း ညီစွာ သင်းပိုင်ကို ဝတ်သည်မည်၏။

ကေသီ-ကို ရှေ့,နောက် အစွန်း ၂-ဘက်တို့ကို အညီအမျှပြု၍ ဒူးဆစ်အောက် လက် ၄-သစ်ခန့် ချပြီး ညီညာစွာ ရမ်းခြင်း၊ (ဝါ)လက်ကတော့ တင်ခြင်းသည် ပရိမဏ္ဍလ ပါရုပန=အဝန်း ညီစွာ ကေသီကို ရမ်းသည် မည်၏။

---

❷ ပရိမဏ္ဍလ သိက္ခာပုဒ်အရ၊ အဘယ်နေရာဌာနမှာ ဝတ်ရုံ ရမည်နည်း....?။

(၁၀၁၈) ဖြေ။ ။သိက္ခာပုဒ်၌ ဘယ်နေရာဌာနမှာ အဝန်း ညီစွာ ဝတ်ရုံရမည်ဟု မပါသော်လည်း "အာရာမေပိ အန္တရ ဃရေပိ သမ္ဘတ္တ သိက္ခာ ကာတဗ္ဗာ"ဟူ၍ကခ်ါ၌ဆိုသောကြောင့် အရံအတွင်း၌လည်းကောင်း၊ ရွာတွင်း၌လည်းကောင်း အလုံးစုံ သော အရပ်တို့၌ပင် အဝန်းညီစွာ ဝတ်ရုံရပါမည်။

---

http://www.dhammadownload.com

● အဝန်းညီစွာ မဝတ်,မရုံတိုင်း အာပတ် သင့်ပါသလော၊ ဝတ်ရုံကောင်းသောအကြောင်းများ၊ရှိက ထုတ်ပြပါ-?။

(၁၀၁၉) ဖြေ။ ။ညီညွတ်စွာ ဝတ်ပါလျက် မညီညွတ်ခဲ့သော်လည်းကောင်း၊ အမှတ်တမဲ့သော် လည်းကောင်း၊ မဝတ်တတ်သေး၍ သော်လည်းကောင်း၊ ကျင့်ဝတ်ကို နားမလည်၍ သော်လည်းကောင်း အဝန်းမညီ ဝတ်ရုံမိသော်လည်း အပြစ်မရှိပါ။

သလုံးမြင်းခေါင်း မတင့်တယ်ခြင်း, အနာရှိခြင်း, ဘေးရန်ရှိခြင်း,ဥမ္မတ္တကဖြစ်ခြင်း စသော အကြောင်းများရှိသော် တမင်အတို,အရှည်ပြု၍ ဝတ်သော်လည်း အပြစ်မရှိပါ၊ ဝတ်ကောင်းပါသည်။

* စေဘနာမရှိ၊မသိ,မတတ်၊ အမှတ်တမဲ့၊ ဝတ်ရုံခဲ့၊ ပြစ်မဲ့နာပတ္တိ။
* ခြေသလုံး မတင့်၊ နာရှိလင့်၍၊ ဘေးနှင့်ကြုံခဲ့၊ တို-ရှေ့ နိမ့်စု၊ တမင်ပြု၊ ဝတ်မှု ပြစ်မရှိ။

● အဘယ်ကို သုပ္ပဋိဿနဂ မန,သုပ္ပဋိစ္ဆန္နနိသီဒန-ဟု ဆိုရပါသနည်း ...?။

(၁၀၂၀) ဖြေ။ ။ကမ္မတ်ကွင်း၌ အနားပတ်သီး တပ်၍၊ အလျား အနားပတ်ဖြင့် လည်ပင်းကို ပုံးလွှမ်းလျက် သင်္ကန်း ၂-ဘက်အစွန်းကို အညီစုပြီး လက်လိပ်ပြုကာ လက်ကောက်ဝတ်တိုင်အောင် ပုံးလွှမ်း၍ သွားခြင်းကို သုပ္ပဋိစ္ဆန္နဂ မန-ဟု ဆိုရပါသည်။ (ဤကား....သင်္ကန်းရုံ၍ သွားပုံတည်း။)

လည်မျိုမှစ၍ဦးခေါင်းကိုလည်းကောင်း၊ လက်ကောက်ဝတ်မှစ၍ လက်ဖျားတို့ကို လည်းကောင်း၊ သလုံးမြင်းခေါင်းမှစ၍

http://www.dhammadownload.com

ခြေတို့ကိုလည်းကောင်း ပွင့်လှစ်ပြီး၊ကြွင်းသော ကိုယ်အင်္ဂါတို့ကို ဖုံးလွှမ်း၍နေထိုင်ခြင်းကို သုပ္ပဋိစ္ဆန္နနိသီဒန-ဟု ဆိုရပါသည်။

● သုပ္ပဋိစ္ဆန္န-သိက္ခာပုဒ်အရ၊ မကျင့်သော်လည်း အပြစ်မရှိသော ပုဂ္ဂိုလ်မျိုးရှိက ထုတ်ပြပါ....?။

(၁၀၂၁) ဖြေ။ ။မြို့, ရွာ အတွင်း၌ ခေတ္တခဏတည်းခိုနေထိုင်သော ဝါသူပဂတ ရဟန်းမျိုးမှာ သုပ္ပဋိစ္ဆန္န သိက္ခာပုဒ်အရ မကျင့်သော်လည်း အာပတ် မသင့်ပါ။

● ဝါသူပဂတ-အရ၊အဘယ်မျှလောက်နေမှ တည်းခိုသည် မည်ပါသနည်း ရှင်းလင်းခဲ့ပါ....?။

(၁၀၂၂) ဖြေ။ ။ဝါသူပဂတ-အရ၊ ညဉ့်အိပ်, ညဉ့်ခန နေမှ တည်းခိုသည်မည်၏ဟု ကခ်ါဋ္ဌိကာသစ်ဆရာဆိုသည်၊အ၍ ဆရာများကမူကား....အဋ္ဌကထာကြီး၌ဆိုသော "ဒိဂသဘာဂေ ဝါ" ဟူသော စကားမြွက်ကိုထောက်၍ နေ့အဖို့ တည်းခိုနေတိုင်ခြင်းကိုလည်း ဝါသူပဂတပင် ဖြစ်၏ဟု ဆိုပါသည်။

● သြကိ္ခဏ္ဍာစကို သိက္ခာပုဒ်အရ၊အချင်းခပ်သိမ်း ၄-တောင် ထက်ပို၍ မကြည့်ကောင်းဟု မှတ်ရမည်လော၊ ကြည့်ကောင်းသော အကြောင်းများရှိက ထုတ်ပြပါ....?။

(၁၀၂၃) ဖြေ။ ။မမှတ်ရပါ၊ဆင်,မြင်း,ရထား ဘေးရန်များ ရှိ,မရှိကို တနေရာ, တဌာနတွင် ရပ်၍ လည်းကောင်း၊ သွားလျက်လည်းကောင်း ကြည့်ကောင်းပါသည်၊ အပြစ်မရှိပါ။

* ဆင်,မြင်း,ရထား၊ ဘေးများ ရှိ-မရှိ၊ ရပ်၍ကြည့်၊ မှတ်ဘိ ပြစ်မသင့်။

---

http://www.dhammadownload.com

● ဥက္ခိတ္တကာယ-သိက္ခာပုဒ်အရ၊အဘယ်အရပ်မှစ၍အဘယ်ကဲ့သို့ သက်နှံးကိုပင့်၍ မသွားရသည်ကို ရေးခဲ့ပါ....?။

(၁၀၂၄) ဖြေ။ ။အရံရှိသောရွာဖြစ်က ရွာတံခါး အဝင်မှစ၍၊ အရံမရှိသော ရွာဖြစ်က ခဲ-၂-ကျလောက် အရပ်မှစ၍ သက်နှံးကို တဘက်မှ လည်းကောင်း၊ ၂-ဘက်မှလည်းကောင်း၊ စွန်တောင်ဆွဲ၍လည်းကောင်း မသွားရပါ။

မှတ်ချက်။ ။ဝါသူပဂတ ပုဂ္ဂိုလ်မှာ ထို သိက္ခာပုဒ်အရ မကျင့်သော်လည်း အနာပတ္တိ၊

● ဥဒ္ဓါဋ္ဌိက-အရ အပြစ်လွတ်အောင် အဘယ်သို့ ရယ်ရမည်ကိုရေး၍၊အပ္ပသဒ္ဒသိက္ခာပုဒ်၌ အပ္ပသဒ္ဒ,မဟာသဒ္ဒ-အရကို ပိုင်းခြားပြပါ....?။

(၁၀၂၅) ဖြေ။ ။ဥဒ္ဓါဋ္ဌိက - အရ၊ အပြစ် လွတ်အောင် ပြုံးရုံသာ ပြုံးရမည်။

အပ္ပသဒ္ဒ,မဟာသဒ္ဒ-အရ

၁၂-တောင် အ ရပ် လောက် က ကြား ရုံ သာ ကြား ၍ နှားမလည်သော အသံသည် **အပ္ပသဒ္ဒ**-မည်၏။ ၁၂ - တောင် အရပ်လောက်က ကြားလည်းကြား, နှားလည်းလည်သော အသံသည် **မဟာသဒ္ဒ**-မည်၏။

* ၁၂-တောင်ကြား၊ မလည်နှား၊ စကား **အပ္ပသဒ်**။

* ၁၂-တောင်ကြား၊ နှားလည်ခြား၊ စကား **မဟာသဒ်**။

● ဥက္ကုဋိကာယ - သိက္ခာပုဒ်အရ၊ ပဆွန့်နင်း၍ သွားခြင်းဟူသည် အဘယ်သို့ ပြုခြင်းကို ခေါ်ဆိုပါသနည်း....?။

http://www.dhammadownload.com

(၁၀၂၆) ဖြေ။ ။ဖနောင့်ကိုကြွ၍ခြေဖျားဖြင့်သွားခြင်း, ခြေဖျားကို ကြွ၍ ဖနောင့်ဖြင့် သွားခြင်းမျိုးကို ပဆွန့်နင်း၍ သွားခြင်းဟု ခေါ်ဆိုရပါသည်။

* ဖနောင့်,ခြေဖျား၊တပါးပါးဖြင့်၊ ထောက်သွားသမျှ၊တခုခု၊ ခေါ်ပြီ ပဆွန့်နင်း။

● ပလ္လတ္တိကာယ - သိက္ခာပုဒ်အရ၊ လက်အာယောဂပတ်, ပုဆိုးအာယောဂပတ် ဖွဲ့ပုံကို ရေးခဲ့ပါ....?။

(၁၀၂၇) ဖြေ။ ။ဒူးကိုသိုင်းလျက် လက်ချင်းယှက်ခြင်းသည် လက်အာယောဂပတ်-ဖွဲ့သည် မည်၏။

ဒူးခေါင်းနှင့်ခါးကို အဝတ်ဖြင့် ရစ်ပတ်ခြင်းသည် ပုဆိုးအာယောဂပတ်-ဖွဲ့သည် မည်၏။

* ဒူးကိုသိုင်းလျက် လက်ဆုင်း ယှက်တာ၊
လက်အာယောဂ ခေါ်ရလေပါ။
ဒူးခေါင်းနှင့်ခါး ဝတ်မှားရစ်ခါ၊
နေမှမျိုး ပုဆိုး အာယောဂါ။

● အဘယ်သို့ ပြုခြင်းကို သက္ကစ္စ, ပတ္တသညီ-ဟု ဆိုရပါသနည်း....?။

(၁၀၂၈) ဖြေ။ ။*သတိရှေထား၊ စိတ်လေးစား၊ ခံပြား သက္ကစ္စ။

*တောင်, မြောက် လေးပါး၊ မကြည့်ပြားပဲ၊ လေးစားသည်ရှာ၊ သပိတ်မှာ၊ ထားတာ ပတ်သညီ။

---

http://www.dhammadownload.com

● သမသူပက်-၌ သူပ-အရဖော်ပြ၍၊ အဘယ် ပုဂ္ဂိုလ်တို့ထံ၌ အဘယ်မျှလောက် ခံယူခြင်းကို ဆိုလိုပါသနည်း....?။

(၁၀၂၉) ဖြေ။ ။**သူပ**-အရ လက်ကော်ရသောပဲနှောက်, ပဲကြီး, ကုလားပဲ-စသော ပဲဟင်းမျိုး ဖြစ်ပါသည်၊ ထို သူပ-ကို ဘုတိ ပဝါရိတ မဟုတ်သူတို့ အထံ၌ ဆွမ်း၏ ၄-ဖို့, ၁-ဖို့ထက် ပို၍ ခံယူခြင်းကို ဆိုလိုပါသည်။

* ပဲနှောက် စ-စွာ၊ ပဲဟင်းဟာ၊ မှတ်ပါ သူပ-ပေ။

● သူပ-ကို ခံယူကောင်းသောအကြောင်းများရှိက ထုတ်ပြ၍၊ လက်သုပ်, ဟင်းလျှာ စသည်ကို ၄-ဖို့, ၁-ဖို့ထက် အပို အလွန် ခံယူကောင်းပါမည်လော ရှင်းခဲ့ပါ....?။

(၁၀၃၀) ဖြေ။ ။ဆွေမျိုးတော်သူ, ဖိတ်ကြားထားသူ တို့၌ လည်းကောင်း၊ မိမိဥစ္စာဖြင့် လည်းကောင်း၊ သူတပါး အလိုဌာ လည်းကောင်း သူပ-ကို များစွာခံသော်လည်း အပြစ် မရှိပါ။

ပဲဟင်းမှတပါး အခြား ဟင်းလျှာ, လက်သုပ် စသည်ကို ၄-ဖို့, ၁-ဖို့တက် ပို၍ ခံယူကောင်းပါသည်။

● သမတိတ္ထိက် ပိဏ္ဍပါတ်-၌၊ ပိဏ္ဍပါတ အရ ဖော်ပြ၍၊ အ ဘယ် သို့ သော သပိတ်ဖြင့် အဘယ် ဝတ္ထုများကို မောက်အောင် ခံယူ ကောင်းသည် မကောင်းသည်ကို ရှင်းပြပါ....?။

(၁၀၃၁) ဖြေ။ ။ပိဏ္ဍပါတ-အရ၊ ယာဝကာလိက ဝတ္ထု အားလုံးကို ယူရပါမည်၊ အဓိဋ္ဌာန် လောက်သော သပိတ်ဖြင့် သာ ယာဝကာလိက-ကို မောက်အောင် မခံယူကောင်းသည်၊

http://www.dhammadownload.com

ားအဓိဋ္ဌာန်မလောက်သော သပိတ်ဖြင့်ကား....ယာဝကာလိက-ကို မောက်အောင် ခံယူကောင်း၏၊ ယာမ,သတ္တာဟ, ယာဝဇီဝိက ဝတ္ထုတို့ကိုမူ အဓိဋ္ဌာန် လောက်သော သပိတ်, မလောက်သော သပိတ် ၂-မျိုးဖြင့် မောက်အောင် ခံယူကောင်းပါသည်။

* သမတိတ္ထိက၊ ဆွမ်းအရ၊ ယာဝ ကာလိယူ။

● အဘယ်သို့ စားခြင်းကို သပဒါန ဘုဥ္ဇန-အစဉ်အတိုင်း စားခြင်းဟု ဆိုရပါသနည်း...?။

(၁၀၃၂) ဖြေ။ ။ဆွမ်း စားသည့်အခါ ဆွမ်း ခွက်ထဲ ဝယ် ဟိုနားနှိုက်, သည်နားနှိုက် မပြုပဲ မိမိဘက်ရှိ အစမှစ၍ အစဉ်အတိုင်း စားသွားခြင်းကို သပဒါနဘုဥ္ဇန-ဟုဆိုရပါသည်။

* မိမိဘက်မှ၊ စဉ်တိုင်းစ၊ စားထ သပဒါ။

● ပဋ္ဌိစ္ဆာဒန သိက္ခာပုဒ်၌၊ သူပ, ဗျဥ္ဇန -အရ ဖော်ပြ၍၊ ဖုံးလွှမ်းတိုင်း အပြစ်ဖြစ်ပါသလော ရှင်းခဲ့ပါ....?။

(၁၀၃၃) ဖြေ။ ။သူပ-အရ၊သောက်၍စားကောင်းသော ပဲဟင်းရည် စသည်ကို ယူရပါမည်။

ဗျဥ္ဇန-အရ၊ သား, ငါး စသော ဟင်းလျှာများကို ယူရပါမည်။

သားကြီး, ငါးကြီး မပေါ်ရဟု အစိုးရမင်းတို့က ဆင့်ဆို ကြော်ငြာထားသောအခါမျိုး၌ လူတို့က ဖုံးလွှမ်း၍ လျှို့ခဲ့သော် လည်းကောင်း၊ များများ ရလို၍ မဟုတ်ပဲ ဖုံး လွှမ်း ခဲ့ သော် လည်းကောင်း အပြစ်မရှိပါ။ ခံကောင်းပါသည်။

---

http://www.dhammadownload.com

● သူပေါ်ဒနဝိညဏ်တို့ သိကၠာပုဒ်၌၊ သူပ, ဩဒန - အရကို ဖော်ပြ၍၊ ဤသိကၠာပုဒ်အရ တောင်း၊ ကောင်း သော အကြောင်းများကို ရေးခဲ့ပါ....?။

(၁၀၃၄) ဖြေ။ ။သူပ, ဩဒန-အရ၊ ပဏီတ ဘောဇဉ်မှ ကြွင်းသော ဟင်း, ထမင်း ဟူသမျှကို ရ၏။

ထို သူပ, ဗျဉ္ဇန-ကို ဘာကို ပဝါရိတထံ၌ လည်းကောင်း၊ သူတပါး အလိုငှါ လည်းကောင်း၊ မိမိဥစ္စာဖြင့် လည်းကောင်း တောင်းကောင်းပါသည်၊ အပြစ်မရှိပါ။

● နာတိမဟန္တံ ကဗဠံ-၌ ဆွမ်းလုပ် ၃ - မျိုးကို ရေးမ်ား၊ အဘယ်ဆွမ်းလုပ်မျိုးဖြင့် စားအပ်သည်, မစားအပ်သည် ကို ခွဲခြားပြပါ....?။

(၁၀၃၅) ဖြေ။ ။ဆွမ်းလုပ် ၃-မျိုးကား—

အတိမဟန္တ - ဥဒေါင်းဥ ပမာဏ ဆွမ်းလုပ်။

အတိခုဒ္ဒက - ကြက်ဥ ပမာဏ ဆွမ်းလုပ်။

နာတိမဟန္တ - ဥဒေါင်းဥ, ကြက်ဥတို့၏ အလယ်အလတ် ပမာဏရှိသော ဆွမ်းလုပ်။

နာတိမဟန္တ ဆွမ်းလုပ်ဖြင့်သာ စားအပ်၏၊ အတိမဟန္တ ဆွမ်းလုပ်ကား....အာပတ်သင့်၍၊ အတိခုဒ္ဒက-မှာအာပတ်မသင့်၊ သို့သော် မလျောက်ပတ်ပါ။

* ဥဒေါင်း, ကြက်ဥ၊ နှစ်ခု အကြား၊ ဤသုံးပါး၊ မှတ်သား ဆွမ်းလုပ်ပေ။
* ဥ-မှာ ပြစ်သင့်၊ ကြက်-မသင့်၊ ကြားချင့် ပြုစားလေ။

---

http://www.dhammadownload.com

● ပရိမဏ္ဍလ် အာလောပ်-၌၊ ပရိမဏ္ဍလ ဆွမ်းလုပ်ဟူသည် အဘယ်နည်း၊ ဘုဥမာနော သဗ္ဗံ ဟတ္ထံ-၌၊ ဟတ္ထ-အရ အဘယ်ကို ယူရမည်ကို ဖော်ပြပါ....?။

(၁၀၃၆) ဖြေ။ ။"ပရိမဏ္ဍလန္တိ အဒီဃံ" ဟူ၍ ကခ်ါ ဆိုသောကြောင့်၊ မရှည်လွန်းသော ဆွမ်းလုပ်ကို ပရိမဏ္ဍလ-ဆွမ်းလုပ်ဟု ဆိုရပါသည်။

ဟတ္ထ-အရ၊ လက် ၅-ချောင်းလုံးကို ယူရပါမည်။

(ထို့ကြောင့် လက် ၁-ချောင်းကိုလည်းကောင်း၊ ၁-ချောင်းတွင် တစိတ်ကိုသော်လည်းကောင်း ခံတွင်းသို့ မသွင်းကောင်းဟု မှတ်လေ။)

* မရှည်လွန်းသည်၊ ဆွမ်းလုပ်ရှိ၊ ပရိမဏ္ဍလာ။
* ငါးချောင်းလုံးကို၊ ဟတ္ထဆို၊ တစ်ကိုသော်မှ မသွင်းရာ။

● နှ သကဗဒ္ဓေန-၌၊ ကဗဒ္ဓ-အရ အဘယ်မျှလောက်သော ဆွမ်းလုပ်ကို ယူရမည်နည်း၊ ပိဏ္ဍုက္ကေပက-အရ အဘယ်သို့ စားရမည်ကို ရေးခဲ့ပါ....?။

(၁၀၃၇) ဖြေ။ ။ကဗဒ္ဓ-အရ၊ စကားမပီသလောက်အောင် ကြီးသော ဆွမ်းလုပ်ကို ယူရပါမည်၊ ဆွမ်းလုပ် အနည်းငယ်ရှိ၍ စကားပီသအောင် ပြောနိုင်မူကား....အနာပတ္တိ။

ပိဏ္ဍုက္ကေပက-အရ၊ ဆွမ်းလုပ်, ဆွမ်းခဲကိုမြှောက်ပစ်မသွင်းပဲ ပါးစပ်၌ကပ်၍ သွင်းကာ စားရပါမည်။

(မုန့်, ခဲဖွယ်, သစ်သီးမျှား၌ အနာပတ္တိ။)

---

http://www.dhammadownload.com

● သစ်သီး ကြီး,ငယ် ခဲဖွယ်မျှားကို ကိုက်ဖြတ်၍ လည်းကောင်း၊ပါးစောင်ဖွင့်ထား၍လည်းကောင်း စားကောင်းပါမည်လော ရေးခဲ့ပါ....?။

(၁၀၃၈) ဖြေ။ ။စားကောင်းပါသည်၊ အပြစ်မရှိပါ။

● ဟတ္ထဂ္ဂုနိဒ္ဒုနက, သိတ္ထာဝကာရက-အရ၊ အဘယ်အခါမျှ လက်ကို မခါကောင်း၊ ဆွမ်းလုံးကို ပကျကောင်းဟု မှတ်ရမည်လော ရှင်းခဲ့ပါ....?။

(၁၀၃၉) ဖြေ။ ။မမှတ်ရပါ၊ အမှိုက်ကပ်နေမှု လက်ကို ခါကောင်းပါသည်၊ အမှိုက်စွန့်တုန်း ဆွမ်းလုံး ကျသွားသော် အပြစ်မရှိပါ။

● ဟတ္ထနိုလ္လေဟက-အရ၊ယာဂု,တင်လဲစသည်ကို လက်ဖြင့်ကော်ယူကာ လျက်၍ စားကောင်းပါမည်လော ရေး၍ ပါနီယထာလက သိက္ခာပုဒ်ကို အဘယ်၏အစွမ်းအားဖြင့် ပညတ်သည်၊ အဘယ်လို ကိုင်သော် အပြစ်လွတ်မည်ကို ရေးခဲ့ပါ....?။

(၁၀၄၀) ဖြေ။ ။ယာဂု, တင်လဲစသည်ကိုကား-လက်ဖြင့်ကော်ယူကာ လျက်၍ စားကောင်းပါသည်၊ အပြစ်မရှိပါ။

ပါနီယထာလက သိက္ခာပုဒ်ကို စက်ဆုပ် ရွံ့ရှာဖွယ် ရှိသည်၏ အစွမ်းအားဖြင့် ပညတ်ပါသည်။

အာမိသမလိမ်းကပ်သောတစိတ်တဒေသ လက်ဖြင့်ကိုင်သော် လည်းကောင်း၊ ဆေးကြောမည်, ဆေးကြောခိုင်းမည် ဟူသော နှလုံးထားဖြင့် ကိုင်သော်လည်းကောင်း အပြစ်မရှိပါ။

http://www.dhammadownload.com

● သပိတ်ဆေးရေကို ရွာတွင်း၌ စွန့်တိုင်း အာပတ် သင့်ပါသလော ရေးခဲ့ပါ....?။

(၁၀၄၁) ဖြေ။ ။ဆွမ်းလုံးကိုဆယ်ထား၍သပိတ်ဆေးရေချည်း စွန့်လျှင်, ဆွမ်းလုံးကို ရေနယ်၍ ရေနှင့်သမအောင်ပြုပြီး စွန့်လျှင်,လက်ဆေးခံ စသည်ရှိရာ၌ စွန့်လျှင် စွန့်ကောင်းပါသည် အာပတ် မသင့်ပါ။

● နဆတ္တပါဏိဿ-၌ ဆတ္တဘေဒ, ဒဏ္ဍပါဏိဿ-၌ ဒဏ္ဍ ပမာဏတို့ကို ဖော်ပြပါ....?။

(၁၀၄၂) ဖြေ။ ။ဆတ္တဘေဒကား-

၁–သေတ ဆတ္တ၊
၂–ကိလဉ္ဇ ဆတ္တ၊
၃–ပဏ္ဏ ဆတ္တ၊ } ပေါင်း ၃-ပါး ဖြစ်ပါသည်။

ဒဏ္ဍ ပမာဏကား-

မဇ္ဈိမ ပုရိသ၏ ၄-တောင်ခန့် ပမာဏရှိသော တုတ်ကိုယူရပါမည်။

* သေတ,ကိလဉ်၊ ပဏ္ဏယ်ဉ်၊ သုံးအင် ထီးအပြား။
* မင်ပုရိသ၊ လေးတောင်မျှ၊ ဒဏ္ဍ ပမာဏ။

● သတ္ထပါဏိဿ, အာဝုဓပါဏိဿ-၌၊ သတ္ထ,အာဝုဓ-အရတို့ကို ဖော်ပြ၍၊ ပါဒုကနှင့် ဥပါဟနတို့၏ အထူးကို ရေးခဲ့ပါ....?။

(၁၀၄၃) ဖြေ။ ။သတ္ထ-အရ၊ ဓား,သန်လျက်,လှံစသော လက်နက်များကို ယူရပါမည်၊ အာဝုဓ-အရ ညှိုတင်ပြီးဖြစ်စေ, မတင်ရသေးဖြစ်စေ လေးနှင့်ဆိုင်ရာ(လေးကိုင်,လေးကြိုး,မြားစယည်) အားလုံးကို ယူရပါမည်။

http://www.dhammadownload.com

အသည်းမတပ်သောဖိနပ်သည် ပါဒုက၊ အသည်းတပ်သော ဖိနပ်သည် ဥပါဟန။ (တနည်း) သစ်သား,မြက်,သစ်ရွက်တို့ဖြင့် ပြုအပ်သော ဖိနပ်သည် ပါဒုက၊ သားရေဖြင့်ပြုအပ်သော ဖိနပ် သည် ဥပါဟန။ (ဤသို့ ထူးပါသည်။)

* သဲကြီးမပါ၊ ပါဒုကာ၊ သဲပါ ဥပါဟန။

* သစ်သား,မြက်ပြ,ပါဒုကမေ၊ပြုသားရေ၊မှတ်လေဥပါဟန။

● နယာနဂတဿ-၌ ယာနဘေဒကို ဖော်ပြ၍၊ သယန ဂတဿ-၌ အဘယ် နေရာမျိုးကို. အိပ်ရာ-ဟု ဆိုရပါ သနည်း....?။

(၁၀၄၄) ဖြေ။ ။ယာနဘေဒကား-

၁-ဝယှ၊ ၂-ရထ၊ ၃-သကဋ၊ ၄-သန္ဒမာနိက၊ ၅-သိဝိက၊ ၆-ပါဋ္ဌက်ီ၊ ၇-ဟတ္ထသမ်ာတ စသည်တည်း။

သယနဂတဿ-၌၊ အိပ်ဖို့ ပြင်ထားသော အမြဲ အိပ်သော နေရာမှ အိပ်ရာမဟုတ်၊မြေကြီးပေါ်၌ပင်ဖြစ်စေ လျောင်းနေမှ ထိုနေရာကို အိပ်ရာဟုပင် ဆိုရပါသည်။

● မည်သည့်ဣရိယာပုထ်ဖြင့်နေသောပုဂ္ဂိုလ်သည်မည်သည့် ဣရိယာပုထ်ဖြင့် နေသော ပုဂ္ဂိုလ်အား တရားဟော ကောင်းသည်, မဟောကောင်းသည်ကို ရေးခဲ့ပါ....?။

(၁၀၄၅) ဖြေ။ ။လျောင်းလျက်ဖြင့်-လျောင်း,ထိုင်,ရပ် သူတို့အား၊ထိုင်လျက်ဖြင့်-ထိုင်,ရပ်နေသူတို့အား၊ ရပ်လျက်ဖြင့်-ရပ်သူအား တရားဟောကောင်းပါသည်။

ရပ်လျက်ဖြင့်-လျောင်း,ထိုင်နေသူတို့အား၊ ထိုင်လျက်ဖြင့်-လျောင်းသူတို့အား တရားမဟောကောင်းပါ။

---

http://www.dhammadownload.com

● ေဝဠိတသိသ-ၭ၊ေဝဠိတ-အရ အဘယ်ကို ယူရမည်နည်း၊ နဆမာယံ နိသိဒိတ္ဘာ အာသနေ နိသိန္နဿ-ၭ အာသန-အရ ဖော်ပြပါ....?။

(၁၀၄၆) ပြေ။ ။ပုဆိုး, တဘက်, ပဝါ, ဦးထုပ်, မကိုင်ရ, ဆံကျင်တို့ဖြင့် ဆံစ်မပေါ်အောင် ပေါင်း, ထုပ်, ရစ်ပတ်ဆောင်းထားခြင်းကို ဝေဠိတ-ဟု ဆိုရဖါသည်။

အယုတ်သဖြင့် မြက်ခင်း, အဝတ်အခင်းကိုပင်ဖြစ်စေ ဤၭ အာသန-ဟု ဆိုရပါသည်။

● နဥဒကေ-ၭ၊ ဥဒက-အရ အဘယ် ရေမျိုးကို ယူရမည်နည်း၊ ဟရိတ,ဥဒက-တို့ၭ နှုပ်ညစ်၍ ချကောင်း, မချကောင်း ဆုံးဖြတ်ခဲ့ပါ....?။

(၁၀၄၇) ပြေ။ ။ဥဒက-အရ၊ သုံးဆောင်ကောင်းသောရေကို ယူရပါမည်။

(ကုဋိတွင်းၭ၀င်နေသောရေမျိုး၊ သမုဒ္ဒရာရေမျှားၭအနာပတ္တိ။)

ခေဋ-သဒ္ဒါဖြင့် နှုပ်ကိုပါ ရေတွက်ရသောကြောင့်၊ ဟရိတ, ဥဒက-တို့ၭ နှုပ်ညစ်၍ မချကောင်းပါ။

● မြစ်,ချောင်းအတွင်း ခရီးသွားရင်း ကျင်ကြီး, ကျင်ငယ် စသည်ကို စွန့်ကောင်းပါမည်လော ရှင်းခဲ့ပါ....?။

(၁၀၄၈) ပြေ။ ။ကမ်း ကို ကပ် ခြင်း ၄ါ မ စွမ်း နိုင် မူ (သုံးဆောင်ကောင်းသောရေၭပင်ဖြစ်ဝေစွန့်ကောင်းပါသည်။)

ဝေဒိယ ဗြီး၏။

---

http://www.dhammadownload.com

အဓိကရဏ သမထ

●

● အဘယ်ကြောင့် အဓိကရဏ သမထ-ဟု ခေါ်ဆိုရပါသနည်း၊ ထို အဓိကရဏ သမထ-ကို အဘယ် အကျိုးငှါ ပညတ်ခြင်းတော်မူသည်ကို ရေးခဲ့ပါ...?။

(၁၀၄၉) ဖြေ။ ။အဓိကရဏ်းကို ငြိမ်းစေ တတ် သောကြောင့် **အဓိကရဏ** သမထ-ဟု ခေါ်ရပါသည်။

အဓိကရဏ်း ၄-ပါးမှ ဖြစ်ပေါ်လာသော အာပတ်တို့၌ စင်ကြယ်သည်, မစင်ကြယ်သည်၏ အဖြစ်ကို မေးမြန်းခြင်း အကျိုးငှါ အဓိကရဏ သမထ-ကို ပညတ်ရပါသည်။

* အဓိကရဏ၊ ငြိမ်းစေထ၊ ခေါ်ရ သမထာ။

* **အာပတ် စင်ကြယ်၊ မစင်ကြယ်၊ မေးဖွယ် ပညတ်ပါ။**

● အဓိကရဏ အပြားကို အဓိပ္ပာယ်နှင့် တကွ ရေးသားခဲ့ပါ....?။

(၁၀၅၀) ဖြေ။ ။**အဓိကရဏ အပြားကား-**

၁-ဝိဝါဒါဓိကရဏ၊ ၂-အနုဝါဒါဓိကရဏ၊ ၃-အာပတ္တာဓိကရဏ၊ ၄-ကိစ္စာဓိကရဏ၊ ပေါင်း ၄-ပါး ဖြစ်ပါသည်။

ဓမ္မ, အဓမ္မ စသည်ဖြင့် ငြင်းခုံခြင်းသည် **ဝိဝါဒါဓိကရဏ**-မည်၏။

သီလ,အာစာရ,ဒိဋ္ဌ,အာဇီဝ-ဟူသော ဝိပတ္တိ ၄-ပါးတို့ဖြင့် အချင်းချင်း စွပ်စွဲ စောဒနာ ခြင်းသည် **အနုဝါဒါဓိကရဏ**-မည်၏။

အာပတ် ၇-ပုံသည် **အာပတ္တာဓိကရဏ**-မည်၏။

http://www.dhammadownload.com

အပလောကန်, ဥတ္တိ, ဥတ္တိဒုတိယ, ဥတ္တိစတုတ္ထ ကံ ၄-ပါး တို့တွင် တပါးပါး ပြုခြင်းသည် **ကိစ္စာဓိကရဏ-မည်၏။**

* ဝါ,နုဝါ၊ အာပတ္တာ၊ ကိစ္စာ ဓိကရဏာ။ (ဝ-သံ)
* ဝမ္မ,အဝမ္မ၊ ခြင်းခုံကြ၊ မှတ်ပ ဝါဒါ။
* ဝိပတ် စတု၊ စွပ်စွဲမှု၊ အနုဝါဒသာ။
* အာပတ် ခုနစ်၊ သင့်ရောက်ပြစ်၊ မှတ်လစ် အာပတ္တာ။
* အပလောကန်၊ ကံလေးဝ၊ ပြုထ ကိစ္စပါ။

* ဝမ္မ-အဝမ္မ ခြင်းကြ ဝါ။
ဧဝဒနာမှ ခေါ်ပြု နုဝါ။
ခုနစ်ပုံ အာပတ် သင့်လတ်ပ တ္တာ။
ပလောကန် စ-ပြန် ကိစ္စသာ။

● အဓိကရဏ်း ၄-ပါးတို့သည်၊ သမထ ဓာယ်နှစ်ပါးတို့ဖြင့် ငြိမ်းသည်ကို အချုပ်မျှ ဖော်ပြပါ....?။

(၁၀၅၁) ဖြေ။ ။*ဝိဝါဒကား နှစ်ပါးငြိမ်းတာ၊
နုဝါဒါဓိ ငြိမ်းဘိ ဇယာ။
အာပတ္တာငြိမ်း တရိ မှတ်ပါ၊
ကိစ္စာဓိ ငြိမ်းဘိ တစ်ပါးသာ။

● အဘယ် အဓိကရဏ်းသည်၊ အဘယ် သမထ-တို့ဖြင့် ငြိမ်းပါသနည်း အသီးသီး ရေးခဲ့ပါ....?။

(၁၀၅၂) ဖြေ။ ။*သမ္မု,ယေဘု နှစ်ခု ဝိဝါ။
သမ်,သတိ,မုဋ္ဌ တဿ, နုဝါ။
သမ်,ပဋ္ဌိဉ်,တိ ငြိမ်းဘိ ပတ္တာ။
ကိစ္စာဓိ ငြိမ်းဘိ သမ္မုခါ။

http://www.dhammadownload.com

တနည်း ကျက်ရန်

* ဝိဝါဒါမှ၊ သမ္မုခ၊ ဘုယျ သမထံ။ (၂-ပါး)
* နုဝါဒါဓိ၊သမ္မုခိနှင့်၊သတိအမုဠှ၊တဿပါ၊ခ္ခေးဖြာသမထံ၊
* အာပတ္တာဓိ၊ သမ္မုခိ,ပဋိညာ၊ တိဝတ္ထာ၊ သုံးဖြာ သမထံ။
* ကိစ္စာဓိက၊ သမ္မုခ၊ ဧက သမထံ။

● သမထ ၇-ပါးတို့တွင် အဘယ် သမထသည်၊ အဘယ် မျှလောက်သော အဓိကရဏ်းတို့ကို ငြိမ်း စေ သည် ကို ဖော်ပြပါ....?။

(၁၀၅၃) ဖြေ။ ။သမထ ၇-ပါးတို့တွင်-

* သမ္မုခမှာ၊ ခ္ခေးပါးသာ၊ ငြိမ်းပါ ဓိကရဏ။
* သတိ,တဿ၊ အမုဠ၊ ငြိမ်းထ နုဝါဒ။
* တိဏ,ပဋိညာ၊ ဤနှစ်ဖြာ၊ ငြိမ်းပါ အာပတ္တ။
* ယေဘုယျမှာ၊ ဝိဝါဒါ၊ ငြိမ်းပါ ဓိကရဏ။

● ဘိက္ခုပါတိမောက်-၌၊ သိက္ခာပုဒ်မည်မျှ,အာပတ်မည်မျှ ရှိပါသနည်း၊ သခ်ျာမျှ ဖော်ပြပါ....?။

(၁၀၅၄) ဖြေ။ ။ဘိက္ခုပါတိမောက်-၌၊သိက္ခာပုဒ်-၂၇၇၊ အာပတ် ၂၂၀-ရှိပါသည်။

မှတ်ချက်။ ။အဓိကရဏ သမထ ၇-ပါးမှာ အာပတ် သင့်စေ သောအမှုမဟုတ်၊ အဓိကရဏ်းကိုငြိမ်းစေကြောင်း သာ ဖြစ်သည်။ ထို့ကြောင့် အာပတ်ကွင် မရေ တွက်ရ၊သိက္ခာပုဒ်တွင်မူ အဓိသီလသိက္ခာပုဒ်ကိုရဖို့ ရာအကြောင်းဖြစ်၍ထည့်သွင်းရေတွက်ရပေသည်။

အဓိကရဏ သမထ ပြီး၏။

ဘိက္ခုပါတိမောက် အမေး-အဖြေ

အလုံးစုံ ပြီးပြီ။

http://www.dhammadownload.com

ဘိက္ခုနီ ပါတိမောက်

ပါရာဇိက

- ဘိက္ခုနီပါရာဇိက-၌ ဘိက္ခုကဲ့သို့"သင်္ကာသာဇီဝ သမာပန္နော"စသည်ဖြင့် ဟောတော်မမူပဲ၊ အဘယ့်ကြောင့် "ယာပန ဘိက္ခုနီ ဆန္နသော မေထုနံ ဓမ္မံ"စသည်ဖြင့် ဟောတော်မူပါသနည်း ရှင်းခဲ့ပါ....?။

(၁၀၅၅) ဖြေ။ ။ဘိက္ခုနီမမျှားဘ၌၊ (ရဟန်းယောကျ်ားဘို့လို)သိက္ခာချဖျယ် မလိုသောကြောင့်၊ ဤကဲ့သို့ ဟောတော်မူခြင်း ဖြစ်ပါသည်။

* ဘိက္ခုနီမ၊ သိက္ခာချ၊ ကိစ္စ ထူးမရှိ။
* ထို့ကြောင့်သာပ၊ သာဇီဝ၊ စသည် မဟောဘိ။

- ယောကျ်ား၏ အတင်းအဓမ္မ ဗလကျွှာရအမှု ပြုခြင်းကို ခံရသော ဘိက္ခုနီမသည်၊ပါရာဇိက ကျ,မကျအထောက်ပြ၍ ဖြေပါ....?။

(၁၀၅၆) ဖြေ။ ။"ယာ ပန ဘိက္ခုနီ ဆန္နသော" ဟူ၍ ဟောတော်မူသောကြောင့်၊ ချစ်, ကြိုက် သာယာမှု မရှိသော ဘိက္ခုနီမမျိုးမှာ ပါရာဇိက မကျပါ။

- ဆန္နသော-အရ၊အဘယ်ကိုဆန္ဒ,ရှစိ-ဟုဆိုရပါသနည်း?။

(၁၀၅၇) ဖြေ။ ။မေထုနရာဂနှင့် စပ်ယှဉ်သော ချစ်မှုကို ဆန္ဒ၊ကြိုက်မှု,(၀ါ)လိုလားမှု,အလိုတူမှုကို ရှစိ-ဟု ဆိုရပါသည်။

* ချစ်မှု ဆန္ဒ၊ ကြိုက်မှုက၊ ခေါ်ရ ရှစိပေ။

---

http://www.dhammadownload.com

(၁၆) ဥဗ္ဗဇာဏ္ မဏ္ဍလိက-သိက္ခာပုဒ်၌၊ ပုရိသပုဂ္ဂလသ-အရ အဘယ်ယောကျ်ားမျိုးကို ယူရမည်နည်း၊ တတောင်ဆစ် အထက် လက်မောင်းကို အခက္ခက, ဥဗ္ဗဇာဏ္ဍမဏ္ဍလ ၂-ပါးတို့တွင် အဘယ်၌ သွင်းရမည်ကို ဖော်ပြပါ....?။

(၁၀၅၈) ဖြေ။ ။ပုရိသ-အရ၊ကာယသံသဂ္ဂ အမှုကိုပြုရန် နှားလည်သော လူယောကျ်ားကို ယူရပါမည်။

တတောင်ဆစ် အထက် လက်မောင်းကို ဥဗ္ဗဇာဏ္ဍမဏ္ဍလ-၌ သွင်းယူရပါမည်။

* ကိုယ်ကို သုံးသပ်၊ နှားလည်လတ်၊ ယူဇာတ် ပ်ိုရိသ။

---

(၁) အာမသန, ပရာမသန, ဂဟဏ, ဆုပန, ပဋိပီဠန-တို့၏ အထူးကို ရေးခဲ့ပါ....?။

(၁၀၅၉) ဖြေ။ ။အာမသန ၀သည်တို့၏ အထူးတို့ကား-

* ထိရာအရပ်၊ မလွန်လတ်၊ သုံးသပ် အာမသနာ။
* ထို-ဤ ရှေ့ရှား၊ သုံးသပ်ခြား၊ မှတ်သား ပရာမသနာ။
* ခဲ့ကိုင်ရုံမျှ၊ ဂဟဏ၊ တို့က ဆုပနာ။
* တင်းကြပ် နှိပ်ဖိ၊ ပွေ့ဖက်ဘိ၊ ပဋိပီဠနာ။

---

(၂) နှစ်ဦး, နှစ်၀ ကာယသံသဂ္ဂရာဂဖြင့် (က)ညှပ်ရိုးအောက် ဒူးဆစ်အထက်၊ (ခ) ညှပ်ရိုးအထက် ဒူးဆစ်အောက်၌ သုံးသပ်မှု ပြုရာ သင့်ရောက်ထိုက်သော အာပတ္တိဘေဒ သရုပ်ကို ထုတ်ပြပါ....?။

(၁၀၆၀) ဖြေ။ ။(က)ကာယအချင်းချင်း သုံးသပ်မှုပြုက ပါရာဇိက၊ကာယနှင့်ကာယပွဋ္ဌိဗဒ္ဓ, ကာယပွဋ္ဌိဗဒ္ဓနှင့် ကာယပြုက ဆုလ္လစ္ဆည်း။ ကာယပွဋ္ဌိဗဒ္ဓ အချင်းချင်း သော်လည်းကောင်း၊

http://www.dhammadownload.com

နိဿဂ္ဂိယနှင့် ကာယ, နိဿဂ္ဂိယနှင့် ကာယပဋိဗဒ္ဓ,နိဿဂ္ဂိယချင်ထော်လည်းကောင်း ပြုက ဒုက္ကဋ်အာပတ် သင့်ပါသည်။

(ခ) ကာယအချင်းချင်း-ထုလ္လစ္စည်း၊ ကာယနှင့် ကာယပဋိဗဒ္ဓ, ကာယပဋိဗဒ္ဓနှင့် ကာယ, ကာယပဋိဗဒ္ဓ အချင်းချင်းသော်လည်းကောင်း၊ နိဿဂ္ဂိယနှင့် ကာယ, နိဿဂ္ဂိယနှင့် ကာယပဋိဗဒ္ဓ နိဿဂ္ဂိယ အချင်းချင်းသော် လည်းကောင်း သုံးသပ်က ဒုက္ကဋ် အာပတ် သင့်ပါသည်။

● (က)ဘိက္ခုနီက ကာယသံသဂ္ဂ,ယောကျ်ားက မေထုန, ဂေဟသိတ,သုဒ္ဓ၊(ခ)ဘိက္ခုနီက မေထုန,ယောကျ်ားက ကာယသံသဂ္ဂ၊(ဂ)ဘိက္ခုနီက ဂေဟသိတ, ယောကျ်ားက မေထုန၊(ဃ)ဘိက္ခုနီက သုဒ္ဓ, ယောကျ်ားက ကာယသံသဂ္ဂ, မေထုန, ဂေဟသိတ-စိတ်ဖြင့် သုံးသပ်မှုပြုရာ၊ အဘယ်အာပတ် သင့်သည်ကို ခွဲခြားပြပါ....?။

(၁၀၆၁) ဖြေ။ ။(က) ထုလ္လစ္စည်း၊ (ခ-ဂ) ဒုက္ကဋ်၊ (ဃ) အနာပတ္တိ ဖြစ်ပါသည်။

● ဝဇ္ဇပဋိစ္ဆာဒိကာ သိက္ခာပုဒ်လာ နိ ဂဏ္ဍ အာရောစေယျ-ဌ ဓဏ-အရ၊ နာသိတာ ဝါ-ဌ နာသန-အရ တို့ကိုကောက်ပြပါ...?။

(၁၀၆၂) ဖြေ။ ။ဂဏ-အရ၊မိမိမှတပါးအခြားဘိက္ခုနီမ အားလုံးကို ယူရပါမည်၊ နာသန-အရ လိင်နာသန-ကို ယူရပါသည်။

* ဂဏ-အရ၊ မိမိမှ၊ သဒ္ဓ -နီကိုယူ။

---

http://www.dhammadownload.com

● ဘိက္ခု-ဒုဋ္ဌုလ္လာပတ္တိ ပဋိစ္ဆာဒန နှင့် ဘိက္ခုနီ-ဝဇ္ဇပဋိစ္ဆာဒိကာ သိက္ခာပုဒ်၂-ခုတို့၏ထူးခြားဟန်ကိုဝေဖန်ခဲ့ပါ-ဦ။

(၁၀၆၃) ဖြေ။ ။ဘိက္ခု-ဌ ပါစိတ်၊ဘိက္ခုနီ၌ ပါရာဇိက။ (ဤသို့ ထူးပါသည်။)

* ဘိက္ခု ဖုံးရာ၊ ပါစိတ်သာ၊ မ-မှာ ပါရာဇိ။

● ဝဇ္ဇပဋိစ္ဆာဒိက-ရဟန်းမသည်၊ဖုံးထားကြောင်းကို ဝန်ခံသည့်အခါမှ ပါရာဇိက ကျပါသလော၊ အဘယ်အခါ၌ ပါရာဇိက ကျပါသနည်း ရှင်းခဲ့ပါ....?။

(၁၀၆၄) ဖြေ။ ။ဖုံးထားကြောင်း ဝန်ခံသည့် အခါမှ ပါရာဇိက ကျသည်မဟုတ်၊ဖုံးထားတော့မည်ဟု စိတ်ကိုဆုံးဖြတ်ရာအခါမှစ၍ ပါရာဇိက ကျတော့သည်။

● အဘယ်ကို ဓမ္မ,ဝိနယ,သတ္တုသာသန-ဟု ဆိုပါသနည်း၊ အနာဒရ,အပ္ပဋိကာရ,အကတသဟာယ မည်ပုံကိုလည်း အသီးသီး ရေးခဲ့ပါ....?။

(၁၀၆၅) ဖြေ။ ။နှင်ထုတ်ထိုက်သော အကြောင်းဝတ္ထုဟုတ်မှန်ခြင်းကို ဓမ္မ၊ စောဒနာ (အပြစ်တင်ခြင်း)၊သာရဏာ (အောက်မေ့သတိရစေခြင်း)ကို ဝိနယ၊ စောဒနာ သာရဏာ ပြုပြီး၍ ဥ-တ်ကမ္မဝါစာကို ရွတ်ဖတ်ခြင်းကို **သတ္တုသာသန-ဟု** ဆိုရပါသည်။

ကံပြုသော သံဃာကိုလည်းကောင်း၊ ထိုသံဃာတွင် ပါဝင်သော ၂-ပါး,၃-ပါးဂိုဏ်းကို လည်းကောင်း၊ ပုဂ္ဂိုလ်တပါးပါးကိုလည်းကောင်း၊ ပြုအပ်သော ကံကို လည်းကောင်း မရှိသေမလေးစားခြင်း၊ (ဝါ)ကောင်းစွာ မကျင့်ခြင်းသည် **အနာဒရ-**မည်၏။

http://www.dhammadownload.com

သံဃဘောင်သို့ တဖန်ပြန်၍ ခေါ်ဆောင် မသွင်းရသေးခြင်းသည် **ဘပွဋ္ဌိကာရ**၊ သမနသံဝါသ မရှိ၊ (ဝါ) ရဟန်းကောင်းတို့က အပေါင်းအသင်း မလုပ်ကြခြင်းသည် **ဘကတသဟာယ**-မည်၏။

● ဥက္ခိတ္တက ရဟန်းသို့ အတုလိုက်သော ဘိက္ခု၊ ဘိက္ခုနီတို့၏ အထူးကို ရေးခဲ့ပါ....?။

(၁၀၆၆) ဖြေ။ ။*ဂဏပူရဏ၊ သံဝါသ၊ မရ ဘိက္ခုမှာ။
*ထိုနှစ်ပါး ရ၊ ရဟန်း မ၊ ထူး ထ-တုလိုက်ရာ။

● အဌဝတ္ထုက သိက္ခာပုဒ်၌၊ ဟတ္ထဂ္ဂဟဏ် ဝါ, သံဃာ့ဋ္ဌိကဏ္ဌဂ္ဂဟဏ်ဝါ-အရ အဘယ်ကိုယူရမည်ကိုဖော်ပြပါ?။

(၁၀၆၇) ဖြေ။ ။ဟတ္ထဂ္ဂဟဏ်ဝါ-အရ၊ဥဇ္ဇာဟုမဏ္ဍလ ပါရာဇိက ခေတ်မဟုတ်သော တတောင်ဆစ်မှ လက်ဖျားတိုင်အောင်, ဒူးဆစ်မှ ခြေဖျား တိုင်အောင်, ညှပ်ရိုးမှ အထက် လည်ပင်း, မျက်နှာများ အားလုံးကို ကိုင်ခြင်းကို ယူရပါမည်။

သံဃာ့ဋ္ဌိကဏ္ဌဂ္ဂဟဏ်ဝါ-အရ၊ အမှတ်မရှိ ဝတ်ရုံအပ်သော သင်းပိုင်, ကေသီ, ဒုကူဋ္ဌ သက်နိုးကြီးတို့၏ ထိုထို အရပ်အားလုံးကို ကိုင်ခြင်းကို ယူရပါမည်။

● တေဿ အသဒ္ဓမ္မဿ-၌ အသဒ္ဓမ္မ သရုပ်ကိုထုက်၍၊ ဤ၌ လိုအပ်သော အသဒ္ဓမ္မ-ကို ဖော်ပြပါ....?။

(၁၀၆၈) ဖြေ။ ။*ကာယသံသဂ္ဂ၊ မေထုန၊ နှစ်ဝအသဒ္ဓမ်။
*အသဒ္ဓမ္မ ထိုနှစ်ဝ၊ လိုထ သံသဂ္ဂ။

---

http://www.dhammadownload.com

● အဌဝတ္ထုက တပါးပါးကို ကျူးလွန်လျှင်ပင် ပါရာဇိက ကျပါသလော ရှင်းခဲ့ပါ....?။

(၁၀၆၉) ဖြေ။ ။အဌဝတ္ထုက တပါးပါးကို အကြိမ် ရာ, ထောင်မက ကျူးလွန်သော်လည်း ပါရာဇိက မကျ၊ ထုလ္လစ္စည်း အာပတ်သာ သင့်၍၊ ဂ-ပါးစေ့မှ(၀ါ)ဂ-ပါးလုံးကို ကျူးလွန်မှသာ ပါရာဇိက ကျပါသည်။

* တပါးပါးမှာ၊ ထုလ္လစ်သာ၊ ရှစ်ပြာစေ့မှ ပါဒိက။

● အဌဝတ္ထုက ဂ-ပါးတို့တွင် တပါးပါးကိုလွန်ကျူးသော ခဏ၌ပင်ထုလ္လစ္စည်းအာပတ်သင့်ပါသလောရှင်းခဲ့ပါ-?။

(၁၀၇၀) ဖြေ။ ။သင်္ကေတ ဂမနနှင့် အဘ္ဘာဂမန သာဒိ သနတို့မှတပါး ကျန် ၆-ပျဉ်းမှာ လွန်ကျူးခြင်းပင် ထုလ္လစ္စည်း သင့်ပါသည်။

သင်္ကေတဂမနမှာ-ချိန်းရာသို့သွားစဉ် ခြေလှမ်းတိုင်း ဒုက္ကဋ်၊ ယောက်ျား၏ ဟတ္ထပါသ် အတွင်းသို့ ဝင်မိလျှင် ထုလ္လစ္စည်း သင့်ပါသည်။

အဘ္ဘာဂမန သာဒိယနမှာ- ယောက်ျားလာမှုကို သာယာက ဒုက္ကဋ်၊ မိမိ၏ဟတ္ထပါသ်တွင်းသို့ ယောက်ျားဝင်မိလျှင် ထုလ္လစ္စည်း သင့်ပါသည်။

---

http://www.dhammadownload.com

● အဌဝတ္ထုက-ကို အစဉ်အတိုင်း လွန်ကျူးမှ ပါရာဇိက ကျပါသလော ရှင်း၍၊ အဌဝတ္ထုက-ကို ဒေသနာကြားက ထ,မထ ရေးခဲ့ပါ...?။

(၁၀၇၁) ဖြေ။ ။အစဉ်အတိုင်း လွန်ကျူးမှ ပါရာဇိက ကျသည်မဟုတ်၊ တခုကြားဖြစ်စေ, ပြောင်းပြန်ဖြစ်စေ, ဘယ်လိုပဲ ဖြစ်ဖြစ် ၈-ပါးလုံးပြည့်အောင် လွန်ကျူးက ပါရာဇိကကျတော့သည်။ ။အဌဝတ္ထုက ၈-မျိုးတွင် တမျိုးမျိုးကို လွန်ကျူးမိသော် အာယတိ သံဝရစိတ်ဖြင့် ဒေသနာကြားက အာပတ်မှ ဆင်၊ သို့မဟုတ် မထပါ။

ပါရာဇိက ပြီး၏။

---

http://www.dhammadownload.com

သံဃာ ဒိသေသ

●

● ပထမ သံဃာဒိသေသ်-၌၊ ဥဿယ, ဥဿယ ဝါဒိကာ-အရ ကောက်ပြ၍၊ သမဏ ပရိဗ္ဗာဇက-အရ အဘယ်ကို ယူရမည်ကို ရေးခဲ့ပါ....?။

(၁၀၇၂) ဖြေ။ ။တက်ကြွသော မာန, ခက်ထန်သော ဒေါသကို ဥဿယ၊ ထို တက်ကြွ-ခက်ထန်သော မာန-ဒေါသဖြင့် တရား တွေ့တတ်သော ရဟန်းမကို ဥဿယဝါဒိကာ-ဟု ဆိုရပါသည်။

သမဏ ပရိဗ္ဗာဇက-အရ၊ သီတင်းသုံးဖော် ၅-ဦးမှ တပါး အခြား ရသော, ပရိဗိုဇ်မျှားကို ယူရပါမည်။

● တရားတွေ့သော ဘိက္ခုနီမအား အဘယ်အခါ၌ အဘယ် အာပတ် သင့်သည်ကို ခွဲခြားပြပါ....?။

(၁၀၇၃) ဖြေ။ ။တရားတွေ့ရန်အဖော်ရှာခြင်း, သက်သေ ရှာဖွေခြင်း စသော ပုဗ္ဗပယောဂ၌ လည်းကောင်း၊ တရားတွေ့အံ့ ဟု စိတ်ဖြစ်သည်မှစ၍ တရားတွေ့ရန် သွားရာ၌ လည်းကောင်း ခြေလှမ်းတိုင်း ဒုက္ကဋ်၊ တရားတွေ့ရာ၌ တဦးက ပထမ စ-ပြောမှ ဒုက္ကဋ်၊ နောက်တဦးက ထပြောမှ ထုလ္လစ္စည်း၊ စီရင်ချက် ချပြီး အဆုံး၌ သံဃာဒိသေသ် အာပတ်သင့်ပါသည်။

● ဒုတိယသံဃာဒိသေသ်-၌၊ စောရီ-အရ အဘယ်ကို ယူရ မည်ကို ဖော်ပြ၍၊ ဂဏ, ပူဂ, သေဏိ တို့၏ အထူးကို လည်း ရေးခဲ့ပါ....?။

http://www.dhammadownload.com

(၁၀၇၄) ေျပ။ ။ေဝရီ-အရ၊ အနည်းဆုံး တမတ်ထိုက်သော ဥစ္စာကို ခိုးသူကို ယူရပါမည်။

ဗိဿနိုးကို ကိုးကွယ်သူ ခန္ဓနတ်မျိုးကိုဆည်းကပ်သူအပေါင်းသည် ဂဏ-မည်၏။ ကုသိုလ်ကောင်းမှု ပေါင်းစုပြုရန် ဖွဲ့စည်းထားသော သာသနာရေး အသင်းအပင်းများသည်ပုဂ-မည်၏။ နှံ့သာကုန်သည်, အထည်ကုန်သည် စသော ကုန်သည်အပေါင်းသည် သေဏီ-မည်၏။

* တမတ်ဘန်မှ၊ ခိုးယူက၊ ဆိုရ စောရိသာ။
* ဗိဿနိုးနတ်၊ ခန္ဓနတ်၊ ဆည်းကပ် ဂဏပါ။
* ကုသိုလ်ကောင်းမှု၊ တူပေါင်းပြု၊ သင်းစု ပုဂပါ။
* နှံ့သာ,အထည်၊ ရောင်းကုန်သည်၊ တွင်မည် သေဏီပါ။

● အညတြ ကပ္ပာ-၌ "ကပ္ပ" သရုပ်ကို ထုတ်၍၊ စောရိမ-ကို ရဟန်းခံပေးရာ၌ အဘယ် အခါတွင် အဘယ် အာပတ်သင့်သည်ကို ရေးခဲ့ပါ....?။

(၁၀၇၅) ေျပ။ ။ကပ္ပ သရုပ်ကား-

၁—တိတ္ထိတ္ထိုထံ၌ ရှင်ပြုပူးသော မိန်းမ၊

၂—အခြား ရဟန်းများထံ၌ ရှင်ပြုပူးသော မိန်းမ၊

ပေါင်း ၂-ပါး ဖြစ်ပါသည်။

ကပ္ပ-မဟုတ်သော စောရိမ-ကို ရဟန်းခံပေးရာ၌၊ ကာရကသံဃာ, ကမ္မဝါဆရာ,သပိတ်,သင်္ကန်း-ခသော ပရိက္ခရာ စသည် ရှာမှီးခြင်း၌ ဒုက္ကဋ်၊ ကမ္မဝါစာ ၂-ကြိမ်ဆုံးလျှင် ထုလ္လစ္စည်း၊ ကမ္မဝါ ၃-ကြိမ် ဖတ်ပြီးသော အဆုံးမှာ သံဃာဒိသေသ် သင့်ပါသည်။

---

http://www.dhammadownload.com

● တတိယ သံဃာဒိသေသ်-၌၊ ဂါမန္တရ-ဂမန်, နဒီပါရ ဂမန-အတွက် သင့်ရောက်ထိုက်သော အာပတ်မျှားကို ပိုင်းခြားပြပါ....?။

(၁၀၇၆) ဖြေ။ ။ဂါမန္တရဂမန-အတွက်

ရွာတပါးသို့ အ ဖော်မ ပါ ပဲ သွား သော ဘိက္ခုနီမအား ခြေလှမ်းတိုင်း ဒုက္ကဋ်၊တပါးသော အရံကိုလည်းကောင်း, ဥပစာကိုလည်းကောင်း ခြေတလှမ်းလွန်သောအခါ ထုလ္လစ္စည်း၊ဒုတိယ ခြေလှမ်း လွန်သောအခါ သံဃာဒိသေသ် သင့်ပါသည်။

နဒီပါရ ဂမန-အတွက်

တဘက်ကမ်းသို့ ခြေတလှမ်း နင်းမိလျှင် ထုလ္လစ္စည်း၊ ဒုတိယ ခြေလှမ်းလွန်က သံဃာဒိသေသ် သင့်ပါသည်။

● ကောဝါရတွင် ဝိပ္ပဝသေယျ-အရ၊ အဘယ်ပုံ အဖော်ကင်း၍ အိပ်ခြင်းကို ဆိုလိုပါသနည်း ရေးခဲ့ပါ...?။

(၁၀၇၇) ဖြေ။ ။တခန်းတည်းပင်ဖြစ်စေ၊ ၂-တောင့်ထွာ ဟတ္ထပါသ်ကင်း၍ အရှက်ဘက်တိုင်အောင်အိပ်ခြင်းကို "ကောဝါရတွင် ဝိပ္ပဝသေယျ" ဟု ဆိုပါသည်။

● ဂဏမှာ သြဟီယေယျ-၌ ဂဏ-အရ ဖော်ပြ၍၊ အဘယ်မျှလောက် ချန်ရစ်နေခြင်းကို သြဟီယန-ဟု ဆိုရပါသနည်း ...?။

(၁၀၇၈) ဖြေ။ ။ဂဏ-အရ၊ ဘိက္ခုနီမ ဘယောက်ချင်းမှစ၍ ဘိက္ခုနီမ အမျှားကို ယူရပါမည်။

မြင်, ကြားလောက်ရာ ဒဿနူပစာ, သဝနူပစာ လွန်အောင် ချန်ရစ်နေခြင်းကို သြဟီယန-ဟု ဆိုရပါသည်။

http://www.dhammadownload.com

* ဘိက္ခုနီမ၊ တယောက်မှ၊ သမ္ဘ ဂဏသာ။
* မြင်,ကြားလောက်ရာ၊ ချန်ရစ်တာ၊ မှတ်ပါ ဩဘီယနာ။

● တတိယ သံဃာဒိသေသ်-၌၊ အနုပညတ် မည်မျှ ရှိပါသနည်း ထုတ်ပြပါ....?။

(၁၀၇၉) ဖြေ။ ။အနုပညတ် ၃-ချက် ရှိပါသည်။ ၎င်းတို့မှာ "၁-ကောဝါ နဒီပါရံ ဂစ္ဆယျ၊ ၂-ကောဝါ ရတ္တိ ဝိပ္ပဝသေယျ၊ ၃-ကောဝါ. ဂဏမှာ ဩဘီယေယျ" ဖြစ်ပါသည်။

● အရှက်မတက်မီ တယောက်တည်း ရွာမှထွက်ခဲ့၍၊အရှက်တက်သောအခါ အခြားရွာကို ဖြတ်ကျော်, မြစ်ကူးသွားသော ရဟန်းမအား သံဃာဒိသေသ် ဘယ်နှစ်ချက် သင့်သည်ကို ရေးခဲ့ပါ....?။

(၁၀၈၀) ဖြေ။ ။ဂါမန္တရဂမန,နဒီပါရဂမန,ရတ္တိဝိပ္ပဝါသ, ဂဏမှာ ဩဘီယန သံဃာဒိသေသ် ၄-ချက်လုံး သင့်ပါသည်။

● စတုတ္ထ သံဃာဒိသေသ်-၌၊ အနညာယ ဂဏသ ဆန္ဒ-၌ ဂဏ-အရ အဘယ်ကို ယူရမည်ကို ဖော်ပြ၍၊ ဥက္ခိတ္တ ဘိက္ခုနီမကို ဩသာရဏက ပြုပေးသော ဘိက္ခုနီမအား အဘယ် အခါ အဘယ် အာပတ် သင့်သည်ကို ခွဲခြားပြပါ....?။

(၁၀၈၁) ဖြေ။ ။ဂဏ- အရ၊ ဥက္ခေပနီယက် ပြုသော ဘိက္ခုနီ ကာရက သံဃာကို ယူရပါမည်။

http://www.dhammadownload.com

ဥက္ခိတ္တ ဘိက္ခုနီမကို သြသာရဏကံ ပြုပေးသော ဘိက္ခုနီမ အား....သံဃာရှာမှီးခြင်း, သိမ်သမုတ်ခြင်း, ကမ္မဝါဒတ်၍ ဥတ် ဆုံးရာတွင် ဒုက္ကဋ်၊ ကမ္မဝါ ၂-ကြိမ်ဆုံးက ထုလ္လစ္စည်း၊ ကမ္မဝါ ၃-ကြိမ် အဆုံးမှာ သံဃာဒိသေသ် သင့်ပါသည်။

* ဥက္ခေပနီယ၊ ကံပြီထ၊ ကာရကသံဃာ၊ ဂိဏီးယူရာ။

● ပဌမ,ဆဋ္ဌမ သံဃာဒိသေသ်-ဌ၊အဝဿုတ-အရ အဘယ်ကို ယူရမည်ကို ဖော်ပြ၍၊ ခါဒနီယ, ဘောဇနီယ-အရ ခွဲခြားပြပါ....?။

(၁၀၈၂) ဖြေ။ ။အဝဿုတ-အရ၊ချစ်,ကြိုက်မှု ဆန္ဒရာဂ သာမည်ကို ယူရပါမည်၊ ရေ,ဒန်ပူကိုထား၍ ကြွင်းသော ခဲဖွယ် ဟူသမျှသည် ခါဒနီယ၊ ဘောဇဉ် ၅-ပါးသည် ဘောဇနီယ-မည်၏။

* ဆန္ဒရာဂ၊ သာမည်၊ မ,ဆ အဝဿု။

မှတ်ချက်။ ။အသာဓာရဏပါရာဇိက-ပထမ,စတုတ္ထ သိက္ခာ ပုဒ်လာ အဝဿုတကား....ကာယသံသဂ္ဂ ရာဂ၊ သံဃာဒိသေသ် ပဌမ,ဆဋ္ဌမ အဝဿုတကား.... ဆန္ဒရာဂ သာမည်။ (ဤသို့ ထူးသည်။)

● ဥဘတောအဝဿုတ,ကေတောအဝဿုတ-ဖြစ်၍ ခဲဖွယ် ဘောဇဉ်ကို ခံယူစားသောက်မှုအတွက်အဘယ်အာပတ် သင့်သည်ကို ပိုင်းခြားခဲ့ပါ....?။

(၁၀၈၃) ဖြေ။ ။ဥဘတောအဝဿုတ-ဖြစ်၍ ခံယူမှုမှာ ထုလ္လစ္စည်း၊ မျိုတိုင်း, မျိုတိုင်း သံဃာဒိသေသ်၊ ကေတော အဝဿုတ - ဖြစ်၍ ခံယူမှုမှာ ဒုက္ကဋ်၊ မျိုတိုင်း, မျိုတိုင်း ထုလ္လစ္စည်း သင့်ပါသည်။

http://www.dhammadownload.com

ဖွဲ့တ်ချက်။ ။ဘိလုံး,ပြိတ္တာ, ပဏ္ဏုက် စသည်တို့က ပေးသော ခဲ့ဖွယ်,ဘောဇဉ်ကိုခံယူရာ၌ (ဥဘတောအဝဿုတ, ကေတောအဝဿုတ ၂-ခုလုံးပင်)ဒုက္ကဋ်၊ စားရာ၌ကား..., ဥ ဘ တော အဝဿုတ - ဖြစ်သော် ထုလ္လစ္စည်း၊ ကေတောအဝဿုတ-ဖြစ်သော်ဒုက္ကဋ် သင့်ပေသည်။

---

❷ အသာဓာရဏ ပါရာဇိက ပထမသိက္ခာပုဒ်လာ ကေတော အဝဿုတ-နှင့် ပဌမ သံဃာဒိသေသ်လာ ကေတော အဝဿုတ-အရ အဘယ်သို့ ထူးသည်ကို ရေးခဲ့ပါ....?။

(၁၀၀၄) ဖြေ။ ။အသာဓာရဏ ပါရာဇိက ပထမသိက္ခာ ပုဒ်လာ ကေတော အဝဿုတ အရကား... ဘိက္ခုနီ တဦးတည်း ကိုသာ ရ၏၊ ပဌမ သံဃာဒိသေသ်လာ ကေတော အဝဿုတ-အရကား.... ဘိက္ခုနီပင် ဖြစ်စေ, ပုရိသပင် ဖြစ်စေ သာမန် ဘဦးဦးကို ရ၏။ (ဤသို့ ထူးပါသည်။)

---

❸ ဆဋ္ဌမ သံဃာဒိသေသ်-၌ တိုက်တွန်းသောရဟန်းမအား အာပတ်သင့်ပုံကို ခွဲခြားပြပါ....?။

(၁၀၀၅) ဖြေ။ ။တိုက်တွန်း စကား ပြော ကြား ခြင်း, ဘိုက်တွန်းအပ်သော ဘိက္ခုနီမ ခံယူခြင်း၌ ဒုက္ကဋ်၊ တိုက်တွန်း အပ်သူ စားတိုင်း ထုလ္လစ္စည်း၊စားပြီးသောအခါ သံဃာဒိသေသ် သင့်ပါသည်။

---

❹ ဒွါဒသမ သံဃာဒိသေသ်-၌၊သံသဋ္ဌ, ပါပါစာရ, ပါပါ သဒ္ဒ, ပါပသိလောကာ-ဟူသည် အဘယ်နည်း၊ ဝဇ္ဇပဋ္ဌိဗ္ဗာ ဒိကာ-၌ ဝဇ္ဇ-အရကိုပေါ်ပြ၍၊ ဘိက္ခုနီသံဃာ ဝိဟေ သိကာ-အရ ညှဉ်းဆဲပုံကို ရေးခဲ့ပါ....?။

http://www.dhammadownload.com

(၁၀၈၆) ဖြေ။ ။သံသဋ္ဌ ဝသည် ပည်ပုံ-

* လူဘိုအလုပ်၊ ပါဝင်ရှုပ်၍၊ ချက်ပြုတ်ထမင်း၊ မောင်းထောင်းခြင်းနှင့်၊ သတင်း ဆောင်မှု၊ စသည်ဖြင့်၊ ရောမှ သံသဋ္ဌာ။
* မကောင်းသဖြင့်၊ ကိုယ်,နှုတ်,ဟန့်ခြင်း၊ ရှိလျှင် ပါပါ၏။
* ကျင့်မကောင်း၍၊ မကောင်းသတင်းမှား၊ တွက်နေကြား၊ မှတ်သား ပါသဋ္ဌာ။
* အလိုရှားထား၊ ဒေါသမှားဖြင့်၊ ကျော်ကြားပန်မှ၊ သက်ခွေးမှ၊ မှတ်ရှု သိလောကာ။

ဝဋ္ဌ-အရ-

* ခုဒ္ဒါနု ခုဒ္ဒက၊ ပြစ်ဝဋ္ဌ၊ ဖုံးတ ပဋ္ဌာ။

ဝိဟေသိကာ-အရ ညှဉ်းဆဲပုံ

* နိဂ္ဂဟကံ၊ ပြုမည့်ကြောက်၊ ထိုကံမဖြစ်၊ နှောင့်ယှက်လင်၍၊ တားမြစ်ခြင်းရာ၊ ပြုမှုရာ၊ သံဃာ ညှဉ်းဆဲမည်။

● တေရသမ သံဃာဒိသေသ်-၌၊ ဝိဝိဓ-ဟူသည် အဘယ်နည်း၊ ဘိက္ခုနီမသည် သံဃာသင်းခွဲခြင်းကို ပြုနိုင်, မပြုနိုင် ရေးခဲ့ပါ....?။

(၁၀၈၇) ဖြေ။ ။ဝိဝိဓ-ဟူသည်၊ ဟန်း တို့ အားမလျောက်ပတ်သော ကိုယ်, နှုတ်အားပြင့် ရှုပ်ကွေးမှု (လူဘို့နှင့် ရောနှောမှု)ကို စွန့်ခြင်းကို ဆိုပါသည်။

ဘိက္ခုနီမသည် သံဃာ သင်းခွဲခြင်းကို မပြုနိုင်ပါ။ ကွဲပြားအောင်အားထုတ်ခြင်း, နောက်လိုက်လုပ်ခြင်းတို့ပြုနိုင်ပါသည်။

* ကိုယ်,နှုတ် ရှုပ်ပွေ၊ ရောနှောခေါ်ယူ ရှုပ်ရေ ဝိဝိဓဘာ။

---

http://www.dhammadownload.com

● ဥညာယ, ပရိဘဝန, အကွန္တိ, ဝေဘဿိယ-တို့ မည်ပုံကို ရေးခဲ့ပါ....?။

(၁၀၀၇) ဖြေ။ ။ဥညာယ ၀သည် မည်ပုံ-

* နှိမ်ချသမျှ၊ ထေမဲ့ပြု၊ မှတ်ရှု ဥညာယာ။
* လွှမ်းမိုးလေ၏၊ နှိပ်စက်ဘိ၊ ပရိဘဝနာ။
* ဒေါသပြင်းထန်၊ သည်းမခံ၊ အကွန္တိယ သာ။
* အင်အားဖော်ပြ၊ မြှင့်ခြောက်က၊ မှတ်ပ ဝေဘဿ ပါ။

● ဘိက္ခုနီ သံဃာဒိသေသ် ၁၇-ပါးတို့ကို သာဓာရဏ, အသာဓာရဏ အားလျော်စွာခွဲ၍၊ သာဓာရဏ, အသာဓာရဏ သံဃာဒိသေသ်တွင် ပထမာပတ္တိက, ယာဝ တတိယက သိက္ခာပုဒ်ပေါင်း မည်မျှရှိသည်ကို ရေးခဲ့ပါ....?။

(၁၀၀၈) ဖြေ။ ။သာဓာရဏ ၇၊ အသာဓာရဏ ၁၀၊ } ပေါင်း-၁၇။

သာဓာရဏ ၇-တွင် ပထမာပတ္တိက-၃၊ယာဝတတိယက-၄။ အသာဓာရဏ ၁၀-တွင် ပထမာပတ္တိက-၆၊ ယာဝတတိယက ၄-ပါးစီ ရှိပါသည်။

* သာဓာ-သတ္တ၊ အသာဓ၊ ဒသ ဒိသ်သံဃာ။
* ပ-သုံး, တတိ၊ လေးပါးရှိ၊ မှတ်ဘိ သာဓာမှာ။
* ပထမာ-ဆဋ္ဌ တတိယ၊ လေးဝ အသာဓာ။

● ဘိက္ခုနီမတို့မှာ အဘယ်ကြောင့် ပ ကွမာနတ် ကျင့်ရပါသနည်း၊ မာနတ်ကို အဘယ် သံဃာထံ၌ တောင်းရ, ကြားရ, ချရမည်ကို ရေးခဲ့ပါ....?။

http://www.dhammadownload.com

(၁၀၉၀) ဖြေ။ ။ဘိက္ခုနီမတို့အား အာပတ်ကို ပုံးလှမ်းသော်လည်း၊ ပရိဝါသ်နေခြင်း, ပဋ္ဌိစ္ဆာဒန ဒုက္ကဋ်အာပတ် သင့်ခြင်း မရှိသောကြောင့် ပက္ခမာနတ် ကျင့်ရပါသည်။

မာနတ်ကို ဘိက္ခုနီသံယာ၌သာ တောင်းရမည်၊ ကြားသော အခါ-ဘိက္ခုနီ သံယာ့ထံ၌ အလျင်ကြား၍ နောက်မှ ဘိက္ခု သံယာထံတွင် ကြားရသည်၊ချသောအခါ-ဘိက္ခုနီ တပါးတည်း ထံ၌လည်း ချနိုင်ပါသည်။

ဘိက္ခုနီ သံယာဒီဃသ ပြီး၏။

---

http://www.dhammadownload.com

ဘိက္ခုနီ နိဿဂ္ဂိယ

●

● ဘိက္ခု-ဘိက္ခုနီ ပတ္တဝဂ် ပထမ သိက္ခာပုဒ် ၂-ခုတို့၏ အထူးကို ရေးခဲ့ပါ....?။

(၁၀၉၁) ပြေ။ ။*ဘိက္ခု-ဒသ၊ မ-ကေ၊လွန်ထ အာပတ် ထူးသတဲ့။

● အကာလ သက်နှီးကို ကာလ သက်နှီးပြု၍ ဝေဖန်ခြင်း ကြောင့် ရသော သက်နှီးကို ဝိနည်းကဲ့အတိုင်း စွန့်ပြီးက မိမိ သုံးဆောင်ခွင့် ရ,မရ ရေးခဲ့ပါ....?။

(၁၀၉၂) ပြေ။ ။မရပါ၊ ၁ကာ ရည်ရွယ်ရင်း သံဃာ, ဂိုဏ်း, ပုဂ္ဂိုလ်ကိုသာ ပြန်ပေးရပါမည်။

● ပတ္တဝဂ် တတိယ သိက္ခာပုဒ်၌၊ သဘောတူ လဲပြီးသော သက်နှီးကို လုယူ,လုစေခြင်း၌ အာပတ်သင့်ပုံကို ခွဲခြား ပြ၍၊ သက်နှီးကို လုရာတွင် အဘယ့်ကြောင့် ပါရာဇိက မကျသည်ကိုလည်း ရှင်းခဲ့ပါ....?။

(၁၀၉၃) ပြေ။ ။ထုပ်ထားသောသက်နှီးကို လုယူ,လုစေက အာပတ်တခုက်၊ တထည်စီနေသော သက်နှီးများကို လုယူ, လုစေက သက်နှီးအရေအတွက်နှင့်အမျှ အာပတ် သင့်ပါသည်။

သက်နှီးကို လုရာတွင် သကသညာစိတ်ရှိသောကြောင့် ပါရာ ဇိက မကျခြင်း ဖြစ်ပါသည်။

(သကသညာ မရှိမူ ဝတ္ထုအလိုက် ဆုံးဖြတ်ရမည်။)

---

http://www.dhammadownload.com

(၁၀) ပတ္တာဝဂ် ၈တုတ္ထ သိက္ခာပုဒ်၌၊ ပြောင်းလဲ တောင်းဆိုမှု အတွက် အဘယ်အာပတ် သင့်မည်နည်း....?။

(၁၀၉၄) ဖြေ။ ။*ပြောင်းလဲ တောင်းလတ်၊ သင့်ဒုက္ကဋ်၊ ရုလတ် နိဿဂ္ဂိ။

---

(၁၁) ပြောင်းလဲ တောင်းခြင်းကြောင့် အာပတ် မသင့်သော အကြောင်းများရှိက ထုတ်ပြပါ....?။

(၁၀၉၅) ဖြေ။ ။*အမှန်လိုထ၊အကျိုးပြု၍၊မူလတောင်း တာ၊ပယ်စွန့်ကာ၊တောင်းရာ နာပတ္တိ။

---

(၁၂) အညဒတ္ထိကနှင့် ဘညုဒ္ဓိသိက-တို့သည် တူသလော, ထူးသလောရေး၍၊ ၎င်းတို့၏ အခီပွာယ်ကို ဖော်ပြပါ....?။

(၁၀၉၆) ဖြေ။ ။*ဝေါဟာ ထူးထ၊ သဘာဝ၊ တူထ ဤနှစ်ဖြာ။

အခြား ပစ္စည်းအကျိုးငှါ လူအပ်သော ပစ္စည်း ဝတ္ထုသည် အညဒတ္ထိက၊ အခြား ပစ္စည်းကို ညွှန်ပြ၍ လူအပ်သော ပစ္စည်း ဝတ္ထုသည် အညုဒ္ဓိသိက-မည်ပါသည်။

---

(၁၃) သံဃိက, မဟာဇနိက-တို့၏ ထူးခြားဟန်ကို ရေး၍၊ ဂရုပါဝုရဏ, လဟုပါဝုရဏတို့ကို အဘယ် ရာသီ, ကာလတွင် သုံးဆောင်ရမည်နည်း....?။

(၁၀၉၇) ဖြေ။ ။*လေးပါးပိုင်ဘိ၊ ခေါ်သံဃိ၊ ဒ္ဒိ,တိ ပိုင်မှာ ဇနိကာ။

*ဆောင်း,မိုး,ကာလ၊ ဂရုပ၊ နွေလ လဟုပါ။

---

http://www.dhammadownload.com

● တကံသ, ၄-ကံသမှာ ကဟာပဏ မည်မျှ ရှိပါသနည်း၊ ၄-ကံသ, ၂-ကံသခွဲထက် ပိုလွန် ထိုက်တန်သော ဂ၅-လဟု ပါဝုရဏတို့ကို အဘယ်မှာမှ မတောင်းရဟု မှတ်ရ မည်လော ရှင်းခဲ့ပါ....?။

(၁၀၉ဂ) ဖြေ။ ။*တကံသမှာ၊ ၊ လေးသပြာ၊ လေးမှာ ဆယ့်ခြောက်ကျပ်။

*ဆွေမျိုးတော်ထ၊ ဖိတ်မူလ၊ ဒကာ့ထံ တောင်းအပ်။

*တစုံတခု၊ ကြည်ညိုမှုကြောင့်၊ ဖိတ်သူ ထံသာ၊ မပိုရာ၊ ပိုလာ သင့်အာပတ်။

● ဘိက္ခုနီ နိဿဂ္ဂိယ ပါစိတ်၌၊ သာဓာရဏ, အသာဓာရဏ သိက္ခာပုဒ်ပေါင်း မည်မျှ ရှိသည်ကို ဝဂ်အားလျော်စွာ ခွဲခြားပြပါ....?။

(၁၀၉၉) ဖြေ။ ။သာဓာရဏမှာ-ဒုတိယဝဂ်၌-ဂ၊တတိယ ဂဂ်၌-၁၀၊ ပေါင်း (၁ဂ)။

အသာဓာရဏမှာ - ပထမဝဂ်၌ - ၁၀၊ ဒုတိယဝဂ်၌ - ၂၊ ပေါင်း(၁၂)။

အားလုံးပေါင်းသော် နိဿဂ္ဂိ (၃၀) ဖြစ်ပါသည်။

* ဆယ့်ရှစ်သာဓာ၊ ဌါဒသာ၊ အသာဓာရ၌ နိဿဂ္ဂိ။

ဘိက္ခုနီ နိဿဂ္ဂိယပါစိတ် ပြီး၏။

---

http://www.dhammadownload.com

ဘိက္ခုနီ သုဒ္ဓ ပါစိတ်

လသုဏ္ဌ ဝဂ်

(၁) လသုဏ် ခါဒေယျ-၌၊လသုဏ-အရ အဘယ် ကြက်သွန်မျိုးကို ယူရမည်နည်း၊ ထို ကြက်သွန်ကို လက်သုပ်, ဟင်းလျှာ စသည်၌ ချက်၍စားအပ်,မစားအပ် ဆုံးဖြတ်ခဲ့ပါ....?။

(၁၁၀၀) ဖြေ။ ။လသုဏ-အရ

* မဂဓ တိုင်းပေါက်၊ လေးမြောင့် ထက်မှား၊ စိမ်းမြစ်ခြား၊ မှတ်သား လသုဏ။
* လက်သုပ်,ဟင်းလျှာ၊ ထည့်ချက်တာ၊ စားတာ နာပတ္တိ။

---

(၂) စားအပ်သော ကြက်သွန်အမျိုးအစားကို အဓိပ္ပာယ်နှင့် တကွ ဖော်ပြပါ....?။

(၁၁၀၁) ဖြေ။ ။စားအပ်သော ကြက်သွန်မျှားကား-

၁-ပလဏ္ဍုက=ဖြူ့ တော့ ၍ ၁ - မြောင့်သာ ရှိသော ကြက်သွန်၊

၂-ဘဒ္ဒနက=နီ၍ ၂-မြောင့်သာ ရှိသော ကြက်သွန်၊

၃-ဟရိတက=စိမ်း၍ ၃-မြောင့်သာ ရှိသော ကြက်သွန်၊

၄-စာပလသဏ=အမြောင့် လုံးဝပမ္ပါ အညွှန့် အမြီတ်သာ ရှိသော ကြက်သွန်၊

* ပလဏ္ဍုကာ၊ တမြောင့်သာ၊ ဆင်းမှာ ဖြူ့တော့ဝါ။
* ဘဒ္ဒနက၊ နှစ်ခြောင့်ပ၊ နီထ အဆင်းမှာ။

http://www.dhammadownload.com

* ဟရိတက်၊ သုံးမြောင့်မှန်၊ စိမ်းပြန် သစ်ရွက်ပမာ။
* စာပ မှာကား၊ အမြိတ်စား၊ မြောင့်ကား နတ္ထိပါ။

● မစားအပ်သော မဂဇတိုင်းဖြစ် ၄-မြောင့်ရှိ ကြက်သွန်ဖြူကို ရဟန်းများစားကောင်းပါမည်လော ရေးခဲ့ပါ-?။

(၁၁၀၂) ဖြေ။ ။လေနာ ရောဂါ စသည်ရှိ၍ ဓာတ်စာ သဘောဖြင့်ကား.... စားကောင်း၏၊ အပြစ်မရှိ။ သို့မဟုတ်လျှင်ကား....မစားအပ် ဒုက္ခဋ္ဌအာပတ် သင့်ပါသည်။

● သမ္မာဒေ လောမ် သံဟရာပေယျ-ဌ၊ သမ္မာဒ-အရကို ဖော်ပြ၍၊ သံဟရာပေယျ-ဃရ အဘယ်ဝတ္ထုဖြင့် အဘယ်သို့ ပြုခြင်းကို ဆိုလိုပါသနည်း ရေးခဲ့ပါ....?။

(၁၁၀၃) ဖြေ။ ။*လက်ကတီးကြား၊ချိုင်း, ပေါင်ကြား၊ မှတ်သား သမ္မာဒ။
*ကတ်ကြေး, မွေးညှပ်၊ ခား-ရိတ်, ဖြတ်၊ နုတ်လတ် သံဟရာပန။

● လောမသံဟရာပနအတွက်အဘယ်ပုံအာပတ်သင့်သည်ကို ဘိက္ခု-ဘိက္ခုနီအားလျှောင်စွာရေး၍၊ လက်ဖြင့်ပုတ်ခတ်မှ တလဿာတက-ဟု ဆိုရမည်လော ရှင်းခဲ့ပါ....?။

(၁၁၀၄) ဖြေ။ ။လောမသံဟရာပနအမှုကို ဘိက္ခုနီပြုက လုံ့လပယောဂ အရေအတွက်နှင့်အမျှ ပါစိတ်၊ ဘိက္ခုပြုက ဒုက္ခဋ္ဌ အာပတ် သင့်ပါသည်။

လက်ဖြင့် ပုတ်ခတ်မှ တလဿာတလ ဆိုရသည် မဟုတ်၊ အယုတ်သဖြင့် ကြာရှက်, ကြာပွင့်သော်မှ မပုတ်ခတ်အပ်ပါ၊ ဆိုသို့ပြုက တလဿာတက-ဟုပင် ဆိုရပါသည်။

---

http://www.dhammadownload.com

(၁) ဇတုမဋ္ဌကေ-ဟု ဆိုခြင်းကြောင့် ချိပ်ဘောင့်မှ တပါး အခြား ဝတ္ထုမျှားသင်းက အပြစ်ရှိပါမည်လော ဖော်ပြပါ....?။

(၁၁၀၅) ဖြေ။ ။နိဒါန်း ဝတ္ထု၏ အစွမ်းအားလျော်စွာ ဇထုမဋ္ဌကေ-ဟု ဆိုရပါသည်၊ အမှန်မှာ....မည်သည့် အရာဝတ္ထု အတံကိုမျှ(အယုတ်သဖြင့်ကြာဝတ်ဆံကိုမျှ)မသွင်းကောင်းပါ။

* ကြာဝတ်ဆံမျှ၊ မသွင်းရ၊ သွင်းက ပါဒိတ်ပေ။
* နိဒါန်းဝတ္ထု၊ ပညတ်ပြု၊ ဇတု မဋ္ဌကေ။

---

(၂) ဥဒကသုဒ္ဓိ-ဟူသည် အဘယ်သို့ ပြုခြင်းကို ဆိုပါသနည်း၊ ဒွဂုံလပဇ္ဇပရမ်-အရ လက်ချောင်းအားလျော်စွာ သွင်းရ မည်ပုံကို ရေးခဲ့ပါ....?။

(၁၁၀၆) ဖြေ။ ။ဥဒကသုဒ္ဓိ - ဟူသည်၊ အင်္ဂါဇာတ်ကို ရေဆေးခြင်းကို ဆိုလိုပါသည်။

ဒွဂုံလပဇ္ဇပရမ်-အရ၊လက် ၂-ချောင်းသွင်းက တချောင်းမှာ တဆစ်ကျ ဟူရ၍ ပထမ လက်ဆစ်အထိသာ သွင်းရမည်။

လက်ဘချောင်းသာသွင်းမူ၊ ဒုတိယ လက်ဆဝ်အထိ ၂-ဆစ် သွင်းနိုင်၏၊ ၃ - ဆစ်သော် လည်းကောင်း၊ လက် ၃-ချောင်း သော် လည်းကောင်း မသွင်းကောင်းပါ၊ သွင်းက အာပတ် သင့်ပါတည်။

* နှစ်ချောင်းသွင်းက၊ တဆစ်ကျ၊ ပထမ လက်ဆစ်သာ။
* တချောင်းသွင်းဘိ၊ နှစ်ဆစ်ထိ၊ သုဒ္ဓိ ပြုနိုင်ပါ။

---

http://www.dhammadownload.com

● လသုဏဝဂ် ဆဋ္ဌမသိက္ခာပုဒ်၌၊ ဘုဥ္ဇန္တသာ-အရအဘယ်ကို ယူရမည်ကိုရေး၍၊ ပါနီယ, ဝိဓူပန-အရ ဖော်ပြခဲ့ပါ....?။

(၁၁၀၇) ဖြေ။ ။ဘုဥ္ဇန္တသာ-အရ ဘောဇဉ် ၅-ပါးကို ယူရပါမည်။

(ခဲဖွယ်ကိုစားဆဲ၌ အနီးကပ်၍ ရေပေး, ယပ်ခတ်မှု ဒုက္ကဋ်။)

ပါနီယ-အရ၊ ရေသက်သက်, ရက်စာက်, နွားမ်ေး, ပျားရည်, နွားရည်-စသည်ကို ယူရပါမည်။

ဝိဓူပ နှ-အရ၊အယုတ်သဖြင့် သက်နှုန်းစွန်းမှ အစပြု၍ အမှုတ် မရှိသော ယပ်လေခတ်ခြင်းကို ယူရပါမည်။

● ဥပတိဋ္ဌေယျ-အရ၊ အဘယ်မျှလောက် နီးကပ်စွာနေခြင်းကို ဆိုလိုပါသနည်း ရှင်းခဲ့ပါ....?။

(၁၁၀၈) ဖြေ။ ။*နှစ်တောင့်ထွာတွင်း၊ နီး ကပ် ချဉ်း၊ နေခြင်း ဥပတိဋ္ဌေယျ။

● အာမကဓညေ-စပါးစိမ်းဟူသည်၊ အစိမ်း သက်သက်ကို ဆိုလိုပါသလောရေး၍၊ထိုအာမကဓညကိုဥတို, ပဝါရိတ ထံ၌ တောင်းအပ်, မတောင်းအပ် ဆုံးဖြတ်ခဲ့ပါ....?။

(၁၁၀၉) ဖြေ။ ။**အာမကဓည - စပါးစိမ်း** - ဟူ သည်၊ အစိမ်းသက်သက်မှသာ မဟုတ်၊ ခြောက်သည် ဖြစ်စေ, စိုသည် ဖြစ်စေ၊ ဆန်အဖြစ်သို့ မရောက်သေးသမျှသော စပါး(၇)မျိုးကို စပါးစိမ်း-ဟု ဆိုရပါသည်။

အာမကဓညကို ဥတို, ပဝါရိတကိုမဆိုထားဘိ မိ-ဘသော်မှ မတောင်းအပ်ပါ။

http://www.dhammadownload.com

* ဆန် မဖြစ်သမျှ၊ ခြောက်-စိုသ၊ ဧည ဘာမကာ။
* မိ-ဘ သော်မှ၊ မတောင်းရ၊ တောင်းက ပါစိတ်သဝ။

---

❶ မတောင်းပဲသော်လည်းကောင်း၊ သူတပါး တောင်းရ်ခြင်းသော် လည်း ကောင်း ရသော စပါး စိမ်း ကို လှော်, ထောင်း, ချက်မှုပြုက အဘယ်အာပတ် သင့်မည်နည်း၊ တောင်းကောင်းရာအခါကိုလည်း ရေးခဲ့ပါ....?။

(၁၁၁၀) ဖြေ။ ။*တောင်း-စား မဖက်၊ လှော်, ထောင်း, ချက်၊ ပြုတွက် ဒုက္ကဋ်သင့်။
*အနာရှိလစ်၊ ဆေးအဖြစ်၊ တောင်းလစ် ပြစ်မသင့်။

မှတ်ချက်။ ။ဤသိက္ခာပုဒ်၌ အာမကဓညကို တောင်း, စား၂-မျိုးသာ ပါစိတ်သင့်ကြောင်းဖြစ်သည်၊ လှော်, ထောင်း, ချက်မှာ ဒုက္ကဋ်သာ။

---

❷ လသုကဝဂ် ဆဌမသိက္ခာပုဒ်လာ ဝိဃာသ-အရဖော်ပြ၍၊ တိရောကုဋ္ဌေ၀ါ, တိဒရောပါကာရေ၀ါ-၌ ကုဋ္ဌ,ပါကာရ အပြားကိုလည်း ရေးခဲ့ပါ....?။

(၁၁၁၁) ဖြေ။ ။ဝိဃာသ-အရ၊ လုပ်ဆေးရေ, ဒန်ပူ, စားရိုး, စားဖတ်, စားအပ်ပြီးသည်မှ အကြွင်းကို ဝိဃာသ-ဟု ဆိုရပါသည်။

ကုဋ္ဌ,ပါကာရ အပြားကား.... အုတ်, ကျောက်, သွပ်၊ ခေါင်း (၃) ပါး ဖြစ်ပါသည်။

* ဒန်ပူ, ဆေးရေ၊ စားကြွင်းတွေ၊ မှတ်လေ ဝိဃာသ။
* အုတ်, ကျောက်, သစ်သား၊ ဤသုံးပါး၊ မှတ်သား ကုဋ္ဌ ပါကာရ။

---

http://www.dhammadownload.com

● လသုဏာဝဂ် နဝမသိက္ခာပုဒ်လာ ဟရိတ-အရ အဘယ်ကို ယူရမည်နည်း၊ စွန့်ကောင်းရာ ဟရိတ ဌာနကိုလည်း ဖော်ပြပါ....?။

(၁၁၁၂) ဖြေ။ ။ဟရိတ-အရ၊ လယ်တော,အုန်းတော, ငှက်ပျော စ-စွာ ကောက်, ပဲ, သစ်ပင်ရှိရာအရပ်ကို ယူရပါမည်။

သံဃိကဖြစ်သော လယ်ယာ အခင်း, ပိုင်ရှင်ကို ခွင့်တောင်းထားသော လယ်ယာအခင်းဖြစ်မူ စွန့်ကောင်းပါသည်။

* လယ်တော,အုန်းကော၊ငှက်ပျော စ-စွာ၊ ရှိလယ်ယာ၊ မှတ်ပါ ဟရိတ။
* သံဃာပိုင်ခင်း၊ ခွင့်ရခင်း၊ ဖြစ်လျှင်း နာပတ္တ။

● ပွဲကြည့်သော ဘိက္ခု-ဘိက္ခုနီမအား အဘယ် အာပတ် သင့်မည်နည်း၊ ပုဂ္ဂိုလ်,ပယောဂအလိုက် အာပတ်သင့်ပုံကို ခွဲပြပါ....?။

(၁၁၁၃) ဖြေ။ ။*ဘိ က္ခု မှာ ကား၊ ကြည့် ရန် သွား၊ ကြည့်ငြား ဒုက္ကဋ်ပေ။

*ဘိက္ခုနီမှာ၊ သွားရာ ဒုက္ကဋ်၊ ရှုကြည့် လတ်၊ အာပတ် ပါစိတ်ပေ။

*ခြေလှမ်း- စောင်း, လှည့်၊ ပြောင်း၍ ကြည့်၊ သင့်ဘိ ပယောဂေ။

● ကိုယ်တိုင် တီး,က,ဆိုမှ ပြုသော ဘိက္ခု-ဘိက္ခုနီတို့အား အဘယ်အာပတ် သင့်ပါသနည်း ရေးခဲ့ပါ....?။

(၁၁၁၄) ဖြေ။ ။*ကျား-တီး, ဆို, က၊ ဒုက်-သင့်ထ၊ နီက-ပါစိတ်ပေ။

---

http://www.dhammadownload.com

● ပွဲကြည့်တိုင်း အာပတ်သင့်ပါသလော၊ ကြည့်ကောင်းပုံ နည်းရှိက စုံလင်စွာ ထုတ်ပြပါ....?။

(၁၁၁၅) ဖြေ။ ။ပွဲ ကြည့် ဗိုင်း အာ ပတ် မသင့်ပါ ကျောင်းတိုက် အရံအတွင်းမှာ လည်းကောင်း၊ မိမိ ရှေမှောက် အလိုအလျောက် ရောက်လာသည်ကိုလည်းကောင်း၊ လမ်းသွား ရင်း ခရီး ရင်ဆိုင်ကြုံသဖြင့် လည်းကောင်း၊ ဘေးရန်ကြောင့် ပွဲခင်းအတွင်း ဝင်ပြေးရင်း လည်းကောင်း ကြည့်က အာပတ် မသင့်ပါ။

* မိမိနေရာ၊ ရောက်လာရှေမှောက်၊ လမ်းလျှောက်ဘွေ့ဆုံ ဘေးရန်ကြုံ၊ ကြည့်တဲ့ ပြစ်မသင့်။

လသုဏ္ဏဝဂ် ဖြေ၏။

ရတ္တန္ဓကာရ ဝဂ်

● အပ္ပဒီပ-အရ အဘယ်ကိုယူရမည်နည်း၊ ရတ္တန္ဓ ပ,ဒု,တ,စ တို့ဌာ်လာသော ပုရိသ-အရ အလိုရှိအပ်သောယောကျ်ား ကို ဖော်ပြပါ... ?။

(၁၁၁၆) ဖြေ။ ။အပ္ပဒီပ-အရ-

* နေရောင်,လရောင်၊ဆီမီးရောင်၊ ကင်းမှောင်ဌာန၊အပ်ဒီပ။

ပုရိသ-အရ-

* အတူရပ်ခြား၊ စကားဆိုရာ၊ သိလိမ္မာ၊ယှပါ ပုရိသ ရတ္တန္ဓ။

● အဘယ်သို့ တည်နေ,ပြောဆိုခြင်းကို သန္ဓိဌေယျ, သလ္လ ပေယျ-ဟု ဆိုရပါသနည်း၊ ရတ္တန္ဓ-ပဌမ, ဆဋ္ဌ, သတ္တမ သိက္ခာပုဒ်မျာ်းလာ ပုရေဘတ္တ,ပစ္ဆာဘတ္တ,ဝိကာလတို့၏ အထူးကိုလည်း ရေးခဲ့ပါ....?။

http://www.dhammadownload.com

(၁၁၁၇) ပြေ။ ။ဟတ္ထပါသ်အတွင်းခ္ဍရပ်၍ပြောဆိုခြင်းကို သန္ဓိဌေယျ,သလ္လပေယျ-ဟု ဆိုရပါသည်။

(ဟတ္ထပါသ်မှ လုတ်နေလျှင် ဒုက္ခဋ္ဌ။)
အရုဏ်တက်မှ မွန်းတည့်အထိ ပုရေဘတ္တ။
မွန်းလွဲမှ နေဝင်အထိ ပစ္ဆာဘတ္တ။
နေဝင်မှ အရုဏ်တက်အထိ ဝိကာလ။
(ဤသို့ ထူးပါသည်။)

ပုတ်ချက်။ ။စာရိတ္တ သိက္ခာပုဒ် လာ ပုရေဘတ္တကား... ဆွမ်းမစားမီ၊ ပစ္ဆာဘတ္တကား.... ဆွမ်းစားပြီး၊ ဝိကာလဘောဇန ဂါမပ္ပဝေသန သိက္ခာပုဒ်လာ ဝိကာလကား.... မွန်းလွဲမှ အရုဏ်တက် အထိ တမျိုးယူခဲ့သည်ကို သတိပြုရန် ဖြစ်သည်။

● ရတ္တန္ဓ-ပဠုမ, ဆဋ္ဌ သိက္ခာပုဒ်လာ အာသနနှင့် သတ္တမ သိက္ခာပုဒ်လာ သေယျ-တို့၏အရကိုဖော်ပြ၍၎င်းသိက္ခာပုဒ်မျှားပါ သာမိကတို့၏ အထူးကို ရေးခဲ့ပါ....?။

(၁၁၁၈) ပြေ။ ။ရတ္တန္ဓပဠုမ,ဆဋ္ဌသိက္ခာပုဒ်လာ **အာသန**-အရကား....တင်ပျဉ်ခွေ၍နေလောက်သော ထိုင်ခုံအခင်းမျှားကို ယူရပါမည်။

သတ္တမ သိက္ခာပုဒ်လာ **သေယျ**-အရကား.... အယုတ်သဖြင့် မြက်အခင်းမှစ၍ အိပ်ရာအခင်းမျှားကို ယူရပါသည်။

ပဠုမ သိက္ခာပုဒ်လာ **သာမိက**ကား....လိမ္မာရေးခြားရှိသော နားလည်သူ အိမ်သား တယောက်ယောက်တည်း။

ဆဋ္ဌ,**သတ္တမ** သိက္ခာပုဒ်လာ **သာမိက**ကား .. အိပ်ရာ,နေရာကို ဒေးပိုင်ခွင့်ရှိသူ(အိမ်ရှင်လူကြီး) တည်း။ (ဤသို့ ထူးပါသည်။)

http://www.dhammadownload.com

* ထိုင်ခုံခင်းမှာ၊ အာသနာ၊ အိပ်ရာခင်း သေယျာ။
* မြက်ခင်းမှစ၊ ဟူသမျှ၊ သေယျ မည်သည်သာ။
* လိမ္မာရေးခြား၊ နားလည်ခြားသည့်၊ အိမ်သားယူရ၊ ပဌမလာ။ သာမိကာတည့်၊ ဆဋ္ဌ,သတ္တ၊ သာမိက၊ ယူရ လုံ့ကြီးသာ။

● ရတ္တန္ဓ ပဌမ သိက္ခာပုဒ်အရ၊ အာပတ် သင့်ပုံကို ဌာန အလိုက် ခွဲခြား ရေးသား၍၊ မပန်ကြားပဲ သွားတိုင်း အာပတ် သင့်ပါသလော ရှင်းခဲ့ပါ....?။

(၁၁၁၉) ဖြေ။ ။**အိမ်တွင်းဖြစ်မှု**-တံခါက်မြီက်ကို ပ-ခြေ ,ွန်က ဒုက္ခ၊ ဒု-ခြေလွန်က ပါစိတ်။

လွင်တီးခေါင်ဖြစ်မှု၊ ၁၂-တောင်ဥပစာကို ပ-ခြေလွန်သော် ,ါစိတ်အာပတ် သင့်ပါသည်။

အသံဟာရိမ-ရှေ့ပြောင်းမရ၊ အသေခင်းထားသော အခင်း ,ှစ်မှု၊ မပန်ကြားပဲ သွားသော်လည်း အနာပတ္တိ အပြစ်မရှိပါ။

● ရတ္တန္ဓ-ဆဋ္ဌ သိက္ခာပုဒ်အရ၊ အာပတ်သင့်ပုံကို ပယောဂ အလိုက် ပိုင်းခြားပြ၍၊ အိပ်,ထိုင်,ပြုတိုင်းပင် အာပတ် သင့်ပါသလော ရှင်းခဲ့ပါ....?။

(၁၁၂၀) ဖြေ။ ။ထိုင်ရုံ ထိုင်က အာပတ်တခု၊ အိပ်ရုံ ,ိပ်က အာပတ် တခု၊ ထိုင်,အိပ် ၂-မျိုးလုံးပြုက အာပတ် -ခု၊ သင့်ပါသည်။

ဧဝပညတ္တ ဘိက္ခုနီများအဖို့ အမြဲခင်းထားသောနေရာပြစ်မှု ,ိုင်,အိပ်ပြုသော်လည်း အနာပတ္တိ အပြစ်မရှိပါ။

မှတ်ချက်။ ။ပဌမ,ဆဋ္ဌ သိက္ခာပုဒ်ဘို့ဌ နေရာက တင်ပျဉ်ခွေ၍ မနေလောက် သေးသယ်မှု ဒုက္ခဋ္ဌသာ သင့်သည်။

http://www.dhammadownload.com

* ထိုင်တစ်,အိပ်ဘစ်,ထိုင်,အိပ်နှစ်၊ သင့်လစ်အာပတ်၊ရတ္တာန်ဆင့်၊
* ဇဝပညတ်၊ ခင်းဖြစ်လတ်၊ အာပတ် မသင့်မှတ်။

● အဘယ်ကို ဒုဂ္ဂဟိတ, ဒုပဓာရိတ-ဟု ဆိုရပါသနည်း၊ ပရံ-အရ အဘယ်ကို ယူရမည်ကို ဖော်ပြပါ...?။

(၁၁၂၁) ဖြေ။ ။အကြောင်းလွဲခြင်း, တလွဲတချော် ယူဆခြင်းကို ဒုဂ္ဂဟိတ၊ အမှတ်လွဲခြင်း, မှားယွင်းစွာ မှတ်သားခြင်းကို ဒုပဓာရိတ-ဟု ဆိုရပါသည်။

ပရံ-အရ၊ အခြားတပါးသော ရဟန်းမကို ယူရပါမည်။

(အနုပသမ္ပန္နကို ကဲ့ရဲ့စေခဲ့သော်ငြား ဒုက္ကဋ်။)

* အကြောင်းလွဲဘိ၊ ဒုဂ္ဂဟိ၊ မှတ်သိ လွဲမှာ ဒူပဓာ။

● ရတ္တာန္ဓ-နဝမ သိက္ခာပုဒ်လာ နိရယ,ပြဟ္မစရိယဖြင့် ကျိန်ဆဲပုံကို အတ္တ, ပရ, ပုဂ္ဂလ အားလျော်စွာ ရေးသား၍၊ တိရစ္ဆာန်, ပြိတ္တာ, ကျိုး, ကန်း, ဆွံ့, အ-ပါစေ စသည်ဖြင့် ကျိန်ဆဲက အဘယ် အာပတ် သင့်မည်နည်း....?။

(၁၁၂၂) ဖြေ။ ။ငရဲ ကျရပါစေရဲ့, လူ ဖြစ်ရပါစေရဲ့-ဟု ကျိန်ဆဲခြင်းသည် ပိမိကိုယ်ကို နိရယ, ပြဟ္မစရိယဖြင့် ကျိန်ပုံတည်း။

ငရဲကျပါစေ,လူဖြစ်ပါစေ-ဟု ကျိန်ဆဲခြင်းသည် သူတပါးကို နိရယ,ပြဟ္မစရိယဖြင့် ကျိန်ပုံတည်း။

တိရစ္ဆာန်, ပြိတ္တာ ဖြစ်ရစေရဲ့ - ဖြစ်ပါစေ၊ ကျိုး, ကန်း, ဆွံ့, အ-ဖြစ်ရစေရဲ့-ဖြစ်ပါစေ စသော မနုဿ ဒေါဘဂ္ဂတို့ဖြင့် ကျိန်ဆဲက ဒုက္ကဋ်အာပတ် သင့်ပါသည်။

မှတ်ချက်။ ။အနုပသမ္ပန္နကို ကျိန်ဆဲက ဒုက္ကဋ်အာပတ်သင့်၏။

http://www.dhammadownload.com

* ပြိတ္တာ, တိရစ္ဆာန်, ကျီး, ကန်းဖြစ်, ဆဲလစ် ဒုက္ခ၌ပေ။
* သာမဏေ, လူ, ဆဲရေးမူ, ထိုးတူ ဒုက္ခ၌ပေ။

● ရတ္တန္ဓ-ဒသမသိက္ခာပုဒ်အရ အာပတ်သင့်ပုံကို ခွဲခြားရေးသားခဲ့ပါ....?။

(၁၁၂၃) ဖြေ။ ။ထုရုံ, ဝိုရုံကား....ဒုက္ခ၌, ထုလည်းထု, ဝိုလည်းဝိုက ပါစိတ်အာပတ် သင့်ပါသည်။

မှတ်ချက်။ ။ဉာတိမျှသန့် စသည်ကြောင့် မတုပဲ ဝိုမှု အနာပတ္တိ။
* ထုရုံ-ဝိုရုံ, ဒုက္ခ၌ကြ, နှစ်စုံ ပါစိတ်သင့်။
* ဉာတိ, ဗျသန်, ကြိုရ-ဝိုပြု, ရင်မတု, မှတ်ရှ ပြစ်မသင့်။

ရတ္တန္ဓကာရဝဏ် ပြီး၏။

နဂ္ဂဝဂ်

● အဘယ်ဘိက္ခုနီမပျိုးကို "နဂ္ဂါ" ဟူ၍ခေါ်ရပါသနည်း, နဂ္ဂါ နှာယေယျ-အရ အာပတ်သင့်ပုံကိုရေး၍, အဝတ်မပါပဲ ရေ ချိုးကောင်းသော အကြောင်း မျှား ရှိက ထုတ်ပြပါ....?။

(၁၁၂၄) ဖြေ။ ။ခါးဝတ်ရော ကိုယ်ရုံပါ တခုမျှမပါ ဗလာကျင်းထ ဘိက္ခုနီမကို နဂ္ဂါ-ဟူ၍ ခေါ်ပါသည်။

အာပတ်သင့်ပုံကား....ချိုးဆဲပယောဂတိုင်း၌ ဒုက္ခ၌, ချိုးပြီး အဆုံး၌ ပါစိတ်အာပတ် သင့်ပါသည်။

http://www.dhammadownload.com

ချိုးကောင်းသော အကြောင်းများမှာ - ခိုးသူ, လုယက်, ပျောက်ပျက်သဖြင့် ရေသနုပ်မရှိခြင်း၊ ရေသနုပ်အတွက်ဘေးရန် ရှိခြင်း စသော အကြောင်းများရှိက အဝတ် မပါ ဗလာကိုယ် တည်းဖြင့် ရေချိုးခွင့် ရပါသည်။

* ခါးဝတ်,ကိုယ်ရံ့၊ မရှိတုံ၊ အဟုန်ဝတ်ကွာ ခေါ်နဂ္ဂါ။
* ချိုးဆဲ ဒုက္ခ၊ ချိုးပြီးလတ်၊ အာပတ် ပါစိတ်သာ။
* ခိုးသူ-လုယက်၊ပျောက်ပျက်နတ္ထိ၊ ဘေးရန်ရှိ၊ချိုးဘိ ဗလာ နာဝတ္ထာ။

● အဝတ်မပါ ရေချိုးနိုင်ရာ ဌာန ထုတ်ပြု၍၊ ရဟန်းများ ရေသနုပ် မပါပဲ ရေ ချိုး ကောင်း ပါမည်လော ရေး ခဲ့ပါ....?။

(၁၁၂၅) ဖြေ။ ။လုံခြုံသောရေချိုးခန်းထဲ၌သော်လည်း ကောင်း၊ ကိုယ်ပြုပ်သော ရေထဲ၌ သော်လည်းကောင်း အဝတ် မပါပဲ ရေချိုးနိုင်ပါသည်။

ရဟန်းများ ရေသနုပ် မပါပဲ ရေမချိုးကောင်းပါ၊ ဒုက္ခ၌ အာပတ် သင့်ပါသည်။

* ရေချိုးခန်းမှာ၊ ကိုယ်မြှုပ်ရာ၊ ရေမှာ ချိုးလစ် ပြစ်မသင့်၊

● နဂ္ဂဝဂ် တတိယ သိက္ခာပုဒ်၌၊ အန္တရာယိကာနိ - အဂ္ဂ အန္တရာယ်ကို ဖော်ပြု၍၊ ပဌမ သိက္ခာပုဒ်လာ ပဏ္ဍာဟိက် သင်္ဃာ၌ စာရံ-အရ သံဃာ၌ သရုပ်ကို ထုတ်ပြီးလျှင် သံဃာ၌ မည်ပုံကိုလည်း ရေးခဲ့ပါ....?။

(၁၁၂၆) ဖြေ။ ။ဥပုသ်အန္တရာယ်၁၀-ပါးသည်အန္တရာယ် မည်ပါသည်။

http://www.dhammadownload.com

သံဃာဒိ-အရ၊ တိစီဝရိက် ၃-တည်, ရေသနုပ်, ရင်လှပ်: တဘက်၊ ပေါင်း ၅-ထည် ဖြစ်ပါသည်။ (ဤကား....ဘိက္ခုနီမတို့၏ သက်နှီး ၅-ထည်တည်း။)

ချုပ်စပ်အပ်သောကြောင့်၊ထိုသက်နှီး၅-ထည်သည် **သံဃာဒိ**မည်ပါသည်။

● **သံဃာဒိ** စာရံ-ဌ၊ စာရ-အရ သက်နှီးများ၏ လှည့်လည်ခြင်းဟူသည်အဘယ်နည်း၊ ၅-ရက်ကျော်အောင်**သံဃာဒိ**စာရအမှု မပြုသော ရဟန်းမ၌ အဘယ်ပုံ အာပတ်သင့်သည်ကို ရေးခဲ့ပါ....?။

(၁၁၂၇) ဖြေ။ ။သက်နှီး ၅-ထည်ကို လဲလှယ်ဝတ်ခြင်း, နေလှန်းခြင်းကို **သံဃာဒိ**ဝ၁ရ-ဟု ဆိုရပါသည်။

သံဃာဒိစာရအမှု မပြုသော ရဟန်းမအား ၅-ရက်ကျော် (ဆဋ္ဌနေ့ အရုဏ်တက်)လျှင် သက်နှီး အထည် အရေအတွက် အလိုက် (တထည် တချက်, ၅-ထည် ၅-ချက်) အာပတ်သင့်ပါသည်။

(ဂိလာန ဖြစ်လျှင်, ဘေးရန်ရှိလျှင် အနာပတ္တိ။)

● အဘယ် သက်နှီးမျိုးကို စီဝရသက်မနီယ-ဟုဆိုသည်ကို ရေး၍၊ ဝေရေယျ=ဆောင်ခြင်း ဟူသည် အဘယ်နည်း ရှင်းခဲ့ပါ....?။

(၁၁၂၈) ဖြေ။ ။ဥစ္စာရှင်ထံ ခွင့်မပန်ပဲ တိတ်တဆိတ် ယူထားသည့်အတွက် မိမိထံ၌ အမြဲ မထားနိုင်ပဲ ပြန်ပေးရမည့် သက်နှီးမျိုးကို **စီဝရ သက်မနီယ**-ဟု ဆိုရပါသည်။

ဝေရေယျ-ဆောင်ခြင်းဟူသည်၊ ဝတ်ခြင်း, ခြုံခြင်းဖြစ်ပါသည်၊

http://www.dhammadownload.com

(၁) နဂ္ဂဝဂ် ဆဋ္ဌသိက္ခာပုဒ်လာ ဂဏနုင့်စီဝရ-အရ၊အဘယ်ကို ယူရမည်ကို ဖော်ပြ၍၊ အန္တရာယ် ကရေယျ-၌ အန္တရာယ် ပြုခြင်းဟူသည် အဘယ်နည်း ရေးခဲ့ပါ....?။

(၁၁၂၉) ပြေ။ ။ဂဏ-အရ ဘိက္ခုနီသံဃာကို ယူရမည်။ စီဝရ-အရ အခ်ိဌာန်, ဝိကပ္ပနာ လောက်သော ခေါ်မ စသော သက်နိ်း ၆-ထည်တို့တွင် တထည်ကဲ်ည်သော သက်နိ်းကို ယူရပါမည်။

အန္တရာယ်ပြုခြင်းဟူသည်၊မလျှပြစ်အောင် အားထုတ်ခြင်းကို ဆိုပါသည်။

" ဂဏ-အရ၊ နီ....သံဃာ၊ ယူရ နဂ္ဂါ ဆဋ္ဌမာ။

ပုတ်ချက်။ ။ဘိက္ခုနီသံဃာ၏ သက်နိ်းမှတပါး အခြားပရိက္ခရာ ၌လည်း၎ကောင်း၊ ဘိက္ခုနီဂိုဏ်း,ပုဂ္ဂိုလ်၏ သက်နိ်း ရခြင်း ၌ လည်း၎ကောင်း အန္တရာယ် ပြုက ဒုက္ကဋ်၊ စေတနာကောင်းဖြင့် အကျိုးရှိ, သက်သာစေရန် အကြောင်း ၊ အကျိုးပြု၍ တားမြစ်မှု အပြစ်မရှိပေ။

(ခ) နဂ္ဂဝဂ် သတ္တမသိက္ခာပုဒ်လာ ဓမ္မိကစီဝရ ဝိဘင်-ဟူသည် အဘယ်နည်း၊အဋ္ဌမ သိက္ခာပုဒ်လာ သမဏစီဝရ-အရကို ဖော်ပြ၍၊ ပေးကောင်း,မပေးကောင်းသော အဂါရိက ပုဂ္ဂိုလ်မျှားကို ခွဲခြားပြပါ....?။

(၁၁၃၀) ပြေ။ ။ဘိက္ခုနီ သံဃာ ညီညွတ်စွာ စည်းဝေး ပြုအပ်သော သက်နိ်း ဝေဖန်မှုကို ဓမ္မိကစီဝရ ဝိဘင်-ဟု ဆိုရပါသည်။

အဋ္ဌမ သိက္ခာပုဒ်လာ သမဏစီဝရ-အရ၊ ဝတ်,ရုံလောက်၍ ကပ္ပဗိန္ဒု ထိုးပြီးသော သက်နိ်းကို ရပါသည်။

http://www.dhammadownload.com

အဂါရိက - **အရ၊ မိ-ဘကိုကား....အပိုင် ပေး၊ ကောင်း၏။ မိ-ဘမှတပါး အခြားသူများကိုကား....အပိုင်မပေးအပ်၊ ခဏ ခေတ္တသာ ပေးကောင်းသည်။**

(ကပ္ပမိန္ဒ၊ မထိုးရသေးလျှင် သမဏဝိဝရ အမည် မရသေး၊ ဘယ်သူ့ကိုမဆို ပေးကောင်း၏။)

* **စည်းဝေးညီညာ၊ သံဃာပေါင်းစု၊ ဝေဖန်ကြွေးမှတ်ရှုမြင်ကဝိတက်၊**
* **ဝတ်, ရုံ နိုင်ပြီ၊ ထိုးမိန္ဒ၊ ပြီးမှ ဗိဝရ သမဏ။**
* **မိ-ဘကိုကား၊ ပေးနိုင်ခြား၊ တပါးသူက ပေးခေတ္တ။**

● **နဂ္ဂဝဂ် ဒသမ သိက္ခာပုဒ်လာ ဓမ္မိက် ကထိနုဒ္ဓါရံ-ဌ၊ ကထိနုဒ္ဓါရဟူသည် အဘယ်နည်း၊ ဘယ်လို ကထိန်နုတ်ခြင်းမျိုးကိုမှ ဓမ္မိက-ဟု ဆိုရပါသနည်း ရှင်းခဲ့ပါ....?။**

(၁၁၃၁) ဖြေ။ ။သံဃာ ညီညွတ်စွာ ဆည်းဝေး၍၊ ဥက္ကဋ္ဌ ဒုက်ယက်ဖြင့် နုတ်ခြင်းသည် ကထိနုဒ္ဓါရ-မည်ပါသည်။

ကထိန်နုတ်ခြင်းကြောင့် နောက်ရမည့်သူ ဝတ်ကမူလလာဘ်ဆက် ပိုမျှားခြင်း, တန်းတူဖြစ်ခြင်း ရှိသော နုတ်ခြင်းမျိုးကိုမှ ဓမ္မိက-ဟု ဆိုရပါသည်။

(မူလ လာဘ်ဆက် လျှော့ခန့်မှု မရှိတော်ကောင်း။)

● **အဘယ့်ကြောင့် ကထိန်ကို နုတ်ရပါသနည်း၊ ကထိန်ကို နုတ်ပြီးက တဖန် ပြန်၍ ခင်းကောင်းပါသည်လော....?။**

(၁၁၃၂) ဖြေ။ ။သံဃာက လာဘ်လာဘကို သံဃာ အည့်အမှု ရစေလိုသောကြောင့် ကထိန်နုတ်ရသောကြောင့်၊ နုတ်ပြီးက တဖန် ပြန်၍ မခင်းကောင်းတော့ပါ။

နဂ္ဂဝဂ် ပြီး၏။

http://www.dhammadownload.com

တုဝန္ဓ ဝဂ်

● (က) ညောင်စောင်း တခုတည်း၌ ဘိက္ခုနီမ တယောက်က အိပ်၍ တယောက်က ထိုင်နေလျှင် အာပတ် သင့်ပါ မည်လော ရေး၍၊ (ခ)အာဘယ်သို့အိပ်ခြင်းကိုကေတ္ထရဏ ပါဝုရဏ-ဟု ဆိုရပါသနည်း....?။

(၁၁၃၃) ဖြေ။ ။(က) ၂-ယောက်အတူ မအိပ်သင့်ခြင်း အာပတ်မသင့်ပါ။ (ခ)ကော်ဇော(သို့မဟုတ်)စောင် စသည်ကို တထည်တည်းမှာ တပိုင်းခင်း၍ တပိုင်း ခြုံကာ အိပ်ခြင်းကို ကေတ္ထရဏပါဝုရဏ-ဟု ဆိုရပါသည်။

မှတ်ချက်။ ။ဘိက္ခုဒ္ဓ ထိုသို့ပြုက ဒုက္ကဋ်အာပတ် သင့်၏။
* တပိုင်းခင်းတုံ၊ တပိုင်းခြုံ၊ တူရုံ အိပ်လတ်၊ ခြုံ, ခင်းမှတ်။

● အခင်း, အခြုံ ၂-မျိုးတွင် တမျိုးမျိုးဖြင့် အတူအိပ်ရာ အာပတ် သင့်,မသင့် ရေး၍၊ အခင်းတခုပေါ်မှာ အတူ အိပ်ဖို့ ကြုံလာရာ အာပတ် မသင့်အောင် မည်သို့ ပြု၍ အိပ်ရမည်နည်း....?။

(၁၁၃၄) ဖြေ။ ။တခင်းတည်း၌ (မခြုံပဲ) အတူအိပ်လျှင် အခင်းခွဲ၍ အတူခြုံအိပ်လျှင် ဒုက္ကဋ်အာပတ် သင့်ပါသည်။

ထို အခင်းပေါ်မှာ အိပ်ရာခင်း တခုစီ ထပ်ခင်း၍လည်း ကောင်း၊ ၂-ပါးအကြား သက်နှံ့ စသည်ကို ခြားထား၍ လည်းကောင်း အိပ်က အပြစ် မရှိပါ။

* ခင်း, ခြုံနှစ်ဖြာ။ တခုသာ၊ တူရာအိပ်လတ်၊ သင့် ဒုက္ကဋ်။
* အိပ်ရာ ထင်လှာ၊ သက်နှံ့ခြား၊ အိပ်ခြားပြုလတ် မသင့်မှတ်။

---

http://www.dhammadownload.com

● အဘယ်သို့ ပြုခြင်းကို အဖာဘုကရဏ-စိတ်မချမ်းသာ အောင် ပြုခြင်းဟု ခေါ်ရပါသနည်း၊ အဖာသုကရဏ အတွက် အာပတ် သင့်ပုံကိုလည်း ရေးခဲ့ပါ....?။

(၁၁၃၅) ဖြေ။ ။တဘက်သားစိတ်မချမ်းသာအောင်အ၍ တိုက်လျက် စကြံ်လျှောက်ခြင်း, ရပ်ခြင်း, ထိုင်ခြင်း, စာဖတ်, စာချ,စာအံခြင်း စသည်ဖြင့် မခန့်လေးစားပြုခြင်းကို **အဖာသုကရဏ-စိတ်မချမ်းသာအောင်ပြုခြင်း**-ဟု ဆိုရပါသည်။

စကြံ်လျှောက်ရာ၌ အခေါက် အရေအတွက်နှင့်အမျှ၊ **ရပ်, ထိုင် စသည်၌** လုံ့လပယောဂ အရေအတွက်နှင့် အမျှ၊ **စာချ, စာအံရာ၌** ပဒ-အရေအတွက်နှင့်အမျှ အာပတ် သင့်ပါသည်။

● ဒုက္ခိတံ သဟဇီဝိနီ-၌၊ အဘယ်ကို ဒုက္ခိတ, သဟဇီဝိနီ-ဟု ခေါ်ဆိုရပါသနည်း ရေးခဲ့ပါ....? ။

(၁၁၃၆) ဖြေ။ ။မကျန်း မမာ ဖြစ်နေသူကို **ဒုက္ခိတ**၊ ဥပဇ္ဈာယ်ဟူ သဒ္ဓိဝိဟာရိနီ တပည့်မကို **သဟဇီဝိနီ**-ဟု ဆိုရပါသည်။

● ဆရာ ၄-ပါး, တပည့် ၄-ပါး သရုပ်ကို ထုတ်ဖော်တွဲစပ်၍ သဒ္ဓိဝိဟာရိကနှင့် အန္တေဝါသိက အထူးကို ရေးခဲ့ပါ....?။

(၁၁၃၇) ဖြေ။ ။

ဆရာ ၄-ပါး, တပည့် ၄-ပါးကား-

ဆရာ	တပည့်
၁-နိဿယာစရိယ၊	၁-နိဿယန္တေဝါသိက၊
၂-ပဗ္ဗဇ္ဇာစရိယ၊	၂-ပဗ္ဗဇ္ဇန္တေဝါသိက၊

http://www.dhammadownload.com

၃–ဥပသမ္ဘဒါစရိယ၊	၃–ဥပသမ္ဘဒန္တေဝါသိက
၄–ဓမ္မာစရိယ၊	၄–ဓမ္မန္တေဝါသိက၊

သဒ္ဓိဝိဟာရိက-အန္တေဝါသိက အထူးကား-

ဥပဇ္ဈာယ်ယူ တပည့်သည် **သဒ္ဓိဝိဟာရိက**၊ နိဿရည်းခံ, စာတက်, သရဏဂုံယူ,ကမ္မဝါစာတင်ခြင်း ရဟန်း ပြုပေးထားသော တပည့်သည် **အန္တေဝါသိက**-မည်၏။

မှတ်ချက်။ ။**ပမ္ဘဇ္ဇန္တေ-ဥပသမ္ဘဒန္တေ ဝါသိက** တပည့်တို့သည် ပမ္ဘဇ္ဇာစရိယ, ဥပသမ္ဘဒါစရိယတို့အား တသက်လုံး ပြုစုရန်တာဝန်ရှိသည်၊နိဿယန္တေ-**ဓမ္မန္တေဝါသိက** တပည့်တို့သည် တသက်လုံးတာဝန်မရှိ၊ ဆရာ့ထံ၌ နေဒိုက်သာ ပြုစုရန် တာဝန်ရှိပေသည်။

● ဥပဿယ်-အရ၊ အဘယ် ကျောင်းမျိုးကို ယူရမည်နည်း၊ နှင်ထုတ်,ဆဲဆိုခိုင်းရာ၌ အာပတ် သင့်ပုံကို ရေးခဲ့ပါ....?။

(၁၁၃၀) ဖြေ။ ။ဥပဿယ်-အရ၊တံခါးရှက်ရှိသော မိမိပိုင် ပုဂ္ဂလိကကျောင်းကို ယူရပါမည်။

ကျောင်းတံခါးလွန်ကောင် တကြိမ်တည်း တောက်လျှောက် ဆဲထုတ်ရလျှင် အာပတ် တခုက်၊ အကြိမ်ကြိမ် ဆဲထုတ်ရလျှင် ပယောဂ အရေအတွက်နှင့်အမျှ အာပတ်များစွာ သင့်ပါသည်။

မှတ်ချက်။ ။ဘံခါး မရှိသော ကျောင်းမှ လည်းကောင်း၊ လှ, သာမဏေအား လည်းကောင်း၊ နှင်ချ, ဆဲထုတ်မှု ဒုက္ကဋ်အာပတ်သင့်၏။

---

http://www.dhammadownload.com

● အန္တောရဋ္ဌ,တိရောရဋ္ဌ-အရ ပိုင်းခြားပြ၍၊ ထိုသိက္ခာပုဒ်မျှားအရ အာပတ်သင့်ပုံကိုလည်း ရေးခဲ့ပါ....?။

(၁၁၃၉) ဖြေ။ ။မိမိနေရာနိုင်ငံသည် **အဝန္တာရဋ္ဌ**၊ မိမိနိုင်ငံမှတပါး **အခြားနိုင်ငံသည် တိဝရာရဋ္ဌ**-မည်ပါသည်။

အာပတ်သင့်ပုံကား-ရွာရှိက ရွာလွန်တိုင်း၊ရွာမရှိ တောလမ်းဖြစ်က ယူဇနာ၁ဝက် ခရီးကို လွန်တိုင်း အာပတ် သင့်ပါသည်။

(ဘေးရန်ကင်းမှု သွားကောင်း၏ အနာပတ္တိ။)

● ဝါတွင်း၌ ဖြစ်သော်လည်း ညဉ့်အိပ်, ညဉ့်နေ ခရီးသွားကောင်းသော အကြောင်းမျှားရှိက ထုတ်ပြ၍၊ ဒသမ သိက္ခာပုဒ်၌ ဆပ္ပဒ္ဒ ယောဇနာ ယူပုံ, အာပတ် သင့်ပုံကို ရေးခဲ့ပါ....?။

(၁၁၄ဝ) ဖြေ။ ။၇-ရက် အ တွင်း ဆောင်ရွက်ခြင်းဖြင့် ပြီးစီးနိုင်သော မီ-ဘ, ဆရာသမား, ရတနာသုံးပါး, သီတင်းသုံးဖော်မျှားနှင့် စပ်သော ကိစ္စ၊ သတ္တာဟ ကရဏီယ ရှိလျှင်, ဘေးရန်ရှိလျှင် ဝါပန်၍ သွားကောင်းပါသည်။

၆-ယူဇနာ ယူပုံကား....တလမ်းတည်းပင် သွား-ပြန်လျှင် ၆-ယူဇနာအထိပင် ယူရမည်၊တလမ်းမှသွား၍တလမ်းမှပြန်လျှင် (လမ်းကွဲလျှင်) ၃-ယူဇနာသွားက ပြီးတော့သည်။

အာပတ် သင့်ပုံမှာ-လုံး၀ မ သွား ရ သေး သည် ဖြစ်ခေ, ၁-ယူဇနာ၊ ၂-ယူဇနာမျှ သွားပြီးမှ ဖြစ်ခစ၊မသွားတော့ပြီဟု စိတ်ကိုဆုံးဖြတ်လိုက်သောအခါမှာ အာပတ်သင့်ပါတော့သည်။

မှတ်ချက်။ ။ဘေးရန်ရှိ, အဖော်မရ၊ ဂိလာနဖြစ်မှ, မသွားပဲ နေက အပြစ်မရှိ အနာပတ္တိ။

တုဝဋ္ဌဝဂ် ပြီး၏။

http://www.dhammadownload.com

စိတ္တာဝဂါရ ဝဂ်

● ရာဇာဝဂါရ,စိတ္တာဝဂါရ, အာရာမ, ဥယျာန,ပေါက္ခရဏီ-ဟူသည် အဘယ်နည်း၊ စိတ္တာဝဂါရ ပထမသိက္ခာပုဒ်အရ အာပတ် သင့်ပုံကို ရေးခဲ့ပါ....?။

(၁၁၄၁) ဖြေ။ ။မင်း၏ ပျော်ပါး ကစားရာ မင်းကွန်းသည် ရာဇာဝဂါရ၊ လူတို့ ပျော်ပါး ကစားရာ ဆန်းကြယ်စွာ ဆောက်ထား အပ်သော အိမ်သည် စိတ္တာဝဂါရ၊ မြို့တွင်းရှိ အရံ(ခြံ) သည် အာရာမ၊ မြို့ပြင်ရှိ သစ်သီး,ပန်းမန် ဥယျာဉ်သည် ဥယျာန၊ လူအများ ပျော်ပါးရာ ရေကန်သည် ပေါက္ခရဏီ-မည်ပါသည်။

ထိုရာဇာဝဂါရ စသည်ကို အကြည့်သွားလျှင် ခြေလှမ်းတိုင်း ဒုက္ကဋ်၊ ကြည့်ရာ၌ တမျိုးကြည့်က အာပတ်တချက်၊ ၅-မျိုးကြည့်က ၅-ချက် ပယောဂ ဒုဏ်အမျှ သင့်ပါသည်။

(ရဟန်းများ၌ သွား-ကြည့် ၂-မျိုးလုံးပင် ဒုက္ကဋ်။)

● အာသန္ဒီ-နှင့် ပလ္လင်္ကတို့၏ ထူးခြားဟန်ကိုရေး၍၊ သုံးစွဲကောင်းအောင် မည်သို့ ပြုရမည်နည်း....?။

(၁၁၄၂) ဖြေ။ ။လက် ၈-သစ်ထက် အ ခြေ ရှည် သော ညောင်စောင်း, အင်းပျဉ် သည် အာသန္ဒီ၊ ခြေသေ့, သစ်, ကျား စသော သားရဲရုပ်များ ထုထွင်း ထားအပ်သော ညောင်စောင်း, ခုဘင်သည် ပလ္လင်္ကတ်။ (ဤသို့ ထူးပါသည်။)

သုံးစွဲကောင်းအောင်ပမာဏထက်ပိုသောအခြေကိုဖြတ်ခြင်း, သားရဲရုပ်များကို ဖျက်ပစ်ခြင်း ပြုရပါမည်။

---

http://www.dhammadownload.com

(ခ) သုတ္တံကန္ဓေယျ ပါစိတ္တိယ်-အရ၊ အာပတ်သင့်ပုံကို ကာလ, ပယောဂအလိုက် ခွဲခြားပြ၍ ဂိဟိ ဝေယျာဝစ္စ-ဟူသည် အဘယ်ပါနည်း....?။

(ခ) ပြေ။ ။သုတ္တံ ကန္ဓေယျ ပါစိတ္တိယ် - အရ၊ ချည်မင်ခြင်း ၁ ကို ရွေးချယ်သည်မှစ၍ ပယောဂတိုင်းခ် ဒုက္ကဋ်၊ ချည်ပင်ရာ၌ ရစ်တိုင်း, ရစ်အိုင်း ဝင်ရိုးမှာတပတ်ရလျှင် အာပတ် တချက် သင့်ပါသည်။

ဂိဟိဝေယျာဝစ္စဟူသည်၊ ထမင်း, ဟင်းချက်ပေးခြင်း, ဟုန်ရလုပ်ပေးခြင်း, ပုဆိုး, ခေါင်းပေါင်းစသည် ဖွပ်ပေးခြင်း စသည်ကို ဆိုလိုပါသည်။

* ဝါရှေးချယ်လက်၊ သင့်ခုက္ကဋ်၊ ငင်လက် ပါစိတ်ပေ။
* ထမင်းချက်ခြား၊ ဝတ်စားမွှမ်ပြု၊ လုပ်ကိုင်စု၊ လူမှုခေါ်ရချေ။

(ဂ) မိ-ဘတို့ ဝေယျာဝစ္စကို ပြုလုပ်ပေးကောင်းပါမည်လော ရှင်း၍၊ ဝေယျာဝစ္စ လုပ်ပေးကောင်းသော အကြောင်းကိစ္စများရှိက ဖော်ပြပါ....?။

(ဂ) ပြေ။ ။မိ-ဘမင်ပြစ်ခေ၊ မိမိ၏ကိစ္စ တခုတခုကို ပျက်ပြားစေမဲ့နှင့် ထိုမိ ဘတို့၏ယာဝဇီဝခြင်းကဲသော ဝေယျာဝစ္စများကို ပြုလုပ်မပေးကောင်းပါ။ မိမိ၏ ဝေယျာဝစ္စကရ အပြစ်သို့ ရောက်လျှင်ကား၊ (ဝ)ရောက်အောင် တစုံတခုကို ခိုင်းပြီးဖြစ်မှ ပြုလုပ်ပေးကောင်းပါသည်။

သံဃာ, ဝေယျာ, မိမိ၏ကပ္ပိယကာရကတို့၏ အကြောင်းကိစ္စနှင့် စပ်ဘော ဝေယျာဝစ္စများကိုပြုလုပ်ပေးကောင်းပါသည်၊ အပြစ်မရှိပါ။

---

http://www.dhammadownload.com

● ဆဋ္ဌမ သိက္ခာပုဒ်အရ၊ ခါဒနီယံ၀ါ, ဘောဇနီယံ၀ါ-ဟူ ဆိုသောကြောင့်၊ ရေ,ဒန်ပူကို ပေးကောင်းပါမည်လော ရေးခဲ့ပါ....?။

(၁၁၄၅) ဖြေ။ ။မပေးကောင်းပါ၊ဒုက္ကဋ် သင့်ပါသည်။

● အာ၀သထစီ၀ရ-ဟူသည် အဘယ်နည်း၊ ထိုအာ၀သထ စီ၀ရကို ဘယ်နှစ်ရက်မြောက်မှာ အဘယ် သူ တို့ အား ပေးစွန့်ရမည်ကိုရေး၍၊ အာ၀သထစီ၀ရကို ဆက်လက် ၀တ်ကောင်းသောအကြောင်းများရှိက ထုတ်ပြပါ....?။

(၁၁၄၆) ဖြေ။ ။ဥတုလာသော ဘိက္ခုနီမတို့ ၀တ်ရန် ကျောင်း၌ လှူထားသော သင်္ကန်းမျိုးသည် **အာ၀သထ စီ၀ရ-** မည်ပါသည်။

ထိုအာ၀သထစီ၀ရကို ၄-ရက်မြောက်သောနေ့၌ စင်ကြယ် စွာဖွပ်လျှော်၍ အခြားဥတုလာသူ ဘိက္ခုနီ,သာမဏေမတို့အား ပေးစွန့်ရပါမည်။

ဥကုလာသူ မရှိသေးလျှင် သော်လည်းကောင်း၊ သင်္ကန်း ပျောက်သော်လည်းကောင်း၊ ဘေးရန်ရှိသော် လည်းကောင်း ဆက်လက်၍ ၀တ်ကောင်းပါသည်၊ အပြစ်မရှိပါ။

* ဥတုလာထ၊ရဟန်းမတို့၊ ၀ကြရည်မှန်း၊ကျောင်းလှူဒါန်း၊ သင်္ကန်း အာ၀သထ။

* လေးရက်မြောက်ကွင်း၊ စင်ကြယ်ဖွပ်မှု၊ ကောင်းစွာပြု၍၊ဥတု လာပြား၊ အခြား နို,မ၊ ပေးခွင့်ရ၊ ကျော်က ပါစိတ်သင့်။

---

http://www.dhammadownload.com

● အဌမသိက္ခာပုဒ်လာ အာဝသထ-အရ အ်ဘယ်ကျောင်းမျိုးကို ယူရမည်နည်း၊ အနိဿဇ္ဇိတ္ထာ-အရ ပေးစွန့်ခြင်းဟူသည် အဘယ်ကိုဆိုလိုသည်ကိုရေး၍ ထိုသိက္ခာပုဒ်အရ အာပတ်သင့်ပုံကိုလည်း ဖော်ပြပါ....?။

(၁၁၄၇) ပြေ။ ။**အာဝသထ**-အရ၊ ဖွင့်,ပိတ်ဖိုရာ တံခါးရွက်ပါသည့် မိမိနေရာ သံယိကကျောင်းကို ယူရပါမည်။

အနိဿဇ္ဇိတ္ထာ-အရ၊ ပေးစွန့်ခြင်း ဟူသည် အပိုင်ပေးခြင်းမဟုတ်၊ ၁ဏခေတ္တစောင့်ရှောက်ရန် အပ်နှံခြင်းမျိုးဖြစ်ပါသည်။

ကျောင်း၏ ဥပစာကို ပ-ခြေလွှဲက ဒုက္ကဋ်၊ ဒု-ခြေလွှဲက ပါဝိတ်အာပတ် သင့်ပါသည်။

(တံခါးရွက်မရှိသော ကျောင်းဖြစ်မူ ဒုက္ကဋ်။)

● တိရစ္ဆာနဝိဇ္ဇာ-ဟူသည် အဘယ်နည်း၊ ၎င်းတို့၏သရုပ်ကို ကခ်ါဆိုသမျှ ထုတ်ပြပါ....?။

(၁၁၄၈) ပြေ။ ။သူတပါးကိုသတ်ဖြတ်ညှဉ်းဆဲကြောင်းဖြစ်၍၊ သုဂတိနိဗ္ဗာန်ရောက်ရန်မဟုတ်၊ အကျိုးယုတ်ငြားအတတ်မန္တန်များကို တိရစ္ဆာနဝိဇ္ဇာ-ဟု ဆိုပါသည်။

တိရစ္ဆာနဝိဇ္ဇာ သရုပ်မှာ–

ဟတ္ထိသိပ္ပ, အဿသိပ္ပ, ရထသိပ္ပ, ဓနုသိပ္ပ, ထရုသိပ္ပ, အာထဗ္ဗန မန္တ, ခီလန မန္တ, ဝသိကရက မန္တ, သေဝသာပန မန္တ, ဂဒပ္ပယောဂ-စသည် ဖြစ်ပါသည်။

* သူတပါးသတ်၊ ညှဉ်းဆဲလတ်၍၊ နတ်ရွာနိဗ္ဗာန်၊ ရောက်ရန်မဟုတ်၊ အကျိုးယုတ်ငြား၊ အတတ်မျာ၊ မှတ်သား တိရစ္ဆာနဝိဇ္ဇာတည်း။

http://www.dhammadownload.com

* ဟတ္ထိ, အဿ၊ ရထ, ဓနု၊ ထရုသိပ္ပာ၊ အာထမ္ဘနာနှင့်၊ သောသာဒီလ်၊ ဝသီ-မန်နှင့်၊ တဖန် ဂဒ္ဒပ္ပ၊ ဟူသမျှ၊ မှတ်ပ တိရစ္ဆာန ဝိဇ္ဇာတည်း။

● (က) အဘယ်ကြောင့် တိရစ္ဆာနဝိဇ္ဇာကို မသင်, မချရဟု တားမြစ်ရပါသနည်း၊ (ခ) တိုတိရစ္ဆာနဝိဇ္ဇာ သင်ချမှု အတွက် အာပတ်သင့်ပုံကိုရေး၍၊ (ဂ) နကွတ်, ဗေဒင်, ဆေးဝါး အတတ်များနှင့် ဘီလူး, မြွေများ တားဆီး ကြောင်း အတတ်များကို သင်ကြား ပို့ချကောင်းပါမည် လော ရှင်းခဲ့ပါ....?။

(၁၁၄၉)..ဖြေ။ ။(က)တိရစ္ဆာနဝိဇ္ဇာဟူသည် "ပရူပယာ ဘကရ အနတ္ထသံဟိတ" ဖြစ်သောကြောင့် မသင်, မချကောင်း ဟု တားမြစ်ခြင်း ဖြစ်ပါသည်။

(ခ) သင်ကြား, ပို့ချရာ၌ ပုဏ်, အကွရာ အရေအတွက်အား ဖြင့် အာပတ်သင့်ပါသည်။

(ဂ) သင်ကြား, ပို့ချကောင်းပါသည်, သို့သော် ထိုအတတ် ပညာတို့ဖြင့် အသက်မွေးမှု မိစ္ဆာဇီဝ-ဖြစ်ပါသည်။

* သူမှားညှဉ်းဘိ၊ ကျိုးမရှိ၊ ဖြစ်သည့်ကြောင့်ပေ၊ တားမြစ်ချေ။
* သင်, ကြား, ပို့ချ၊ ပဒကွရာ၊ ဆိုတိုင်းသာ၊ သင့်ပါ·ပါ ဖိတ်ပေ။
* ဗေဒင်, ဆေးဝါး၊ မြွေဘား, နကွတ်၊ စာရေးတတ်၊ သင်အပ် စထွေထွေ။

ဒိတ္ထာဂါရဝဂ် ပြီး၏။

http://www.dhammadownload.com

အာရာမ ဝဂ်

● သ ဘိက္ခုက် အာရာမ်-အရ အာဘယ်ကိုယူရမည်ကို ဖော်ပြ၍၊ ပန်ကြားအပ်သော ပုဂ္ဂိုလ်များကို ရေးပြီးလျှင် အာရာမဝဂ် ပထမ သိက္ခာပုဒ်၌ အနုပညတ်ကို ထုတ်ပြပါ....?။

(၁၁၅၀) ဖြေ။ ။**သဘိက္ခုက် အာရာမ်**-အရ၊သစ်ပင်ရင်း၌ ပင်ဖြစ်စေ၊ ရဟန်းရှိက ထိုအရပ်သည် ရဟန်းရှိသော အရံ (ကျောင်း) မည်၍ ထိုအရပ်ကို ယူရပါမည်။

ပန်ကြားအပ်သော ပုဂ္ဂိုလ်များကား....ဘိက္ခု၊ သာမဏေရ အာရာမိက-တို့ ဖြစ်ပါသည်။

အနုပညတ်ပုဒ်— ၁-သန္တံ ဘိက္ခု၊ အနာပုစ္ဆာ၊ ၂-ဇာနံ သ ဘိက္ခုက်-ဖြစ်ပါသည်။

ဖွင့်ချက်။ ။အကာအရံရှိမှုအကာအရံကို,အကာအရံမရှိမှုကျောင်းတိုက် ဥပစာကို ပ-ခြေလှမ်းလွန်က ဒုက္ကဋ်၊ ဒု-ခြေလှမ်းလွန်က ပါစိတ်အာပတ်သင့်သည်၊ရှိနေနှင့်သော ဘိက္ခုနီမများသံသွားရာ, အရံတွင်းရှိလခ်းဖြင့် ခ်ိမ်ဆွားလိုရာ အရပ်သို့သွားရာ,ဇော်ရန်ရှိ၍ ဝင်ရောက်ရာတို့၌ မပန်ကြားသော်လည်း အပြစ်မရှိ အနာပတ္တိ။

● အကျောသနှင့် ပရိဘာသန အထူးကို ရေး၍၊ ဝဏ္ဏကတာ ဂဏ် ပရိဘာသေယျ-၌ ဧဏ္ဏကတာ-အရ, ဂဏ-အရ တို့ကို ကောက်ပြပါ....?။

(၁၁၅၁) ဖြေ။ ။အကျောသဝတ္ထု ၁၀-ပါးဖြင့် ဆဲရေးခြင်းသည် **အကျောသ**၊ခြိမ်းခြောက်မောင်းမဲ ပြောဆိုခြင်းသည် **ပရိဘာသန**။ (ဤသို့ ဆိုးပါသည်။)

http://www.dhammadownload.com

စဏ္ဍိကတာ-အရ၊ ဒေါသ လွမ်းလျက် အမျက်ထွက်ခြင်းကို ရပါသည်၊ ဂဏ-အရ၊ ဘိက္ခုနီသံဃာကို ရပါသည်။

● အာရုမဝဂ် ဒုတိယ, တတိယသိက္ခာပုဒ်မျှားလာ ပရိဘာသန အထူးကိုရေး၍၊ ဂဏ, ပုဂ္ဂလဖြစ်သော ဘိက္ခုနီမှ မျှားနှင့် လူ, သာမဏေကို အကျော်သ-ပရိဘာသနအမှု ပြုလျှင် အာဘယ်အာပတ် သင့်မည်နည်း....?။

(၁၁၅၂) ဖြေ။ ။ဒုတိယသိက္ခာပုဒ်လာ ပရိဘာသနကား အန္တရာယ်ပြု၍ သတ်မည်, ဖြတ်မည် စသည်ဖြင့် ခြိမ်းခြောက်ခြင်းတည်း။

တတိယ သိက္ခာပုဒ် ပရိဘာသနကား... ဒီကောင်မတွေဟာ အ မိုက် မ တွေ ပဲ၊ ကံ ကို လည်း ကောင်း၊ ကမ္မ ဒေါသကို လည်း ကောင်း၊ ကမ္မ သမ္မတ္တိကို လည်းကောင်း၊ ကမ္မဝိပတ္တိကို လည်း ကောင်း နားမလည်ကြ၊ ဗာလ - အဗျတ္တ အလကား ဟာမတွေ-စသည်ဖြင့် ရှုတ်ချပြစ်တင်ခြင်းတည်း။

အချုပ်ကား.... (၃-ပရိဘာသနမှာ)ခြိမ်းခြောက် မောင်းမဲမှု၊ တ-ပရိဘာသနမှာ ရှုတ်ချပြစ်တင်မှု။ (ဤသို့ ထူး၏။)

ဂဏ, ပုဂ္ဂလဖြစ်သော ဘိက္ခုနီမနှင့် လူ, သာမဏေတို့ကို ခြိမ်းခြောက် ရေရှုတ်က ဒုက္ခင့်အာပတ် သင့်ပါသည်။

● အာရုမ စဘုတ္ထသိက္ခာပုဒ်၌၊ နိမန္တ္ဏတာ-အရ အာဘယ်သို့ ပင့်ဖိတ်ခြင်းမျိုးကို ဆိုလိုပါသနည်း၊ ခါဒနီယ-အရကို လည်း ဖော်ပြပါ....?။

(၁၁၅၃) ဖြေ။ ။နိမန္တ္ဏတာ-အရ၊ ဂဏဘောဇနသိက္ခာပုဒ်လာ အကပ္ပိယ နိမန္တ္ဏနှ=မအပ်သောဖိတ်ခြင်းမျိုးဖြင့် ဖိတ်ခြင်းမျိုးကို ဆိုလိုပါသည်။

http://www.dhammadownload.com

ခါဒနိယ-အရ၊ ဘောဇဉ် ၅-ပါး, ယာဂု, ယာမကာလိက, သတ္တာဟကာလိက, ယာဝဇီဝိကတို့ကို ကြဉ်သား၍ ခဲအပ်သော ဝတ္ထုဟူသမျှကို ရပါသည်။

---

❶ အာရာမဝဂ် ပဌမ သိက္ခာပုဒ်အရ၊ ဝန်တို့ ကာမျှဖြင့် အာပတ် သင့်ပါသလောရှင်း၍၊ အဘိက္ခုကအာဝါသ-ဟူသည် အဘယ်နည်း ရေးခဲ့ပါ....?။

(၁၁၅၄) ဖြေ။ ။ဝန်တို့ကာမျှဖြင့်ကား အာပတ်မသင့်ပါ။ ဝန်တို့ခြင်းရှိ၍ ဒါယကာ, ဒါယိကာပတို့အိမ်သို့ ဘိက္ခုနီမများ မသွားချင်အောင်၊ (သို့မဟုတ်) ဒါယကာ, ဒါယိကာမ တို့က ဘိက္ခုနီမတို့အား မလှူဒါန်းချင်အောင် မဟုတ်မတရား ကျေးဇူးမဲ့ စကားကို ပြောကြားခြင်းပြုမှသာ ပဋ္ဌရိနီဖြစ်ခါ အာပတ် သင့်ခြင်း ဖြစ်ပါသည်။

ဘိက္ခုနီမကျောင်းမှ ယူဇနာဝက်အတွင်း ဩဝါဒကို ပေးခြင်းငှါ စွမ်းနိုင်သော ရဟန်းယောကျ်ားမရှိ၊ ရှိပင် ရှိသော်လည်း သွားဖို့ရန် ဘေးရန်ကင်းကွာ သာယာသောလမ်းမဟုတ်၍ သွားခြင်းငှါ မစွမ်းနိုင်သော ကျောင်းသည် **အဘိက္ခုကအာဝါသ**-မည်ပါသည်။

---

❷ ပဝါရဏာပြုခြင်းဟူသည် အဘယ်ပါနည်း၊ ပဝါရဏာ ဥတ်သရွက်ကိုထုတ်၍ ဥတ်တားပုံများကိုလည်း ရေးခဲ့ပါ....?။

(၁၁၅၅) ဖြေ။ ။ပဝါရဏာပြုခြင်းဟူသည်၊ ဒိဋ္ဌ, သုတ, ဃရိုသက်ခံရှိခဲ့ပါလျှင် ဆုံးမပါဟူ၍ ဘဉ်းနှင့်ဘဉ်းကြည်နှုးရှင်ပျဉ်တော်မန္တကပြုခြင်းကို ဆိုလိုပါသည်။

http://www.dhammadownload.com

ပ၀ါရဏာဥ္စတ်သည်၊သမ္မသင်္ဂါဟိကဥ္စတ်,တေ၀ါစိကဥ္စတ်, ဒွေ၀ါစိကဥ္စတ်, ကေ၀ါစိကဥ္စတ်, သမာန၀ဿိကဥ္စတ်အား ဖြင့် ၅-မျိုးရှိပါသည်။

ဒုတိ-သမ္မသင်္ဂါဟိကဥ္စတ်ထားပုံမှာ.... "သုဏာတု မေ အယျာ သံဃော အဇ္ဇ ပ၀ါရဏာ စာတုဒ္ဒသီ၊ ယဒိ သံဃဿ ပတ္တကလ္လံ သံဃော (ပ၀ါရေယျ)" ဖြစ်ပါသည်။

မှတ်ချက်။ ။တေ,ဒွေ,ကေ,သမာန၀ဿိကဥ္စတ်ထားပုံမှာ– သမ္မသင်္ဂါဟိကဥ္စတ်လိုပင်ဖြစ်သည်၊ ဥ္စတ်အဆုံး "သံဃော ပ၀ါရေယျ"ဟု ဆိုင်ရာဥ္စတ်အားလျော်စွာ "သံဃော တေ၀ါစိကံ ပ၀ါရေယျ,ဒွေ၀ါစိကံ ပ၀ါရေယျ,ကေ၀ါစိကံ ပ၀ါရေယျ,သမာန၀ဿိကံ ပ၀ါရေယျ" ဟူ၍ ပြောင်းရုံသာ ထူးတော့သည်။

* မြင်,ကြား, ယုံမှား၊ ရှိခဲ့ဖြားက၊ ပြောကြား၊ဆုံးမ၊ ဖိတ်ပြုထ" ခေါ်ရ ပ၀ါရဏာ။
* သမ္မ,တေ၀ါ၊ ဒွေ၀ါ,ကေ၊ သမာန၊ ပဌ ဥ္စတ်ဘေဒါ။

● အဘယ်အခါ၌အဘယ်ဥ္စတ်ကိုထားရမည်နည်း၊အဘယ်ဥ္စတ်ထားလျင် အဘယ်ပ၀ါရဏာ ပြုကောင်းသည်,မပြုကောင်းသည်ကို ရေးခဲ့ပါ....?။

(၁၁၅၆)ဖြေ။ ။အန္တရာယ်မရှိက- သမ္မသင်္ဂါဟိကဥ္စတ်ကို သော်လည်းကောင်း၊ တေ၀ါစိကဥ္စတ်ကိုသော်လည်းကောင်း ထားရပါမည်၊ အန္တရာယ်ရှိမူ - ထိုက် သည် အားလျော်စွာ ဒွေ၀ါစိက,ကေ၀ါစိက, သမာန၀ဿိကဥ္စတ်မျှားကိုထားရပါသည်။

သမ္မသင်္ဂါဟိကဥ္စတ်ကို ထားလျင်- တေ, ဒွေ, ကေ, သမာန ၀ဿိက,ပ၀ါရဏာ ၄-မျိုးလုံးကိုကြိုက်သလိုပြုကောင်းပါသည်။

http://www.dhammadownload.com

ဇေတဝါဒိကဥတ်ကိုထားလျှင်- ဇေတဝါဒိက-သာ ပြုကောင်း၏၊ ဒွေဝါဒိက-စသည်ကို မပြုကောင်းပါ။

ဒွေဝါဒိကဥတ်ကို ထားလျှင်- ဇေတဝါဒိက, ဒွေဝါဒိက ပြုကောင်း၏၊ ကေဝါဒိကကို မပြုကောင်းပါ။

ကေဝါဒိက, သမာနဝဿိကဥတ်ကို ထားလျှင်-ဇေတဝါဒိက,ဒွေဝါဒိက-စသည်အားလျော်စွာ ဆန္ဒရှိရာကို ပြုကောင်းပါသည်။

မှတ်ချက်။ ။ပဝါရဏာပြုရာ၌ဥတ်အတိုင်းသော်လည်းကောင်း၊ ဥတ်ထက်ပို၍သော် လည်း ကောင်း ပြုနိုင်သည်၊ ဥတ်အောက်လျှော့၍ကား မပြုကောင်းပေ။

● ကေဝါဒိက-စသော ပဝါရဏာတို့၏အဓိပ္ပာယ်ကိုရေး၍ ဘိက္ခုနီမတို့၏ အချင်းချင်း ပဝါရဏာပြုရက်, ဘိက္ခုတို့ထံ ပြုရသောရက်နှင့် ပြုရပုံအစီရင်ကို ဖော်ပြပါ....?။

(၁၁၅၇) ဖြေ။ ။တကြိမ်သာ ဖိတ်၍ရသော ပဝါရဏာသည် ကေဝါဒိက၊ ၂-ကြိမ် ဖိတ်၍ပြုလျှင် ဒွေဝါဒိက၊ ၃-ကြိမ် ဖိတ်၍ပြုလျှင်တေဝါဒိက၊ ၀ါတူပေါင်း၍ပြုလျှင်သမာနဝဿိကမည်ပါသည်။

ဘိက္ခုနီမတို့ အချင်းချင်း ပဝါရဏာ ပြုရက်ကား....ပုရိမဝါကပ်သူမျှားအဖို့ သီတင်းကျွတ်လဆန်း ၁၄-ရက် ဖြစ်ပါသည်။ ဘိက္ခုတို့ထံ ပဝါရဏာ ပြုရသော ရက်ကား....သီတင်း ကျွတ်လပြည့်နေ့ ဖြစ်ပါသည်။

ဘိက္ခုနီသံဃာ ပဝါရဏာပြုပုံမှာ—အဖိတ်နေ့တွင် သံဃာစည်းဝေး၍ ပထမ ပဝါရဏာပြု၊ ထို အစည်း အဝေး မှာပင် ဘိက္ခုနီ သံဃာ၏ကိုယ်စား ဘိက္ခု သံဃာထံ ဖိတ်ကြားဖို့ရန်

http://www.dhammadownload.com

သင့်လျော်မည့် ဘိက္ခုနီမတပါးပါးကို သမ္မုတိပေး၍ ရွေးချယ်၊ လပြည့်နေ့ရောက်သောအခါ ထိုသမ္မုတိရ ဘိက္ခုနီမက ဘိက္ခုနီသံဃာ အားလုံးကို ခေါ်ဆောင်၍ ဘိက္ခုသံဃာ့ထံ သွားပြီး "ဘိက္ခုနီသံဃော အယျာ ဘိက္ခုသံဃं ပဝါရေတိ" စသည်ဖြင့် ဖိတ်ကြားသမျှ၊ (ဝါ) ပဝါရဏာ ပြုရပါသည်။

● ဘိက္ခုနီသံဃာက ဘိက္ခုသံဃာ့ထံ ပဝါရဏာပြုပုံ ပါဠိကိုရေး၍၊အဘယ်မျှလောက်သောဘိက္ခုနီသည် အဘယ်သို့ ပဝါရဏာပြုခွင့်ရသည်ကို ဖော်ပြပါ....?။

(၁၁၅၈) ဖြေ။ ။ဘိက္ခုနီသံဃာက ဘိက္ခုသံဃာ့ထံ ပဝါရဏာပြုရပုံကား ...ဘိက္ခုနီသံဃော အယျာ ဘိက္ခုသံဃं ပဝါရေတိ၊ ဒိဋ္ဌေနဝါ သုတေနဝါ ပရိသင်္ကာယဝါ ဝဒတာယျာ ဘိက္ခုသံဃော ဘိက္ခုနီသံဃं အနုကမ္ပံ ဥပါဒါယ ပဿန္တော ပဋိကရိဿတိ" ဖြစ်ပါသည်။

၅-ပါးရှိက သံဃာ့ ပဝါရဏာပြု၊ ၃-ပါး, ၄-ပါးရှိက ဥတ်ထား၍၊ ၂-ပါးရှိက ဥတ်မထားပဲ ဂဏ ပဝါရဏာပြု၊ တပါးတည်းရှိက "အဇ္ဇ မေ ပဝါရဏာ" ဟူ၍ ပုဂ္ဂလပဝါရဏာ ပြုရပါသည်။

● အာရာမဝဂ် အဌမသိက္ခာပုဒ်လာ ဩဝါဒါယဝါ သံဝါသာယဝါ-ပါဌ်အရ အဘယ်ကို ယူရမည်ကို ဖော်ပြ၍၊ ဒသမ သိက္ခာပုဒ်လာ ပဿာခေ-အရ ပဿာခဏ္ဍာနကို ဖော်ပြပြီးလျှင်၊ အဘယ့်ကြောင့် ထိုအရပ်ကို ပဿာခ-ဟူ၍ ဆိုရပါသနည်း ရေးခဲ့ပါ....?။

http://www.mbmmadon.com

(၁၁၅၉) ဖြေ။ ။ဩဝါဒ-အရ ဂရုမမ်ာရား ဂ-ပါးကို ယူရပါသည်၊သံဝါသ-အရ ရဟန်း တပါးပါးထံ၌ ဥပုသ်နေ့ကို မေးလျှောက်ခြင်းနှင့် ပဝါရဏာပြုခြင်းကို ယူရပါမည်။

ချက်အောက်ပုဆစ်,ဒုးဝန်း ၂-ဘက်၏ အထက်အရပ်သည် မသာဒရာန-မည်၏၊သစ်ပင်၏အခက်ကဲ့သို့ ပြောရ်ုထွက်ရာ ခက်မ ပမာဖြစ်သောကြောင့် ထိုအရပ်ကို မသာဒ-ဟူ၍ ဆိုရပါသည်။

အာရာမဝဂ် ပြီး၏။

ဂဒ္ဒြနီ ဝဂ်

(၁၁) အဘယ်ကို ဂဒ္ဒြနီ, ပါယန္တီ-ဟူ၍ ခေါ်ရပါသနည်း၊ ဂဒ္ဒြနီ,ပါယန္တီ-ကို ပဋ္ဌင်းခံပေးသော ဘိက္ခုနီမတို့အား အဘယ်အခါ၌ အဘယ်ပုဂ္ဂိုလ်မှာ အဘယ်အာပတ်သင့်သည်ကို ရေးခဲ့ပါ...?။

(၁၁၆၀) ဖြေ။ ။ကိုယ်ဝန် ရှိသူကို ဂဒ္ဒြနီ၊ နို့စို့ကလေး ရှိသော မိခင်၊ (သို့မဟုတ်) နို့ထိန်းသည်ကို ပါယန္တီ-ဟူ၍ ခေါ်ဆိုရပါသည်။

ဂဒ္ဒြနီ,ပါယန္တီ-တို့ကို ပဋ္ဌင်းခံပေးသော ဥပဇ္ဈာယ်ဆရာမ၌ ကာရကသံဃာ ရှာမှီးခြင်းနှင့် ဥတ်ကမ္မဝါဒ ၂-ကြိမ်အဆုံးမှာ ဒုက္ကဋ်အာပတ်၊ ၃-ကြိမ်ရှိတ်ပတ် ပြီးဆုံးလတ်သော် ပါစိတ်အာပတ် သင့်ပါသည်၊ ကမ္မဝါဒဆရာမနှင့် ကာရကသံဃာတို့မှာ ဒုက္ကဋ်အာပတ် သင့်ပါသည်။

http://www.dhammadownload.com

● ဒေ့ဝဿာနိ ဆသုဝမ္မသု အသိက္ခိတသိက္ခံ-ဌ်၊ ဒေ့ဝဿာန် အရ အဘယ်၏ အစွမ်းအားဖြင့် ရေတွက်ရပါသနည်း၊ ဆဝမ္မသရွပ်ကိုထုတ်၍ အဘယ်သို့သောသူကို အသိက္ခိတ-သိက္ခာ-ဟု ခေါ်ရသည်ကိုလည်း ရေးခဲ့ပါ...?။

(၁၁၆၁) ပြေ။ ။ဒေ့ဝဿာနိ-အရ၊ ပဝါရကာ၏အစွမ်းဖြင့် ၂-နှစ်ကာလကို ရေတွက်ရပါမည်။

ဆဝမ္မသရွပ်မှာ-ပါဏာတိပါတာ ဝေရမဏိ-အစ ဝိကာလ ဘောဇနာအဆုံးရှိသော သိက္ခာပုဒ် ၆-ပါး ဖြစ်ပါသည်။

သိက္ခာပုဒ်ကို လုံးဝ မဆောက်တည်ရသေးသူ, ဆောက်တည်ပြီး သိက္ခာပျက်သူကို အသိက္ခိတသိက္ခာ-ဟု ခေါ်ဆိုရပါသည်။

- ပဝါရကာ၊ နှစ်ကြိမ်ခါ၊ ပြုရာ ဒွေ့ဝဿ။
- ပါဏာတိပါ၊ ဝိကာလ၊ သိက္ခာ, ဆ ဝမ္မ။
- သိက္ခာလုံး၀၊ မယုရနှင့်၊ ယုထပျက်ဒေ့၊ ဤနှစ်ထွေ၊ ခေါ်ခဲ့လ အသိက္ခိတ။

● ဂဒ္ဒိနိ၀ဂ် တတိယ, စတုတ္ထ သိက္ခာပုဒ်လာ သိက္ခမာန် အရ၊ အဘယ် သိက္ခမာန်မျိုးကို ယူရမည်နည်း ရေးရ၏၊ အဘယ့်ကြောင့် မာတုဂါမတို့မှာ ၂-နှစ်တိုင်တိုင် သိက္ခမာန်ကျင့်ရသည်ကိုလည်း ပေါ်ပြပါ....?။

(၁၁၆၂) ပြေ။ ။တ,ဇ-လာ သိက္ခမာန်-အရ၊ အသက် ၂၀-ကျော်လွန်သော မဟာသိက္ခမာန်-ကို ယူရပါမည်။

မာတုဂါမတို့မှာ ဝိတ်ထားတည်ကြည်မှု နည်းသောကြောင့် အစမ်းသဘောဖြင့် ၂-နှစ်တိုင် သိက္ခမာန်အကျင့်ကို ကျင့်ရခြင်း ဖြစ်ပါသည်။

---

http://www.dhammadownload.com

● နေဝ အနုဂ္ဂဏှောယျ, နာနုဗန္ဓေယျ - ဟူသည် အဘယ်နည်း၊ ပြုသစ်စ သဒ္ဓိဝိဟာရိနီပဋ္ဌင်းမကို အဘယ့်ကြောင့် ၅-ယူဇနာ, ၆-ယူဇနာအရပ်သို့ ခေါ်ဆောင်၍ သွားရသည်ကို ရေး၍၊ ဂိဟိဂတ သိက္ခာမာန်၏ ပဋ္ဌင်းခံပေးထိုက်သူ အင်္ဂါကိုလည်း ဖော်ပြခဲ့ပါ....?။

(၁၁၆၃) ဖြေ။ ။စာပေ ကျမ်း ဂန် သင် ကြား ပေးခြင်းစသည်ဖြင့် မချီးမြှောက်ခြင်းကို နေဝ အနုဂ္ဂဏှောယျ၊ ဥပဇ္ဈာယ်ဆရာမအား မျက်နှာသစ်ရေ, ဒန်ပူကပ်ခြင်း စသော ဝတ်ကြီးဝတ်ငယ်များ မပြုပဲ နေခြင်းကို နာနုဗန္ဓေယျ-ဟု ဆိုရပါသည်။

ရည်းစားဟောင်း, လင်ဟောင်းတို့၏ အနှောင့် အယှက်မှ လွတ်ကင်းစေရန်အတွက် ပြုသစ်စ သဒ္ဓိဝိဟာရိနီ ပဋ္ဌင်းသစ်မကို ၅-ယူဇနာ, ၆-ယူဇနာ အရပ်သို့ ခေါ်ဆောင်သွားရခြင်း ဖြစ်ပါသည်။

ဂိဟိဂတ သိက္ခာမာန်၏ ပဋ္ဌင်းခံပေးထိုက်ရာ အင်္ဂါ ပုဒ-၁-(၁၂) နှစ်ပြည့်ခြင်း၊ ၂-သိက္ခာပုဒ် ၆-ပါးကို ၂-နှစ်တိတိ ကျင့်ပြီးခြင်း၊ ၃-သံဃာ့အထံမှ ဝုဋ္ဌာန သမ္မုတိကို ရပြီးခြင်း၊ ပေါင်း အင်္ဂါ ၃-ပါး ဖြစ်ပါသည်။

ဂဒ္ဒိနီဝဂ် ဖြီး၏။

http://www.dhammadownload.com

ကုမာရိဘူတ ဝဂ်

● ဂိဟိဂတာ,ကုမာရိဘူတာ,မဟာသိက္ခမာန်တို့၏အထူးကို ရေးရ၍၊ ကုမာရိဘူတာသိက္ခမန်၏ ပဋ္ဌင်းခံပေးထိုက်ရာ အင်္ဂါကိုလည်း ဖော်ပြပါ....?။

(၁၁၆၄) ဖြေ။ ။၁၀-နှစ်မှ, ၁၈-နှစ်အထိ ဂိဟိဂတာ၊ ၁၈-နှစ်မှ ၂၀-နှစ်အထိ ကုမာရိဘူတာ၊ ၂၀-ကျော်လျှင် မဟာသိက္ခမာန်။ (ဤသို့ ထူးပါသည်။)

ကုမာရိဘူတာသိက္ခမာန်၏ ပဋ္ဌင်းခံပေးထိုက်ရာအင်္ဂါကား— ၁-အသက် ၂၀-ပြည့်ခြင်း၊ ၅-သိက္ခမာန် ကျင့်ဝတ်ဖြစ်သော သိက္ခာပုဒ် ၆-ပါးကို ၂-နှစ်တိတိကျင့်ပြီးခြင်း၊ ၃-သံဃာ့အထံမှ ဥဒ္ဒေသနသမ္ဘုတိကို ရပြီးခြင်း၊ ပေါင်း ၃-ပါး ဖြစ်ပါသည်။

● အဘယ်သိက္ခမာန်တို့ကိုဂိဟိဂတာ,ကုမာရိဘူတာ,မဟာသိက္ခမာန်-ဟူ၍ ခေါ်ဆိုရပါသနည်း၊ မာတုဂါမမျှားသိက္ခမာန် ပြုကောင်းသောအရွယ်, ရဟန်းခံနိုင်သောအရွယ်ကို ပိုင်းခြားပြပါ....?။

(၁၁၆၅) ဖြေ။ ။ယောကျ်ားတပါး သွားလာ ဆက်ဆံဘူးသောတောထွက်(အအို)သိက္ခမာန်ကိုဂိဟိဂတာ၊ယောကျ်ားတပါး မသွားလာ မဆက်ဆံဘူးသေးသော ငယ်ဖြူ (အပျိုစင်) သိက္ခမာန်ကိုကုမာရိဘူတာ၊အသက် ၂၀-ကျော်သော သိက္ခမာန်ကို မဟာသိက္ခမာန်-ဟူ၍ ခေါ်ဆိုရပါသည်။

http://www.dhammadownload.com

မာတုဂါမများသည် ၁၀-နှစ်ရှိလျှင် သိက္ခမာန် ပြုကောင်း၍၊ အအိုဖြစ်က ၁၂-နှစ်ပြည့်လျှင် ရဟန်းခံနိုင်ပါသည်။ (အပျိုစင်များကား....အသက် ၂၀-ပြည့်မှ ရဟန်းခံနိုင်သည်။)

* တောထွက်, အိုရှင်၊ ဂိဟိတွင်၊ ပျိုစင် ကုမာရီ။
* နှစ်ဆယ်ကျော်ရာ၊ ခေါ်မဟာ၊ မှတ်ပါ ဤသုံးလီ။

● ဂိဟိဂတာမှာ ၁၂-နှစ်နှင့်ရဟန်းခံခွင့်ရပါလျက်၊ကုမာရီဘူတာမှာ အဘယ့်ကြောင့် အသက် ၂၀-ပြည့်မှ ရဟန်းခံခွင့်ကို ရပါသနည်း ရေးရ၏၊ သိက္ခမာန်တို့ကို သိက္ခာသမ္မုတိပေးရာ, ဝုဋ္ဌာပန သမ္မုတိပေးရာ, ဥတ်ကမ္မဝါစာတို့၌ သိက္ခမာန်အလိုက် အဘယ်သို့ ရှုတ်ဗတ် ခေါ်ဝေါ်ထိုက်သည်ကို ဖော်ပြပါ....?။

(၁၁၆၆) ဖြေ။ ။ကုမာရီဘူတာ (အပျိုစင်) သိက္ခမာန်တို့မှာ ဂိဟိဂတာ, (အအို) သိက္ခမာန်တို့လို ဒုက္ခ ခံနိုင်ရည်မရှိ၊ စိတ်ရောကိုယ်ပါ နုနယ်ကြသောကြောင့် အသက် ၂၀-ပြည့်မှ ရဟန်းခံခွင့်ကို ရခြင်းဖြစ်ပါသည်။

ဂိဟိဂတာသိက္ခမာန်-ကို အသက် ၁၈-နှစ် မပြည့်သေးလျှင် ဂိဟိဂတာဟူ၍သာ ခေါ်ရသည်၊ ၁၈-နှစ်မှ ၂၀-အတွင်း ဖြစ်မူ ဂိဟိဂတာဟူ၍လည်းကောင်း၊ကုမာရီဘူတာဟူ၍လည်းကောင်း ခေါ်နိုင်ပါသည်။

ကုမာရီဘူတာ သိက္ခမာန်-ကို ကုမာရီဘူတာ-ဟူ၍သာ ခေါ်ရသည်၊ **မဟာသိက္ခမာန်ကိုကား**....ဂိဟိဂတာ ဖြစ်ဖြစ်, **ကုမာရီဘူတာ** ဖြစ်ဖြစ် သိက္ခမာနာ-ဟူ၍သာ ခေါ်ရသည်၊ ဂိဟိဂတာ, ကုမာရီဘူတာဟူသော အမည်များဖြင့် မခေါ်ရပါ။

---

http://www.dhammadownload.com

● ကုမာရိဘူတ၀ဂ် စတုတ္ထသိက္ခာပုဒ်၌၊ ဥိနဒ္ဒါဒသ၀ဿ-အရ အဘယ်၏အစွမ်းဖြင့်ရေတွက်ရမည်နည်း၊ဥပဇ္ဈာယ်ဆရာမ ပြုထိုက်ရာအင်္ဂါကိုလည်း ရေးခဲ့ပါ....?။

(၁၁၆၇) ဖြေ။ ။ဥိနဒ္ဒါဒသ၀ဿ-အရ၊ ရဟန်းခံသော ပါ၏အစွမ်းအားဖြင့် ရေတွက်ရပါမည်။

ဥပဇ္ဈာယ်ဆရာမ ပြုထိုက်ရာ· အင်္ဂါမှာ-၁-(၁၂) ၀ါ ရရှိခြင်း၊ ၂-သံဃာ့ထံမှ ဝုဋ္ဌာပနသမ္မုတိရရှိခြင်း၊ ပေါင်း ၂-ပါး ဖြစ်ပါဘည်။

* ဆယ့်နှစ်၀ါရှိ၊ သမ္မုတိရ၊ ဤနှစ်၀၊ အင်္ဂါ ဥပဇ္ဈာတ်။

မှတ်ချက်။ ။ဥပဇ္ဈာယ် ပြုနိုင်သော ၀ါမှာ ရဟန်းယောကျ်ားတို့၌ ၁၀-၀ါ၊ ရဟန်းမတို့၌ ၁၂-၀ါ ဖြစ်သည်။ ၁၂-၀ါရတိုင်းလည်း ဥပဇ္ဈာယ်ဆရာမလုပ်ခွင့်မရ ဝုဋ္ဌာပန သမ္မုတိကို ရပေဦးမှ လုပ်ခွင့်ရသည်၊ထို ဝုဋ္ဌာပနသမ္မုတိကို မျတ္တာ, လဒ္ဓိနီ ရဟန်းမမျိုးကိုသာ သံဃာက ပေးရလေသည်။

● ပုရိသနှင့် ကုမာရကတို့၏ အထူးကို ရေး၍၊ သောကာ ၀ါသသိက္ခာမာန်-ဟူသည် အဘယ်နည်း ရှင်းခဲ့ပါ....?။

(၁၁၆၈) ဖြေ။ ။အသက် ၂၀-ပြည့်သောယောကျ်ားသည် ပုရိသ၊ မပြည့်သေးလျှင် ကုမာရက။ (ဤသို့ ထူးပါသည်။)

ယောကျ်ားတို့အား ပူဆွေး စိတ် ညစ် သောကကို ဖြစ်စေ တတ်သော၊(သို့မဟုတ်)ယောကျ်ားတို့အတွက်ရတက်မီးတောက် သောကရောက်နေသောသိက္ခာမာန်ကို သောကာ၀ါသသိက္ခာမာန် ဟုဆိုရပါသည်။

* သက်နှစ်ဆယ်ပြည့်၊ ခေါ်ပုရိ၊ မပြည့် ကုမာရက။

---

http://www.dhammadownload.com

● ဒသမသိက္ခာပုဒ်လာ မာတာပိတူဟိ၀ါ, သာမိကေနဝါ အရ၊ အဘယ်သို့သော မိ ဘ, လင်မျိုးကို ယူရမည်နည်း၊ ရှင်, ရဟန်းပြုရာ၌ ကျားနှင့်မ-ခွင့်ပန်ရခြင်း အထူးကို ရေးခဲ့ပါ...?။

(၁၁၆၉) ဖြေ။ ။မွေးသော အမိ, ဖြစ်စေသော အဖ, သိမ်းဆည်းသော လင်တို့ကို ယူရပါမည်။

ယောကျ်ားမှာ-ရှင်ပြုရာ၌တကြိမ်သာမိ-ဘအားခွင့်ပန်ရသည်။ မိန်းမမှာ- ရှင်ပြုရာ, ရဟန်းခံရာ ၂-ကြိမ်လုံးပင် မိ-ဘ, လင်သားတို့အား ခွင့်ပန်ကြားရသည်။ (ဤသို့ ထူးပါသည်။)

● ကောဒသမ သိက္ခာပုဒ်လာ ပါရိ၀ါသိက ဆန္နဒါနေန အရ ပါရိ၀ါသိက အပြားကိုရေးသား၍၊ ဤ၌ လိုအပ်သော ပါရိ၀ါသိကကို ညွှန်းခဲ့ပါ....?။

(၁၁၇၀) ဖြေ။ ။ပါရိ၀ါသိက အပြားကား-

၁-ပရိသ ပါရိ၀ါသိက၊
၂-ရတ္တိ ပါရိ၀ါသိက၊
၃-ဆန္န ပါရိ၀ါသိက၊
၄-အဗ္ဘာသယ ပါရိ၀ါသိက၊ } ပေါင်း ၄-ပါး။

ဤ၌ ဆန္န, အဗ္ဘာသယ ပါရိ၀ါသိက ၂-ပါးကို လိုအပ်ပါသည်။

● ဆန္နပါရိ၀ါသိက-ဆန္နသိုးခြင်းဟူသည် အဘယ်ကိုဆိုလို ပါသနည်း၊ ဆန္န, ရတ္တိပါရိ၀ါသိက ဖြစ်က အဘယ်သို့ ပြုရမည်ကို ရေးခဲ့ပါ....?။

http://www.dhammadownload.com

(၁၁၇၁) ဖြေ။ ။ဆန္ဒပေးမှုကို သုံးအပ်ပြီးဖြစ်ခြင်း, ဆန္ဒပေးမှုကင်းခြင်းကို ဆန္ဒပါရိုဝါသိ.က-ဆန္ဒသိုးသည် ဟု ခေါ်ဆိုရပါသည်။

ဆန္ဒပါရိုဝါသိက-ဆန္ဒအသစ် ယူပြီးမှ ကံဆောင်ရပါမည်၊ ရတ္တိပါရိုဝါသိကဖြစ်က-စာတုဒ္ဒသီညဉ်ကုန်၍ အရုဏ်တက်လျှင် ပန္နရသီဥပုသ်ပြု၊ ပန္နရသီ ညဉ်ကုန်၍ အရုဏ်တက်လျှင် ဥပုသ် မပြုရတော့ပါ၊ အခြားကံများကိုကား ပြုကောင်းပါသည်။

* ဆန္ဒပေးလတ်၊ သုံး-ကင်းပြတ်၊ ခေါ်မှတ် သိုးဆန္ဒ၊

ကုမာရိကုတဝဂ် ပြီး၏။

ဆတ္တုပါဟန ဝဂ်

● ဆတ္တုပါဟနဝဂ် ပထမ, ဒုတိယသိက္ခာပုဒ်လာ ဂိလာန, အဂိလာန-အရ ခွဲခြားပြ၍ထီး,ဖိနပ်ကို ဆောင်း,စီးရာ ဌာနကို ဖော်ပြပါ....?။

(၁၁၇၂) ဖြေ။ ။ဖိနပ်, ထီး,ယာဉ်နှင့်ကင်း၍ မချမ်းသာ မသွားမလာနိုင်လျှင် ဂိလာန၊ ကင်း၍ ချမ်းသာ သွား,လာနိုင်လျှင် အဂိလာန-ဟု ဆိုရပါသည်။

ထီး,ဖိနပ်ကို အာရာမ, အာရာမူပစာတို့၌ ဆောင်း,စီးနိုင်ခွင့်ရပါသည်။

မှတ်ချက်။ ။ပထမသိက္ခာပုဒ်၌ ထီး,ဖိနပ်ကို တမျိုးတည်းသုံးက ဒုက္ကဋ်၊ ၂-မျိုးသုံးမှ ပါစိတ်အာပတ်ကို ပယောဂ အရေအတွက်နှင့်အမျှ သင့်၏။

http://www.dhammadownload.com

● ဣတ္ထာလက်ံဝရအပြားကိုရေး၍၊ ဂန္ဓ,ဝဏ္ဏက,ပိညာက-အရကို အသီးသီးဖော်ပြပါ....?။

(၁၁၇၃) ဖြေ။ ။ဣတ္ထာလက်ံဝရ အပြားကား-၁-သ်သူ ပဂ၊ ၂-ဂိဝူပဂ၊ ၃-ဟဏ္ဍူပဂ၊ ၄-ပါဒုပဂ၊ ၅-ကဋ္ဌူပဂ၊ ၁ပါင်း ၅ ပါး ဖြစ်ပါသည်။

နံ့သာမှုန့်သည် ဂန္ဓ၊ နံ့သာရည် (အလှဆီ) သည် ဝဏ္ဏက၊ နံ့သာဖြင့် ထုံအပ်သော နှမ်းမုန့်ညက် (ဆပ်ပြာမှေး) သည် ပ်ညာက-ဖြစ်ပါသည်။

မှတ်ချက်။ ။ပဌမ,ဆဋ္ဌမ, သတ္တမ သိက္ခာပုဒ်မှားအရ၊ ဘိက္ခုဒ္ဓ ဒုက္ကဋ်၊ဘိက္ခုနီဒ္ဓရေချိုးရန်စီမံခြင်းစသော ပယောဂ တိုင်းဒ္ဓ ဒုက္ကဋ် သင့်၍၊ ရေချိုးပြီး အဆုံးမှာ ပါစိတ် အာပတ်သင့်ပေသည်။အနာဂ္ဂါမ္ဂ, ကိုယ်နဲ့ ဆိုးရွားမှု သုံးကောင်း၏၊ အပြစ်မရှိပေ။

● ကောဒသမ သိက္ခာပုဒ်လာ ဘိက္ခုဿ ပုရတော-အရ ရှေ့တည့်တည့်အရပ်ကိုသာယူရမည်လောရှင်း၍၊ဘယ်လို ပန်ကြားရမည်ကိုလည်း ရေးခဲ့ပါ....?။

(၁၁၇၄) ဖြေ။ ။ဘိက္ခုဿ ပုရတော-အရ၊ ရှေ့တည့်တည့် ကိုသာ မယူရ၊ ရဟန်း၏ပတ်ပတ်လည် ၁၂-တောင် အရပ်ကို ယူရပါမည်။

"နိသီဒါမိ အယျ-ထိုင်ပါရစေ အရှင်ဘုရား"ဟု ပန်ကြား ရပါမည်။

---

http://www.dhammadownload.com

● အာဘယ်သို့သောအ၀တ်ကို အသံကစ္ဆီကာ-ဟု ခေါ်ရမည်နည်း ရေးသားခဲ့၀ါ....?။

(၁၁၇၅) ဖြေ။ ။သားမြတ်နှင့် ၀မ်းဗိုက်ကို စည်းသော အ၀တ်ကို အသံကစ္ဆီကာ-ရင်စည်းတဘက်-ဟူ၍ခေါ်ရပါသည်။ အသံကစ္ဆီကာ-ရင်စည်းတဘက်ကိုသူပ်ရိုးနှစ်ဘက်၏အောက်ချက်၏အထက်ဖြစ်သော ကိုယ်အရပ်၌ သုံးရပါမည်။

● ဘိက္ခုနီသုဒ္ဓပါစိတ် ၁၆၆-ပါးကို သာ၀ေရဏ,အသာ၀ေရဏအားလျော်စွာ ခွဲခြားပြပါ...?။

(၀၁၇၆) ဖြေ။ ။မုသာ၀ါဒ၀ဂ်မှ ဓမ္မိက၀ဂ်အထိ သိက္ခာပုဒ် ၇၀-သည် သာ၀ေရဏ၊ လသုဏာ၀ဂ်မှ ဆတ္တုပါဟနဝဂ်အထိ ၉၆-ပါးသည် အသာ၀ေရဏ-ဖြစ်ပါသည်။

ဆတ္တုပ္ပါဟနဝဂ် ပြီး၏။

အသာ၀ေရဏ သိက္ခာပုဒ်များ

● ဘိက္ခုနီ အသာ၀ေရဏ သိက္ခာပုဒ် ၉၆ - ပါး တို့တွင် အစိတ္တက လောကဝဇ္ဇ, အစိတ္တက ပဏ္ဏတ္တိ၀ဇ္ဇသိက္ခာပုဒ်များကို ရေတွက်ပြပါ....?။

(၁၁၇၇) ဖြေ။ ။အစိတ္တက လောကဝဇ္ဇ-၁၀။

၁-ဂိရိသမဇ္ဇ၊ ၂-စိတ္တာ၀ဂါ၊ ၃-သဝ်ာဏီ၊ ၄-ဗုတ္ထာလကာ်၀၊ ၅-ဂန္ဓ၀ဏ္ဏက၊ ၆-၀ါသိတ ပိညာက၊ ၇-ဂ-၉-၁၀ - ဥမ္မဒ္ဒန သိက္ခာပဒ စတုတ္ထ၊ ပေါင်း ၁၀-ပါး ဖြစ်ပါသည်။

(ကြွင်းသော ဂ၆-ပါးသည် သစိတ္တက ပဏ္ဏတ္တိ၀ဇ္ဇ ဖြစ်သည်။)

http://www.dhammadownload.com

အစိတ္ထက ပဏ္ဏတ္တိ၀ဋ္ဋ-၁၉။

၁-စေ၀ရီ ၀ုဋ္ဌာပန်၊ ၂-ဂါမန္တရ၊ ၃-အာရာမ သိက္ခာပဒ၊ ၄-၁၀-ဂဒ္ဓိနီ အစ သိက္ခာပုဒ် ၇-ပါး၊ ၁၁-၁၅-ကုမာရီဘူတ အစ သိက္ခာပုဒ် ၅-ပါး၊ ၁၆ ပုရိသ သံသဋ္ဌ၊ ၁၇-ပါရိ၀ါသိ ယစ္ဆန္ဒဒါန်၊ ၁၈-အနုဝဿ၀ုဋ္ဌာပန်၊ ၁၉-ကေနန္တရိက၀ုဋ္ဌာပန်၊ ပေါင်း ၁၉-ပါး ဖြစ်သည်။

(ကြွင်းသော ၇၇-ပါးသည် သစိတ္တက လောက၀ဋ္ဋဖြစ်သည်။)

မှတ်ချက်။ ။ပုသာ၀ါဒ၀ဂ်စသော (၇) ၀ဂ်သည် ဘိက္ခုပါတိ မောက်နှင့် သိက္ခာပုဒ် အမိအစဉ်သာ မတူသည်၊ အနက်, အဓိပ္ပာယ်မှာ အတူတူပင် ဖြင့်ရှု မထူးခြား ပါဠိဒေသနိ,ဝေဒိယ,အဓိကရဏတို့လည်း အတူတူ ပင် ဖြစ်သည်၊ ဘိက္ခုအတိုင်းသာသိရှုရှိတော့သည်။

ဘိက္ခုနီ သုဒ္ဓပါစိတ် ပြီး၏။

---

http://www.dhammadownload.com

နိဂမ ပတ္ထနာ

●

အာနေန ဗမ္ဘဝါနေန၊ သံသရန္တော ဘဝါဘဝေ။
အရောဂိကော ဗာကုလော၁၁၊ ဝုဝံ ဗုဒ္ဓေါ ဘဝါ မဟံ။

ဤစာရေးရ ဒါနကုသိုလ်၊
ရောဂါကင်း၍ သန့်ရှင်းရှေကိုယ်။
မထွေးမရစ် လေးသစ္စာကို၊
သိစေသား ဘုရားဖြစ်ရလို။

●

ဝိသဒ္ဓနာ ဝရဇိန် ကျမ်းစာတွင် မူလပထမက သဒ္ဓါ,သင်ဟ, ပိနည်း ၃-ဘာသာကို တဘုပ်တည်း ရိုက်နှိပ်ရန် စိမ်ခဲ့သော်လည်း စာမျက်နှာ ၄ ကွက်ရမှုကြောင့် ဝိနည်းကိုမထည့်သွင်းပဲ ချန်လှပ်ခဲ့ရပြီး သဒ္ဓါ,သင်ဟတို့ကိုသာ ပထမတွဲအဖြစ်ဖြင့် ထုတ်ဝေခဲ့ရပေသည်။

ယခုမူ-ကျန်ရှိနေသောဝိနည်းဘာသာကို အားပါးတရစိတ်တိုင်း ကျေးဇူးသားလျက် ဝရဇိန်-ဒုတိယတွဲအဖြစ်စီစဉ်ပြီးလျှင် မျှော်လင့်တော်မူကြသော သောတုဇန အရှင်တို့၏လက်သို့ တင်ဆက်လိုက်ရပါသတည်း။

ဝိသဒ္ဓနာဝရဇိန်(ပ-၃)ကိုလက်ကိုင်ပြု၍ ပုဗ္ဗာအခက်အခဲဘို့ကို ဖျက်ခဲ့ဖြိုခွင်းကာ ဇောင်ပြင်ခြင်းရ ဝမ်းမြောက် နိုင်ကြပါစေကုန်သတည်း။

အောင်ကြစေသော်–အောင်စေသော်

ညောင်တုန်းမြို့ ဦးကောဝိဒ (မဟာအကျော်)
၁၃၀၁-ခု၊ ဝါခေါင်လ ● နိဗ္ဗောဓာရုံ-ဆရာတော်။

ဝိသဒ္ဓနာ ဝရဇိန်-ဒုတိယတွဲ အလုံးစုံ ပြီးဆုံးပြီ။